www.burmeseclassic.com



BURMESE CLASSIC .com

ယောမြင့်ကြွယ်

# [illegible]

JONATHAN BLACK

# THE CARNAGE MERCHANTS

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် [ ၁၇၄/၈၈-…
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [ ၂၈၃/၈၈-…

ပထမအကြိမ်

၁၉၈၉ ခု၊ မတ်လ

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်မောင်မျှင် |
| …ကနှာဖုံးရိုက် | သိန်းမြင့်ဝင်း |
| အုပ်ရေ | တစ်ထောင် |
| တန်ဖိုး | သုံးဆယ်ကျပ် |
| ပုံနှိပ်သူ | ဒေါ်မြဗိန် [ယာယီ-၂၁၅]၊ တက်ခဲနေဝင်းပုံနှိပ်… အမှတ် ၉၈/၁၀၀၊ ၄၂ လမ်း၊၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဒေါ်တင်တင်လှ [၀၂၀၇၃]၊ လှသူဇာ စာပေ… ၁၀၊ မဟာတင်ရိပ်သာ၊ ၆ ဗိုင်ခွဲ၊ ပြည်လမ်း၊ ရန်… |


# မောင်မြင့်ကြွယ်

# လက်နက်ကုန်သည်

## THE CARNAGE MERCHANTS

JONATHAN BLACK

တတိယတွဲ

www.burmeseclassic.com

www.burmeseclassic.com


ဘဝတက္ကသိုလ် နောက်ဆုံးထုတ် စာအုပ်များ

ရေအောက်တစ္ဆေ (မိုးစော်ဟိန်း)
အန္တရာယ်လမ်းပေါ်ကမှုဆိုး (မောင်လွမ်းသူ)
မိုးသက်လေနှင် (မောင်ပေါ်ထွန်း)
ပုလဲတေးသံ (ထင်လင်း)
အိတ်ရှင်ဘင် (ကျော်အောင်)
မှိတ်တုတ်မှိတ်တုတ်ငယ်သောစပိုင် (မောင်ရဲနိုင်)
ကာမင်း (မောင်ထွန်းသူ)
လက်နက်ကျန်သည် (မောင်မြင့်ကြွယ်)
စည်းအပြင်ကလူ (ထင်လင်း)
ဟောင်ကောင်ညွှဦးညများ (ကျော်အောင်)
ရေပွက်ပမာ (မြသန်းတင့်)


# ၄၇

ဦးအိုင်အီး ဘာဆိုတိုလီမိတက် အရာရှိရိပ်သာ ခြံဝင်း အတွင်းရှိ အီယန်ဘာလိတ်၏ နေအိမ်ကြီးကို ကြီးကြပ် ကွပ်ကဲမှုရုံး၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ဗဟို ဌာန ပြည်သူ့ ဆက်ဆံရေး အင်ခြေစိုက် စခန်းနှင့် ဗဟို ရုံးချုပ်အဖြစ် ပြုပြင် ပြောင်းလဲ ထားသည်။ တီဖင်ပက်ဂျက်နှင့် အီယန်ဘာလိတ်တို့က အထူးထူး အထွေထွေသော လုပ်ငန်းများကို လုပ်ကိုင်နေကြစဉ် ဂျက်ကောဟာတ်ရှ်က ရုံးထိုင်၍ စီမံ ခန့်ခွဲ နေသည်။

ဟာတ်ရှ်သည် ညှိနှိုင်း စီစဉ်ပေးသူ၊ စောဒက တက်သူ၊ စပ်ဟပ်ပေးသူ ဖြစ်သည်။ အဆင်ပြေသော ရက်များတွင် သူသည် ၁၆ နာရီသာ အလုပ်လုပ် သည်။ သို့ရာတွင် အဆင်ပြေသော နေ့ရက်များမှာ ပါလာမြို့သို့ သူ ရောက်သည့်နေ့က စ၍ နှစ်ရက်သာ ရှိပါသေးသည်။ သူ အလုပ်လုပ်ရသော နာရီသည် ၁၈ နာရီ သို့မဟုတ် ထိုထက် ပိုများပြီး ဘာလိတ်၏ သီးသန့် ရုံးခန်းထဲ၌ ခင်း ပေး ထား သော အိပ်ရာ ပေါ်တွင် ကြက်အိပ် ကြက်နိုး အိပ်စက် ခဲ့ရသည်။ ဟာတ်ရှ်သည် ကိုယ်အလေးချိန် ပေါင်ပေါင်း များစွာ လျော့နည်းလာသော်လည်း ညည်းညူခြင်း မရှိပါ။ သူသည် အစား အသောက်ကို ရတတ်သလို အချိန် တလေးတွင် အလု အယက် စားသောက် ရသည်ကို



www.burmeseclassic.com

www.burmeseclassic.com

ကျေနပ် နေပြီး စတီဖင် ပက်ဂျက်က သူ့ အပေါ်၌ တာဝန်များ ပုံအောပေးနေသည်ကို နှစ်ခြိုက် အားရ နေသူ ဖြစ်သည်။ သတ်မှတ်ထားသော နေ့ရက်နှင့် နီးကပ်လာသည်နှင့်အမျှ တာဝန် များကလည်း ပို၍ ပို၍ များပြားလာသည်။

မတ်လ ၁၂ ရက်နေ့တွင် စတီဖင် ပက်ဂျက်က နိုင်ဂျီးရီးယားနိုင်ငံ၊ လားဂိုစ်မြို့မှ လူ ခြောက်ဆယ် ပါဝင်သော အေ တပ်ဖွဲ့ကို ပို့၍ အဆင့် တစ်ကို စတင် ဆောင်ရွက်ရန် သုံးရက်သာ လိုတော့သည်။ ရှိတ်ခ် သို့မဟုတ် ဂျက်ကော့ဟတ်ရှ်သည် မစ္စတာ ကလိုက်ဗ် အင်ဒါဆန်၏ ကိုယ်စား ဇူးရစ်ချ် မြို့ ရှိ ဟားဂျူတန်း အက်ကနာနှင့် အဆက်အသွယ် မပြတ် အောင် ဆက်သွယ်နေသည်။ အနောက်တိုင်း ကမ္ဘာမှ အလွန့်အလွန် အစွမ်းထက်သော လူသား လူသတ် စက်များကို ရ ရှိအောင် ဆောင်ရွက် ပေးရာတွင် ထိပ်တန်းက ရှိနေသူ အက်ကနာသည် သူက အလုပ် အကိုင် ရှာဖွေ၍ ပေးထားသူများနှင့် နီးနီးကပ်ကပ် ဆက်သွယ်နေသည်။ ထိုလူပေါင်း ခြောက်ဆယ်သည် ရုပ်သွင် အမျိုးမျိုးနှင့် လားဂိုစ် မြို့တော် ဆီ သို့ လမ်းကြောင်းအမျိုးမျိုးမှ လာနေကြသည်။ ထိုပုဂ္ဂိုလ် အားလုံးသည် ချိန်းဆိုထားသော နေ့၊ အချိန်နှင့် သတ်မှတ်ထားသော နေရာတွင် ဟားအင်ဒါဆန်နှင့် တွေ့ ဆုံ ရန် လာ ရောက် ကြ လိမ့် မည် ဟု ဟားအက်ကနာ စိတ်ချ လက်ချ အာမခံထားသည်။

အဆင့်နှစ်နှင့် အဆင့်သုံးတို့ အတွက် မတ်လ ၁၆ ရက်နေ့ကို သတ်မှတ်ထားသည်။ အနောက်အာဖရိက



လေယာဉ်ပျံ ပြပွဲ ပြိုင်ပွဲကြီးကို ထိုနေ့ နံနက်တွင် ဖွင့်လှစ်မည် ဖြစ်သည်။ ထိုနေ့မှာပင် တပ်ဖွဲ့ ဘီမှ မွမ်းမံ သင်တန်း တက် နေ သော ဗီယက်နမ်ပြန် စစ်သား ဟောင်းကြီးများသည် သူတို့အား လေ့ကျင့် သင်ကြားပေးနေသော လုပ်ငန်းကို စတင် ဆောင်ရွက် ကြမည် ဖြစ်ပေသည်။

ဂျက် ကော့ ဟတ်ရှ် သည် နေ့စဉ် နယူးယောခ် စံတော်ချိန် ၀၉း၀၀ နှင့် ၁၇း၀၀ နာရီ တို့တွင် နယူးယောခ်ရှိ ဗွီအိုင်အီး ရုံး ချုပ် နှင့် တယ် လီ ဖုန်း ဆက်သွယ်လေ့ ရှိသည်။ သူသည် ဗိုင်ယာနီဗိုဂလာနှင့် ဆက်သွယ်လေ့ရှိပြီး ဘာဆိုတိုမှ တိုးတက်မှုများကို မိုက်ဗိုဂလာကလည်း ဗိုင်ယာနီထံမှ တစ်ဆင့် သိရှိ နေသည်။

ဂျက်ကော့ဟတ်ရှ်သည် မတ်လ ၁၂ ရက် ၀၉း၀၀ နာရီ (ဘာဆိုတို စံတော်ချိန် ညနေ ၃ နာရီ) သတင်းပို့ချိန်တွင် အဆင့်နှစ် ဖြစ်သော လေယာဉ်ပျံ ပြပွဲ ပြိုင်ပွဲအကြောင်း ဆွေးနွေးခဲ့သည်။

လွန်ခဲ့သည့် နှစ်ပတ်ခန့်က စတီဖင် ပက်ဂျက်နှင့် ဒေါက်ဂလပ်စ် ဖီးလ်ဒင်းတို့သည် အ ရပ် ဘက် က အသုံး ပြုသော လေ ယာဉ် ပျံ မျိုးစုံ ၃၄ စီးကို ဝယ်ယူခဲ့ကြသည်။ အနောက်အာဖရိက လေယာဉ်ပျံ မောင်းနှင်သူများ အသင်းမှ ပိုင်းလော့ များအား ကမန်းကတန်း ပြန်၍ ဆေးသုတ်ရသော လုပ်ငန်းကြီး ကြီးကြပ်ရန်နှင့် လေယာဉ်ပျံ တစ်စီးစီ၏ ပျံသန်းမှု အကွာအဝေးပေါ် မူတည်၍ တစ်ဆင့်ပြီး တစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com

မောင်း နှင် ပျံ့ သန်း ပြီး ဂါလာ မြို့ တော် သို့ မောင်းနှင်၍ ယူလာရန် စေလွှတ်ထားသည်။

ဂျက်ကော့ ဟတ်ရှ်က ဗိုင်ယာနီကို အစီရင် ခံလိုက်၏။

'နှစ်ဆယ့် တစ်စီးတော့ ရောက်ပြီ၊ ကျန်တဲ့ လေယာဉ်ပျံ တွေကတော့ ဒီကနေ့နဲ့ နက်ဖြန်ခါမှာ ရောက်လာဖို့ ရှိပါတယ်၊ ရောက်လာတဲ့ လေယာဉ်ပျံ တွေကို ခင်ဗျား မြင်စေချင်တယ်ဗျာ၊ သိပ် အံ့အား သင့်စရာ ကောင်းတာပဲ'

လေယာဉ်ပျံ ကိုယ် ထည် နှင့် အ တောင် ပံ များ ပေါ် တွင် ကမကထ ပြုလုပ်ကြသော ကုမ္ပဏီများ၏ တံဆိပ်များနှင့် နာမည်များကို ရေး သား ထား ကြ သည်။ အိပ်ပ်ဗွန်၊ ရှိုင်ရယ်ဒတ်ချ်ရှဲလ်၊ အက်ဖ်အက် ကွ ဘိန်း၊ ဝက် စ တင်း ဟောက် အီ လက် ထ ရစ် ဆီးမင်းနှင့် အခြား ကုမ္ပဏီများပင် ဖြစ်သည်။

ဗိုင်ယာနီက မေးလိုက်၏။

'မတုတ်ပါဘူးလို့ပြင်းတဲ့ အသံများ ရှိနေသလား'

'ခု ထက်ထိတော့ မရှိသေးပါဘူး၊ ဒီ ကိစ္စဟာ သက်ဆိုင်ရာရုံးချုပ်တွေဆီကိုပြန်ရောက်ဖို့ အဆင့်ဆင့် ကြာဦးမှာ ဖြစ်သလို သိသွားကြတဲ့ အခါမှာလဲ ဘယ်သူက ခွင့်ပြုလိုက်တယ် ဆိုတာကို သိဖို့ ရက်နဲ့ အပတ်နဲ့ ချီပြီး ကြာပါလိမ့်မယ်'

'အဲဒီလို ဖြစ်ပါစေလို့ ကျွန်မတို့ မျှော်လင့်ရမှာ ပေါ့ရှင်၊ နောက် တစ်ချက်ကတော့ စာ နယ် ဇင်း လောကရဲ့ တုံ့ပြန်မှုက ဘယ်လိုလဲ၊ နောက်ဆုံး အခြေအနေက ဘယ်လိုလဲ'



'မနေ့က အခြေအနေနဲ့ အတူတူပါပဲ၊ အားလုံး ဟာ အာဖရိကမှာ ရှိတဲ့ လူမည်း တိုင်းပြည်တွေက ချည်းပါပဲ၊ သတင်းထောက် အချို့က ရောက်တောင် နေပြီ၊ ကျုပ်တို့က သူတို့ကို မပျင်းအောင် ဧည့်ခံ ထားပါတယ်၊ နောက်မှ ရောက်လာတဲ့ စာနယ်ဇင်း ဆရာတွေကိုလဲ သူတို့ နည်းတူ ပြုစုပါ့မယ်'

'ကျွန်မက ဥရောပတိုက်နဲ့ အမေရိကန် သတင်းစာ ဆရာတွေကို စိတ်ပူနေမိတာ'

'ဘယ် လို နည်း နဲ့မှ စိတ်မပူ ပါနဲ့ ဗိုင်ယာနီ၊ လူမည်း နိုင်ငံမှာ ကျင်းပတဲ့ လေယာဉ်ပျံ ပြပွဲကို လူဖြူနိုင်ငံတွေက စိတ်မဝင်စားကြ ပါဘူး၊ ပြီးတော့ ထဲ ကျုပ်တို့က ပြည်ပက လူဖြူ သတင်းဌာနတွေ အတွက် ဒေသခံ သတင်းသမား တွေကို စည်းရုံး ထားပြီးပါပြီ'

'ကျွန်မ စိတ်မပူတော့ ပါဘူးရှင်၊ ဒက်ဒီနဲ့ ကျွန်မ တို့က ရှင်တို့အတွက် ဆုမွန်ကောင်း တောင်းလိုက် ပါတယ်'

ဂျက်ကော့ဟတ်ရှ်သည် တယ်လီဖုန်းကို အဆက် အသွယ် ဖြတ်တောက် လိုက်ရင်း မျက် မှောင် ကုတ် လိုက်သည်။ လွန်ခဲ့သည့် နှစ်ရက်အတွင်းက ဗိုင်ယာနီ သည် စိတ်ဝိုင်နှင့် ပတ်သက်၍ လုံးဝ မေးမြန်းခြင်း မရှိခဲ့ပါ။ ၎င်းအပြင် သူ သိသလောက်လည်း သူတို့ နှစ်ယောက်သည် တစ်ယောက်ထံ တစ်ယောက်က တယ်လီဖုန်း ဆက်သွယ် ခဲ့ခြင်းလည်း မရှိခဲ့ကြပါ။ ထိုဗိုသည် ဂျက် ကော့ ဟတ် ရှ် ထက်ပင် အအိပ် အနေနည်းပြီး စုတ်ပြတ်သတ် နေသည်။ စကြို့တိုင်း



www.burmeseclassic.com

www.burmeseclassic.com

အလုပ် များနေသော ပက်ဂျက်သည် တယ်လီဖုန်း တစ်ကြိမ်တစ်ခါ ဆက်သွယ်ရန်ပင် မစီစဉ်နိုင်ခဲ့သော ကြောင့် ဗိုင်ယာနီ စိတ် ကောက် နေ တာ လည်း ဖြစ်နိုင်သည်။ အချို့သော အမျိုးသမီး များသည် ထိုပုံစံမျိုးပင် ဖြစ်တတ်သည်။

ဟတ်ရှ် သက်ပြင်းချ လိုက်သည်။ လောလော ဆယ်တွင် သူ့ထံ စတိဗ်၏ ချစ်ရေးကိစ္စထက် ပို၍ ဆိုးရွားသော ပြဿနာများ ရှိနေသည်။ သူသည် သတင်းတစ်ပုဒ်ကို ကောက်ကိုင်ပြီး ထပ် ဖတ် လိုက် သည်။ နံနက် ၀၀း၂၂ နာရီတွင် ဘာဆိုတန် နယ်စပ် တပ်စခန်းမှ ပေးပို့ခဲ့သော သ တင်း ဖြစ် သည်။ မဝမ်ဒန် စစ်သား ၅၀၀ ကျော်သည် နယ်ခြားနှင့် နှစ်မိုင်ခန့် ဝေးကွာသော ဟိုတက် နယ် ထဲ တွင် လှုပ်ရှားနေသည်ကို တွေ့မြင်နေရသည်။ ၎င်း တို့နှင့် အတူ ပြောင်းဝအကျယ်ကို ခန့်မှန်းနိုင်စွမ်း မရှိသော ပြောင်းရှည် အမြောက် တစ် လက် စီကို တပ်ဆင် ထားသည့် သံချပ်ကာ ကားနှစ်စီး။

အယ် လီ ဆန်က ရိတ် ချ် က 'ကမ်မ်ကို' အတွက် စုဆောင်း ဝယ်ယူပေး ထားသော လက်နက်ပစ္စည်း စာရင်းကို ဂျက်ကော့ဟတ်ရှ်က လုံး စေ့ ပတ် စေ့ မှတ်မိနေသည်။ အဆိုပါ သံချပ်ကာ ကား နှစ် စီး သည် အမေရိကန်မှ ဝယ် ယူ ထား ခြင်း ဖြစ်သည်။ အီတလီ နိုင်ငံတွင် သုံးစွဲမည်ဟု ဖော်ပြထားသော အီးယူစီ သက်သေခံ လက်မှတ် အ တူ ပေါ် တွင် သံချပ်ကာ ကား ခြောက်စီးဟု ဖော်ပြထားသည်။



ဈေးကြီးသော်လည်း ထုတ်လုပ်သူ၏ တစ်နပ်စား လုပ်ရပ်ကြောင့် ဆိုးဆိုး ရွားရွား ညံ့ဖျင်းလှသော သံချပ်ကာ ကားလည်း ဖြစ်သည်။ လက် ပစ် ဗုံး တစ်လုံး သို့မဟုတ် မိုလိုတော့ဗ်ကော့တေး(ခေတ်ဆီ ပုလင်းထိုပ်တွင် အဝတ်စုတ်ကို တပ်ဆင် မီးရှို့၍ ဖောက်ခွဲခြင်း) တစ်လုံးနှင့် ဆိုပါက သုံးမရအောင် ပျက်စီးသွား နိုင်ပေသည်။

အမြောက်လက်နက်ကတော့ တစ်မျိုး တစ်ဘာသာ ဖြစ်သည်။ အစ္စရေးနိုင်ငံရှိ လက်နက်ပစ္စည်း ထုတ်လုပ် ရောင်းချသော 'အစ်စ်ပရက်စ်' ကော်ပိုရေးရှင်းရှိ သတင်းပေး တစ်ယောက်ထံမှ ရရှိသော သတင်းအရ အမ် ၇၁ ကင်းနီးရက် အမြောက် ၂၄ လက်ကို မဝမ်ဒီသို့ တင် ပို့ ထား ကြောင်း သိရှိထားပြီး ဖြစ်သည်။ ထို အမြောက်၏ ပြောင်းဝ အကျယ်မှာ ၆၃ မီလီမီတာမျှသာ ရှိသော်လည်း တစ်မိနစ်တွင် ကျည်ဆန်ပေါင်း ခုနစ်ဆယ် အထိ အဆက် မပြတ် ပစ်ခတ်နိုင်သည်သာမက အမျိုးစုံ အသုံးချ နိုင်သည့် အော်တိုမက်တစ် အမြောက် ဖြစ်သည်။ ထိုအမြောက် ကို တင်ဆောင်ထားသော သံချပ်ကာ ကားနှင့်သာ ဆိုပါက ဘာဆိုတိုမှ စစ်သားအားလုံးကို မိနစ်ပိုင်း အတွင်း ဖျက်ဆီးချေမှုန်း ပစ်နိုင်ပေလိမ့်မည်။

အီယန် ဘာလိတ်၏ နေအိမ်မှ လေအေးစက်ကို အိမ် အတွင်းပိုင်းတွင် ၇၂ ဒီဂရီ ဖာရင်ဟိုက်၌ ရှိနေ အောင် ချိန် ထား သည်။ အမ် ၇၁ ကင်းနီးရက် အမြောက်၏ စွမ်းပကားကို တွေးတောလိုက်မိမှုက



www.burmeseclassic.com

www.burmeseclassic.com

အပူ ဒီဂရီသည်-၄၅၉.၆ ဒီဂရီ 'ပကတိ သုည' ဒီဂရီသို့ ဖြုန်းခနဲ ကျဆင်းသွား သလို ခံစားလိုက်ရလေတော့သည်။

ရိုးတွင်းခြင်ဆီသို့ ရောက်အောင် ပင်ပန်း နွမ်း နယ်နေသော စတိဗ်ပက်ဂျက်က သူ့ လုပ်ငန်း တာဝန်သည် အီယန်ဘလိတ်၏ လုပ်ငန်းတာဝန်ထက် ပိုမိုလွယ်ကူကြောင်း သိထားပါသည်။ စတိဗ်ပက်ဂျက်သည် သူ့ အချိန်နှင့် စွမ်းအင်များကို တပ်ဖွဲ့ဘီ လေ့ကျင့်ရေးစခန်းနှင့် ဂါလာ လေဆိပ်တို့တွင် အလှည့်ကျ ခွဲဝေ သုံးစွဲလျက် ရှိသည်။ အီယန် ဘလိတ်သည်၏လုပ်ငန်းများတွင် သူပါဝင် ထမ်းဆောင် ရမည့် တာဝန်ကို အပြည့်အဝ ထမ်းဆောင်လျက် ရှိသော်လည်း သူ့တွင် အခြား တာဝန် တစ်ရပ် ရှိနေပြန်ပါသည်။ ထို တာဝန်သည် အခက်ခဲဆုံး တာဝန်လည်း ဖြစ်ပါသည်။

အီယန်ဘလိတ်သည် ဇွီအိုင်အီး ဘာဆိုတိုလီမိတက်၏ အကြီးအကဲ ဖြစ်သည့် အားလျော်စွာ ဘာဆိုတိုနိုင်ငံတွင်း၌ ရှိနေသော လုပ်ငန်း မျိုးစုံကို ဆက်လက်၍ ဦးစီး ကွပ်ကဲသွားရန် တာဝန် ရှိနေပေသည်။ ၎င်းအပြင် လုပ်ငန်းကို အခြေအနေမပျက် ဆောင်ရွက်နေသည်ဟု အထင် ရောက်အောင် လှည့်စားရသည့် စီမံချက်အား အကောင် အထည် ဖော်သည့် အနေနှင့် အီယန်သည် ဇွီအိုင်အီး ဘာဆိုတို ရုံးချုပ် အဆောက်အအုံတွင် နေ့စဉ် နာရီပေါင်း



များစွာ ရုံးတက် ပြရန်လည်း လိုအပ် နေပါသည်။ အီယန်ဘလိတ်သည် ယုံကြည် စိတ် ချ ရ မည့် လက်ရွေးစင် လူတစ်စုကို ရွေးချယ်၍ အခြေအနေမှန်ကို အသိ ပေးထားသည်။ ကျန် ပုဂ္ဂိုလ်များကမူ ဟန်ရေးပြနေသည့်ကိစ္စကိုသာ သိထား ကြရပေမည်။

ဘာဆိုတို၌ ရှိနေသူများအနက် လူနည်းစုကသာ အာဖရိကန် မိုင်းနင်း ကုမ္ပဏီ သို့မဟုတ် တင်နရီဝါဒူး သို့မဟုတ် မဝမ်ဒီ၏ ခြိမ်းခြောက်မှုကို နားလည် သဘော ပေါက်ကြသည်။ နယ် စပ်တစ်လျှောက်၌ ရှိနေသော အခြေအနေမှာ တည်ငြိမ်ပါသည်။ ဇွီအိုင်အီး၏ လုပ်ငန်း မှန်သမျှကို သာမန်ပုံစံအတိုင်း လုပ်ကိုင် ဆောင် ရွက် နေ ကြ သည်။ တကယ့်တကယ် တွင်လည်း အီယန်ဘလိတ်သည် စိုက်ပျိုးရေး လုပ်ငန်းများနှင့် ထုတ်လုပ်မှု လုပ်ငန်းများကို ထိန်းချုပ်မည့် အစီအစဉ် များအား ဘာဆိုတန်တိုင်းရင်းသား ၇၀ ရာ ခိုင်နှုန်း နှင့် အမေရိကန်လူမျိုးများ ပါဝင်သော အုပ်ချုပ်ရေး ဆိုင် ရာဝန်ထမ်းများနှင့် အကြိမ်ပေါင်း များစွာ စည်းဝေးခဲ့သည်။

ထို အစည်းအဝေးများ၌ ဆွေး နွေး ကြ သည့် အချက်အလက်များကို ဒေသဆိုင်ရာ စာ နယ် ဇင်း များသို့ တရားဝင် ထုတ်ပြန်ပေးမည့် အစား မသိမသာ ပေါက်ကြားစေခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော 'ဂါလာ ကူရီးယား၊ တယ်လီဂရပ်ဖ်' စသည့် သတင်းစာများက....



www.burmeseclassic.com

www.burmeseclassic.com

'ဒေါ်လာ အမြောက်အမြားကို ထပ်မံ၍ ရင်းနှီးမြှုပ်နှံဖွယ် ရှိခြင်း'

'လာမည့်နှစ်တွင် နိုင်ငံခြားသို့ ပို့ကုန် များပြားလာဖွယ်ရာ ရှိခြင်း'

စသည့် ခေါင်းစီး ကြီးများနှင့် တခမ်း တ နား ဖော်ပြခဲ့ကြသည်။

ထိုသတင်းများကို ဂါဒူး မြို့တော်တွင် ဖတ်လည်း ဖတ်၊ ဆွေးလည်း ဆွေးနွေး ကြလိမ့်မည်ဟု အီယန်ဘာလိတ်နှင့် စတိဗ် ပက်ဂျက် တို့က သေချာပေါက် တွက်ခဲ့ကြသည်။ ဗွီအိုင်အေးနှင့် ဘာဆိုထို လီမိတက် တို့သည် အမြတ်အစွန်း ရရှိရေး နောက် သို့ သာ ကောက်ကောက် ပါအောင် လိုက် နေ သည် ဖြစ်၍ ကမ်မ်ကို၊ ကရိတ်ချ်နှင့် ဂါဒူး အုပ်စုကို ပို၍ ယုံကြည်သွားစေ လိမ့်မည်။

မတ်လ ၁၂ ရက်နေ့ နေ့လယ် ၁၂ နာရီတွင် အီယန်ဘာလိတ်က သတင်းစာ ရှင်းလင်းပွဲ ကျင်းပ ပြုလုပ်သည်။ သူက သဘာပတိအဖြစ် ဆောင်ရွက်သော်လည်း ဒေါက်ဂလပ်စ် ဖီးလ်ဒင်းနှင့် အိုလီဆီဂမ် တို့ကသာ စကားများများ ပြော၍ မေးခွန်းများကို ဒိုင်ခံ ဖြေဆိုကြသည်။ ထိုသတင်းစာ ရှင်းလင်းပွဲ၏ ရည်ရွယ်ချက်မှာ မကြာမီ ကျင်းပမည့် လေယာဉ်ပျံပြပွဲ ပြိုင်ပွဲကို လူသိ ပိုများအောင် လှုံ့ဆော်လိုက်ခြင်းပင် ဖြစ်သည်။

'ဂျိဟာန်နက်စ်ဘတ်စတား' သ တင်း စာ မှ လူဖြူ ယစ်ထုပ် သတင်းထောက် တစ်ယောက်က လွဲလျှင် ကျန် သတင်းထောက် အားလုံးသည် လူမည်းများ



သာ ဖြစ်ကြသည်။ ထို သတင်းထောက်များကလည်း ကြားရသမျှကို အားရပါးရ ယုံကြည် လိုက်ကြသည်။ သတင်းစာ ရှင်း လင်း ပွဲ အပြီး တွင် ဆက်လက် ကျင်းပသော နေ့လယ်စာ စားပွဲအပြီးတွင် ပို၍ပင် အားပါးတရ ယုံကြည် သွား ကြ တော့ သည်။ အိုလီဆီဂမ်က 'ကမ္ဘာပေါ်ရှိ နေရာ အများစုတွင် စစ်မက် ဖြစ်ပွား နေကြပါတယ်၊ အချို့ကတော့ စစ်မက်ဖြစ်ပွားရန် တာစူ နေကြပါတယ်၊ ကျုပ်တို့ကို လက်ခံထားတဲ့ အိမ်ရှင် နိုင်ငံ ဘာဆိုတို ကတော့ ခြွင်းချက် ဖြစ်ပါတယ်၊ အဲဒီ နိုင်ငံက ငြိမ်းချမ်းရေး လမ်းစဉ်ကိုသာ စိုက်လိုက် မတ်တတ် ကိုင်စွဲလျက် ရှိပါတယ်' ဟု အစ ချီ၍ ပြောကြား လိုက်သော အခါတွင်ကား သောင်းသောင်း ဖြဖြ သြဘာ ပေး လိုက်ကြပါ၏။

အီ ယန် ဘာ လိတ်၊ ဒေါက်ဂလပ်စ် ဖီးလ်ဒင်းနှင့် အိုလီဆီဂမ်တို့က သ တင်း စာ ရှင်း လင်း ပွဲ တွင် စားကောင်းသောက်ဖွယ်များကို စားသောက် နေကြ ရစဉ် စတိဗ် ပက်ဂျက်ကမူ တပ်ဖွဲ့ ဘီ နှင့် အတူ ဖုတ်ထားသော အာလူး၊ မကျက်တကျက် ကင်ထားသော အမဲသားကင် တို့ကိုသာ စားသောက် နေရ လေသည်။

စတိဗ်သည် ဘ လို ဂီ နှင့် အနည်းငယ် စကား ပြောဆိုပြီးနောက် နောက်ထပ် တစ်နာရီ ကြာသော အခါ ဂါလာ လေဆိပ်၏ ပြုပြင် ထိန်းသိမ်းရေး အဆောက်အအုံကြီး တစ်ခုသို့ ရောက်ရှိနေသည်။ သတင်းစာ ရှင်းလင်းပွဲနှင့် နေ့ လယ် စာ စားပွဲမှ



www.burmeseclassic.com

www.burmeseclassic.com

ပြန် လာ ခဲ့ ကြ သော ဒေါက်ဂလပ်စ် ဖီးလ်ဒင်းနှင့် အိုလီဆီဂမ်တို့သည် 'ဒီဟက်ဗလန် တွင်အော်တာ' လေယာဉ်ပျံ တစ်စီးကို ပြုပြင်နေကြသော လူမည်း စက်ပြင်ဆရာများအား ကြီးကြပ် ကွပ်ကဲနေကြသည်။ ထို လေယာဉ်ပျံ၏ ကိုယ်ထည် ပေါ်တွင် 'မစ်ဒလန် ဘဏ် အင် တာ နေ ရှင် နယ်' ဆိုသော စာတန်းကို ရေးသားထားသည်။

ထိုလေယာဉ်၏ အတောင်ပံများအား ပြင်ဆင် နေသည့် ကိစ္စကို အိုလီဆီဂမ် ကြီးကြပ် ကွပ်ကဲနေ သဖြင့် စထိဗ်ပက်ရှာ့က တအံ့တဩ မေးလိုက်၏။

'ခင်ဗျားက ဒီ လေယာဉ်ပျံကို မောင်းမလို့လား'

အိုလီဆီဂမ်သည် ဖော်ကာဖရင်းရှစ် လေယာဉ်ပျံ သုံးစီးအနက် တစ် စီး ကို မောင်း နှင် မည် ဟု သူ ယခင်က သိရှိထားခဲ့သည်။

ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက အသံခြောက်ကပ်ကပ် နှင့် ဝင်ပြောလိုက်၏။

'အက်ဂဘီ လူမျိုးတွေကို မုန်းတီးတဲ့စိတ်ခေတ်က အိုလီဆီဂမ်ကို အနိုင် ယူသွားကြတာယ်လေ'

'ဒေါက်ဂလပ်စ်ရေ၊ ခင်ဗျားရော အချိန် ကပ်ပြီး ပြင်ချင် ဆင်ချင် သေးလို့လား'

'ကျုပ် က တော့ မ ပြင် ပါ ဘူး ချာ တိတ် ရာ၊ စိုက်ပျိုးရေး လုပ်ငန်းဆိုင်ရာ ပြိုင်ပွဲမှာ ဝင်ပြိုင်မှာ ပါပဲ၊ ကျုပ်က သီးနှံတွေကို ဆေးဖျန်းတဲ့ လေယာဉ်ပျံ အုပ်စုထဲက ရှီပေါလ် လေဆိပ်မှာ ကျုပ်တို့တွေ့ခဲ့တဲ့ ပီဇက်အလ်မိုင်းလက် လေယာဉ်ပျံကို မောင်းနှင်မှာ ပါပဲ'



ဆိုဗီယက်နိုင်ငံမှ 'အင်တူး စက် တစ် လုံး တပ်' သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံကို တု၍ ပိုလန် နိုင်ငံက တည်ဆောက် ထားသော ထို လေယာဉ်ပျံ သည် ကတ္တရာစေး လမ်းပေါ်၌ ခံ့ခံ့ ညား ညား ရပ်တန့်နေသည်။ ဒေါင်လိုက် အမြီးပေါ်၌ သုံးရောင် ခြယ် အလံကို ရေးခြယ်ထားသည်။ ထို လေယာဉ်ပျံ ကြီးသည် ရှေးကျပြီး လေးကန်သည်ဟု ထင်ရသော် လည်း မိုင်းလက် လေယာဉ်ပျံသည် စိုက် ပျိုး ရေး ဆိုင်ရာ လုပ်ငန်းများတွင် အလွန့် ကိုက် ညီ သော လေယာဉ်ပျံ ဖြစ်သည်။ လေ ယာဉ် ပျံ ၏ ဝမ်းဗိုက် ထဲတွင် မျိုးစေ့ သို့မဟုတ် ပိုးသတ် ဆေးပေါင်း ၁၁၀၀ ကို သယ် ဆောင် လာ နိုင်သည်။ ဒေါက် ဂလပ်စ် ဖီးလ်ဒင်းက ထို လေ ယာဉ် ပျံ ကို အလွန် နှစ်သက်ပါသည်။

'အမြီးပိုင်းက စွန်တွေကိုရော၊ ရပြီလား'

စတိဗ်က မေးလိုက်ခြင်း ဖြစ်ပါ၏။ သီး နှံ ပင် များပေါ် ဆေး ဖြန်း သော ပြိုင် ပွဲ ၏ အဓိက ဆောင်ပုဒ်မှာ 'အနောက် အာဖရိကတိုက် အားလုံး အတွက် စားစရာ ပိုမို စိုက်ပျိုးပါ' ဟူ၍ ပင် ဖြစ်သည်။ ပြိုင်ပွဲဝင် လေယာဉ်ပျံများသည် ဘာသာ မျိုးစုံနှင့် ရေးသားထားသော အဆိုပါ ဆောင်ပုဒ် ပါသည့် အလံများကို အမြီး၌ ချိတ်ဆွဲ ထားကြရမည် ဖြစ်ပါ၏။

ဖီးလ်ဒင်းက အဆိုပါ အလံများ ရောက်ရှိနေ ကြပြီ ဖြစ်ကြောင်း ဖြေလိုက်သည်။ စက်ပြင် ဆရာ များက ပြီးစီးအောင် မည်သို့ မည်ပုံ ဆောင်ရွက်ရေ



www.burmeseclassic.com

www.burmeseclassic.com

မည်ကို သိရှိ နားလည်ကြောင်း ကျေနပ်သွားသော အိုလီဆီဂမ်က ဆက်လက် ဆောင် ရွက် ကြ ရန် မှာခဲ့သည်။ ထို့နောက် ဒေါက်ဂလပ်စ်က ရုံးခန်း ဆီသို့ ဦး ဆောင် ၍ သွား တော့ သည်။ သူတို့ သုံးယောက်သည် ထိုရုံးခန်း၌ နာရီပေါင်း များစွာ ဆက်လက် ဆောင် ရွက် ကြ ရ မည် ဖြစ် ပါ ၏။ ထို့နောက် အီယန်ဘလိတ်၏ နေအိမ်၌ နာရီပေါင်း များစွာ ဆက်လက်၍ အလုပ်လုပ် ကြရပေဦးမည်။ မျှော်လင့် မထားသော ကိစ္စရပ်များ ဖြစ်ပေါ်မလာ ခဲ့ပါက သူတို့သည် နံနက် နှစ်နာရီခန့်တွင် ရပ်ဆိုင်းပြီး နည်းနည်းလောက် အိပ်ချိန် ရပါလိမ့်မည်။

ထိုအခိုက်မှာပင် မျှော်လင့်မထားသော ကိစ္စရပ်များ အတွက် ဇာတ်ကွက် ဇာတ် လမ်း သည် စ တင် ၍ ဖြစ်ပေါ်စ ပြုနေလေသည်။

ထိုနေ့က နယ်စပ် နားတွင် အင်အား ပြရန် ဆိုသော မေဂျာ ဘရူးစတားရန်းဒေါ၏ အဆိုပြု ချက်ကို အယ်လီဆန် ဟာရိုတ်ချက အတည်ပြုပေး ခဲ့သည်။ မေဂျာရန်းဒေါသည် တပ်ရင်း တစ်ရင်းနှင့် အမ် ၈၁ ကင်းနီးရက် အမြောက် တစ် လက် စီ ကို ဆွဲယူလာသော သံချပ်ကာ ကားနှစ်စီး တို့ကို အသုံး ပြုခဲ့သည်။ သို့ရာတွင် ဂါလာရေဒီယိုမှ လွှင့်ထုတ် ချက်များကို ဖမ်းယူ နား ထောင် သော အ ခါ ထို အင်အားပြမှုသည် အချည်းနှီးသာ ဖြစ်ခဲ့ရကြောင်း သိလိုက်ရသည်။ အဆိုပါအင်အားပြမှုက ကြောက်စိတ်



မဖြစ်ပေါ် စေခဲ့သည့် အပြင် လူမသိ သူ မသိ ပြီးစီးသွားခဲ့သည်။

ဘာဆိုတိုနိုင်ငံ စိတ်ဓာတ်ပျက်ပြား သွားစေရန် နှင့် ယုံကြည် သက် ခံ လာ စေ ရန် အတွက် ပို၍ အင်အား ကြီးမားသော အင်အားပြပွဲကို ပြုလုပ်ရန် လို အပ် နေ သည်။ ထို့ကြောင့် အယ်လီ ဆန် က အက်ဒဝပ်ဒီဘာရီးစ်ကို သူ့ ရုံးခန်းသို့ ဆင့်ခေါ် လိုက်သည်။

ဒုတိယ လာ ဖ် တန် အေ တူး ဗင်ဒီကေတာ လေယာဉ်ပျံ တစ်စီးကို လက်နက် တပ် ဆင် ၍ စမ်းသပ် မောင်းနှင်ပြီး ဖြစ်သည့် အတွက် အသုံး ပြုရန် အဆင်သင့် ဖြစ်နေလေပြီ။

အယ်လီဆန်က သူ့ စိတ်ကူး ပုံကြမ်းကို ရှင်းပြ လိုက်သည်။

'ဒီကနေ့ မွန်းလွဲပိုင်းမှာ နည်းနည်း စိတ်ချောက် ချားသွားအောင် ရှင်က လုပ်ပေးစေ ချင်တယ်'

ဗင်ဒီကေတာ လေယာဉ်ပျံ နှစ်စီးသည် နယ်စပ် မျဉ်းကြောင်း တည့်တည့် ပေါ် တွင် အစွမ်းကုန် အရှိန်တင်၍ မိုင် တစ်ရာခန့် အထိ တ ဝေါ ဝေါ မြည်ဟည်းအောင် ယှဉ်၍ မောင်းနှင် ပြကြရမည် ဖြစ်ပါ၏။

'ကျည်ဆန် အစစ်နဲ့ ပစ်ခတ်ပြီး လေ့ ကျင့် ရ မှာကိုး'

ဒီဘာရီးစ်က ပြုံးရယ်ပြီး တအံ့တသြ ပြောလိုက် သည်။

'မဟုတ်ဘူး ရှင့်'



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်က သူ့ကို ဒေါသနှင့် ကြည့် လိုက်သည်။

'တကယ် ပစ်တဲ့ ခတ်တဲ့ စစ်ပွဲဟာ နောက်ဆုံး အခြေအနေပါလို့ ရှင့်ကို ကျွန်မက ဘယ်နှစ်ခါ ပြောရမှာလဲ၊ ရည်ရွယ်ချက် ကတော့ အဲဒီ လူတွေ လက်နက် ချချင်လာအောင် ခြောက်လှန့်ဖို့ပဲ'

'နှိမ့်နှိမ့်ကလေး ပျံသန်းပြရုံနဲ့ ဘယ် သူ က မှ ကြောက်မှာ မဟုတ်ဘူး၊ လာရီ ဟော့ပါးကတောင် အဲဒါမျိုးကို မလုပ်တော့ဘူး၊ ကျုပ်တို့က ဟိုနား ဒီနားမှာ ပစ်ခတ်ပြမှ ထူးခြားလာမှာ'

အယ်လီဆန်က မျက်မှောင် ကုတ် ၍ ခတွေး လိုက်သည်၊ ဒီဘာရိုးစ်၏ ပြင်းချက်မှာ အဓိပ္ပာယ်ရှိသည်။ တပ်ရင်း တစ်ရင်းနှင့် ချီတက်ပြပြီး အဖြေ မထွက်သော ကိစ္စမျိုးကို နောက် တစ်ကြိမ် ထပ်လုပ်ပါက ကောင်းကျိုးထက် ဆိုးကျိုးကို ပိုမို၍ ဖြစ်စေပါလိမ့်မည်။

'ဒဏ်ရာရတဲ့ လူတွေ မရှိစေရပါဘူးလို့ ရှင် အာမခံမလား'

'မဖြစ်နိုင်ပါဘူး ဆရာမကြီးရယ်၊ ခင်ဗျားက သေနတ်လက်နက်တွေ အကြောင်း ကျုပ်ထက် ပိုသိတယ် ဆိုတာ ပြောပြဖို့ မလိုပါဘူး၊ ပြောင်းဝအကျယ်က ငါးဆယ် မီလီမီတာ ရှိပြီး ကျောက်တုံးတွေကို ထိမှန်ရင် လွင့်စဉ်လာ ကြတဲ့ ကျောက်ခဲ အစအနလေးတွေက နေရာ အနှံ့အပြားကို လာပြီး ထိမှန်ကြလိမ့်မယ်၊ အဲဒီနောက်တော့ ခပ် အူတူတူ အတတစ်သား အချို့ဟာ ကျုပ်တို့ မမြင်ရတဲ့ နေရာက



ပေါ်ထွက်လာ နိုင်တယ်။ ကျုပ် ကတိ ပေး နိုင် တဲ့ ကိစ္စကတော့ ဘယ် သူ့ ကိုမှ မချိန် တွယ်ပါဘူး ဆိုတာပါပဲ၊ တ ကယ် လို့ လူတွေ ထိခိုက် ဒဏ်ရာ ရတယ်ဆိုရင် မတော်တဆ ထိခိုက်တာပဲ ဖြစ်ရမယ်'

မတော်တဆမှုများ ရှိနိုင်သည် ဆိုသော ကိစ္စမှာ နှိုးစားမှု၏ ရလဒ်သာ ဖြစ်သည်ဟု အယ်လီဆန်က တွန့်ဆုတ်ဆုတ်နှင့် ဆုံးဖြတ် လိုက်လေ၏။

'ရှင်က ကတိ ပေးမှာလား အက်ဒဝပ်'

'ရာ ခိုင် နှုန်း ပြည့် ပေးမှာပါ၊ ကျုပ် တို့ က ထိတ်လန့်သွားအောင်သာ လုပ်မှာပါ၊ အဲဒီ ငါးဆယ် မီလီမီတာတွေက အလွန် ဆူညံပြီး ကျည်ဆန်တွေက မြေကြီးကို မြေကူးစက်နဲ့ တူးပစ်သလို ဖွာလန်ကြဲပစ် လိုက်ကြတာဗျ၊ လူမည်း စစ်သားတွေ တဆတ်ဆတ် တုန်သွားစေရမယ်ဗျာ'

'ကောင်းပြီ အက်ဒဝပ်ရေ၊ ကျွန်မက သမ္မတကြီးကို ပြောပြလိုက်မယ်၊ ကောင်းအောင်သာ လုပ်ခဲ့ပါ'

ဒီဘာရိုးစ်သည် ခုန်ထ လိုက်ပြီးနောက် ဟန်ပါပါ အလေးပြုလိုက်လေ၏။

နောက်ထပ် လေးဆယ့်ငါးမိနစ် ကြာသောအခါ ဇင်ဒီကေတာ လေယာဉ်ပျံ နှစ်စီးသည် ဝေဟင်ထဲသို့ ရောက်ရှိ သွား ကြ လေ ပြီ။ ဒီဘာရိုးစ်သည် ပ ထ မ လေယာဉ်ကို မောင်းနှင်ပြီး သူ့ တပည့်တစ်ယောက်ကို တွဲဖက် လေ ယာဉ် မှူး အဖြစ် ခေါ် ဆောင် သွားသည်။ ကျန် လေယာဉ်ပျံ တစ်စီးကို အခြား ကြေးစား လေယာဉ်မောင်း နှစ်ဦးက မောင်းနှင်ကြသည်။ သူက ထိုနှစ်ယောက်ကို လျှင်မြန်စွာ ရှင်းပြ လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ပေငါးရာ အမြင့်တွင် အတောင်ပံ ထိပ်ဖျားချင်း ထိလုမတတ် ဘေး ချင်း ယှဉ် ၍ အမြန်ဆုံး နှုန်းနှင့် နယ်စပ် တစ်လျှောက် တွင် မိုင် တစ်ရာကျော် အထိ မောင်းနှင်ခဲ့ကြရာ ဆယ့်နှစ်မိနစ်ထက် စက္ကန့် အနည်း ငယ်သာ စွန်း တော့ သည်။ သူတို့က အတောင်ပံ ထိပ်ဖျားမှ စက် သေနတ်များနှင့် အချိန် အနည်းငယ်စီ ခြား၍ ပြိုင်တူ ပစ်ခဲ့ကြသည်။ သူတို့အဖို့ ချိန်ရွယ် နေရန် မလိုအပ်ပါ။ သူ တို့ ၏ ရှေ့ဘက် မြေပြင် ပေါ်၌ ပစ်မှတ်နှင့် တူသော တစ် ခု ခု ကို မြင်တွေ့ သွားပါက စက်သေနတ်ပစ်သော ခလုတ်ကို နှိပ်လိုက် ရန်သာ လိုအပ်ပါ၏။

ဂါဒူးမြို့တော်သို့ ပြန်လည် ရောက်ရှိသောအခါ ဒီဘရီးစ်နှင့် သူ့ တပည့်ကျော် သုံးယောက်တို့က လေယာဉ်ပျံ တစ်စီးစီသည် တစ်ဒါဇင်ခန့် ရှိသော တဲအိမ်များနှင့် ရပ် ထား သော ထရပ် ကားများ အာဆိုတို စစ်တပ်မှ အဆောက်အအုံများဖြစ်သည်ဟု ကံသေကံမ မပြော နိုင် သော အ ဆောက် အ အုံ နှစ်ဆယ်မှ သုံးဆယ်အထိကို ပစ်ခတ် နိုင်ခဲ့ကြသည်ဟု ခန့်မှန်းကြသည်။ သူတို့အနေနှင့် မည်သည့် လူသား သို့ တည်း မ ဟုတ် လှုပ် ရှား နေ သော မည်သည့် အရာဝတ္ထုကိုမှ ပစ်ခတ်ခဲ့ခြင်း မရှိကြောင်း ရိုးရိုး သားသား ပြောဆိုနိုင်ကြပါသည်။

သူတို့က ထိုကဲ့သို့ အယ် လီ ဆန် အား ပြိုင်တူ အစီရင် ခံလိုက်ကြပါ၏။

အယ်လီဆန် ချောက်ချား သွားသည်။



'တဲအိမ်တွေ အဆောက်အအုံတွေ ဟုတ်လား၊ အထဲမှာ လူတွေ ရှိနေနိုင်တာပေါ့'

ဒီဘရီးစ်ကလည်း ခပ်တည်တည် ညာလိုက်သည်။

'မရှိနိုင်ပါဘူးဗျ၊ တကယ်လို့ ရှိခဲ့မယ် ဆိုရင် ကျုပ်တို့ လာ သံ ကို သူတို့ ကြား ကြ ပြီး အကာ အကွယ် ရှိမယ့်နေရာကို ပြေးကြမှာပေါ့ဗျ'

နောက် လေယာဉ်ပျံ တစ်စီးကို မောင်းနှင်သော ကြိုး စား လေ ယာဉ် မောင်း နှင် သူ က လည်း ထောက်ခံလိုက်သည်။

'ဟုတ် ပါ တယ် ခင်ဗျာ၊ ကျွန်တော်က လူနေပုံ ရတဲ့ အ ဆောက် အ အုံ တွေ ကို တစ်ချက်မှ မပစ်ခဲ့ ပါဘူး မစ်(စ်)ကရိုတ်ချ်'

အယ် လီ ဆန် က မိမိ သည် နယ်သစ် ပယ်သစ် တစ်ခုထဲသို့ ဖြတ်ကျော် ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း သိလိုက်ရသည် လိုက်လေတော့သည်။ ထိုကဲ့သို့ ဖြတ်ကျော် မှုကြောင့် သူတို့ ပြောသမျှကို လက်ခံရုံသာ ရှိပြီး ကာသာ ရေဒီယိုအား စေ့စေ့ စပ်စပ် နားထောင် ရုံသာ ရှိပါတော့သည်။ ထို ရေဒီယိုက အထိတ် တလန့် ဖြစ်မှုကို ဖော်ပြလာမည် ဆိုပါက အမှန် တရားက မည်သို့ပင် ဖြစ်ပါစေ၊ မိမိတို့ လိုလားသော အနေအထားကို ရရှိလိမ့်မည်သာ ဖြစ်ပါ၏။

အာဆိုတို နိုင်ငံ၏ သမ္မတကြီးက နယ်စပ် ဒေသမှ ရရှိသော ထို သ တင်း ဆိုး ကို မြို့ လယ် ကောင် ရှိ ဆန်ဘာလိတ်၏ ရုံးသို့ တယ်လီဖုန်းဆက်၍ သတင်း

www.burmeseclassic.com

www.burmeseclassic.com

ပို့လိုက်သည်။ လေ ယာဉ် ပျံ နှစ် စီး သည် နိမ့်နိမ့် ကလေးနှင့် မြန်မြန် ပျံသန်း လာကြပြီး မည်းမည်း မြင်ရာကို ပစ်ခတ် သွား ခဲ့ကြ သည်။ စစ်သား တစ်ဆယ့်ခြောက်ယောက်နှင့် ရွာသား တစ်ရာကျော် သေ ဆုံး ခဲ့ ကြ ပြီး အ မြောက် အ မြား ဒဏ် ရာ ရ ခဲ့ ကြသည်။

ဘာလိတ်က ခပ်ဆတ်ဆတ် ပြောလိုက်၏၊

'အဲဒီ သတင်းကို လုံး၀ မှောင်ချ ထားလိုက်ပါ လေသံ သဲ့သဲ့တောင် မပေါက် ကြားပါစေနှင့်'

ဗီအိုင်အီး ကုမ္ပဏီသည် သမ္မတကြီးကို သာမက တစ်နိုင်ငံလုံးကို ကျေးဇူးပြုထားသည်။ သူက အမိန့် ပေးနိုင်သလို သူတို့ကလည်း နာခံ ကြပါလိမ့်မည်။

အီယန်သည် လေ ဆိပ် သို့ သွား ၍ စတိဗ် ဒေါက်ဂလပ်စ်ဖီးလ်ဒင်းနှင့် အိုလီဆီဂမ်တို့ကို ခေါ်ပြီး သူ့ နေအိမ်သို့ သွား၍ အရေးပေါ် အစည်းအဝေး ထိုင်ကြသည်။ သူတို့သည် စိတ်ဓာတ် ကျဆင်းနေကြ သလို အညှိခံလိုက်ချင် သလိုလိုပင် ဖြစ်နေကြသည်။

ဂါဒူးနှင့် ကမ်မ်ကို ကုမ္ပဏီတို့တွင် ယခု အချိန်၌ မောင်းနှင်နိုင်ပြီ ဖြစ်သော ဗင်ဒီကေတာ လေယာဉ်ပျံ နှစ်စီး ရှိနေပြီ ဖြစ်သလို နောက် ဆယ်စီးကိုလည်း အဆင်သင့် ဖြစ်အောင် ပြင်ဆင်နေကြသည်။ အီယန် ဘာလိတ်က ပြောလိုက်၏။

'လေယာဉ်ပျံ နှစ်စီးတည်းနှင့်တောင် ဝေဟင်ကို လုံး၀စိုးမိုးနိုင်ပြီဗျ၊ အေတူးဗင်ဒီကေတာ လေယာဉ်ပျံ နှစ်စီးက မြေ ပြင် ပေါ် က ခုခံရေး စခန်းတွေ စုတ်စုတ် ချာချာ အက်ဖ် ၅၁ လေယာဉ်ပျံ ငါးစီးကို



လုံး၀ ဖျက်ဆီးပစ်နိုင် လိမ့်မယ်၊ အဲဒီ လေယာဉ်ပျံ တွေဟာ ဖျက်ဆီးလို့ မရနိုင်တဲ့ ပစ္စည်းတွေပဲ'

အိုလီဆီဂမ်က ပြောလိုက်သည်။

'အဲဒါကလဲ အဲဒီ လေယာဉ်ပျံနှစ်စီးက လေထဲမှာ ပျံသန်းနေမှပါဗျ'

စတိဗ် ကိုယ်တိုင်လည်း စိတ်ပျက်နေသည်။

'အင်မတန်တော်တဲ့ လေယာဉ်မောင်းတွေက အဲဒီ လေယာဉ်ပျံတွေကို မိနစ်ပိုင်း အတွင်း ပျံသန်းနိုင်ကြ လိမ့်မယ်'

'နေပါဦးလေ'

ဒေါက်ဂလပ်စ် ဖီးလ်ဒင်း ရှင်ရှင် ပျပျ ဖြစ်လာ သည်။

'အိုလီဆီဂမ်ရဲ့ တွေးပုံ တွေးနည်း မှန်တယ်ဗျ၊ ကျုပ်တို့ အနေနဲ့ သူတို့ကို ရန်မူနိုင်စရာ ဘာမှ မရှိဘူးလို့ အဲဒီ ခွေးမသားတွေက သိထားကြတယ်၊ သူတို့က အေတူး လေ ယာဉ် ပျံ တွေ ကို သုံးပြီး ကျုပ်တို့ကို စိတ်ဓာတ်ကျအောင် လုပ်နေကြတာဗျ၊ သူတို့ အနေနဲ့ ခုခံ ကာကွယ်ဖို့ နည်းလမ်း တွေကို တွေးမထားကြဘူးလို့ ကျုပ် လောင်းရဲတယ်ဗျာ'

အိုလီဆီဂမ်က ပြောလိုက်၏။

'အဲဒီ လေ ယာဉ် ပျံ တွေ ကို မြေပြင်ပေါ်မှာ ဖျက်ဆီးပစ်ရမှာဗျ'

ပက်ဂျက်က သူ့ကိုယ်သူ အားတင်း လိုက်၏၊ နောက်ဆုံး အနိုင်အရှုံး စာရင်း ပေါ်ထွက် လာ သေးသရွေ့ နိုင်နေသူကလည်း နိုင်သူ မဟုတ်သေး၊



www.burmeseclassic.com

www.burmeseclassic.com

ရှုံးသူကလည်း ရှုံးသွားသူ မဟုတ်သေးပါ။ သူက
ပြောလိုက်၏။

'အီယန်ရေ၊ စားစရာတွေ ယမကာတွေ
ကော်ဖီတွေကို စီစဉ် ဖန်တီး ပေတော့၊ ကျုပ်တ
နည်းဗျူဟာတွေကို အစအဆုံး ပြန်သုံးသပ် ရလိ
မယ်၊ ကျုပ်တို့ တစ်ညလုံး ဆွေးနွေးရလိမ့်မယ်'

## ၄၄

အဲလိဇဘက် ရတ်လက်ချ် ခေါ် မစ္စက်ချားလ်
ကင်းဖီးလ်သည် ၁၉၇၃ ခုနှစ် စက်တင်ဘာလလယ်
အစပြု၍ နေ့စဉ်နေ့တိုင်း ပြုလုပ်ခဲ့သည့် ပုံစံအတို
မတ်လ ၁၂ ရက် သောကြာနေ့ နံနက် ရှစ်နာ
၄၇ မိနစ်တွင် သူ့ အလိုအလျောက် အိပ်ရာမှ နိုးလာ
ခဲ့သည်။

အဲလိဇဘက်သည် အသက် ၄၅ နှစ် ရှိလေ
သူ့ ခန္ဓာ ကိုယ် သည် ကျစ် ကျစ် လျစ် လျစ်
ပျော့ပျောင်းသည်။ လက်ရှိ အ သက် ထက်
ငယ်ပုံရသည်။ ထိုနည်း တူစွာပင် စည်း စိမ်
လှသော နှစ်ယောက်အိပ် ခုတင်ကြီး နံဘေးရှိ စား
ငယ်ကလေး တစ်လုံးပေါ်မှ မှန်ချပ်ကို ရွှေသား
ငုံ၍ ကွပ်ထားသော လက်ကိုင်တပ် ကြည့်မှန်



ကလေး တစ်ချပ်ကို ကောက်ကိုင် လိုက်သည်။ သူ့
ဘက်ကလည်း နှုပျိုနေသည်။ အဲလိဇဘက် သည်
ကထိုင်လိုက်ပြီး မှန်ထဲမှ သူ့ ရုပ်သွင်ကို လေ့လာ
လိုက်သည်။ သူ့ ကိုယ်သူ အသား အရေ စိုပြည်
ချောမွတ်ပြီး အသက် သုံးဆယ် စွန်းခါစတွင် ရှိနေ
သေးကြောင်း၊ နုတ်သမီး ဆန်ဆန် ရုပ် သွင် နှင့်
ရွှေရောင်ဆံပင်ပိုင်ရှင် အလှသခင်မလေး ဖြစ်နေဆဲပင်
ရှိသေးကြောင်း မြင်တွေ့လိုက်ရသည်။

အဲလိဇဘက် ကင်းဖီးလ်သည် အ မှန် တ ရား ကို
မမြင်ရှာပါ။ သူ့ မျက်နှာသည် သူ့ ခန္ဓာကိုယ်နှင့်
တူညီဘဲ အိုမင်းရင့်ရော် သွားခဲ့လေပြီ၊ ထို မျက်နှာ
ပေါ်တွင် အရေးအကြောင်းများ တွန့်လိမ် ရှုပ်ထွေး
နေပြီး ထို မျက်နှာသည် အသက် ခုနှစ်ဆယ် ရှိသူ
သို့မဟုတ် အသက် ခုနှစ်ရာ့ ခုနှစ်ဆယ် ရှိသူ၏
မျက်နှာမျိုးပင် ဖြစ် နိုင် ပေ သည်။ သူ့ ဆံပင်ကို
ရွှေရောင် ဆံပင်ဖြစ်အောင် ဆိုးဆေးဖြင့် ဆေးဆိုး
ထားသော်လည်း ဆွတ်ဆွတ် ဖြူနေမှုကြောင့် သူ့
ဆံပင်သည် တွန့်လိမ်ပြီး ကျွတ်ဆတ်ဆတ်ဖြစ်နေသည်၊
အဲလိဇဘက်သည် ထို ကိစ္စကိုလည်း သတိမထား
မိပါ၊ အဲလိဇဘက်သည် သူ့ ဆံ ပင် များ ကို
ခပ်ဖွဖွကလေး ထိကိုင်လိုက်ရာ ရှေး ယ ခင် က လို
နူးညံ့ပြီး ပိုးသားပမာ ချောမွေ့ နေကြလေသည်။
အဲလိဇဘက်ကင်းဖီးလ်သည် 'အတိတ်ကာလ' ရှိခဲ့
သည်ကို မေ့လျော့နေသူ ဖြစ်သည်။ သူသည် 'ယခုနေ့'
ဆိုသော ပစ္စုပ္ပန် ကာလ အပိုင်း အခြား က လေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုထဲ၌ 'အစဉ်ထာဝရ' လှောင့်ပိတ်ပြီး မိနေသာ ဖြစ်သည်။

နံနက် ရှစ်နာရီ ၅၅ မိနစ်တွင် အိမ်ဖော် အမျိုးသမီးက နံနက်စာ လင်ပန်းကို သယ်ဆောင်လာသည်။ အမြဲတမ်း ဤအတိုင်းသာ ဖြစ်သည်။ လိမ္မော်ရည် ကြက်ဥ မွှေကြော်၊ ပေါင်မုန့် မီး ကင်၊ ကော်ဖီ ပြီးတော့ လက်ကိုင်တပ် ကြည့်မှန်ထဲတွင် မြင်ရသော ရုပ်သွင်ကို အတည်ပြုပေးသည့် အနေနှင့် သတ်မှတ်ပေးထားသော ရွတ်ဆိုနေကျ နှုတ်ခွန်းဆက် စကားကို ရွတ်ဆိုရသည်။

'မင်္ဂလာနံနက်ခင်းပါ မစ္စက်ကင်းဖီးလ်၊ အမယ် မမလေးက ဒီကနေ့ သိပ် ချော ပြီး လန်း လန်း ဆန်းဆန်း ဖြစ်နေပါကလား'

ကြည့်မှန်ကို နံဘေး၌ ချထားလိုက်သည်။ နံနက်စာ လင်ပန်းကို ခြေထောက်များအား ဆန့်ထုတ်ထားပြီး စောင် ဖုံးထားသော အဲလိဇဘက်၏ ပေါင်ပေါ်၌ တင် ပေး လိုက် သည်။ အိုမင်း ရင့် ရော်နေ သော မျက်နှာပေါ်တွင် အပြုံးယဲ့ယဲ့ကလေး ပေါ်လာသည်။ ပို၍ နုပျိုသော လက်ကလေးက လိမ္မော်ရည် ဖန်ခွက်ကို ဆုပ်ကိုင်၍ လေ ထဲ တွင် မြှောက်ကိုင် ထားလိုက်သည်။

'မစ္စတာကင်းဖီးလ် သူ့ ရုံးခန်းကို ထွက်သွားပြီ လား ပေါလာ'

အိမ်ဖော် အဆက်ဆက် ပြောင်းလဲ သွားခဲ့ပါပြီ။ အဲလိဇဘက်အဖို့ သူတို့ အားလုံးသည် အတူတူပင် ဖြစ်နေကြသလို အားလုံး 'ပေါလာ' ချည်းသာ ဖြစ်နေကြသည်။

'ဟုတ်ကဲ့ မစ္စက်ကင်းဖီးလ်၊ ပါတီပွဲရှိတဲ့အတွက် အိမ်ကို သူ စောစော ပြန် လာ မယ့် အကြောင်း မမလေးကို သတိပေးဖို့ ကျွန်မကို မှာသွားပါတယ်'

မစ္စက်ကင်းဖီးလ်၏ မေးခွန်း ကဲ့သို့ပင် အဖြေက လည်း နေ့စဉ် နေ့တိုင်း ပြေဆိုနေရသော အဖြေပင် ဖြစ်သည်။

'ပါတီပွဲလား၊ အင်း၊ ဟုတ်တာပေါ့'

အဲလိဇဘက်၏ အသံသည် ခြောက် ကပ် ကပ် ဖြစ်သွားသည်။

သူသည် တို ပါတီပွဲသို့ ချားလ်စ်၏ ဆန္ဒအရ ဘက် ရောက် ရ မည် ဖြစ်သည်။ အဲလိဇဘက်က ချားလ်စ်ကို ချစ် ပါ သည်။ ချားလ် စ် က သူ့ ကို ထို ပါတီပွဲသို့ တက်စေချင်သည်။ 'အဆင်ပြေသွားမှာပါ' ဟု အဲလိဇဘက်က တိုးတိုးကလေး ရေရွတ် လိုက်၏။

'ရေချိုးဖို့ ပြင်ဆင်ပေးပါ ပေါလာ'

ပါတီပွဲသို့ သွားရန် အဝတ်အစား မဝတ်ဆင်မီ ညနေပိုင်းတွင်လည်း သူ တစ်ကြိမ် ရေချိုးဦးမည်။ အဲလိဇဘက်သည် အနည်းငယ် တုန်သွားပြီး လိမ္မော် ရည်ကို သောက်ချ လိုက်လေ၏။

အဲလိဇဘက်သည် နံနက် စာ ကို ခပ်မြန် မြန် စားသောက်လိုက်သည်။ ရေချိုးရန် အ ဆင်သင့် ဖြစ်နေပြီ ဖြစ်ကြောင်း အသိ ပေးရန်နှင့် နံနက်စာ လင်ပန်းကို ပြန်ယူရန် ပေါလာ ပြန်လည်ရောက်ရှိ

www.burmeseclassic.com

လာသည်။ အဲလိဇဘက်သည် အိပ်ရာထဲမှ ထရာတွင် ဖျတ်ဖျတ်လတ်လတ် ရှိနေသည်။ သူသည် ပေါ်လာက အဆင်သင့် ပြင်ဆင်ထားသော အဖြူရောင် ပိုးသား ခြုံထည်နှင့် ကွင်းထိုး ဖိနပ်တို့ကို ယူ မစီးတော့ဘဲ ထုံးစံအတိုင်း ရေချိုးခန်းထဲသို့ က မန်း က တန်း ဝင်သွားသည်။ ရေချိုးကန်ထဲ၌ ရှိနေသော ရေသည် ထုံးစံ အတိုင်း ပူလွန်း နေသည်။ အဲလိဇဘက်က ရေပိုက်ခေါင်း တစ်ခုကို ဖွင့်၍ ရေအေးနှင့် ရောစပ် လိုက်လေ၏။

အနိုဇိုနားပြည်နယ် စကော့ဒေးလ် မြို့မှ မိုင်ပေါင်း များစွာ ဝေး ကွာ သော သဲကန္တာရ အလယ် ရှိ ငါးဧက ရှိသော မြေကွက်ပေါ်တွင် ကျူဒါ ပုံစံ ဗိသုကာလက်ရာ * ဖြင့် ဆောက် လုပ် ထား သော အိမ်ကြီးသည် ထိုနေရာထက် အရှေ့ဘက် ကမ်းခြေ၊ မက်ဆာချူးဆက် ပြည်နယ်၊ ဘော့စတွန် မြို့နှင့် ပို၍ လိုက်ဖက် ညီနေပါသည်။ သို့ရာတွင် ထိုကဲ့သို့ အဆီအငေါ်တည့်မှုကို လူ ခပ်များများက တွေ့မြင် ခွင့် ရကြသည် မဟုတ်ပါ။

ထိုခြံမြေသည် ဟိုက်ဝေး ခေါ် အ ဝေး ပြေး ကားလမ်းမကြီးနှင့် အလှမ်းဝေးသော နေရာ၌ ရှိနေ သည်သာမက အစောင့် အကြပ်များ အမြဲတစေ

* ၁၆ ရာစု အစောပိုင်းက အင်္ဂလန် နိုင်ငံ၌ ဆောက်လုပ်ခဲ့ကြသော ဗိသုကာ ပုံစံ



ရှိနေသော ကိုယ်ပိုင် လမ်း မှ သွားမှသာ ရောက်ရှိ နိုင်မည် ဖြစ်သလို ၁၈ ပေ မြင့်သော ကွန်ကရစ် တံတိုင်းကြီးများနှင့် ကာရံထားသည်။ စားသောက် စရာများနှင့် အခြား ပစ္စည်း များ ကို အိမ်သား အချို့က စကော့ဒေးလ် မြို့ထဲသို့ ဗင်ကားကလေး များနှင့် သွားရောက်ပြီး လိုအပ်သမျှကို ဝယ်ယူ လာခဲ့ကြသည်။ ထိုခြံမြေတွင် ကိုယ်ပိုင် ဓာတ်အား ပေးစက် ရှိသလို မြေလွှာ အောက်ဘက်ရှိ မကုန်ခန်း နိုင်သော မြေအောက် ရေကန်မှ ရေကို စုပ်ယူသည့် ပေ ၇၅၀ နက်သော အဝီစိတွင်း တစ်တွင်းလည်း ရှိနေသည်။

ခြံဝင်းအတွင်းဘက်တွင်မူ မြက်ခင်းများ၊ သစ်ပင် များ၊ ပန်းခြံများကြောင့် စိမ်းစိမ်း စိုစို ရှိနေသည်။ ရေကူးကန် နှစ်ကန်၊ တင်းနစ်ကစားကွင်း တစ်ကွင်း၊ ကားဂိုဒေါင်များ၊ အိမ်သုံးလုံး၊ မြင်းမရှိသော မြင်း ဇောင်းတစ်ခု ရှိနေကြသည်။ ထိုခြံဝင်းကို ထိန်းသိမ်း ရန် အိမ်ဖော် များ၊ ဥယျာဉ်မှူးများ၊ လုံခြုံရေး ဝန်ထမ်းများ စသည်တို့အတွက် ချားလ်စ်ကင်းဖီးလ် သည် တစ်နှစ်လျှင် ဒေါ်လာ နှစ်သန်းကျော် ကုန်ကျ နေရသည်။ ထို့ကြောင့် ထိုခြံမြေသည် ကမ္ဘာပေါ် တွင် တစ်ယောက်တည်းသာ ရှိသော စိတ္တဇလူနာကို အကျဉ်း ချထားသည့် ရက်ရက် ရောရော အရှိဆုံး၊ ငွေကုန်ကြေးကျ အများဆုံး အရူးထောင် ဖြစ် ပေသည်။

စိတ္တဇ အကျဉ်းသားမှာ ချားလ်စ်ကင်းဖီးလ်၏ ဇနီးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် အဲလိဇဘက် ကင်းဖီးလ်အား အံစောင့်အကြပ်များ၊ အုတ်တံတိုင်း ကြီးများနှင့် အကျဉ်းချထားသည်ထက် ပိုမို ဆိုး ရွား ပါသည်။ အလွန်ဈေးကြီးသော စိတ်ရောဂါကု ဆရာဝန်များ၏ အဆိုအရ အဲလိဇဘက်သည် တစ်ရက် တည်းသာ ရှိသော အချိန်ကာလ အကန့်အသတ် ဘောင်တစ်ခု အတွင်း၌ အစဉ် ထာဝရ လှောင်ပိတ်၍ မိနေသူ ဖြစ်သည်။

အဲလိဇဘက်ဘည် ၁၉၇၃ ခုနှစ် စက်တင်ဘာလ တွင် စိတ်ထဲ၌ ဆိုးဆိုးရွားရွား နာနာကြည်းကြည်း စိတ်ထိခိုက်စေမည့် အဖြစ်အပျက် တစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ အဲလိဇဘက်သည် ထို အဖြစ်အပျက်နှင့် ပတ်သက်၍ လုံးဝ မမှတ်မိတော့ပါ။ စိတ်ညှိ ထားသည့် အချိန်၌ပင် ပြန်၍ အစ မဖော် နိုင်ခဲ့ကြပါ။ အဆီးအတားကို ဖြိုခွင်း၍ မရနိုင်အောင် လုံးဝ ဥဿုံ မေ့လျော့သွားခြင်း ဖြစ်သည်။ အဲလိဇဘက်၏ ခင်ပွန်းကလည်း ဖြေရှင်း ပြောဆိုနိုင်ခြင်း မရှိပါ။ ချားလ်စ်က စိတ်ရောဂါကု ဆရာဝန်များအား သူ့ အလိုအလျောက် ဖြစ်ပေါ် လာခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ဆိုးဆိုးရွားရွား စိတ်ထိခိုက်စေမည့် ချောက်ချားမှုသည် မည်သည့် ကိစ္စပင် ဖြစ်ပါစေ၊ လွန်ခဲ့သော ကိုးလ တစ်နည်းအားဖြင့် ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက် နေ့က တည်ရှိခဲ့သော ၂၄ နာရီ အချိန် ကာလကလေး ဆီသို့ အဲ လိ ဇ ဘက် ၏ စိတ်ကို ပြန်လည် ပို့ဆောင်ပေးခဲ့သည်။



ရက်ပေါင်း ၄၀၀၀ ကျော်လွန်ခဲ့ပါပြီ။ နေ့တိုင်း နေ့တိုင်းသည် ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် စနေနေ့ နံနက် ရှစ်နာရီ ၄၇ မိနစ်မှ နောက်တစ်နေ့ နံနက် ထိုအချိန် အထိ၊ ထိုကာလ အတွင်း၌ အဲလိဇဘက် ပြုလုပ်ခဲ့သမျှ ပြောခဲ့သမျှ တွေးတောခဲ့သမျှ ခံစားခဲ့ရသမျှ တို့ကို အသေးစိတ် အချက်အလက်ကလေး အထိ ပြန်လည်၍ ကပြ နေရခြင်းသာ ဖြစ်သည်။

အဲလိဇဘက်သည် ရေချိုးကန်ထဲတွင် ပျင်းပျင်းရိရိနှင့် ဆပ်ပြာရေ စိမ်နေသည်။ ဇန်နဝါရီ လကုန်ရက် တစ်ရက် ဖြစ်သည့်တိုင်အောင် ယနေ့သည် ထူးထူးခြားခြား သာယာသော နံနက်ခင်း ဖြစ်နေသည်။ ကောင်းကင်တွင် တိမ် မရှိ။ နေရောင်ခြည် ထွန်းလင်းတောက်ပနေသည်။ ပြင်ပမှ အပူဒီဂရီသည် ခုနစ်ဆယ် ဒီဂရီ တစ်ဝိုက်တွင် ရှိကြောင်း ပေါ်လာက သူ့ကို ပြောပြထားသည်။ သူသည် နောက်ပိုင်းတွင် နေပူစာလှုံ၍ ရေကူးနိုင်ပါ လိမ့်မည်။ အံ့ဩစရာ ပေပဲ။ ယမန်နေ့ကမူ ခြံဝင်းထဲ၌ ဆီးနှင်းများ ကျဆင်းနေခဲ့သည်။

စနေနေ့တွင် ဘောစတွန်မြို့ ရှိ စီစီအိုင် ကုမ္ပဏီ ရုံးခန်းသို့ ချားလ်စ် သွားရသည်မှာ မကျေနပ်စရာပင် ဖြစ်သည်။ သူတို့ နှစ်ယောက်သည် ရေကူးကန်ထဲတွင် အတူတူ ရေကူးနိုင် ကြမည် ဖြစ်ပြီး ရက်ထည်မိုးထားသော အမိုးကလေး အောက်၌ နေ့လယ်စာ

www.burmeseclassic.com

စားသောက်နိုင် ကြမည် ဖြစ်သည်။ ရာသီဥတု အလွန်ကောင်းမွန်သော စနေနေ့ တစ်နေ့တွင် ခင်ပွန်းဖြစ်သူက သူနှင့်အတူ ရှိမနေသည့်အတွက် မကျေမနပ်ဖြစ်မိသည်။ ထို့နောက် သူသည် ရတ်တလက်ချ် (ဆွေမျိုးစု)မှ တစ်ယောက် ဖြစ်သလို သူချစ်သော ခင်ပွန်းကလည်း ကင်းဖီးလ်(ဆွေမျိုးစု)မှတစ်ယောက် ဖြစ်ကြောင်း သူ့ကိုယ်သူ သတိပေး လိုက်သည်။ ကင်းဖီးလ် ဆွေမျိုးစု မှ အမျိုး သား များ ကဲ့သို့ ရတ်တလက်ချ်မိသားစုမှ အမျိုးသားများသည်လည်း စက်မှု လုပ်ငန်းနှင့် ဘဏ် လောက တွင် အိုးစဉ်ဆောင်ဆက်ကာ စ၍ ဦးဆောင်မှု ပေးခဲ့ကြသူများသာ ဖြစ်သည်။

ရတ်တလက်ချ် (ဆွေမျိုးစု) မှ အမျိုးသမီးများကလည်း ကိုယ့်တာဝန်ကို နားလည် ကြပါသည်။ စီစီအိုင် ကုမ္ပဏီလို အဖွဲ့အစည်း မျိုးတွင် ဦးဆောင်နေရသူ အတွက် မည်မျှလောက် တာဝန် ကြီးမားသည်ကို အဲလီဇဘက် နားလည်ပါသည်။ အဲလီဇဘက်သည် ရေကို လက်နှင့် ဆော့ကစားရင်း အထူးသဖြင့် ယခုလို အချိန်မျိုး၌ ပို၍ တာဝန် ကြီးမားကြောင်း တွေးမိသည်။ ချားလ်စ်သည် စီစီအိုင် ကုမ္ပဏီအား တိုးချဲ့ဖွဲ့စည်းရန် စိုင်းပြင်းနေခိုက် ဖြစ်သလို လမ်းအားရေမြောင်းထဲမှ ကြွက်ကလည်း ပို၍ ဒုက္ခ ပေးနေကြောင်း ကင်းဖီးလ်က သူ့ကို ယမန်နေ့ ညက ပြောပြခဲ့သည်။

ကင်းဖီးလ်က မည် သူ့ ကို ဆို လို ကြောင်း အဲလီဇဘက် သိပါသည်။ မိုက်ကယ်ဗိုဂလာပင်တည်း



အဲလီဇဘက်သည် ဗိုဂလာနှင့် လူကိုယ်တိုင် မတွေ့ဖူးသော်လည်း နှစ်ပေါင်းများစွာ အတောအတွင်း ချားလ်စ် အပေါ်တွင် ထိုသူက ဒုက္ခ ပေးခဲ့သည့် ကိစ္စရပ်များ အတွက် မုန်းနေမိသည်။ ထိုသူ ကသာ ဒုက္ခ မပေးခဲ့ပါက စီစီအိုင်ကို ရှေး ယခင် ကပင် ယခုထက် ပို၍ ကြီးထွား လာအောင် ချားလ်စ်က လုပ်ကိုင်နိုင်ခဲ့မည် ဖြစ်ပါ၏။

အဲလီဇဘက်သည် ဆပ်ပြာမြှုပ်များကို လက်နှင့် ဆော့မကစား တော့ဘဲ ကင်းဖီးလ် အမျိုးသားများ အကြောင်း တွေးလိုက်မိသည်။ ချားလ်စ် ဒုတိယနှင့် သူ့ ခင်ပွန်း ချားလ်စ် တတိယတို့သည် မင်းဆက် တစ်ဆက် ဖြစ်သည်။ အလွန် ကြီး ကျယ် သော မင်းဆက် ဖြစ်သည်။ မိသားစုခြေရာကို ဆက်ခံနိုင်မည့်သူ ကင်းမဲ့ နေသော မင်းဆက်လည်း ဖြစ်သည်။

အဲလီဇဘက်နှင့် ချားလ်စ်တို့ လက်ထပ် ခဲ့ကြသည်မှာ တစ်ဆယ့်ငါးနှစ်ရှိပြီ ဖြစ်သလို သူသည်လည်း အသက် သုံးဆယ်ကျော်ခဲ့ လေပြီ။ ကလေးမရခြင်းမှာ သူ့ အပြစ်မဟုတ်ဟု အဲလီဇဘက်က ဝမ်းပမ်းတနည်း တွေးလိုက်မိသည်။ အဲလီဇဘက်သည် အကြိမ်ပေါင်း များစွာ ဆေး စစ် ခံ ခဲ့ ပြီးလေပြီ။ သူသည် ကိုယ်ဝန် ဆောင်နိုင်စွမ်း ရှိကြောင်း သိ ခဲ့ရသည်။

ထိုကိစ္စကို ခင်ပွန်းဖြစ်သူ သိသည်ဟု အဲလီဇဘက်က သံသယ ဝင်နေခဲ့ မိသည်။ သို့ရာတွင် ချားလ်စ်သည် သူ့ ဖခင်နှင့် သူ့ အဘိုးတို့လိုပင် သောကျားဖသမှုကို ဂုဏ်ယူကြသူများ ဖြစ်ကြသည်။ သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com

မြဲနေသည်ဟု မည်သည့် အခါတွင်မှ တွေးလိမ့်မည် မဟုတ်ပါ။

အဲလီဇဘက်သည် တစ်ခါက သတ္တိ မွေး၍ သူ့ ခင်ပွန်းအား ဆေးစစ် ကြည့်သင့်ကြောင်း အကြံပြုခဲ့သည်။ ချားလ်စ်သည် ရိုက်မောင်း ပုတ်မောင်း ဖြစ်လုနီးပါး ဆိုးဆိုးရွားရွား ဒေါသ ဖြစ်ခဲ့သည်။ အဲလီဇဘက် သည် နောက် တစ်ကြိမ် မပြောရဲတော့ပါ။

သူတို့သည် ကမ္ဘာ့တစ်ပတ် သင်္ဘောနှင့် ပျားရည်ဆမ်းခရီး ထွက်ခဲ့ကြပြီး နောက်ပိုင်းတွင် အိပ်ခန်းခွဲ၍ အိပ်ခဲ့ ကြသည်။ အဲလီဇဘက်၏ မိဘများသည်လည်း အိပ်ခန်းခွဲ၍ အိပ်ခဲ့ကြသဖြင့် ထိုကိစ္စကို နားလည်ပါသည်။ သို့ရာတွင် အဲလီဇဘက်၌ သန္ဓေမတည်နိုင်သဖြင့် ချားလ်စ် တစ်ယောက် အဲလီဇဘက်၏ အိပ်ခန်းသို့ အလာကျဲ သွားသည်။ ဇန်နဝါရီလ ၂၇ ရက် ယနေ့ညတွင်မူ ချားလ်စ်က သူငယ်ချင်း တစ်ယောက်၏ ပါတီပွဲသို့ အဲလီဇဘက် ကိုလည်း လိုက်ပါလာရန် မဲဆွယ်ထားသည်။ အဲလ်ဇဘက်သည် ထိုပါတီပွဲသို့ လိုက်ပါရန် ဆန္ဒ မရှိ သော် လည်း ချားလ်စ်ကို ချစ်သောကြောင့် လိုက်ခဲ့ရန် သဘောတူခဲ့ခြင်း ဖြစ်သည်။

အဲလီဇဘက် သည် ရေ ချိုး ကန် ထဲ မှ ထုံသုံ ထိုင်းထိုင်းနှင့် ထွက်ခဲ့ရင်း 'အဆင်ပြေသွားမှာပါ'ဟု တွေးလိုက်သည်။ သူသည် ကိုယ်ကို မျက်နှာသုတ်ပဝါနှင့် သုတ် လိုက် ပြီး နောက် အိပ် ခန်း ထဲ သို့ ပြန်ဝင်ပြီး စောစောက သူ လျှစ်လျူရှုခဲ့သော ပိုးသား



ချိထည် ဝတ်ရုံကို ကောက်ယူ ဝတ်ဆင်လိုက်သည်။ ထို့နောက် အိမ်စေ ပေါလာကို ခေါင်းလောင်းတီး ခေါ်လိုက်လေ၏။

အိမ်စေ ဝင် လာ သည်။ အဲလီဇဘက် သည် နံ့တင်ခုံ ရှေ့၌ ထိုင်ရင်း မှန်ထဲမှ ချောမောလှပသော ရုပ်သွင်ကို လေ့လာနေသည်။

'ပေါလာ ချစ်ချစ်၊ ကိုယ့်ဆံပင်ကို ဝက်မှင်ဘီးနဲ့ ဖြီးသင် ပေးပါလားကွာ'

'ရပါတယ် မစ္စက်ကင်းဖီးလ်ရယ်'

အိမ်စေ အမျိုးသမီးက သံမဏိ ကြိုးမျှင်ကလေးများကဲ့သို့ မာကျော နေ သော ဆံပင်အား ဖြီးသင် ပေးရင်း 'အမယ်....သိပ် နူးညံ့ပြီး ချောမွတ် နေပါလား' ဟု ပြောလိုက်သည်။

နံနက် ၁၁ နာရီ ထိုးသောအခါ အဲလီဇဘက်သည် ပင်မ ရေကူးကန် နံဘေးရှိ ပက်လက် ကုလားထိုင် ပေါ် တွင် ထုံးစံ အတိုင်း ထိုင် လိုက် သည်။ ထိုနေရာမှာ သူ တစ်ဦး တည်းသာ လာရောက်ခွင့်ရှိပြီး အခြား အိမ်ဖော် ဝန်ထမ်းများ လာရောက်ခွင့် မရှိသော နေရာဖြစ်သည်။ အဲလီဇဘက်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ခွေခွေခေါက်ခေါက် ကလေး ထိုင်ပြီးသည်နှင့် တစ်ပြိုင်နက် ပါလာသော ပုံဆွဲစာအုပ် ထိပ် ဘက် တွင် ခဲတံနှင့် ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက် ဟု ရေးမှတ် လိုက်သည်။ မွန်းတည့် ချိန်သို့ ရောက်သည် အထိ အဲလီဇဘက်သည် ပုံဆွဲစာအုပ်မှ စာမျက်နှာပေါင်းမြောက်မြားစွာ

www.burmeseclassic.com

ပြည့်သွားအောင် အရုပ်များ ရေးဆွဲ နေပါလိမ့်မည်။

မကြာမီကမှ ရောက်ရှိလာသော ဥယျာဉ်မှူးတစ်ယောက်သည် ရေကန်မှ ကိုက် ငါးဆယ်ဝေးကွာသော နေရာတွင် သစ်ပင် ငယ်ကလေးများနှင့် ပြုလုပ်ထားသော ခြံစည်းရိုးကို သေသေသပ်သပ်ဖြစ်အောင် ညှပ်ပေးနေသည်။ ဝါရင့်လုံခြုံရေး ဝန်ထမ်း တစ်ယောက်လည်း အနီးအနားတွင် ရှိနေသည်။ နှစ်ယောက်စလုံး အဲလီဇဘက်ကို လှမ်းကြည့်နေကြသည်။

ဥယျာဉ်မှူးက ဦးခေါင်းကို ခါယမ်းလိုက်၏။

'သေသွားတာကမှ သူ့အတွက် ပိုကောင်းလိမ့်ဦးမယ်'

လုံခြုံရေး ဝန်ထမ်းက ပြန်ဖြေလိုက်သည်။

'ကျုပ်တို့ အတွက်ကတော့ မကောင်းဘူး ကွ ဘာမှ မည်မည်ရရ မလုပ်ရဘဲနဲ့ အခုလောက် လ ပေးထားတဲ့ အလုပ်ကို ဘယ်နေရာမှာ သွားရှာ ရမလဲ'

'ဒါလဲ ဟုတ်တာပဲဗျ၊ ဒါပေမယ့် ကျုပ်တို့ ဟိုလို ဟန်ဆောင်တဲ့ အလုပ်ကို မလုပ်ရလေ ကောင်းလေလေပဲ ပေါ့ဗျာ'

'မဟုတ်တာဘဲဗျာ၊ သူတို့က အလုပ်အနည်းဆုံး လုပ်ရပြီး အများဆုံး ပိုက်ဆံ ရနေကြတာဗျ၊ တစ် မှာ တစ်နာရီပဲ အလုပ်လုပ်ရပြီး ဒေါ်လာ ၉၀ ရကြတယ်၊ သိပ် ပိုက်ဆံ ရကြတာဗျ'



'သူတို့က ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီးမှ ရကြတာဆို'

ဥယျာဉ်မှူး က ညစ်ညစ် ညမ်းညမ်း တွေး၍ ငေါ့တော့တော့ ပြောလိုက်သည်။

'ခင်ဗျား ကြားထား တာ မှားနေပြီ၊ ကျုပ်စောင့်ကြည့်ဖူးပါတယ်၊ သရုပ်ဆောင်နေကြရတာဗျ'

'ကုသိုလ်လဲရ ဝမ်းလဲဝ ဆိုတာမျိုး မဟုတ်ဘူးလား'

'ကင်းဖီးလ်က လွဲရင် ယင်ဖို့ခတောင် အသန်းမခံဘူးဗျ'

'ခင်ဗျားကတော့ အမျိုးသမီး ထက်တောင် ပိုရူးနေပြီ၊ သူ ဒီကို တစ်ခါမှ မလာခဲ့ဘူးလို့ ကျုပ်ကို ပြောပြကြတယ်၊ သူ ဘာဖြစ်လို့ ဒီလောက်တောင် နေနိုင်ရတာလဲ'

'ဒီ သရုပ်ပြပွဲကို သူက ပိုက်ဆံပေးပြီး ဆက်လုပ်ခိုင်းနေသားပဲ'

'သူ့ ဇနီးပဲဗျာ၊ သူက ဇနီးအတွက် စိတ်ထိခိုက်ရှာမှာပေါ့'

လုံခြုံရေး ဝန်ထမ်းက ဥယျာဉ်မှူးကို မဲ့ရွဲ့ပြီး ကြည့်လိုက်သည်။

'တော်တော် စိတ်ထိခိုက် နေရှာတာပဲ၊ သူ့ ဇနီး အခြေအနေ ဘယ်လို ရှိသလဲဆိုတာ သူ တစ်ခါမှ တယ်လီဖုန်း မဆက် စာနဲ့ ရေးပြီးတော့လဲ မမေးဖူးဘူး၊ ဒီတော့ ကျုပ်တို့လို လူဟောင်းတွေ အဖို့ တွေးစရာ တစ်ချက်ပဲ ရှိတော့တယ်၊ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုကြောင့် သူက သူ့ဇနီးကို ၂၄ နာရီပတ်လုံး ထောင်ချ ထားချင်တယ်ဆိုတာပဲ'

အဲလိဇဘက်သည် ပက်လက် ကုလားထိုင်ပေါ်၌ ထ ထိုင်လိုက်၏။ (မပုပ် မသိုးအောင် ဆေးစိမ်ထားသော လူသေ အလောင်း၊) မမ်မီနှင့် တူသည့် မျက်နှာက သူတို့နှစ်ယောက်ဘက်သို့ လှည့်လာသည်။ အဲလိဇဘက်က လှမ်းခေါ်လိုက်၏။

'ဆူလီဗန်'

'အဲဒါ ကျုပ်ပဲ'

လုံခြုံရေး ဝန်ထမ်းက ဥယျာဉ်မှူးကို ခပ်တိုးတိုး ပြောလိုက်၏။

'နံနက်ပိုင်းမှာ တာဝန်ကျတဲ့ လူဆိုရင် ဘယ်သူပဲ ဖြစ်ဖြစ် ဆူလီဗန်ပဲ၊ ပြီးတော့....'

သူက လက်ပတ် နာရီကို မကြည့်ဘဲ ထပ်ပြောလိုက်သည်၊

'အဲဒီ အချိန်က ဆယ့်တစ်နာရီနဲ့ သုံးဆယ့်လေးမိနစ်၊ သူက ရေခဲ စိမ်ထားတဲ့ လက်ဖက်ရည်ကို သောက်ချင်တယ်၊ ဘယ်တော့မဆို တစ်မိနစ်တောင် မလွဲဘူး'

သူက အသံကို မြှင့်လိုက်၏။

'ဟုတ်ကဲ့ပါ မစ္စက်ကင်းဖီးလ်'

ဥယျာဉ်မှူးက သိပ် မယုံကြည်ဟန်နှင့် နားစွင့်လိုက်ရာ သူ ကြားလိုက်ရတော့သည်၊

'ကျွန်မ ရေခဲစိမ် လက် ဖက် ရည် တစ်ဖန်ခွက် လိုချင်တယ်'

'ဟုတ်ကဲ့ပါ မဒမ်'



လုံခြုံရေး ဝန်ထမ်းက ပြန် ပြော လိုက် ပြီး အိမ်ကြီးဆီသို့ ကမန်းကတန်း ထွက်ခွာ သွားတော့သည်။

ဥယျာဉ်မှူးက ပြုံးပြီး နှုတ်ဆက်လိုက်၏။

'မင်္ဂလာရှိသော နံနက်ခင်းပါ မစ္စက်ကင်းဖီးလ်'

သူ့ကို ပြန်ဖြေခြင်း မရှိပါ။ အဲလိဇဘက်သည် သူ့ကို မြင်လည်း မမြင်၊ ကြားလည်း မကြားပါ။ ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက် စနေနေ့ နံနက် ၁၁ နာရီ ၃၄ မိနစ်တွင် ရေကန် နံဘေး၌ မည်သည့် ဥယျာဉ်မှူးမှ မရှိခဲ့ပါ။ ထို့ကြောင့် သူ တည်ရှိမနေပါ။

## ၄၅

ချားလ်စ်ကင်းဖီးလ်က အဲလိဇဘက် ရတ်တလက်ချ်အား လက်ထပ်စေခဲ့သော အကြောင်း အချက်များမှာ ရောပြွမ်း ရှုပ်ထွေးနေသည်။ အစ ပထမ၌ ချားလ်စ် တွင် ရမ္မက်စိတ်နှင့် ရယူ ပိုင်ဆိုင်လိုသည့် စိတ်တို့က လွှမ်းမိုးနေခဲ့သည်။ အဲလိဇဘက်၏ ရွှေရောင်ဝင်းနေသော အလှသည် ဆွတ်ချူရန် ခက်ခဲလှ သည့်အတွက် ထင်မြင်ဖွယ်ရာ ဖြစ်နေသည်။ ပြီးတော့ အဲလိဇဘက် သည် အပျိုစစ်စစ်ကလေး တစ်ယောက် ဖြစ်သည်ဟု

www.burmeseclassic.com

သူ ယူဆသည်။ ချားလ်စ်သည် အဲလိဇဘက်၏ အချစ်မွန်းကို ဦးစွာပထမ ပန်ဆင်ခွင့် ရရှိလိုသူ ဖြစ်သည်။

ချားလ်စ်၏ ရမ္မက်စိတ်ကို ခရစ်စမတ် အကြိုနေ့ ညတွင် ဖြေဖျောက်ခွင့် ရရှိခဲ့သည်။ သို့ရာ တွင် ချားလ်စ်၏ ကျေနပ်မှုမှာ သက်တမ်း တိုခဲ့သည်။ နောက်တစ်နေ့ နံနက်စာ စားပွဲတွင် ပြန်လည်ဆုံတွေ့ ရသော အခါ၌ ချားလ်စ်၏ ရမ္မက်စိတ်မှာ ပြန်လည် နိုးကြားလာခဲ့သည်။ ထို့နောက် စွဲလမ်း သည့် စိတ် အဖြစ်သို့ ပြောင်းလဲ သွားတော့သည်။

သို့တိုင်အောင် ထို အကြောင်းအချက် များသည် ချားလ်စ်ကို အိမ်ထောင်ပြု စေခဲ့သော အဓိက ကျသည့် အကြောင်းအချက်များမဟုတ်ကြပါ။ ကာလ ရှည်ကြာ လာပါက အဓိက ကျသော အကြောင်း အချက် များတော့ ဖြစ်လာနိုင်စရာ ရှိ ပါသည်။ ရတ်တလက်၌ မိသားစုသည် ကင်းဖီးလ် မိသားစုနှင့် ကြွယ်ဝ ချမ်းသာမှုတွင်သော် လည်းကောင်း၊ လူမှုရေး နယ်ပယ်တွင် လည်းကောင်း ဂုဏ်ရည် တူနေကြ သူများပင် ဖြစ်ကြသည်။ ချားလ်စ်ကင်းဖီးလ် ဒုတိယက သူ့ သားသည် အဲလိဇဘက်နှင့် မရှင်း မရှင်း ဖြစ်နေကြောင်း ရိပ်မိပြီး စီးပွားရေး မိသားစုကြီး နှစ်ခုအား ပေါင်းစပ်ပေးရာမှ ပေါ်ထွက် လာမည့် အကျိုးအမြတ်ကို သဘော ပေါက်မိတော့သည်။

ချားလ်စ်ကင်းဖီးလ် ဒုတိယက သူ့ သား ကို ပြောလိုက်လေ၏။

'မင်း သူနဲ့ လက်ထပ်ရမယ်'



'ကျွန်တော် ခုထက်ထိ လက်ထပ်ချင်စိတ် မရှိ သေးပါဘူး ဒက်ဒီ၊ ကျွန်တော့်ဘဝ တစ်လျှောက်လုံး လက်တွဲ ရမယ့် မိန်းကလေး တစ် ယောက် ကို တွေ့အောင် စောင့်ချင်ပါသေးတယ်'

'မထူးစမ်းပါနဲ့ သားရယ်၊ ငါတို့လို အဆင့်အတန်းမှာရှိတဲ့ လူတွေဟာ အမွေစား အမွေခံ ရရှိရေး အတွက် ဇနီးရှာကြတာကွ၊ ဇနီးမယားကို ဆွေကောင်း မျိုးကောင်းထဲက ရွေးလေ့ရှိကြတယ်၊ ပျော်ရွှင်ပါးဖို့ အတွက် ကတော့ အပျော်မယားတွေ အများကြီး ရှိပါတယ်ကွာ၊ မင်း အဲလိဇဘက်နဲ့ လက်ထပ်ရမယ်လို့ ငါ အမိန့်ပေးတယ်'

သို့ရာတွင် ထိုအိမ်ထောင်မှ သားသမီးရတနာ မထွန်းကားခဲ့ပါ။ ဆွေစဉ်မျိုးဆက် ကိစ္စကို သူ့ ဖခင် လောက် စိတ်မဝင်စားသော ချားလ်စ်ကင်းဖီးလ် တတိယသည် အစပထမတွင် ပူပန်သောက သိပ်မဖြစ် ခဲ့ပါ။ သူ့ လို ကြွယ် ဝ ချမ်း သာ သော ပုဂ္ဂိုလ် တစ်ယောက်၊ ဂုဏ် ရှိ သူ တစ်ယောက် အတွက် အဲလိဇဘက်သည် အလွန် သင့် လျော် သော ဇနီး တစ်ယောက် ဖြစ်နေလေသည်။

ချားလ်စ်၏ ဖခင် ကွယ်လွန် သွားသောအခါ သူ့ အယူအဆ ပြောင်းလဲသွားသည်။ ဟုတ်သည်။ ချားလ်စ်ကင်းဖီးလ် စတုတ္ထဆိုတာရှိရမည်၊ သို့ရာတွင် အဲလိဇဘက်က သားသမီး ရတနာ မွေးဖွားနိုင်ခြင်း မရှိပါ။ ထို့ကြောင့် အဲလိဇဘက်ကို ဆေးစစ်မှုများ ပြုလုပ်စေခဲ့သည်။ အဖြေကတော့ ရှင်းပါသည်။ အဲလိဇဘက်တွင် ချွတ်ယွင်းခြင်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

ဂျ ကင်းဖီးလ်သည် ထို အဖြေကို လက် မ ခံ ဘဲ ဒေါသူပုန် ထတော့သည်။

'ခု ကိစ္စဟာ မင်းဘက်က ချွတ် ယွင်း တာ ပဲ ဖြစ်ရမယ်၊ ငါ့မှာ အထောက်အထား ရှိတယ်ကွ၊ လွန်ခဲ့တဲ့ ခုနစ်နှစ် အတွင်းမှာ ငါဟာ ကလေး နှစ်ယောက်ရဲ့ ဖခင် ဖြစ်ခဲ့တယ်ကွ'

သူ့ကို ထိုကဲ့သို့ ယုံ ကြည် အောင် 'ညာ' ခဲ့ကြ ခြင်းသာ ဖြစ်ပါ၏။ ထို ကလေး နှစ် ယောက် မှာ ချားလ်စ်ကို တစ် ပတ် ရိုက် ခဲ့ ကြ သော အလွန် ဉာဏ်သွားသည့် အပျော်ဇနီး နှစ်ယောက်က မွေးဖွား ခဲ့ကြခြင်း ဖြစ်သည်။ ထိုနှစ်ယောက်သည် ချားလ်စ်၏ သွေးအုပ်စု 'ဘီ'နှင့် အုပ်စုချင်း တူသော အမျိုးသား များကို ရှာဖွေ၍ ကိုယ်ဝန်ဆောင်ခဲ့ကြခြင်း ဖြစ်သည်၊ နှစ်ယောက်စလုံးက ကိုယ်ဝန်ကို ဖျက်ချရန် ငြင်းဆန် ခဲ့ကြသည်။ ပထမ အ ပျော် ဇ နီး က မိန်းကလေး တစ်ယောက်ကို မွေးဖွားပေးပြီး ဒုတိယ အပျော်ဇနီး က ဦးနှောက်မမှန်သော ယောက်ျားလေးတစ်ယောက် ကို မွေးဖွားပေးခဲ့သည်။ နာမည် ပျက်မည်ကို စိုးရိမ် သော ချားလ်စ်ကင်းဖီးသည် တစ်နှစ်လျှင် ဒေါ်လာ ငါးသောင်းနှင့် ကိုးသောင်းစီကို တစ် သက် လုံး ထောက်ပံ့သွားရတော့မည် ဖြစ်ပါ၏။

ထို ကိစ္စကို သိလိုက်ရသောကြောင့် အဲလိဇဘက် အကြီးအကျယ် စိတ် ထိခိုက် သွားရသည်။ သို့ရာတွင် တဖြည်းဖြည်းနှင့် စိတ် သက်သာရာ ရ ရှိ လာ သည်၊ အဲလိဇဘက်၏ မိသားစုတွင်လည်း တရားမဝင်သော ကလေး များကို တိတ်တိတ်ပုန်း ရ ရှိ ခဲ့ ကြ သည့်



အိမ်ထောင်ရှင် အမျိုးသားများ ရှိခဲ့ပါသည်၊ ယခု ကိစ္စမှာ နောက်ဆုံးတွင် အဲလိဇဘက်၏ အပြစ်ပဲ ဖြစ်ပါလိမ့်မည်။ အဲလိဇဘက်သည် သူ့ ခင်ပွန်းကို အသိမပေးဘဲ ဆေးစစ်မှုများကို အချိန်မှန်မှန် ပြုလုပ် ခဲ့သည်။ ထိုဆေးစစ်မှု အားလုံးက ပထမအဖြေကိုပင် အတည်ပြုခဲ့ကြသည်။

၁၉၇၂ ခုနှစ်တွင် ချားလ်စ် ကင်း ဖီး လ် သည် အာဂျင်တီးနား နိုင်ငံမှ ကုမ္ပဏီနှစ်ခုကို ဝယ်ယူရန် အတွက် ဗျူနိုအေရီးမြို့တွင် ရက်သတ္တတစ်ပတ် နေထိုင် ခဲ့သည်။ ထိုကဲ့သို့ နေထိုင်စဉ် တစ်ညလျှင် မိန်းကလေး တစ်ဦးစီနှင့် ပျော်ပါးခဲ့သည်၊ နယူးရောခ် မြို့သို့ ပြန်လည်ရောက်ရှိပြီး ရက်ပေါင်းများစွာ ကြာသော အခါ ကျင်ချောင်းတွင် အနာကလေးတစ်ခု ဖြစ်ပေါ် နေကြောင်း သူ့ သတိပြုလိုက် မိသည်။ သူသည် အထူးကု ဆရာဝန်တစ်ယောက်နှင့် ပြသ၍ ဆေးကုသ ခဲ့သည်။ ချားလ်စ်က ထို အနာကြောင့် ကလေးရရှိ စေမည့် ကိစ္စကို ထိခိုက်နိုင်မှု ရှိမရှိ မေးမြန်းခဲ့သည်၊ ဆေးစစ်လိုက်သောအခါ ချားလ်စ်သည် ကလေးမရ နိုင်အောင် မြုံနေသူဖြစ်ကြောင်း တွေ့ရတော့သည်။ သို့ရာတွင် ဆရာဝန်က ချက်ချင်း မပြောသေးဘဲ ကိုယ်လက်နှီးနှောမှုကို ခေတ္တမျှ ရှောင်ကြဉ်ရန် အကြံ ပေးခဲ့သည်၊ ရက် ပေါင်း ကိုး ဆယ် အကြာတွင် ပြန်လည် စစ်ဆေးရန် အတွက် ပြန်လာခဲ့ဖို့ မှာလိုက် သည်။

အနာကလေး ပျောက် ကင်း သွား ခဲ့ သည် မှာ ကြာမြင့်လှလေပြီ။ ကိုယ်လက်နှီးနှောမှုကို ရှောင်ကြဉ်



www.burmeseclassic.com

www.burmeseclassic.com

ထားသောကြောင့် ချားလ်စ်သည် ပို၍ ကျန်းမာသန်စွမ်းနေသည်။ ထို့ကြောင့် ဆရာဝန်၏ အကြံပေးချက်ကို မနာယူဘဲ ခရစ်စမတ် အကြိုနေ့ညတွင် အဲလိဇဘက်နှင့် ကိုယ်လက် နှီးနှောခဲ့သည်၊ သို့ရာတွင် အဲလိဇဘက်သည် အချိန်မှန်ရာသီပန်း ပွင့်ခဲ့လေသည်။

ထို့နောက် ကင်းဖီးလ်သည် အတူးကု ဆရာဝန်ထံသို့ သွားရောက်ခဲ့ရာ အဖြစ်မှန်ကို သိရတော့သည်။ သူသည် ကျန်းမာသန်စွမ်းသူ ဖြစ်သော် လည်း မြုံနေသူဖြစ်သည်။ ထို ချွတ်ယွင်းချက်ကို ကုစားနိုင်သော နည်းလမ်းမရှိပါ။ သို့ရာတွင် မစ္စတာကင်းဖီးလ်အနေနှင့် ကလေး တစ် ယောက် ကို ကောက်ယူမွေးစားရန် သို့မဟုတ် ဇနီးဖြစ်သူအား မေထုန်မှုနည်းဖြင့် ကိုယ်ဝန်ဆောင်စေမှုကို လိုလားပါသလားဟု မေး မြန်း လိုက် သော အခါ 'မလုပ်ဘူး' ဟု အော်ဟစ်ပြီး ပြေးထွက် လာခဲ့လေတော့သည်။

ဂျွန်ဟေးအင်းမက်သည် ချားလ်စ် ကင်းဖီးလ်နှင့် ဟားဗတ် တက္ကသိုလ်၌ တစ်တန်းတည်း ကျောင်းတက်ခဲ့သူ ဖြစ်ပြီး အ ရင်း အ နှီး ဆုံး သူငယ်ချင်း တစ်ယောက် ဖြစ်သည်။ ဆက်လက်၍လည်း ခင်မင်နေကြဆဲပင်။ အင်းမက်သည် ဘော့စ တွန် မြို့၌ နေထိုင်သော သန်းပေါင်းများစွာ ကြွယ်ဝသည့် သူဋ္ဌေးတစ်ယောက် ဖြစ်သည်။ နယူးရောခ်သို့ မကြာခဏ လာရောက်လေ့ ရှိသည်။ ကင်း ဖီး လ် သည် မြုံနေသူ ဖြစ်ကြောင်း အထူးကု ဆ ရာ ဝန် ထံမှ



သိရှိရပြီး ရက်အနည်းငယ် အကြာတွင် အင်းမက်သည် စီစီအိုင် ရုံးချုပ် အဆောက်အအုံသို့ ရောက်ရှိလာသည်။ ၎င်းတွင် ၂၇ ရက်နေ့၌ ဂျွန်ဟေးအင်းမက် စီစဉ်ထားသော လူချမ်းသာများ အပျော်ကြူးကြသည့် ပါတီပွဲရှိကြောင်း သိလိုက်ရသည်။ ၎င်းတွင် ဇနီးဖြစ်သူအား ထိုပါတီပွဲသို့ သွားဆုပန်ရန်အတွက် ခေါ်ဆောင်သွားရန် စိတ်ကူးရလိုက်သည်။ သို့ရာတွင် ချမ်းသာ ဇနီးမောင်နှံများ အပျော်ကြူးကြသည့် ပါတီပွဲသို့ အဲလိဇဘက် မလိုက်ချင်ပါ။ ချားလ်စ်ကလည်း မရမက ခေါ်နေသည်။ ၎င်းတွင် ချားလ်စ်၏ ဆန္ဒကို လိုက်လျောသည့် အနေနှင့် ပါတီ ပွဲ သို့ လိုက်ပါတော့မည်ဟု သဘောတူလိုက်ရ လေတော့သည်။

ကင်းဖီးလ် ပိုင်ဆိုင်သော အိမ်ကြီး အိမ်ကောင်းများစွာတွင် ဘော့စတွန်မြို့ ဆင်ခြေဖုံး ရပ်ကွက်တစ်ခု၌ ကျူဒါပုံစံ ဗိသုကာလက်ရာနှင့် ဆောက်လုပ်ထားသော အိမ်ကြီးတစ်ဆောင်လည်း ပါဝင်ပါသည်။ ကင်းဖီးလ်သည် ထို အိမ်တွင် ရက်သတ္တ တစ်ပတ်ခန့်ရက်၌ နေထိုင်ရန်အတွက် အဆင်သင့် ပြင်ထားရန် မှာကြားထားပြီး ဖြစ်သည်။

ကင်းဖီးလ် ဇနီးမောင်နှံသည် စီစီအိုင် ကုမ္ပဏီမှ အရာရှိသုံး ဂျက်လေယာဉ်ဖြင့် ဘော့စတွန်မြို့သို့ လာခဲ့ကြသည်။ ထို့နောက် ဘော့စတွန်မြို့ ရုံးခွဲမှ မော်တော်ကားဖြင့် ထိုအိမ်ကြီးသို့ လာခဲ့ကြလေသည်။

ထိုအိမ်ကြီးမှ အမြဲတမ်း အိမ်စောင့် ဖြစ်သူက အသက်နှစ်ဆယ်ခန့်ရှိသော ရင်အုံထွားထွား၊ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ပြားပြား မိန်းကလေး တစ်ယောက်နှင့် မိတ်ဆက်ပေးလိုက်သည်။

'သူက မမလေး အတွက် သီးသန့် အိမ်ဖော် ပေါလာပါ မစ္စက်ကင်းဖီးလ်'

အဲလိဇဘက်က 'ပေါလာ' ဟု ပြော လိုက် ပြီး ခေါင်းညိတ်လိုက်သည်။

'ကျွန်တော့်ကိုတော့ မှတ်မိတယ် မဟုတ်လား မစ္စက်ကင်းဖီးလ်၊ ကျွန်တော်က ဆူလီဗန်ပါ'

'အင်း ဟုတ်တာပေါ့၊ ဆူလီဗန်'

ထိုသူသည် ထိုအိမ်ကြီးကို အသုံးမပြု သည့် အခါတွင် အိမ်စောင့်ရသည့် ပုဂ္ဂိုလ် ဖြစ်သည်။ ထိုအိမ်ကြီးကိုလည်း အသုံးပြုခဲ့လှပါသည်။

ညစာမှာ ဖွယ်ဖွယ်ရာရာ ရှိလှသည်။ အဲလိဇဘက်ကတော့ ဘာမှ မစားပါ။ သူ့ အိပ်ခန်းဆီ သို့သာ တက်သွားတော့သည်။ ကင်းဖီးလ်နောက်က လိုက်ပါသွားသည်။ ကင်းဖီးလ်က နာရီပေါင်း များစွာ နားချခဲ့ရသည်။

နောက်ဆုံးတွင် မစ္စက်ကင်းဖီးလ်က ပြောလိုက်လေ၏။

'နက်ဖြန်ခါကျရင် ကျွန်မနဲ့ တစ်နေ့ လုံး နေပါမယ်လို့ ရှင် ကတိပေးပါ'

'မနေနိုင်ဘူး အဲလိဇဘက်ရယ်၊ ကိုယ် က ဘော်စတွန် ရုံးခွဲမှာရှိတဲ့ အရာရှိတွေ အားလုံးကို အစည်းအဝေး ခေါ်ထားရတယ်၊ သူတို့ရဲ့ စနေနေ့ကလေး တစ်ရက်ကို ဖျက်ဆီးပစ်ရတော့ မှာပေါ့လေ'



က်ဆာချူးဆက် ပြည်နယ်မှာ ဗွီအိုင်အီးက ကိုယ်တို့ကို ဆိုးဆိုးရွားရွား ပြဿနာပေါ်အောင် လုပ်နေတယ်၊ ရေမြောင်းထဲက ကြွက်နဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့အခါမှာ သူတို့အနေနဲ့ အခက်အခဲ တွေ့နေကြတယ်'

ကင်းဖီးလ်သည် အဲလိဇဘက်ကို ပွေ့ ဖက် ၍ မွှေးမွှေးပေးပြီးနောက် သူ့ အိပ်ခန်းသို့ ထွက်ခွာသွားလေ၏။

တ်ပိုင်းဆိုင်ရာ ပင်ပမ်းနွမ်းနယ်မှုနှင့် စိတ်လှုပ်ရှားမှုများက အဲလိဇဘက်ကို အနိုင်ယူသွားသောကြောင့် သူ အိပ်ပျော်သွားခဲ့သည်။ အဲလိဇဘက်သည် အိပ်ရာဘေးရှိ နာရီအရ နံနက်ရှစ်နာရီ ၄၇ တွင်အိပ်ပျော်နေရာမှ နိုးလာသည်။ချားလ်စ်တစ်ယောက်ဘော်စတွန်ရှိ ဗွီအိုင် ရုံးခွဲသို့ ထွက်ခွာမသွားမီ ချားလ်စ် နှင့် တွေ့လိုသေးသည်။ သို့ရာတွင် သူက အိမ်ဖော်မလေးအား ခေါင်းလောင်းတီး၍ ခေါ်လိုက်သည့် အခါ ပေါလာ သည် နံနက်စာ ထည့်ထားသော လင်ပန်းနှင့် ရောက်ရှိ လာသ လို ချားလ်စ်ကလည်း ရုံးသို့ ထွက်ခွာသွားခဲ့လေပြီ။သို့ရာတွင်ခပ်စောစောပြန်လာပါလိမ့်မည်။ သူသည် နံနက်စာ စားပြီး နောက် ရေချိုး လိုက်သည်။ အပြင်ဘက်ရှိ ခြံဝင်း ထဲတွင် ဆီးနှင်းခဲများ ထူထပ်စွာ ကျနေ သေးသောကြောင့် သွားသည့်နေရာကိုမှ သွားရန် စိတ်ကူး၍ မရပါ။ ထို့ကြောင့် အိပ်ရာ ထဲ သို့ ပြန် ဝင် လိုက်သည်။ အဲလိဇဘက်သည် ချက်ချင်း အိပ်ပျော် သွားပြီး



www.burmeseclassic.com

www.burmeseclassic.com

ဘော့စတွန်မြို့မှ အိမ်ကြီးသည် အမြဲတမ်း ပူနွေးပြီး နွေရာသီ ဖြစ်နေသည့် နေရာဒေသ တစ်ခုဆီသို့ မျက်လှည့်ပြသလို ပြောင်းရွှေ့ ရောက်ရှိ သွားသည် ဆိုသော အလွန် စင်း သည့် အိပ်မက်ကို တကယ် ခံစားနေရသလို မြင်မက် လေတော့သည်။

အိပ်မက်ထဲတွင် နံနက် ၁၁ နာရီ၌ အဲလိဇဘက် သည် အိုလံပစ် ပြိုင်ပွဲသုံး အရွယ်အစား ရေကူးကန် နံဘေးရှိ ပက်လက် ကုလားထိုင် တစ် လုံး ပေါ် ထိုင်နေသည်။ သူ့ ထံတွင် ပုံဆွဲ စာအုပ် တစ်အုပ်နှင့် ခဲတံ တစ်ချောင်း ရှိနေ သည်။ အဲလိဇဘက်သည် ချားလ်စ်နှင့် ကလေးငယ် တစ်ယောက်တို့၏ ပုံကြမ်း ကို ရေးဆွဲနေသည်။ ထို့နောက် သူ ရေငတ်လာသည်။ ဆူလီဗန်သည် ရေကန် နံဘေး၌ မတ် တတ် ရပ် နေ သည်။ အဲလိဇဘက်က သူ့ အား ရေခဲ စိမ်ထား သော လက်ဖက်ရည် တစ် ဖန် ခွက် ကို ယူလာ ပြော လိုက် သည်။ ထို့နောက် လက် ဖက် ရည် ကို သောက် လိုက် ပြီး နေ အလွန် ပူလာသည်သာမက ဆူလီဗန်က မွန်းတည့်ပြီ ဖြစ်ကြောင်း လာပြောသည် အချိန်အထိ ချားလ်စ်နှင့် ကလေးငယ်တို့၏ ပုံကြမ်း များကို ရေးဆွဲနေခဲ့သည်။ ဤတွင် အဲလိဇဘက်သည် ပက်လက် ကုလားထိုင်မှ ထ၍ အိမ်ထဲသို့ ဝင်သွား တော့သည်။

နာမည် ကို မမှတ် မိတော့ သော အိမ်ဖော် ပုဂ္ဂိုလ်က အဲလိဇဘက်ကို မေးလိုက်လေ၏။

'နေ့လယ်စာကို ဘယ်အချိန်မှာ စားချင်ပါသလဲ မစ္စက်ကာင်းဖီးလ်'



'တစ်နာရီ'

အဲလိဇဘက်သည် အိပ်ခန်း သို့ ပြန် သွား ပြီး အိပ်ရာ နံဘေးရှိ နာရီက ၁၂ နာရီခွဲသို့ ရောက်ရှိ သည့် အချိန်အထိ ချားလ်စ်နှင့် ကလေးငယ်ကလေး တစ်ယောက်တို့၏ ပုံကြမ်းများကို ထပ်မံ၍ ရေးဆွဲ နေခဲ့သည်။ ထို့နောက် ရေပန်းအောက်သို့ ဝင်၍ ရေချိုးပြီး အကျီ အဝတ်အစား လဲလှယ်၍ အောက် ထပ်သို့ ဆင်းလာသည်။ သူ ဆာလောင် နေသဖြင့် နေ့လယ်စာကို စားလိုက်သည်။

နေ့လယ် စာကို လာ ရောက် ကျွေး မွေး သော ဆူလီဗန်က အချိုပွဲ စားလိုပါသလားဟု မေးလိုက်၏။

'ဟင့်အင်း၊ ကော်ဖီပဲ ပေးပါ'

အဲလိဇဘက်က ကော်ဖီကို တစိမ့်စိမ့်သောက်ရင်း တွေး တော နေ သည်။ ဘော့ စ တွန် ဂေဟာကို နယူးရောခ်ရှိ ပဉ္စမရိပ်သာမှ ဂေဟာကဲ့သို့ ပြုပြင် ထိန်းသိမ်း ရမည်မှာ သူ့ တာဝန် ဖြစ်သော်လည်း ထိုကိစ္စကို လျစ်လျူ ရှုခဲ့မိသည်။ ပို၍ ကောင်းမွန် အောင်နှင့် အပြောင်းအလဲများကို ပြုလုပ်ရန် လိုအပ် နေပါသည်။ သူသည် မွန်းလွဲပိုင်းတွင် နှစ်ဆယ်ကျော် ရှိသော အခန်း များ ကို လိုက်လံ ကြည့် ရှု မည်။ ပေါ်လာသည် သူနှင့် အတူ လိုက်ပါ လာရမည်။ ပေါ် လာ သည် ချစ်စရာ မကောင်း သော် လည်း ညာဏ်ထက်မြက်ပုံပေါ် ရသည်။ အိမ်ဖော်မကလေး သည် မှတ်စုများကို ရေးမှတ်နိုင်မည် ဖြစ်ပြီး အကြံ ညာဏ်လည်း ပေး နိုင် စရာ ရှိ ပါ သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

ပရိဘောဂများကို ဖယ်ရှားပစ်ခြင်း၊ နေရာရွှေ့ခြင်းများကိုလည်း ပြုလုပ်ရဖွယ် ရှိပါသည်။

'ရှင်နဲ့ ပေါလာက ကျွန်မကို ကူညီ ရလိမ့်မယ် ဆူလီဗန်'

ထိုနေ့အတွက် 'ဆူလီဗန် အဆိုင်း' တွင် တာဝန်ကျနေသော လုံခြုံရေး ဝန်ထမ်းက ပြောလိုက်၏။

'ဟုတ်ကဲ့ပါ မစ္စက်ကင်းဖီးလ်'

သူသည် သူ လုပ်ရမည့် လုပ်ငန်းစဉ်ကို အလွတ်ရနေသည်။ အလုပ်ကလည်း အမြဲတမ်း တစ်ပုံစံတည်းသာ ဖြစ်သည်။ စာဖတ်ခန်းထဲ၌ ရှိနေသော ကုလားထိုင်များကို ပို၍ အရောင်နုသော သားရေနှင့် ပြန်ဖုံးရမည်။ ဘော့စတွန်မြို့ရှိ ပရိဘောဂ ဆိုင်ကြီးများမှ နမူနာ အစများနှင့် ဈေးနှုန်း များ ကို တောင်းခံပေးပါ။ ဧည့်ခန်းကြီးထဲ၌ ရှိသော ကြည့်မှန်ကြီးများသည် အမြင် ရိုင်းနေသည်။ တောက်တောက်ပြောင်ပြောင် သိပ် မရှိလှသော ပေါင်တပ်ထားသည့် ကြည့်မှန် နှင့် လဲလှယ် ပေးရမည်။ ညာဘက် သို့ နှစ်ပေခန့် ရွှေ့၍ ချိတ်ရမည်....။

နက်ဖြန်ခါတွင်လည်း အ တူ တူ ပင် ဖြစ်ပါလိမ့်မည်။ သူ သို့မဟုတ် ဆူလီဗန်၏ အလုပ် တာဝန်ကို ထမ်းဆောင်ရသော မည်သူ မဆို ဤပုံစံ အတိုင်း ထပ်မံ၍ ဆောင် ရွက် ရ ပါ လိမ့် မည်။ နေ့တိုင်း နေ့တိုင်း ထပ်ခါတလဲလဲ ဆောင်ရွက် ရပါလိမ့်မည်။ သူက အဲလိဇဘက်၏ ကုလားထိုင် ကို ကိုင်ထားပေးလိုက်၏။ အဲလိဇဘက်သည် ကျက်သရေ ရှိစွာ မတ်တတ် ရပ်လိုက် ပြီးနောက် ထမင်း စားခန်းဆီ



ညာဘက်တွင် ရှိသော အပူပေး ကိရိယာများထံသို့ သွား၍ လက်နှင့် ထိကိုင် လိုက်လေ၏။

'ဘာဖြစ်လို့မပူတာလဲဆူလီဗန်၊ ဒါဆောင်းတွင်းကြီး မဟုတ်လား'

'ဒီကနေ့ ရာသီဥတုက အတော်ကလေး နွေးပါတယ် မစ္စက်ကင်းဖီးလ်'

မပြောင်းလဲသော အဖြေပင်တည်း။

အဲလိဇဘက် မျက်မှောင်ကုတ်လိုက်၏။ ကုတ်ထားသော မျက်မှောင် ပြန်၍ 'ပြေ' သွားသည်။ နားလည်သဘောပေါက်စ ပြုလာသည်၊ ဟုတ်တာပေါ့။ သူ ရုတ်တရက် မေ့ သွား တာ ကိုး။ အိမ်ကြီး တစ်အိမ်လုံးကို ဘော့စတွန်မြို့မှ နှစ်လုံး ပေါက် နွေရာသီ ရှိသော နေရာ တစ်နေရာသို့ ပြောင်းရွှေ့ ခဲ့ပြီးပြီပဲ။ ချားလ်စ်က ပြောင်းရွှေ့ ပေးခဲ့ခြင်း ဖြစ်သည်။ သူ ဘာ မ ဆို လုပ် နိုင် သည်။ အဲလိဇဘက်က သူ့ ကို ချစ်ပါသည်။ ဒီနေ့ ညမှာလဲ အဆင် ပြေသွားပါလိမ့်မည်။

ထမင်း စားခန်းထဲသို့ ပေါလာ ဝင်လာသည်။ ဓွန်းလွဲပိုင်းတွင် သူ မည်သို့ မည်ပုံ အချိန် ဖြုန်းလို ကြောင်း အဲလိဇဘက်က ရှင်းပြလိုက်သည်။ 'ကိုယ်တို့ စာကြည့်ခန်းက အလုပ် စကြမယ်၊ အဲဒီ အခန်းဟာ သိပ်မှောင်ပြီး စိတ်မချမ်းမသာစရာ ကောင်းတယ်လို့ ယူဆတယ်၊ အဲဒီ အခန်းကို နည်း နည်း တောက်လင်းလင်းကျင်းကျင်း ဖြစ်လာမယ့် နည်းလမ်းတွေကို ကိုယ်တို့ စဉ်းစားလို့ ရနိုင်ကောင်းပါပြီ'



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီးကို စစ်ဆေး ကြည့်ရှုရန် ဆုံးဖြတ်မိသည့်အတွက် အဲလိဇဘက် ဝမ်းသာမိပါ၏။ တစ်ခန်းပြီး တစ်ခန်း စစ်ဆေး ရမှုက အလုပ် ရှုပ်နေစေခဲ့ပြီး အချိန်ကုန်သွားစေခဲ့ပါ၏။ ပေါလာနှင့် ဆူလီဗန်တို့ကလည်း တာဝန် ကျေပွန်စွာ လိုက်ပါလာကြသည်။ နှစ်ယောက်စလုံး မှတ်စုစာအုပ် တစ်အုပ်စီနှင့် ဘောလ်ပင် တစ်ချောင်းစီ ယူဆောင် လာကြသည်။ အဲလိဇဘက်၏ ညွှန် ကြား ချက် များ ကို ရေးမှတ်ယူကြသည်။

'ဒီ နေရာမှာ အမဲ လိုက် ခန်း ပန်းချီကား ကောင်းကောင်းတွေကို ချိတ်ဆွဲ သင့်တယ်....'

'ဟို ပြ တင်း ပေါက် မှန် ဟာ အောက် ပိုင်း တယ်ဘက်ထောင့်မှာ အက်နေတယ် မဟုတ် လား၊ တနလ်ာနေ့ကျရင် မှန်လဲဖို့ တယ်လီဖုန်း ဆက်လိုက်ပါ ဆူလီဗန်'

ဘောလ် ပင် နှင့် ရေး မှတ် ချက် များ သည် တဖြည်းဖြည်းနှင့် စာရွက်ပေါင်း များစွာ ပြည့်နှက်ကုန်ကြသည်။ ထိုမှတ်စု စာအုပ်ကို စွန့်ပစ်ပြီး မီးရှို့ပစ်ရပါလိမ့်မည်။ ပုံကြမ်းများ ရေးဆွဲ ထားသော ပုံဆွဲ စာအုပ်ပေါင်း ၄၀၀၀ မကျော်ကို နှစ်ပေါင်းများစွာ အ တော အ တွင်း မီးရှို့ ပစ်ခဲ့ရသလိုပင်တည်း။

ညနေ ခြောက် နာရီမထိုးမီ မိနစ်ပိုင်း အလိုတွင် အိမ်စောင့် ပုဂ္ဂိုလ် ပြန် ရောက် လာ ပြီး ကြေငြာလိုက်သည်။



'မစ္စတာကင်းဖီးလ် ပြန်ရောက်လာပြီး ခင်ဗျား အိပ်ခန်းကို သွားပါပြီ မစ္စက်ကင်းဖီးလ်'

အဲလိဇဘက်သည် သူ့ အိပ်ခန်းဆီသို့ ပြေးတက်သွားသည်။

'ချားလ်စ်'

အဲလိဇဘက်သည် ထိုနေ့က ချားလ်စ်ကင်းဖီးလ် အဖြစ် သရုပ်ဆောင်နေရသော အမျိုးသား သူနာပြု တစ်ယောက်၏ လက်တဲသို့ ကိုယ့်ကိုယ်ကိုယ် ပစ်လှဲလိုက်သည်။ အဲလိဇဘက် ရှိုက်၍ ရှိုက်၍ ငိုနေသည်။ အမျိုးသား သူနာပြု က အဲလိဇဘက်၏ နောက်ထက်တိုင် သေးသေး သွယ်သွယ် ရှိနေသေးသော ခါးကို လက်တစ်ဖက်နှင့် သိမ်းဖက် ထားလိုက်သည်၊ ကျန် လက် တစ် ဖက် က သံမဏိနန်းကြိုးလေးများနှင့် တူသော သူ့ ဆံပင်ကို ပွတ်သပ်ပေးနေသည်။

ထိုပုဂ္ဂိုလ်က နူတ်တိုက် ရွတ်ဆိုလိုက်၏။

'ကိုယ်တို့ ကြာကြာ မနေဘူးလို့ မင်းကို ကိုယ်ကတိပေးပါတယ်၊ ကဲ မင်း ထဲ ပဲ အ ဆင် သင့်ဖြစ်အောင် လုပ်ချင် ရှာလိမ့်မယ်၊ အဝတ်အစားကို မြန်မြန်ပဲ ဝတ်ပါကွာ'

အရိုင်းနားပြည်နယ်ရှိ နံရံ လေးဖက် ကာရံထားသော ခြံဝင်းထဲ၌ အဲလိဇဘက် နေထိုင်ခဲ့ရသော နှစ်နှစ်ကျော် ကာ လ အ တွင်း အိမ်ဖော်များ၊ အမျိုးသားနှင့် အမျိုးသမီး သူနာပြုများ၊ လုံခြုံရေး အစောင့်များ စသည်တို့သည် ရာနှင့်ချီ၍ ဝင်ထွက် လှုပ်ရှားလိုက် လုပ်ခဲ့ ကြသည်၊ သူတို့ အားလုံး လခ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်း ရကြသည်သာမက အပို အခွ
အရေးများကိုလည်း ခံစားကြရသည်။

အစောပိုင်းတွင် သတိပေးချက်များကို မထီမဲ့မြ
ပြုလုပ်ပြီး နှုတ်လုံအောင် မထိန်းနိုင်ခဲ့သူများ ရှိခဲ့
ပါသည်။ ပထမဦးဆုံး နှစ်တွင် လုံခြုံရေး ဝန်ထ
များအား ကြီးကြပ် ကွပ်ကဲရသူ တစ်ဦးသည်
မြင်တွေ့ခဲ့ရမှုများ၏ တန်ဖိုးကို နားလည် သဘော
ပေါက်ခဲ့သည်။ ထိုသတင်းဇာတ်လမ်းသည် ရုတ်ရု
သဲသဲ ဖြစ်စေမည့် သတင်းများကို ဖော် ပြ
ရှိသော 'အင်ကွာရာ' စာစောင်အတွက် ဒေါ်လ
တစ်သိန်းထက် ပို၍ တန်ဖိုး ရှိနိုင်ပါသည်။ သူ
အမှတ်တမဲ့ ပုံစံနှင့် အယ်ဒီတာ နှစ် ယောက်
ချဉ်းကပ်မိခဲ့သည်။ ဟိုက်ဝေး လမ်းမကြီး ပေါ်
မတော်တဆ ယာဉ်တိုက်မှု ဖြစ်ပွား ခဲ့သောကြေ
ထိုပုဂ္ဂိုလ်သည် စာစောင်တိုက်နှင့် ထပ်မံ၍ မ
သွယ်နိုင်တော့ပါ။

နောက်တစ်နှစ်အတွင်း အညစ်အကြေးသိမ်းဆ
ရသည့် လုပ်ငန်းများကို ဆောင်ရွက် ရမှုကြော
မကျေမနပ် ဖြစ်နေသော အိမ်ဖော်တစ်ယောက်သ
အတွင်းရေး ကိစ္စများကို ဖွင့်ချရန် ရဲ စ ခန်း
သွားရောက်ခဲ့သည်။ ရဲစခန်းတွင် အလုပ် များတ
လာသောကြောင့် နောက် တစ် နေ့ နံနက်တွင်က
ပြန်လာရန် သူ့ကို ပြန်လွှတ်လိုက်သည်။ ထိုအိမ်ဖေ
သည် နောက် တစ်နေ့တွင် ရဲစခန်းသို့ ပြန်မလာ
တော့ပါ။ မည်သည့် နေ ရာ တွင် မှ ထာ ဝ ရ ပေ
မလာတော့ပါ။



၁၉၇၅ ခုနှစ် နှင့် ၁၉၇၆ ခုနှစ် အကြားတွင်
အတွင်းရေးများကို ဖွင့်ချမည် ဆိုသော ပုဂ္ဂိုလ်
းယောက် သို့မဟုတ် လေး ယောက် တို့ သည်
တော်တဆမှုများ ဖြစ်ပွား၍ သေဆုံး ခဲ့ကြသလို
ပျောက်ကွယ်သွားမှုများလည်း ဖြစ်ပွားခဲ့သည်။ ထို
သတင်းစာများကို တစ၀တစနှင့် လက်ခံလာကြသည်။
ထမ်း ဟောင်းများက ဝန်ထမ်း သစ်များအား
ဆင့်ကမ်း အသိပေးကြသည်။ ပြင်ပသို့ အသိ
ပေးထားသော အချက်များမှာ မစ္စက် အဲလိဇာဘက်
ကင်းဖီးလ်သည် အမျိုးအမည် ခွဲခြား၍ မရသော
စိတ်ဝေဒနာ တစ်မျိုးကို ခံစား နေရသောကြောင့်
ပြင်ပမှ ပုဂ္ဂိုလ်များကို လုံးဝ ဝင်ခွင့် မပြုသော
လုံခြုံစိတ်ချရသည့် သီးသန့် အကျဉ်းထောင်တစ်ခုတွင်
နေထိုင်လျက် ရှိသည်ဟူ၍ပင် ဖြစ်သည်။ ၁၉၇၇ ခု
နှစ် အရောက်တွင် စာနယ်ဇင်း လောကမှ သတင်း
ဖြစ် သိလို စပ်စုလိုမှုသည် သုည ရာခိုင်နှုန်းအထိ
ကျရှိပြီး လုံးဝ ပျောက်ကွယ် သွားတော့သည်။

ယနေ့ ချားလ်စ်ကင်းဖီးလ် နေရာတွင် တာဝန်
ရသော ပုဂ္ဂိုလ်သည် အခြား မည်သည့်နေရာတွင်မှ
နိုင်သည့် လစာ ဝင်ငွေကို ရရှိ နေသောကြောင့်
သာ နေ သူ လက် ဟောင်း ဝန် ထမ်းကြီး
တစ်ယောက် ဖြစ်သည်။ သူသည် သိုသိုသိပ်သိပ်နှင့်
ပိတ်နေသူ ဖြစ် သည် သာ မ က ခိုင်း သ မျှကို
လိုလားလား လုပ်ကိုင်ပေးသည့်အပြင် ဇာတ်သွင်း
နောက်ထပ် လိုအပ်လာသမျှကိုပါ ဆောင်ရွက်
မည့် ပုဂ္ဂိုလ်လည်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

'သူသည် အဲလိဇဘက်၏ ဦးခေါင်းအား ကိုင်ထား
သည့် လက်ကို ရွှေ့၍ မေးစေ့အား ဆုပ်ကိုင်လိုက်
ပြီးနောက် နှုတ်ခမ်းကို နမ်းလိုက်သည်။ သူ့ လက်က
အဲလိဇဘက်၏ ခါးကို ဖက်လိုက်၏။

'ကဲ အဲလိဇဘက် ချစ်ချစ်ရေ၊ မင်းကို ကိုယ်
ချစ်ပါတယ်ကွာ'

သူသည် အဲလိဇဘက်ထံမှ ခပ်သာသာ ကလေး
ရုန်းထွက်လိုက်သည်။

'ကျွန်မ ရှင့်ကို သိပ်ချစ်တာပဲ ချားလ်စ်ရယ်'

ထိုစကားမှာ သူ ပြန်ရတော့မည့် အချက်ပေး
ချက်ပင်ဖြစ်သည်။ သူသည် ပြုံး လိုက် ပြီး နောက်
အိပ်ခန်းထဲမှ ထွက်ခွာသွားလေ၏။

ဂျွန်ဟေးအင်းမက်သည် ပါတီပွဲကို မိမိ၏ နေအိမ်တွင်
မကျင်းပဘဲ ဘော့စတွန်မြို့ အပြင်ဘက် မက်ဖို
အနီးရှိ အိမ်ကြီး တစ်အိမ်တွင် ငှားရမ်းကျင်းပခြင်း
ဖြစ်သည်။

ချားလ်စ်တို့ ဇနီးမောင်နှံသည် ငှားရမ်းထားသော
ဗြူ(တ်) မော်တော်ကားကြီး တစ်စီးနှင့် ရောက်
လာသည်။ ဂျွန်ဟေးအင်းမက်က တံခါးကိုသူကိုယ်တိုင်
လာဖွင့်ပေးသည်။

ဧည့်သည် အမျိုးသားများသည် ဂျွန်ဟေးအင်းမက်
ကဲ့သို့ ခန့်ခန့်ညားညား ဝတ်ဆင် လာကြသလို ၎င်း
တို့၏ ဇနီးများကလည်း သားမွေး ခြုံထည်များကို
ဝတ်ဆင်လာကြသည်။ ဂျွန်ဟေးအင်းမက်က အရပ်



ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ နေလောင်ထားမှုကြောင့်
ညိုနေသော အသားအရေနှင့် အသက်လေးဆယ်ခန့်
ရှိသူ လူတစ်ယောက်နှင့် မိတ်ဆက် ပေးလိုက်သည်။

'တိုနီဂီယာဖယ်လီ၊ သူက ကျုပ်ညီနဲ့ တစ်တန်း
တည်းလေ'

ဟားဘတ် တက္ကသိုလ်တွင် ကျောင်းတက်ခဲ့သူ
ဖြစ်ကြောင်း ဖြည့်စွက်၍ ပြောရန်မလိုပါ။ အင်းမက်
ညီ အစ်ကို များ သည် ဟားဗတ်တက္ကသိုလ် ၌သာ
ကျောင်းတက်ခဲ့ကြသည်။

'သူက အင်္ဂလန်မှာ နေတယ်၊ အရမ်းချမ်းသာ
နေပြီ၊ သူ မနေ့ညက ရောက်လာတာပဲ'

ဧည့်သည်များ အရက်စတင်၍ သောက်ကြသည်။
အစ ပထမတွင် ပုံမှန်နှုန်းနှင့် သောက်နေကြသော်
လည်း အရက်သောက်နှုန်းမှာ ပို၍မြန်လာ ကြသည်။
လူမှန်း မသိအောင် မူးလာကြသည့် အခါတွင်ကား
ပါတီပွဲသို့ တက်ရောက်လာသူ အားလုံးကို ကာမ
ဂုဏ်တည်း ဟူသော အမှောင်ထုက ဖုံးလွှမ်းသွား
လေတော့သည်။

ထိုပါတီပွဲမှ ပြန်လာပြီး နောက် တစ် လ တွင်
အဲလိဇဘက် သည် ရာသီပန်း မပွင့် တော့ချေ။
ထို့ကြောင့် ဆေးစစ်မှုများ ပြုလုပ်ခဲ့ရာ အဲလိဇဘက်
တွင် ကိုယ်ဝန်ရှိပြီ ဖြစ်ကြောင်း သိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၁ ရက် နေ့တွင် အဲလိဇဘက်သည် ယောကျ်ားကလေး တစ်ယောက်ကို မွေးဖွားခဲ့သည်။

ဆေးရုံမှတ်တမ်းများ အရ ထိုကလေးသည် 'အသေ' မွေးဖွားခဲ့ခြင်း ဖြစ်သည်။ ထိုကလေး အလောင်းကို ဖခင်ဖြစ်သူက ကိုယ်စားလှယ် လွှဲအပ်ထားသူအား မြှုပ်နှံပေးရန် ထုတ်ပေးခဲ့သည်။

အဲလိဇဘက် ဆေးရုံက ပြန်ဆင်းလာသည့် အချိန်ကစ၍ သူ့ကို သူ့မိတ်ဆွေ သူငယ်ချင်းများက သော်လည်းကောင်း၊ အပြင်လောကတွင် သော်လည်းကောင်း မမြင် မတွေ့ကြရတော့ပါ။ အဲလိဇဘက်၏ အပေါင်းအသင်းများ အကြားတွင် အဲလိဇဘက်သည် ဆိုးဆိုး ရွားရွား စိတ်ဓာတ် ချောက်ချားမှု ဖြစ်ပွားခဲ့သည် ဆိုသော အကြောင်း ပြချက် တစ်ခုကို ကရုဏာ သက်စွာ နှင့် တိုးတိုး တိတ်တိတ် သတင်းဖြန့် လိုက်ကြသည်။ ထို့နောက် အချိန်အနည်းငယ် ကြာသောအခါ အဲလိဇဘက်သည် ကုသ၍ မရနိုင်လောက်အောင် ရူးသွပ် သွားသော ကြောင့် အဖြစ်နိုင်ဆုံးနှင့် အကောင်းဆုံး ကုသမှုကို ခံယူနေရပြီး အဲလိဇဘက်၏ ဆရာဝန်များ နှင့် စိတ်ရောဂါကု ပညာရှင်များ၏ အကြံပြုချက်များ အရ ဆွေမျိုးများ လာရောက် ကြည့်ရှုမှု ကိုပင် ခွင့်မပြုပါ ဆိုသော ပို၍ ဆိုးရွားသည့် သတင်းကို ဖြန့်လိုက်ကြတော့သည်။

အဲလိဇဘက်၏ ခင်ပွန်းဖြစ်သူ ချားလ်စ်ကင်းဖီးလ် ကိုယ်တိုင် ထံမှ ရရှိသော သတင်း ဖြစ်သောကြောင့် ဆင်ခြေမတက်ဘဲ လက်ခံလိုက် ကြသည်။ ချားလ်စ်က အဲလိဇဘက် အတွက် အလွန် ရက်ရက်ရောရော ရှိလှသော ကိုယ်ပိုင် ကျန်းမာရေး ရိပ်သာ တစ်ခုကို အရီးဇိုးနား ပြည်နယ်တွင် ဆောက်လုပ်နေကြောင်း သတင်းလွှင့်ထားသည်။ လူ့ အသိုင်းအဝိုင်းတွင် အသိအမှတ်ပြု ခံရသူတိုင်းက ချားလ်စ်သည် အလွန် အံ့သြဖွယ်ကောင်း၍ ချစ်တတ်သော ခင်ပွန်းတစ်ယောက် ဖြစ်ကြောင်း တညီတညွတ်တည်းလက်ခံထားကြသည်။ ားမကြာမီ လူ့ အသိုင်းအဝိုင်းတွင် အသိအမှတ်ပြု ခံရသူ အားလုံးနှင့် အသိအမှတ် ပြုခြင်းကို မခံရသူ အားလုံး တို့သည် အဲလိဇဘက် ရတ်တလက် ချကင်းဖီးလ် အသက်ရှင်လျက် ရှိနေသေးသည် ဆိုသော အချက်ကို မေ့လျော့ သွားကြလေတော့သည်။

ကင်းဖီးလ်က လွဲ၍ လူအားလုံးက မေ့လျော့ သွားကြခြင်း ဖြစ်သည်။

သူကတော့ မေ့မရ နိုင်တော့ပါ။

ဆရာဝန်က ပြောလိုက်၏။

'ခင်ဗျားကိုယ်ကို ကြိုးစားပြီး ထိန်း ထားရင် ကောင်းလိမ့်မယ် ထင်ပါတယ် မစ္စတာ ကင်းဖီးလ်'

ဆရာဝန်သည် စိတ် လှုပ် ရှား လျက် ရှိ နေ ပြီး စိတ်လှုပ်ရှားမှုကို ထိန်းမထားနိုင်ဘဲ ရှိနေသည်။

'ကလေးနဲ့ ပတ် သက် ပြီး တစ်ခုခု ချွတ်ယွင်း နေလို့လား'





www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ပါဘူး၊ ကလေးက ပုံမှန် ကျန်းမာရေး ပြည့်ဝတဲ့ ယောကျ်ားလေး တစ်ယောက်ပါ'

'ဒါဆိုရင် ကျုပ် ဇနီးလား'

'သူလဲ နေကောင်းပါတယ်'

အတန်ငယ်ကြာသောအခါ ကလေးကို ကင်းဖီးလ် တွေ့မြင်ရတော့သည်။ ကလေး၏ ရုပ်သွင်မှာ သိသာထင်ရှားစွာ နီဂရိုး (လူမည်း) ရုပ်ပေါက်နေသည်။ နာရီပိုင်းသာ အသက် ရှိသေးသော်လည်း ကလေး၏ အသားအရေသည် ညိုမှိုင်းနေသည်။ အဲလိဇဘက်သည် လူမည်း တစ်ယောက် သို့တည်းမဟုတ် လူဖြူလူမည်း ကပြား တစ်ယောက်၏ သားကို ကိုယ်ဝန်ဆောင်ခဲ့ရခြင်း ဖြစ်သည်။

ချားလ်စ် အတွက် ကမ္ဘာကြီး တစ်ခုလုံးသည် အိုးထိန်းစက် ပမာ ချာချာ လည်နေသည်။ သူက အဲလိဇဘက်နှင့် နှစ်ယောက်တည်း တွေ့ခွင့်တောင်းလိုက်၏။ အဲလိဇဘက်သည် ပျော် ပျော် ရွှင် ရွှင် ပြုံး ရယ် နေ သည်။ သူ မသိရှာပါ။ ချားလ်စ်က ဒေါသတကြီး ပြောပြလိုက်လေ၏။

'လူမည်းကလေးကွ....'

အဲလိဇဘက်က ကန့်ကွက်ပါသေးသည်။ သို့ရာတွင် ချားလ်စ်က လုံးဝ လက်မခံတော့ပါ။ ချားလ်စ်က တိုနီဂီယာဖယ်လီကို ပြန် သ တိ ရ လိုက် သည်။ အဲလိဇဘက်နှင့် မှောက်မှားခဲ့သူမှာ သူပင် ဖြစ်ရမည်။

'ချားလ်စ် ရယ်၊ ကျွန် မ တို့ က လေး ကို ကြည့်ပါရစေ'

'ကျွန်မတို့ ကလေး ဟုတ်လား'



သူက အော် ဟစ် လိုက် ပြီး အဲ လိ ဇဘက် ၏ မျက်နှာကို ရိုက်ပစ်လိုက်သည်။

မရေမတွက် နိုင်အောင် များပြားလှသော ငွေပမာဏက အသက်ကို ပို၍ရှည်အောင် ဆောင်ကြဉ်းနိုင်စွမ်း ရှိသလို မရဏ တရားကိုလည်း ဝယ်ယူနိုင်စွမ်း ရှိပါသည်။

ကလေးငယ်သည် နံနက် လေးနာရီ ခုနစ်မိနစ်တွင် လျှင်မြန်စွာနှင့် ငြင်သာစွာ သေ ဆုံး သွား သည်။ ထိုအခိုက်အတန့်မှာပင် မိခင်ဖြစ်သူ၏ စိတ်သည်လည်း ပျက်စီး ပြိုကွဲ ရလေတော့သည်။ ထို အ ချိန် က စ၍ အဲလိဇဘက်သည် နှစ်ဆယ့်လေးနာရီ မျှသာ ရှိသော အချိန်ကာလ အကျဉ်းခန်း ကလေးထဲ၌ ထာဝရအကျဉ်းသား ဖြစ်နေခဲ့ရလေပြီ။ ထိုကိစ္စသည် အခြေခံ ကျ၍ မျှတသော တ ရား နည်း လမ်း ဖြစ်သည်ဟု ကင်းဖီးလ် ယူဆသည်။ အဲလိဇဘက်သည် အသက် ရှင်နေသရွေ့ သူ့ အ နေ နှင့် နေ့တိုင်း နေ့တိုင်း လက်စားချေနေရသည်ဟု ခံစားနေရသည်။ အဲလိဇဘက် အသက်ရှည်အောင် ဆောင်ရွက်ပေးရသည့် အတွက် ကုန်ကျသည့် စရိတ်များကို သူက နှမြောတွန့်တိုနေလိမ့်မည် မဟုတ်ပါ။

ထို အခိုက် အတန့် မှာပင် ကင်းဖီး လ် သည် တိုနီဂီယာဖယ်လီ ကိုလည်း မတော်တဆ ပုံစံနှင့် သေဆုံးသွားအောင် စီစဉ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

# ၄၆

ဘာဘာရာဟန်မွန်းသည် ပီရီ ဟိုတယ်ရှိ ဒိုင်ယာနီ၏ အိမ်ခန်းမှ ဧည့်ခန်းထဲတွင် ရောက်ရှိနေသည်။ ဖခင်ဖြစ်သူ၏ နေအိမ်မှ ပြန်လာသော ဒိုင်ယာနီ က တယ်လီဖုန်းနှင့် အရေးတကြီး ဖိတ်ခေါ်လိုက်သောကြောင့် ဘာဘာရာဟန်မွန်း ရောက်ရှိနေခြင်း ဖြစ်သည်။

နှုတ်ခွန်းဆက် စကားများကို ပြောဆိုလိုက်ကြပြီးနောက် ဘာဘာရာဟန်မွန်းက မေးလိုက်၏။

'ကောင်းပြီ၊ အရေး သိပ်ကြီး တယ် ဆိုတာ က ဘာပါလိမ့်'

ဒိုင်ယာနီက ဖြေလိုက်သည်။

'ကျွန်မက ရှင့်ရဲ့ ဟန်မွန်း အင်ကွာရီ (ထောက်လှမ်းရေး) အေဂျင်စီကို ကျွန်မ ကိုယ်တိုင် ငှားရမ်းချင်တယ်၊ ပြီး တော့ လဲ အရီဇိုးနား ပြည်နယ်မှာ အလုပ်လုပ်တဲ့ ဝန်ထမ်းတွေ အားလုံးနဲ့လဲ မိတ်ဆက်ပေးစေချင်တယ်'

'ကင်းဖီးလ် ဇနီးက ဒုက္ခ ပေးနေတုန်းပဲလား'

'အရင်ကထက် ပို ဆိုးလာတယ်'

'ပိုလာရတဲ့ အကြောင်း အချက်တွေ ရှိသလား'

ဒိုင်ယာနီက ဖြေလိုက်၏။



'အကြီးအကျယ် ဖိစီး နှိပ်စက်နေတဲ့ ဆင်ဒွမ်အာရုံနဲ့ ရှောင်ပြေးလို့ မလွတ်တဲ့ သုံးသပ်ချက်တွေကြောင့်ပဲ၊ သူဟာ တစ်ခုခုရဲ့ သော့ချက် ဖြစ်ရမယ်၊ ဖြစ်ကို ဖြစ်ရမယ်၊ မဖြစ်ဘူး ဆိုခဲ့ရင် သူ့ကို လူတွေနဲ့ အဆက် ပြတ်နေအောင် ကင်းဖီးလ်က ဘာဖြစ်လို့ နည်းမျိုးစုံ သုံးစွဲနေရတာလဲ'

ဒိုင်ယာနီက သူ့ အစွမ်းအစများကို ဖခင်ဖြစ်သူ မိုက်ဖိုဂလာအား ပြသနိုင်မည့် နည်းလမ်းများကို စဉ်းစားရင်း ဒိုင်ယာနီ၏ ဆင်ဒွမ်အာရုံက ပို၍ ပို၍ သေချာလာသည်။ စိတ်ကို တည်ငြိမ်အောင် ထား၍ စဉ်းစား လိုက်သောအခါ စတိဗ်၊ ဂျက်ကော့ နှင့် အခြား ပုဂ္ဂိုလ်များသည် အာဖရိက တိုက်တွင် ရှိသော ကမ်မ်ကို ကုမ္ပဏီကို ဖြိုခွဲ ဖျက်ဆီး နိုင်ကြပါစေဟု ဆုတောင်းမိသော်လည်း ထိုကဲ့သို့ အနိုင်ရရှိမှုနှင့် မလုံလောက်သေးပါ။ ချားလ်စ်ကင်းဖီးလ်မှ တစ်ဆင့် မိခင် ကုမ္ပဏီ ဖြစ်သော ဖီစီအိုင်ကို အနိုင်အရှုံး အတွက် အဆုံးအဖြတ် ပေးမည့် နောက်ဆုံး ထိုးနှက်မှုနှင့် တိုက်ခိုက် ရပါလိမ့်မည်။ ဒိုင်ယာနီထံတွင် ရှိနေသော အာရုံ မှန်သမျှက ကင်းဖီးလ်၏ ပျော့ကွက်သည် အရီဇိုးနား သဲကန္တာရထဲ၌ တသီးတခြား ထားရှိနေသော သူ့ဇနီးပင် ဖြစ်ကြောင်း ညွှန်ပြနေကြသည်။

အဲလီဇဘက် ကင်းဖီးလ်နှင့် သန်းပေါင်း များစွာ တန်ဖိုးရှိသော အကျဉ်းထောင် ပယောဂကို ဖြေရှင်း ပစ်မည်ဆိုပါက ကင်းဖီးလ်ကို အနိုင် ရရှိမည်ဟု သူ ယုံကြည်သည်။ စတိဗ်ပက်ဂျက်သည် ပွဲဆိုင်အား၏



www.burmeseclassic.com

www.burmeseclassic.com

ချယ် ယာ မင် သို့မဟုတ် ဒုတိယ ချယ်ယာမင် ရာထူးက လွဲ၍ မည်သည့် ကိစ္စကို မဆို ဆု အဖြစ် ရရှိပါစေ။ ဒိုင်ယာနီ ကတော့ အ ကောင်း ဆုံး လုပ်ရပ်ကို ဆောင် ရွက် ပြ လိုက် မည်။ ထိုအခါ ဒိုင်ယာနီ၏ ဖခင်က သူ့ ဆန္ဒအတိုင်း လိုက်လျောလာ ပါလိမ့်မည်။ မိုက်ဇိုကလာက ဒိုင်ယာနီ စိတ်တိုင်းကျ ခိုင်းစေ၍ရမည့် အပြင်လူတစ်ယောက်ကို ချယ်ယာမင် ရာ ထူး တွင် ခန့် ထား ပြီး ဒိုင် ယာ နီ ကို ဒုတိယ ချယ်ယာမင် အဖြစ် ခန့် ထား ပေး ပါ လိမ့် မည်၊ ထို့နောက် ဒိုင်ယာနီက ပြင်ပ မှ ခန့် ထား သည့် ပုဂ္ဂိုလ်ကို လျင်မြန်စွာ အ ကွက် ဆင် ၍ ဖယ်ရှား ပစ်လိုက်ပြီး တရားဝင် အမွေဆက်ခံပိုင်ခွင့် ရှိသော ဗိုအိုင်အီး၏ အမှုဆောင် အရာရှိချုပ်နှင့် ချယ်ယာမင် ရာထူးကို ဝင်ရောက် ထမ်းဆောင်မည်။

ဘာဘရာ ဟန်မွန်းက မြေပြာလိုက်၏။

'အလိုလို သိလာတဲ့ အာရုံ ကိုတော့ ကျုပ်က ဘယ်တော့မှ ငြင်းမနေပါဘူး၊ မင်းက ဟန်မွန်း အေဂျင်စီကို ငှားတယ်ဆိုရင်တော့ မိတ်ဆက် ပေးပါ မယ်လေ၊ မင်းကို ကောင်း ကျိုး ပြု မှာ တော့ မဟုတ်ဘူး'

'အကောင်းမြင် သမားပဲ'

'ယထာဘူတ ဝါဒီကွ၊ အဲဒီ အဆောက်အအုံ နားကို ဘယ်သူ့ ကိုမှ ကပ်ခွင့်မပြုဘူး၊ ဝန်ထမ်းတွေ ကလဲ မုတ်ကောင်တွေလို ပါးစပ် စေ့နေကြတယ်'

'ငွေနဲ့ ဖန်ဆင်း ရင် စကား မ ပြော နိုင် တဲ့ အ အတွေတောင် အင်မတန် စကားပြောကောင်းတဲ့ သူတွေ ဖြစ်လာနိုင်ပါတယ်၊ ကံကောင်း ချင် တော့ ကျွန်မမှာလဲ ကိုယ်ပိုင် ငွေတွေ တောင်ပုံ ရာပုံ ရှိပါ တယ်'

ဘာဘရာကတော့ ယိပ် လက်ခံပုံမရပါ။သို့ရာတွင် ခုံးကို တွန့်လိုက်လေ၏။

'မင်း ဘယ်တော့ သွားမလဲ'

'နက်ဖြန်ခါ၊ ကျွန်မ နယူးရောခ်က ခေတ္တ ခဏ ထွက်သွားမယ့် ကိစ္စကို ဇက်ဒီ သဘော တူအောင် ကနေ့ည နားချရလိမ့်ဦးမယ်'

'သူ့ကို အမှန်အတိုင်း ပြောပြမလို့လား'

'ဘုရားသခင်၊ ဘယ်ဖြစ်ပါ့မလဲ၊ ငယ်သူငယ်ချင်း တစ်ယောက် သေကောင်ပေါင်းလဲ ဖြစ်နေတယ်ဆိုတဲ့ အကွက်နဲ့ပါ'

'ဆိုလိုတာကတော့ မင်း ဘယ်ကို ရောက်နေတယ်၊ မင်း ဘာလုပ်နေတယ် ဆိုတာကို သိတဲ့လူက ကိုယ် တစ်ယောက်တည်းပဲပေါ့၊ ဟုတ်လား'

ဘာဘရာက သည် ကိစ္စ ကို လုံးဝ သ ဘော မတွေ့ပါ။

'ဟုတ်ကဲ့၊ အဲဒီလိုဖြစ်အောင် လုပ်ပေးစမ်းပါရှင်'

'ငါ့ စိတ်ထဲကတော့ အဲဒါနဲ့ ဆန့် ကျင် ဘက် ဖြစ်နေတယ်၊ ဒါပေမယ့် လုပ်ပေး ပါ့မယ်လေ'

အခု လာရောက်ကြသူများမှာ အမိန့်နှင့် ခေါ်လိုက် သောကြောင့် လာရောက် သူများ ဖြစ်ပြီး ညနေ ခြောက်နာရီတွင် ဆင့် ခေါ် ထား ခြင်း ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

အလွန်အမင်း ဒေါ်ပွနေသော ဟင်နရီဂါဒူးသည် အယ်လီဆန် ကရိုက်၏ တစ်ဦးတည်းနှင့် မတွေ့လို ငြင်းဆိုခဲ့သည်။ လောရင့်ဟော့ပါး၊ လေတ ဗိုလ်ချုပ်ကြီး အက်ဒဝပ်ဒီဘရီးစ် နှင့် မေဂျ ဘရှူးစတားရန်းဒေါ်တို့ကိုပါ သမ္မတကြီး၏ နန်းတော် သို့ ဆင့်ခေါ်ထားသည်။

ဂါဒူး၏ ဒေါသမှာ သိသာလွန်းလှသည်။ သူသည် ကမ်မ်ကိုမှ ကိုယ်စားလှယ် လေးယောက်ကို ထို မပြောပါ။ စိတ်ပျက်နေသော်လည်း ထိုလေးယော က မကြောက်ကြပါ။ ပြောက်ကျား ဝတ်စုံ ဝတ်ဆင်ထားသော လူဖြူကြေးစား စစ်သား နှစ်ယောက်က သူတို့ကို သမ္မတကြီး၏ ရှေ့မှောက် ခေါ်ဆောင်သွားသည်။ လူဖြူ စစ်သားများသည် ရှင်ဒလာမတ်ခ်နိုင်း သေနတ်မှ ခလုတ်များပေါ်တွင် လက်တင်ရင်း ဟင်နရီဂါဒူးကို အကဲခတ်၍ အခန်း ထဲတွင် ဆက်နေခဲ့ကြသည်။ လူမည်းသမ္မတကြီးသည် သူ ကြိုက်သလောက် ဒေါသ ထွက်ပြီး ဆိုနိုင် ပြောနိုင်ပါသည်။ သို့ရာတွင် မေဂျာရန်းဒေါ် ခေါင်းတစ်ချက် ညိတ်ပြလိုက်ရုံ မျှနှင့် စက္ကန့်ပိုင်း အတွင်း သူ့ ခန္ဓာကိုယ်သည် အတွဲလိုက် ပစ်လိုက် သော ကျည်ဆန်များကြောင့် အပိုင်းပိုင်း ဖြစ်သွား ပါလိမ့်မည်။

'မှားမှားယွင်းယွင်း လုပ်တဲ့လူတွေ၊ အသုံးမကျ လူတွေ'

ဟင်နရီဂါဒူးက မျက်စိ ပြူး ကျယ် ကျယ် နှင့် အော်ဟစ်ပြီး ပြောလိုက်သည်။ နယ်စပ် အနား



မေဂျာရန်းဒေါ်၏ အင်အားပြပွဲသည် လူရယ်စရာကြီး ဖြစ်ခဲ့ရသည်။ ထိုကိစ္စကို ထိရောက်အောင် ထပ်လုပ်ပေး ပါမည်ဆိုသော အယ်လီဆန်ကရိုက်၏ ကတိစကား ကလည်း သကြွန်အမြောက် ဖြစ်ခဲ့ရပါ၏။ နယ်စပ် တစ်လျှောက်တွင် ဗင်ဒီကေတာလေယာဉ်ပျံ နှစ်စီးနှင့် သွားရောက် တိုက်ခိုက်မှု ကလည်း နောက် ထပ် မအောင်မြင်မှု တစ်ခု ဖြစ်ခဲ့ရပြန်ပါ၏။ ထိုကဲ့သို့ လာရောက် တိုက်ခိုက်ကြောင်း ဂါလာ ရေဒီယိုနှင့် သတင်းစာများ၌ မဖော်ပြခဲ့သည်မှာ ရက်ပေါင်း များစွာ ကြာခဲ့လေပြီ။

'ဒါမှမဟုတ် အဲဒါက လီဆယ်တာလား' ဟင်နရီ ဂါဒူးက အက်ဒဝပ်ဒီဘရီးစ်ကို အော်ဟစ်ပြီး ပြောလိုက်၏။ 'ခင်ဗျားက ကျုပ်တို့ကို လှည့်ဖြားချင် တာနဲ့ ခွဲကားပြီး ပြောနေတာလား'

ဒီဘရီးစ်က ပြောလိုက်သည်။

'စက်မဲ့ယာဉ်တွေကိုပဲ မောင်းနှင်ရပါစေရဲ့ဗျာ၊ ကျုပ်တို့က သူတို့ကို ကြီးကြီး ကျယ်ကျယ် ထိခိုက် အောင် ပစ်ခတ်ခဲ့တာပါ'

အယ်လီဆန်က ခပ် အေး အေး ဆေး ဆေး ပြောလိုက်၏။

'လူကြီးမင်းများ ထိုင်ကြပါရှင်'

အယ်လီဆန်က သူကိုယ်တိုင်လည်း ကုလားထိုင် တစ်လုံး၌ ဝင်ထိုင်လိုက်သည်။ ရာဇပလ္လင်သဏ္ဍာန် ကုလားထိုင်ပေါ်၌ ထိုင်နေသော ဂါဒူးသည် ပိမာ ခေန့် လုပ်မှုအတွက် ဒေါသထွက်သွားသည်။ ကြေးစား စစ်သားများလည်း တောင့်တင်းသွားကြသည်။

www.burmeseclassic.com

အယ်လီဆန်က အပေးအယူ လုပ်ပေးရလိမ့်မည်ဟု နားလည်လိုက်သည်။ ယခုလို ဖြစ်ပျက်နေချိန်တွင် ကမ်မ်ကိုသည် ဟင်နရီဂါဒူးကို လက်လွှတ်၍ မဖြစ်နိုင်သေးပါ။ သူသည် နိုင်ငံ၏ အကြီးအကဲ အဖြစ် ဆက်လက် တည်ရှိနေရန် လိုအပ်ပြီး နောက်ပိုင်းတွင် ဖြစ်ပျက်လာမည့် ကိစ္စရပ်များ အတွက် တာဝန်ရှိသူ ဖြစ်ရပါလိမ့်မည်။ ဟင်နရီဂါဒူးက ဘာဆိုတိုကို ဝင်ရောက် သိမ်းပိုက်လိုက်ပါက ထိုကိစ္စကလည်း တစ်မျိုးတစ်ဖုံ ဖြစ်ရပါလိမ့်မည်။ လောလောဆယ်တွင်မူ သူသည် ကမ်မ်ကိုနှင့် စီစီအိုင်တို့၏ ကြည်ဖြူမှုကြောင့်သာ သမ္မတ ရာထူးတွင် တည်ရှိနေခြင်း ဖြစ်ကြောင်း နောက် တစ်ကြိမ် သတိ ပေး ရပါလိမ့်မည်။

အယ်လီဆန်က ပြောလိုက်၏။

'ကျွန်မတို့ဟာ မှားမှား ယွင်းယွင်း လုပ်တဲ့ လူတွေလဲ မဟုတ်ပါဘူး၊ အသုံးမကျတဲ့ လူတွေလဲ မဟုတ်ပါဘူး သမ္မတကြီး၊ မေဂျာ ရန်း ဒေါ ပြောင်မြောက်စွာ အင်အားပြခဲ့ ပါတယ်၊ သူ ကြိမ်းမောင်း ပြစ်တင်မယ့်အစား ဂုဏ်တောင်ပြုထိုက် ပါသေးတယ်၊ "လေတပ် ဗိုလ်ချုပ်ကြီး ဒီဘရီး လေယာဉ်မောင်းတွေရဲ့ အစီရင်ခံချက်ကလဲ တိကျမှန်ကန်ပါတယ်'

'မှန် မမှန် သိနိုင်မယ့် ကိစ္စက ဘယ် မှာ ထဲ နှုတ်ဆိတ်နေတာပဲ ရှိတယ်'

အယ်လီဆန်က စိတ်မရှည်သောကြောင့်မျက်မှောင် ကုတ်လိုက်သည်။



'နှုတ်ဆိတ်နေရတဲ့ ကိစ္စကိုက မှန် မမှန် သိနိုင်တဲ့ ..စ္စပါပဲ၊ သတင်းတွေကို တင်းတင်းကျပ်ကျပ်ဖုံးဖိပြီး ..ောင်ချထားပုံ ရတယ်'

အယ်လီဆန်က သူ့ အယူ အဆကို ရှင်းပြလိုက် သည်။ နယ်စပ်တွင် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့ကြောင်း ..ိုင်းသူပြည်သားများ သိကုန်ကြမည်ကို ဘာဆိုတို ..စိုးရက ထိတ်လန့်နေခဲ့သည်။ ဘာဆိုတိုအစိုးရသည် ..မ္ဘာ့ ကုလသမဂ္ဂနှင့် အခြား နိုင်ငံတကာ အဖွဲ့ ..စည်းများ ထံသို့ တိုင်ကြားခြင်း မပြုလုပ်ခဲ့ပါ။ .. နှုတ်ဆိတ်မှု၏ နောက်ကွယ်တွင် ဘာဆိုတိုနိုင်ငံမှ ..ေါင်းဆောင်များသည် သွေးလေချောက်ချားနေကြ ..ည်မှာ သေချာသည်။ ၎င်းတို့လက်ဝယ်ရှိ တပ်မတော် ..င်အားမှာ အနည်းအကျဉ်းမျှသာ ရှိနေသောကြောင့် ..က်တုံ့ ပြန်ရန်လည်း မဖြစ်နိုင်ခဲ့ပါ။

'သူတို့ဆီမှာ ဘာမှ မရှိဘူး၊ ရှင် ကြည့်ဘပ် ..မြောက်တစ်ခုနဲ့ သံချပ်ကာ တပ် ရင်း တွေ ဟာ ..ဆင်သင့်နီးပါး ဖြစ်နေကြပြီ၊ အေတူးလေယာဉ်ပျံ ..တွေကိုလဲ မကြာခင် သုံးနိုင်တော့မယ်၊ တစ်ပတ် ..တွင်း ငါးစီးကို သုံးနိုင်တော့မယ်၊ နောက်ဆုံး ..ဖြစ်ပေါ်လာမယ့် အဖြစ်ကတော့ သေချာပါတယ်'

'ခင်ဗျားက ဘယ်ဟာကို ယုံသလဲ မစ္စတာ ..တော့ပါး'

အလုပ်သမားများကို စုဆောင်းပေးရသူအဆင့်သို့ ..ထူးအဆင့် လျှော့ချ ခံထားရနိုင်သောကြောင့် မပျော် ..ချမ်း ဖြစ်နေသေးသော လောရင့်ဟော ..ါးက ..အယ်လီဆန်၏ အကြောင်းပြချက်ကို ပြက်ရယ်ပြုလို



www.burmeseclassic.com

www.burmeseclassic.com

စိတ် ရှိနေသည်။ သို့ရာတွင် သူ့ စိတ်ထဲက ခံစားချက်တော့ အယ်လီဆန်နှင့် အတူတူပင် ဖြစ်နေသည်။ ထို့ကြောင့် သူက

'အသေးစိတ် အချက် အလက် တွေက လွဲရင် မစ်(စ်)ကရိတ်ချ် ပြောတာတွေကို ကျုပ် သဘောတူပါတယ်'

ရန်းဒေါနှင့် ဒီဘရီးစ် တို့အား မေးမြန်းမည်ဆိုပါက အချည်းနှီးပင် ဖြစ်လိမ့်မည်ဟု ဂါဒူး နားလည် လိုက်သည်။ အယ်လီဆန်က သူတို့ကို ထောက်ခံ ထားသဖြင့် အယ်လီဆန့်ကို သူတို့က ထောက်ခံပါလိမ့်မည်။ သူ့ အတွင်းစိတ် ကောက်ကျစ်မှုက ရှေ့တန်းသို့ ရောက်လာသည်။ သူ့ ဆန္ဒအတိုင်း ဆောင်ရွက် လာအောင် သူတို့ အားလုံး၏ ထောင်ချောက်ဆင် ရပေလိမ့်မည်။

'ခင်ဗျား ပြောတာကို ကျုပ် လက်ခံပါတယ် မစ်(စ်)ကရိတ်ချ်၊ အဲဒီ အချက်တွေကြောင့် ထပ်ပြီး ဖိအား ပေးစရာ အကြောင်း အချက်တွေ ဖြစ်လာပြန်တယ်၊ လေတပ် ဗိုလ်ချုပ်ကြီး၊ ခင်ဗျား ဘယ်အချိန်မှာ ထပ် တိုက်ခိုက် နိုင်ဦးမလဲ'

'မနက်ပိုင်း အရုဏ်တက် ပြီးစ နောက်ပိုင်းမှာ အချိန်မရွေးပဲ ဆိုပါတော့'

ဒီဘရီးစ်က အယ်လီဆန် ဝင်ရောက် မနှောင့်ယှက်နိုင်မီ ကပျာကယာ အဖြေ ပေးလိုက်သည်။

'နေမဝင်မီ နှစ်ကြိမ် သုံးကြိမ် ဆိုပါစို့'

'သိပ်ကောင်းတယ်၊ ဒီအတိုင်းပဲ လုပ်ဖို့ ကျုပ် အမိန့်ပေးတယ်'



အယ်လီဆန်သည် လေယာဉ်ပျံ နှစ်စီးနှင့် သွားရောက် တိုက်ခိုက်သည့် ကိစ္စကို ခွင့်ပြု မိခဲ့ လေပြီ။ အယ်လီဆန့် အနေနှင့် ထိုအမိန့်ကို ပယ်ဖျက်ပစ်ရန် ခွယ်ကူ တော့ပါ။ သူ့ ကို အမျိုးသား များ က စေ့စေ့ စပ်စပ် စောင့်ကြည့် နေကြ ကြောင်း သူ သိသည်။ တစ်ချက်လွှတ် အာဏာနှင့် ပယ်ချ လိုက်ပါက အယ်လီဆန်၏ခေါင်းဆောင်မှုအာဏာသည်ပျက်ပြားသွားရ ပေလိမ့်မည်။ သြဇာ ဆက်လက် တည်မြဲရေးနှင့် ယုံကြည်မှု ရှိကြစေရေး အတွက် တိုက်ခိုက်ရပါလိမ့်မည်။ အယ်လီဆန်က ပြောလိုက်၏။ တို

'မဖြစ်ဘူး၊ နက်ဖြန် ခါတော့ မဖြစ် သင့် ဘူး၊ တို ဆယ့်ခြောက်ရက်၊ အင်္ဂါနေ့မှာ လုပ်ပါ'

'နက်ဖြန်ခါပဲ'

ဟင်နရီ ဂါဒူးက ဟိန်းဟောက် လိုက်၏။

ဒီဘရီးစ်က မကျေနပ်ဟန် ပြလိုက်သည်။ လာရီ ဘော့ပါးက မခန့်လေးစား ပြုံးရယ် လိုက်၏။ မေဂျာ ရန်းဒေါကမူ ကြားနေ ဟန်ဖြင့် စောင့်ဆိုင်း နေသည်။

အယ်လီဆန်က သည်းခံ နေရဟန်ဖြင့် ပြုံးလိုက်၏။

'ကျွန်မ ပြောတာက အင်္ဂါနေ့၊ အင်မတန် ရှုံးသွပ်စက်မဲတဲ့ ဂါလာ လေကြောင်း ပြပွဲ ပြိုင်ပွဲက အဲဒီနေ့မှာ စတယ်'

ဒီဘရီးစ်က ကန့်ကွက် လိုက်၏။

'ဝေဟင်မှာ နိုင်ငံခြားက အရပ်သား လေယာဉ်ပျံတွေနဲ့ ပြည့်နှက် နေလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်ကတော့ အက်ဒဝပ် ဒီဘရီးစ်ကို မဲဝေး ရလိမ့်မယ်'

လောရင့် ဟော့ပါးက ကြေငြာ လိုက်သည်။ အယ်လီဆန် က ပွင့်ပွင့် လင်းလင်း ပြုံးရယ် ပြုလိုက်၏။

'ဥက္ကဋ္ဌကြီးရှင် တွေ့ပဲ၊ ဂါလာ မြို့ တော်မှာ ညှော်သည်တွေ၊ အာဖရိက နိုင်ငံတွေက သတင်းစာ ဆရာတွေ၊ ဥရောပတိုက်က လူတွေစသော် ပါ လာ ပါလိမ့်မယ်၊ အဲဒီ လူတွေနဲ့ ပြည့်နှက် နေလိမ့်မယ်၊ ဒီတော့ သတင်းကို ဘယ်လိုပဲ လုံခြုံအောင် မှောင်ချ ထားထား၊ တိုက်ခိုက်တယ် ဆိုတဲ့ သတင်း ကတော့ ပေါ် ထွက်လာမှာပဲ'

'တစ်ကမ္ဘာလုံး ပျံ့နှံ့ သွားတော့ မှာပေါ့'

ဟော့ပါးက ပြောရင်း ခေါင်းကို ခါယမ်း လိုက်သည်။

'သမ္မတကြီးနဲ့ လူကြီးမင်းများရှင့်'

အယ်လီဆန်က သူတို့ကို ပြုံးရယ် ပြုနေကြောင်း သိသာအောင် ပြသလိုက်သည်။

'ဒီကနေ့ ညပိုင်းမှာ မဝမ်ဒီက သူ့ နယ်မြေ ဘာဆိုတန် ,စစ်တပ်က လာ ရောက် ကျူး ကျော် တိုက်ခိုက်တယ်၊ ဒါပေမယ့် တွန်း လှန် ပစ်လိုက် တယ်လို့ ကြေငြာ ရမယ်၊ ဒါပေမယ့် ဘာဆိုတန် စစ် တပ် တွေက နောက် တစ်နေ့ မှာ လာ ရောက် တိုက်ခိုက်ပြီး ပြန်လည် ဆုတ်ခွာ မသွားခင် အကြီး အကျယ် ထိခိုက် ဆုံးရှုံးမှုရှိအောင် ဖျက်ဆီးသွားကြ ရမယ်'



အယ်လီဆန်က ခေတ္တမျှ ရပ်တန့်လိုက်သည်။

'အင်္ဂါနေ့မှာ ဝင်တိုက်တဲ့ ကိစ္စဟာ အဲဒီ ကိစ္စ ကြောင့် လက်တုံ့ပြန်တာ မဟုတ်ဘူးလို့ ဘယ်သူက ငြင်းနိုင်မှာလဲ'

မေဂျာ ရန်းဒေါက ခေါင်းညိတ်ပြီး ပြုံးလိုက် သည်။

'ခုအထိတော့ အဆက်အစပ် ရှိနေတုန်းပဲ'

'ဘယ်သူက အဲဒီလို ပြောမှာလဲ'

အက်ဒဝပ် ဒီဘရီးစ်က မှုန်တေ သော နှင့် ပြော လိုက်ခြင်း ဖြစ်သည်။

'အဲဒီ ညှော်သည် တွေနဲ့ သတင်းစာ ဆရာတွေ အားလုံးက ဂါလာမှာ ရှိနေကြလိမ့်မယ်၊ သတင်းကို မှောင်ချ ထား တယ် ဆိုရင် နယ် စပ် မှာ ဖြစ်တဲ့ကိစ္စကို သူတို့ သိခွင့် ရကြမှာ မဟုတ်ဘူး'

'မျက်မြင် သက်သေတွေ ရှိနေ ပါလိမ့်မယ်၊ လေတပ် ဗိုလ်ချုပ်ကြီး၊ တိုက်ခိုက်မယ့် ကိစ္စကို နယ်စပ် မှာ လုပ်မှာ မဟုတ်ပါဘူး'

'နောက်တစ်ကြိမ် ထပ်ပြောပါဦး မဒမ်'

'ကျေးဇူးပြုပြီး ဂရုတစိုက်နားထောင်ပါ လေတပ် ဗိုလ်ချုပ်ကြီး၊ လာရီဟော့ပါးဟာ ထောက်လှမ်းရေး အကြီးအကဲအနေနဲ့အင်မတန်ထူးချွန်တဲ့ပုဂ္ဂိုလ်ကြီးပါ၊ ဂါလာနဲ့ ပတ်သက်တဲ့ မြေပုံတွေ သူ့မှာ တစ်ထပ်ကြီး ရှိနေပါတယ်၊ အဲဒီမြေပုံတွေထဲမှာ လေဆိပ်နဲ့ ၁၄မိုင် ဝေးကွာပြီး ဂါလာမြို့တော်ရဲ့ တစ်ဖက်၊ လေဆိပ်နဲ့ ဆန့်ကျင်ဘက် အရပ်မှာ ဘာဆိုတန် စစ်တပ်တွေ စခန်းချတဲ့ စစ်တန်းလျားတွေ ရှိတယ်လို့ ဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com

ထားတယ်၊ လူနေတဲ့ ရပ်ကွက်နဲ့လဲ တော်တော့်ကို ဝေးကွာပါတယ်'

ဂါဒူး ကိုယ်ကို ဆတ်ခနဲ မတ်မတ် ထိုင်လိုက်လေ၏။

ဆလာ ရင့် ဟော့ ပါး က မျက်မှောင် ကုတ်လိုက်သည်။

အက်ဒဝပ်ဒီဘရီးစ်သည် ပါးစပ် အဟောင်းသားနှင့် ငေးကြည့်နေသည်။ အယ်လီဆန်က ဆက်ပြောလိုက်၏။

'စစ်တပ် တန်းလျားတွေဟာ အင်မတန်သဘာဝကျတဲ့ စစ်ဘက်ဆိုင်ရာ ပစ်မှတ်တွေပါပဲ၊ ကမ္ဘာ့တစ်ဝှမ်းလုံးမှာရှိနေတဲ့ စံသတ်မှတ်ချက်အရ အဲဒီစစ်တန်းလျားတွေဟာ တရားသော လက်တုံ့ပြန်မှုအတွက် တရားဝင် ပစ်မှတ်တွေ ပါပဲ၊ လောလောဆယ် မှာတော့ အသုံးပြုလို့ ရနေတဲ့ ကျွန်မတို့ရဲ့ ဗင် ဒီ ကေ ဘာ လေယာဉ်ပျံနှစ်စီးက အဲဒီ ပစ်မှတ်တွေကို အင်္ဂါနေ့မှာ ပစ်ခတ် ဖျက်ဆီးကြမယ်'

ဟင် နရီ ဂါ ဒူး သည် ရာဇပလ္လင်နှင့် တူသော ကုလားထိုင်ပေါ်မှ ထလိုက်လေ၏။

'သိပ်တော်တယ် မစ်(စ်)ကရိတ်ချ်'

အလွန် ပြောင်မြောက်ပါ ပေသည်ဟု ဆလာရင့်ဟော့ပါး ကပင် နာနာ ကြည်းကြည်း တွေးလိုက်မိသည်။ အယ်လီဆန်သည် မျက်လှည့်ပြသလို မထင်မှတ်သည့် ကိစ္စကို ကောက်ကာ ငင်ကာ ဆွဲထုတ်ပြလိုက်ခြင်း ဖြစ်သည်။



ဒီဘရီးစ်က စိတ်ဝင်စားဟန် ပြလိုက်သော်လည်း တွန့်ဆုတ်ဆုတ် ဖြစ်နေသည့် အပြင် သူ့ အပြုံးကလည်း ရှုံ့မဲ့မဲ့ ဖြစ်နေသည်။ မြို့တော်၏ ဆင်ခြေဖုံးတွင် ရှိနေသော စစ်တန်းလျားများ။ အကယ်၍ ဘာဆိုတိုတွင် လေယာဉ်ပစ် အမြောက်လက်နက်များ ရှိနေသည် ဆိုပါက ထိုနေရာတွင် စုပြုံ၍ ထားရှိပေလိမ့်မည်။

'ကျုပ် တပည့်တွေ ကတော့ သိပ် ပျော်သွားကြပါပဲ၊ ကျုပ်က အတော်ဆုံး ပုဂ္ဂိုလ်လေးယောက်ကို ရွေးချယ်ပေးလိုက်မယ်'

'လေးယောက်၊ ဟုတ်လား'

မေဂျာဘရူးစတားရန်းဒေါ်သည် အလွန် အနံ့ခံကောင်းသူ ဖြစ်သည်။ အလွန် သူရဲဘော ကြောင်သူများ၏ အနံ့ကို နှစ်မိုင် အကွာ အဝေးကပင် အနံ့ရသည်ဟု အဆို ရှိသည်။ တစ်ကိုက် သာသာမျှ ဝေးကွာသော နေရာမှ ရရှိသော အနံ့ကမူ နှာဝသို့ အလုံးအရင်းနှင့် ရောက်ရှိနေသည်။

'ဘာ ဖြစ် လို့ လေး ယောက် ဖြစ် ရ တာ လဲ အက်ဒဝပ်ရဲ့'

'အလွန်လွယ်တဲ့ ဂဏန်းသင်္ချာပါဗျာ၊ လေယာဉ်ပျံက နှစ်စီး၊ တစ်စီးမှာ လူနှစ်ယောက်စီ'

ထိုကိစ္စမှာ ထိုနေရာတွင် ရပ် တန့် သွား ဖွယ်ရှိသော်လည်း ဒီဘရီးစ်ကို အလွန် မနှစ်မြို့သော ဆလာရင့်ဟော့ပါးက ထင်၍ ကွန့်လိုက်ပြန်၏။

'စိတ်ဓာတ်ရေးရာ ရှုထောင့်ဘက်က စဉ်းစားကြည့်မိရဲ့လား ဆေဇာပ်ဗိုလ်ချုပ်ကြီးရဲ့၊ တကယ်လို့



www.burmeseclassic.com

www.burmeseclassic.com

သူတို့ရဲ့ ခေါင်းဆောင်က ဦးမင့်ဆောင်ဘူး ဆိုရင် ခင်ဗျားရဲ့တပည့်တွေ စိတ်ပျက်လက်ပျက် ဖြစ်သွား နိုင်တယ်’

ဒီဘာဗိုးစ် ခွေးစို့လာကြောင်း ခံစား လိုက် ရသည်။

‘သူတို့ ဘာတွေ လုပ်နိုင် ကိုင်နိုင်တယ် ဆိုတာ ပြရအောင် သူတို့ဘာသာ လွှတ် လိုက်တာ ကော တာပေါ့ဗျာ’

‘ခင်ဗျားကိုယ်တိုင် ဦးဆောင်ပါလို့ ကျုပ် အမိန့်ပေးတယ်’

ဟင်နရီဂါဒူးက လွှတ်ခနဲ ပြောလိုက်ပြီးမှ ထိုကိ သည် လူဖြူအမျိုးသမီး အယ်လီဆန်၏ အစီအ ဖြစ်ကြောင်း သတိရလိုက်သည်။ အယ်လီဆန့်အနေ တသီးတခြား စဉ်းစားထားတာ ရှိကောင်းရှိပါလိ မည်။ သူက အသံကို လျှော့ချလိုက်ရင်း

‘ခင်ဗျားက ကန့်ကွက်မယ်လို့တော့ မထင်ပါ မစ်(စ်)ကရိတ်ချ်ရယ်’

‘ကန့်ကွက်စရာ မရှိပါဘူး ရှင်၊ သမ္မတကြီး လက်နက်ကိုင် တပ်ပေါင်းစုရဲ့ စစ်သေနာပတိပါ’

အယ်လီဆန်က ထိုဆုံးဖြတ်ချက်ကို ‘အတည်ပြု လိုက်သည်။ ကံဆိုးချင်တော့ ထိုကိစ္စနှင့် ဆက် ဖြစ်ပျက်လာမည့် အကျိုးတရားများကို အယ်လီ ကြိုတင်၍ မမြင်နိုင်ခဲ့ပါ။



ည ခုနစ်နာရီခွဲတွင် ဂျက်ကော့ဟတ်ရှ်က ဆီကိုနယ် (အိပ်ဆေး) ပုလင်းကို ထုတ်ယူလိုက်သည်။ စတိဗ် ပက်ဂျက်၊ ဒေါက်ဂလပ်စ်ဖီးလ်ဒင်းနှင့် အိုလီဆီဂမ် တို့သည် တစ်ယောက်လျှင် နှစ်လုံးစီ သောက်လိုက် ကြပြီး နောက် ချက်ချင်း အိပ်ရာဝင်သွား ကြသည်။

သူတို့ သုံးယောက်စလုံး ရက်ပေါင်းများစွာကြာ အောင် အိပ်ရေးပျက်နေကြသည်။ ကုလားထိုင်ပေါ် တွင် ထိုင်ရင်း နံရံတွင် မှီရင်း အိပ်ပျော်သွားနိုင်ကြ သည်။ သို့ရာတွင် ဆီကိုနယ်(အိပ်ဆေး)ကိုတော့ မဖြစ် မနေ သောက်ကြရပါ လိမ့်မည်။ နောက် တစ်နေ့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် အကောင်းဆုံး အနေအထားတွင် ရှိနေဖို့ ဆယ်နာရီတိတိ အနှောင့် အယှက် မရှိဘဲ အိပ်စက်ထားကြဖို့ လိုအပ်ပါသည်။ နံနက်ခြောက်နာရီတွင် အိပ်ရာမှထရန် စီစဉ်ထားသည့် တိုင်အောင် တစ်ဦးစီတွင် ဒက်ဆီဒရင်း (အိပ်မပျော် သောဆေး)ဆေးလုံးများကို ကိုယ်စီကိုယ်ငှ ယူဆောင် သွားကြသည်။

သူ ကိုယ်တိုင် ပင် ပန်း လွန်း လှ သော ကြောင့် အားကုန်တော့မည့် ဆဲဆဲဖြစ်နေသော အီယန်ဘလိတ် သည် အပေါ် ထပ်သို့ သုံးယောက် တက်သွားပြီးသော အခါ ထမင်းစားခန်းထဲ၌ သူနှင့် အတူ ကျန်ရစ် ခဲ့သော ဂျက်ကော့ဟတ်ရှ်အား ပြောလိုက်လေ၏။

‘သူတို့ အတွက် နက်ဖြန်ခါ ကိုတော့ ကျုပ် က နောလို မရှိပေါင်ဗျာ’

www.burmeseclassic.com

www.burmeseclassic.com

ဟတ်ရှ်က မသမ်းဝေ မိအောင် ကြိုးစား၍ ထိန်းရင်း 'ခင်ဗျားတို့ ဗြိတိသျှ လူမျိုးတွေ ကတော့ လျှော့လျှော့ပေါ့ပေါ့ ပြောတဲ့ နေရာမှာ နမူနာပဲ'ဟု ပြောလိုက်သည်။ ယခု အချိန်တွင် ကိုယ် အလေးချိန် ၂၂ ပေါင် လျှော့ကျ သွားသောကြောင့် သူ့ အဝတ်အစား များသည် သူ့ အတွက် အလွန် ကြီးနေကြသည်။ ဟတ်ရှ်က ဆက်လက်၍

'ကျုပ်က သူတို့ အတွက် ကြောက်ချေး ပါနေတာဗျ'

'ကျုပ်ကလဲ ထိုနည်း လည်းကောင်း ပါပဲ ကိုယ့်လူရာ'

အီယန်ဘလိတ် သည် မျှဝေ ခံစား တတ် သော ပုဂ္ဂိုလ် ဖြစ်သော်လည်း သူ့ ခံစားမှုကို လူသိအောင် ပြသလေ့ မရှိပါ။ သူက ကုလားထိုင် ကို နောက်ဘက်သို့ တွန်းပစ် လိုက်ရင်း မေးလိုက်လေ၏။

'ကဲ ကျုပ်တို့ စကြမလား'

သူတို့အဖို့ တစ်ညလုံး အလုပ် လုပ်ကြရ ပါဦးမည်။ အီယန်ဘလိတ် ၏ ရုံးခန်း ထဲသို့ ရောက် ကြ သော အခါ ဂျက်ကော့(ဂျိတ်ခ်)ဟတ်ရှ်သည် အီယန်ဘလိတ် ၏ ကုလားထိုင်တွင် ဝင်ထိုင် လိုက်သည်။ သူက ဖိုင်တွဲ တစ်တွဲကို လှမ်းယူ လိုက်၏။ ထို ဖိုင်တွဲ၌ ပါသော အကြောင်း အရာ များ ကို သူ သိပါသည်။ ထို စီမံချက်မှာ စတိဗ်ပက်ဂျက်က ဝယ်ယူထားပြီး လောလောဆယ်တွင် ဗွီအိုင်အီး ဘာဆိုတို လီမိတက်၏ ဂိုဒေါင်များ ထဲ၌ ဖွက်ထားသော နောက်ဆုံးပေါ် လက်နက်များကို ဘာဆိုတန် အမျိုးသား ၁၅၀၀၀ အား



ပေးအပ်၍ လက်နက် တပ်ဆင်ပေးရေး စီမံချက်ပင် ဖြစ်သည်။ ထို တပ်ဖွဲ့ကို ထပ်မံ၍ တိုးချဲ့ သွား ရန် အစီအစဉ် ရှိပြီး တဖြည်းဖြည်းနှင့် အာဖရိကတိုက်ရှိ အခြား လက်နက်ကိုင် တပ်ဖွဲ့အားလုံးထက် သာလွန်သော လက်နက်ကိုင် တပ်ဖွဲ့ တစ်ဖွဲ့ ဖြစ်လာရပါမည်။

ထိုစီမံချက်ကို အနာဂတ်ကာလမှ အချိန် တချိန်သို့ ရောက်မှသာ အကောင် အထည် ဖော်နိုင် ပါလိမ့်မည်။

အီယန်က ဖိုင်တွဲအဖုံးကို စိတ်ပျက် လက်ပျက်နှင့် ငေးစိုက် ကြည့်ရင်း ပြောလိုက် လေ၏။

'ကျုပ်တို့အတွက် အနာဂတ် ရှိတယ်ဆိုတဲ့ ယူဆချက်နဲ့ ကျုပ်တို့က လုပ်ကိုင် ကြတာပဲ'

ဟတ်ရှ်က ပြောလိုက်သည်။

'စကောက် အဖွဲ့သား တွေရဲ့ အမြဲ အဆင်သင့် ဆိုတဲ့ ဆောင်ပုဒ်ကို သတိရစမ်း ပါဗျာ'

အီရန်ဘလိတ်က လေးလေးလေးပင်ပင် ခေါင်း ညိတ်လိုက်သည်။ နှစ်ယောက် စလုံး ပွင့်ပွင့်လင်းလင်း ဖွင့်၍ ဝန်မခံ ကြသော်လည်း ဗွီအိုင်အီး ဆက်လက် တည်မြဲနိုင်မည့် အခွင့် အလမ်းမှာ သုံးချိုးတစ်ချိုးသာ ရှိနေပါသည်။ လာမည့် သုံးရက်တာ ကာလအတွင်း အစစ အရာရာသည် စီစဉ် ထား သည့် အတိုင်း ဖြစ်လာကြသလို ကိစ္စမှန်သမျှသည် မတိမ်းမစောင်းဘဲ ရှိနေ ကြမည် ဆိုမှသာ ဖြစ် နိုင် ဖွယ် ရှိသည့် အနေအထားမှာ....

'ဘယ်လိုမှ ပြုပြင် ပြောင်းလဲလို့ မရတဲ့ အကြောင်း မြင်သမား တစ် ယောက် အနေနဲ့ ကျုပ်တော့ ဆယ်လေး တစ်လေး လောက်ပဲ ရှိတယ်လို့ ယူဆ



www.burmeseclassic.com

www.burmeseclassic.com

တယ်’ဟု အီယန်ဘလိတ်က ရေရွတ် ပြောဆိုရင်း ဖိုင်တွဲကို ဘေးဖယ် ပစ်လိုက်သည်။

‘မြေပုံနဲ့ အချိန်ဇယား တွေကို ပြန်ယူ စမ်းပါဦး ဟတ်ရှ်ရေ၊ ကျုပ်တို့ နောက်တစ်ကြိမ် ပြန်သုံးသပ် ရအောင်’

‘ကျုပ်တို့ သုံးသပ်မှ ဖြစ် လိမ့်မယ်လို့ ကျုပ် လဲ ထင်ပါတယ်’

သူတို့သည် ထိုလုပ်ငန်းကို အရသာ မတွေ့ပါ။ သူတို့၏ မြေပုံ အများစုသည် အားကိုး၍ မရပါ။ နေ့ပေါင်းများစွာ ညပေါင်း များစွာ ညှိနှိုင်းထား ခဲ့သော အချိန်ဇယား များကို အပြစ် အနာ အဆာ မရှိအောင် ချိန်ကိုက်ထားဖို့ လိုအပ်ပါသည်။ အမှား အယွင်း အတွက် ခွင့်ပြုနိုင်စွမ်း မရှိပါ။ လုံးဝမရှိပါ။

သူတို့ကိုယ်တိုင် လေးနာရီ မျှသာ အိပ်စက် ခဲ့ကြ သော်လည်း အီယန်ဘလိတ်နှင့် ဂျက်ကော့ဟတ်ရှ် တို့သည် တနင်္လာနေ့ နံနက် ခြောက်နာရီ တွင် အိပ်ရာမှ ထကြရသည်။ သူတို့ ကိုယ်တိုင် စတိတ် ဖီးလ်ဒင်းနှင့် အိုလီဆီဂမ် တို့ကို နှိုးကြသည်။ သူတို့ ဆောင်ရွက် ပေးနိုင် သမျှမှာ ထိုမျှသာ ဖြစ်ပါ၏။

ရေအေးနှင့် ရေချိုးပြီး ကော်ဖီကြမ်းနှင့် ဒက်နီ ဒရင်း တစ်ပြားစီ သောက်လိုက် ကြ သော ကြောင့် သူတို့ သုံးယောက်သည် အိပ်ဆေးကြောင့် လေးလံ ထိုင်းမှိုင်း နေရာမှ နိုးနိုးကြားကြား ဖြစ်လာကြသည်။



နံနက် ခုနစ်နာရီတွင် သူတို့သည် ဂါလာလေဆိပ်သို့ ရောက်ရှိ နေကြလေပြီ။ ဘာဆိုတို လေ ကြောင်း ကုမ္ပဏီမှ ဆီဖြည့် ထားသော ဒီစီ အိတ် လေယာဉ်ပျံ တစ်စီးသည် တံဆိပ် အသစ်ဖြစ်သော အဲယားကနေဒါ လေကြောင်း ကုမ္ပဏီ၏ သကြားရွက် တံ ဆိပ် နှင့် ဂါလာ လေဆိပ်မှ ပျံတက် ရန် အဆင်သင့် ဖြစ်နေ လေပြီ။ နိုင်ဂျီးရီးယား အစိုးရသည် ကနေဒါနိုင်ငံနှင့် ကုန်သွယ်မှု တိုးမြှင့်ရန် ကြိုးပမ်း နေသည့် အချိန် ဖြစ်ရာ ကနေဒါနှင့် သက်ဆိုင်သော ကိစ္စ မှန်သမျှကို နိုင်ဂျီးရီးယား အစိုးရက အထူး အခွင့်အရေးများ ပေးထားလေ့ ရှိပါ၏။

ဒီစီအိတ်လေယာဉ်ပျံ၏ အတွင်းပိုင်းတွင် ခရီးသည် ထိုင်ရန်နှင့် ပစ္စည်းသယ်ရန် နေရာတို့ကို ထက်ဝက်စီ သတ်မှတ်ပေး ထားသည်။ လေယာဉ်ပျံ ပေါ်သို့ တက်လာသော စတိမ်က ပစ္စည်းတင်သည့် ဘက်ကို သာမန်မျှသာ စစ်ဆေး ကြည့်ရှုလိုက်သည်။ ယမန်နေ့ က အင်္ကျီဖင်အင် ရိုင်ဖယ်များ၊ ဘယ်လ်ဂျီယံ နိုင်ငံလုပ် သေနတ်များ၊ လက်ပစ်ဗုံးများ၊ ဖောက်ခွဲရေး ပစ္စည်းများနှင့် ခဲ ယမ်း မီး ကျောက် များ အား လေယာဉ်ပျံပေါ်သို့ တင်ခဲ့ရာတွင် သူ ကိုယ် တိုင် ကြီးကြပ်ခဲ့ပြီး ဖြစ်သည်။ ထိုပစ္စည်းများသည် လက်ရာ ခြေရာ မပျက် ရှိနေပြီး လေယာဉ် ပျံသန်းနေစဉ် ဝေငှပေးရန်နှင့် နောက်ဆုံး ရောက်ရှိမည့် နေရာတွင် ချက်ချင်း အသုံးပြုနိုင်ရန် အဆင်သင့် ဖြစ်နေ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

စတိဗ်သည် လေယာဉ်ပျံ မောင်း ခန်း ထဲတွင် ဒေါက်ဂလပ်စ်ဖီးလ်ဒင်းနှင့် အိုလီဆီဂမ့်တို့ နောက် ဘက်ရှိ ထိုင်ခုံအံပို၌ ထိုင်နေသည်။

တင်ပြထားသော ပျံသန်းရေး အစီအစဉ် အရ လေယာဉ်ပျံသည် ဂါနာနိုင်ငံမှ တစ်ဆင့် ပျံသန်းရန် ဖြစ်ပြီး လားဂိုစ် မြို့ပေါ်မှ ဖြတ်ကျော်ပျံသန်းမည် ဖြစ်သည်။ နံနက် ၉ နာရီ ၅၅ မိနစ်၊ မာတာလာ မိုဟာမက် လေဆိပ်သို့ ရောက်ရန် မိနစ်ပိုင်းအလိုတွင် ဖီးလ်ဒင်းက ပျံသန်းမှုဆိုင်ရာ ကွပ်ကဲရေး မျှော်စင်သို့ ဆက်သွယ်လိုက်သည်။ သူက ရေဒီယိုနှင့် ဆက်သွယ်မှု ဆိုင်ရာ နည်းလမ်းများကို ဘေးဖယ်ထား လိုက်ပြီး ခပ်သောသော ခပ်ရှင်ရှင်နှင့် ဆင်းခွင့် တောင်းလိုက် လေ၏။

'ကျုပ်တို့ကို ဆင်းခွင့် ပေးပါဗျာ၊ ကျုပ်တို့ရဲ့ ဦးတည်ဘက်ရှာတဲ့ ကိရိယာဟာ ချွတ်ယွင်းနေပါ တယ်၊ ကျုပ်တို့သာ မြေပြင်ပေါ်မှာ ရှိနေမယ်ဆိုရင် ကျုပ်ရဲ့ ပျံသန်းရေးဆိုင်ရာ အင်ဂျင်နီယာက ချက်ချင်း ပြင်ဆင်နိုင်ပါလိမ့်မယ်'

ကနေဒါနိုင်ငံမှ သယ်ယူပို့ဆောင်ရေး လေယာဉ် အား လေကြောင်းမျှော်စင်က ချက်ချင်း ခွင့်ပြုပေး လိုက်သည်။

စတိဗ်သည် လေယာဉ်ပျံနောက်ဘက်သို့ သွား၍ လေယာဉ်ပျံ၏ တံခါးအရှေ့ဘက်တွင် လေယာဉ်ပျံ ပေါ်သို့ တက်သော ဒန်သတ္တုနှင့် ပြုလုပ်ထားသည့် အာဂျာလှေကားကို အဆင်သင့်ဖြစ်အောင် ပြင်ဆင် ထားသည်။



ဖီးလ်ဒင်းသည် မျက်စိနောက်စရာ ကောင်းအောင် ကိုးရိုးကားရား ဆင်းသက်လိုက်ပြီးနောက် ကွပ်ကဲ ရေး မျှော်စင်နှင့် ဆက်စကားပြောနေသည်။

'ကျုပ်က ဟောဒီ သံတိုသံစ အပုံကြီးကို အများ တကာ သွားလာနေကြတဲ့ ပြေးလမ်းပေါ်က ဖယ်ရှား ပေးပါမယ်ဗျာ၊ ဟုတ်ပြီနော်'

သူသည် အနောက်အာဖရိက လေယာဉ်ပျံမောင်း သူများ အသင်းက ရုံးချုပ်အဖြစ် အသုံးပြုနေသော ခပ်လှမ်းလှမ်းရှိ ပျက်စီးနေသည့် လေ ယာဉ် ပျံ ထားသော အဆောက်အအုံ ဟောင်းကြီး ဆီသို့ မောင်းယူသွားသည်။ ထိုနောက် လေယာဉ်ပျံကို ဘရိတ်အုပ်ပြီး အဆောက်အအုံနှင့် ယှဉ်၍ ရပ်လိုက် သည်။ ထိုကဲ့သို့ ရပ်တန့်လိုက်သောကြောင့် လေဆိပ် အဆောက်အအုံများနှင့် မျှော်စင်တို့ဘက်မှကြည့်လျှင် အဆောက်အအုံကြီးက ကွယ်ထားလေသည်။

အိုလီဆီဂမ်က ပက်ဂျက်ကို လာရောက်ကူညီသည်။ သူတို့က တံခါးကို တွန်းဖွင့်လိုက်ပြီး လှေကားကို ချပေးလိုက်ကြသည်။

ဟားဂျိဟန်အက်ဒနာ၏ ကျော်ကြားမှု ကလည်း ဖြစ်သင့် ဖြစ်ထိုက် ပါသည်။ သူ့ လူ များ သည် လေယာဉ်ပျံထားသော အဆောက် အအုံများ ထဲမှ လေယာဉ်ပျံပေါ်သို့ တက်သော လှေ ကား ဆီ သို့ အပြေးအလွှား ပြေးလာကြသည်။ လှေကားပေါ်သို့ ကျင်ကျင်လည်လည် တက်လာကြသော ပုံစံက အသွင် ကျန်းမာရေး ကောင်းကြောင်း သက်သေ ပြနေကြ သည်။



www.burmeseclassic.com

www.burmeseclassic.com

ငါးမိနစ်ပင် မကြာလိုက်ပါ။

လှေကားကို ဆွဲတင်၍ တံခါးကို ပြန်ပိတ်လိုက်ပြီးပါပြီ။ အိုလီဆီဂမ်က လေယာဉ်ပျံ မောင်းနှင်သည့် အခန်းသို့ ပြန်သွားသည်။ ဒေါက်ဂလပ်စ်က ကွပ်ကဲရေး မျှော်စင် ကို ကန့်ကွက်စကား ပြောနေသည်။

'ချီးမွမ်းပဲ၊ ပြင်လို့မရတော့ဘူးဗျ၊ ပြင်ဖို့ဆင်ဖို့အတွက် ဂါလာကို ပြန်ရလိမ့်မယ်၊ သဘောကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက် အနေနဲ့ စာရွက်စာတမ်းတွေ မပါဘဲ ကျုပ်ကို ချက်ချင်း ပြန်တက်ခွင့် ပေးပါဗျာ'

ကွပ်ကဲရေးမျှော်စင်မှ ပုဂ္ဂိုလ်များအား ကနေဒါနိုင်ငံမှ လေယာဉ်ပျံများကို အထူးတလည် ကူညီကြဖို့ အထက်က ညွှန်ကြားထားသည်။ လောလောဆယ်တွင် လေယာဉ်ပျံ အဝင်အထွက် မရှိပါ။

'ခင်ဗျားကို ပြန်တက်ခွင့်ပြုလိုက်တယ်၊ ကံကောင်းပါစေ'

ဒေါက်ဂလပ်စ်ဖီးလ်ဒင်းသည် အင်ဂျင်စက်ကိုအရှိန်မြှင့်လိုက်ပြီးနောက် ပြေးလမ်းပေါ်၌ အရှိန်ယူပြုလိုက်သည်။

ကလိုက်ဒ် အင်ဒါဆင်ဟု အမည်ခံထားသော စတီဗ်ပက်ဂျက်သည် လေယာဉ်ပျံပေါ်သို့ တက်လာသော ပုဂ္ဂိုလ်များအား ရေတွက်ရင်း အကဲဖြတ်နေသည်။ လူခြောက်ဆယ်။ သူမှာထားသည့် အရေအတွက်ပင်တည်း။ အားလုံး ရက်ရက်စက်စက် သတ်ဖြတ်ရမှ ကျေနပ်ကြသည့် လူမိုက်တွေပင် ဖြစ်သည်။ သူတို့အားလုံး လူဖြူများသာ ဖြစ်ကြသလို အင်္ဂလိပ်



လို ပြောတတ်ကြပြီး အင်္ဂလိပ် စကားကို နားလည်သူများ ဖြစ်ကြသည်။

စတီဗ်သည် အသံချဲ့စက်မှ တစ်ဆင့် ပြောလိုက်၏။

'ကျုပ်ကတော့ အင်ဒါဆင်ပါ၊ ခင်ဗျား တို့အားလုံး ဒေါ်လာငါးထောင်စီ ရကြပါပြီ၊ ဒီကနေ့ ခင်ဗျားတို့ အားလုံး ငွေ သားနဲ့ ဒေါ်လာနှစ်သောင်းစီ ထပ်ရကြမှာ ဖြစ်ပါတယ်၊ ကျုပ်တို့က ပစ်ပစ်ပြေးပြေး လုပ်ငန်းကလေးနဲ့ စတင်ပါမယ်' သူ့ စိတ်ထဲကလည်း ခင်ဗျားတို့ကပစ်၊ ဖီးလ်ဒင်း၊အိုလီဆီဂမ်နဲ့ ကျုပ်တို့က ထွက်ပြေးကြမယ်ဟု ရေရွတ်လိုက်၏။

'နောက်ပိုင်းကျတော့ ခင်ဗျားတို့ကိုလစဉ်ငွေကြေးထောက်ပံ့မယ်၊ လု တာ ယက် တာ ကို တော့ လုံးဝ မကန့်သတ်ပါဘူး'

ဖီးလ်ဒင်းက စက်ရှိန်မြှင့်၍ စတင်ပျံတက်ချိန်တွင် သူက ခေတ္တမျှ ရပ်တန့်ထားလိုက်သည်။ လေယာဉ်ပျံဦးပိုင်းသည် ကြွတက်လာပြီး လေယာဉ် ဘီးများကို ရုပ်သိမ်းလိုက်သည်။

'ရွှေတွေကို လုနိုင်တယ်၊ ကမ္ဘာ ပေါ်မှာတော့ ရွှေအများဆုံးထွက်တဲ့ နေရာပဲ၊ ကျုပ်တို့က မဝမ်ဒီကို ဝင်တိုက်ခိုက်ကြမယ်'

တိတ်ဆိတ်ငြိမ်သက်စွာ နားထောင် နေကြသူများသည် ပထမဦးဆုံး အကြိမ်အဖြစ် အချင်းချင်း စတင်၍ စိတ်လှုပ်ရှားစွာ စကားပြောကြ တော့သည်။ မဝမ်ဒီ၌ ရွှေများ ရှာဖွေတွေ့ရှိကြောင်း သူတို့အားလုံး ဖတ်ဖူးကြသည်။ ကြားဖူးကြသည်။ ဘုရားသခင် ကယ်တော်မူပါ၊



www.burmeseclassic.com

www.burmeseclassic.com

'နေကြဦးလေ၊ ရှင်းရှင်းလင်းလင်း သဘောပေါက်ကြအောင် ကျန်တာကို နားထောင်ကြပါဦး၊ ကျုပ်က ခင်ဗျားတို့ရဲ့ ဆရာသမား မဟုတ်ပါဘူး၊ ကျုပ်က မဝမ်ဒီနိုင်ငံရဲ့ သမ္မတကြီး ဟင်နရီဂါဒူး အတွက် အလုပ်လုပ်တဲ့ လူပါ၊ သူက သူ့နိုင်ငံထဲကို ရောက်လာတဲ့ အမေရိကန် ကုမ္ပဏီနဲ့ အဆင်မပြေတဲ့ အတွက် အဲဒီ ငတိတွေကို သူ ဘန်ထုတ်ချင်တယ်'

ချိုးကွေ့ခနေသော လေယာဉ်ပျံကို လေရူးက ဝင်ခွေ့လိုက်သဖြင့် လေယာဉ်ပျံ လှုပ်ခါသွားသည်။

'အမေရိကန် ကုမ္ပဏီက မေ ဂျာ ရန်း ဒေါ် ကြေးစားစစ်သား တစ်သိုက်ကို ငှားရမ်းထားတယ်'

သူတို့ အားလုံး ရန်းဒေါ်ကို သိကြပါသည်။ သူတို့သည် တစ်ကြိမ် မဟုတ် တစ်ကြိမ် ဆိုသလို ရန်းဒေါ၏ လက်အောက်၌ တာဝန်ထမ်းဆောင်ခဲ့ကြဖူးသည်။

'ဒါပေမယ့် ဟင်နရီဂါဒူးက အကောင်းဆုံး ပုဂ္ဂိုလ်တွေ ဖြစ်တဲ့ ခင်ဗျားတို့ကို ငှားရမ်းခဲ့တယ်'

အသံတစ်သံက မေးလိုက်၏။

'ရန်းဒေါ်ဆီမှာ လူ ဘယ်နှစ်ယောက် ရှိသလဲ'

စတိဗ်က ဖြေလိုက်၏။

'တစ်နိုင်ငံလုံးမှာ ဖြန့်ထားတဲ့ လူ တွေ ကို ပေါင်းလိုက်ရင် ရာနဲ့ချီပြီး ရှိတယ်၊ ကျုပ်တို့ ဝင်တိုက်မယ့် လေဆိပ်မှာတော့ နည်းနည်းပဲ ရှိတယ်'

စတိဗ်၏ အစီအစဉ်မှာ တပ်ဖွဲ့အေမှ ပုဂ္ဂိုလ်များအား ဂါဒူး လေဆိပ်တွင် မည်းမည်း မြင်သမျှကို ပစ်ခတ်စေရန်ပင် ဖြစ်သည်။ တပ်ဖွဲ့အေမှ ပုဂ္ဂိုလ်များသည် လေဆိပ်၌ တွေ့ရသော ကြေးစားစစ်သားမှန်သမျှနှင့် တိုင်းရင်းသား စစ်သားများကို ပစ်ခတ်ရန်ပင် ဖြစ်သည်။ ထို့နောက် တပ်ဖွဲ့အေမှ ပုဂ္ဂိုလ်များသည် မဝမ်ဒီနိုင်ငံမှ တပ်ကူများ ရောက်ရှိလာသည် အထိ အဆောက်အအုံများ၊ ဂိုဒေါင်များ၊ ခွည်းသိုလှောင်ထားသော နေရာများနှင့် မည်းမည်းမြင်သမျှတို့ကို ပစ်ခတ်ဖျက်ဆီး ပစ်ကြစေမည်ဖြစ်သည်။ မဝမ်ဒီနိုင်ငံမှ တပ်ကူများ ရောက်ရှိလာချိန်တွင် တပ်ဖွဲ့ အေ တစ်ခုလုံး ပြုတ်ပြုတ်ပြန်းသွားရမည်သာ ဖြစ်ပါ၏။ ဤ ကဲ့ သို့ သောတိုက်ခိုက်မှုမျိုးကို ပြုလုပ်လိုက် ခြင်းဖြင့် ကမ်မ်ကိုကုမ္ပဏီနှင့် ဟင်နရီဂါဒူးတို့၏ ပေါင်းစည်းမှုကို အနှောင့်အယှက် ဖြစ်စေလိမ့်မည် ဖြစ်သလို အဆင့်နှစ်နှင့် အဆင့် သုံးတို့ကို စတင် ဆောင်ရွက်သည့် အခါတွင် သူတို့၏ ပေါင်းစည်းမှု အားလုံး ရပ်တန့်သွားစေလိမ့်မည်ဟု စတိဗ်က မျှော်လင့် ထားသည်။ တိုက်ပွဲ ဝင်ရန်နှင့် လုံးဝဥဿုံ လှုပ်လှုပ် ရှားရှား ပြုလိုက်နိုင်ပြီ ဖြစ်သော လာဖ်တန်အေတူး ဗင်ဒီကေတာ လေယာဉ်ပျံ နှစ်စီးကြောင့် အစီအစဉ် များကို နောက်ဆုံး မိနစ်ပိုင်းတွင်မှ ကပ်၍ ပြင်ဆင်ခဲ့ရခြင်း ဖြစ်ပေသည်။

စတိဗ်ပက်ဂျက်က ပြောလိုက်၏။

'ကျုပ်တို့က လေယာဉ်တွေကို အဓိကဦးတည်ချက်ထားတယ်၊ မြေပြင်ပေါ်က အဲဒီ လေယာဉ်တွေဟာ တည်ဆောက်ဆဲ အနေအထား အဆင့်ဆင့်မှာ ရှိနေကြလိမ့်မယ်၊ အားလုံး ဆယ့်နှစ်စီးရှိတယ်၊ အဲဒီပုံစံကို





www.burmeseclassic.com

www.burmeseclassic.com

မြင်ရင် မှတ်မိအောင် ကျုပ်က ခင်ဗျားတို့ကို ဓာတ်ပုံတွေ ပေးမယ်၊ အဲဒါတွေကို ဖျက်ဆီးပစ်ဖို့ သမ္မတကြီး ဟင်နရီဂါဒူးက ဦးစားပေး အဆင့်တစ် မှာထားတယ်'

ဒီစီ အိတ် လေယာဉ်ပျံသည် ပျံသန်းရန် အကောင်းဆုံး အမြင့်ပေတွင် လေယာဉ်ပျံကို မြေပြင်နှင့် မျဉ်းပြိုင်ဖြစ်အောင် ပြန်တည့်လိုက်သည်။ အင်ဂျင်စက် ဆူညံသံ လျော့နည်းသွားသည်။ စတိဗ်ပက်ဂျက်သည် စကားပြောခွက်ကို ချိတ်တွင် ပြန်ချိတ်လိုက်ပြီးနောက် ခရီးသည်များ စီးနင်းသော အခန်း ဦးပိုင်းရှိ နံရံတွင် ကိုယ်ကို စောင်း၍ မှီထားလိုက်သည်။ သူက အားလုံး ကြားနိုင်လောက်သော အသံနှင့် ပြောလိုက်ပြန်၏။

'ဝင်တိုက်ပြီး ပြန်ထွက်ခွာလာကြမယ်၊ ကျုပ်တို့ ရောက်ရှိမယ့် ခန့်မှန်းခြေ အချိန်က နောက်ထပ် တစ်နာရီနဲ့ မိနစ်ငါးဆယ်ပဲ၊ မေးစရာ မေးခွန်းများ ရှိပါသလား'

'သိပ်ရှိတာပေါ့ အင်ဒါဆန်ရယ်၊ ကျုပ်တို့ရမယ့် ပိုက်ဆံက ဘယ်မှာလဲ'

'ကျုပ်တို့ မြေပြင်ပေါ် မဆင်းခင် ရမယ်'

'လိမ်တာညာတာ မဟုတ်ဘူးဆိုတာကို ကျုပ်တို့က ဘယ်လိုလုပ် သိနိုင်မှာလဲ'

'အဲဒီ အချိန်ကျရင် ခင်ဗျားတို့ဆီမှာ လက်နက်တွေ တပုံတပင်ကြီး ရှိနေကြမှာပါ'

စတိဗ်က လူနှစ်ယောက်ကို လက်ပြလိုက်၏။

'ဟို မီးရေကာဖျင်တွေကို ဖယ်ပစ်လိုက်'



သူက လေယာဉ်ပျံ နောက်ဘက်ပိုင်းရှိ ကုန်ပစ္စည်းများ ထားသော နေရာဆီသို့ လက်နှင့် ပြလိုက်သည်။

'ကျုပ်တို့က ရွှေတွေအတွက် ဘယ်တော့ ပြန်လာရမှာလဲ'

'စောင့်ကြည့်ရဦးမယ်လေ၊ အများဆုံး တစ်ပတ်ပေါ့'

'ကျုပ်တို့က သုံ့ပန်းတွေကို ဖမ်းလာရမှာလား'

'သူတို့ ပါလာမှာ မဟုတ်ပါဘူး၊ အဲဒါ အဖြေဟုတ်ရဲ့လား'

မျက်နှာပေါင်း ခြောက်ဆယ်သည် ပြုံးပြုံးရွှင်ရွှင်ဖြစ်လာသည်။ စတိဗ်သည် လာဖ်တန် အေတူး လေယာဉ်ပျံ၏ ဓာတ်ပုံများကို စင်ပေါ်မှ လှမ်းယူလိုက်သည်။ သူက တစ်ပုံစီ ဝေငှလိုက်၏။

'သေသေချာချာ ကြည့်ကြဗျို့၊ ကျုပ်တို့ ဦးတည်ချက် ထားတာ အဲဒါတွေပဲ'

သူက ဆယ်မိနစ် ခွင့်ပြုလိုက်သည်။

'နောက်ဘက်ကို လေးယောက် တစ်တွဲစီ သွားပြီး ကိုယ်ကြိုက်တဲ့ လက်နက်ကို ရွေးယူကြပါ လူကြီးမင်းများ၊ ခင်ဗျားတို့ အနေနဲ့ ကျင်ကျင်လည်လည် ကိုင်တွယ် နိုင်တဲ့ လက်နက်ကို ကြိုက်သလောက် ယူကြပါ၊ အခမဲ့ ပါပဲ'

'ခေါင်းဆောင်မယ့် လူတွေ တပ်စုမှူး တပ်စိတ်မှူးတွေက ဘယ်သူလဲ'

'ခင်ဗျားတို့က ကိုယ်လုပ်ရမယ့် အလုပ်ကို သိကြပါတယ်၊ အဲဒါတွေကိုလဲ ကိုယ့်ဘာသာ ရွေးချယ်ကြပါ'

www.burmeseclassic.com

www.burmeseclassic.com

ထိုလုပ်ငန်းစဉ်က သူတို့၏ စိတ်ကူး များကို အလုပ် များနေစေမည် ဖြစ်ပြီး အခြား ကိစ္စများကို မတွေးနိုင်အောင် ကာကွယ် ထားပါ လိမ့်မည်။

'ပျော်သလို နေကြပါဗျာ၊ ကျုပ်က လေယာဉ် မောင်းအဖွဲ့နဲ့ သွား ဆွေးနွေး လိုက်ဦးမယ်'

ဒေါက်ဂလပ်စ် ဖီးလ်ဒင်းက စတိဗ် ကို ဆီးကြို၍ နှုတ်ဆက်လိုက်၏။

'ကျုပ်ဘဝမှာ တွေ့ဖူးတဲ့ လူရမ်းကားတွေ ထဲမှာ အဆိုးရွားဆုံး အုပ်စုပဲ'

'ခင်ဗျား တော်တော် မြင်တတ်တဲ့ လူပဲ ဒေါက်ကလပ်စ်'

'ကျုပ်တို့ လေယာဉ်ပျံကို ပြန်ပေး ဆွဲသွားမှာ ဒါမှ မဟုတ် ကျုပ်တို့ မြေပြင်ပေါ် ဆင်းတဲ့ အခါ ကျရင် ကျုပ်တို့ကို နောက်ကျောက ပစ်မှာခတ်မှာကို မစိုးရိမ် ရဘူးလား'

'မရှိပါဘူး၊ သူတို့က ရှေ့အတွက် ပြန်လာချင် ကြတယ်'

'သူတို့ ပြန်လာရမှာ မဟုတ်ဘူး'

အိုလီဆီဂမ်က ပြောလိုက်ခြင်း ဖြစ်သည်။

'ဘာပစ္စည်းကိုပဲ ဖြစ်ဖြစ် ပြန်လာ ယူနိုင်အောင် သူတို့ အသက်ရှင်ကြမှာ မဟုတ်ဘူး'

စတိဗ်က စီးကရက်ကို မီးညှိရင်း ပြော လိုက် လေ၏။ အိုလီဆီဂမ်က ပခုံးတွန့်၍ ပြောလိုက်ပြန်၏။

'ခွေးအ တစ်အုပ် လျှော့သွားတာပေါ့'

'ပင်းက ခွေးအ တွေကို ဂုဏ်တင် နေတာပဲ'



ဒေါက်ဂလပ်စ် ဖီးဒင်း က ပြောဆို ပြီး နောက် ဂါဒူး မြို့တော်ဆီသို့ ဦးတည် လိုက်လေ၏။

ပက်ဂျက်က ငြိမ်သက်စွာ ဆေးလိပ် သောက်နေသည်။ သူ၏ ပြင်ပ ပုံပန်းသဏ္ဌာန်၌ ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချမှု အပြည့်အဝ ရှိနေကြောင်း ပေါ်လွင်နေသော် လည်း အတွင်း စိတ်ကမူ အန္တရာယ် ရောက် လာမည်ကို စိုးရိမ် နေမိသည်။ အဆင့် ဆင့်သည် ချောမွေ့ လွန်းလှပြီး လွယ်ကူ လွန်းလှသည်။ ထို ချောမော နေမှုသည် ကြာကြာ ခံလိမ့်မည် မဟုတ်ပါ။ ကြာကြာလည်း ခံနိုင်မည် မဟုတ်ပါ။ တစ်ခုခု ကတော့ ကိုးရိုးကားရား ဖြစ်ကို ဖြစ်ရ ပါလိမ့်မည်။ သူ၏ ကျောပြင် ပေါ်မှ ကြို တင် ၍ သတိပေး တတ်သော အမာရွတ် များသည် မခံမရပ် နိုင်အောင် နာကျင် နေကြလေပြီ။

## ၄၇

အမ်မ်ကို ကုမ္ပဏီက ဝယ်ယူ ထားသော ရေဒီယို အသံလွှင့် စက်သစ်သည် တပ်ဆင်ဆဲ ကာလမှာပင် ရှိနေ သေးသောကြောင့် ဂါဒူး မြို့တော် လေဆိပ်မှ လေကြောင်း ပျံသန်းမှု ကြီးကြပ်ရေးရုံးက ထိန်းချုပ်နိုင်သော အကွာအဝေးမှာ မိုင် တစ်ရာ့ငါးဆယ် အထိသာ ရှိနေ ပေ သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနယ်ပယ်ထဲသို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ဖီးလ်ဒင်းသည် လေကြောင်းပို့သန်းမှု ကြီးကြပ်ရေးရုံးနှင့် ဆက်သွယ်လိုက်ပြီး မည်သည့် လေယာဉ်ပျံဖြစ်ကြောင်း အသိပေးလိုက်သည်။ အဲယားကနေဒါ လေကြောင်း ကုမ္ပဏီမှ ဒီစီ အိတ် လေယာဉ်ပျံသည် ကမ်မ်ကို ကုမ္ပဏီ အတွက် မည်သည့် အမျိုးအစားဟု ဖော်ပြ မထားသော လေးလံသည့် စက်ပစ္စည်းများကို သယ်ဆောင် လာသည်။ ၁၂း၄၇ နာရီတွင် ရောက်ရှိမည်ဟု ခန့်မှန်းသည်။

'အဲယား ကနေဒါ၊ ခင်ဗျားတို့နဲ့ ပတ်သက်တဲ့ သတင်းကို ကျုပ်တို့ ကြိုမသိထားဘူး'

'သောက်ရှူး တစ်ယောက်ယောက်က တလွဲ တချော် လုပ်လိုက်တာ ဖြစ်ရမယ်၊ ကျုပ်တို့ ပြန်လှည့်သွားမယ်၊ နောက်နေ့ ကျမှ ထပ်ကြိုးစား မယ်လို့ ကမ်မ်ကို ကို အသိပေးလိုက်ပါ'

'ခဏ စောင့်ပါဦး အဲယား ကနေဒါ'

ဖီးလ်ဒင်းသည် တစ်ယောက်ယောက်က ဆုံးဖြတ်ချက် ပေးချိန်အထိ စောင့်နေ ခဲ့ရပြီး မျှော်စင်က ၎င်းအား လေယာဉ် ကွင်းသို့ ချဉ်းကပ် လာခွင့်နှင့် ဆင်းသက်ခွင့် ပေးလိုက်သည်။

တပ်ဖွဲ့ အေ သည် ခေါင်းဆောင် တစ်ဦးစီ ဦးဆောင်၍ ခြောက်ယောက်မှ ဆယ့်နှစ်ယောက် အထိသော အစုအဖွဲ့ ကလေး များကို ဖွဲ့စည်း ပြီးခဲ့လေပြီ။ အရပ်ဝတ် အရပ်စား များကို ဝတ်ဆင် ထားဆဲပင် ရှိနေသေးသော ထိုပုဂ္ဂိုလ် များသည် လက်နက် အပြည့်အစုံနှင့် ကျည်ဆန် ခါးပတ်များကို



ပတ်ထားကြပြီး ရစရာ ရှိသော ငွေများကို လိုချင်နေကြ လေပြီ။

စတိဗ် သည် ခပ်ထူထူ မနီလာ စာအိတ် ခြောက်ဆယ်ကို လေယာဉ်ပျံ မောင်းနှင်ခန်း ထဲမှ ယူလာသည်။ စာအိတ် တစ်အိတ်စီတွင် ဒေါ်လာ တစ်ရာတန် ငွေစက္ကူ အရွက် နှစ်ရာစီ ပါရှိကြသည်။ စာအိတ်ကို ဖြဲ၍ ဖွင့်ဖောက်သံနှင့် ငွေစက္ကူများကို ရေတွက်သံများ ပေါ်ထွက်လာသည်။ အများစုက ငွေစက္ကူများကို စာအိတ်ထဲသို့ ပြန်ထည့်ပြီး ရှပ်အင်္ကျီ ကြယ်သီး များကို ဖြုတ်လိုက် ကြသည်။ သူတို့က စာအိတ် များကို ရှပ်အင်္ကျီ ထဲသို့ ထိုး ထည့်ပြီး ကြယ်သီး ပြန်တပ်ကြသည်။ အနည်းငယ် ကမူ ငွေစက္ကူ များကို အိတ်ပေါင်းစုံထဲသို့ ဖြန့်၍ ထည့်နေကြသည်။

အသံတစ်သံက မေးလိုက်လေ၏။

'ခင်ဗျားက သေနတ်ကိုင်ရမှာ ကြောက်သလား အင်ဒါဆင်'

'ကျုပ်ဆီမှာ ပါလာပါတယ်'

စတိဗ်က ဂျာကင်အင်္ကျီကို ဖွင့်လိုက်ပြီး ပခုံး လွယ်သိုင်း အိတ်ထဲမှ ဒသမ ၃၅၇ မက်ဂနမ် သေနတ်ကို ပြလိုက်သည်။ သူက လက်ပတ် နာရီကို တစ်ချက် ကြည့်လိုက်၏။ ဆယ့်ငါးမိနစ်သာ လိုပါတော့သည်။ နောက်ဆုံးပိတ် မှာကြားရပေတော့မည်။

'တံခါးနှစ်ပေါက်စလုံးက လူတစ်ဝက်စီ ထွက်ကြမယ်။ အုပ်စုတွေ ဖြန့်ပြီး လေယာဉ်ပျံတွေကို ဖျက်ဆီးကြပါ'



www.burmeseclassic.com

www.burmeseclassic.com

သူက လှေကားနှင့် တံခါးပေါက်အတွက် လူနှစ်ယောက်ကို တာဝန်ချထားလိုက်သည်။

'ခင်ဗျားတို့ အားလုံး ဆောင်ရွက်ပြီးစီး ခဲ့ရင် လေယာဉ်ပျံပေါ်ကို ပြန်တက်ခဲ့ကြပါ'

ဆယ့်ငါးမိနစ်ခန့် ကြာသွားသည်။ ရာဘာနှင့် လေယာဉ်ပြေးလမ်း ပွတ်တိုက်သံများ ထွက်ပေါ်လာပြီးနောက် ဒီစီအိတ် လေယာဉ်ပျံ မြေပြင်ပေါ်သို့ ရောက်ရှိသွားသည်။

စတီဗ်သည် လေယာဉ်ပျံ ပြတင်းပေါက် များမှ တစ်ဆင့် လှမ်းကြည့်လိုက်ရာ လေယာဉ်ထားရှိသော အဆောက်အအုံကြီး တစ်ခုရှေ့၌ ရပ်တန့်ထားသော ဗင်ဒီကေတာ လေယာဉ်ပျံ လေးစီးကို မြင်လိုက်ရသည်။ အင်ဂျင်စက်များကိုမူ တပ်ဆင်ရခြင်း မရှိသေးပါ။ အခြားသုံးစီးကိုမူ ညာဘက် ကိုက်နှစ်ရာခန့် ဝေးသော နေရာ၌ ရပ်တန့်ထားသည်။ ထိုသုံးစီးသည် အပြည့်အစုံ တပ်ဆင်ပြီး ဖြစ်သည်။ သို့ရာတွင် တိုက်ခိုက်ရန် အဆင်သင့် ဖြစ်ပြီလော။

ဖီးလ်ဒင်းက ဘရိတ်ကို အသုံးချလိုက်သည်။

ပက်ဂျက်က အော်လိုက်၏။

'တံခါးတွေ လှေကားတွေ'

ကြီးမားသော ဒီစီအိတ် လေယာဉ်ပျံ ကြီးသည် ရပ်တန့်လုနီးပါး ဖြစ်နေလေပြီ။ တံခါး ရွက် များ ပွင့်ထွက်သွား ကြသည်။ လှေကားများကို ချလိုက်ကြသည်။

ရပ်ပြီ။

'သွားကြတော့'



'ဟော့ အင်ဒါဆင်'

အာအန် ရိုင်ဖယ်ပြောင်း တစ်ခုက ပက်ဂျက်၏ မြီးညောင်းရိုးကို ဆောင့်ထိုး လိုက်သည်။ ကြိုတင်၍ စိုးရိမ်နေခဲ့ရမှုသည် တကယ် ဖြစ်လာခဲ့လေပြီ။

'ခင်ဗျားက အသာကလေး လက်ရှောင် နေခဲ့ဖို့ စိတ်ကူးနေတာ မဟုတ်လား'

'မဟုတ်ပါဘူး'

အခြား ဘာများ ပြောစရာ ရှိပါသေးသနည်း။

တပ်ဖွဲ့အမှ ပုဂ္ဂိုလ်များသည် ကတိပေးထားကြသည့် အတိုင်း အာဖ်အင် ရိုင်ဖယ်များကို အတွဲလိုက် ပစ်ခတ်ရင်း၊ စက်သေနတ် အငယ်စားများကို ပစ်ခတ်ရင်း လျှင်မြန်စွာ လှုပ်ရှားနေကြသည်။

ပြောင်းဝနှင့် အထိုးခံလိုက် ရသော စတီဗ်သည် တဖြည်းဖြည်းနှင့် တံခါးဝဆီသို့ ရွေ့လာပြီး လှေကားပေါ်မှ လျှောချလိုက်ရသည်။ ကွန်ကရိ ပေါ်သို့ ခြေကျသည်နှင့် တစ်ပြိုင်နက် သူက မက်ဂနမ်သေနတ်ကို ဆွဲထုတ်လိုက်လေ၏။

အင်အက်စ်ဘီ တပ်သား ခြောက် ယောက် ခန့်တို့သည် လေယာဉ်ကွင်းပေါ်၌ လဲကျနေကြ လေပြီ။ လေးယောက်ကတော့ သေနေလေပြီ။ နှစ်ယောက်က တွန့်လိမ်နေပြီး အော်ဟစ်နေကြသည်။

စတီဗ်သည် အပြည့်အစုံ တပ်ဆင်ထားပြီးဖြစ်သော ဗင်ဒီကေတာ လေယာဉ်ပျံ သုံးစီးဆီသို့ ပြေးသွားပြီးနောက် ရပ်တန့်သွားရလေ၏။ တပ်ဖွဲ့အေမှ လူရွမ်းသား တစ်ယောက်သည် လမ်းလွှဲ၍ ထွက်ခွာသွားသည်။ သူ့နောက်သို့ အတော်ခပ်များများ လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com

သွားကြသည်။ သူတို့သည် သေဆုံးသွားပြီးဖြစ်သော သူတို့ အဖော်ထံမှ ငွေများကို ရသလောက် လုယူရန် သွားနေကြခြင်း ဖြစ်သည်။ သဘောမှာ ထိုပုဂ္ဂိုလ်ထံတွင် သူတို့ ထံမှာကဲ့သို့ ဒေါ်လာ နှစ်သောင်း ရှိနေသည် မဟုတ်ပါလား။

ပက်ဂျက်က ချိန်ရွယ်ပြီး ပစ်ခတ် လိုက်သည်။ ဒဿမ ၃၅၇ မက်ဂနမ် သေနတ်သည် သူ့ လက်ထဲ၌ နောက်ဘက်သို့ ပြန်ကန်လိုက်သည်။ ပစ်ချက်ကောင်းမွန်လှပါသည်။ လုယူရန် ပြေးသွားသူ အုပ်စုထဲမှ တစ်ယောက် သွေးအန်ရင်း လဲကျသွားသည်။ ကျန်ပုဂ္ဂိုလ်များက ပြန်လှည့်ကြည့် ကြရာ ပက်ဂျက်ကို မြင်သွားကြသည်။ ပက်ဂျက်က အလျှော့ မပေးဘဲ သူတို့ကို ဗင်ဒီကေတာအေတူး လေယာဉ်ပျံများဆီသို့ သွားကြရန် လက်ဝှေ့ယမ်းပြလိုက်သည်။ ရန်းဒေါ်၏ လူဖြူစစ်သား တစ်စု လေ ယာဉ် ပျံ ထား သော အဆောက်အအုံ တစ်ခု၏ နံဘေးမှ ပေါ်ထွက်လာကြသည်။ ထိုစစ်သားများက ကွန်ကရီ ကြမ်းပြင်ပေါ်တွင် ပြားနေအောင် လှဲချလိုက်ကြသည်။ သူတို့၏ ရှင်ဒလာမတ်ခ်ိနိုင်း သေနတ်မှ ကျည်ဆန်များ ထွက်လာကြသည်။

အရပ်ဝတ် အရပ်စား ဝတ်စုံကို ဝတ်ထားသော ခပ်ပုပု ပုဂ္ဂိုလ်တစ်ယောက်က လက်ပစ်ဗုံးတစ်လုံးနှင့် ၎င်းတို့ကို တည့်တည့်ကြီး ထိမှန်အောင် လှမ်းပစ်လိုက်သည်။ ရှင်ဒလာမတ်ခ်ိနိုင်း သေနတ်များ အသံတိတ်သွားကြသည်။



ထိုအချိန်မှာ နေ့လယ်စာ စားချိန်ဖြစ်သည်။ နေ့လယ်ခင်းတွင် ပူပြင်းလွန်း လှ သော ကြောင့် ထုံးစံအရ သုံးနာရီ အနားယူခွင့် ပေးထားသဖြင့် လေဆိပ်တွင် ကမ်မ်ကို အမှုထမ်းများ ရှိမနေကြပါ။ တာဝန်ကျသူများ အနက် အဆင့်အမြင့်ဆုံး ပုဂ္ဂိုလ်မှာ ကြေးစားစစ်သား ဆာဂျင်တစ်ယောက် ဖြစ်သည်။

သူက ခေါင်း အေး အေး ထား ပြီး မေဂျာ ဘရူးစတားရန်းဒေါ်ထံ တယ်လီဖုန်း ဆက်လိုက်သည်။

'ကျွန်တော်တို့ အတိုက်ခံနေရတယ် ဆရာ'

'လူအင်အား ဘယ်လောက်ရှိသလဲ'

'မပြောတတ်ဘူး ဆရာ'

'လူဖြူတွေလား၊ လူမည်းတွေလား'

'လူဖြူတွေ'

'သူတို့ ယူနီဖောင်းကို ပြောစမ်း'

'အရပ်ဝတ် အရပ်စားပါ မေဂျာ'

'မင်း မူးနေပြီ၊ မင်းကို ငါ အရေးယူ....'

သို့ရာတွင် ထိုအချိန်၌ မေဂျာ ရန်း ဒေါ် သည် သေနတ်သံမှန်း သိသာလှသော အသံများကို တယ်လီဖုန်းထဲမှ ကြားနေရလေပြီ။

'သူတို့က ဘယ်လိုနည်းနဲ့ ရောက်လာကြတာလဲ၊ ထရပ်ကားတွေနဲ့လား'

'မဟုတ်ဘူး ခင်ဗျ၊ အရပ်သား သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံကြီးနဲ့ ခင်ဗျ၊ အဲယားကနေဒါတဲ့၊ ကျွန်တော် ဒီကတောင် လှမ်းမြင်နေရတယ်'

'အဲဒီ လေယာဉ်ပျံပေါ် ရောက်အောင် လူတွေကို ဆက်ခိုင်း၊ လေယာဉ်ပျံပေါ်မှာ တွေ့သမျှ လူတွေကို



www.burmeseclassic.com

www.burmeseclassic.com

ပစ်သတ်၊ ငါက မိနစ်ပိုင်းအတွင်း တပ်ခွဲတစ်ခွဲပြည့်အောင် စစ်ကူလွှတ်ပေးလိုက်မယ်'

အင်္ဂျင်စက် မတပ်ဆင်ရသေးသော ဗင်ဒီကေတာ လေယာဉ်ပျံလေးစီးကို ယမ်းဘီလူးများနှင့် ဖောက်ခွဲပစ်နိုင်ခဲ့လေပြီ။ သို့ရာတွင် ရန်းဒေါ်၏ ကြေးစားစစ်သားများနှင့် အင်အက်စ်ဘီတိုင်းရင်းသားတပ်များ ရောနှောနေသော တပ်ဖွဲ့နှင့် တပ်ဖွဲ့အေမှ လူဆယ့်နှစ်ယောက်ခန့် တို့သည် ပြင်းပြင်းထန်ထန် ပစ်ခတ် တိုက်ခတ်နေကြသည်။ ပြည့်ပြည့်စုံစုံ တပ်ဆင်ထားသော လေယာဉ်ပျံ သုံးစီးဆီသို့ ဆက်ပြေးလာသော စတိဗ်သည် ထို လေယာဉ်ပျံများ ဆီသို့ ရောက်ရှိသွားခဲ့လေပြီ။ သူက ရပ်တန့်လိုက်ပြီးနောက် ချာခနဲ လှည့်လိုက်ပြီး ဂျင်းဘောင်းဘီဝတ် လူ တစ်ယောက်နှင့် တွန့်ကြေ နေသော ဘောင်းဘီ ရှည် ကို ဝတ် ဆင်ထားသူ တစ်ယောက်တို့အား မက်ဂနမ် သေနတ်နှင့် ချိန်လိုက်သည်။ ထိုပုဂ္ဂိုလ် နှစ်ယောက်ထံတွင် လက်ပစ်ဗုံးများ ရှိနေကြသည်။

သူက အော်ဟစ်ပြီး ပြောလိုက်၏။

'အဲဒီလေယာဉ်ပျံတွေ အောက်ကို လှိမ့်သွင်းလိုက်'

ထိုပုဂ္ဂိုလ် နှစ်ယောက်က သူ ခိုင်းသည့် အတိုင်း လိုက်နာကြသည်။ သို့ရာတွင် ရှင်ဒလာ မတ်ခ် နိုင်း သေနတ် ကျည်ဆန်များက ထိုပုဂ္ဂိုလ် တစ်ယောက်၏ ခါးကို ကန့်လန့်ဖြတ် လာရောက် ထိမှန် ကြသည်



လက်ပစ်ဗုံး များ ပေါက်ကွဲ သွားကြ လေ၏။ လေယာဉ် ခုနစ်စီးတော့ ပျက်စီးသွားလေပြီ။ ငါးစီး ကျန်သေးသည်ဟု စတိဗ်က တွေးလိုက်၏။

ဂျင်းဘောင်းဘီ ဝတ်ဆင်ထားသူသည် သေဆုံးသွားသူ၏ ကိုယ်ပေါ်မှ ဒေါ်လာ နှစ်သောင်းပါသည့် စာအိတ် ကို လိုက် လံ ရှာဖွေ နေသည်။ ဖြုန်းခနဲ ဆိုသလို သူ့ဦးခေါင်းမှ သွေးများ ယိုစီးလာတော့သည်။

လေဆိပ် ကွင်းပြင်ထဲ၌ ချထားသော သေတ္တာများ၏ နောက် ဘက် ကို ခုန်ဝင် လှဲ ချ လိုက် သော စတိဗ် ပက်ဂျက် အနေနှင့် ပင်ပင်ပန်းပန်း စဉ်းစား တွေးတော နေရလေပြီ။ လေယာဉ်ပျံ ခုနစ်စီး ကို ဖျက်ဆီး ပြီးခဲ့ပါပြီ။ သို့ရာတွင် ထပ်ဆင့် ပေါက်ကွဲ မှုများ ဖြစ်ပေါ် မလာ ခဲ့ပါ။ ဆို လို သည် မှာ ထို လေယာဉ်ပျံ အားလုံးတွင် ဆီ ဖြည့် ထား ခြင်း၊ လက်နက် ခဲယမ်းမီးကျောက်များ တပ်ဆင်ထားခြင်း မရှိပါ။ တိုက်ပွဲ ဝင်ရန် အ ဆင် သင့် ရှိ နေ သော လေယာဉ်ပျံ များသည် မည်သည့် နေရာတွင် ရှိနေပါသနည်း။

ရိုင်ဖယ် သေနတ်သံများနှင့် စက်သေနတ်သံများ အကြားတွင် တစ်ချက် တစ်ချက်၌ လက်ပစ်ဗုံးသံများ ထွက်လာသည်။ စတိဗ် အနေနှင့် အော်ဟစ် ညည်းညူ သံများကို မကြားရပါ။ သူ ဗီယက်နမ်၌ နေခဲ့စဉ် ကပင် အော်ဟစ် ညည်းညူ သံ များ ကို ကြားအောင် နေနိုင်မှသာ ရှူးသွပ်မသွားဘဲ ရှိလိမ့်



www.burmeseclassic.com

www.burmeseclassic.com

မည် ဖြစ်ကြောင်း သူ သင်ခန်းစာ ရခဲ့ပြီး ဖြစ်ပါသည်။

သူသည် သေတ္တာများ နံဘေးမှ တိုးထွက်လာစဉ် လူမည်း အမျိုးသမီး တစ်ယောက်ကို ရက်ရက်စက်စက် သတ်ဖြတ်နေကြသော သူ့လူ သုံးယောက်ကို တွေ့လိုက်ရသဖြင့် စိတ်ထိန်း မရအောင် ဒေါသဖြစ်ခဲ့ရသည်။ သူက ထိုပုဂ္ဂိုလ် သုံးယောက်စလုံးကို ပစ်သတ် လိုက်လေ၏။

ဘယ်ဘက်တွင် ရှိသော လေယာဉ်ပျံ ထားသည့် ရုံထဲ၌ လက်ပစ်ဗုံး တစ်လုံး ပေါက်ကွဲ သွားသည်။ ချက်ချင်း ဆိုသလိုပင် အုံးခနဲ မြည်ဟည်းသံကြီး ပေါ်ထွက် လာပြီးနောက် မီးလျှံ များနှင့် မည်း မှောင်နေသော မီးခိုး လုံးများ ထွက်ပေါ် လာသလို ပြောက်အိုး အကြီးစား များကို ဖောက်သံနှင့်တူသော ပေါက်ကွဲသံများ အတွဲလိုက် ပေါ်ထွက် လာတော့သည်။

ထမ့်ဆင့်ပေါက်ကွဲမှုများပင်တည်း။ တိုက်ပွဲဝင်နိုင်သော လေယာဉ်ပျံ တစ်စီးတော့ ပျက်စီးသွားခဲ့လေပြီ ဟု …တိဗ်က ဝမ်းမြောက်ဝမ်းသာ တွေးတောရင်း သူ့လက်ကို မီးဖုတ်ထားသော တူနှင့် အထုခံလိုက်ရသလို ပူခနဲ ခံစားလိုက်ရပြီး တုံးခနဲ လဲကျသွားခဲ့တော့သည်။

ကြေးစားစစ်တပ်မှ ဆာဂျင်သည် လုပ်ဖော်ကိုင်ဘက် ကြေးစားစစ်သား တစ်ယောက်နှင့် တိုက်ပွဲတွင်



…ရောက်တိုက်ခိုက်မနေသော အင်အက်စ်ဘီ စစ်သား …ယောက် တို့ကိုသာ စုဆောင်း၍ ရရှိခဲ့သည်။ …အင်အက်စ်ဘီ စစ်သားက နောက် ချန် နေခဲ့ ရန် …စားလိုက်သည်။ ဆာဂျင်က ပြောလိုက်၏။

'မင်းကို လူညွှန့်တုံးသွားအောင် လုပ်ပစ်လိုက်ရ …သား'

လူမည်းစစ်သား လိုက်ပါလာပါသည်။ အဲယား …နေဒါ လေယာဉ်ပျံပေါ်ကို တက်၊ လေယာဉ်ပျံ …ပေါ်မှာ တွေ့သမျှ ပုဂ္ဂိုလ်တွေ အားလုံးကို ပစ်သတ်၊ …ယာဉ်ပျံကို ထိန်းထား ဟူ၍ ထိုဆာဂျင်ကို …ဘက်က အမိန့် ပေးထားသည်။

…ါက် ဂလပ်စ် ဖီး လ် ဒင်း နှင့် အိုလီဆီဂမ် တို့က …ချက် ဆင်းသွားသည်ကို မြင်လိုက်ရသဖြင့် အဘယ် …ကြောင့် ဆင်းသွားကြောင်း ရိပ်မိလိုက်ကြသည်။

ဒေါက်ဂလပ်စ်က မှတ်ချက်ချလိုက်၏။

'ခွေးမသားက စတိဗ်နဲ့ တို့ထက် သာသွားပြီဟေ့'

'ကျုပ်တို့က ဘယ်လောက်ကြာအောင် စောင့်ရ …ထဲ လူဖြူသခင်ကြီး'

'သူ ပြန်မလာနိုင်တော့ဘူးလို့ မျှော်လင့်ရတဲ့အချိန် …ပေါ့ကွာ'

'ဒါဆိုရင် ကျုပ်တို့လက်ထဲမှာ ပစ်စရာ ခတ်စရာ …လေးတွေ ရှိသင့်တာပေါ့'

အိုလီဆီဂမ်က လေယာဉ်ပျံ နောက်ဘက် သို့ …ထွက်ခွာသွားသည်။ လေယာဉ်ပေါ်တွင် …လက်နက်



www.burmeseclassic.com

www.burmeseclassic.com

အများအပြား ကျွန်ရစ်ခဲ့သည်။ သူသည် အူဇီ စက် သေနတ် နှစ်လက်နှင့် ကျည်ကပ် အများအပြားကို ယူဆောင်ပြီး လေယာဉ်ပျံ မောင်းနှင်ခန်း ဆီသို့ စတင်၍ ပြန်လာတော့သည်။ ပြောက်ကျားဝတ်စုံကို ဝတ်ဆင်ထားသည့် လူဖြူ စစ်သားနှစ်ယောက် နှင့် လူမည်းစစ်သားတစ်ယောက် စုစုပေါင်း သုံးယောက် အုပ်ကို လှမ်းမြင်လိုက်ရသည်တွင် သူသည် လက်ထဲမှ ပစ္စည်းများကို ကြမ်းပြင်ပေါ်သို့ ချလိုက်လေ၏။ သူက တံခါး နှစ်ပေါက် စလုံးကို ပိတ်လိုက်သည်။ သူက သေနတ်နှင့်ကျည်ကပ်များကို ယူပြီး လေယာဉ်၏ မောင်းနှင်ခန်းဆီသို့ အပြေးအလွှား လာခဲ့လေ၏။

သူက သူမြင်တွေ့ခဲ့ရသမျှကို အစီရင်ခံ လိုက်၏။

ဖီးလ်ဒင်းက သူ ကမ်းပေးလာသော အူဇီ စက် သေနတ်များကို တွန်းဖယ်ပစ်လိုက်သည်။

'သူတို့ နောက်ဘက်က လာကြလိမ့်မယ်'

သူက စက်ရှိန်မြှင့် ကိရိယာကို လက်နှင့် ခေါက်ပြလိုက်၏။ အင်ဂျင်စက်ကို အဆင်သင့် နှိုးထားလိုက်သည်။ 'အဲဒီနောက်တော့ သူတို့ ရှေ့ဘက်ကို တိုးလာကြလိမ့်မယ်၊ မင်းက ညာဘက်ကို ကြည့်၊ ငါက ဘယ်ဘက်ကို စောင့်ကြည့်မယ်'

ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက ဘရိတ်များကို အသေဖမ်းထားခြင်း ရှိမရှိ စစ်ဆေးလိုက်သည်။ ချက်ချင်း နားလည်သဘောပေါက် သွားသော အိုလီဆီဂမ်က ပြုံးလိုက်သည်။

အတန်ငယ်ကြာသော အခါ အိုလီဆီဂမ်က ပြောလိုက်သည်။



'ပြောက် ကျား ဝတ် စုံ ဝတ် တစ်ယောက်နဲ့ င်အက်စ်ဘီတပ်သား နီးလာပြီ'

'ဟုတ်တယ်၊ ဒီဘက်မှာတော့ ပြောက်ကျားဝတ်စုံ တစ်ယောက်ပဲ ရှိတယ်'

ယူနီဖောင်းဝတ် စစ်သား သုံးယောက်သည် ဒီစီ တ် လေယာဉ်ပျံ၏ ကိုယ်ထည်နှင့် ဝမ်းဗိုက်အောက် င်းကို လှေ့လာရင်း သေနတ်များကို အဆင်သင့် င်၍ ရှေ့ဘက်သို့ သတိကြီးစွာနှင့် တိုးလာနေ ကြသည်။ တွဲလောင်းကျနေသော လှေကားများနှင့် တ်ထားသော တံခါးများက သူတို့ကို ဦးနှောက် ခြောက်စေခဲ့ကြသည်။

'ဆယ်စက္ကန့်လောက် ကြာရင် ဘယ်ဘက်မှာ အဆင်သင့် ဖြစ်လိမ့်မယ်' ဖီးလ်ဒင်းက ပြောလိုက်၏။

'ညာဘက်မှာလဲ အဲဒီလောက်ပါပဲ'

'ကဲ'

ဖီးလ်ဒင်းက အော်ဟစ်၍ ပြောဆိုလိုက်ပြီး စက် မြှင့် ကိရိယာ လေးခုစလုံးကို ရှေ့ဘက်သို့ ားကုန် တွန်းလွှတ်လိုက်သည်။ ပရတ်နှင့် ဒုံစ်တနီ င်ဂျင်များ ဝေါခနဲ မြည်ဟည်းလာကြသည်။ သော့ တ်၍ ပိတ်ထားသော ဘရိတ်များကြောင့် ထိုစက် က လေယာဉ်ပျံကြီးကို တုန်ခါသွားစေ ခဲ့သည်။ မီးတမျှ ပူပြင်းလှသော ဓာတ်ငွေ့များက လူ ယောက်ကို မြေပေါ်မှ မြောက်တက်သွားအောင် ထုတ်ပစ်လိုက် ပြီးနောက် မီးစွဲလောင်နေသော သားမီးတုတ်များ အဖြစ်သို့ ပြောင်းလဲပစ်လိုက် တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

စတိဗ် ပက်ဂျက်က ဆဲဆို ရေရွတ် လိုက်၏။ သူ့ ဘယ်ဘက် လက်မောင်း အပေါ်ဘက်ကို ကျည်ဆံ ထိမှန် သွားခဲ့လေပြီ။ ထို ကျည်ဆန်သည် အရိုး ထိ မှန် ခြင်း မရှိဟု သူ ယုံ ကြည် သော် လည်း ထိုဒဏ်ရာမှ သွေး အလွန်အကျွံ ထွက် နေ သည်။ ယခု အချိန်တွင် ထူထူပူပူ ဖြစ်မှုများ ပျောက်ကွယ် ပြုလာပြီ ဖြစ်သဖြင့် နာ ကျင် သည့် ဝေဒနာမှာ အခံရ ခက်လှပေသည်။

လူ့ အနေနှင့် ဒဏ်ရာကို သူ့ ဘာသာ သူ စည်း နှောင်နိုင်လိမ့်မည် မဟုတ်ပါ။

တိုက်ပွဲ ဝင်နိုင်သည့် အဆင့်တွင် ရှိသော ဒုတိယ ဝင်ဒီကေတာ လေယာဉ်ပျံဆီသို့ သွားရမည်လော။ သူသည် ရှာရင်း ဖွေရင်း သွေးလွန်၍ သေသွားနိုင် ဖွယ်ရာ ရှိပါ၏။

သူ့ ရဲ ကောင်း ဆန် မှာ က တော့ သေ ချာ သည်။ သူသည် ကြမ်းပြင်ပေါ်မှ ကိုယ်ကိုကြွ၍ ထလိုက်၏။ အဲ ယား က နေ ဒါ ဒီစီ အိတ် လေယာဉ်ပျံကြီးသည် မူလ နေရာ၌ပင် ရှိနေပါသေးသည်။ ဖီးလ်ဒင်း အိုလီဆီဂမ်တို့ စောင့်နေကြဆဲပင်။ ဆက်၍ စောင့် ပါလိမ့်မည်။ ချီးမှပဲ။ အဆင့်နှစ်၊ အဆင့်သုံးတွေလည်း ရှိနေသေးသည်။

ဘုရားသခင် ကယ် တော် မူ ပါ။ သို့ရာတွင် သူ့ လက်မောင်းက နာကျင် လွန်းလှပါ၏။



မေဂျာ ရန်းဒေါ်က ကြေးစား စစ်သား တပ်ခွဲ တစ်ခွဲကို စုဆောင်း လိုက်ပြီးနောက် ထ ရပ် ကား များနှင့် လေဆိပ်သို့ ပို့လွှတ်လိုက်သည်။ ထို့နောက် သူသည် လေယာဉ်ပျံကွင်းနှင့် ပို၍ နီးသော နေရာတွင် လေ့ကျင့်ခန်း ပြုလုပ်နေသည့် တပ်စု တစ်စုကို သတိ ရလိုက်သည်။ သူက တပ်စုမှူးကို ရေ ဒီ ယို နှင့် လှမ်း ဆက်သွယ် လိုက်လေ၏။

'အဲဒီကို အမြန်ရောက်သွားပြီး အဲဒီ ခွေးမသားတွေ ဘယ်သူတွေပဲ ဖြစ်ဖြစ် သူတို့ကို အကုန် သတ်စမ်း'

မေဂျာ ရန်းဒေါ်က ဟင်နရီဂါဒူး၏ ကျည်ကာမှန် တပ်ဆင်ထားသော မော်တော်ကားကို မောင်းနှင်ရန် အမိန့်ပေးလိုက်သည်။ သူသည် တိုက်ပွဲဖြစ်ပွားသည့် နေရာသို့ ဦးစွာ ပထမ ရောက်ရှိ သွားပါလိမ့်မည်။

အိုလီဆီဂမ်က ပြောလိုက်၏။

'ကျုပ် စတိဗ် နောက်ကို လိုက်သွားချင်တယ်'

'မင်း နေရာမှာပဲ မင်း နေစမ်း၊ အဲဒီ လို လိုက် သွားရင် လူတစ်ယောက် ထပ် ပျောက်သွားလိမ့်မယ်၊ ငါတို့ စောင့်နေကြမယ်'

ဟုတ်တယ်၊ 'ကျုပ်တို့ စောင့်ကြမယ်၊ ဒါပေမယ့် နောက် ထပ် ဘယ် လောက် ကြာ ကြာ စောင့်နိုင် မှာ လဲ ဟု ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက သူ့ ကိုယ်သူ မေးလိုက်သည်။ ယခု အချိန်တွင် တိုက် ခိုက် ရေး တပ်များနှင့် စစ်ကူ တပ်များသည် လေဆိပ်ဆီသို့ အပြေးအလွှား လာနေ ကြရော့မည်။ ထို စစ်ကူများ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိ လာသည့်အခါ အဆင့်နှစ်သည် သာမက အိုလီ၊ စတိဗ်နှင့် သူကိုယ်တိုင် ပင်လျှင် မပြန်လမ်းသို့ မြန်းချင် မြန်းနေရပါလိမ့်မည်။

စတီဖင် ပက်ဂျက်သည်လည်း ဝေဒနာကို မခံစားရသော အခိုက်အတန့်ကလေးများတွင် ထို အတွေးများကို တွေးတော နေမိလေသည်။ တပ်ဖွဲ့ အမှုထမ်းဆောင်နေကြသော ပုဂ္ဂိုလ်များသည် ပို၍ လက်ရဲဇက်ရဲ ဖြစ်လာကြပြီး လေဆိပ်မှ ခုခံ နေကြသော ပုဂ္ဂိုလ်များကို တဖြည်းဖြည်းနှင့် တိုက်ခိုက် နှိမ်နင်းရင်း ဆက်လက်၍ သတ်ဖြတ် နေကြပါလိမ့်မည်။ ထိုပုဂ္ဂိုလ်များသည် လာဖ်တန် အေတူး လေယာဉ်များ ကိစ္စကို လုံးလုံးလျားလျား မေ့လျော့သွားကြပေလိမ့်မည်။ သူတို့တွင် လူသတ်ချင်သော စိတ်ကလွှမ်းမိုးနေကြလေပြီ။

သူ့ ခွန်အားများသည် လျှင်မြန်စွာ လျော့နည်းနေပြီ ဖြစ်ကြောင်း စတိဗ် သိပါသည်။ သူသည် လေယာဉ်ပျံ ထားသော ရုံကြီး တစ်ရုံကို ထပ်မံ၍ စစ်ဆေးကောင်း စစ်ဆေးနိုင်ပါလိမ့်မည်။ ကံကောင်းပါက ဒီစီအိတ် လေယာဉ်ပျံကြီး ဆီသို့ အရောက်ပြန် နိုင်ပါလိမ့်မည်။ အဆင့်နှစ် နှင့် အဆင့်သုံး တွေ ရှိနေသေးသည်ဟု သူ ထပ်တွေး လိုက်မိ ပြန်၏။ သို့ရာတွင် စစ်ကူများ ရောက်ရှိလာချိန် အထိ သူတို့ စောင့်နေကြမည် ဆိုပါက ပထမဦးဆုံး သူတို့ အသတ်ခံရပါလိမ့်မည်။



ထိုကိစ္စက သူ့ကို ဆုံးဖြတ်နိုင်စေခဲ့သည်။

ငယ်စဉ်က ရရှိခဲ့သော တိုက်ခိုက်ရေး စွမ်းပကားများကို သူ ပြန်လည် ရရှိလာသည်။ ရှပ်၍ ထိမှန်သော ကျည်ဆန်သံများကို ကြားနေရ သော်လည်း ကျည်ဖူးများသည် သူ့ အနီးအနားသို့ ရောက်ရှိလာခြင်း မရှိပါ။ တိုက်ပွဲသည် ညာဘက် သို့ ရွေ့လျားသွားခဲ့လေပြီ။ သူသည် ရပ်ထားသော ဒီစီအိတ်ဆီသို့ ဦးတည်လိုက်ပြီးနောက် ခါးကို ရှေ့သို့ ကုန်းပြီး မြွေလိမ် မြွေကောက် နည်းဖြင့် စတင်၍ ပြေးလေတော့သည်။ သူ့ထံသို့ ကျည်ဆန် များ ရောက်မလာပါ။ သူက ကိုယ်ကို မတ်တတ် ရပ်၍ တဖြောင့်တည်း စတင်၍ ပြေးလေ၏။

နောက်ထပ် ကိုက် ငါးရာ သွားရပါဦးမည်။

ရှင်ဒလာမတ်ခ်နိုင်း သေနတ်နှင့် အတွဲ လိုက် ပစ်ခတ်လိုက်သော ကျည်ဆန်များက သူ့ မျက်နှာကို လာရောက်၍ လေဟပ် သွားစေခဲ့ကြသည်။

သူသည် ကျည်ဆန် ထိမှန် သွားသကဲ့သို့ လှဲချလိုက်ပြီး ပွဲချင်းပြီး သေသွားသကဲ့သို့ မလှုပ်မယှက် ငြိမ်သက် နေလိုက်သည်။ လောင်းကြေး ထပ်လိုက်ခြင်းပင် ဖြစ်သည်။ သူ့ကို လှမ်းမြင်ပြီး ပစ်ခတ်သူသည် ယခုအချိန်တွင် အခြား တစ်နေရာရာသို့ လှမ်းကြည့်ပြီး ပစ်ခတ်နေပါလိမ့်မည်။

သူသည် ကြိုးစား၍ မတ်တတ် ရပ်လိုက်၏။ သို့ရာတွင် အားအင် ကုန်ခန်း လွန်းလှသောကြောင့် သူသည် အနေ့ပြကွက်ထဲတွင် လှုပ်ရှား နေသလို ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သွားရမည့် အကွာ အဝေး ကိုက်များ ကလည်း လျော့နည်း လာကြသည်။ ၄၅၀....၄၀၀....၃၇၅....

စတိဗ်ကို အိုလီဆီဂမ်က ပထမဦးစွာ စတင်၍ မြင်လိုက်သည်။ သူသည် တွဲဖက်လေယာဉ်မှူး ထိုင်ခုံမှ လူးလဲပြီး ထလိုက်သည်။

'အူဇီ သေနတ်ကိုယူ'

ဖီးလ်ဒင်းက ထိုင်ခုံမှ လူးလဲထရင်း ပြောလိုက်လေ၏။

'သူ ဒဏ်ရာရနေတယ်၊ ကျုပ် သွားခေါ်လာခဲ့မယ်'

'ပစ်မှတ်နှစ်ခု ဖြစ်သွားမှာ ပေါ့ကွ၊ ငါတို့က သူ့ကို ကာပစ် ပစ်ပေး ကြမယ်'

'ဒါနဲ့ ပစ်ရမှာလား'

လေယာဉ် မောင်းနှင်သူ အဖြစ် တာဝန် မထမ်းဆောင်မီက အိုလီဆီဂမ် သည် အိုဟိုင်းယိုး ခြေလျင်တပ်ဖွဲ့တွင် စစ်သား အဖြစ် တာဝန် ထမ်းဆောင် ခဲ့ဖူးသည်။ သူက အူဇီ စက်သေနတ်ကို ဘေးဖယ်ပစ်လိုက်သည်။ အိုလီသည် နောက်ဘက်သို့ အပြေးအလွှား သွားရောက်ပြီး အက်ဖ်အင် ရိုင်ဖယ်နှင့် ကျည်ကပ် နှစ်ခုကို ယူကာ တံခါး တစ်ပေါက်ကို တွန်းဖွင့် လိုက်သည်။

ဘုရင့်လေတပ် မတော်တွင် တာဝန် ထမ်းဆောင်ခဲ့ဖူးသော ဖီးလ်ဒင်းသည် မြေပြင်သုံး လက်နက်များ



အကြောင်း နားမလည်မှုအတွက် ရှက်စိတ်ဝင်သွားပြီး အိုလီဆီဂမ် ပုံစံ အတိုင်း ဆက်လက် ဆောင်ရွက်ရတော့သည်။

'ကျုပ်တို့က ခေါင်းမဖော် စေချင်တဲ့ လူစုက ဟောဟို ဘက်မှာဗျ'

အိုလီက ပြောလိုက်ပြီးနောက် လက်နှင့် မညွှန်ပြတော့ဘဲ အက်ဖ်အင် ရိုင်ဖယ်နှင့် ချိန်၍ အတွဲလိုက် နည်းနည်းစီ နည်းနည်းစီ ပစ်ခတ် နေလေတော့သည်။ ဒေါက်ဂလပ်စ် ဖီးလ်ဒင်း ကလည်း အလားတူ ပစ်ခတ် ပေးနေလေ၏။

ပက်ဂျက်က ချီဝေနေသော မျက်လုံးများနှင့် သူတို့ကို လှမ်းမြင်လိုက်သည်။

သူက ရေရွတ် ပြောဆို လိုက်လေ၏။

'တော်တယ်၊ သူတို့ကို ချီးကျူးနိုင်အောင် ငါလဲ အရောက် သွားချင် သွားနိုင်လိမ့်မယ်'

ကိုက် သုံးရာသာ ကျန်ပါတော့သည်။

ကျန်သော အကွာအဝေးကို သူ မည်သည့်နည်းနှင့် ကျော်ဖြတ် လာခဲ့ကြောင်း သူ မမှတ်မိ တော့ပါ။ သူ ပြန်၍ တစ်ချက် သတိ ရလိုက်သော ကိစ္စမှာ ဖီးလ်ဒင်းနှင့် အိုလီဆီဂမ် တို့က သူ့ အား လေယာဉ်ပျံပေါ်သို့ ဆွဲတင် နေကြခြင်းပင် ဖြစ်သည်။

'ကျုပ်က သူ့ လက်ကို သွေးမလွန်အောင် ကြိုးနဲ့ စည်းပေးမယ်၊ ခင်ဗျားက လေယာဉ်ပျံကို မောင်း တက် တော့ဗျာ' ဟု အိုလီဆီဂမ်၏ ပြောသံကို သူ ကြားလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျည်ကာမှန် တပ်ထားသော ဇိမ်ခံ ကားကြီး သည် တရွတ်တိုက် လျှောပါပြီး ရပ်တန့် သွားတော့သည်။ သူ့နောက်တွင်ကား လေဆိပ်နှင့် မလှမ်းမကမ်းတွင် လှဲ့ကျင့် နေကြသည့် တပ်စုမှ ဘပ်သား များကို တင်ဆောင်လာသော ထရပ်ကား များ ပါလာကြသည်။ မေဂျာဘရှူးစတား ရန်းဒေါသည် ဝေါလ်သား ပီ ၃၈ ပစ္စတိုကို လက်ထဲတွင် ဆုပ်ကိုင်ရင်း ကားထဲမှ ခုန်ထွက်လာသည်။ သူ့ လူများသည်လည်း ထရပ်ကားများထဲမှ ခုန်ဆင်းလာကြသည်။

အဲယားကနေဒါ လေယာဉ်ပျံကြီးသည် ပြေးလမ်းပေါ်မှ တက်စပြုနေလေပြီ။

ရန်းဒေါက ဆဲဆို ရေရွတ် လိုက် ၏။ သူသည် လေယာဉ်ကိုသာ မက လေယာဉ်မောင်း အဖွဲ့သားများကိုပါ ဖမ်းဆီးချင်သူ ဖြစ်သည်။ သမ္မာရင့် စစ်သားကောင်း တစ်ယောက်ဖြစ်သော ရန်းဒေါက အခြေအနေကို ချက်ချင်း သုံးသပ်မိသည်။

'ဖြန့်ပြီး ချီတက်ကြ၊ အဲဒီ ငတိတွေကို နောက်ဘက်က ဝင်ဆော်စမ်း'

သူက သူ့တပည့်များကို ညွှန်ကြားလိုက်သည်။ နောက်ထပ် ငါးမိနစ် ကြာသော အခါ ဂါဒူးမြို့တော်မှ တပ်ခွဲ တစ်ခွဲ ရောက်ရှိလာသည်။ ထိုစစ်သားများကိုလည်း အသုံးချသည်။ စစ်ပွဲသည် လျင်မြန်စွာ ပြီးဆုံးသွားသည်။



'ဒဏ်ရာရတဲ့လူတွေကို အပြတ်ရှင်း၊ လမ်းလျှောက်နိုင်တဲ့ လူတွေကို ငါ့ဆီခေါ်ခဲ့'

တပ်ဖွဲ့အေမှ လမ်းလျှောက်နိုင်စွမ်း ရှိနေသေးသူ တစ်ဆယ့်ငါးယောက် ရှိနေပေသေးသည်။ ထိုပုဂ္ဂိုလ်များ အနက် တစ်ယောက်သည် ၁၉၇၇-၇၈ ခုနှစ်က အီသီယိုးပီးယား အား ဝင်ရောက် တိုက် ခိုက် ရန် ဆိုမာလီ နိုင်ငံက ငှားရမ်းခဲ့သော ကြေးစားစစ်တပ်တွင် ရန်းဒေါ၏ တပ်ရေးဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။

သူက ရှက်ကိုးရှက်ကန်းနှင့် ပြောလိုက်၏။

'ဟဲလို ဘရှူး၊ ကျုပ်ကို မှတ်မိရဲ့လား'

'မမှတ်မိဘူး'

ရန်းဒေါက သူ့ နှလုံး တည့်တည့်ကို သေနတ်နှင့် ပစ်လိုက်ပြီးနောက် ကျန်သော ပုဂ္ဂိုလ် ၁၄ယောက်ကို လှမ်းပြောလိုက်သည်။

'မင်းတို့ကတော့ အဲဒီလောက် ကံကောင်းကြမှာ မဟုတ်ဘူး'

သူက သတင်း ရယူလိုသည်။ သူ့ တပည့်များသည် နှိပ်စက်၍ သတင်းရအောင် မေးမြန်းရာတွင် ပါရဂူမြောက်သူများ ဖြစ်ကြသည်။

နှိပ်စက် ခံရမှုကြောင့် လူဆယ်ယောက် သေဆုံးသွားသည်။ ကျန် လေး ယောက် သည် ဆက်လက် အသက် ရှင်ရဦးမည့် ကျန် အချိန်ပိုင်းတွင် အခြားပုဂ္ဂိုလ်များ၏ အကူအညီ မပါဘဲ နေနိုင်စွမ်းမရှိတော့သည့် ဒုက္ခိတများ ဘဝသို့ ရောက်ရှိသွားကြသည်။ ရန်းဒေါက သူ သိလိုသည့် အချက်အလက်



www.burmeseclassic.com

www.burmeseclassic.com

များကို သိရပြီးသည့် နောက်ပိုင်း တွင် ထိုပုဂ္ဂိုလ် များကိုပါ ဒုက္ခ ငြိမ်းအောင် စီစဉ် ပေးလိုက်လေ တော့သည်။

ကြား ရ သမျှ ကတော့ မယုံနိုင် စရာပင် ဖြစ်နေ သည်။ အ မေရိကန် လူမျိုး ကလိုက်အင်ဒါဆင် ဆိုသူက ဂျီဟန်းအက်ကနာမှ တစ်ဆင့် လူ ခြောက် ဆယ်ကို ငွေ ကြေး အ မြောက် အ မြား ပေး၍ ငှားရမ်းခဲ့သည်။ ဂျီဟန်း အက်ကနာကို ရန်းဒေါ ကောင်းကောင်း သိပါသည်။ ရန်းဒေါ၏ စစ်ဆေး မှုကို ခံရသူ အချို့က ကလိုက်အင်ဒါဆင် သေဆုံး သွားကြောင်း မြင်ခဲ့ရသည်ဟု ထွက် ဆို ကြ သည်။ သို့ရာတွင် သူ့ အလောင်းကို ရှာ မ တွေ့ ကြ ပါ။ အင်ဒါဆင်က သူသည် ဟင်နရီဂါဒူး၏ကိုယ်စားလှယ် ဖြစ်သည်ဟု ကြွေး ကြော် ခဲ့ သည်။ ဟင်နရီဂါဒူးက ကမ်မ်ကို အဖွဲ့အစည်းကို မဝမ်ဒီနိုင်ငံမှ ကန်ထုတ် လိုသောကြောင့် ယခုလို တိုက်ခိုက်သည့် ရည်ရွယ် ချက်မှာ လေယာဉ်ပျံ ဆယ့်နှစ်စီးကို ဖျက် ဆီး ပစ် ရန်ပင် ဖြစ်သည်။ နောက် ပိုင်း တွင် ထိုအဖွဲ့သည် အင်အား ကြီးမားစွာ ဖြည့်တင်း၍ မဝမ်ဒီ နိုင်ငံသို့ ပြန်လာပြီး ဟင်နရီဂါဒူးအတွက် နိုင်ငံကို သိမ်းပိုက် ပေးရမည် ဖြစ်သလို 'ကူ' ဒေသရှိ ရွှေတွင်းများတွင် ထင်သလို လုယက်ခွင့် ပေးထားသည်ဟု ဆိုသည်။

ဟင်နရီဂါဒူး၏ နန်း တော် ရှိ ပန္ဒိုဝီ ကောင်[illegible] (အတိုင်ပင်ခံအဖွဲ့) စည်းဝေးခန်းဆောင်တွင် အရေး[illegible] ပေါ် အစည်းအဝေးကို ခေါ်ယူ ကျင်းပသည်။ မေဂျာ ရန်းဒေါက အယ်လီဆန်ကရိုက်၍ ဟင်နရီ ဂါဒူး၊ လောရင့်ဟော့ပါးနှင့် အက်ဒဝပ်ဒီဘာရီးစ်တို့ ပါဝင်သော ထိတ်ထိတ် လန့်လန့် ဖြစ်နေကြသည့် လူစုကို အစီရင်ခံလိုက်သည်။

'အင်ဒါဆင်က ငွေနဲ့ပေါက်ပြီး အယုံသွင်းခဲ့တာ'

အယ်လီဆန်က ကျောရိုးထဲက စိမ့်လာအောင် ဖြစ်ပေါ်လာသော သံသယကြောင့် ကြားဖြတ်၍ မေးလိုက်၏။

'အဲဒီ အင်ဒါဆင်ရဲ့ ပုံပန်း သဏ္ဍာန်ကို ရှင် သိသလား'

'သိပါတယ်၊ အရပ်က ခြောက်ပေကျော် အထိ မြင့်တယ်၊ ဆံပင်က ရွှေရောင်၊ မျက်လုံးက စိမ်းပြာ ရောင်'

'ပက်ဂျက်ဗျ'

လယ်ရီဟော့ပါးက အော် ပြောလိုက်သည်။

အယ်လီဆန် အန်ချင်စိတ် ဖြစ်ပေါ်လာသည်။ စတီဖင်ပက်ဂျက်ကို ဗွီအိုင်အီးက ကန်ထုတ်လိုက်ခြင်း မဟုတ်ပါ။ သူ အပန်းဖြေ ခရီး ထွက်နေတာလည်း မဟုတ်ပါ။ သူသည် ဘာဆိုတိုသို့ သွား ရောက်ပြီး တိုက်ခိုက်ရေး အတွက် အစီအစဉ် ပြုလုပ်၍ သူ ကိုယ်တိုင် ခေါင်းဆောင်ခဲ့သည်။ အယ်လီဆန်၏ [illegible]း တစ်ချက် ရပ်တန့် သွား သည်။ ချားလ်စ် [illegible]င်းဖီးလ်ကို လုပ်ကြံမည်ဆိုသော ကိစ္စမှာ ဟုတ်မှန် [illegible]ခဲ့လား။ မုသာဝါဒ တစ်ခုပဲ ဖြစ်လေမလား။ အယ်လီဆန်အနေနှင့် မုသား စကားပါဟု စွပ်စွဲ [illegible]စား လက်ခံရဲပါ့မလား။

ရန်းဒေါက ဆက် အစီရင်ခံလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

'နက်ဖြန်ခါမှာ ဂါလာကို သွားပြီး တိုက်ခိုက်ဖို့ သတ်မှတ်ထားတဲ့ ဗင်ဒီကေတာ လေယာဉ်ပျံ နှစ်စီးထဲက တစ်စီး အပါအဝင် လေယာဉ်ပျံ ရှစ်စီးကို သူတို့က ဖျက်ဆီး ပစ်ခဲ့ကြတယ်'

ဂါဒူးက အာခေါင်သံကြီးနှင့် ပြောလိုက်သည်။

'ပျက်စီး ဆုံးရှုံးတာတွေကို ချက်ချင်း ပြန်ဖြည့်ပေးရမယ်'

'ဖြည့်ပေးမှာပါ'

အယ်လီဆန်က ပြောလိုက်၏။ မည်မျှ မည်မျှ ကုန်ကျသည် ဖြစ်ပါစေ၊ သူတို့ကတော့ ပြန်လည်ဖြည့်တင်း ရပေလိမ့်မည်။ ဤအစည်းအဝေး ပြီးဆုံးပါက သူ ပထမဦးဆုံး ဆက်သွယ်မည့် ပုဂ္ဂိုလ်မှာ ချားလ်စ် ကင်းဖီးလ်ပင် ဖြစ်ရပါမည်။ သူ ဒုတိယ ဆက်သွယ်မည့် နေရာမှာ လာဖ်တန် လေယာဉ်ပျံ ကုမ္ပဏီပင် ဖြစ်ပြီး အယ်လီဆန်က ဈေးနှုန်း၏ သုံးဆ သို့မဟုတ် လေးဆကို ပေးတော့မည် သာ ဖြစ်သည်။ သို့တည်းမဟုတ် အာဂျင်တီးနား နိုင်ငံမှ ပူကာရားစ် လေယာဉ်ပျံ သို့မဟုတ် အစ္စရေးနိုင်ငံမှ ဖားစ် လေယာဉ်ပျံ သို့မဟုတ် ဘရာဇီးလ် နိုင်ငံ အင်ဘရေယာ ကုမ္ပဏီမှ ဇာဗန်တီး လေယာဉ်ပျံ စသည့် အခြား လေယာဉ်ပျံများကို ဝယ်ယူရပေလိမ့်မည်။ မည်သို့ မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို လေယာဉ်ပျံ ရောင်းသူများက သိကြမည် ဖြစ်သဖြင့် မတန်တဆ ဈေးနှုန်းများကို တောင်းခံကြပေလိမ့်မည်။ သို့ရာတွင် သူတို့က အသင့် တပ်ဆင်ပြီး ဖြစ် သည် သာ မက လက်နက် တပ်ဆင်၍ တိုက်ခိုက်ရန် “ အ ဆင် သင့်



ဖြစ်နေသော လေယာဉ်ပျံများကို ပို့ပေး ကြပါလိမ့်မည်။ ဝင်းအပြင် အီးယူစီ ခေါ် နောက်ဆုံး သုံးစွဲသည့် ပုဂ္ဂိုလ်၏ သက်သေခံ လက်မှတ်ကို ပေးပါဟု တောင်းချင်မှ တောင်း ပါလိမ့်မည်။ သူက သူ့ ... ကူးကို အစည်းအဝေးမှ အမျိုးသားများအား ... ပြောပြ လိုက်ပြီးနောက် ဟင်နရီဂါဒူးအား

'ဆုံးရှုံးမှုတွေကို ရက်ပိုင်း အတွင်း အစားထိုးပေးဖို့ ကျွန်ုပ်မ တာဝန် ယူပါတယ်' ဟု ကတိပေးလိုက်လေ၏။

အက်ဒဝပ်စ်ဒီဘရီးစ်သည် လည်ချောင်းရှင်းလိုက်ပြီးနောက် ကြေငြာလိုက်သည်။

'ကျုပ်တို့က နက်ဖြန်ခါ ဆောင်ရွက်မယ့် အစီအစဉ်ကို ဖျက်ပစ်ရလိမ့်မယ်'

အယ်လီဆန်က ဝေါက်လိုက်သည်။

'မဖျက်ဘူး၊ ဒီကနေ့ တမင်သက်သက် ရန်စတိုက်ခိုက်လာမှုအတွက် လက်တုံ့ပြန်နိုင်ခွင့် ရှိတယ်'

'ဒါပေမယ့် လေယာဉ်ပျံ တစ်စီးတည်းနဲ့'

'ဒီတော့ ဘာဖြစ်သလဲ၊ ဗင်ဒီကေတာ လေယာဉ်ပျံ ... ယှဉ်နိုင်တဲ့ လေယာဉ်ပျံ သူတို့ဆီမှာ မရှိဘူး၊ ... ရင် သူတို့က တိုက်ခိုက်နိုင်တဲ့ လေယာဉ်ပျံတွေကို ... တ်ပြီး ဗုံးကြဲခိုင်းမှာပေါ့၊ စက်သေနတ်နဲ့ ပစ်ခိုင်းမှာပေါ့၊ အခုတော့ သူတို့က အရပ်သား လေယာဉ်ပျံ ... မှာ အကြမ်းဖက်သမား တွေကို တင်လာလိုက် ... လေ'

ဟော့ပါးက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'နိုင်ငံတကာ ဥပဒေကို ဆိုးဆိုးရွားရွားချိုးဖောက်လိုက်တာပဲ'

ထို့နောက် သူက ဒီဘာရီးစ်အား ပြုံးဖြီးဖြီးနှင့် ပြောလိုက်ပြန်သည်။

'အက်ဒဝပ်၊ ခင်ဗျားက တရားမျှတမှုနဲ့ အမှန်တရားအတွက် မစ်(စ်)က ရိတ်ချ် ပြောသလို ဝင်တိုက်ရလိမ့်မယ်၊ ခု ကိစ္စက အင်မတန် လွယ်ကူမှာပါ'

ဘရှုးရန်းဒေါကလည်း ဝင်တွယ်လိုက်ပြန်၏။

'ဗုံးနဲ့လဲ ကြဲပေါ့ဗျာ၊ အေတူး လေယာဉ်ပျံတွေဟာ ပေါင်လေးငါးရာ လေးတဲ့ဗုံးရှစ်လုံး သယ်သွားနိုင်တယ်လို့ ကျုပ် ကြားဖူးတယ်'

ဒီဘာရီးစ် သွေးဆုတ်ပြီး ဖြူရော်ရော် ဖြစ်သွားသည်။

'အင်း အလေးချိန်ပါရင် နှေးသွားလိမ့်မယ်'

သူသည် ပုံမှန် အနေအထားသို့ ပြန်ရောက်လာသည်။

'ဒါပေမယ့် အင်မတန်ကောင်းတဲ့ အကြံဉာဏ်ပါ၊ ကျုပ်က ဗုံးကြဲတဲ့နေရာမှာ သိပ် အတွေ့အကြုံ မရှိ... ပေမယ့် ကျုပ်တပည့် အချို့ကတော့ အင်မတန်တော်... တဲ့ လူတွေပါ၊ ကျုပ်က လေယာဉ်ပျံမောင်းဖို့ အ... ကောင်းကောင်းကို ရွေးပေးလိုက်ပါ့မယ်'

ဂါဒူးက ဝင်ဟောက်လိုက်သည်။

'လေယာဉ်ပျံကို ခင်ဗျားကိုယ်တိုင် မောင်းရမယ်'

ဂါဒူးက ရန်းဒေါဘက်သို့ လှည့်လိုက်လေ၏။

'လေဆိပ်မှာ ဖြစ်တဲ့ ကိစ္စက ကျုပ်တို့ရဲ့ ရန်... တွေကို အတင့်ရဲလာ စေလိမ့်မယ် မေဂျာ၊ နယ်...



တစ်လျှောက်မှာရှိတဲ့ ကျုပ်တို့ရဲ့ ကြည်းတပ်တွေကို ခပ်မြန်မြန် အားဖြည့်ထားပါ'

'ကျုပ် စီစဉ်ပြီးပါပြီ၊ နက်ဖြန်ခါ မနက်မိုးသောက်ချိန်မှာ ကာကွယ်ရေး တပ်နဲ့ အင်အက်စ်တီ တပ်ရင်းလေးရင်းဟာ ကင်းနားရက် အမြောက်တပ် တစ်တပ်နဲ့ အတူ နယ်စပ်ကို ထွက်ခွာသွားကြပါလိမ့်မယ်'

'ခင်ဗျားရဲ့ တပ်သားတွေကရော'

ဟင်နရီဂါဒူး ထိတ်လန့်နေကြောင်း သူသိလိုက်သည်။ သူက ဟင်နရီဂါဒူး ကြားလိုသော အဖြေကို ပေးလိုက်သည်။

'သူတို့က ဂါဒူးမြို့တော်နဲ့ လေဆိပ်မှာ စုစုစည်းစည်းနဲ့ ရှိနေကြပြီး သမ္မတကြီးရဲ့ အစိုးရအဖွဲ့နဲ့ ဂါဒူးမြို့တော်ကို အများဆုံး အကာအကွယ်ပေးကြပါလိမ့်မယ်'

'ကမ်မ်ကိုပိုင် ပစ္စည်းတွေနဲ့ ဝန်ထမ်းတွေအတွက် မဟုတ်ဘူးလား'

သံတမန် တစ်ဦး မဟုတ်သော မေဂျာရန်းဒေါ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ ပျားရည်နှင့် ဝမ်းချဖို့ ကိစ္စမှာ အယ်လီဆန်၏ အလုပ်ဖြစ်သည်။

'သမ္မတကြီးရဲ့ အစိုးရအဖွဲ့နဲ့ ကမ်မ်ကိုတို့မှာ တူညီသော ရည်မှန်းချက်များ ရှိကြပါတယ်၊ အဲဒီနှစ်မျိုးဟာ တစ်ခုနဲ့တစ်ခု အကျိုးပြုနေကြတဲ့အပိုင်းအစတွေ ဖြစ်ပါတယ်၊ အဲဒီ အပိုင်းအစ တစ်ခုစီကို အကာအကွယ် ပေးထားမှသာ တစ်ခုလုံး မပြိုကွဲမှာ ဖြစ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

'လေဆိပ်မှာ ခင်ဗျားရဲ့လူ ဘယ် နှစ် ယောက် ဆုံးရှုံးခဲ့ရသလဲ မေဂျာ'

'ဆယ့်တစ်ယောက်သေဆုံး၊ ဆယ့်ခြောက်ယောက် ပြင်းထန်စွာ ဒဏ်ရာရသွားကြပါတယ်'

ဟင်နရီဂါဒူး အနည်းငယ် စိတ် ပြေ ပျောက် သွားသည်။ လူဖြူကြေးစား စစ်သားများသည် သူနှင့် ကမ်မ်ကိုတို့အတွက် တိုက်ခိုက်ရင်း သေသူကသေခဲ့ကြ သလို ဒဏ်ရာလည်း ရခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ လူဖြူအချင်းချင်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြ ခြင်းသာ ဖြစ်သည်။ သူက မေးလိုက်၏။

'လူဖြူ အကြမ်းဖက်သမား ခြောက်ဆယ် သေ သတ်ခဲ့လား'

'ခြောက်ဆယ် အတိအကျပါပဲ၊ သူတို့ အားလုံး သေကုန်ကြပါပြီ'

'အဲဒီ အလောင်းတွေကို ကျုပ်တို့ ကြည့်ချင်တယ်'

ဘာရူးရန်းဒေါက ထိုကဲ့သို့ မေတ္တာရပ်ခံလာလိမ့် မည်ဟု ကြိုတင်၍ သိထားခဲ့သည်။

'လေဆိပ် ကြမ်းပြင်ပေါ်မှာ သမ္မတကြီး ကြည့် နိုင်အောင် စီစဉ်ထားပါပြီ'

အယ်လီဆန့်မျက်နှာ ဆွတ်ဆွတ်ဖြူသွားသည်။

'ခု ချက်ချင်း ကျုပ်တို့ လေဆိပ်ကို သွားကြမယ်'

ဟင်နရီဂါဒူးသည် ပလ္လင်နှင့် တူသော ကုလားထိုင် ပေါ်မှ ထရင်း

'မစ်(စ်)ကရိတ်ချ်၊ ခင်ဗျားလဲ ကျုပ်တို့နဲ့အတူတူ လိုက်ခဲ့မယ် မဟုတ်လား'



အယ်လီဆန်က မူးမေ့မသွားအောင် ကြိုးစား၍ ထိန်းလိုက်ရသည်။

'ကျွန်မမှာ အချိန်ပိုမရှိပါဘူး၊ ကျွန်မမှာ တယ်လီ ဖုန်းတွေဆက်ဖို့ ရှိနေပါတယ်'

အယ်လီဆန် မတ်တတ် ရပ်လိုက်ရာ ယိုင်သွား သဖြင့် ကိုယ်ကို ပြန်မတ်လိုက်ရသည်။

ထိုအနေအထားကို သတိထားမိသော ဟော့ပါးက အယ်လီဆန်ကို ရည်ရွယ်၍ စောင်းချိတ်ပြီး ပြော လိုက်သည်။

'အဲဒီလေဆိပ်မှာရှာကြည့်လိုက်မယ်ဆိုရင် ပျောက် နေတဲ့ ကလိုက်အင်ဒါဆင် ခေါ် စတီဖင်ပက်ဂျက်ရဲ့ အလောင်းကို တွေ့နိုင်စရာ ရှိပါတယ်'

သွေး လေ ချောက် ချားပြီး အ ထိတ် တ လန့် ဖြစ်သွားလိမ့်မည်ဟု သူ့ တွေးထင်ချက်မှာ အလဟဿ ဖြစ်ခဲ့ရသည်။ အယ်လီဆန်က အေးစက်စက် လေသံနှင့် ပြောလိုက်လေ၏။

'ရှင် ရှာလို့ တွေ့ခဲ့ရင် ကျွန်မကို ပထမဦးဆုံး အသိပေးပါရှင်'

## ၄၈

စတိဗ်သည် အတော် ခပ်များများ သွေးလွန်သွားခဲ့ သည့်အပြင် သူ့ ဘယ်ဘက် လက်မောင်းကို ဖောက်



www.burmeseclassic.com

www.burmeseclassic.com

တွင်းသွားသော ကျည်ဆန် ဒဏ်ရာက မခံ မရပ်နိုင်သောက်အောင် နာကျင်စေခဲ့သည်။ ဒဏ်ရာက သူ့လက်မောင်းအား လှုပ်ရှား၍ပင် မရစေခဲ့ပါ။ သို့ရာတွင် သူ အသက် ရှင်နေခဲ့ပါ၏။ အဲယား ကနေဒါ ကုမ္ပဏီမှ လေယာဉ်ပျံ အယောင် ဆောင်ထားသော ဒီစီ အိတ် လေယာဉ်ပျံ ဂါလာ လေဆိပ်သို့ ဆင်းသက်အလာတွင် လေယာဉ်ပျံပေါ်သို့ တက်ရောက်လာကြသော ဆရာဝန်များ အဆိုအရ စတိဗ်သည် အသက်ရှင်နိုင်ခွင့် ရှိသည့် အခွင့်အရေးထက် ပို၍ အသက်ရှင်နေခဲ့ခြင်း ဖြစ်သည်။ ဒေါက်ဂလပ်စ် ဖီးလ်ဒင်းနှင့် အိုလီဆီဂမ်တို့က ဆေးအဖွဲ့များ၏ အကူ အညီကို ရေဒီယိုနှင့် ကြိုတင်၍ တောင်းခံခဲ့သောကြောင့် အီယန်ဘလိတ်နှင့်အတူ ဆရာဝန်များက လေဆိပ်မှ စောင့်နေကြခြင်း ဖြစ်သည်။

ဆရာဝန်များသည် အမေရိကန် နိုင်ငံတွင် ပညာသင်ကြားခဲ့သော ဘိုဆိုတန့်လူမျိုး လူမည်း ဆရာဝန်များ ဖြစ်ကြသည်။ ဝေဒနာကို ခံစားနေရကြောင်း ဝန်မခံဘဲ ဆေးကုသည့် အခါ တွင် လည်း မ ဖြစ်စလောက် ကုသမှုကိုသာ ပြုလုပ် ပေးပါဟု စတိ ပြောဆိုနေသော စတိဗ်ကို အံ့သြနေကြသည်။ အသိသိပ်မထွက်သော်လည်း ဦးနှောက် ကြည်ကြည်လင်လင် ရှိနေသော စတိဗ်က မည်သည့် ဆရာဝန်မှ လက်ခံနိုင်ဖွယ်ရာ မရှိသော ကုသနည်းနှင့် ကုသ ပေးရန် တောင်းဆိုနေသည်။

'သူ့ ဒဏ်ရာကို ဆေးကြော သုတ်သင်ပြီး ပတ်တီးနှင့် စည်းပေးပါ၊ ဆုံးရှုံးသွားသော သွေးများအတွက်



သွေး ပြန်သွင်းပေးပါ၊ အားအင် ပြည့်ဖြိုးစေမည့် ဆေးဝါး မှန်သမျှကို ရနိုင် သလောက် အမြောက်အမြား သွင်းပေးပါ၊ တစ်ညနေခင်းနှင့် တစ်ညကို အိပ်ပျော်သွားအောင် အိပ်ဆေးကျွေး၍ သိပ်ပေးပါ၊ ထို့နောက် ဝ၆း၀၀ နာရီတွင် ဆေးရုံမှ ဆင်းခွင့်ပေးပါ'ဟု ဆိုနေသည်။

'မဖြစ်နိုင်ဘူး၊ ရှူးတာပဲ ဖြစ်ရမယ်၊ မည်သို့မှ တာဝန် မယူနိုင်'ဟု ဆရာဝန်များက ကန့်ကွက်နေကြသည်။ ဆေးရုံပေါ်တွင် အနည်းဆုံး တစ်ပတ်နေရမည်။ ပြီးတော့ နာလန် ထအောင် တစ်ပတ် အနားယူရမည်ဟု ဆိုကြသည်။ သို့မဟုတ်ပါက....

'သို့မဟုတ်ပါက...ဆိုတာတွေကို ဘေးချိတ်ထားလိုက်စမ်းပါ၊ သူတို့ကို အမိန့်ပေးလိုက်ပါ အီယန်'

ဘလိတ်က ခပ်အင်အင် တိမ်းရှောင်လိုက်သည်။

'ဝမ်းနည်းပါတယ် ကိုယ့်လူ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတဲ့ ကိစ္စထဲမှာ ကြံရာပါမဖြစ်ချင်ဘူး'

'ခင်ဗျားအမိန့်ပေးမှ ဖြစ်မယ်၊ အဆင့်နှစ်၊ အဆင့်သုံးတွေ ရှိသေးတယ်'

'ကျန်နေတဲ့ ကျုပ်တို့က ဆက်လုပ်သွားမှာပေါ့'

'ဒီလူတွေကို အမိန့် ပေးလိုက်စမ်းပါ'

ဒဏ်ရာ ရနေသော စတိဗ်၏ လေသံတွင် ခြိမ်းခြောက်သံ သာမက သြဇာတိက္ကမလည်း ပါဝင်နေသည်။ မည်သူ့ အား ခြိမ်းခြောက်နေသည်ဟု အတပ်မပြောနိုင်သော်လည်း စတိဗ်၏ ညွှန်ကြားချက်ကို လိုက်နာရလိမ့်မည်သာ ဖြစ်သည်ဟု အီယန်ဘလိတ်



www.burmeseclassic.com

www.burmeseclassic.com

နားကည်လိုက်သည်။ အင်မတန်ခေါင်းမာသော စတိဗ်သည် သူ တောင်းဆို ထားသော မဖြစ် စလောက် ဆေးကုသခံရမှုကို မရဘဲနှင့်ပင် ဇွတ်လုပ်မည့်ပုဂ္ဂိုလ် ဖြစ်သည်။

အီယန်က ပြောလိုက်၏။

'သူ့ ညွှန်ကြားချက်အတိုင်း လိုက်နာကြပါ၊ ကျုပ် ရာနှုန်းပြည့် တာဝန်ယူတယ်'

ဘာဆိုတို့တွင်ရှိသော ဗွီအိုင်အီး ကုမ္ပဏီ၏ ဌာနအကြီးအကဲ အနေနှင့် သူသည် ဆရာဝန်များကိုပင် အမိန့်ပေးနိုင်သူ ဖြစ်ပါသည်။

မေ့ဆေးသုံး၍ ဒဏ်ရာကို ဆေးကြောသန့်စင်ပြီး သေနတ်ကျည်ဆန် ဒဏ်ရာကို တတ်နိုင် သလောက် ဆေးထည့်ပေးကြသည်။ မေ့ဆေးက အစွမ်းမပြခင် ပက်ဂျက်က နောက်ထပ် ညွှန်ကြားချက် တစ်ခုကို အီယန်အား ဗလုံးဗထွေး ပြောလိုက်သည်။

'ဂပ်စ်ကို ပြောလိုက်ပါ၊ ကျုပ် သတိရလာတဲ့အခါကျရင်၊ သူ ကျုပ်အိပ်ရာနားမှာ ရှိနေစေချင်တယ်၊ သူ့ဆေးတွေကိုလဲ အားလုံး ယူခဲ့ပါလို့ ပြော'

'ဘုရားသခင် ကယ်တော်မူပါ'

အီယန်ဘလိတ်က တအံ့ တသြ ပြောလိုက်၏။ သို့ရာတွင် စတိဗ် မကြားတော့ပါ။ သူ သတိလစ် သွားခဲ့လေပြီ။

အယ်လီဆန်ကရိတ်ချ်ထံမှ သတင်းရရှိပြီး နောက်ပိုင်းတွင် ချားလ်စ်ကင်းဖီးလ်က စီစီအိုင်ကုမ္ပဏီ၏ ပြည်သူ့



ဆက်ဆံရေးနှင့် ဆက်သွယ်ရေး ဌာနကို အစွမ်းကုန် ကြိုးစား၍ ဝါဒ ဖြန့်ခိုင်းလိုက်သည်။ သူကိုယ်တိုင်သည်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး စတူးဝပ် ဘလက်ဆင်ဂိမ်းထံ တယ်လီဖုန်း ဆက်လိုက်သည်။ ထိုကဲ့သို့ ပြင်းပြင်းထန်ထန် ကြိုးပမ်းခဲ့သောကြောင့် ရရှိလာသော ရလဒ်မှာ ခရေတို အကျပ်အတည်းကို ရေရှည်အကျိုးထူးမှု အဖြစ် ပြောင်းလဲပစ်နိုင်ခဲ့သောကြောင့် ကင်းဖီးလ် အတွက် အလွန် ကျေနပ် စရာ ဖြစ်ခဲ့ရပါသည်။ စာနယ်ဇင်း လောကက 'ငြိမ်းချမ်းစွာ နေထိုင်သော နိုင်ငံ တစ်နိုင်ငံအား ဗြောင် ကျူးကျော်စော်ကားမှု'နှင့် 'နိုင်ငံတကာ ဓားပြတိုက်မှု' ဟု ခေါင်းစဉ်တပ်၍ ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ဝင်ရောက်တိုက်ခိုက်သော အင်အားကိုလည်း 'လူနှစ်ရာကျော်' ရှိသော ကြေးစား အကြမ်းဖက်သမားများဟု ပုံကြီးချဲ့ခဲ့ကြသည်၊ ထိုပုဂ္ဂိုလ်များအား လက်တစ်ဆုပ်စာမျှသာ ရှိသော ရဲဝံ့သည့် ခုခံ ကာကွယ် သူ များက မျိုးပြုတ်အောင် မဖြုတ်နိုင်ခင် ၎င်းတို့က ဂါဒူးမြို့တော်၏ အရပ်သား လေဆိပ်ကို ဆိုးဆိုး ရွားရွား ဖျက်ဆီးခဲ့ကြသည် သာမက လူပေါင်း များစွာကိုလည်း သတ်ဖြတ်ခဲ့ကြသည်ဟု ဖော်ပြခဲ့ကြလေသည်။

ထို တိုက်ခိုက်မှုသည် သူရဲဘော ကြောင်သော ကောက်ကျစ်စဉ်းလဲသည့် တိုက်ခိုက်မှုဖြစ်ပြီး အကြမ်းဖက်သမားများသည် အဲယားကနေဒါ ကုမ္ပဏီပိုင် တံဆိပ်အတု တပ်ဆင်ထားသော အရပ်ဘက်ခရီးသည် လေယာဉ်ပျံ တစ်စီးနှင့် မဝဒ်ဒီနိုင်ငံထဲသို့ ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြခြင်း ဖြစ်ကြောင်း၊ ထိုကိစ္စတွင် ဘာဆို တန် အစိုးရသည် နောက်ကွယ်မှ ပါဝင်နေသည်ဟု ယုံကြည်ဖွယ် ရှိကြောင်းဖြင့် မဝမ်ဒီနိုင်ငံမှ အရာရှိများက ဝမ်းနည်းစွာ ပြောဆိုကြကြောင်း ဖော်ပြခဲ့ကြလေသည်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဘလတ်ဆင်ဂိမ်းကလည်း ကမ္ဘာ့ ကုလသမဂ္ဂက အင်တိုက်အားတိုက် ဝင်ရောက် စုံစမ်းသင့်ကြောင်း လူသိရှင်ကြား ထုတ်ဖော် ပြောကြားလိုက်သည်။ အိမ်ဖြူတော်မှ သတင်းကြားရေးမှူးချုပ် ဝိုလ်စကီက သမ္မတကြီး ဂျော့ချ်လိုဂင်သည် ထိုဖြစ်ရပ် အတွက် စက်ဆုပ်ရွံရှာမှု ဖြစ်ပွားခဲ့သလို ထိတ်လန့်တုန်လှုပ် သွားခဲ့ကြောင်း၊ သမ္မတကြီးက ထို အဖြစ် အပျက်သည် 'ပါးလ်ဟာဗာ' အသေးစား ဖြစ်သလို ထိုကိစ္စဖြစ်ပေါ်လာအောင် သွေးထိုးလှုံ့ဆော်သူ များကို အပြင်းထန်ဆုံး အရေးယူသင့်သည်ဟု မှတ်ချက်ချကြောင်း ပြောဆိုခဲ့လေသည်။

ဘရာဇီး နိုင်ငံမှ ပြည်သူပိုင် အင်ဘရေယာ ကုမ္ပဏီရုံးချုပ်တွင် အထူးတလည် ပျော်ရွှင် ဝမ်းမြောက်နေကြသည်။ လက်နက် ရောင်းဝယ်သော လောက တယ်လီဖုန်းလမ်းညွှန် စာအုပ်ကို အသုံးပြု ကာ လိုက်လံ စုံစမ်းနေသကဲ့သို့ တစ်နေရာပြီး တစ်နေရာ ဆက်သွယ်စုံစမ်းနေသော အယ်လီဆန်ကရိုတ်ချ်သည် လာဖ်တန် လေယာဉ်ပျံ ထုတ်လုပ်ရေး ကုမ္ပဏီနှင့်



ဆက်သွယ် စုံစမ်းခဲ့ရာ လေယာဉ်ပျံ အဆင်သင့်မရှိကြောင်း သိရတော့သည်။ အစ္စရေးနိုင်ငံမှ လေယာဉ်ပျံကုမ္ပဏီကလည်း အဆင်သင့်ဖြစ်နေသော လေယာဉ်ပျံများအတွက် မတန်တဆ စျေးနှုန်းများကို တောင်းခံကြသည်။

တယ်လီဖုန်းနှင့် တတိယအကြိမ် ဆက်သွယ်စုံစမ်းသော အင်ဘရေယာ ကုမ္ပဏီတွင် 'ဇင်ကူ'အမောင်းသင် လေယာဉ်ပျံ ၁၅ စီး အဆင်သင့် ရှိနေသည်။ ထိုလေယာဉ်ပျံများသည် လာဖ်တန် အေတူး ဗင်ဒီဟာတာနှင့် မရိုးမစွဲလိုက်သော လေယာဉ်ပျံများ ဖြစ်ကြသလို အဆင်သင့် မောင်းနှင် တိုက်ခိုက်နိုင်သည်သာမက လက်နက် တပ်ဆင်ပြီးလည်း ဖြစ်ပါသည်။ ထိုလေယာဉ်ပျံများကို အီရတ်နိုင်ငံက မှာကြားခဲ့ခြင်း ဖြစ်ပြီး နောက်ဆုံး အချိန်ကျမှ ပယ်ဖျက်ခဲ့သောကြောင့် စာချုပ်စည်းကမ်းအရ ငါးဆယ်ရာခိုင်နှုန်းကို လျော်ကြေး ရရှိရန် အရေးဆိုနေ ဆဲလည်း ဖြစ်သည်။

တိုက်ပွဲဝင် လေယာဉ်ပျံအဖြစ် ပြုပြင်ပြောင်းလဲထားသော ဇင်ကူ လေယာဉ်ပျံ တစ်စီးကို ဒေါ်လာ ၂.၇ သန်းနှင့် ရောင်းချလေ့ ရှိသည်။ အင်ဘရေယာ ကုမ္ပဏီသည် တစ်စီးလျှင် ၃ သန်း ပေးမည်ဆိုသော အယ်လီဆန် က ရိုတ် ချ် ၏ ကမ်း လှမ်း ချက် ကို ဝမ်းမြောက် ဝမ်းသာစွာ လက်ခံလိုက်ပြီးနောက် အမြန်ဆုံး ပို့ပေးမည်ဟု အာမခံလိုက်သည်။ တောင်အမေရိကတိုက်နှင့် အာဖရိကတိုက် အကြားရှိ သမုဒ္ဒရာမှာ မိုင် ၂၀၀၀ ပင် မပြည့်တတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

အတောင်ပံ ထိပ်ဖျားတွင် တပ်ဆင်ထားသော အပ ခေတ်ဆီ တိုင်ကီများကြောင့် ဇင်ကူလေယာဉ်ပျံသည် ဘရာဇီး နိုင်ငံရှိ ရီစိုက်ဖီမြို့မှ အိုင်ဗရီကို့စ် နိုင်ငံ အဘစ်ဂျန်သို့ တစ်ဆက်တည်း ပျံသန်းလာနိုင်သလို ထိုနေရာမှ ဂါဒူးမြို့တော်သို့ ဆက်လက် ပျံသန်းလာ နိုင်စွမ်း ရှိပါသည်။

ပထမ လေယာဉ်ပျံ သုံးစီးသည် လေးဆယ့်ရှစ် နာရီအတွင်း ထွက်ခွာလာကြမည် ဖြစ်သလို လေယာဉ် ဆယ့်ငါးစီးစလုံးကို တစ်ပတ်အတွင်း ပို့ပေးမည် ဖြစ်ပေသည်။

အီဂျစ်နိုင်ငံက စာချုပ်ကို ရုပ်သိမ်းလိုက်သော ကြောင့် အင်ဘရေယာ ကုမ္ပဏီသည် ငါးဆယ်ရာခိုင် နှုန်း ဆုံးရှုံးရမည့် အစား ပွဲပေါက် အသေးစား ကလေးနှင့်ပင် တိုးခဲ့ရပါသေးသည်။

မိုက်ကယ် ဗိုစလာသည် ပထမဦးဆုံး လွှင့်ထုတ် သော သတင်းများကို ကြည့်ရှု နားထောင် ခဲ့သည် တယ်လီဗွီးရှင်း ကုမ္ပဏီများတွင် ဂါဒူး မြို့တော် လေဆိပ်မှ အဖြစ်အပျက်ကို ရုပ်သေရုပ်ရှင် ရိုက်ကူး ထားသော ခေတ်ပုံဖလင်များ မရှိကြပါ။ ထိုကုမ္ပဏီ များသည် မဝမ်ဒီနှင့် ပတ်သက်၍ စုဆောင်းသိမ်း ထားသမျှထဲမှ ထုတ်နုတ်၍ အသံလွှင့်နေ ကြခြင်း ဖြစ်သည်။

အဆိုပါ သတင်းများသည် စိစီအိုင် ကုမ္ပဏီ ဖြန့်ဝေသော လက်ကမ်း စာစောင်များ ပေါ်တွင်



အခြေခံ၍ မမှန်မကန်ရေးသားထားခြင်း ဖြစ်ကြောင်း မိုက်ကယ်ဗိုဂလာ သိပါသည်။ ထိုကြောင့် ဆက်သွယ် ရေး ဂြိုဟ်တုမှ တစ်ဆင့် ဂါလာ မြို့ တော် ဆီ သို့ သူကိုယ်တိုင် တယ်လီဖုန်းနှင့် ဆက်သွယ် လိုက်သည်။

ဟတ်ရှ်က ပြောလိုက်၏။

'ဆောရီးပဲ မိုက်ရယ်၊ ခု လော လော ဆယ် မှာ ဘိဗိုနဲ့ ဆက်သွယ်လို့မလွယ်ဘူး၊ နက်ဖြန်ခါကျရင်လဲ ဆက်သွယ်လို့ ရဦးမှာ မဟုတ်ဘူး'

'ချီးမှပဲ၊ သူဘယ်မှာလဲ၊ အီယန်ကော ဘယ် မှာလဲ'

'သူတို့က တပ်ဖွဲ့ ဘီကို နောက် ဆုံး မှာစရာ ကိစ္စလေးတွေ သွားမှာနေကြတယ်'

ထိုကိစ္စမှာ တစ်ဝက်တစ်ပျက်ကိုသာ လိမ်ညာ၍ ပြောခြင်း ဖြစ်သည်။ ဘလိတ်သည် တပ်ဖွဲ့ ဘီနှင့် အတူ ရှိနေသည်။ စတိဗ်ပက်ဂျက်ကမူ အကြောထဲမှ တစ်ဆင့် သွင်းပေးနေသော အားဆေး ပုလင်းမျိုးစုံ ချိတ်ဆွဲလျက် ဆေးရုံပေါ်တွင် အိပ်ဆေး တန်ခိုးနှင့် အိပ်ပျော်နေသည်။ ထိုကိစ္စကိုတော့ မိုက်ဗိုဂလာအား အသိပေး၍ မဖြစ်ပါ။

'ဒါဆိုရင် ဒီကနေ့ ဘာတွေ ဖြစ်ပျက်ခဲ့တယ် ဆိုတာ မင်းက ငါ့ကို အမှန်အတိုင်း ပြောပြစမ်း'

ချက်ကောဟတ်ရှ်သည် ဒေါက်ဂလပ်စ်ဖီးလ်ဒင်း နှင့် အိုလီဆီဂမ်တို့ ပြောပြခဲ့သမျှကို စတိဗ် 'ဒစ်ရာ ခဲ့သည် ဆိုသော အချက်ကလွဲ၍ လုံးစေ့ပတ်စေ့ ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အခြား သေဆုံးသူများ၏ ခန့်မှန်းခြေ စာရင်းက မိုက်ဗိုဂလာအား လုံးဝ မတုန်လှုပ်စေခဲ့ပါ။ တပ် အမှ လူ ခြောက်ဆယ်သည် ၎င်းတို့၏ မိုက်ပြ အရ အကြိမ်ပေါင်းများစွာ သေသင့် သေထိုက်သ များသာ ဖြစ်ကြသည်။ ရန်းဒေါ်၏ ကြေးစ စစ်သားများနှင့် ဟင်နရီဂါဒူး၏ အင်အက်စ်ဘီ တပ် ဝင်များ သည်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်သည် ၎င်းတို့ ပစ်ကြ ခတ်ကြသည့် ကြားတွင် မြေစာ ဖြစ်ရ သူများ လည်း ရှိပါ လိမ့် မည်။ အ ကယ် ကမ်မ်ကိုနှင့် ဂါဒူးတို့၏ ရန်လိုမှုကို မဟန့်တားနိုင် ပါက သေဆုံးကြရမည့် အပြစ်ကင်းမဲ့သူ ဦးရေသ ထောင်နှင့်သောင်းနှင့် ချီ၍ ရှိပါလိမ့်မည်။

သို့တိုင်အောင်

'မင်းရဲ့ အယူအဆက ဘယ်လိုလဲ ဂျက်ကော ငါတို့က ထိုက် ထိုက် တန်တန် စွမ်းဆောင်နိုင်ခဲ့ ရှိလား'

'ကျွန်တော့် အယူအဆကတော့ လုပ်နိုင်ခဲ့ပါတ ကျွန်တော်တို့အနေနဲ့ သတင်းစကားတွေကို တိုက် မသိရသေးပါဘူး၊ ဒါပေမယ့် သူတို့ကို အောက် ယိုင်သွားအောင် တွယ်ထည့်နိုင်ခဲ့တယ်လို့ သုံး မိပါတယ်၊ သူတို့အနေနဲ့ ကျိုးကန်း တောင်းမှော ဖြစ်နေကြပြီး မည်းမည်းမြင်ရာ နောက်ကို စွတ် နေကြပါတယ်'

'နက်ဖြန်ခါ ရာသီဥတု အနေအထားက ဘ လိုလဲ'



'နေရောင်ခြည် လင်းလက်ပြီး တောက်တောက် ပြောင်ပြောင် ရှိပါလိမ့်မယ်'

ဒိုင်ယာနီဗိုဂလာသည် ရှည်လျားပြီး ကြေးနီရောင် တောက်နေသော ဆံပင်များကို ခပ်တိုတို ညှပ်ခိုင်း လိုက် သ လို မွဲ ခြောက် ခြောက် အညို ရောင်သို့ ပြောင်းလဲ၍ ဆေး ဆိုး ခိုင်း လိုက် သည်။ မွန်း လွဲ ပိုင်းတွင် ဗွီအိုင်အီး အဆောက်အအုံသို့ ဒိုင်ယာနီ ပြန်လာသောအခါ မစ္စက် အက်ဒနာဘရက်ဒလီသည် မျက်စိနှင့် မြင်နေရသည်ကိုပင် မယုံကြည်ဘဲ ပါးစပ် ဟောင်းလောင်းဖြစ်သွားခဲ့ရသည်။ မိုက်ဗိုဂလာလည်း အူကြောင်ကြောင်နှင့် နှစ်ခါပြန်၍ ကြည့်လိုက်မိပြီး ထိုလုပ်ရပ်ကို မိန်းကလေးများ၏ ပေါကြောင်ကြောင် စိတ်ကူးအဖြစ် လက်ခံလိုက်သည်။

သို့ရာတွင် ဒိုင်ယာနီက နက်ဖြန် နံနက် တွင် ကယ်လီဖိုးနီးယားသို့ ထွက်ခွာသွားမည်ဟု ဆိုလိုက် သောအခါ မိုက်ကယ်ဗိုဂလာက ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့သည်။ ဒိုင်ယာနီ မသွားသင့်မသွားထိုက်ဟု ကန့်ကွက်ခဲ့သည်။

'ငါတို့က နောက်ဆုံးအဆင့်ကို ရောက်နေကြပြီ၊ ကြဲဖြန့်ထားတဲ့ ကွန်ချက်တွေအားလုံး စုပြုံဝင်လာ နေကြပြီ၊ မင်း ဒီမှာ ရှိမှ ဖြစ်မယ်၊ အဲဒီခရီးစဉ်ကို ရွှေ့လိုက်ပါကွယ်'

'အဲဒီလို ရွှေ့မယ်ဆိုရင် သမီး တစ်သက်လုံး နောင်တ ရလို့မဆုံး ဖြစ်နေပါလိမ့်မယ် ဒက်ဒီ၊



www.burmeseclassic.com

www.burmeseclassic.com

သူ့ခမျာ ခင်ပွန်းနဲ့ ကွာရှင်းထားရသလို ဆွေမျိုးလဲ မရှိပါဘူး၊ အသက်ရှင်ရမယ့် အချိန်ကလဲ ရက်ပိုင်းလောက်ပဲ ရှိပါတော့တယ်၊ သူက သူ့ဆီကို လာခဲ့ပါလို့ သမီးကို တောင်းပန်ခဲ့ပါတယ်၊ သမီးကလဲ မငြင်းရက်ပါဘူး ဒက်ဒီ’

‘ဟုတ်တယ်၊ မင်း မငြင်းသင့်ပါဘူး မင်းသမီးလေးရယ်’

‘သမီး ဒက်ဒီနဲ့ မပြတ် ဆက်သွယ်နေပါ့မယ်၊ သုတေသနဌာနနဲ့လဲ ဆက်သွယ်ပါ့မယ်’

ဗိုဂလာက သမီးဖြစ်သူ၏ ဆံပင်ပုံစံကို ချီးကျူးလိုက်သည်။

‘သမီးကို အသက်ငယ်သွားစေသလို ယောကျ်ားလေးနဲ့လဲ တူသွားစေတယ်၊ ဒါပေမယ့် အရောင်ကတော့ မွဲခြောက်ခြောက်ပဲကွ’

‘ဒါက အခု သိပ်ပြီး တာစားနေတဲ့ ဆံပင်အရောင်ပါ ဒက်ဒီရဲ့’

ထိုနေ့သည် မတ်လ ၁၅ ရက်နေ့ ဖြစ်သောကြောင့် အဲလိဇဘက် ရတ်တလက်ချ်ကင်းဖီးလ်၏ ဆံပင်ကိုလည်း ခေါင်းလျှော်ပြီး ဆေးဆိုးပေးသောနေ့ ဖြစ်သည်။ လစဉ် တစ်ဆယ့်ငါးရက်နေ့တိုင်း ဆံပင်ကို ပြုပြင်ပေးမှုက အဲလိဇဘက်၏ နေ့စဉ် ဆောင်ရွက်နေကျ လုပ်ငန်းကို ရပ်ဆိုင်းသွားစေခဲ့သည်သာ ဖြစ်ပါ၏။ သို့ရာတွင် ထိုကဲ့သို့ ရပ်ဆိုင်းသွားကြောင်း မည်သည့်အခါကမှ အဲလိဇဘက်ကို မသိစေခဲ့ပါ။

လစဉ် တစ်ဆယ့်ငါးရက်နေ့တွင် အဲလိဇဘက်၏ ဆောင်ရွက်မှု ကိစ္စရပ်များသည် ညနေ သုံးနာရီအထိ ခါတိုင်းလိုပင် ဖြစ်ပါသည်။ ညနေ သုံးနာရီသို့ ရောက်တွင် ‘ပေါလာ’ က ချက်ချင်း အစွမ်းပြမည့် အိပ်ဆေးပါသော ဆေးထိုးအပ်နှင့် ဆေးထိုးပေးလိုက်သည်။ ထိုနေ့အတွက် ဆူလီဗန်၏ နေရာတွင် ဝင်၍ တာဝန်ယူနေရသူက အဲလိဇဘက်ကို ပွေ့ချီယူသွားပြီး ရေချိုးခန်းထဲရှိ ဆံပင် အလှပြင် ကုလားထိုင်ပေါ်သို့ တင်ပေးလိုက်သည်။

၎င်းတွင် သံမဏိချောင်း ကလေးများ ကဲ့သို့ ကျောနေသော ဆံပင်များအား ကိုက်ဖြတ်ပေးလိုက်ပြီးနောက် ရွှေရောင်နှင့် ခပ်ဆင်ဆင် တူသော အရောင်နှင့် ဆေးဆိုးပေးလိုက်သည်။ ဒီကနေ့တွင် ဆူလီဗန်နေရာ၌ ဝင်၍ တာဝန် ယူနေရ သူသည် အဲလိဇဘက်ကို အရှေ့ဘက် အဆောင်ရှိ ဧည့်ခန်းသို့ ပွေ့ယူသွားသည်။ နေ့စဉ် ညနေ လေးနာရီ မိနစ်တွင် အဲလိဇဘက်သည် ထို အဆောင်သို့ ရောက်နေလေ့ ရှိသည်။ နောက်ထပ် ဆယ်မိနစ် ကြာသောအခါ အဲလိဇဘက်သည် ပြန် သတိရ လေ့ရှိသည်။ အဲလိဇဘက်၏ ခန္ဓာကိုယ် အတွင်းမှ အချိန် နာရီသည် ပြင်ပမှ စက်နာရီများနှင့် တူထပ်မျှ အလုပ်လုပ်လေ့ ရှိသည်။ သူ့အဖို့ ပျော်သွားမှုကြောင့် မေ့သွားမှုမျိုးကိုမခံစားရပါ။ နိုင်မဆုံးနိုင် နေ့စဉ် ထပ်ကာတလဲလဲပြုလုပ်နေ များသည် ထိုအခိုက်အတန့်ဆီသို့ အရောက်တွင် ခန်းခနဲ ပြန်၍ ခလုတ် ပွင့်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟို ကုလားထိုင်ဟာ ကျက်သရေ မရှိဘူး၊ ဖယ်ထုတ်ပစ်လိုက်ပါ'

မှတ်စု စာအုပ်ပေါ်တွင် ရေးမှတ် နေသော ဆူလီဗန်က ပြောလိုက်၏။ 'နက်ဖြန်ခါကျရင် ဆောင်ရွက်လိုက် ပါ့မယ် မစ္စက်ကင်းဖီးလ်'

အဲလိဇဘက်သည် ရုတ်တရက် အထိတ် တလန့် ဖြစ်သွားပြီး မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ 'နက်ဖြန်' ဆိုသော စကားလုံးက သူ့အား 'ဒီကနေ့ည' ဆိုသော စကားလုံးကို သတိရလာစေခဲ့ပါ၏။ သူသည် သူ့ကိုယ်သူ ပြန်ထိန်းနိုင်ခဲ့သည်။ အစစအရာရာ အဆင်ပြေသွားပါလိမ့်မည်ဟု တွေးလိုက်မိသည်။ ချားလ်စ်က သူ့အား ချစ်ခင်သလို ချားလ်စ်သည် သူနှင့်အတူတူ ရှိနေပါလိမ့်မည်။ အဲလိဇဘက်သည် ရှက်ကိုးရှက်ကန်းနှင့် သူ့ဆံပင်ကို လက်နှင့် ထိကိုင်ပြီး ဖွလိုက်မိသည်။ အဲလိဇဘက်သည် စိတ်သက်သာရာရမှုကြောင့် ပြုံးလိုက်မိ၏။ အဲလိဇဘက်သည် သူ၏ ပိုးမျှင်ကဲ့သို့ နူးညံ့သော ဆံပင် အတွက် ဂုဏ်ယူသူ ဖြစ်သည်။ သူ့ဆံပင်သည် လှကြောင်း သူ့ကိုယ်တိုင် လည်း လှကြောင်း ချားလ်စ်က မကြာခဏ ပြောလေ့ရှိသည်။

မည်သည့်အချိန် ရှိပြီနည်းဟု တွေးမိရင်း လက်ပတ်နာရီကို လှမ်းကြည့်ပြီးနောက် ပို၍ပင် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ မကြာခင် ချားလ်စ် ပြန်လာပေ တော့မည်။ ချားလ်စ်သည် စီစီအိုင် ဘော့စတွန် ရုံးမှ ခပ်စောစော ပြန်လာခဲ့မည်ဟု ပြောခဲ့သည်။ ယခု ညနေ လေးနာရီခွဲ ကျော်လွန်ခဲ့လေပြီ။



အရိဇိုးနားပြည်နယ်၏ အရှေ့ဘက် အချိန်ဇုန်ကိုးဇုန် ရှာဝေးသော ဂါဒူးမြို့တော်တွင် နံနက် ၁း၃၀နာရီ ပြီဖြစ်၍ မတ်လ ၁၆ရက် အင်္ဂါနေ့သို့ပင် ရောက်ရှိနေလေပြီ။ သူ့ ဆံပင်ကို ဆေးဆိုးရန် မလိုသော ရွှေရောင်ဆံပင် ပိုင်ရှင် အယ်လီဆန်ကရိတ်ချ်သည် သမုဒ္ဒရာကို ကျော်ဖြတ်၍ တယ်လီဖုန်းနှင့် နောက်ဆုံး စကားပြောဆိုမှု ကိုပင် အဆုံးသတ် နိုင်ခဲ့လေပြီ။ လေဆိပ်သို့ ပက်ဂျက်၏ ဝင်ရောက် တိုက်ခိုက်မှုကြောင့် ဆုံးရှုံးခဲ့ရသော ပစ္စည်းပစ္စယများ နေရာတွင် အမြန်ထက်ထက် အစားထိုးနိုင်အောင် ဆောင်ရွက်ရန် ရှိသည်များကို ဆောင်ရွက်ပြီးစီးခဲ့လေပြီ။ အယ်လီဆန်ကရိတ်ချ်သည် သူ့ကိုယ်သူ ကျေကျေနပ်နပ်နှင့် အိပ်စက်ဖို့ သင့်ပြီ ဖြစ်ပါသည်။

သို့ရာတွင် အယ်လီဆန်သည် ကိုယ့်ကိုယ်ကိုယ် ကျေနပ်နိုင် သေးသလို အိပ်၍လည်း မပျော်ခဲ့ပါ။ ယခုလို ကြီးကြီး ကျယ်ကျယ် ဆုံးရှုံး ရမှုသည် နည်းဆုံး အချက်နှစ်ချက်ကြောင့် သူ့တွင် တစ်ဝက် တစ်ပျက် တာဝန်ရှိနေသည်ဟု ခံစားလိုက်မိသည်။ ထမအချက်မှာ ပက်ဂျက်အား ဗီအိုင်အီးမှ ကန်ထုတ် လိုက်သည် ဆိုသော ဇာတ်လမ်းကို ယုံကြည်ခဲ့မိ သည်သာမက အပျော်ခရီး ထွက်သွားသည်ဆိုသော စကားကို မစုံစမ်းမိဘဲ မည်သည့် နေရာတွင် မည်သည့် ...ချုပ် များအား လုပ်ကိုင်နေခြင်း ဆိုသည်ကို ...စမ်း မထောက်လှမ်း မိသောကြောင့် အညာ



www.burmeseclassic.com

www.burmeseclassic.com

အနှုပ် ခံလိုက်ရခြင်းပင် ဖြစ်သည်။ ဒုတိယအချက်မှာ ဝင်ရောက်တိုက်ခိုက်မည့် ကိစ္စကို ကြိုတင်၍ မခန့်မှန်းမိသောကြောင့် ဟော့ပါး၊ ဒီဘရီးစ်နှင့် ရန်းဒေါ့တို့အား လုံလောက်သော ကြိုတင်ကာကွယ်မှုများကို မဖြစ်မနေ လုပ်ကိုင် ထားရမည်ဟု ဇွတ် မပြောခဲ့မိခြင်းပင် ဖြစ်သည်။

အယ်လီဆန်သည် ဂါဒူးဂရင်း ဟိုတယ်၏ အခန်းကျယ်ကြီးထဲတွင် တွေးတွေး တောတော နှင့် ဖြည်းညင်းစွာ အဝတ်အစားများကို ချွတ်ပစ်ရင်း ပြောင်းလဲ၍ မရနိုင်တော့သော အချက် အလက်များကို လက်ခံရင်း ကိုယ့်ကိုယ်ကိုယ် အပြစ် တင်သည့် စိတ်ဓာတ်အား မောင်းနှင်ဖယ်ရှား ပစ်လိုက်သည်။ အတိတ် ကာလမှ အမှားအယွင်းများကို ပြန်ပြင်၍ မရနိုင်တော့ပါပြီ။ ထိုအမှားများအတွက် အစားထိုးနိုင်အောင်သာ ကြိုးစားရန် ရှိပါသည်။ သူ့ အနေနှင့် ဆက်လက်၍ လုပ်ကိုင်ရပါလိမ့်မည်။

သို့တိုင်အောင် အယ်လီဆန်သည် အိပ်မရနိုင်သေးပါ။ အယ်လီဆန်သည် တင်းတင်းဆွဲထားသော သံကြိုးတစ်ချောင်းကဲ့သို့ စိတ်လှုပ်ရှားနေသည်။ နံနက်ခင်းတွင် ဒီဘရီးစ်က ဂါလာမြို့တော်သို့ သွားရောက်၍ ဝေဟင်မှ တန်ပြန် တိုက်ခိုက်မည့် ကိစ္စကို စီဂျေအလွန်အမင်း စိတ်အားထက်သန်နေသည်။ ထိုကိစ္စက တစ်ချိတည်းနှင့် အပြီးအပိုင် အသာစီး ရရှိစေနိုင်သည့် ကိစ္စဖြစ်သည်ဟု စီဂျေကလည်း သဘောတူသည်။ အကာအကွယ် ကင်းမဲ့နေသော ဘာဆိုတိုသည် လက်နက် ချပေလိမ့်မည်။ ငြိမ်းချမ်းရေး အတွက်



အာမခံချက် ရရှိနိုင်စရာ တစ်ခုတည်းသောနည်းလမ်း ဖြစ်သည့် ၎င်းနိုင်ငံကို မဝမ်ဒီက သိမ်းပိုက်ပေးပါဟု တောင်းပန်တိုးလျှိုး လာပါလိမ့်မည်။

စီဂျေသည် ထိုကိစ္စကို နိုင်ငံခြား ရေး ဝန် ကြီး စတူးဝပ်ဘလတ်ဆင်ဂိမ်းနှင့် ဆွေး နွေး ပြီး နောက် အယ်လီဆန့်ထံ ဝမ်းသာအားရ အကြောင်း ပြန်ခဲ့သည်။ ဘလတ်ဆင်ဂိမ်းက ရာနှုန်းပြည့် ကူညီမည်။ ထိုကဲ့သို့ သွားရောက် တိုက်ခိုက်မှုကို အပြစ်တင်မည့်အစား အမေရိကန် အစိုးရအနေဖြင့် ထောက်ခံသည့် အလား ကြားနေသည့် ပုံစံမျိုးနှင့် 'ဆိုးရွားစွာ မကြာခဏ ရန်စ တိုက်ခိုက်မှုများအတွက် အသေးစိတ် အစီအစဉ် ရေးဆွဲ၍ တိထိ ရောက်ရောက် တုံ့ပြန်တိုက်ခိုက်ခြင်း ဖြစ်သည်'ဟု တရားဝင် ဖော်ပြပေးမည်ဟု ဆိုသည်။

ထိုကိစ္စက ဘာဆိုတို နိုင်ငံနှင့် ဗွီအိုင်အီး ကုမ္ပဏီတို့အား ပွဲသိမ်းစေမည့် ကိစ္စပင် ဖြစ် သည် ဟု အယ်လီဆန်က တထစ်ချ ယူဆ ထား လိုက် သည်။ နောက်ဆုံးတွင် ကမ်မ်ကို ကုမ္ပဏီသည် သန်း ထောင်ပေါင်းများစွာ တန်ဖိုးရှိသော ရွှေများကို ရှိရှိ သမျှ ရှမ်းအားနှင့် ထုတ် ယူ နိုင် တော့ မည် ဖြစ် ပါ ၏။ အယ်လီဆန်သည် လက် နက် တပ် ဆင် ထား သော ဟင်ဒီကောတာ လေယာဉ်ပျံက နံနက်ခင်းတွင် ဂါလာမြို့တော်သို့ သွားရောက် တိုက်ခိုက်မည့် ကိစ္စနှင့် ထိုကိစ္စမှ ရရှိလာမည့် အကျိုးတရားများကို ငံ့လင့်စောင့်စား နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဂါဒ္ဒူးဂရင်း ဟိုဟယ်ရှိ ရင်း၏ အခန်းကျယ်ကြီးထဲ
တစ်ယောက်တည်း ရှိနေသော အက်ဒဝပ် ဒီဘာရီး
သည် အိပ်ချင်စိတ် ဖြစ်ပေါ် လာအောင် ဝီစကီ
တစ်ပုလင်းလုံး ကုန်သည် အထိ သောက်ခဲ့ပါသော်
လည်း အိပ်မပျော်နိုင်ဘဲ ရှိနေလေသည်။

ဖြစ်ကတတ်ဆန်းလောက်သာ ခုခံ ကာကွယ်ရေး
ရှိသော နယ်စပ်ဒေသသို့သွားရောက် တိုက်ခိုက်ရသည့်
ကိစ္စနှင့် မြို့တော်၏ အလယ်ကောင်၌ ရှိသော
စစ်စခန်းများကို နေ့လယ်ကြောင်တောင် သွားရောက်
တိုက်ခိုက်ရမည့် ကိစ္စတို့မှာ အလွန် ကွာခြားပါသည်။

ဒီဘာရီးစ်က လေဆိပ်သို့ သွားရောက်ပြီး မောင်း
နှင်နိုင်သည့် လေယာဉ်ပျံ အဖြစ် တစ်စီးတည်းသာ
ကျန်ရှိသော ဗင်ဒီကေတာ လေယာဉ်ပျံအား ပျံသန်းနိုင်
မရအောင် နံနက်ခင်းတွင် သွားရောက် ဖျက်ဆီးရန်
စဉ်းစားလိုက်မိသည်။ ထို စိတ်ကူးကို ပယ်ပစ်ရပါ
လိမ့်မည်။ တစ်ကြိမ် အငိုက်မိ ခံ လိုက် ရသော
ဘရူးစတား ရန်းဒေါ်သည် နောက်တစ်ကြိမ် အငိုက်
မမိအောင် စီစဉ် ထား ပါ လိမ့်မည်။ လေ ဆိပ် တွင်
ကြေးစား စစ်သားများ အပြည့်အနှက် ရှိနေသည်။
လေတပ် ဗိုလ်ချုပ်ကြီး တစ်ယောက်သည် ပင်လုံး
အစောင့်တပ်စု တစ်စုလုံး၏ စောင့်ကြည့်မှုကို မခံရ
ပါဘဲနှင့် လေယာဉ်ပျံ အနားသို့ ကပ်သွား နိုင်လိမ့်
မည် မဟုတ်ပါ။ စက်ချွတ် ယွင်း မှု တွေ့ရှိရသည်ဟူ
အကြောင်းပြပြီး သွားရောက် တိုက်ခိုက်ရမည့် ကိစ္စ



အား ဖျက်ပစ်ဖို့ ဆိုတာကလည်း မျှော်လင့်ချက်မရှိပါ။
ဒီဘာရီးစ်၏ တွဲဖက် လေယာဉ်မှူးသည် လေယာဉ်ပျံ
မောင်းနှင်ချိန် နာရီ ထောင်ပေါင်းများစွာ ရှိသည့်
အတွေ့အကြုံ များပြားသော ပုဂ္ဂိုလ် တစ်ယောက်
ဖြစ်ရာ လုပ်ကြံ ပြောဆိုသည့် ကိစ္စကို ချက်ချင်း ရိပ်မိ
သွားပေလိမ့်မည်။

သူ့အတွက် ထွက်လမ်းမရှိပါ။ ထွက်ပေါက်လည်း
မရှိပါ။ အကယ်၍ ဒီဘာရီးစ်သည် ရာထူးကြီးကြီးနှင့်
လခ များများ ရရှိထားလိုသည် ဆိုပါက သူသည်
လေယာဉ်ပျံနှင့် သွားရောက်တိုက်ခိုက်ရမည့် ကိစ္စကို
ပြီး မြောက် အောင် ဆောင် ရွက် ရ တော့ မည် သာ
ဖြစ်ပါ၏။ သူသည် အရက်ပုလင်းကို ဆွဲယူ၍ မော့ချ
လိုက်ပြန်သည်။

သူ့တွင် အစွမ်းအစရှိကြောင်း အားလုံးကို ပြရ
ပါလိမ့်မည်။ နောက်ဆုံးတွင် ဒီဘာရီးစ်သည် အိပ်ရာ
ပေါ်တွင် အိပ်ပျော်သွားရမည့်အစား သတိလစ်သွား
ရလေတော့သည်။

## ၄၉

'မင်း ဘယ်နှယ့် နေသေးသလဲ'

အီယန်ဘာလိတ်က မေးလိုက်ခြင်း ဖြစ်ပါ၏။
ထိုအချိန်မှာ မတ်လ ၁၇ ရက်နေ့ နံနက် ၀၅း၃၀



www.burmeseclassic.com

www.burmeseclassic.com

နာရီ ဖြစ်ပါသည်။ နောက်နောင်တွင် ဖြစ်ပျက်လာမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ မည်သို့မျှ တာဝန်မယူလိုကြသော ဘာဆိုတန် ဆရာဝန်များ ထွက်ခွာသွားကြပြီ ဖြစ်သဖြင့် စတိဗ်ပက်ဂျက်၏ အိပ်ရာနံဘေးတွင် အစိမ်းရောင် စစ်ဝတ်စုံများကို ဝတ်ဆင်ထားကြသည့် အီယန်ဘလိတ်နှင့် ဇုယင်သန်သို တို့သာ ရှိနေကြသည်။

'အားနည်းတယ်၊ မူးတူးတူး ရီဝေဝေဖြစ်နေတယ် တစ်ဝက်လောက်ပဲ နေသာထိုင်သာ ရှိတယ်'

စတိဗ်သည် ဒဏ်ရာမရသော ညာဘက်လက်ကို အားပြု၍ ယိုင်လိုက် ပြီးနောက် ကြိုးစား၍ ပြုံးလိုက်၏။

'ကဲ ဂပ်စ်ရေ၊ မင်းရဲ့ မှော်ဆရာ ဆေးကြမ်းတွေကို တိုက်လေကွာ၊ အကြမ်းဆုံး ဆေးတွေကို တိုက်ကွ'

အရောင်အသွေး မျိုးစုံရှိနေသော အရည်များပါရှိသည့် ပုလင်းမျိုးစုံကို ထုတ်ယူလိုက်သော ဂပ်စ်၏ မျက်နှာပေါ်တွင် စိတ်မချဟန် ပေါက်နေသည်။

'ဗိုလ်လေးက ဆယ့်ရှစ်နာရီကြာအောင် အားအင်ပြည့်ဖြိုးပြီး ကျန်းကျန်း မာမာ ရှိနေချင်တယ်လို့ အီယန်က ပြောပါတယ်'

'မင်း လုပ်ပေးနိုင်ပါ့မလား'

'လုပ်နိုင်တယ် ထင်တာပဲ၊ ဒါပေမယ့် အဲ ဒီ နောက်ပိုင်း ကျရင် ခင်ဗျား တစ်ချီတည်း ပုံကျသွားလိမ့်မယ်'

'အဲဒီတော့ ဘာဖြစ်ရဦး မှာလဲ၊ ကျုပ်တို့က ဆယ့်ရှစ်နာရီ အတွင်းမှာ အောင်မြင်ချင် အောင်မြင်၊



ဒါမှမဟုတ်ရင်တော့ အလောင်းစင်နဲ့ တွေ့ရတော့မှာပဲ'

ဘလိတ်က စိတ်ပျက်လက်ပျက်နှင့်

'စတိဗ်၊ တကယ်လို့ မင်းလက်မောင်းက သွေးထွက်လာရင်ကောကွာ'

'ဆရာဝန်တွေ ကတော့ အနာ ကျက်သွားပြီလို့ ပြောကြတာပဲ၊ ကျုပ်က လက်မောင်းကို သိုင်းကြိုးနဲ့ ထားသမျှ ကာလပတ်လုံး ပတ်တီးနဲ့ စည်းထားတာက လုံး၀ ကွဲမထွက်ပါဘူးလို့ အာမခံကြတယ်လေ'

ဂပ်စ်က ဆေးပုလင်းများမှ အဆို့များကိုဖွင့်လိုက်ပြီးနောက် စတိဗ်ထံ ကမ်းပေးလိုက်သည်။ စတိဗ်သည် တစ်ပုလင်းပြီး တစ်ပုလင်း သောက်ချလိုက်ပြီးနောက် အိပ်ရာပေါ်မှ ခြေထောက်တွဲလောင်း ချပြီး ထလိုက်သည်။

အီယန်ဘလိတ်က ပြောလိုက်၏။

'ကျုပ်သဘော အရတော့ ခင်ဗျားကို ရူးပြီလို့ သတ်မှတ်ရလိမ့်မယ်'

ပက်ဂျက်က သူ့ကို မကြားဟန် ဆောင်လိုက်သည်။

'ကျုပ်ရဲ့ စစ်ဝတ်စုံနဲ့ မုတ်ဆိတ်ရိတ် ကိရိယာက ဘယ်မှာလဲ'

အီယန်က နှစ်မျိုးစလုံးကို သယ်ဆောင်လာသည်။ စတိဗ်သည် ရေချိုးခန်းထဲသို့ သွားရောက်ပြီး နောက် မုတ်ဆိတ် ကျင်စွယ်များကို ရိတ်ပယ်ပြီး မတ်တတ် ရပ်၍ မဖြစ်စလောက်လေး ရေချိုးလိုက်သည်။ ဂပ်စ်က ပက်ဂျက်အား ဘယ်ဘက် လက်အတွက်

www.burmeseclassic.com

www.burmeseclassic.com

လက်သိုင်းကြိုးတပ်ရာတွင် ကူညီလိုက်သည်။ ပက်ဂျက်က မေးလိုက်၏။

'လူတွေ အဆင်သင့်ဖြစ်ပြီလား'

'စကတည်းက အဆင်သင့်ပါပဲဗျာ'

ဘလိတ်က ဖြေလိုက်ခြင်း ဖြစ်သည်။

'သွားဖို့ လာဖို့ကော စီစဉ်ပြီးပြီလား'

'စခန်းကို ဒီနေရာက ဆီဒင်ကားနဲ့ သွားကြမယ်၊ စခန်းက ဟိုနေရာကို ဂျစ်ကားနဲ့ သွားကြမယ်'

'ဒါဖြင့်ရင် သွားကြရအောင်'

ဂပ်စ်၏ အားတိုးဆေးများနှင့် နာကျင်သည့်ဝေဒနာပျောက်ဆေး တို့က အထူးတလည် အစွမ်းထက်နေကြဟန် တူသည်။ စတိဗ်အနေနှင့် ဆေးစွမ်းပြလာသည်ကို သိရှိနေရသည်။

ဆေးရုံရှေ့တွင် စောင့်ဆိုင်းနေသော ဆီဒင်ကားဘဲသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် စတိဗ်သည် ဂါလာမြို့မှ လမ်းများပေါ်၌ ထူးထူး ခြားခြား ဆိုသလို လူအများ စောစောစီးစီး သွားလာလှုပ်ရှားနေကြသည်ကို သတိထားလိုက် မိသည်။ ဘာဆိုတိုနိုင်ငံရှိ ဗွီအိုင်အီး လီမိတက်က ၎င်း၏ ဝန်ထမ်းများအတွက် ထိုနေ့ကို အလုပ်ပိတ်ရက်အဖြစ် ကြေငြာထားသလို ကျွန် တိုင်းရင်းသား လုပ်ငန်းရှင်များကလည်း အလုပ်ပိတ်ရက် အဖြစ် သတ်မှတ်ပေးထားကြသည်။ လူစုလူဝေးများသည် အလုပ်ခွင်ဆီသို့ ဦးမတည်ကြဘဲ လေဆိပ်ဆီသို့ ဦးတည်၍ သွားရောက်နေကြသည်။ ထိုလူစုသည် နံနက် ကိုးနာရီတွင် စတင်ပြုလုပ်ရန် ချိန်းဆိုထားသော လေယာဉ်ပျံ ပြပွဲ၌



အထူးတန်းမှ နေရာကောင်း ရလိုသူများ ဖြစ်ကြပေသည်။ စတိဗ်က မေးလိုက်၏။

'ဖီးလ်ဒင်းနဲ့ အိုလီဆီဂမ် တို့ကရော သူတို့လုပ်ရမယ့် လုပ်ငန်းတွေကို ပိုင်ပိုင်နိုင်နိုင် ရှိကြရဲ့လား'

'ရှိကြပါတယ်ဗျာ'

ဘလိတ်က ခေါင်းညိတ်ပြရင်း ပြောလိုက်လေ၏။

မေဂျာဘရူးစတားရန်းဒေါ်က စိတ် ဓာတ် အနေအထားသည် အလွန်အရေးကြီးကြောင်း သမ္မတကြီး ဟင်နရီဂါဒူးကို အလေးအနက် ပြောပြလိုက်သည်။ ရလဒ် အနေနှင့် သူတို့ နှစ်ယောက်သည် နံနက် လေးနာရီတွင် အိပ်ရာမှ ထခဲ့ကြရပြီးနောက် နံနက် ငါးနာရီတွင် ရန်းဒေါ်၏ ကြေးစားစစ်သား နှစ်ရာနှင့် အတူ စစ်ဝတ်စုံပြည့် ဝတ်ဆင်၍ သမ္မတကြီး၏ နန်းတော်လှေကားထိပ်တွင် မတ်တတ် ရပ်လျက်သား ရှိနေကြသည်။

နန်းတော်ဝင်း တစ်ခုလုံးကို လင်းထိန်နေအောင် မီးမောင်းကြီးများနှင့် ထွန်းညှိထားသည်။ ဟင်နရီဂါဒူးသည် နယ်စပ်သို့ သွားရောက်ကြမည့် တပ်ရင်းများ၏ ချီတက်အလေးပြုမှုကို ခံယူရင်း ပြန်လည် အလေးပြုလျက်ရှိသည်။ ထိုတပ်ရင်းများမှာ တိုင်းရင်းသား ကာကွယ်ရေး တပ်မတော် ကြည်းတပ်မှ တပ်ရင်း နှစ်ရင်းနှင့် အင်အက်စ်ဘီမှ တပ်ရင်းနှစ်ရင်းတို့ ဖြစ်ကြသည်။ ထရပ်ကား အများစုမှာ ကားအသစ်များ ဖြစ်ကြသည်။ ကမ်မ်ကိုက ဝယ်ယူပေးပို့သော ပစ္စည်းများထဲတွင် ပါလာသော ကားများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထရပ်ကားတန်းကြီး နောက်မှ ကင်းနီးရက် အမြောက်များကို ဆွဲယူလာသော သံချပ်ကာ ကားငယ် တစ်ဆယ့်နှစ်စီး၊ ခဲယမ်းမီးကျောက်များ တင်ဆောင်လာသော လော်ရီကား၊ ရိက္ခာကားများ နှင့် နောက်ဆုံးတွင် သင်မောင်း အနေနှင့် စတင်၍ မောင်းနှင်လာသော တင့်ကား အငယ်စားခြောက်စီး ပါရှိလာသည်။

'သိပ်ကောင်းတယ် မေဂျာ'

ဟင်နရီဂါဒူးက ထပ်ခါတလဲလဲ ချီးကျူးလိုက် သည်။ ရန်းဒေါ်က မကြာခဏဆိုသလို ပြောနေသည်။

'သူတို့ကို နောက်ဆုံးမှာ ဘယ်လို လုပ်ရ ကိုင်ရ မယ်လို့ အမိန့် ပေးထားထား သူတို့က တာဝန် ကျေပွန်အောင် ဆောင်ရွက်ကြမှာပါ'

လမ်းခရီးတွင် မည်သို့မည်ပုံ ဖြစ်လာလိမ့်မည်ကို သိနေသော မေဂျာရန်းဒေါ်၏ စိတ်ထဲကမူ ညည်းညူ နေမိသည်။ ထိုစစ်တပ်များသည် နယ်စပ်သို့သွားသော အလွန် ဆိုးရွားသည့် လမ်းများပေါ်မှ နှေးကွေးစွာ ချီတက်သွားကြလိမ့်မည်။ တစ်ယောက်နှင့်တစ်ယောက် ငြင်းခုံမှုများ၊ အစီအစဉ်ထဲတွင် မပါသော ရပ်နား မှုများ ရှိလာလိမ့်မည်။ ယာဉ်မောင်းများ၏ မကျွမ်း ကျင်မှုကြောင့် စက်ချွတ်ယွင်းမှုများ များပြားစွာ ဖြစ်ပေါ်လာလိမ့်မည်။ တိုင်းရင်းသား စစ်တပ်များမှ စစ်ဗိုလ်များသည် မြေပုံများကို မှားမှား ယွင်းယွင်း ဖတ်ရှုကြပြီး တစ်ယောက်နှင့်တစ်ယောက် ငြင်းကြ ခုံကြလိမ့်မည်။ ကံကောင်းချင်တော့ မေဂျာဘရှူး စတားရန်းဒေါ်က တိုင်းရင်းသား တပ်ခွဲ တစ်ခွဲတွင်



ကြေးစားလူမျိုး စစ်ဗိုလ် သို့မဟုတ် အရာခံဗိုလ် တစ်ယောက်စီကို 'အကြံပေးသူ' အနေနှင့် တွဲဖက် ပေးလိုက်နိုင်ခြင်းပင် ဖြစ်သည်။ ထိုအကြံပေးသူများ သည် ဟင်နရီဂါဒူး၏ ခွင့်ပြုချက်အရ ထိုကဲ့သို့သော ငြင်းခုံမှုများတွင် နောက်ဆုံး ဖျန်ဖြေပေးသူအဖြစ် ဆောင်ရွက်နိုင်ခွင့် ရှိကြသလို ဟင်နရီဂါဒူး၏ ခွင့်ပြု ချက်အရ ထိုကဲ့သို့ အဆုံးအဖြတ် ပေးမှုအား မလိုက် နာသူ မည်သူ့ကိုမဆို အရာရှိ၊ အရာခံ၊ အကြပ်ဟူ၍ မခွဲခြားတော့ဘဲ ပစ်သတ်ရန် အမိန့်ပေးနိုင် ခွင့်ကို လည်း ရရှိထားကြသည်။

အနည်းငယ် ကံကောင်းထောက်မမည် ဆိုပါက ထိုစစ်ကြောင်းများသည် ရည်မှန်းထားသောနေရာသို့ ရောက်ရှိကြပြီး ညမိုးမချုပ်မီ နယ်စပ်မှ ခံစစ်ကြောင်း တွင် အင်အား ဖြည့်တင်းပေးနိုင် ကြပါလိမ့်မည်။ ထိုကဲ့သို့ ရောက် ရှိ သွား သည် နှင့် တစ်ပြိုင်နက် စစ်ကြောင်းတွင် ပါဝင်သော စစ်တပ်များသည် မော်တော်ကားတန်းကြီးနှင့် ချီတက်စဉ်က ပျက်ယွင်း သွားခဲ့သော မိမိကိုယ်ကို ယုံကြည်မှုနှင့် ရန်လိုသည့် စိတ်ဓာတ်များကို ပြန်လည်စုစည်း၍ ရရှိလာကြပေ လိမ့်မည်။

ရန်းဒေါ်က ကြေငြာလိုက်၏။

'နောက် တစ်နေ့ မနက်ကျရင် နယ်စပ်က ခံစစ် ကြောင်းတွေဟာ ထိုးဖောက်လို့ မရတဲ့ ခံတပ်တွေ ဖြစ်သွားကြလိမ့်မယ်'

ဟင်နရီဂါဒူးက မျက်မှောင်ကုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ခံစစ်၊ ဟုတ်လား မေဂျာ၊ ကျုပ်တို့ရဲ့ ရည်မှန်းချက်က ကျုပ်တို့ရဲ့ စစ်တပ်တွေဟာ ထိုးစစ်အတွက် အဆင်သင့် ဖြစ်နေရလိမ့်မယ်'

'အဲဒီရည်မှန်းချက်လဲ ပါပါတယ်၊ တကယ်လို့ လေတပ်ဗိုလ်ချုပ်ကြီးရဲ့ တိုက်ခိုက်မှုဟာ မျှော်မှန်းထားတဲ့ အတိုင်း ဘိုဆိုတန် အစိုးရကို ချောက်ချားသွားစေခဲ့မယ် ဆိုရင် ကျုပ်တို့ရဲ့ စစ်တပ်တွေက ကြာသပတေးနေ့ကို နောက်ဆုံးထားပြီး နယ်စပ်ကို ဖြတ်ကျော်သွားကြမှာပါ'

'အဲဒီလို တိုက်ခိုက်တဲ့ အခါကျရင် သုံ့ပန်းတွေကို ဖမ်းဆီးမလာရဘူး'

'ဟုတ်ပါတယ် သမ္မတကြီး၊ သူတို့က သုံ့ပန်းတွေကို ဖမ်းဆီးလာကြမှာ မဟုတ်ပါဘူး'

ချီတက်အလေးပြုပွဲ ပြီးဆုံးသွားပါပြီ။ နယ်စပ်သို့ ချီတက်မည့် စစ်သားများနှင့် ယာဉ်များသည် နန်းတော်ဂိတ်တံခါးဝမှ ထွက်ခွာသွားခဲ့ ကြလေပြီ။ ကြည်ကြည်နူးနူး နှင့် ရက်ရက်ရောရော ရှိနေသော ဟင်နရီဂါဒူးက ရန်းဒေါအား သူနှင့်အတူ နံနက်စာ စားရန် ဖိတ်ခေါ်လိုက်သည်။ ရန်းဒေါက ငြင်းလိုက်၏။

'ကျုပ်က ကျုပ်ရဲ့ညွှန်ကြားမှုရုံးခန်းမှာ ရှိမှ ဖြစ်ပါလိမ့်မယ် သမ္မတကြီး'

စစ်ကြောင်းများ၏ လှုပ်ရှားမှုများကို ညွှန်ကြားမှုရုံးခန်းမှ ခြုံငုံပြီး ရေဒီယိုနှင့် ညွှန်ကြားမည် ဖြစ်သည်။ သို့ရာတွင် ရန်းဒေါသည် ပထမဦးဆုံး သူ၏ လု[illegible] စစ်ဗိုလ်များနှင့် ဆွေးနွေးပွဲ ကျင်းပသည်။ သူတို့က



ဂါဒူးမြို့တော်အား လုံခြုံအောင် ပြုလုပ်နိုင်သည့် အနေအထားများနှင့် လိုအပ်ပါက ကာကွယ်ရေး ကိစ္စတို့ကို တစ်ကြိမ် ထပ်မံ၍ စဉ်းစား ကြသည်။ ဒုတိယကိစ္စမှာ ဖြစ်နိုင်ရန် အလွန်ခဲယဉ်းသော ကိစ္စ ဖြစ်သည်။ တစ်ဖက်ရန်သူတွင် လက်နက်ပစ္စည်း မရှိသည်သာမက တိုက်ခိုက်လိုသော စိတ်ဆန္ဒလည်း မရှိပါ။ ဘာဆိုတို ဗြိအိုင်အီး ကုမ္ပဏီသည် ရှိသမျှ ပစ္စည်းကလေးများနှင့် ယမန်နေ့က ဂါဒူးမြို့တော် လေဆိပ်ကို မသေမသပ် လာရောက် တိုက်ခိုက်၍ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့ပြီး ဖြစ်သည်။ သို့တိုင် အောင် မ ပျက် မ စီး ရှိ နေ သေး သော လေယာဉ်ပုံများ၊ လေဆိပ်တွင် သိုလှောင်ထားသော ပစ္စည်းများနှင့် လေဆိပ်ရှိ အခြား အဆောက် အအုံများသည် တိုက်ခိုက်ချင်စိတ် ဖြစ်ပေါ်လာစေဦးမည့် [illegible]မှတ် များ ဖြစ် ကြ သော ကြောင့် လာ ရောက် [illegible]ိုက်ခိုက်မှုသည် ဖြစ်နိုင်သည့် အနေ အထားတွင် [illegible]နေပေသည်။ မဝမ်ဒီ နိုင်ငံတွင် အရေးပါသော [illegible]ခြား ပစ်မှတ်များ မရှိဟု ရန်းဒေါက ယူဆထား[illegible]လို သူ့တပည့်များကလည်း သဘောတူကြသည်။

မေဂျာ ရန်းဒေါက ပြောလိုက်၏။

'သူတို့က လာပြီး ပစ်ခတ် တိုက်ခိုက်မယ်ဆိုရင် [illegible]ဒီ နေရာဟာ လေဆိပ်ပဲ ဖြစ်ရမယ်'

မေဂျာ ရန်းဒေါ၏ တပ်ရေးဗိုလ်ကြီး လာဆဲလ်က [illegible]းပွဲကြီးပေါ်တွင် မြေပုံများလို ဖြန့်တင်လိုက်[illegible] [illegible]လိုက်လေ၏။

'သူတို့ လာတိုက်ကြစမ်းပါစေဗျာ'



www.burmeseclassic.com

www.burmeseclassic.com

လူဖြူကြေးစား စစ်တပ်၏ အများစု ဖြစ်သော လူခြောက်ရာကျော်သည် ဂါဒူးမြို့တစ်ဝိုက်တွင် ရှိနေခဲ့ကြသည်။ ထိုလူစု၏ သုံးပုံ တစ်ပုံကို သမ္မတကြီး၏ နန်းတော်တွင် တာဝန် ချထားသည်။ လူ ၁၅၀ ကို မြို့တွင်းရှိ အချက် အချာ ကျသော နေရာများတွင် တာဝန်ချထားသည်။ ထိုလူ ၁၅၀ အနက် ၃၀ ကို ဂါဒူးဂရင်း ဟိုတယ်တွင် ထားရှိသည်။ ကျန်လူ ၂၅၀ ကျော်ကမူ လေဆိပ်ကို စောင့်ကြပ်နေကြသည်။

ထို စစ်သားများ ရှိနေမှုသည် ဤဇာတ်လမ်း၏ တစ်စိတ် တစ်ဒေသသာ ဖြစ်သည်။ လေဆိပ်တွင် ခုခံကာကွယ်နိုင်အောင် ထိုးဖောက်ပစ်ခတ်ရန် မဖြစ်နိုင်သော ဘန်ကာများနှင့် ခံတပ် အဆောက်အအုံများကို နေရာမလပ် အကွက်ချ၍ ကမန်းကတန်း တည်ဆောက်ခဲ့ကြသည်။ ထို ဘန်ကာများတွင် သေနတ်ပြောင်း ပေါင်းမြောက်မြားစွာပါရှိသည့် စက်သေနတ်များကို တပ်ဆင်ထားသည်။ ပြောင်းပေါင်း မြောက်မြားစွာ ပါသော ထို စက်သေနတ်ငယ်များသည် တစ်မိနစ်လျှင် ကျည်ဆန်ပေါင်း ၆၀၀၀ ကျော်အထိ ပစ်ခတ်နိုင်စွမ်း ရှိကြသည်။ လာဆဲလ်သည် ထို စက်သေနတ်ငယ်များကို အလွန် စွဲလမ်းသူဖြစ်ပြီး လူသား ပစ်မှတ်များကို ပစ်ခတ်ရန် အလွန် စိတ်ထက်သန်သူ ဖြစ်သည်။

လေဆိပ်ရှိ အဓိက ပြေးလမ်း ပေါ်တွင်လည်း အမ် ၈၁ ကင်းနီးရက် အော်တိုမက်တစ် အမြောက်နှစ်လက်ကို တပ်ဆင်ထားသည်။ ထိုအမြောက်များကို လေကြောင်းရန်မှ ကာကွယ်သော လက်နက်အနေနှင့် အသုံးပြုမည် ဆိုပါက ချဉ်းကပ်လာသော မည်သည့်



လေယာဉ်ပျံကို မဆို ပြေး လမ်း ပေါ် သို့ မ ဆင်းသက်ခင် အမှုန့် ကြိတ်ပစ်လိုက်နိုင်မည် ဖြစ်ပေသည်။

မေဂျာ ဘရူးရန်းဒေါက မြို့တော်ထဲတွင် တပ်စွဲထားသော တိုင်းရင်းသား ကာကွယ်ရေး တပ်မတော်နှင့် အင်အက်စ်ဘီမှ တပ်သားများ ကိစ္စကို ဆွေးနွေးလိုက်သည်။ ထိုတပ်သားများသည် အင်အား ၆၀၀၀ ခန့် ရှိသည်။ သို့ရာတွင် ထိုစစ်သားများအား အခြေခံသင်တန်းကိုသာ အနည်းငယ် သင်ကြားပေးထားသေးသလို လက်နက်သစ်များကိုလည်း ကိုင်ဆောင်ခွင့် မပေးသေးပါ။

တစ်ယောက်ယောက်က ရေရွတ် ပြောဆိုလိုက်သည်။

'အသုံးမကျတဲ့ အကောင်တွေပါ'

'လုံးဝ သုံးမရတာတော့ မဟုတ်ပါဘူး'

ရန်းဒေါက ပြောလိုက်ပြီးနောက် လာဆဲလ်ကို လှမ်းပြောလိုက်သည်။

'အချင်းဝက် မိုင် ၁၀၀ အတွင်းမှာရှိတဲ့ ကျေးရွာတွေကို လိုက်လံ စစ်ဆေးဖို့ အင်အက်စ်ဘီ တပ်ဖွဲ့တွေကို အမိန့် ပေးလိုက်ပါ၊ သူတို့က အစိုးရကို ဆန့်ကျင်တဲ့လူတွေ၊ လက်နက်ပုန်းတွေ ဘာတွေကို လိုက်ရှာရလိမ့်မယ်'

'ခင်ဗျာ'

လာဆဲလ် တစ်ယောက် ဦးနှောက် ခြောက်သွားသည်။

'သူတို့က မြင်မြင်ကရာ ရွာသားတွေကို အတင်းချုပ်ပြီး သတ်ပစ်ကြလိမ့်မယ် ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com

'သိပ် ဟုတ်တာပေါ့ လာဆဲလ်ရယ်၊ မြင်ပကာ လာ ရောက် တိုက် ခိုက် မယ့် အ န္တ ရာယ် ဟာ မ ရှိ သလောက် နည်းပါးနေပြီ ဆိုတော့ အတွင်းမှာ သစ္စာဖောက်တွေ ရှိ တယ် ဆို တာ ကို ကျုပ် တို့ က သက်သေပြရမှာပေါ့၊ အလောင်းတွေကတော့ သူတို့ ဟာ ဘိုဆိုတန် အစိုးရကို သစ္စာခံထားတဲ့ အကြမ်းဖက် သမားတွေ မဟုတ်ပါဘူး၊ ဖောက်ခွဲရေးသမားတွေ မဟုတ်ပါဘူးလို့ ဘယ်သူက ငြင်းနိုင်ကြပါ့မယ်'

'သိပ်မှန်တယ် ဆရာ'

လာဆဲလ်သည် အလွန် မြှောက်ပင့်၍ ပြောတတ်သူလည်း ဖြစ်သည်။

'အဘက်ဘက်ကို ရှိုင့်ပြီး စဉ်းစားထားရမယ် ဆိုတာ တို့ လုပ်ငန်း ရဲ့ လျှို့ဝှက်ချက် တစ်ခုပဲ လာဆဲလ်ရ'

မေဂျာဘရူးစတား ရန်းဒေါကလည်း မြှောက်ပင့်ပြောဆိုသည်ကို ကြိုက်တတ်သူ တစ်ဦးပင် ဖြစ်ပေသည်။

လေတပ်ဗိုလ်ချုပ်ကြီး အက်ဒဝပ်ဒီဘရီးစ်၏ဦးခေါင်းထဲတွင် အားကောင်း မောင်းသန် အက်ဂဘီ လူမျိုး ၁၀၀ ကျော်က သွတ်ပြားများကို တူများနှင့် ထုနှက်နေသလို တဝုန်းဝုန်း မြည်ဟည်းနေသည်။

အရက်နာကျမှုမှာ ဒီဘရီးစ် ထိတ်လန့် ထားသည်ထက် ပို၍ ဆိုးရွားနေသည်။ အဆိုးရွားဆုံးပင်ဖြစ်သည်



အိပ်ရာ နံဘေးမှ မြည်နေသော တယ်လီဖုန်းအား လက် တစ်ဖက်နှင့် ကောက် ကိုင်လိုက်သည်။ အသံတစ် သံ က နံနက် ခုနစ်နာရီ ထိုးပြီ ဖြစ်ကြောင်း ပြောလိုက်သည်။ သူက နှိုးပါဟု ပြော ထား သော အ ချိန် ပင် တည်း။ သူက ညည်းညည်း ညူညူနှင့် စကားပြောခွက်ကို ပြန်တင်လိုက်သည်။ တယ်လီဖုန်းမှ အသံ တိတ် သွား သည် နှင့် သူ့ ဦးနှောက်ထဲမှ တဒုန်းဒုန်း မြည်သံ တစ်ဝက်လောက်မှာ ပျောက်ကွယ်သွားတော့သည်။ သို့ရာတွင် ကျန် တစ်ဝက်ကတော့ တဒုန်းဒုန်း မြည်နေဆဲပင်။ ဒီဘရီးစ်၏ ပါးစပ်ထဲမှ ခံတွင်း ပျက်မှုကလည်း ယခင်အတိုင်း ရှိနေဆဲပင်။

အိပ်ရာမှ ဗီရိုဆီသို့ ယိုင်တိယိုင်ထိုးနှင့် လှမ်းသွားရသော ခြေလှမ်း သုံးလှမ်းသည် လည် ပင်း အ ထိ နစ်မြုပ် နေသော ရွံ့နွံ ထဲတွင် တစ်မိုင်ခန့် လမ်းလျှောက် လာ ရ သ လို ဖြစ်နေသည်။ သူ ထိုဒုက္ခမှ လွတ်ကင်းမှ ဖြစ်ပါလိမ့်မည်။ သူက မူးယစ်ဆေးဝါးနှင့် မျက်နှာ သစ်လိုက်ပြန်၏။

အက်ဒဝပ်ဒီဘရီးစ် ကြည်ကြည်လင်လင် ရှိသွားပါပြီ။ ရေချိုးခန်းသို့ အရင် သွားမည်။

အက်ဒဝပ်ဒီဘရီးစ်သည် သုံးစွဲထားသော မူးယစ်ဆေးဝါး အရှိန်နှင့် အလွန် စိတ် အား ထက် သန်လာသည်။ သူ့ အစွမ်းကို ပြချင်လာသည်။

လွန်ခဲ့သော နာ ရီ ပေါင်း အ နည်း ငယ် က မှ လေတပ် ဗိုလ် ချုပ် ကြီး အက်ဒဝပ် ဒီဘရီးစ်သည် ဆိုနေ့တွင် လေယာဉ်ပျံနှင့် သွားရောက် တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com

ရမည့် ကိစ္စကို ရှောင်လွှဲနိုင်ရန် ဆင်ခြေအမျိုးမျိုးကို ဦးနှောက်ထဲက ကြံဖန်၍ ထုတ်နေခဲ့မိသည်။ ယခု အချိန်တွင်မူ သူသည် ဗင်ဒီကေတာ လေယာဉ်ပျံမှ ယာဉ်မောင်းသူ၏ ထိုင်ခုံ ပေါ်တွင် သူ့ ကိုယ် သူ ခါးပတ်နှင့် ပတ်၍ ထိုင်ရမည့်အချိန်ကို မစောင့်ချင် တော့သလိုလို ဖြစ်နေမိသည်။ သို့ရာတွင် အယ်လီဆန် ကရိတ်ချ်ကမူ ခိုင်လုံမှု မရှိသော ဆင်ခြေ အမျိုးမျိုး ပြ၍ နံနက် ၁၀း၀၀ နာရီတွင်မှ ထွက်ခွာရမည်ဟု အမိန့် ချမှတ်ထားခဲ့သည်။ ဒီဘာရီးစ်သည် သူ့ ကိုယ်သူ အဝတ်အစား ဝတ်ဆင်ရင်း ဆဲရေး တိုင်းထွာသည့် စကားလုံးများကို ရေရွတ် ပြောဆိုနေသည်။

အနောက်မြောက်ဘက် မိုင် နှစ်ရာ သုံးရာခန့်ဝေးကွာသော နေရာတွင် ရှိနေသော လူ တစ်ယောက်သည် စောင့်ဆိုင်းနေရသည့်ကို သည်းမခံနိုင်ဘဲ ရှိနေသော်လည်း ဆဲရေးတိုင်းထွာခြင်းတော့ မရှိပါ။

ဂျက်ဘော့ဟတ်ရှ်သည် အီယန်ဘလိတ်၏ နေအိမ် ရုံးခန်းထဲတွင် ရှိသော ဆက်သွယ်ရေး ကိရိယာ များကို စိတ်မချနိုင်ဘဲ မကြာခဏ ဆိုသလို စစ်ဆေး နေမိသည်။

မိုး မသောက်မီ အချိန် က စ၍ နိုး နေသော ဂျက်ကော့ဟတ်ရှ်က သူနှင့် ဆက်သွယ်ရေး ကိရိယာ တို့သည် စွမ်းဆောင်ရည် အကောင်း ဆုံး အနေ အထားဖြင့် ရှိနေကြရမည် ဖြစ်ကြောင်း သိနေသည်။ ချွတ်ချော် ထိမ်းပါးမှုများ၊ အပြစ် မကင်းစင်သော



ဆောင်ရွက်မှုများ စသည်တို့ကို ခွင့်ပြု နိုင်လိမ့်မည် မဟုတ်ပါ။ အထူး သဖြင့် စတိဒ် ပက်ဂျက်သည် လှုပ်လှုပ်ရှားရှားနှင့် သူ့ တာဝန်ကို သူထမ်းဆောင် နေသော်လည်း တစ်ဝက်တစ်ပျက် ဒဏ်ရာရရှိထားသူ ဖြစ်သည်။ အီယန်ဘလိတ် ကလည်း စတိဗ်ပက်ဂျက် သည် ခံနိုင်ရည် ရှိသည်ထက် ပိုမို၍ ဆောင်ရွက်ဖွယ် ရှိပြီး ခေါက်ခနဲ ဖြစ်သွား နိုင်ကြောင်း သတိပေး ထားသည့် အချိန်မျိုးတွင် အနည်း ငယ် မျှသော မှားယွင်းမှုကလေးက အလွန် ကြီးမားသော ဆုံးရှုံးမှု ကြီးများကို ဖြစ်ပေါ်လာစေလိမ့်မည်။

ဤ စစ်ဆင်ရေးတွင် ပါဝင်သူများနှင့် နေရာစုံ၊ ထောင့်စုံမှ ရရှိလာသော အချက်အလက် မှန်သမျှကို ဂျက်ကော့ဟတ်ရှ် ထံသို့ ပို့ပေး ကြရပါလိမ့်မည်။ သူက ထို အချက် အလက်များကို အကဲဖြတ် ပြီး ဆက်လက်၍ သတင်း ပို့ရပေလိမ့်မည်။ သူသည် စစ်ဆင်ရေးကြီး တစ်ခုလုံးကို ခြုံငုံ၍ သိရှိထားသူ ဖြစ်သဖြင့် အနေ အထား ကို ဆန်းစစ်ချက်အရ အရေးပေါ် ဆောင်ရွက်ရန် သို့မဟုတ် ပြင်ဆင်ရန် ကိစ္စရပ်များ ရှိလာပါက သူက သက်ဆိုင်သူထံသို့ အကြောင်းကြားရ ပေလိမ့်မည်။ ချက်ချင်းလက်ငင်း ပေါ် ပေါက် လာသော အခြေအနေ များ အရ သူပေးသောအကြံဉာဏ်များကို လိုက်နာဆောင်ရွက်နိုင် ရေမှုမျိုးက လွဲ၍ ကျန် ကိစ္စရပ်များတွင် သူ ပေးသော အကြံဉာဏ်ကို လိုက်နာ ကြရမည်သာ ဖြစ်ကြောင်း ယေဘုယျအားဖြင့် နားလည် ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟာသ်ခ်ကြ တပ်ဖွဲ့ ဘီနှင့် တိုက်ရိုက် ဆက်သွယ်ထားသော တယ်လီဖုန်း လိုင်းနှင့် ဆက်သွယ် လိုက်သည်။ လူးဝစ်ဘလိုဂီက အဖြေ ပေးလိုက်သည်။

'သူတို့ ခုလေးတွင် ရောက်လာကြတယ်'

လူး ဝစ် ဘ လို ဂီ က စတိဗ်၊ အီယန်ဘလိတ်နှင့် ငှယင်သန်သို တို့ကို ဆိုလိုခြင်း ဖြစ်သည်။

'စတိဗ်က အချိန် နည်းနည်း ပေးနိုင်မလား'

စတိဗ်ပက်ဂျက်က ပြန်၍ ဆက်သွယ်လိုက်၏။

'အထူးတလည် ဘာများ ပြောစရာ ရှိသလဲ'

'ရှိတယ်၊ မင်း ကိုယ် မင်း ဂ ရု စိုက် ပါ ကွာ။ ဆေးလိပ်လဲ သိပ်မသောက်ပါနဲ့'

'ကြက်သား စွပ်ပြုတ်ကို အငွေ့တချောင်းချောင်း တနေအောင် နွေးထားပါဗျာ၊ ကျုပ်တို့ ရဟတ်ယာဉ် ဆင်းတဲ့နေရာကို ရောက်ရင် ခင်ဗျားနဲ့ ဆက်သွယ်ပါ့မယ်'

နေ မ ထိ ထိုင် မ သာ ဖြစ် နေ သေး သော ဂျက်ကော့ဟတ်ရှ်သည် ဂါလာလေဆိပ်ရှိ လေယာဉ်ပျံ ထား ရှိ သော အဆောက်အအုံ နံပါတ် တစ်နှင့် ဆက်သွယ်လိုက်သည်။

ထို အဆောက်အအုံမှာ ဟိုဆိုတန် အမျိုးသား လေကြောင်း ကုမ္ပဏီပိုင် ဂျက်လေယာဉ်ကြီးများ၏ အကြီးစား ပြင်ဆင်မှု လုပ်ငန်းများ ပြု လုပ် သော နေရာဖြစ်သည်။ ယခု အချိန်တွင် ထိုအဆောက်အအုံ ထဲ၌ မည် သည့် ဂျက် လေ ယာဉ် ပျံ မှ မရှိ ပါ။ လေကြောင်းပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင် ဆင်နွှဲကြမည့် လေယာဉ်ပျံ ကလေးများသာ ရှိနေကြသည်။



'နောက်ထပ် ဆယ်မိနစ် ဆယ့်ငါးမိနစ် ဆိုရင် ကျုပ်တို့ အားလုံး အဆင်သင့်ဖြစ်ကြပါပြီ၊ ကျုပ်တို့ အတွက် အတော်ကလေး အချိန်ရပါတယ်'

ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက ဂျက်ကော့ဟတ်ရှ်အား အဖြေ ပေးလိုက်ခြင်း ဖြစ်သည်။ လေယာဉ်ပျံ ပြပွဲနှင့် ပြိုင်ပွဲ ပြုလုပ်ရန် အချိန် တစ်နာရီ ကျော်ကျော် ရှိသေးသဖြင့် ဖီးလ်ဒင်း၏ တိုးတက်မှု အစီရင်ခံစာ အရ ဂျက် ကော့ ဟတ်ရှ် သည် အ နည်း ငယ် စိတ် အေးသက်သာရာ ရရှိသွားသည်။ များ များ စား စား စိတ်သက်သာရာ ရရှိခြင်းတော့ မဟုတ်ပါ။ နယ်စပ် တစ်လျှောက်တွင် ရှိသော ဟိုဆိုတန် တပ်မတော် လှုပ်ရှားမှုများကို ... လေ့လာရေးစခန်း ငါးခုမှ ရရှိလာသော သတင်း ချက်အရ အနည်းငယ် ပို၍ စိတ်ချမ်းသာရာ ရရှိ သွားသည်။ အားလုံး ငြိမ် သက် နေ သည်။ မဝမ်ဒီ တပ်မတော်၏ လှုပ်ရှားမှုများကို မမြင် မတွေ့ရဟု ဆိုသည်။

ဂျက်ကော့ဟတ်ရှ်သည် ဆက်သွယ်ရေး ဂိုဟ်တုမှ တစ်ဆင့် နယူးရော့ခ်ရှိ ဗွီအိုင်အီး ရုံးချုပ် အဆောက် အအုံမှ ည တာဝန်ကျ ဝန်ထမ်းနှင့် ဆက်သွယ်လိုက် သည်။ သူက အခြေအနေ အ ရပ် ရပ် ကို ပြည့်စုံ လုံလောက် စွာ အစီရင် ခံလိုက်သည်။ ထို့နောက် မေးမြန်းလိုက်၏။

'ဒိုင်ယာနီ ဗိုဂလာ ဘယ် အချိန်ကျရင် ရောက် လာမှာလဲ'

သူက သေ ချာ အောင် ထပ် မေး လိုက် ခြင်း ဖြစ်သည်။ မူလ အ စီ အ စဉ် အ ရ ဒိုင်ယာနီသည်



www.burmeseclassic.com

www.burmeseclassic.com

နယူးရော့ခ် စံတော်ချိန် နံနက် သုံးနာရီတွင် ဗွီအိုင်အီး ရုံးချုပ်သို့ ရောက်ရှိနေရပါလိမ့်မည်။

'သူ လာမှာ မဟုတ်ဘူး၊ တစ်နေ့လုံး ဒီမှာ ရှိမှာ မဟုတ်ဘူး'

'ဘာ ပြောတယ်'

'သူ ကယ် လီဖိုးနီး ယား ကို သွားမလို့၊ သူ့ သူငယ်ချင်း တစ်ယောက်က ဟိုမှာ သေလုမြောပါး ဖြစ်နေတယ်'

အဲ ဒါ ကို တော့ လက်မခံနိုင်ပါဟု ဂျိတ်ခ်က တွေးလိုက်၏။ ဗွီအိုင်အီး ကော်ပိုရေးရှင်းကြီး သာမက ဒိုင်ယာနီ၏ မိတ်ဆွေ အပေါင်းအသင်း အတော် ခပ်များများသည် လာမည့် ၁၈ နာရီ အတွင်း သေလု မြောပါး ဖြစ် သွား ဖွယ် ရာ ရှိနေပေသည် သို့တိုင်အောင် ဒိုင်ယာနီသည် သူ့ ဖခင်မှ အကြွင်းအကျန် ပုဂ္ဂိုလ် အားလုံးကို စွန့်ခွာ သွားခဲ့လေပြီ။

'မိုက် သိရဲ့လား'

'သိပါတယ်၊ သူ မိနစ်ပိုင်းအတွင်း ရောက်လာတော့မှာပါ၊ အိုင်းရွှန်းမိုက်က အဲဒီ ကာလအတွက် သူ့ သမီး အလုပ်တာဝန်ကိုပါ ဝင်လုပ် ပေးလိမ့်မယ်၊ တော်တော်တော့ ဟားရတယ်ဗျာ၊ ဘုတ်အဖွဲ့ ချယ်ယာမင်က သူ့ ကိုယ် သူ ဌာန အကြီးအကဲ အဆင့်အထိ ရာထူး ချပစ်လိုက်တယ်လေ'

ဂျက်ကော့ဟတ်ရှ်က တစ် စုံ တစ် ရာ မပြောဘဲ အဆက်အသွယ် ဖြတ်ပစ်လိုက်သည်။ သူ့ စိတ်ထဲတွင် ပူပင်သောက ဖြစ်ရင်း မျက်မှောင် ကုတ်လိုက်မိသည်။ ဆဋ္ဌမ အာရုံအရ ဒိုင် ယာ နီ ၏ ဇာတ် လမ်း သည်



သံကြိုးပြတ်ဖြစ်ကြောင်း သူ သိလိုက်သည်။ သူ့ သမီး အကြီး ဆုံး က သူ့ ကို ထိုကဲ့သို့သော ဇာတ်လမ်းမျိုးနှင့် ညာပြောခဲ့ဖူးသည်။ အိုင်းရွှန်းမိုက်သည်လည်း အမှန်ကို အနေးနှင့်အမြန် ဆိုသလို သိလာလိမ့်မည်သာ ဖြစ်သည်။ မကြာခင်က ဒိုင်ယာနီ အပေါ်တွင် ရာနှုန်းပြည့် ယုံကြည်မှုနှင့် စိတ်ချမှု ရှိခဲ့သော မိုက်သည် သူ့ ကို သစ္စာ ဖောက်သွားသည်ဟု ခံစားရဖွယ်ရာ ရှိနေသည်။ ထိုကဲ့သို့ စိတ်ထိခိုက်မှု ဖြစ်ပွားလာပါက သူသည် လုံးဝ ပြန်လည်၍ နာလန်ထစရာ အကြောင်း မရှိတော့ပါ။

ပယင်းရောင် မီးကလေးတစ်ခု လင်းလိုက် မှိန်လိုက် ဖြစ် လာ သည်။ စတိုဗ်က သူနှင့် အီယန်ဘလိတ်တို့သည် တပ်ဖွဲ့ ဘီနှင့် အတူ ရဟတ်ယာဉ်ကွင်းသို့ ရောက်ရှိကြပြီ ဖြစ်ကြောင်း ရေဒီယို တယ်လီဖုန်းနှင့် အ ကြောင်း ကြား လိုက် ခြင်း ဖြစ် သည်။ ဂျက်ကော့ဟတ်ရှ်က ဒိုင်ယာနီ ဇိုဂလာ ကိစ္စကို မပြောဘဲ ချန် ထား လိုက် သည်။ ရွှေကိုယ်တော်ကလေးတွင် ဆိုးရွားသော ဒဏ်ရာ တစ်ခု ရရှိနေပါပြီ။ သူ့ အနေနှင့် သူ အချစ်ဆုံး သူငယ်ချင်းကို နောက်ထပ် ဒဏ်ရာ မရစေလိုတော့ပါ။

## ၅၀

တပ်စုနှစ်စုအဖြစ် ဖွဲ့စည်းထားသောတပ်ဖွဲ့ ဘီမှပုဂ္ဂိုလ်များသည် အစိမ်းရောင်လက်ဘို ယူနီဖောင်းများကို



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ဆင်ထားကြပြီး ခုတ်ထွင် ရှင်းလင်းထားသော တောထဲမှ ပို၍ အရိပ်အာဝါသ ရရှိသော နေရာများတွင် ပက်လက်လှန်၍ အေးအေးလူလူ အနားယူနေကြပုံ ရသည်။ ၎င်းတို့၏ အသွင် အပြင်ကို ခန့်မှန်းရန် မလွယ်ကူလှပါ။ သူတို့သည် ကာလကြာမြင့်စွာကပင် အတွေ့အကြုံ များစွာ ရရှိခဲ့ကြသူများ ဖြစ်ကြသည်။ အချို့အဖို့မူ ယခင် ဘဝက အတွေ့အကြုံများဟုပင် ထင်ရသည်။ အခွင့်အရေး ရတိုင်း ခန္ဓာကိုယ်ကို အနားပေးထားပါ။ ထိုကဲ့သို့ အနားယူနိုင်မည့် အခွင့်အရေးကို နောက်နောင်တွင် ကာလကြာမြင့်စွာ ရရှိချင်မှ ရရှိပါလိမ့်မည်။ လုံးဝ မတွေ့ရတာမျိုးလည်း ရှိနိုင်ပါသည်။ တိုက်ပွဲမဝင်မီ စနစ်တကျ စဉ်းစား တွေးတောပြီး ထုံးစံအတိုင်း လုပ်စရာရှိသည် များကို ဆောင်ရွက်ပါ။ ခလုတ်မောင်းများသည် ကောင်းမွန်စွာ အလုပ် လုပ် မလုပ် စစ်ဆေးကြည့်ပါ။ မောင်းထိန်းခလုတ်ကို ချောမောစွာ ပိတ်၍ ရ မရ ဖွင့်၍ ရ မရ စိစစ်ပါ။

ပထမ တပ်စုတွင် တာဝန် ပေး ထား သော လူးဝစ်ဖက်ဘလိုဂီနှင့် တပ်စုဆာဂျင်များ ဖြစ်ကြသော ဂေါ်စ်ဒေးဗစ်နှင့် ဂျိမ်းစ်ဂွတ်ရစ်ချ် တို့သည် သူတို့၏ လက်နက်ကိရိယာများကို စစ်ဆေးကြသည်။ သူတို့၏ တပည့်များကိုမူ တစ်ခါတစ်ရံမှသာ ကြင်ကြင်နာနာ လှမ်းလှမ်းကြည့်တတ် ကြသည်။

လူး ဝစ်ဖက်ဘလိုဂီသည် ဂျာမန်လုပ် အမ်ဂျီ ၄၂-၅၉ စက်သေနတ်ကို စစ်ဆေးနေသည်။ ထိုစက်သေနတ်ကို သာမန်အားဖြင့် အဖွဲ့နှင့်သာ ပစ်ခတ်



ကြရသည်။ လူး ဝစ်ဘလိုဂီ၏ ကြီးမားသော ခန္ဓာကိုယ်နှင့် အားကောင်းသော ကြွက်သားများကြောင့် သူ့အနေနှင့် ထိုစက်သေနတ်ကို ပြောင်းဝသေးသော အားကစားရိုင်ဖယ် တစ်လက်လို ကိုင်တွယ်နိုင်စွမ်း ရှိသည်။ မှန်ပါ၏။ ဘလိုဂီ၏ ကြီးမားသော လက်ထဲတွင် ထို စက်သေနတ်သည် ကလေး ကစားစရာ သေနတ်သဖွယ် ဖြစ်သွားရပါတော့သည်။

အမ်ဂျီ ၄၂-၅၉ စက်သေနတ်တွင် ထိုသေနတ်ကို တစ်မိနစ် လျှင် ကျည်ဆန် ၆၀၀ အောက်မှ ကျည်ဆန် ၁၄၀၀ ကျော်အထိ ပစ်ခတ်နှုန်းကိုးမျိုးနှင့် ပစ်ခတ်နိုင်အောင် ထိုသေနတ်တွင် အစုံလိုက် ထပ်မံ တပ်ဆင်၍ ရသော အစိတ်အပိုင်း သုံးမျိုး ပါရှိပါသည်။ ကျင့်သားရနေသော စက်သေနတ်သမား တစ်ဦးသည် တစ်မျိုးနှင့် တစ်မျိုး ပြောင်းလဲတပ်ဆင်ရန် ၄၅ စက္ကန့်အထိ ကြာမြင့်လေ့ ရှိသည်။ ဘလိုဂီသည် ၂၀ စက္ကန့်နှင့် ပြောင်းလဲ တပ်ဆင်နိုင်သည်အထိ လေ့ကျင့်ခဲ့သည်။ ယခုသူသည် ထိုနှုန်းကို ပို၍ လျှော့ချ လိုသော ရည်ရွယ်ချက်နှင့် ဆက်လက် လေ့ကျင့်နေဆဲပင်။

စတိဗ်ပက်ဂျက် အနေဖြင့် တပ်ဖွဲ့ဘီ တစ်ခုလုံးကို ဦးဆောင်ပေးရသူ ဖြစ်သည်။ သို့တိုင်အောင် တတိယ ဆင့်သို့ အရောက်တွင် တပ်ဖွဲ့'ဘီ'ကို' တပ်စုတစ်စုစီ ခွဲခြားခဲ့၍ တိုက်ပွဲဝင်ရန် လိုအပ်နေသည်။ စတိဗ်ပက်ဂျက်က ပထမ တပ်စုကို ဦးဆောင်ရန် ဖြစ်ပြီး ဗိုလ်ယန်ဘလိတ်က ဒုတိယတပ်စုကို ဦးဆောင်ရမည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ပက်ဂျက်တွင် ဒဏ်ရာရရှိနေသောကြောင့် လူးဝစ်ဖက်ဘလိုဂီနှင့် ဂဝ်စ်တို့သည် ပထမတပ်စုနှင့် မဖြစ်မနေ လိုက်ပါကြရတော့မည်သာ ဖြစ်ပါ၏။

စတိဗ်က အီယန်ဘလိတ်၏ တင်ပြချက်ကို လက်ခံလိုက်သည်။ သူသည် မစွမ်းမသန် ဖြစ်နေသည်။ ခန္ဓာကိုယ်၏ တစ်စိတ်တစ်ပိုင်း မသန်မစွမ်း ဖြစ်နေသောကြောင့် သူ့အတွက် ထူမပေးမည့် လူသားချင်းထောက်များ လိုအပ်နေပါသည်။ ပို၍ကောင်းမွန်သော ပုဂ္ဂိုလ်များကို တောင်းဆို၍ ရနိုင်ဖွယ် မရှိပြီဟု စတိဗ်က တွေးလိုက်သည်။ ထိုပုဂ္ဂိုလ်များ၏ ကျေးဇူးသည် အတိတ်ကာလက သူ့အပေါ်တွင် မြောက်မြားစွာ တင်ရှိခဲ့သည်။ ယခု သူသည် အနာဂတ်ကာလတွင် သူတို့ကို ပို၍ ကျေးဇူးတင်ပေတော့မည်။

သူနှင့် အီယန်ဘလိတ်တို့သည် ခုတင်ထွင် ရှင်းလင်းထားသော မြေကွက်အလယ်၌ ရှိနေသည့် ရဟတ်ယာဉ်ကြီး နှစ်စီး နံဘေးတွင် မိုးရေကာ ဖျင်နှင့် ပြုလုပ်ထားသော ခေါက်ကုလားထိုင် ကလေးများနှင့် ထိုင်နေကြသည်။ ထိုရဟတ်ယာဉ်များသည် ဆီကော့စကီး အက်စ် ၆၄ မိုးပျံဝန်ချီစက် အမျိုးအစားများ ဖြစ်ကြပြီး ဂျွန်ဂိုဒေသမှ ရွှေတုံးရွှေခဲများကို သယ်ယူရာတွင် ကမ်မ်ကို ကုမ္ပဏီက အသုံးပြုသော ရဟတ်ယာဉ် အမျိုးအစားပင် ဖြစ်သည်။ ထိုကဲ့သို့ အမျိုးအစားချင်း တူညီနေမှုကြောင့် စတိဗ်သည် ဟော်လန် နိုင်ငံရှိ လေယာဉ်ပျံ ပွဲစားတစ်ယောက်ထံမှ ရွေးချယ်၍ ဝယ်ယူခဲ့ခြင်းဖြစ်သည်။



ပို၍ တူအောင်လည်း ထပ်မံ ပြုပြင် ထားသည်။ ထိုရဟတ်ယာဉ် နှစ်စီးကို စီစီအိုင်၏ ဆေးရောင်နှင့် သုတ်ထားသည်။ အတိုကောက် စာလုံး ဖြစ်သော 'ကမ်မ်ကို'နှင့် 'ကင်းဖီးလ် အာဖရိက သတ္တုတူးဖော်ရေး ကုမ္ပဏီ' ဆိုသည့် စာလုံးများကို ထင်းနေအောင် မြင်နိုင်သော အနီရောင် စာလုံးများနှင့် ရဟတ်ယာဉ်၏ နံဘေးနှစ်ဖက် နှင့်ဝမ်းဗိုက်ပေါ်တွင် ရေးသားထားသည်။

ထိုရဟတ်ယာဉ် နှစ်စီးမှ လေယာဉ်မောင်း အဖွဲ့သားများသည် ရဟတ်ယာဉ်ထဲ၌ပင် ရှိနေကြပြီး သတ်မှတ်ထားသော ရေဒီယို အသံလှိုင်းမှ ညွှန်ကြားသည့် အမိန့်များကို စောင့်ဆိုင်းနေကြသည်။ ထိုပုဂ္ဂိုလ်များကို ခေါက်ဂလပ်စ်ဖီးလ်ဒင်းနှင့် အိုလီဆီဂမ်တို့က ကိုယ်တိုင်ကျ ရွေးချယ်ထားခြင်း ဖြစ်သလို သူတို့သည် အိုလီဆီဂမ်ကဲ့သို့ မဝမ်ဗိုနိုင်ငံမှ အက်ဂတိ လူမျိုးများမှ မုန်းတီးသော 'အိုင်အို' လူမျိုးများပင် ဖြစ်ကြသည်။

ကင်းဗတ်စ် ခေါက်ကုလားထိုင်ပေါ်၌ နေမထိ ထိုင်မသာ ဖြစ်နေသော စတိဗ်ပက်ဂျက်သည် ဒဏ်ရာရှိသေးသော ညာလက်နှင့် စီးကရက် တစ်လိပ်ကို ကမ်းယူလိုက်သည်။ ထို့နောက် သူသည် ဆီထည့်ထားသော ရဟတ်ယာဉ်နှင့် ကိုက် အနည်းငယ် သာ ဝေးကွာသောကြောင့် ပြန်သတိရလာပြီး 'ချီးမှပဲ'ဟု ရေရွတ်လိုက်သည်။ အီယန်ဘလိတ်က မေးလိုက်၏။

'စိတ်လှုပ်ရှား လာပြီလား'



www.burmeseclassic.com

www.burmeseclassic.com

'ထုံကျဉ်နေတာတွေ ပိုများလာတယ် ဆိုတာက ပိုမှန်လိမ့်မယ်'

အီယန်ဘလိတ် ကိုယ်တိုင်လည်း ကိစ္စရပ်တိုင်း စိတ်ထဲက ပြန်လည် စစ်ဆေးကြည့်ရင်း အတွေးနယ်ချဲ့ နေမိသည်။ သူ သတိမေ့လျော့ပြီးမလုပ်ဖြစ်ဘဲ ကျန်ရစ်ခဲ့သော ကိစ္စရပ်များ ရှိနေလေရော့သလား။ တပ်ခွဲ ဘီ မှ ပုဂ္ဂိုလ်များသည် ဆီကော့စကီး ရဟတ်ယာဉ် ပေါ်မှ ဆင်းနည်း တက်နည်းကို အသားကျနေအောင် လေ့ကျင့်ခဲ့ပြီး ဖြစ်သည်။ ပစ္စည်း ပစ္စယများကိုလည်း ယမန်နေ့ကပင် စနစ်တကျ တင်ထားပြီး ခဲ့လေပြီ။ ရဟတ်ယာဉ်ကို မောင်းနှင်မည့် ဝန်ထမ်းများနှင့် မြေပြင် ဝန်ထမ်းများကလည်း ရဟတ်ယာဉ်များ၏ စက်သည် မှန်ကန် ကောင်းမွန်ကြောင်း ကျိန်တွယ်၍ ပြောခဲ့ကြသည်။ ရဟတ်ယာဉ် ပေါ်၌ သုံးမည့် ရေဒီယို များနှင့် မြေပြင် ပေါ်တွင် တပ်ဖွဲ့ ဘီ သုံးမည့် ရေဒီယိုများကို ထပ်ခါ တလဲလဲ စစ်ဆေး ခဲ့ကြသည်၊ လက်နက်များ၊ ခဲယမ်းမီးကျောက်များ ဆေးဝါးများနှင့် အခြား ပစ္စည်း ပစ္စယများအား အကောင်းဆုံး အနေအထားတွင် ရှိနေကြသည်။

သို့ရာ တွင် ဗြိ တိ သျှ အ ထူး ကွန် မန်း ဒို တပ် အက်စ်အေအက်စ်၌ ဗိုလ်မှူး အဆင့် ရှိခဲ့သူ အီယန် ဘ လိတ် သည် ပြု ပြင် ပြောင်း လဲ ၍ မ ရ သော တပ်မတော် လက်သုံး လက်စွဲ စကား တစ်ခွန်း နားလည်ထားသူဖြစ်သည်။ ကိုးရိုး ကားရား ဖြစ်ခဲ့ သော ကိစ္စရပ်များ ရှိသလို အမြဲတမ်းလည်း ဖြစ်ခဲ့ ဖြစ်ထ ရှိသည်။ တိုက်ပွဲနှင့် စစ်ပွဲများကို အကောင်း



ဆုံးနှင့် အကြိုးစားဆုံး တိုက်ခိုက်သော ဘက်က အောင်မြင်လေ့ မရှိ။ အမှားအယွင်း အနည်းငယ် ကိုသာ ကျူးလွန်သည့် ဘက်က အောင် မြင် လေ့ ရှိသည်။

အကယ်၍ နပိုလီယံသည် ဝါတာလူး၌ ရှိနေသော ဝဲလင်တန်ကို မတိုက်မီ မြေပြင် သွေ့ခြောက်သွား သည်အထိ စောင့်ဆိုင်းခဲ့မည် ဆိုပါက အကယ်၍ ဂျာမန် စစ်ဗိုလ်ချုပ် ဗွန်ဂလုသည် ၁၉၁၄ ခုနှစ်တွင် သူ့ တပ်ဆွယ်ကို ပြင်သစ်တို့၏ လက်သို့ ဝကွက်၍ အပ်လိုက်သလို ဖြစ်သွားအောင် သူ့ စစ်တပ်ကို ပဲရစ် မြို့သို့ ချီတက်ရန် အမိန့်မပေးခဲ့ပါက....။

စတိဗ်က ပြောလိုက်၏။

'ကိုယ်ရေး ကိုယ်တာ သောကမီးတွေလား၊ မျှဝေ ခံစားလို့ကော ရသလား'

'တိုက်ပွဲ ဝင်ရတော့မယ့် ဆဲဆဲမှာ သန္နိဋ္ဌာန်တွေ ချမှတ်နေတာပါ'

'ထိပ်ပွတန်းလျို့ဝှက်တွေ' မဟုတ်ဘူးဆိုရင် ဘယ်လို ဆုံးဖြတ်ချက်မျိုး ပါလိမ့်'

'စိုစွတ်နေတဲ့ မြေပြင်အတွက် ပူစရာမလိုတာရယ်၊ ကိုယ့် တပ်ဆွယ်ကို ရန်သူ့လက်ထဲ ဝကွက်ပြီး မအပ် လိုက်ဖို့ရယ်'

စစ်သမိုင်းကို အီယန်ဘလိတ်လောက် နားလည် သော ပက်ဂျက်ကလည်းနားလည်လိုက်သည်။ သူတို့၏ တောဇျူဟာမှာ တစ်ဖက်ရန်သူအား အတွက်အချက် များယွင်းမှုများနှင့် အမှားအယွင်းများကို ကျူးလွန် မှုလုပ်အောင် အလွန် အကျွံ အယောင်ယောင်



www.burmeseclassic.com

www.burmeseclassic.com

အမှားမှား ဖြစ်ပေါ်စေမှု အပေါ်တွင် အခြေခံထား ခြင်း ဖြစ် သည်။ ထို မ ဟာ ဗျူ ဟာ သည် ကောင်းလွန်းသလို ထို မဟာဗျူဟာ၏ ကြောက်စရာကောင်းသော အားနည်းချက်မှာ သူတို့ အနေနှင့်လည်း အနည်းငယ်မျှ အမှားမခံနိုင်ခြင်းပင် ဖြစ်သည်။ ပက်ဂျက်က ပြောလိုက်၏။

'ကန့်လန့်ကာ ဖွင့်ရမယ့်အချိန် ရောက်ဖို့ တစ်ဆယ့်ခြောက်မိနစ်ပဲ လိုတော့တယ်'

အီ ယန် ဘ လိတ် ကလည်း ရွတ် နောက် နောက်ပြန်ပြောလိုက်သည်။

'ကျုပ်တို့ ကံကောင်းတယ်လို့ ကိုယ့်ကိုယ်ကိုယ် ယူဆကြရလိမ့်မယ်၊ ကျုပ်တို့ အဲဒီနေရာကို သွားပြီး ဘင်ခရာသံနဲ့ မိန့်ခွန်းတွေကို နားမထောင်ရလို့ပဲ'

ဗွီအိုင်အီး ဘာဆိုတို လီမိတက်မှ အင်ဂျင်နီယာများက လူတစ်သောင်း ဆံ့မည်ဟု ဆိုထားသော ပွဲကြည့်စင်ပေါ်တွင် ထို ပမာဏထက် ပိုမို ရောက်ရှိနေသည်။ လေယာဉ်ပျံကွင်း အဆောက် အအုံ၏ တစ်ဖက် တစ်ချက်၌ ကာရံထားသော သံဇကာခြံစည်းရိုး၏ နောက်ဘက်တွင်မူ ထိုပမာဏ၏ လေးဆလောက်ရှိသော မတ်တတ် ပွဲကြည့် ပရိသတ်များ ရှိနေကြသည်။

မရေ မတွက်နိုင်သော အလံများသည် သာသာကလေး တိုက်ခတ်နေသော လေထဲတွင် တဖြတ်ဖြတ် လွင့်နေကြသည်။ လူအများစု၏ အာရုံမှာ ပွဲလမ်း



ဘင်တွင် ပါဝင်ဆင်နွှဲနေရသကဲ့သို့ ဖြစ်နေကြသည်။ ကြားလုံး၊ ရှာလပတ်ရည်၊ တိုင်းရင်းသား ဘီယာ နှင့် အပေါစား လက်ဝတ်လက်စားတို့ကို ရောင်းချသူများသည် အော်ဟစ်ပြီး လူကြားထဲ၌ တိုးတိုးခွေ့ခွေ့ သွားလာနေကြသည်။

ပွဲကြည့်စင်၏အလယ်ကောင်တွင် ခြံခတ်၍သီးသန့်ထားသော နေရာ နှစ်နေရာရှိသည်။ အကြီးမားဆုံးနှင့် အသပ်ရပ်ဆုံး ပြင်ဆင်ထားသော နေရာမှာ ဘာဆိုတို အစိုးရအဖွဲ့မှ ဂုဏ်ထူး ရာထူး ကြီးမြင့်သော ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားခံရသော တိုင်း နိုင်ငံခြားသား ဧည့်သည်တော်များအတွက် နေရာပင် ဖြစ်သည်။ ထိုနေရာ၏ ရှေ့တည့်တည့်မှ လက်ရန်းပေါ်တွင် 'ဒဗလျူပီအေ ဘာဆိုတိုက ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါ၏' ဆိုသော ဆိုင်းဘုတ်ကြီးကို ချိတ်ဆွဲထားသည်။

ခြံခတ်ထားသော ဒုတိယ နေရာမှာ ပြည်တွင်း ပြည်ပ စာနယ်ဇင်း ဆရာများအတွက် ဖြစ်ပါသည်။ ရှေ့ဘက် လက်ရန်းပေါ်၌ 'အာဖရိကတိုက်တွင် သုံးလုံးညီညွတ်ကြပါစေ၊ ငြိမ်းချမ်းမှုနှင့် သာယာ ပြောမှုကို ခံစားနိုင်ပါစေ' ဆိုသော ဆိုင်းဘုတ်ကြီးကို ချိတ်ဆွဲထားသည်။

ပြိုင်ပွဲတွင် ပါဝင်ကြသည့် နိုင်ငံခြား ကုမ္ပဏီကြီးများ၏ နာမည်များနှင့် တံဆိပ်များ ပါသော အလံများလည်း မြောက်မြားစွာ ရှိနေသည်။

ဘာဆိုတို နိုင်ငံတွင် လူထု အခမ်းအနား ကြီးများကို အချိန် မှန် ကန် စွာ ကျင်းပလေ့ ရှိသည်။ ဆယ်း၅၅ နာရီတွင် တီးဝိုင်းက တီးမှုတ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော် သီချင်းသံသည် အသံချဲ့စက်မှ တစ်ဆင့် ပေါ်ထွက်လာသည်။ ပရိသတ်က ဩဘာ ပေးကြသည်။ သမ္မတကြီးနှင့် အခြံအရံ များသည် ၎င်းတို့အတွက် သီးသန့် ထားရှိသော နေရာသို့ တန်းစီပြီး ဝင်ရောက်လာကြသည်။ ထိုနောက် နိုင်ငံခြား သံရုံးများမှ သံတမန်များ လိုက် ပါ လာ ကြ သည်။ သမ္မတကြီးက ခပ်တိုတို မိန့်ခွန်း ပြောကြားသည်။ သမ္မတကြီး ပြော ကြား သော စကား ရပ်များကို ပရိသတ်က အော် ဟစ် ပြီး အား ပေး ကြ သည်။ ထို့နောက် လယ်ယာ စိုက်ပျိုးရေးဝန်ကြီးက မိန့်ခွန်း ပြောကြားသည်။

အာဖရိကတိုက်မှ နေရာ အများစုသည် ဆာလောင်မှု၊ အစာငတ်မှု၊ အစာရေစာ ရှားပါးမှုနှင့် ကြုံတွေ့နေကြရသည်။ ထိုကဲ့သို့ မဖြစ်စေသင့်ပါ။ အထူးသဖြင့် လူမျိုးစုချင်း ကွဲပြား နေသော်လည်း ညီအစ်ကို မောင် နှ မ များ သာ နေထိုင်ကြသည့် အာဖရိကတိုက် အနောက်ဘက် ဒေသတွင် ပို၍ပင် မဖြစ်သင့်ပါ။ အားလုံးသည် ငြိမ်းချမ်းစွာ နေထိုင်သင့်ကြပြီး ဘာဆိုတို နိုင်ငံကဲ့သို့ သာယာဝပြောမှုကို ခံစားသင့်ကြသည်။ အဖြေမှာ မြေကြီးများကို ပိုမို ထွန်ယက်ကြပြီး အထွက် တိုးအောင် ဆောင်ရွက်ကြရန်ပင် ဖြစ်သည်။ ဘာဆိုတို နိုင်ငံတွင် အစားအစာများကို ပြည်ပ သို့ တင်ပို့ နိုင် သည့် အထိ ဆောင်ရွက်ခဲ့သလို ပိုမို၍ တိုး ချဲ့ လုပ် ကိုင် လျက် ရှိနေသည်။



ကြီးကျယ်သော ရည်မှန်းချက်များကို ရရှိအောင် လေကြောင်း ပျံသန်းမှုက ကူညီ နိုင် စွမ်း ရှိ သည်။ အထူးတလည် ပြုပြင် ထားသော လေယာဉ်ပျံများသည် ကြီးမားသော လယ် ကွင်း များ ပေါ် တွင် ခေတ်မြေဩဇာ ပက် ဖျန်း ခြင်း၊ ပိုးသတ်ဆေး ပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး သီးနှံ ထင်းခဲ့သော မြေပြင်ကို စိမ်းစိုသော လယ်ကွင်းများနှင့် မြက်ခင်းများ ဖြစ်လာအောင် ပြုပြင် ပြောင်းလဲပေးနိုင်သည်။ ဘာဆိုတိုနိုင်ငံက ဦးဆောင်၍ လုပ်ကိုင်ရန် ရည်ရွယ်ထားသည်။ ဘာဆိုတို အစိုးရသည် အနီးအနားတွင် ရှိသော အနောက် အာဖရိကတိုက်မှ လူမည်း နိုင်ငံများအား လယ်ယာ မြေများကို ပိုမို ဖော်ထုတ်ရေးနှင့် အစားအစာများကို ပိုမို စိုက်ပျိုးနိုင်ရေးတို့ အတွက် ကူညီရန် ရန်ပုံငွေ အမြောက်အမြားကို လျာထား သတ်မှတ်ထားပြီး ဖြစ်သလို ထိုလုပ်ငန်းစဉ် ပိုမို မြန် ဆန် စေ ရေး အ တွက် လေယာဉ်ပျံ များကိုလည်း အသုံးပြုမည် ဖြစ်သည်။

နိုင်ငံပေါင်း များစွာမှ ပုဂ္ဂလိက ကုမ္ပဏီများသည် ပြိုင်ပွဲဝင်ရန် လိုအပ်သော လေယာဉ်ပျံ အမျိုးအစားများကို ဂါလာ လေကြောင်း ပြပွဲ သို့ စေလွှတ်ထား ကြ သည်။ ဤ အခမ်းအနားသို့ လာရောက်ကြသော သင်တို့သည် ဝေါမွတ်မှုကို အဆုံးသတ်နိုင်အောင် ပုံစံ ထုတ် ထား သော ငြိမ်း ချမ်း ရေး လေယာဉ်ပျံများ ဝေ ဟင် ထဲ သို့ ပျံတက်ကြသည်ကို မြင်ကြရလိမ့်မည်။ သို့ရာတွင် လယ်ယာစိုက်ပျိုးရေး ကျေးရွာများ၌ နေထိုင်ကြသူ တစ်သန်း ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ထိုလေယာဉ်ပျံများကို မြင်ကြရပါလိမ့်မည်။ လေယာဉ်ပျံများသည် အစွန်အဖျားကျသော နေရာများပေါ်တွင် ဖြတ်ကျော် ပျံသန်း၍ ငတ်မွတ်မှုအား မောင်းထုတ် ပစ်နိုင်သည့် နည်းလမ်းများကို ပြသပေးကြပါလိမ့်မည်။

ထို စကားရပ်မှာ စတင်ရန် အချက် ပြလိုက်သလိုပင် ဖြစ်သည်။ အင်ဂျင် စက်သံများ သည် တဖွတ်ဖွတ် မြည်လာကြပြီး စက်နိုးလာကြတော့သည်။

ထို မိန့်ခွန်းများကို ဘာသာဆိုတို ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ လွှင့်ထုတ်ပေးသည်။

မဝမ်ဒီ နိုင်ငံတွင် တယ်လီဗီးရှင်း မရှိပါ။ ဂါဒူးမြို့တော်၏ ရေဒီယို အသံလွှင့် ဌာနမှ တစ်ဆင့် ထုတ်လွှင့်မှုများကို အယ်လီဆန် ကရိုတ်ချ်နှင့် လောရင့်ဟော့ပါးတို့က ဂရုတစိုက် နားထောင်နေကြသည်။ သူတို့ နှစ်ယောက်သည် အယ်လီဆန်၏ ရုံးခန်းထဲ၌ အတူတူ နားထောင်နေကြခြင်း ဖြစ်သည်။ အယ်လီဆန်က ခေါင်းခါယမ်းရင်း ပဟေဠိ ဆန်သော မှတ်ချက် စကားကို ပြောလိုက်သည်။

'သူတို့က တိုက်ခိုက်ဖို့ အကြမ်းဖက်သမားတွေကို စေလွှတ် လိုက်တယ်၊ အဲဒီ နောက်ပိုင်းကျ တော့ အနောက်အာဖရိကကို အစားအသောက် ပေါကြွယ်ဝတဲ့ ဥယျာဉ်ကြီး ဖြစ်လာအောင် ဝေဟင် အစီအစဉ်နဲ့ ကူညီမယ်လို့ ဆိုနေပြန်ပြီ'



ဟော့ပါးက ပထမတန်းစား အတွေ့အကြုံရှိထားသူ တစ်ဦး၏ ယုံကြည်စိတ်ချမှုမျိုးနှင့် ဝင်ပြောလိုက်၏။

'ဒါက လုပ်လေ့ လုပ်ထ ရှိတဲ့ ပုံသေနည်းပဲ၊ စစ်တိုက်၊ ငြိမ်းချမ်းရေးစကားဆို၊ ပြီးတော့ မိတ်ဆွေတွေနဲ့ မဟာမိတ်တွေ ရလာအောင် ငွေများများနဲ့ ပေါက်'

'အဲဒီလိုလုပ်ဖို့ နည်းနည်းတော့ အချိန် နောက်ကျနေပြီ'

ဟော့ပါးက ပြောလိုက်ပြန်၏။

'သိပ်ကို နောက်ကျသွားပြီ၊ ကျုပ်တို့ရဲ့ လေတပ်ဗိုလ်ချုပ်ကြီးက ဂါလာမှာ ရှိတဲ့ ပင်မ စစ်တန်းလျားတွေကို ဆယ့်တစ်နာရီ မထိုးခင် အပျက်အစီးပုံကြီး ဖြစ်သွားအောင် ဖျက်ဆီး ပစ်လိမ့်မယ်၊ မွန်းလွဲပိုင်းကျတော့ စိတ်ဓာတ် ကျနေတဲ့ ဘိုဆိုတန် အစိုးရက ခေါယယနဲ့ အောက်ကျို့လာလိမ့်မယ်'

အယ်လီဆန်က မျက်မှောင် ကုတ်ပြီး ပြောလိုက်သည်။

'ဒီဘရီးစ်လို စိတ်ဓာတ် မမှန်တဲ့ လူစားမျိုးဟာ စစ်တန်းလျားတွေကို မှေ့ပစ်လိုက်ပြီးတော့ ဓာတ်မြေဩဇာ သယ်လာတဲ့ လေယာဉ်ပျံတွေကို မနေနိုင် ထိုင်နိုင် လိုက်ပြီး ပစ်ခတ်လိမ့်မယ်'

'ကျုပ်တို့က အဲလေ....ခင်ဗျားက သူ့ကို သတိ ပေးထားသင့်တယ်'

'ရှင့်ကိုပဲ ကျွန်မ တာဝန် လွှဲလိုက်ပါမယ် လာရီ'



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်က ပြောလိုက်၏။ အမျိုးသား အချင်းချင်း ဖြစ်ပေါ်နေသော စိတ်ဝမ်းကွဲပြားမှု သည် ပို၍ကြီးထွားလာစေမည် ဖြစ်သလို ဒူးနေရာဒူး တော်နေရာ တော် ဆိုသလို ဖြစ်သွားပေလိမ့်မည်။

'စည်းကမ်းကို မလိုက်နာရင် ပြင်းပြင်း ထန်ထန် အရေးယူမယ်ဆိုတဲ့ အကြောင်း ကျွန်မ ကိုယ်စား ရှင်က သူ့ကို ကျွန်မ အမိန့်အရ ပြောတယ်လို့ ပြောပြ လိုက်စမ်းပါ'

ပရိုဗီခန်းမဆောင်ထဲ၌ ရှိနေကြသော ဟင်နရီဂါဒူးနှင့် အက်ဂဘီလူမျိုး အရာရှိကြီးများသည် ဂါလာ လွှင့်ထုတ်သော အစီအစဉ်ကို ဖမ်းယူ ဖွင့်လှစ် ထားသည့် ရေဒီယိုအား နားထောင်နေကြသည်။

စီးပွားရေး ဝန်ကြီးက ပြောဆိုလိုက်၏။

'ဒါ ကျုပ်တို့ကို ဦးတည်ပြီး ပြောနေတာ သူတို့က လက်ဆောင် ပစ္စည်းတွေကို ထောင်ပြပြီး ကျုပ်တို့ လူမျိုးတွေကို စည်းရုံးနေတာ'

ပြည်ထဲရေး ဌာနမှ အကြံပေး အရာရှိက ပြော လိုက်ပြန်၏။

'လက်ဆောင်ပစ္စည်းတွေ ဟုတ်လား၊ လာဘ်ထိုး နေတာဗျ၊ ခင်ဗျားတို့က ကျုပ်တို့ကို အနှောင့်အယှက် မပြုဘူးဆိုရင် ကျုပ်တို့က ခင်ဗျားတို့ကို ဆူဖြိုးတဲ့ ဝက်တွေ နွားတွေနဲ့ သီးနှံတွေ ပိုရအောင် လုပ်ပေး မယ်လို့ ပြောနေတာဗျ'

'ဟုတ်တယ်'



နောက်တစ်ယောက်ကလည်း အားရပါးရ ခေါင်း ညိတ်သည်။

'လာဘ်ထိုးတယ် ဆိုတာ သူ့ရဲ့ဘောကြောင်သူ တွေရဲ့ လုပ်ရပ်ပဲ၊ ဆူး လူမျိုးတွေဟာ လူကြောက် တွေဗျ'

ဟင်နရီဂါဒူး၏ မျက်နှာသည် ကြည်ကြည်လင်လင် ဖြစ်သွားတော့သည်။

'လူဖြူတွေဆီမှာ ရှေးဟောင်း ဆိုရိုး စကား တစ်ရပ် ရှိတယ်၊ နတ်ဘုရားတွေဟာ သူတို့ ဖျက်ဆီး ပစ်မယ့် လူသားတွေကို ရူးသွပ်သွားအောင် ပထမ ဦးဆုံး လုပ်လေ့ လုပ်ထ ရှိတယ်တဲ့၊ ရူးသွပ်သွားတဲ့ အခါကျတော့ ကာကွယ်ဖို့ အစီအစဉ်တွေကို ရှာခလေ့ ဖွေလေ့ ရှိကြတယ်၊ နတ်ဘုရားတွေကို ကျေးဇူးတင်ရ မှာပေါ့ကွာ၊ သူတို့က ရူးရူးနှမ်းနှမ်း လျှောက်လုပ်တဲ့ ကိစ္စတွေဟာ ကျုပ်တို့က သူတို့ကို ဖျက်ဆီးပစ်ဖို့ ပိုပြီး လွယ်ကူသွားစေတာပေါ့ကွာ'

ထိုပြိုင်ပွဲတွင် လေယာဉ်ပျံကိုးစီး ဝင်ရောက် ယှဉ်ပြိုင်ကြသည်။ လေယာဉ်ပျံများတွင် ဒေါက်ဂလပ်စ် ဒီးလ်ဗင်း ဦးဆောင် မောင်းနှင်မည်ဖြစ်သော ပိုလန် နိုင်ငံ လုပ် ပီဇက်အလ်မိုင်း လက် လေယာဉ်ပျံ အဟောင်းကြီးကဲ့သို့ လေယာဉ်ပျံ အဟောင်း မျိုးစုံ ပါဝင်ကြ သည်။ ထို လေယာဉ်ပျံ များပေါ် တွင် ဝင်ရောက် ယှဉ်ပြိုင်ကြသော ကုမ္ပဏီများ၏ အမှတ် တံဆိပ်များကို ရေးသားထားသည်။ ထိုလေယာဉ်ပျံ



www.burmeseclassic.com

www.burmeseclassic.com

များကို ပိုးသတ်ဆေးဖျန်းရန်၊ မျိုးကြဲရန် စသော လယ်ယာလုပ်ငန်းတွင် အသုံးချရန်အတွက် ပြုပြ ပြောင်းလဲထားကြောင်း တွေ့မြင်နိုင်ကြပါသည်။

အိုလီဆီဂမ် မောင်းနှင်မည့် အင်ဂျင် နှစ်လုံးတ ဒီဟက်ဗလန်း တွင်အော်တာ လေယာဉ်ပျံကိုတော ခြွင်းချက်အဖြစ် သတ်မှတ်ရလိမ့်မည်။ ထိုလေယာဉ် သည် ယခုထက်တိုင် ပြေးလမ်းတို၌ ဆင်းနိုင် တက်နိ သော သယ်ယူပို့ဆောင်ရေး ယာဉ်ကဲ့သို့ တွေ့မြ နေရသည်။ အတောင်ပံ နှစ် ဖက် အောက် တွ ရှည်လျားပြီး လေးလံပုံရသော လောင်စာဆီ တိုင်က နှစ်လုံးကို တပ်ဆင်ထားသည်။ ထို တိုင်ကီများမှ ဘူတိန်း သို့မဟုတ် ပရိုပိန်း ဓာတ်ငွေ့ရည်များကို သိုလှောင် ထားလေ့ ရှိသော ၊လီတာ ၂၅၀ ဆံ ဝါး ကျည် တောက် သ ဏ္ဍာန် ဆီ အိုး ကြီး များ နှ ခပ်ဆင်ဆင် တူသည်။ ဗဟုသုတ ကြွယ်ဝသူများက ထို လောင်စာဆီအိုးကြီးများမှာ မကြာမီက တီထွ လိုက်သော အသစ်အဆန်း တစ်ခုဖြစ်သည်။ ထိုအိုး တွင် သီးနှံ အထွက်နှုန်း တိုးစေမည့် ဓာတုဗေ ပစ္စည်းများ ပါရှိလာပြီး ဖိအားနှင့် နှုတ်သီးမှ ဖျန် ပက်နိုင်လိမ့်မည်ဟု ယူဆကြသည်။

ထိုလေယာဉ်ပျံများ၏ ကြံ့ခိုင်မှုနှင့် ကျရာ နေ တွင် တာဝန် ထမ်းဆောင်နိုင်စွမ်း ရှိမှုကို ပြသ အတွက် လေ ယာဉ် ပြေး လမ်း များ အ ကြား ကွန်ကရစ် လောင်းထားသော ညီညာသည့် ကွင်းပြ ကျယ်ကြီးပေါ်မှ တစ်ပြိုင်နက်တည်း ပျံတက် ပြ ကြမည် ဖြစ်ပါ၏။ ထို လေယာဉ်ပျံများသည် မြ



သဏ္ဍာန် နေရာယူလိုက်ကြပြီးနောက် စက်မရပ်တန့်ဘဲ လေယာဉ်ပျံကို ခေတ္တမျှ ရပ်ထားကြစဉ် မြေပြင် ဝန်ထမ်းများသည် ထရပ်ကားများပေါ်မှ ခုန်ဆင်း လာကြပြီး 'အနောက် အာဖရိကအတွက် သီးနှံများ ပိုမိုစိုက်ပျိုးကြ' ဆိုသော စာသားကို ဘာသာမျိုးစုံနှင့် ရေးသားထားသည့် ရောင်စုံ စာတန်းကြီးများအား လေယာဉ်ပျံ၏ နောက်ဘက်တွင် ချိတ်ဆွဲပေးနေကြ သည်။ ထို စာ တန်းကြီး များ သည် လေ ထဲ တွင် ဘွဲလောင်းဆွဲ၍ လိုက်ပါလာကြမည် ဖြစ်ပါ၏။

ထိုကဲ့သို့ ချိတ်ဆွဲပေးသည်မှာ မိနစ်ပိုင်း မျှသာ ကြာမြင့်ပါသည်။

'ခင်ဗျားတို့ ပျံတက်နိုင်ကြပြီ'

ကွပ်ကဲရေး မျှော်စင်မှ ဖီးလ်ဒင်းကို ခွင့်ပြုလိုက် သည်။

ပီဇက်အလ် လေယာဉ်ပျံ၏ ကိုယ်ထည်ထဲ၌ရှိသော တိုင်ကီကြီးထဲတွင် အလေးချိန် ပေါင် ၃၀၀၀ နီးပါး ရှိသော အရည်များကို အပြည့် ထည့်ထားသည်။ ဒေါက်ဂလပ်စ် ဖီးလ်ဒင်းသည် ထို အရည် များ ကို အပြင်သို့ ဆန့်ထုတ်၍ရသော ဖြွန်ပေါက်မှတစ်ဆင့် ပက်ဖျန်းရမည် ဖြစ်သည်။ မိုင်းလက် လေယာဉ်ပျံ သည် ခပ်နှေးနှေး ပျံတက်ရာတွင် အကောင်းဆုံး ဖြစ်သည်။ အလေးချိန် များပြားစွာ တင်ဆောင်ထား သဖြင့် အလွန့် အလွန် နှေးကွေး လေးလံနေမည်သာ ဖြစ်ပါ၏။

ဒေါက်ဂလပ်စ်ဖီးလ်ဒင်းသည် ဘရိတ်ဖမ်းထားပြီး မြင်းကောင်ရေ ၁၀၀၀ အား အင်ဂျင် စက်ရှိန်ကို



www.burmeseclassic.com

www.burmeseclassic.com

တိုးမြှင့်လိုက်သည်။ လေယာဉ်ပျံ မောင်းနှင်ခန်းထဲမှ အသံမှာ ဆူညံလွန်းလှပေ၏။ ပိုလန် လူမျိုးများသည် ကမ္ဘာပေါ်တွင် အင်ဂျင်စက်သံ အဆူညံဆုံး စက်များကို တည်ဆောက်ခဲ့ကြသော်လည်း အင်ဂျင်စက်ကမူ အလွန် ကောင်းမွန်သည်ဟု သူတွေးလိုက်မိသည်။ ချောင်းဆိုးခြင်း သို့မဟုတ် တဟုပ်ဟုပ် မြည်ခြင်းမျိုးပင် မဖြစ်ပေါ်ခဲ့ပါ။ အင်ဂျင်စက်သည် ဖမ်းထားသော ဘရိတ်ကို ဆန့်ကျင် တွန်းကန်နေသည်။ ဒေါက်ဂလပ်စ်က ဘရိတ်ကို ပြန်လျှော့ပစ်လိုက်ရာ ပီဇက်အလ် အင်ဂျင်စက်သည် ကြမ်းတမ်းသော မြေမျက်နှာပြင်ပေါ်တွင် ယိမ်းထိုးရင်း တဖြည်းဖြည်းနှင့် အရှိန် ရလာတော့သည်။

ဒေါက်ဂလပ်စ်၏ မိုင်းလက်လေယာဉ်ပျံက ကိုက်သုံးရာ အကွာ အဝေးသို့ ရောက်ရှိသွားသော အခါ ကျန် သော လေယာဉ်မှူး များသည် စက်ရှိန်ကို မြှင့်ကြပြီးနောက် ပျံတက်ရန် အရှိန် ယူကြလေ၏။ နောက်ဘက် အစွန်ဆုံး၌ ရှိနေသော အိုလီဆီဂမ်က စက္ကန့်အနည်းငယ်ကြာအောင် စောင့်ဆိုင်းလိုက်သည်။ ကိုးရိုးကားရား နိုင်လှသော လောင်စာ ဆီအိုးကြီးများကို သယ်ဆောင် လာရသည့် တိုင်အောင် တွင်အော်တာ လေယာဉ်ပျံသည် ကျန်လေယာဉ်ပျံအားလုံးထက်မြန်ဆန်ပါသည်။

ကျန်နေသေးသော လေယာဉ်ပျံအားလုံး လေထဲသို့ ရောက်ရှိ သွားကြ ပါပြီ။ အိုလီဆီဂမ်သည် ပရတ်အင်ဝှစ်တနီ တာတိုပရော့ အင်ဂျင်စက် နှစ်လုံးအား စက်ရှိန်မြှင့်လိုက်ရာ မကြာမီ တွင်အော်တာ



လေယာဉ်ပျံသည် လေထဲသို့ ပျံတက် ရောက်ရှိသွားလေတော့သည်။

မြေပြင်ပေါ်မှ ပရိသတ်သည် ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေကြသည်။ လေယာဉ်ပျံ ကိုးစီး တစ်စု တစ်ဝေးတည်း ပျံတက်သွားသော မြင်ကွင်းကို ပရိသတ် အများစုသည် တစ်ခါမျှ မြင်ဖူးကြဟန် မတူပါ။ လေယာဉ်ပျံနောက်ဘက်၌ ချိတ်ဆွဲထားသော စာတန်းသည် လေထဲ၌ ဖြောင့်တန်းစွာ ပါသွားကြသည်။

ရှေ့ဆုံးမှ လေယာဉ်ပျံက စက်ဝိုင်း သဏ္ဍာန် ချိုးကွေ့လိုက်သည်။

အသံချဲ့စက်မှ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'နောက်ထပ်ပြသမယ့် အစီအစဉ်ကတော့ စတန့်ပျံသန်းမှုပဲ ဖြစ်ပါတယ်၊ လေယာဉ်မှူးတွေကတော့ ရဲရဲတောက် သတ္တိခဲတွေပါပဲ'

ပရိသတ်သည် အုပ်စု ဖွဲ့၍ ပျံသန်းနေကြသော ဆေးဖျန်း လေယာဉ်ပျံများပေါ်တွင် စိတ်ဝင်စားမှု လျော့နည်း ကျဆင်းသွားတော့သည်။

ဒေါက်ဂလပ်စ်ဖီးလ်ဒင်းသည် ချိုးကွေ့နေသော လေယာဉ်ပျံကို အသာအယာ ထိန်း ကိုင် ရင်း ဂျက်ကော့ပတ်ရှိနှင့်ဆက်သွယ်ထားသော ဖရီကွင်စီမှ တစ်ဆင့် ရေဒီယိုနှင့် ဆက်သွယ်လိုက်၏။

'ကျုပ်တို့ လေထဲကိုရောက်နေကြပြီး လမ်းကြောင်းအတိုင်း ပျံသန်းနေကြပါပြီ'

'ကောင်းတယ်၊ ကံကောင်းပါစေ'



www.burmeseclassic.com

www.burmeseclassic.com

ဂျက်ကော့ဟတ်ရှ်က ပြောလိုက်၏။ ေါက်ဂလပ်စ်ဖီးလ်ဒင်း၊ အိုလီဆီဂမ်နှင့် အခြား လေယာဉ်မှူးခုနစ်ယောက်တို့ အတွက် ကံကောင်းဖို့ အလွန် လိုအပ်နေကြောင်း သူ သိပါသည်။ သို့ရာတွင် လူတိုင်းလူတိုင်း ကံကောင်းဖို့ လိုအပ်နေပါသည်။ ဟတ်ရှ်သည် စကားပြောခွက်မှ ခလုတ်ကို ဖွင့်လိုက်ပြီးနောက် ရဟတ်ယာဉ်ကွင်းမှ ရဟတ်ယာဉ်များနှင့် ဆက်သွယ်လိုက်၏။ ဟတ်ရှ်က ပြောလိုက်သည်။

'ဆေးဖျန်းတဲ့ လေယာဉ်တွေဟာ ၀၉:၂၃ နာရီက စပြီး သွားရောက်နေကြပါပြီ'

အသင့် စောင့်နေသော လေယာဉ်မှူးက ပြန်ဖြေလိုက်၏။

'သုညကိုးနှစ်သုံး၊ ကျုပ်က ပက်ဂျက်နဲ့ ဘလိတ်ကို ပြောပြလိုက်ပါ့မယ်'

ဟတ်ရှ်က ခလုတ်ကို ပြန်ပိတ်လိုက်ပြီး နောက် လဟာပြင်ထဲသို့ ငေးကြည့်နေသည်။ နောက်ဆုံး အချက်ပေးမှုကို စတင်လိုက်ပါပြီ။ အစီအစဉ်အရ အဆင့်သုံးကို အဆင့်နှစ် စတင်ပြီး တစ်နာရီ တိတိ အကြာတွင် စတင်ရမည် ဖြစ်ပါ၏။ နံနက် ၁၀း၂၃ နာရီတွင် ဆီကော့စကီး မိုးပျံ ဝန်ချီစက်ရဟတ်ယာဉ်ကြီးများက စတိဗ်၊ အီယန်ဘလိတ်နှင့် တပ်ဖွဲ့သားတို့ကို တင်ဆောင်၍ ပျံသန်းကြပါ လိမ့်မည်။ သူ ချမ်းစိမ့်သွားသည်။ ရေ ခဲလုမတတ် အေးစက်သွားခြင်း ဖြစ်ပါ၏။





လေတပ် ဗိုလ်မှူးကြီး အက်ဒဝပ် ဒီဘရီးစ်သည် လေတပ်မှ ဗိုလ်ကြီးဟောင်း ဒေါနယ်အော့စဘွန်းအား သူနှင့် အတူ လိုက်ပါကြည့်ရှုရမည့် တွဲဖက်လေယာဉ်မှူး အဖြစ် ရွေးချယ်လိုက်သည်။ နယ်စပ်တွင် သွားရောက် တိုက်ခိုက်စဉ်က အော့စဘွန်းသည် သူနှင့်အတူ လိုက်ပါခဲ့သူ ဖြစ်သည်။

ဒီဘရီးစ်က ထိုနေ့တွင် ဆောင်ရွက်ရမည့်ကိစ္စကို အော့စဘွန်းအား ရှင်းပြသည့် အခါ သူက တွန့်ဆုတ်ဆုတ်ဟန် မပြသခဲ့ပါ။ အော့စဘွန်း သည် သူလက်မှတ်ထိုးလိုက်သည့် အချိန်ကစ၍ သူမည်သို့ မည်ပုံ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း သိရှိထားသူဖြစ်သည်၊ ခုခံကာကွယ်မှုမရှိသော မြို့တော်မှ အစ်တန်းလျားများအား သွားရောက် တိုက်ခိုက်ရမည့် ကိစ္စမှာ အလွန် လွယ်ကူသော ကိစ္စပင် ဖြစ်ပါသည်။

သို့တိုင်အောင် အော့စဘွန်း၏ရင်ထဲ၌ မတင်မကျ ကိစ္စရပ် ကလေးများ ရှိနေသော်လည်း သူ့ကိုယ်သူ ချုပ်တီးထားခဲ့ပါသည်။ သူသည် ဒီဘရီးစ် အပေါ်၌ ယုံကြည် သိပ်မရှိလှပါ။ ဒီဘရီးစ်က သူသည် အလွန်ကောင်းသော တိုက်လေယာဉ်ပျံကို မောင်းနှင်နေသော အလွန်တော်သည့် တိုက်လေယာဉ်မှူး ဖြစ်သည်ဟု သူ့ကိုယ်သူ အထင်ကြီး နေသည်။ အော့စဘွန်းသည် ဖော့ကလင်စစ်ပွဲတွင် ဟားရီးယား

www.burmeseclassic.com

လေယာဉ်ပျံများကို အစွမ်းကုန်နီးပါး မောင်းနှင်ပျံသန်းလာခဲ့သူ ဖြစ်သည်။ သူ့အဖို့ ဒီဘာရီးစ်သည် တတိယတန်းစားသာ ဖြစ်သလို လာဖ်တန်အေတူး လေယာဉ်ပျံ ကိုလည်း အလွန် နှေးကွေးသည်ဟု ထင်နေသည်။

သို့တိုင်အောင် သူသည် ဇာတိမြေတွင် ရရှိမည့် လစာထက် အဆမတန် ပိုမိုများပြားသော လစာကို ဆက်ပြီး လိုချင်နေပါသည်။ ဒီဘာရီးစ်ကို သူ ကြိုးစားပြီး သည်းညည်းခံပါမည်။ ပို၍ပို၍ ဆိုးရွားလာပြီး ဘတ်စ်ကားမောင်းသူ (လောက်သာ အဆင့်ရှိသော) ဒီဘာရီးစ်က အမှားအယွင်း တစ်ခုခု လုပ်ခဲ့သည် ရှိသော် သူက ယခင်တစ်ပတ်က ဆောင်ရွက်ခဲ့သလို လေယာဉ်ထိန်း ကိရိယာများကို ဝင်ကိုင်တွယ်ပြီး လေထဲသို့ ပျံတက်လိုက်မည်သာ ဖြစ်ပါ၏။

သူတို့ နှစ်ယောက်စလုံး လေယာဉ်မောင်းဝတ်စုံ များကို လဲလှယ် ဝတ်ဆင်နေကြသည်။

ဒီဘာရီးစ်က ဝတ်စုံကို လျင်မြန်စွာ ဝတ်ဆင်နေသည်။ အော့စဘွန်း၏ စိတ်ထဲတွင် အံ့ဩစရာ ကောင်းလောက်အောင် မြန်ဆန်နေသည်ဟု ယူဆသည်။

'ဆရာကတော့ သိပ်ကို ကျန်းမာနေတာပဲ'

'သိပ်ကို စိတ်ပါလက်ပါ ရှိနေလို့ကွ၊ ကျားဈေ ဘာတွေနဲ့တောင် ပြိုင်သတ်လိုက် ချင်သေးတယ်'

ဒီဘာရီးစ်က ပြုံး လိုက် ၏။ အော့ စ ဘွန်း က ဒီဘာရီးစ်၏ အပြုံးမှာ အူ ကြောင် ကြောင် နိုင်သ သည်ဟု ထင်လိုက်သော်လည်း စိတ်ထဲက ဖျောက်သ



လိုက်သည်။ လေယာဉ်မောင်း ဝတ်စုံကို ပြည့်ပြည့်စုံစုံ ဝတ် ဆင် ထား ပြီး ဖြစ် နေ သော ဒီဘာရီးစ်က လေယာဉ်ပျံ ဆီသို့ သူ ကြိုသွားနှင့်မည်ဟု ပြော လိုက်သည်။

လေယာဉ်ပျံ ထား သော ရုံ ထဲ က ဒီဘာရီးစ် ထွက်လာချိန်တွင် လောရင့်ဟော့ပါးက ကြားဖြတ်၍ တားလိုက်၏။ ဒီဘာရီးစ်သည် ဂါလာ ရေဒီယိုကို နားမထောင်ခဲ့ပါ။ လော ရင့် ဟော့ ပါး က အတို ချုပ်၍ ပြည့်ပြည့်စုံစုံ ပြောပြလိုက်သည်။ ဟော့ပါးက ဆက်လက်၍ 'ဘိုဆိုတန် လေ ပိုင် နက် ထဲမှာ ဆေး ဖျန်းတဲ့ လေယာဉ်ပျံ အချို့ကို ခင်ဗျား တွေ့ချင် တွေ့ရလိမ့်မယ်၊ အဲဒီ လေယာဉ်ပျံတွေဟာ နိုင်ငံခြား ကုမ္ပဏီတွေက ပိုင်ဆိုင်တဲ့ လေယာဉ်ပျံတွေ ဖြစ်တဲ့ အတွက် သူတို့ကို ရှောင်ကွင်း သွားပါ၊ ခင်ဗျားက အဲဒီ လေ ယာဉ် ပျံ တွေ ကို ကျည်ဆန် တစ်တောင့် ပစ်ရင် ခင် ဗျား လဲ အလုပ် ပြုတ် လိမ့် မယ် လို့ မစ်(စ်)ကရိတ်ချ်က ပြောခိုင်း လိုက်တယ်'

'ဒုက္ခရှာလို့ဗျာ၊ ကျုပ် သူတို့အနားကို ယောင်လို့ တောင် မသွားပါဘူးဗျ'

ဒီဘာရီး၏ စိတ်ထဲက ရယ်လိုက်၏။ သူက ကြီးကြီး ကျယ်ကျယ် ပျံသန်း ပြသမည့် လေယာဉ်ပျံ ပြပွဲကြီးနှင့် တွေ့ရတော့မည့် အချိန်မှာ ဘာဖြစ်လို့ ဝေဟင်ထဲက အိမ်သာ အစုတ် ပလုပ်တွေကို ဒုက္ခရှာပြီး ပစ်နေနိုင်မှာလဲ။ သူ့ စိတ်ထဲမှ ခံစားချက် ပြောင်းလဲ သွားသည်။ သူက ရှုံ့မဲ့လိုက်၏။ ကာရိတ်ချ်ဆိုသော အမျိုးသမီးက အမိန့် ပေးမှုများနှင့် ခြိမ်းခြောက်မှု



www.burmeseclassic.com

www.burmeseclassic.com

များကို ဆော့ဝါးက တစ်ဆင့် ပြောခိုင်းနေသည်ကို သူ မကျေမနပ် ဖြစ်နေမိသည်။

ဒီဘာရိုးစ်သည် အေတူး လေယာဉ်ပျံ ရပ်တန့်ထားသော နေရာဆီသို့ လျှောက်သွားသည်။ မက်ကင်းနစ်များနှင့် လက်နက်တပ်ဆင်သူများသည် လေယာဉ်ပျံနားတွင် မတ်တတ်ရပ်နေကြသည်။ သူတို့က ဒီဘာရိုးစ်အား နှုတ်ဆက်လိုက်ပြီး လေယာဉ်ပျံကို ဆီဖြည့်ပြီးသည်သာမက ပေါင် ၅၀၀ ရှိသော ဗုံးရှစ်လုံးကိုပင် တပ်ဆင်ပြီး ဖြစ်ကြောင်း ပြောပြကြသည်။

အော့စဘွန်း ရောက် ရှိ လာ ပြီး လေယာဉ်ပျံ ပတ်ပတ်လည်ကို လှည့်လည် စစ် ဆေး နေ သည်။ ဒီဘာရိုးစ်၏ မူးယစ်ဆေး အရှိန်ပြယ်စ ပြု လာ ပြီ ဖြစ်သဖြင့် သူ နေမထိ ထိုင်မသာ ဖြစ်စပြုလာသည်။ သူ့ ဆေး အရှိန်ကို ထပ်မံ၍ မြှင့်တင်ပေးမှ ဖြစ်ပါလိမ့်မည်။ သူသည် အရေးပေါ် ဆေးဘူးကို သူနှင့်အတူ ယူ ဆောင် လာ သည်။ သူသည် စိတ်ကြွဆေးမှုန့်ကို နှာမှုန့်ထည့်သော ဘူးနှင့် ထည့်၍ ယူဆောင်လာပြီး အထဲမှ ဆေးမှုန့်များကို အခြား ပုဂ္ဂိုလ်များက မမြင်ရအောင် အဖုံးကို ဖွင့်၍ နှာရှူသလို ရှူလိုက်သည်။

'ဒါဆိုရင် ဆေးလိပ် သောက်ချင်စိတ် ကုန်သွားဘယ်ဗျ'

သူက နှာချေဟန် ဆောင်လိုက်ပြီး အဖုံးကို ပြန်ပိတ်၍ အိတ်ထဲ သို့ ပြန် ထည့် လိုက် သည်။ သူ အရှိန် ပြန်၍ ရလာပါပြီ။



'မြန် မြန် လုပ် ပါ အော့စဘွန်းရ၊ တို့ မောင်းထွက်ဖို့ အဆင်သင့် ဖြစ်နေပြီ'

'အချိန် ရှိ ပါ သေး တယ် အာစရိုရဲ့၊ မနက်ဆယ်နာရီကျမှ ထွက်ရမှာ မဟုတ်လား'

'တို့က မိနစ်ပိုင်းလောက် စောပြီး ထွက်ကြမယ်'

သူက အလျင် စ လို နှင့် စိတ်မရှည် နိုင်အောင် ဖြစ်နေသောကြောင့် အော့စဘွန်းက လေယာဉ်ပျံအား စစ်ဆေးသည့် ကိစ္စကို ခပ်မြန်မြန် ပြုလုပ်ရတော့သည်။ အင်ဂျင်ကို စက်နှိုးပြီးနောက် မြေပြင်ဝန်ထမ်းများ ရှဲ သွား ကြ သည် နှင့် တစ်ပြိုင်နက် လေယာဉ်ပျံကို ပြေးလမ်း ပေါ် သို့ ခပ်ဖြည်းဖြည်း မောင်းနှင် ယူသွားပြီး ပျံတက်ရမည့်ဘက်သို့ ဦးတည် သွားလိုက်သည်။

'ပြေးလမ်းပေါ်မှာ ပထမ အကြိမ်ထက် ခပ်ဝေးဝေး မောင်းနှင်ရလိမ့်မယ်'

ဘတ်စ်ကားမလောက်ကိုသာ မောင်းနှင် ဖူးသော ဂျိုလ်သည် တန်ချိန် နှစ်တန် ရှိသော ဗုံးများကို တင်ဆောင်လာသည့် လေယာဉ်ပျံ ပြေးလမ်းပေါ်မှ တင် ပျံတက်ချိန်၌ အမနေအထား ပြောင်းလဲသွားသည်ကို မေ့ချင် မေ့နေပါလိမ့်မည်။

'ကျုပ်တို့မှာ လေးလံတဲ့ ဝန်တွေ ပါလာတယ်'

'ငါ မသိဘူးလို့ မင်း ထင်လို့လား'

ပြောမည့်သာ ပြောလိုက်ရသည်။ သူက ဗုံးများ တင်ထားခဲ့သည်ကို လုံးဝ မေ့လျော့နေခဲ့သည်။ သူသာ အရှိန်မြှင့် ကိရိယာကို ရှေ့သို့ တွန်းထုတ်လိုက်၍ ...ာတိတ် ပြောလိုက်တာက ခပ်ကောင်းကောင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

ဖြုန်းခနဲ သံသယ ဝင်လာမိပြန်၏။ သူ မေ့ထော
နေသည်ဟု အော့စတွန်းက သံသယ ဖြစ်သွားသ
မျှားလား။

သူတို့ လေထဲသို့ ရောက်ခဲ့ကြပါပြီ။

ဟုတ်တယ်၊ ကရိုတ်ချ်နဲ့ ဟော့ပါးတို့ကို ခေါ်
ထားပြီး ပျော်ရ ပါးရ တော့မည်။ ဒီဘရီးစ်သ
လေယာဉ်ပျံကို ဆတ်ခနဲ ပြန်ကွေ့ လိုက်ပြီးနော
စက်ရှိန်ကို အပြည့်တင်၍ ရုံးခန်းများ ဖွင့်လှစ်ထ
သော အဆောက်အအုံ ပေါ်သို့ ဒိုင်ဗင်ထိုး၍ စိုက်
လိုက်သည်။

'သိပ်နိုပ်တယ် အာစရို၊ စာရေးတွေရဲ့ ဆံပ
တစ်ပေ လောက်ပဲ ကပ်လွတ်သွားတယ်'

'လက်မလောက်ကွ၊ လက်မလောက်နဲ့ ကပ်လွ
သွားတာ၊ ဒါတောင် မင်းက စုံစုံလင်လင် မြ
သေးတာ မဟုတ်ဘူး'

ဘုရားသခင် ကယ်တော်မူပါဟု အော့စတွန်း
တွေးလိုက်မိသည်။

ဒီဘရီးစ်က ကောင်းကင်ထက် ဆီသို့ ထိုးထ
လိုက်၏။ ဗုံး ပါ သည် ဖြစ်စေ မပါသည် ဖြစ်
အတူး လေယာဉ်ပျံက လှလှပပ ကလေး တို့
လိုက်သည်။ အမြင့်ပေကို ပြသော ကိရိယာကလ
တရှိန်ထိုးတက်နေသည်။ ၃၀၀၀....၅၀၀၀....၇၀၀
သို့ရာတွင် ဒီဘရီးစ်၏ ဆေးရှိန်ကိုတော့ မမီသေး
ပေ ၉၀၀၀ သို့ အ ရောက် တွင် အောက်စီဂျင်
စတင် အ သုံး ပြု ရ လေ ပြီ။ သူက ကွပ်ကဲ
မျှော်စင်နှင့် ဆက်သွယ် လိုက်၏။



'လေတပ်ဗိုလ်ချုပ်ကြီးက မစ်(စ်) ကရိုတ်ချ်နဲ့
ဟော့ပါးတို့အတွက် ဂါဒူးမြို့တော်နဲ့ ဆယ်သွယ်နေ
တယ်၊ ဂါလာမြို့က ပြဲ့ သတင်းကို ဖွင့်ပြီး
နားထောင်နေကြပါ၊ အကျိုးထူးပါလိမ့်မယ်၊ ကျုပ်
ပြောမယ့် သတင်းက ပြီးဆုံးပါပြီ၊ ကျုပ်က အဆက်
အသွယ် ဖြတ်တောက်ပစ်လိုက်ပြီ'

တော်တော်မိုက်တဲ့ သတ္တဝါပဲဟု အော့စတွန်းက
တွေးလိုက်သည်။ ဂါဒူးမြို့တော်မှ ရေဒီယိုသည်
မိုင် ၁၅၀ အကွာအဝေးအထိ ဖမ်းယူနိုင်စွမ်းရှိသည်။
အဘယ်ကြောင့် အဆက်အသွယ် ဖြတ်တောက်ပစ်ရ
လေသနည်း။

စိတ်ကြွစေသော မူးယစ်ဆေးကို ရှူသွင်းပြီး
နောက် အောက်စီဂျင်ကို ရှူသွင်းလိုက်ခြင်းဖြင့် ပို၍
ဆေးအစွမ်း ပြလာတော့သည်။

ဒီဘရီးစ်က ပြောလိုက်၏။

'ဒါ ငါတို့ရဲ့မိုးကောင်းကင်ကြီးပဲ၊ ကဲ တို့ဘာလုပ်
နိုင်သလဲ ဆိုတာ စမ်းကြည့်ကြရအောင်'

ဒီဘရီးစ်သည် မိနစ်နှစ်ဆယ်ကြာအောင် ရှေ့သို့
တိုးမောင်းလိုက်၊ နောက်ဘက်သို့ ပြန်မောင်းလိုက်၊
အပေါ်သို့ ထိုးတက်လိုက်၊ အောက်သို့ စိုက်ချလိုက်
ပြုလုပ်နေသည်။ အော့စတွန်းက မကြည့်ချင် မမြင်
ချင်သောကြောင့် မျက်စိမှိတ်ထားလိုက်သည်။ သို့တိုင်
အောင် ကုလားထိုင်အား လေယာဉ်ပျံထဲက လွင့်တွက်
သွားအောင် ကန်ထုတ်ပစ်သော ခလုတ်ကို မနှိပ်
သရွေ့ သူတို့အဖို့ လွတ်လမ်းမရှိပါ။ ထို စနစ်နှင့်
ပြုလုပ်ချက် အားလုံးသည် မဝမ်ဒီနိုင်ငံ၏ဝေဟင်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com

ဘေးရန်ကင်းရှင်းစွာ ရှိနေသည်။ သူတို့သည် ယခု အချိန်အထိ ဘာဆိုတန် မြို့တော်နှင့် မနီးကပ် သေးပါ။

နောက်ဆုံးတွင် ဒီဘရီးစ်က ပြောလိုက်၏။

'အလုပ် မလုပ်ဘဲ မြူးထူးပျော်ရွှင်နေရင် ငါတို့ ဟာ ငတုံးတွေ ဖြစ်ကုန်ကြမှာပဲ'

ဒီဘရီးစ်က လေယာဉ်ပျံကို ပေ ၇၅၀၀ သို့ ပြန် လျှော့ချပြီး လမ်းကြောင်း အမှန်အတိုင်း ပျံသန်းစေ လိုက်သည်။

နယ်စပ်သို့ ရောက်ရှိသော အခါ ပေ ၃၀၀၀ သို့ ဆင်း၍ အော့စဘွန်းအား ပြောလိုက်၏။

'ဟေ့ အောက်ဘက်မှာ ရန်သူတွေကို မြင်ရ သလား၊ ကြည့်စမ်းပါဦး'

'မမြင်ရဘူး အာစရိ'

အော့စဘွန်းက အောက်သို့ပင် ငုံ့မကြည့်ပါ။ သူက လိုက်လံပစ်ခတ်သည့် အလုပ်မျိုးကို ဒီဘရီးစ် အား မလုပ်စေချင်ပါ။ သူသည် ဆောင်ရွက်ရမည့် ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပြီး ဂါဒူးမြို့တော် သို့ ပြန်ချင်နေသည်။ သူက သူတို့၏ ဘယ်ဘက် အောက်ဘက်တွင် လေယာဉ်ပျံတစ်စီး ရှိနေသည်ကို ရိပ်ခနဲ မြင်လိုက်ရကြောင်းကိုပင် ဖွင့်မပြောတော့ပါ။

သူတို့သည် ဂါလာမြို့တော်နှင့် မိုင်ငါးဆယ် အကွာသို့ အရောက်တွင် လေယာဉ်ပျံများကို မြင်ရ သည်မှာ သေချာသွားခဲ့လေပြီ။ ထို လေယာဉ်ပျံများ သည် ခပ်လှမ်းလှမ်း၌ ရှိနေကြပြီး ဝိုင်းကြီးပတ်ပတ်



ပျံသန်းနေကြသည်။ အော့စဘွန်းတို့သည် တစ်နာရီ လျှင် မိုင်လေးရာနှုန်းနှင့် မောင်းနှင် နေကြသော ကြောင့် ထိုလေယာဉ်ပျံများကို မကြာခင် မီလာကြ ပါလိမ့်မည်။ သူက မြင်ရသည့် ကိစ္စကို ဒီဘရီးစ်အား အစီရင်ခံလိုက်သည်။ ဒီဘရီးစ်က ပြောလိုက်၏။

'သူတို့က ဂါလာလေဆိပ်ပေါ်မှာကွ၊ အဲဒါက လေယာဉ်ပျံ ပြပွဲ၊ ပတ်ချာလည် မောင်းနှင်ပြီး ပြိုင်ပွဲ ကျင်းပနေပုံ ရတယ်'

'အိုး'

လေယာဉ်ပြပွဲသို့ ရောက်ရန် မိနစ်ပိုင်းသာလိုတော့ သည်။ ဒီဘရီးစ်က စက်ရှိန်မြှင့်ရန် အချိန်တန်ပြီဟု တွေးလိုက်သည်။ စက်ရှိန်ကို ၄၇၅ မိုင် အထိ မြှင့် လိုက်၏။

'လေဆိပ်ပေါ်က ဖြတ်ကျော်ပြီး ပျံသန်းမလို့ သား အာစရိ'

'ချာတိတ် မင်း ကောင်းကောင်း နားထောင်၊ မင်းကို ငါ ပြောစရာရှိတယ်၊ ငါတို့ရဲ့ မူလပစ်မှတ်ကို ဘေးဖယ်ထားလိုက်ပြီ၊ ဒုတိယ ပစ်မှတ်ဆီကို ငါတို့ သွားကြမယ်'

'ဘာများပါလိမ့်'

'လေယာဉ်ပျံပွဲပေါ့ သားရဲ့'

'ဘုရားသခင် ကယ်တော်မူပါ၊ ဘယ်ဖြစ်ပါ့မလဲ၊ ခင်ဗျားက, အရပ်သားတွေကို....'

'ငါက အမိန့်ကို လိုက်နာနေတာကွ'

ညာပြောရသည်မှာ လွယ်ကူပါသည်။



www.burmeseclassic.com

www.burmeseclassic.com

'ငါတို့ရဲ့ ဆရာသမားက ဒီနိုင်ငံကို အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲသွားစေချင်တယ်၊ ငါတို့က သူတို့ အတွက် အမြန်ဆုံး လုပ်ပေးလိုက်မယ်၊ မိနစ်ပိုင်း အတွင်းမှာပဲ ဆိုပါတော့၊ ငါ့ကိုချီးကျူးကြလိမ့်မယ်၊ သတင်းစာ ခေါင်းစီးကြီးတွေနဲ့ ဖော်ပြလိမ့်မယ်၊ သမိုင်း တွင်ရစ်စေလိမ့်မယ်'

ဒီဘာရီးစ်သည် စက်သေနတ် အားလုံး ဆိုသော ခလုတ်ကို ရွေးလိုက်ပြီးနောက် မှုံးကြဲသော ခလုတ်ကို ပိတ်လိုက်ပြီး စက်ရှိန်မြှင့်သော လီဗာတံကို နောက် ပြန်ဆွဲလိုက်ပြီး နောက် အဲတူး ဗင်ဒီကေ တာ လေယာဉ်ပျံကို စိုက်ချလိုက်လေ၏။

ရေဒါ မှန်သားပြင်ပေါ်၌ မှိတ်တုတ်တုတ် အစက် အပြောက်ကလေး စဝင် ပေါ်ပေါက်လာသော အခါ ဂါလာ လေကြောင်း ထိန်းသိမ်းရေး ဌာနက ဂရုတစိုက် သတိထားမိခဲ့ခြင်း မရှိပါ။ လေယာဉ်ပျံ ပြပွဲ ရှိနေသောကြောင့် လေယာဉ်ပျံ ကွင်း အား မွန်းလွဲပိုင်းအထိ တရားဝင် ပိတ်ထားသည်။ ပတ်ချာ လည် လေယာဉ်မောင်း ပြိုင်ပွဲတွင် လေယာဉ်ပျံ ပေါင်း များစွာ ဝင်ရောက်ယှဉ်ပြိုင်နေကြပြီး ထိုလေယာဉ်ပျံများကို လေကြောင်း ကွပ်ကဲရေး ဌာနက ထိန်းချုပ်ထားခြင်း မရှိပါ။ ထိုလေယာဉ်ပျံ များကြောင့် ဖြစ်ပေါ်နေသော မှိတ်တုတ်မှိတ်တုတ် အစက် အပြောက်ကလေးများသည် ရေဒါမှန်သား



ပြင်ပေါ်၌ အုပ်လိုက် ပျံသန်းနေကြသော ပိုးစုန်း ကြူးများပမာ ရှိနေကြသည်။

သို့ရာတွင် ထူးခြားနေသော ထို အစက်အပြောက် ကလေးသည် လျှင်မြန်သော အရှိန်အဟုန် နှင့် လေယာဉ်ပျံကွင်းဆီသို့ တည့်တည့်ကြီး ပျံသန်းလာ နေသည်။ ပထမ ခန့်မှန်းချက်မှာ ထိုလေယာဉ်ပျံ သည် လေဆိပ် ပိတ်ထားသည်ကို မသိသော စီးပွားရေး လေကြောင်း ကုမ္ပဏီပိုင် လေယာဉ်ပျံ တစ်စီးစီး သို့မဟုတ် ပုဂ္ဂလိကပိုင် လေယာဉ်ပျံ တစ်စီးစီး ဖြစ်ရမည်ဟု ယူဆလိုက်သည်။ ထိုလေယာဉ်ပျံအား ရေဒီယိုနှင့် ဆက်သွယ်လိုက်ပြီး သတိပေးရန် ကြိုးပမ်းချက် မှာလည်း မအောင်မြင် ခဲ့ပါ။ ထိုလေယာဉ်ပျံသည် မိုင် သုံးဆယ်ပင် မဝေး တော့သော နေရာသို့ ရောက်ရှိလာသောအခါ လေယာဉ်မောင်း ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲနေကြသည့် လေယာဉ်ပျံများအား အရေးပေါ် ညွှန်ကြားချက်ကို ထုတ်ပြန် ရတော့သည်။ ထို လေယာဉ်ပျံများသည် မျက်စိလည်း မမြင်၊ နားလည်း မကြား၊ စကား ပြော တတ်ပုံလည်း မရသော လေယာဉ်မှူး တစ်ယောက် မောင်းနှင်လာသည့် လေယာဉ်ပျံနှင့် ဝေဟင်ထဲတွင် တိုက်ခိုက်မှု မဖြစ်ပွားရလေအောင် ချက်ချင်း ရှောင်ဖယ် ပေးကြရန်ပင် ဖြစ်သည်။

နောက်ထပ် ဖြစ်ပေါ်လာမည့် ကိစ္စရပ်များကိုမူ ဂါလာ လေဆိပ်မှ လေကြောင်း ကွပ်ကဲရေးဌာနနှင့် ဘာဆိုတို နိုင်ငံရှိ မည်သည့် ပုဂ္ဂိုလ်ကမှ တားမြစ် နိုင်စွမ်း မရှိတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

*

အက်ဒဝပ်ဒီဘာရီးစ်က ပွဲကြည့်စင်မှ မည်းနက်နေသော လူအုပ်ကြီးကို ပစ်ခတ်ရန် ဆုံးဖြတ်လိုက်သည်။

ဒေါ်နယ်အော့စဘွန်းက 'မပစ်ပါနှင့်' ဟု ထအော်လိုက်ချင်သည်။ သို့ရာတွင် လေယာဉ်၏ ဦးပိုင်း၌ တပ်ဆင်ထားသော ၃၀ မီလီမီတာ စက်သေနတ်မှ ကျည်ဆန်များသည် ပလူပျံသလို ပျံထွက်နေလေပြီ။ မည်းနက်နေသော လူအုပ်ကြီးထဲတွင် နီရဲသော သွေးရောင်များ ဖုံးလွှမ်းသွားသည်။

ဒီဘာရီးစ်သည် စက်သေနတ်ကို ပြန်ပိတ်လိုက်ပြီး နောက်တစ်ကြိမ် ပစ်ခတ်ရန် အတွက် အထက်သို့ ပျံတက်သွားပြန်၏။

'ဟို သောက်ဖုံးတွေကို ပစ်ချလိုက်စမ်းပါ'

ဒေါ်နယ်အော့စဘွန်းက တိုက်တွန်းလိုက်သည်။ ထိုဖုံးများ၏ အလေးချိန်က အောတူးဗင်ဒီကေတာ လေယာဉ်ပျံ၏ လှုပ်ရှားနိုင်စွမ်းကို ချုပ်တည်းထားကြသလို ဒီဘာရီးစ်ကလည်း လေယာဉ်ပျံကို ထင်သလို လှုပ်ရှား မောင်းနှင်နေသည်။

'နောက်မှ'

ဒုတိယအကြိမ် ပစ်ခတ်ပြန်၏။ မည်းနက်နေသော လူပင်လယ်ကြီးသည် သွေးရူး သွေးတန်း ပြေးလွှားမှုကြောင့် ဒီရေလှိုင်းလုံးကြီးများ ပမာ လှုပ်ရှားနေသည်။



ချီးမှုပဲ။ ညာဘက်မှ ငါးဆယ် မီလီမီတာ စက်သေနတ်သည် ကျည်ဆန် ညပ်ပြီး ပစ်ခတ်၍ မရတော့ပါ။ ဘယ်ဘက်မှ ငါးဆယ် မီလီမီတာ စက်သေနတ်ကိုသာ ပစ်ခတ်၍ ရတော့သည်။ ကျည်ဆန် မညှပ်စေရပါဟု အာမခံသော လက်နက် ရုံများကို ဆဲဖို့ ကောင်းနေသည်။

နောက်တစ်ကြိမ် အထက်သို့ ပျံတက်ပြီး နောက်တစ်ကြိမ် ပစ်ခတ်ပြန်၏။

'မင်းက ဘယ် လောက် လောက် ထိခိုက်မယ်လို့ ခန့်မှန်းသလဲ အော့စဘွန်း'

ဒီဘာရီးစ်က ထိခိုက် သေကြေသူများကို ခန့်မှန်းစေလိုကြောင်း အတွေ့ အကြုံ အရ အော့စဘွန်း သိထားသည်။

'လူတွေ စုပြုံနေပုံ ထောက်ရင် လေးငါးရာ ထက် နည်းမှာ မဟုတ်ဘူး အာစရိ'

'ဟုတ်တယ်၊ သူတို့ အထိတ်တလန့် ထွက်ပြေးနေကြတဲ့အတွက် အနင်းခံရပြီး သေ တာ တွေ လဲ အများကြီး ရှိလိမ့်မယ်၊ ငါက အဲ့ဒါ တွေကိုပါ ပေါင်းထည့်ရမယ်'

သေကြေ ပျက်စီးမှုမှာ ကြောက်မက်ဖွယ်ရာပင်တည်း။ သွေးများ အလောင်းများ ကြဲပြန့်နေသည်။

ဘာဖြစ်မှန်း မသိသော ထောင်ပေါင်း များစွာ ရှိသည့် လူများသည် အထိတ်တလန့် အော်ဟစ်ပြီး ဆက်လက် ဖြစ်ပွားနေသည့်နေရာနှင့် ဝေးကွာအောင် ထွက်ပြေးနေကြသည်။ လဲကျ နေကြသည့် တိုးဝှေ့



www.burmeseclassic.com

www.burmeseclassic.com

နေကြသည်။ လေးဖက်ထောက်ပြီး တွားသွားနေကြသည်။

ဒဏ်ရာရသူများ၊ လဲကျသူများ၊ လဲကျအောင် အတွန်းခံရသူများသည် အရပ်ရှစ်မျက်နှာဆီသို့ ထွက်ပြေးနေကြသော လူအုပ်ကြီး၏ အနင်းခံရမှုကြောင့် လျှင်မြန်စွာ သေဆုံးသွားကြတော့သည်။

ဒီဘရီးစ်သည် လေယာဉ်ပျံ ထိပ်ဖူးမှ သေနတ်နှင့် ဘယ်ဘက် သေနတ်မှ ကျည်ဆန်များ ကုန်သွားအောင် ပစ်ခတ်လိုက်ပြီးနောက် လေဆိပ်အဆောက်အအုံများကို ဗုံးကြဲ၍ တိုက်ခိုက်မည်။ ဗုံးကြဲပြီးလျှင် ပြန်တော့မည်ဟု ပြောလိုက်သည်။

ဒီဘရီးစ်သည် ပေ ၁၅၀၀ အမြင့်၌ ပျံသန်းရင်း လေဆိပ် အဆောက်အအုံ အဝင်ဝကို ဗုံးကြဲရန် ရည်ရွယ်ချက်ဖြင့် အရှေ့မြောက် အရပ်မှ ပျံသန်းချဉ်းကပ်လာသည်။ ဒီဘရီးစ်သည် အကွာအဝေးနှင့် ထောင့် အနေအထားကို တွက်ချက်ရင်း ဗုံးကြဲသော ခလုတ်ကို နှိပ်လိုက်သည်။ ဖြုန်းခနဲ ဆိုသလို ပေါင် ၄၀၀၀ ပေါ့ပါးသွားသော လေယာဉ်ပျံသည် အရှေ့ဘက်သို့ ဝုန်းခနဲ ပျံတက် သွားတော့သည်။ ငုံ့ကြည့်နေသော ဒေါ်နယ်အော့စတွန်းက ရှုံ့မဲ့ပစ်လိုက်၏။

လေတပ် ဗိုလ်ချုပ်ကြီးသည် အလွန် ရှော်သော ပုဂ္ဂိုလ်ဖြစ်သည်။ သူ တွက်ချက်ပုံ မှားယွင်းသွားပါသည်။ ဗုံး ရှစ်လုံးသည် လေဆိပ် အဆောက်အအုံပေါ်၌ ပေ ၂၀၀ ခန့် အမြင့်မှ ကျော်ဖြတ်သွားပြီး



သာလာဟင်းလင်း ဖြစ်နေသော လေယာဉ်ပျံ ပြေးလမ်းပေါ်သို့သာ ကျရောက် သွားတော့သည်။

ဆဲဆို ရေရွတ်နေသော ဒီဘရီးစ်က ဆုပ်ထားသော လက်သီးနှင့် ကုလားထိုင် လက်ရန်းကို ထုလိုက်၏။ သူ့ လက်သီးဆုပ်သည် ချော်ထွက်သွားပြီး သေနတ်ပစ်သော မောင်းကို ထိသွားသည်။ လေယာဉ်ပျံ တုန်ခါသွားပြီး ညာဘက်မှ ကျည်ဆန် ညပ်နေသော စက်သေနတ်သည် ပုံမှန် အနေအထားသို့ ရောက်ရှိသွားပြန်လေရာ ကျည်ဆန် အတွဲလိုက် ထွက်သွားပြန်လေသည်။

သူ ဘာဆက် လုပ်ရမည်ကို ဒီဘရီးစ် စသိလိုက်ပါပြီ။ ညာဘက်မှ စက်သေနတ်ထဲတွင် ကျည်ဆန် ၂၀၀ ရှိနေပါသည်။ သူက ထို ကျည်ဆန် ၂၀၀ နှင့် အထူးတန်းမှ လူအုပ်ကြီးကို အထိရောက်ဆုံး ဖြစ်အောင် ပစ်ခတ်ဦးမည်။

ဟိုမှာ။ အားလုံး တန်းစီ နေကြသည်။ သူသည် ဆစ်ပင် ထိပ်ဖျားသာသာ အမြင့်မှ ပျံသန်းမည်။

သူက စုစုဝေးဝေး ရှိနေသော အလံတိုင်များကို တမ်းမြင်လိုက်သည်။

သိပ် မခက်ပါ။ ထို အလံတိုင်များ၏ အပေါ်ဆက်ဆုံး လေးပေခန့် မြင့်သည့် နေရာမှ ပစ်ခတ်တိုက်ခိုက်မည်။

သူသည် ပစ်ချလိုက်သော ဗုံးများ၏ အလေးချိန်ကြောင့် လေယာဉ်ပျံသည် ပိုမို ပေါ့ပါး သွားပြီး ထွပ်ရှားရာတွင် ပို၍ လျင်မြန်လာသည်ကို မေ့လျော့သွားသည်။

www.burmeseclassic.com

သူသည် ဗုံးများ အတောင်ပံ အောက်တွင် ဆက်လက်၍ ရှိနေပါက ကပ်၍ လွတ်သွားနိုင်လောက်သော အမြင့်ကို ချိန်ဆ၍ ထိုးစိုက်ချလိုက်သည်။

ဒေါ်နယ် အော့စ ဘွန်း အနေနှင့် သူသည် လေတပ်ဗိုလ်ချုပ်ကြီး၏ မိုက်မဲမှုကြောင့် အချည်းနှီး အလဟဿ သေဆုံးရတော့မည် ဆိုသော နောက်ဆုံး အတွေးစ လေးကို တွေးဖို့ အချိန် ရလိုက်ပါသေးသည်။

ထို့နောက် ညာဘက်မှ အတောင်ပံသည် အလံတိုင် နှစ်ခုနှင့် ဝင်ရောက် တိုက်ခိုက်မိပြီး နောက် အတောင်ပံ ပြုတ်ထွက်သွားလေတော့ရာ လေယာဉ်မှူ သည် ကတ္တရာစေးလမ်းပေါ်သို့ ဦးစိုက်၍ ကျသွားပြီး တရွတ်တိုက် လျှောပါသွားပြီးနောက် ပေါက်ကွဲ ပျက်စီး၍ သွားလေ၏။

ဘာဆိုတန် သမ္မတ၊ သူ့ အစိုးရအဖွဲ့နှင့် နိုင်ငံခြား သံတမန်များ၊ စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များတို့ သည် ဒဏ်ရာအနာတရ မဖြစ်ကြပါ။ သို့ရာတွင် သူတို့ ကံကောင်းထောက်မသောကြောင့်လည်း မဟုတ်ပါ။ အက်ဒဝပ်ဒီဘရိုးစ်သည် လူမည်းများ ထူထပ်စွာ ရှိနေသော ပွဲကြည့်စင်များကိုသာ မဲ၍ ပစ်ခတ်ခဲ့ပြီး အဝတ်အစား တောက်တောက်ပြောင်ပြောင်ဝတ်ဆင် ထားသော်လည်း လူ ကျိုးတိုးကျဲတဲသာ ရှိနေသော ပွဲကြည့်စင်ကို မပစ်ဘဲ ချန်လှပ် ထားခဲ့သောကြောင့် ဖြစ်ပါ၏။



ထို့ကြောင့် လေကြောင်းပြပွဲနှင့် ပတ်သက်၍ လွှင့်ထုတ်သည့် သတင်းကို ဒုက္ခခံ၍ နားထောင်မနေ သော ဂျက်ကေ့ာပတ်ရှိသည် ထိုသတင်းကို ဘာဆိုတို သမ္မတကြီး ထံမှ တိုက်ရိုက် ကြားသိရ တော့သည်။ ကိုလမ်ဘီယာ တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သော သမ္မတကြီးက ယာယီ ရှေးဦးသူနာပြု စခန်းအဖြစ် ဖွင့်လှစ်ထားသော လေဆိပ်အဆောက်အအုံမှ နေ၍ နိုင်ငံရေးသမား ပီသစွာ ပြောကြား လိုက်သည်။

'....လူ ရာပေါင်းများစွာ သေကြပြီး ဒဏ်ရာရ ကြတယ်၊ ပြီးတော့လဲ ဒီမှာ ဗရုတ်သုတ်ခတွေ ဖြစ်နေတယ်၊ ကျုပ် ရနိုင်သမျှ အင်အား တွေကို လိုက်လံစုစည်းနေတယ်၊ မစ္စတာပက်ဂျက်နဲ့ မစ္စတာ အလိတ်တို့ ထံကို ချက်ချင်း အကြောင်းကြား ပေးပါ'

'သူတို့က လေထဲမှာ ရောက်နေကြပါတယ်'

'သူတို့ ဘယ်နေရာမှာ ရောက်နေတယ် ဆိုတာ ကျုပ် ဂရုမစိုက်ဘူး မစ္စတာ ဟတ်ရှ်၊ ကျုပ်ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း တစ်နိုင်ငံလုံး အရေးပေါ် အခြေအနေကို ကြေငြာ လိုက်တယ်လို့ သူတို့ကိုပြောပြလိုက်ပါ၊ သူတို့နဲ့ သူ့ လူတွေဟာ မဆိုင်းမတွဘဲ ချက်ချင်း ပြန်လာကြပြီး တရားဥပဒေ စိုးမိုးရေးနဲ့ နိုင်ငံကို ကာကွယ်တဲ့ အရေး ကိစ္စတွေမှာ ဝင်ပြီး ကူညီကြရ လိမ့်မယ်'

'အဲဒါကတော့ မဖြစ်နိုင်ပါဘူး ခင်ဗျာ၊ သူတို့က ကာကွယ်ရေး အတွက် အဖြစ်နိုင်ဆုံးနည်းလမ်းကို ဆောင်ရွက်ဖို့ သွားနေကြတာပါ'



www.burmeseclassic.com

www.burmeseclassic.com

'မစ္စတာဟာတ်ရှ်၊ ခင်ဗျားကို ကျုပ် သတိပေးလိုက်မယ်၊ ခင်ဗျားက မစ္စတာပက်ဂျက်နဲ့ မစ္စတာဘာလီ ကို ဆက် သတိပေးပေးပါလို့ ကျုပ်တောင်းဆိုတယ်၊ ကျုပ်ရဲ့ အရေးပေါ် အခွင့် အာဏာတွေထဲမှာ ကျုပ် အမိန့်ကိုမလိုက်နာခဲ့ရင် ဘာဆိုတို ဗြိအိုင်အီးလီမိတက် က ပိုင်ဆိုင်တဲ့ ပစ္စည်းပစ္စယမှန်သမျှနဲ့ အခြားပစ္စည်း တွေကို ပြည်သူပိုင် ပြုလုပ်နိုင်ခွင့်လဲပါတယ်၊ ကျုပ် အမိန့်ကို မလိုက်နာခဲ့ရင် နောက်ထပ် မေးမြန်းမ တော့ဘဲ အဲဒါတွေကို ထာဝရ သိမ်းဆည်းလိုက် တယ်လို့ အမိန့်ထုတ်ဖို့ လက်နှေးနေမှာ မဟုတ်ဘူး'

ဆေးဖျန်းသော လေယာဉ်များသည် နှေးကွေး သည်။ ထို့ကြောင့် ထိုလေယာဉ်ပျံများသည် ဆီ စကီရဟတ်ယာဉ်များထက် တစ်နာရီစော၍ ထွက် ခဲ့ကြခြင်း ဖြစ်သည်။ ဆေးဖျန်းသော လေယာဉ် များသည် ရဟတ်ယာဉ်များ သွားရောက်ရမ နေရာသို့ ရောက်ရှိပြီး ပြန်လည် ထွက်ခွာသွား မှသာ ရဟတ်ယာဉ်များသည် ထိုနေရာသို့ ရောက် ကြရမည် ဖြစ်ပါ၏။

ဒေါက်ဂလပ်စ် ဖီးလ်ဒင်းနှင့် ကျန် လေယာဉ် ရှစ်ယောက် တို့သည် သစ်ပင်ထိပ်ဖျား သာ အမြင့်လောက်ဆီမှ ခပ်နိမ့်နိမ့် ပျံသန်းခဲ့ ကြသ ထိုလေယာဉ်ပျံများသည် ကျေးရွာများ ပေ ဖြတ်သန်း၍ ပျံသန်းလာခဲ့ရာတွင် လက်ဝှေ့ယမ်း လက်ပြနေသော လူအုပ်နှင့် တွေ့ရပါက ထို လေယာ



အုပ်စု နောက်ပိုင်းတွင် ပါသော လေယာဉ်ပျံ နှစ်စီး၏ အတောင်ပံများမှ မျိုးစေ့များကို ကြဲဖြန့်၍ ချပေးခဲ့ကြသည်။ ထို မျိုးစေ့များသည် သီးနှံအထွက်နှုန်း အလွန် ကောင်းမွန်သော မျိုး စေ့ များ ဖြစ်ကြောင်း အလွန် ခေတ်နောက်ကျသော လူမျိုးစုငယ်များမှ ပုဂ္ဂိုလ်များကပင် သိနေကြသည်။

ဒေါက်ဂလပ်စ် ဖီးလ်ဒင်းတို့ အဖွဲ့သည် ရေဒီယိုနှင့် ဆက်သွယ်ပြောဆိုမှုကို ရှောင်ချ၍ မထားကြသော်လည်း လိုအပ်မှသာ အနည်းဆုံး ဆက်သွယ်၍ ပြောဆိုခဲ့ကြသည်။ ဒေါက်ဂလပ်စ် ဖီးလ်ဒင်းသည် နောက်ဆုံးမှ လိုက်ပါလာသော အိုလီဆီဂမ်အား အချိန်ခြား၍ မေးမြန်းစုံစမ်းလေ့ ရှိသည်။ အိုလီဆီဂမ် သည် လေယာဉ်ပျံ အားလုံးကို ခြုံ၍ ကောင်းကောင်း မြင်တွေ့နေရသော နေရာတွင် ရှိနေသည်။

'အစစ အရာရာ အဆင်ပြေရဲ့လား အိုလီ'

ဖီးလ်ဒင်းက လေယာဉ်ပျံဝမ်းဗိုက်ထဲရှိ တိုင်ကီထဲမှ လောင်စာဆီများ၏ ဘောင်ဘင်ခတ်သံသည် တဖြည်းဖြည်းနှင့် ပို၍ပို၍ ဆိုး ရွား လာ ကြောင်း ထည့်၍ မပြောဆိုခဲ့ပါ။

'သိပ်ကောင်းပါတယ် ဒေါက်ဂလပ်စ်၊ ပိုကောင်းစရာလဲ မရှိတော့ပါဘူး'

အိုလီဆီဂမ်သည်လည်း ဘယ်ဘက် အတောင်ပံ အောက်၌ လောင်စာဆီအိုးကြီးကို တွယ်ထားသော ဒေါက်တိုင် တစ်တိုင်သည် ပြုတ်ထွက်နေပြီး ပို၍ပို၍ ပြုတ်ထွက်နေကြောင်း ထည့်၍ မပြောခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံတွင် အခြား လေယာဉ်မှူး
တစ်ယောက်ယောက်က ကြားဝင်၍ ပြောတတ်
သေးသည်။

'ဘယ်သူကမှ ကျုပ်တို့ကို ခဲနဲ့ မပေါက်သေး
ဘူးဗျ'

ထိုကဲ့သို့ ပြောသံကို ကြားရသည့် အခါမျိုးတွင်
ဖီးလ်ဒင်းက အာလုပ်သံကြီးနှင့် ပြန်ပြောတတ်ပါ၏။

'တို့ သွားရမယ့် ခရီးက အများကြီး ကျန်သေး
တယ်'

ဆီကော်စကီ မိုးပျံ ဝန်ချီစက် ရဟတ်ယာဉ် တစ်စီးစီ
တွင် တပ်ဖွဲ့ဝင်မှ တပ်စုတစ်စုနှင့် ပစ္စည်းပစ္စယများ၊
တပ်စုခေါင်းဆောင် တို့ကို တင်ဆောင်လာသည်။
စတီဖင်ပက်ဂျက်သည် ပထမ ရဟတ်ယာဉ်၏
လေယာဉ်မောင်းခန်းထဲ၌ လိုက်ပါလာပြီး အီယန်
ဘာလိတ်ကမူ ဒုတိယ ရဟတ်ယာဉ်၏ လေယာဉ်
မောင်းခန်းထဲမှ လိုက်ပါလာသည်။ ထိုလေယာဉ်ပျံ
မောင်းနှင်ခန်းထဲတွင် ဂျက်ကော့ဟတ်ရှ်နှင့် သာမက
ဂုင်းတို့အချင်းချင်း ဆက်သွယ်၍ ရသော ရေဒီယို
များ ပါရှိလာသည်။ ထိုကြောင့် သူတို့ သုံးယောက်
စလုံးသည် သုံးဦး စလုံးနှင့် ဆက်သွယ်လိုက်သည့်
အလား ထိုသတင်းကို တစ်ပြိုင်နက်တည်း ကြားလိုက်
ကြရတော့သည်။

အသံ တုန်တုန်ယင်ယင် ဖြစ်နေသော
ဂျက်ကော့ဟတ်ရှ်က ဘာဆိုတန် သမ္မတက ပြော



လိုက်သော စကားနှင့် သူ လျှင်မြန်စွာ စုံဆောင်း၍
ရရှိလာခဲ့သော သတင်းများကို ပြောပြလိုက်သည်။

သူတို့က မူလ အစီအစဉ်ကို ဖျက်၍ ပြန်လာခဲ့ရ
မည်ဆိုသော တောင်းဆိုချက်ကို စတီဖ်က ပယ်ချ
လိုက်သည်။

'ကျုပ်တို့ ပြန်လာတဲ့ အတွက် အကူအညီ ရမှာ
မဟုတ်ဘူး၊ ကျုပ်တို့ ဆက်သွားတာကမှ ဟုတ်
တုတ်တုတ်ရယ်'

အီယန်က ကြားဖြတ်ပြီး မေးလိုက်၏။

'ဘယ်လို လေယာဉ်ပျံ အမျိုးအစားက ဝင်တိုက်
ခိုက်သွားတာလဲ'

'အဲဒီ လေယာဉ်ပျံ ပျက်ကျပြီး တစ်စစီ ဖြစ်သွား
တယ်၊ ဒါကြောင့် အတိအကျတော့ မပြောနိုင်ဘူး၊
ဒါပေမယ့် တစ်ပိုင်းတစ်စစီ ရထားတဲ့ မပြည့်မစုံ
သတင်းတွေအရ ကျုပ်ကတော့ လာဖ်တန် အေတူး
လေယာဉ်ပျံ တစ်စီးလို့ ထင်တာပဲ'

'လာဖ်တန် အေတူး လေယာဉ်ပျံလို့ ခင်ဗျားက
ဆိုလိုတာလား' ပက်ဂျက်က ဝင်ပြော လိုက်၏။

'သူတို့ဆီမှာ တိုက်ခိုက်ရေး အဆင့်မှာ ရှိတဲ့
လေယာဉ်ပျံ တစ်စီးတည်းသာ ရှိတော့တာဗျ'

ဟတ်ရှ်၏ အဆိုအရ လူ ၇၀၀ ကျော် သေဆုံး
သည်ဟု ဆိုသောကြောင့် စတိဗ် ပက်ဂျက် သည်
အထိတ်တလန့် ဖြစ်သွားရသည် သာမက အကြီး
အကျယ် ဒေါသ ထွက်သွားသည်။ သို့တိုင်အောင်
သူ စိတ်ထဲ၌ အနည်းငယ် စိတ်သက်သာရာ ရရှိ

www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ သူတို့သည် ထို အော်ပရေးရှင်း (စစ်ဆင်ရေး) ကို ကြိုတင် မျှော် လင့် ထား သော အန္တရာယ်များအကြားမှ စွန့်စွန့်စားစား ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။ ထိုအန္တရာယ်များထဲတွင် ဂါဒူးမြို့တော်မှ ပုဂ္ဂိုလ် များသည် ဦးနှောက်ကို အသုံးချပြီး ဘာတွေ ဖြစ်ပျက်နေသည်ကို ရိပ်မိလာသော ကြောင့် တစ်စီးတည်းသာရှိသော လာဖ်တန် အေတူးလေယာဉ်ပျံနှင့် ၎င်းတို့ကို ကြားက ဖြတ်၍ တိုက်ခိုက်မည့် အန္တရာယ်ပင် ဖြစ်တော့သည်။

စိတ်သက်သာရာရမှု ပျောက်ကွယ်သွားပြန်ပါ၏။ တပ်ဖွဲ့ ဘီမှ ပုဂ္ဂိုလ်များသည် အင်အားချင်း ယှဉ်ပါက ၃၅ ယောက်နှင့် တစ် ယောက် ခန့် ဖြစ်နေသည်။ အင်အားချင်း မမျှမတ ဖြစ်နေသည်။ ပြီးတော့လည်း ဒေါက်ဂလပ်စ် ဖီးလ်ဒင်း၏ အဆင့် နှစ်မှ သေနင်္ဂဗျူဟာများသည် အောင်မြင်မှု မရရှိကြသလို အချိန်ကလည်း ကွက်တိ ဝင်မသွားခဲ့ပါက သူတို့၏ ရဟတ်ယာဉ်များသည် ဆင်းသက်ရမည့် နေရာဆီသို့ ရောက်ရှိဖို့ဝေးစွ၊ သူတို့ ရည်မှန်းထားသော နေရာ အနီးအနားသို့ပင် ချဉ်း ကပ် ခွင့် ရ ကြ လိမ့် မည် မဟုတ်ပါ။

'စတိဗ်၊ သမ္မတကြီး ကိစ္စက ဘယ်လိုလဲ'

ဟတ်ရှ်က ရေဒီယိုမှ တစ်ဆင့် မေးလိုက်၏။

'ဆိုင်းငံ့သွားအောင် ကတိတွေ ပေးဗျာ၊ နောက်ဆုံး အဆင့် အနေနဲ့ သူ့ ကို အကျပ် ကိုင်ပေတော့၊ ကျုပ်တို့ရဲ့ ဖိုင်တွဲတွေထဲမှာ ရှိတဲ့ အ ချက် အ လက်တွေနဲ့ အကျပ်ကိုင်ပေါ့ဗျာ'



ကော်ပိုရေးရှင်း၏ သုတေသန ဌာနတွင် အချက်အလက်ပေါင်း မြောက် မြား စွာ ရှိ နေ သည်။ အိုင်အီးနှင့် ဆက်ဆံရာတွင် ပြဿနာ ဖော်နိုင်သူ၊ ရှုပ်လှုပ်ရှရှ ဖြစ်အောင် လုပ်နိုင်သူများနှင့် ပတ်သက်သော အချက်အလက် များကို စုဆောင်းထားမြဲပင် ဖြစ်သည်။ ဂျက် ကော့ ဟတ်ရှ် က ထပ် မေးလိုက်ပြန်၏။

'ကျုပ်က မိုက်ဗိုဂလာကို ဘယ်လို ပြောရမှာလဲ'

'ခင်ဗျား သိသမျှ မှန်မှန် ကန်ကန်သာ ပြောပြလိုက်၊ သတင်းတွေက အမေရိကကို မိနစ်ပိုင်းအတွင်း ရောက်ရှိကြလိမ့်မယ်၊ အဲဒီ သတင်းတွေမှာ သွေးထွက်စရာ အထိတ်တလန့် ဖြစ်စရာတွေ ပါသွားလိမ့်မယ်၊ မိုက်နဲ့ ဒိုင် ယာ နီ တို့ က တော့ အခြေအနေကို သိထားကြဖို့ လိုတယ်'

ဂျက်ကော့ဟတ်ရှ်သည် ဒိုင်ယာနီ တစ်ယောက် သူးရောခ်ဥ္ဇ ရှိ မ နေ ကြောင်း ပြော မိ တော့ မ လိုဖြစ်သွားပြီးမှ ကောင်းပြီလေ ဟု ပြောပြီး အဆက်အသွယ် ဖြတ်သွားတော့သည်။

ရေဒီယို အဆက်အသွယ်ကို ဖြတ်မပစ်သေးသော ဒယ်ဘလိတ်က မေးလိုက်၏။

'စတိဗ်၊ တ ကယ် လို့ အိုင်းရွန်းမိုက်က ကျုပ်ကို ပြန်လာခဲ့ရမယ်လို့ အမိန့် ပေးခဲ့ရင်ကောဗျာ'

'သူက ကျုပ်တို့ဆီကို တိုက်ရိုက် မဆက်သွယ်နိုင်ဘူး၊ ဂျက်ကော့ဟတ်ရှ် ဆီကတစ်ဆင့် ဆက်သွယ်ရမှာပါ'

'ဟုတ်ပါတယ်လေ၊ သိပ်ဟုတ်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်တို့က ရေဒီယိုနဲ့ ဆက်သွယ်လာတာကို နားထောင်တဲ့ နေရာမှာ အနှောင့်အယှက်တွေ သိပ်များပြီး ကောင်းကောင်း မကြားရတာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်'

'အဲဒါ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်လား'

'မဟုတ်သေးဘူး၊ ခင်ဗျားနဲ့ ကျုပ်တို့ ယာဉ်မောင်းတွေဆီကို တင်ပြတဲ့ အဆိုပြုချက်ပါ'

ရဟတ်ယာဉ် နှစ်စီးမှ လေယာဉ်မောင်းအဖွဲ့သားများသည် ထိုကဲ့သို့ ပြောဆိုနေသည်ကို အတိုင်းသား ကြားနေ ကြရသည်။ စတိဗ် လိုက်ပါ လာသော ရဟတ်ယာဉ်မှ အိုက်ဘိုလူမျိုး ယာဉ်မောင်းက ပထမဦးဆုံး ပြောလိုက်၏။

'ကျုပ်ကတော့ အနှောင့်အယှက်တွေ များတယ်ဆိုတာကို လက်ခံတယ်'

တွဲဖက်လေယာဉ်မှူးနှင့် လေယာဉ်အဖွဲ့သားများကလည်း 'အနှောင့် အယှက်တွေ သိပ်ဆူတယ်ဗျာ' ဟု ပြောဆိုလိုက်ကြသည်။

ဘလိတ်၏ ရဟတ်ယာဉ် မောင်းနှင်နေသော ရဟတ်ယာဉ်မောင်းနှင်သည့် အိုင်ဘို လူမျိုးများကလည်း ထောက်ခံလိုက်ကြသည်။

အီယန်ဘလိတ်က ပြောလိုက်၏။

'ဒါဆိုရင် တညီတညွတ်တည်း လက်ခံလိုက်ကြပြီ၊ ကျုပ်တို့အနေနဲ့ ဆက်လုပ်မယ်၊ ဘယ်သူက ဘာပဲပြောပြော ကျုပ်တို့ ကတော့ ကောင်း ကောင်း မကြားရဘူးဘဲ'



# ၅၂

အက်ဒဝပ်ဒီဘာနီးစ်၏ စောစောစီးစီး ထွက်ခွာသွားမှု၊ ပြဋ္ဌာန်းထားသော စည်းကမ်းချက်များကို မလိုက်နာခြင်းနှင့် ရှုံး အဆောက်အအုံပေါ်သို့ လေယာဉ်ပျံနှင့် ပလွှားလွှား ပွတ်ကာသီကာ ကျွမ်းထိုးပြသသွားမှုတို့ကြောင့် အယ်လီဆန် ကရိတ်ချ်နှင့် လောရင့်ဟော့ပါးတို့ အကြီးအကျယ် ဒေါသ ထွက်နေကြသည်။ နောက်ဆုံးတွင် ထိုကိစ္စမှာ သူတို့ကို ပမာမခန့်ပြုလုပ်သွားခြင်းဖြစ်ကြောင်း သဘောပေါက်သွားကြသည်။ သို့တိုင်အောင် သူ ပြန်မလာခင် အချိန်အထိ ပါလာရေဒီယိုမှ လွှင့်ထုတ်မှုများကို နားထောင်နေရုံတစ်ပါး အခြားလုပ်စရာ ဘာမှ မရှိတော့ပါ။

စောင့်နေရသည်မှာ ပျင်းစရာကောင်းလှပါသည်။ အားကစား ကြေငြာသူ တစ်ဦးက လေယာဉ်ပျံများ ပြိုင်ပွဲဝင်နေကြပုံကို အသက်မရှူစတမ်း ခပ်သွက်သွက် ကြေငြာနေသည်။

'ဒီကီလိုမီတာ နှစ်ရာ ပတ်ချာလည် ပြိုင်ပွဲမှာ ဝင်ပြိုင်ကြတဲ့ အင်ဂျင် နှစ်လုံးတပ် လေယာဉ်ပျံ သေးသေးစားစားကလေးများ ထဲမှာ နော်ဝေးနိုင်ငံလုပ် ဘီးချ်ကရပ်ဖ်ကွင်းအဲယား လေယာဉ်ပျံက ရှေ့ဆုံးက ရောက်နေပါတယ်၊ ခု အချိန်ထိ ရှေ့ဆုံးက ရှိသန်းနေတုန်းပါပဲ'



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်သည် စားပွဲပေါ်က စာရွက်များကို ဟိုရွှေ့သည်ရွှေ့ ပြုလုပ်နေသည်။ လောရင့်ဟော့ပါး ကတော့ ဆက်၍ ထိုင်နေဆဲပင်။

'ကွင်းအဲယားလေယာဉ်ပျံဟာ ဆယ်ကီလိုမီတာ ရှိတဲ့ တစ်ပတ်လုံးလုံး ကျော်ပြီး ရှေ့ဆုံးကိုရောက်နေ ပါတယ်'

ကြေငြာနေသူက စကားကို ရပ်တန့်ပစ်လိုက်၏။ ခပ်လှမ်းလှမ်းမှ လေယာဉ်ပျံများ၏ စက်သံခပ်သဲ့သဲ့ နှင့် ပို၍နီးသော နေရာမှ ပွဲကြည့်ပရိသတ်တို့၏ တသြ တသြ ဖြစ်နေကြသော အသံများကို ကြားနေရသည်။ ထို့နောက်

'အကြောင်းကိစ္စ တစ်ခုခုကြောင့် ပြိုင်ပွဲကို ရပ်တန့်လိုက်ပုံ ရပါတယ်၊ လေယာဉ်ပျံတွေဟာ ပြန်ကွေ့လာပြီး ပြိုင်ပွဲထဲက ပြန်ထွက်နေကြပါတယ်၊ အဲဒီ လေယာဉ်ပျံတွေဟာ တကွဲတပြားစီ ပျံသန်း နေပုံ ရပါတယ်၊ လေကြောင်းပြပွဲ ကော်မတီထံက ရှင်းလင်းချက်ကို ရယူတောင်းခံနေချိန်မှာ ခေတ္တခဏ တော့ စောင့်ကြပါဦး ခင်ဗျာ'

အသံချဲ့စက်မှ အသံရပ်တန့်သွားသည်။ အယ်လီ ဆန်က ပခုံးတွန့်လိုက်၏။ ဟော့ပါးက သမ်းဝေမှုကို ချုပ်တည်းလိုက်သည်။ အတန်ငယ်ကြာသော အခါ ကျမှ နောက်ဘက်မှ လူသံများနှင့်အတူ ကြေငြာ သူ၏ အသံ ပြန်လည် ပေါ်ထွက်လာသည်။

'အခုကိစ္စဟာ အန္တရာယ် ကင်းအောင် ကြိုတင် ကာကွယ်လိုက်တာပါလို့ ကျုပ်တို့ကို ပြောပြလိုက် ပါတယ်၊ လေကြောင်း တိမ်းသိမ်းရေး မျှော်စင်



သတင်းပေးချက်ကို လက်ခံရယူနိုင်စွမ်း ရှိဟန်မတူတဲ့ လေယာဉ်ပျံ တစ်စီးဟာ ဆင်းသက်ဖို့လာနေပါတယ်၊ လေကြောင်း လမ်းတွေကို ရှင်းပေးထား ပါတယ်၊ အခုကိစ္စဟာ ပထံချာလှည့် ပြိုင်ပွဲမှာ ဝင်ပြိုင်နေကြ တဲ့လေယာဉ်မှူးတွေ အတွက် အကြီး အကျယ် စိတ်ဓာတ်ကျစရာ ဖြစ်ပါလိမ့်မယ်၊ အထူးသဖြင့် ကွင်းအဲယား လေယာဉ်ပျံရဲ့ လေယာဉ်မှူး'

ထူး ထူး ခြား ခြား ရှိလှသော လာဖ်တန် ဗင်ဒီ ကေတာ လေယာဉ်ပျံ၏ စက်သံကို စတင်၍ ကြား လိုက်ရလေ၏။ အယ်လီဆန် ဖြုန်းခနဲ ခေါင်းမော့ လာသည်။

'ဒီဘရီးစ်ပဲ၊ သူက လေယာဉ်ပျံ ကွင်းကို နှောင့် ယှက်တော့မယ်'

လော ရင့် ဟော့ ပါး က ပါးစပ်ကို တင်းတင်း ကျပ်ကျပ် စေ့ထားသည်။ သူက ဆဋ္ဌမ အာရုံ အရ ထိုထက်မက ဖြစ် လာ လိမ့် မည် ဟု သိလိုက်သည်။ သူ၏ ဆဋ္ဌမအာရုံသည် မကြာခင် အကောင်အထည် ပေါ်လာခဲ့လေပြီ။ ကျယ် လောင် သော အင်ဂျင် စက်သံကို စက်သေနတ်သံနှင့် စက် အမြောက်သံတို့က ဖုံးလွှမ်းသွားသည်။ ထို သေ နတ် သံ များ သည် လူ ထောင်ပေါင်း များစွာ၏ အော်ဟစ်သံ များကြောင့် ပျောက်ကွယ် သွားရတော့သည်။ သတင်း ကြေငြာ သူ၏ အော်ဟစ် ပြောဆိုချက်ကိုလည်း သဲကွဲစွာ မကြားကြရပါ။

ထို့နောက် မည်သည့် အသံကိုမျှ မကြားကြရ တော့ချေ။ အသံချဲ့စက်မှ အသံ ပျောက်ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဂါလာဇာရေဒီယိုမှ လွှင့် ထုတ် မှု ရပ်ဆိုင်း သွားခဲ့လေပြီ။

'လာရီ'

အယ်လီဆန် မတ်တတ် ရပ်လိုက်၏။ သူ့ မျက်နှာသည် ဖွေးဖွေး ဖြူနေသည်။ သူသည် စားပွဲစွန်းကို ဆုပ်ကိုင်၍ ထိန်းထားရသည်။

'သူ....'

'ဟုတ်တယ်၊ အမိန့်ကို မနာခံဘဲ သူ့ ဘာသာ ပစ်မှတ် ရွေးချယ်ခဲ့တယ်၊ လေတပ်ဗိုလ်ချုပ်ကြီးဟာ ကျုပ်တို့ ဖြစ်စေချင်တဲ့ ပုံစံကို အမြန် ဆုံး နည်းလမ်းနဲ့ ဆောင်ရွက်လိုက်တာပဲ'

'တစ်ကမ္ဘာလုံးက....'

ဟော့ပါးကလည်း သံယောင်လိုက် လိုက်သည်။

'တစ်ကမ္ဘာလုံးကတော့ ပြီးမြောက် အောင်မြင်တဲ့ ကိစ္စတွေကိုပဲ လက်ခံကြမှာပါ၊ ဘာဆိုတို နိုင်ငံဟာ အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲသွားမှာ ဖြစ်တဲ့အတွက် ရန်းဒေါ်ရဲ့ တပ်ဖွဲ့တွေဟာ နယ်စပ်မှာ ဆက်နေစရာ အကြောင်း မ ရှိ တော့ ဘူး၊ သူတို့က ဆက်လက် ချီတက်ပြီး ကိုယ့် ကိုယ် ကိုယ် ဖျက် ဆီး ပစ်မယ့် ဘာဆိုတို နိုင်ငံကို ကယ်ဆယ်ရလိမ့်မယ်'

'အဲဒီ ကိစ္စကို ဘယ်သူကမှ လက်ခံမှာမဟုတ်ဘူး၊ ကျွန်မတို့က ဗရုတ်သုတ်ခ ဖြစ်အောင် လုပ်ခဲ့တာပဲ'

'ဟုတ်ပါတယ်၊ အဲဒါကို ဟင်နရီဂါဒူးက ဝန်ခံပါလိမ့်မယ်၊ နောင်တ ရတယ်လို့လဲ ပြောပါလိမ့်မယ်၊ ဒီ ဘရိုးစ် ဟာ အကြမ်းဖက် သမား တွေရဲ့ တိုက်ခိုက်မှုကြောင့် စိတ်မထိန်းနိုင် လောက်အောင်



ဖြစ်သွားပြီး ခွင့်ပြုချက် မရရှိဘဲ သူ့နည်း သူ့ဟန်နဲ့ လက်တုံ့ ပြန်တော့တာပဲ၊ အဲဒီ ရှင်းလင်းချက်ကို ကျုပ် သဘော ပေါက်သလို ခင်ဗျားရော ဟင်နရီ ဂါဒူးပါ သဘောပေါက်ဖို့ လိုတယ်၊ ပြီးတော့လဲ ဟင်နရီဂါဒူးက ခပ်မြန်မြန် အာပတ်ဖြေတဲ့ အနေနဲ့ ပြိုကွဲ ပျက် စီး တော့ မယ့် နိုင် ငံ ရေး အဆောက် အအုံကြီး တစ်ခုကို ကယ် ဆယ် ဖို့ စစ်တပ်တွေကို ကမန်းကတန်း စေလွှတ်ရလိမ့်မယ်'

'သူက အဲဒါကို ဘယ် လို နည်း နဲ့ ဆောင်ရွက် နိုင်မှာလဲ'

'ဒီဘရိုးစ်နဲ့ တွဲဖက် လေယာဉ်မှူးတို့ကို သူတို့ ကောင်းကင်က ပြန် ဆင်း လာ တာ နဲ့ တစ်ပြိုင်နက် လူထုရဲ့ ရှေ့မှောက်မှာ သုတ်သင် စီရင်တဲ့ အဖွဲ့ တစ်ဖွဲ့က ပစ်သတ် လိုက်ရမယ်'

အယ်လီဆန်က စ ကား လုံး များ ကို ရွေးချယ် လိုက်၏။

'ဖြစ်နိုင်မှာ မဟုတ်ပါဘူး'

ဟော့ပါးက ပြောလိုက်သည်။

'အာဖရိကမှာ ဘာပဲဖြစ်ဖြစ် ဘယ်သူကမှ ဂရု မစိုက်ကြပါဘူး၊ ဟင်နရီဂါဒူးက စုစည်း ပေါင်းစပ်ထားတဲ့ မဝမ်ဒီ–ဘာဆိုတို ပြည်ထောင်စုရဲ့သမ္မတကြီး အဖြစ် ကြေငြာလိုက်တဲ့ အချိန်မှာ တစ်ကမ္ဘာလုံးက စိတ်သက်သာရာ ရပြီး သက်ပြင်း ချကြလိမ့်မယ်၊ အာဖရိကတိုက်က ပြဿနာ တစ်ရပ်ကို ဖြေရှင်း လိုက်ပြီးပြီကိုး'



www.burmeseclassic.com

www.burmeseclassic.com

သူက ထပ်ပြောကောင်း ပြောဦးမည် ဖြစ်သော်လည်း ဂါလာ ရေဒီယိုမှ အသံ ပြန်ထွက်ပေါ်လာသည်။ နောက်ဘက်မှ အသံမှာ နားမခံသာအောင် ဆူညံ နေသော်လည်း တာဘိုပရော့ လေယာဉ်၏ စက်သံနှင့် စက်သေနတ်သံတို့ကို မကြားရတော့ပေ။ သတင်း ကြေငြာ သူ၏ အသံ က လည်း သွေးရူး သွေးတန်း ဖြစ်နေသည်။

'အလောင်းတွေနဲ့ ဒဏ်ရာ ရသူတွေဟာ နေရာ တကာမှာ ပြန့်ကျဲနေတယ်၊ ငရဲပြည်က မြင်ကွင်း ကျနေတာပဲ'

နောက်ဆုံးတွင်

'မြေပြင်ပေါ်ကို ထိုးစိုက် ကျပြီး ပေါက်ကွဲ ပျက်စီး သွားပါတယ်၊ အပျက်အစီးတွေကတော့ ယခုအချိန်အထိ မီးလောင်နေဆဲ ဖြစ်ပါတယ်'

'သူ့တရား သူ စီရင်သွားတာပဲ'

ဟော့ပါးက ထပ်ပြောလိုက်သည်။

'ကျုပ်တို့က တခြား နည်းလမ်းတွေကို စဉ်းစား ရလိမ့်မယ်'

'ကျွန်မကတော့ စဉ်းစား ပြီးပါပြီ၊ ကျွန်မက စီဂျေဆီကို ပို့ပေးဖို့ တဲလက် တစ်စောင် ရေးနေပါပြီ'

အယ်လီဆန်သည် စာရွက်ပေါ်တွင် ကမန်း ကတန်း ရေးခြစ်နေသည်။

'တဲလက် ဟုတ်လား'

ဟော့ပါးက တယ်လီဖုန်းအား အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်သည်။



'ကျွန်မတို့ အနေနဲ့ တယ်လီဖုန်းနဲ့ အကြာကြီး စကားပြောနေဖို့ အချိန်မရှိဘူး လာရီ၊ အဲဒါကို စီဂျေ သိရင် လုံလောက်ပါပြီ၊ နေဦး၊ ရှင့်ကို ကျွန်မ ဖတ်ပြမယ်၊ သတင်း ဌာနများက ရရှိသော သတင်းများကို ချင့်ချိန် ပြီး ယုံပါ၊ ဟော့ပါးနဲ့ ကျွန်မတို့က ပိုင်ပိုင်နိုင်နိုင် ကွပ်ကဲ ထားနိုင်ကြပါတယ်၊ ရှင်တို့ လိုချင်တဲ့ လက်ဆောင်ကိုလဲ နက်ဖြန်ခါ ည မတိုင်မီ စာရွက်လှလှ ကလေးနဲ့ ထုပ် ပိုး ပြီး ပို့ပေးလိုက်ပါ့မယ်'

'တော်တော် ကြီးကျယ်တဲ့ ကတိပါကလား၊ ကျုပ်တို့က ဘယ်လိုလုပ်ပြီး ထိန်းသိမ်းနိုင်မှာလဲ'

'ကျွန်မတို့က ဟာင်နရီဂါဒူး အတွက် ပဲရစ် လန်ဒန် နယူးရောခ်နဲ့ ဆက်သွယ် ပြီးတော့ သတင်း စာ ရှင်းလင်းပွဲ လုပ်ပေးပြီး လုပ်ငန်းစကြမယ်'

မေဂျာဘရူးစတားရန်းဒေါ်သည် ဂါဒူးမြို့တော်၏ အရှေ့ဘက် မိုင် ခြောက်ဆယ် အကွာ တွင် ရောက်ရှိနေသော စစ်ကြောင်း တစ်ကြောင်းနှင့်အတူ တွဲဖက် ထားသည့် လူဖြူ အကြံပေး စစ်သား တစ်ယောက်ထံမှ ထိုသတင်းကို ရရှိခဲ့ခြင်း ဖြစ်သည်။ နိုင်ငံပေါင်းစုံမှ အရပ်သား လေယာဉ်ပျံ ကိုးစီးသည် ကျေးလက်ဒေသတွင် သစ်ပင်ထိပ်ဖျားနှင့် လွတ်ရုံ နိမ့်နိမ့်ကလေး ပျံသန်းနေကြသည်။ ထို လေယာဉ်ပျံ များ၏ နောက်ဘက်တွင် စာတန်းများကို တန်းလန်း ချိတ်ဆွဲလာကြပြီး ဆောင့်ကစားသည့် အနေနှင့်



www.burmeseclassic.com

www.burmeseclassic.com

တောင်ပံများကို နိမ့်လိုက် မြင့်လိုက် လုပ်နေကြသည့် သာမက သီးနှံမျိုးစေ့များကိုလည်း ဖြန့်ကြဲပစ်ချနေကြသည်။ ဟုတ်ကဲ့၊ သိပ်ကို သေချာပါသည်။ ကျွန်တော်ကိုယ်တိုင် ကောက်ကြည့်ခဲ့ပါသည်။ သီးနှံမျိုးစေ့ ဖြစ်ကြောင်း သေချာပါသည်တဲ့။

ရန်းဒေါက ကျိန်ဆဲလိုက်၏။ ဂါလာမှ သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးသို့ဟု ဟစ်ကြွေးနေကြသော လူမိုက်များသည် မဝမ်ဒီ နိုင်ငံ၏ ဝေဟင်ပိုင်နက်ထဲသို့ ကျူးကျော် ဝင်ရောက် နေကြလေပြီ။ တော်တော်ဝင့်ဝါပြီး ပမာမခန့် နိုင်လှသော လူလွန်မသားများပင်တည်း။ သူ ပထမ လုပ်လိုက်ချင်သည့် တုံ့ပြန်ချက်မှာ ထို လေယာဉ်ပျံများကို မြင်သည့်နေရာတွင် ပစ်ချကြရန် သူ့ တပ်ဖွဲ့ အားလုံး ထံသို့ ညွှန်ကြားလိုက်ရန်ပင် ဖြစ်သည်။ သို့ရာတွင် ထိုအခိုက်အတန့်၌ တပ်မရေး ဗိုလ်ကြီး လာဆဲလ်သည် ရုံးချုပ်အဆောက်အအုံထဲသို့ ပြေးဝင်လာလေ၏။ သူသည် ဂါလာရေဒီယိုကို နားထောင်နေခဲ့သူ ဖြစ်သဖြင့် ဖြစ်ပုံပျက်ပုံ သတင်းလွှင့်ချက်ကို ခပ်မြန်မြန် ပြန်ပြောပြလိုက်သည်။

ဒုက္ခပါပဲဟု ရန်းဒေါက တွေးတောလိုက်၏။ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို တုံ့ပြန် ပစ်ခတ်ရန် ဒီဘရီးစ်ကို စေလွှတ်လိုက်သည်။ ထိုသို့ ပြုလုပ်မည့် အစား ထို သောက်ရူးက ပြည်ပမှ သံတမန်များနှင့် စာနယ်ဇင်း ဆရာများ၏ ရှေ့မှောက်တွင် အရပ်သားများကို ပစ်ခတ်ခဲ့လေပြီ။



အယ်လီဆန် ကရိတ်ချ်နှင့် လောရင့်ဟော့ပါးတို့ အကြားတွင် ပြောဆိုနေကြသော စကားများကို မကြားရသေးသည့် တိုင်အောင် ကြေးစား စစ်သားများ၏ အကြီးအကဲ ဖြစ်သူ ရန်းဒေါ့ အနေနှင့် နောက်ထပ် ရန်စမှုမှ ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို ကြောက်လန့်နေမိ ပါသည်။ ပြည်ပတွင် မှတ်ပုံတင်ထားသည့် လေယာဉ်ပျံ တစ်စီးအား ပစ်ချမည် သို့မဟုတ် ပစ်ခတ်မည် ဆိုပါက နိုင်ငံတကာ အရေးအခင်းကြီးများ ဖြစ်ပေါ်လာစရာရှိပြီး မဟာအင်အားကြီး နိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုလသမဂ္ဂတို့က ကြားဝင် စွက်ဖက်လာစရာ ရှိပေသည်။

'လာဆဲလ်၊ ငါတို့ဆီမှာ ငြိမ်းချမ်းရေး လေယာဉ်ပျံတွေ လာရောက် ပျံသန်းနေကြတယ်၊ အဲဒီ လေယာဉ်ပျံတွေကို မနှောင့်ယှက်ရဘူး၊ အဲဒီ အမိန့်ကို တပ်ဖွဲ့အားလုံးကို ညွှန်ကြားလိုက်'

မိနစ်အနည်းငယ် ကြာမြင့်သောအခါ အယ်လီဆန် ကရိတ်ချ်က ကွပ်ကဲရေး ဌာနချုပ်သို့ တယ်လီဖုန်း ဆက်လိုက်သည်။

'နောက်ဆုံး ဖြစ်ပျက်နေတဲ့ အနေအထားကို ရှင် သိသလား မေဂျာ'

'ကျုပ်တို့ရဲ့ လေတပ်ဗိုလ်ချုပ်ကြီး လျှောက်ရမ်းနေတာကို ပြောတာလား၊ ဟုတ်ကဲ့၊ သိပါတယ် မစ်(စ်)ကရိတ်ချ်၊ အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်က နည်းနည်းကလေးမှ ကြို မသိခဲ့ရပါဘူးဗျာ၊ ရိပ်လဲ့ မရိပ်မိခဲ့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com

'အဲဒါကို အသာ ထားလိုက်စမ်းပါ၊ လာရှိန်နဲ့ ကျွန်မက နန်းတော်ကို သွားကြမလို့၊ ကျွန်မတို့ကို အဲဒီမှာ လာတွေ့ပါ'

ဂျက်ကော့ဟတ်ရှ်က ဘာဆိုတို သမ္မတကြီးအား ညာပြောလိုက် သော်လည်း မိုက်ကယ်ဂလာကိုမူ သူက အမှန်ဟု ယုံကြည်ထား သမျှကို ဖွင့်ပြောပြ လိုက်သည်။

'ပဏာမ စုံစမ်းချက်အရ လူခြောက်ရာ အထက် မှာ သေဆုံးခဲ့ကြတယ်၊ တစ်ဝက်က သေနတ်ပစ် ခံရ တာ၊ ကျန် တစ်ဝက်ကတော့ သွေးရူး သွေးတန်း ထွက်ပြေးတဲ့ ပရိသတ်ရဲ့ အနင်းခံကြရတာ၊ ဒဏ်ရာရ သူတွေကိုတော့ ခုထက်ထိ ခန့်မှန်းလို့ မရသေးဘူး'

ဟတ်ရှ်က ရပ်တန့်လိုက်၏။

'ဆက်ပြောလေကွာ'

အိုင်းရွှန်းမိုက်က ဆက်သွယ်ရေး ဂြိုဟ်တုမှ တစ်ဆင့် ဆက်ထားသော တယ်လီဖုန်းထဲမှ အော် ငေါက်ပစ်လိုက်သည်။

'သွေးရူးသွေးတန်း ဖြစ်မှုဟာ ပြန့်ပွားလာတယ်၊ အဲဒါက အစိုးရကို တော်လှန်တဲ့ သဘောမျိုး ဖြစ်လာတယ်၊ ကာကွယ်မှု ညံ့ဖျင်းတာ၊ အကာ အကွယ် ပေးနိုင်စွမ်း မရှိတာ၊ အားနည်းတာ၊ အဲဒါတွေ အတွက် နိုင်ငံရေးသမား တွေကို အပြစ် တင်လာကြတယ်၊ လူအုပ်ကြီးက လမ်းထဲမှာလျှောက် ပြီး ဆန္ဒပြ နေကြတုန်းပဲ၊ ပို ကြမ်း လာ နိုင် တယ်၊ သမ္မတကြီး ကတော့ လေဆိပ်မှာပဲ ရှိသေးတယ်'



'သူက ထိန်းသိမ်းနိုင်မယ့် အခြေအနေ ရှိရဲ့လား'

'မရှိသလောက် ပါပဲ၊ ထိန်း သိမ်း နိုင် အောင် သူ့မှာ လူအင်အား မရှိဘူး၊ စစ်တပ်က နယ်စပ်ကို ပိတ်ဆို့ ထားရတယ်၊ ပုလိပ်တွေကတော့ ကြောက် သန့်ပြီး ဝါး အစည်းပြေသလို ဖြစ် နေ ကြ တယ်၊ နောက်ကို ပြန်ဆုတ်နေကြတယ်'

ငြိမ်ကျသွားသည်။ ထို့နောက်

'တပ်ဖွဲ့ဘီက ကူညီနိုင်မလား'

'ဖြစ်နိုင်ပါတယ်'

ဂျက်ကော့ဟတ်ရှ်က မစဉ်းစားဘဲ ဖြေလိုက်၏။

'စည်းကမ်း သေဝပ်တဲ့ လူစုဆိုရင် ဘယ်လူစုက ဆို ထိန်းနိုင်ပါလိမ့်မယ်၊ ဒါပေမယ့်....'

'ရဟတ်ယာဉ်တွေက ဘယ်မှာလဲ'

'ရည်မှန်းချက်ကို ရောက်ဖို့ မိနစ်သုံးဆယ်ပဲ လိုပါ တော့တယ်'

'ငါက အဲဒီ ရဟတ်ယာဉ်တွေကို ပြန်ခေါ်ချင် တယ်၊ စတိဗ်ကို အကြောင်းကြားလိုက်ပါ'

'မိုက် အဲဒီ အော်ပရေးရှင်းကို ရပ် ဆိုင်း လိုက် တာနဲ့ တစ်ပြိုင်နက် ကျုပ်တို့ကို အားလုံးကဝိုင်းပြီး မှုကြလိမ့်မယ်'

ဤတွင် ဗိုအိုင်အီးသည်လည်း ရေစုံနှံတွင် မျောရ မည်သာတည်း။

'တော်လှန် ပုန်ကန်မယ့် ကိစ္စ တစ်ခု အကောင် အထည် ပေါ်လာမှာကို ငါက ထိုင် စောင့်ကြည့် နေနိုင်ဘူး၊ အဲဒီ ငတိတွေက တစ်ဖက်နှင့်တစ်ဖက် အပြတ်အသတ် တွယ်ကြလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဂါဒူးနဲ့ ကမ်မ်ကိုက ဆိုရင် ပိုဆိုးတော့မှာပေါ့'

'ငါက လက်ငင်းကိစ္စကိုပဲ စိတ်ပူတယ်၊ နောက်မှ ဖြစ်လာမယ့် ကိစ္စကို စိတ်မပါဘူး၊ ငါ ပြောတဲ့ အတိုင်းသာလုပ်'

'ခင်ဗျားက ဆရာသမားပဲ ဥစ္စာ'

ကျုပ်တို့ ဘက်ကသာ ရှုံးခဲ့မည် ဆိုပါက ကုန်းကောက်စရာပင် မကျန်မည့် ပုဂ္ဂိုလ် ဖြစ်သည်။

'အဲဒါကို မင်းဘ သတိ ရသေးတဲ့အတွက် ငါ ဝမ်းသာပါတယ်၊ ခပ်မြန်မြန် လုပ်ကွာ'

ဂျက်ကော့ဟတ်ရှ်က ရေဒီယိုမှ တစ်ဆင့် ပက်ဂျက်နှင့် ဆက်သွယ်၍ မိုက်ဗိုဂလာ၏ အမိန့်ကို ပြောပြနေရချိန်တွင် သူ ရင်လေးနေမိသည်။

စတိဗ်က ပြောလိုက်၏။

'ခင်ဗျား ပြောတာတွေကို ကောင်းကောင်း မကြားရဘူးဗျ၊ အနှောင့် အယှက်တွေ သိပ်များနေတယ်၊ ဒုက္ခခံပြီး ထပ်မပြောနဲ့တော့ဗျာ၊ ပိုဆိုးလာလိမ့်မယ်'

ဟတ်ရှ်က စကားပြောခွက်မှ ခလုတ်ကို ပိတ်လိုက်၏။ သူက ထိုနေ့အတွက် ပထမဆုံး အကြိမ်အဖြစ် ပြုံးလိုက်မိတော့သည်။

ဒီဘာရီးစ်၏ ဆောင်ရွက်ချက် များကို အယ်လီဆန်ကရိတ်ချ်က ခွင့်ပြုထားသည်ဟု ဟွင်နရီဂါဒူးက ယူဆသည်။ သို့ရာတွင် ဒီဘာရီးစ်၏ ဆောင်ရွက်ချက်မှာ အလွန် ထူးခြားပြောင်မြောက်ပြီး 'ဟူး' လူမျိုး



အား ကြီးကြီးကျယ်ကျယ် ထိုးနှက်တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။ သူက အမှတ်ယူလိုသောကြောင့် ဝန်ကြီးများအား 'လေတပ် ဗိုလ်ချုပ်ကြီးဟာ ... ကို လျှို့လျှို့ဝှက်ဝှက် အမိန့်ပေးလိုက်တဲ့ အတိုင်း ဆောင်ရွက်ခဲ့တာပဲ'ဟု ပြောလိုက်သည်။

ပရီဗီ ကောင်စီခန်းမထဲသို့ အယ်လီဆန်ကရိတ်ချ်၊ ... ဂျာရန်းဒေါ်နှင့် လောရင့်ဟော့ပါးတို့ ဝင်ရောက်လာကြသော အခါ ဟွင်နရီဂါဒူးက သူ့ ဝန်ကြီးများကို ပြန်လွှတ်လိုက်သည်။ ဟွင်နရီဂါဒူးက အမိန့်ပေးလိုက်လေ၏။

'ကျဆုံးသွားတဲ့ လေတပ် ဗိုလ်ချုပ်ကြီး ဒီဘာရီးစ်ကို အထူးဆုတံဆိပ် ချီးမြှင့်ရမယ်'

'မဖြစ်ဘူး၊ ရှင် မပေးရဘူး'

အယ်လီဆန်နှင့် အမျိုးသားများသည် သမ္မတကြီး၏ ခွင့်ပြုချက်ကို မစောင့်ဘဲ ဝင်ထိုင်လိုက်ကြ၏။

'ပြည်ပက စာနယ်ဇင်း ဆရာတွေနဲ့ သတင်းစာရှင်းလင်းပွဲကို တယ်လီဖုန်းက တစ်ဆင့် ပြုလုပ်ဖို့ ဒီနေ့ မွန်းလွဲ ခပ်စောစောပိုင်းမှာ စီစဉ်ထားတယ်၊ ... ဒဝပ်ဒီဘာရီးစ်ဟာ ပုန်ကန်သူ၊ သတ်တာဖြစ်တာကို လိုလားတဲ့ ရူးသွပ်နေသူ၊ အယုတ်တမာ ... ဝင်စားသူ အဖြစ် ဖော်ပြထားတဲ့ အသင့်... ထားပြီး ကြေငြာချက်ကို ဖတ်ပြရမယ်၊ ပြီးတော့ ... ကြေးပေးတဲ့ အနေနဲ့ ငွေကြေးပေးပါမယ်လို့ ... ဆိုပြရမယ့် အပြင် မဝမ်ဒီနဲ့ ဘာဆိုတို့ အကြား ... ပေါ်နေတဲ့ သဘောကွဲလွဲချက်တွေကို ... ငြိမ်းကြစို့ လို့ အဆိုပြုရမယ်'

www.burmeseclassic.com

www.burmeseclassic.com

လူဖြူ အမျိုးသမီးနှင့် အမျိုးသား နှစ်ယောက်တို့က တစ်လှည့်စီ စည်းကမ်းချက်များကို ချမှတ်နေကြချိန်တွင် သဘောပေါက်စ ပြုလာသော ဟာင်နရီဂါဒူးသည် ပါးစပ် အဟောင်းသားနှင့် ဖြစ်နေရလေတော့သည်။

လောရင့်ဟော့ပါးက ပြောလိုက်၏။

'နောက်ဆုံး အသံလွှင့်ချက်တွေအရ ဂါလာမှာ အဓိကရုဏ်းတွေ ဖြစ်နေတယ်လို့ သိရတယ်၊ နိုင်ငံရေးသမား အတော်ခပ်များများဟာ အသတ်ခံရတာလား၊ ပုန်းနေကြတာလား ဆိုတာ သေသေချာချာ မသိရသေးသော်လဲ ပျောက်နေကြတယ်၊ အဲဒီ အခြေအထားမျိုးမှာ ခင်ဗျားရဲ့ လူသားဆန်စွာ စေ့စပ်ပြေငြိမ်းဖို့ ဖိတ်ခေါ်ချက်ကို သူတို့က တုံ့ပြန်နိုင်စရာ အကြောင်းမရှိပါဘူး'

လောရင့်ဟော့ပါးက အဓိက ပြောရေး ဆိုခွင့်ရှိသူအဖြစ် နေရာယူနေကြောင်း သဘောပေါက်လာသော အယ်လီဆန်က ဝင်ပြောလိုက်ပြန်၏။

'နက်ဖြန်ခါ မနက် မိုးသောက်ချိန်အထိ တုံ့ပြန်နိုင်စရာ အကြောင်း မရှိဘူး၊ အဲဒီအချိန်မှာ မေဂျာရန်းဒေါက ရှိရှိသမျှ အင်အားကို စုစည်းပြီးတော့ နယ်စပ်ကို ကျော်ဖြတ်ပြီး ဂါလာကို ချီတက်သွားရမယ်၊ အဲဒီအချိန်မှာ ရှင်က စာနယ်ဇင်း ဆရာတွေကို ကြေငြာချက် တစ်စောင် ထုတ်ပြန်ရမယ်၊ ရှင့်အဓိကရည်ရွယ်ချက် ကတော့ အိမ်နီးချင်း လူမည်းနိုင်ငံတစ်နိုင်ငံ ပြို ကွဲပြီး တော်လှန်ရေးတစ်ခု ပေါ်ပေါက်လာမှာကို အကာအကွယ် ပေးဖို့ သက်သက်ပဲ'



ဟာင်နရီဂါဒူး၏ အေးစက်နေသော မျက်နှာထားပေါ်တွင် လှောင်ပြုံးကလေး ဖြစ်ပေါ်လာသည်။

'ရှင့်ရဲ့ ထောက်လှမ်းရေးသမားတွေက ဂါလာရဲ့ လေကြောင်းပြပွဲမှာ ပြည်ပက အမှောင့်ပယောဂတွေ ဝင်ရောက်ဖိစီးလာတာကို သိလာကြရမယ်လေ'

'အဲဒါကို ဘယ်သူက ယုံကြည်ကြမှာလဲ'

ဟာင်နရီဂါဒူးက မေးလိုက်၏။

လောရင့်ဟော့ပါးက နေရာပြန်ယူလိုက်သည်။

'အရေးပါတဲ့ လူတိုင်းက ယုံကြမှာပေါ့၊ ဥရောပတိုက်နဲ့ အမေရိကန် နိုင်ငံတို့က အာဖရိကတိုက်မှာ ကိုယ့်ဘာသာကိုယ် ကွပ်ကဲနိုင်မှုနင်းတာကို သဘောကျကြတယ်၊ အားလုံး ဆောင်ရွက်လို့ ပြီးစီးသွားတဲ့ အခါကျတော့ စိတ်ကူးယဉ် ပုံပြင်ကနေပြီး တကယ့်အဖြစ်အပျက်တွေ ဖြစ်လာလိမ့်မယ်၊ ခင်ဗျားရဲ့ ညစ်သားတွေက လူထုအပေါ်မှာ တည်ငြိမ်မှု ရှိလာအောင် ကြီးကြပ်ကွပ်ကဲကြရလိမ့်မယ်၊ တရားဥပဒေ ငြိမ်းမိုးလာအောင် ဆောင်ရွက်နိုင်တဲ့ အခါကျရင် ခင်ဗျားက ပေါင်းစည်းထားတဲ့ နှစ်နိုင်ငံကို လွယ်လွယ်ကူကူ စီမံအုပ်ချုပ်နိုင်တော့မှာပေါ့'

'ဟုတ်ပါတယ်'

ဟာင်နရီဂါဒူးသည် အမှန်တကယ် ဖြစ်လာတော့မည့် အိပ်မက်ကမ္ဘာထဲသို့ ရောက်ရှိသွားပြီး ခေါင်းတိုတလေး ငြိမ့်လိုက်သည်။

အယ်လီဆန်တို့ အုပ်စုသည် ထိုင်ရာမှ ထလိုက်ကြ၏။ သူတို့သည် ဂါဒူး၏ ကြေငြာချက်ကို ရေးသားပြုစုရန် ပြန်ကြတော့မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မတို့ တစ်နာရီအတွင်း ပြန်လာခဲ့ကြမယ် သမ္မတကြီး ရှင့်'

သူ တစ်ယောက်တည်း ကျန်ရစ်ခဲ့သော အခါ ဟင်နရီဂါဒူးသည် သံသယစိတ်များ ဖြစ်ပေါ်လာသည်ကို ခံစားလိုက်ရလေတော့သည်။ သူသည် သူ၏ အနာဂတ်ဘဝ၊ သူ့ကံကြမ္မာနှင့် သူ့အသက်တို့ကို လူဖြူများထံတွင် ယုံယုံကြည်ကြည်နှင့် အပ်နှင်းထားခဲ့သည်။ နက်ဖြန် မိုးသောက်ချိန်တွင် စစ်ဖြစ်ပေတော့မည်။ တိုက်ပွဲများ စတင် ဖြစ်ပွားလိမ့်မည်။

သူ၏ သံသယစိတ်သည် ကြောက် လန့်သော စိတ်အသွင်သို့ ပြောင်းလဲသွားသည်။ ထိုကြောက်စိတ်သည် ချက်ချင်း ပျောက်ကွယ်သွားပြန်မလေ၏။

တိုက်ပွဲများသည် အလွန်ဝေးကွာသော နေရာ၌ ဖြစ်ပွားကြလိမ့်မည်။ သူ့တပ်များသည် ရန်သူ၏ နယ်မြေကို ဖြတ်ကျော်သွားကြလိမ့်မည်။ အားဖြည့် ကွန်ကရိနံရံဖြင့် ကာရံထားပြီးအုတ်တံတိုင်းပေါ်တွင် ကင်းတဲများ အနှံ့အပြား ရှိနေသော သမ္မတကြီး၏ နန်းတော်သည် မြေပြင်တပ်များ၏ အနီးကပ် ပစ်ခတ်မှုကိုပင် ခံယူနိုင်စွမ်း ရှိပါသည်။ နန်းတော်ဝင်းထဲတွင်လည်း လက်နက်များကို တစ်ကိုယ်လုံး ညွတ်နေအောင်တပ်ဆင်ထားသော မေဂျာရန်းဒေါ၏ အတော်ဆုံး လူဖြူစစ်သား နှစ်ရာတို့က စောင့်ကြပ်နေကြသလို စစ်ကူပို့ရန် လိုအပ်မည် ဆိုပါက နောက်ထပ် ရာပေါင်းများစွာ အားဖြည့်နိုင်ပါသေးသည်။



လိုအပ်ဦးမှာလား။ ဖြစ်နိုင်စရာကော ရှိပါ့မလား။ သူ့နန်းတော်ကို ထိုးဖောက်ဝင်ရောက်၍ မရနိုင်ပါ။ ကမ်မ်ကို အတွက် သူ သက်ရှိထင်ရှား ရှိနေဖို့ လိုအပ်ပါသည်။ လူဖြူများက သူ့အတွက် အသက်စွန့်မည် ဖြစ်ကြောင်း သက်သေ ပြခဲ့ကြပါသည်။ သူ့ကို မည်သူကမှ ရန်မပြုနိုင်ပါ။

မေဂျာရန်းဒေါ၏ နောက်တန်းကွပ်ကဲမှု ရုံးခန်းသည် ဂါဒူးမလဆိပ်နှင့် သမ္မတကြီး၏ နန်းတော်အကြားရှိ လျှို့မြောင်တစ်ခု အတွင်း၌ တည်ရှိသည်။ ထိုစခန်းမှာ ခပ်နက်နက် တူးထားသော ကတုတ်ကျင်း ဖြစ်ပြီး သဲအိတ်များနှင့် အထပ်ထပ် ဖုံးလွှမ်းထားသည်။ ရန်းဒေါ ပြန်လည်ရောက်ရှိလာသော အခါ လာဆဲလ်က သတင်းပို့လိုက်၏။

'လေယာဉ်ပျံ ကိုးစီးကို မြင်ကြရတယ် ဆိုတဲ့ သတင်းတွေကို ရနေတယ်ဆရာ'

'သီးနှံမျိုးစေ့တွေကို ကြဲချနေတုန်းပဲလား'

လာဆဲလ်က ခေါင်းညိတ်သည်။

'ဒီဘက် ဂါဒူးမြို့တော်ဘက်ဆီကို လာနေတယ် လို့လဲ သိရပါတယ် ဆရာ'

'အဲဒီ လေယာဉ်ပျံတွေကို ပစ်ချလိုက်ဖို့ ကောင်းတယ်၊ ဒါပေမယ့် ပစ်ချလို့ မဖြစ်သေးဘူး၊ မလွယ်ရဲဘူး'

ရန်းဒေါက ရေရွတ်လိုက်၏။ ဟင်နရီဂါဒူးက ပြည်ပမှ စာနယ်ဇင်း ဆရာများအား အချိပေါ်

www.burmeseclassic.com

သကာ လောင်းထားသည့် မိန့်ခွန်းကို ပြောကြားတော့မည်။ အကယ်၍ 'အနောက်အာဖရိကအတွက် ဒေးရော သီးနှံများကို ပိုမိုစိုက်ပျိုးကြ' ဆိုသော အင်္ဂလန် သို့မဟုတ် ပြင်သစ် သို့မဟုတ် အနောက်ဂျာမနီမှ လေယာဉ်ပျံ တစ်စီးစီးကို ပစ်ချမိမည်ဆိုပါက ကမ္ဘာပျက်သလို ဆူပွက်လာစရာ ရှိနိုင်ပါသည်။

'ကတုတ်ကျင်းပေါ်မှာ သဲအိတ်တွေ တင်ထားမိလို့ တော်သေးတာပေါ့ကွာ'

'ခင်ဗျာ'

'အဲဒီ သောက်ရူး ငြိမ်းချမ်းရေး သမားတွေက ငါတို့ကို မျိုးစေ့ တွေနဲ့တော့ မပေါက်နိုင်တော့ဘူးပေါ့ကွာ'

တပ်ရေး ဗိုလ်ကြီး လာဆဲလ်က တ ဟား ဟား ရယ်လိုက်၏။ လူတွေက ရန်ဒေါ်နှင့် ပတ်သက်၍ ဘယ်လိုပဲ ပြောကြ ပြောကြ သူ့တွင် ဟာသဓာတ်ခံကလေးကတော့ ရှိနေပေသေးသည်။

ဘောင်တင် ခတ်မှုမှာ ပိုများလာသဖြင့် မိုင်းလက် လေယာဉ်ပျံကို ထိန်း သိမ်း ရန် ပို ခက် လာ သည်။ ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက လေယာဉ်ပျံ အားလုံးကို ရေဒီယိုနှင့် တစ်ပြိုင်နက်တည်း ဆက် သွယ် လိုက်လေ၏။

'ပန်းခြံကတော့ ရှေ့တည့်တည့်မှာ ရောက်နေပြီ အပေါင်းအသင်းတို့ရေ၊ ကျုပ်တို့ရဲ့ ပွဲတော် အခုအစဉ်တွေကို စကြစို့လား'



ပေ ၄၀၀ အမြင့်တွင် မြားဦး ပုံသဏ္ဍာန် ပျံသန်းနေကြသော လေယာဉ်ပျံများသည် အုပ်စု အလိုက် ခွဲထွက်သွားကြသည်။ မျိုးစေ့ကြဲသော လေယာဉ်ပျံနှစ်စီးက ဂါဒူးမြို့တော်၏ အနောက်ဘက် ဆင်ခြေဖုံးပေါ်သို့ နိမ့်နိမ့်ကလေး ထိုးစိုက် ပျံသန်းပြီး မျိုးစေ့များကို ကြဲချကြသည်။

ခလေယာဉ်ပျံ ကိုးစီးကမူ ပေ ခုနစ်ရာ အမြင့်သို့ ပျံ တက် ကြ ပြီး တစ်စု တစ်ဝေးတည်း ကွေ့ဝိုက် ပျံသန်းနေကြသည်။ ကျန် နှစ်စီးကမူ ခွဲထွက်သွားပြီး မြောက်ဘက်သို့ ပျံသန်းသွားကြသည်။ ဒေါက်ဂလပ်စ်ဖီးလ်ဒင်းကမူ ပီ အယ် ၈၀ လေယာဉ်ပျံကို အနှေးဆုံးနှုန်းသို့ လျှော့ချပြီး မျိုးစေ့ကြဲသော လေယာဉ်ပျံများ ရှေ့ဘက် ခပ်ဝေးဝေးသို့ ရောက်သွားအောင် စောင့်ဆိုင်းနေသည်။

နောက်ဘက် တစ်မိုင် အကွာတွင် ကျန်ရစ်ခဲ့သော အိုလီဆီဂမ်သည် သွေ့ခြောက် နေခဲ့သည်မှာ ကြာပြီဖြစ်သော နှုတ်ခမ်းများကို လျှာနှင့် လျက်နေသည်။ ဘယ်ဘက် အတောင်ပံ အောက်ရှိ လောင် စာ ဆီအိုးကို ထိန်းထားသော ဒေါက် တိုင် သည် အချိန်ရွေး ပြုတ်ကျတော့မည့် အနေ အထားတွင် ရှိနေသည်။ လေယာဉ် မောင်းနှင်ခန်းရှိ ပြတင်းပေါက်မှ လှမ်းမျှော်ကြည့်လိုက်မည် ဆိုပါက ထိုလောင်စာဆီအိုး လှုပ်ယမ်းနေသည်ကို မြင်နေရသည်။ ထို တုန် ခါမှုက တွင်အော်တာ လေယာဉ်ပျံတစ်စီးလုံးထံသို့ပင် ကူးစက် နေလေပြီ။ သူသည် နှုတ်ခမ်းကို လျှာနှင့် လျက်မည့်အစား သွားနှင့်ကိုက်ထားလိုက်ပြီး မြောက်



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ ပျံသန်း သွားသော လေယာဉ်ပျံ နှစ်စီး နောက်သို့ မီအောင် အရှိန်ကို တိုးမြှင့် လိုက်သည်။ များမကြာမီ ၎င်းတို့ လေယာဉ်ပျံ သုံးစီးသည် ဂါဒူး ဂရင်း ဟိုတယ်ဆီသို့ တည့်မတ်စွာ ပျံသန်းနေကြလေပြီ။

ဒေါက်ဂလပ်စ် ဗီးလ်ဒင်းကလည်း သူ့ လမ်းကြောင်းအတိုင်း သမ္မတ၏ နန်းတော်ဆီသို့ ပျံသန်းနေသည်။

BURMESE CLASSIC

မေဂျာ ဘရူးစတားရန်းဒေါသည် သူ၏ ကွပ်ကဲရေး ရုံးခန်းတွင် အခြေအနေအရ လိုအပ်မည် ဖြစ်သော ဆက်သွယ်ရေး ကိရိယာများထက် ပိုမို၍ ထားရှိမပြုခဲ့ပါ။ ထို ကတုတ်ကျင်းတွင် သူ့ တပ်ဖွဲ့များ ရှေ့တန်း ကင်းစခန်းများနှင့် သူ့ အထက် အရာရှိထံ ဆက်သွယ်နိုင်သော ဆက်သွယ်ရေး ကိရိယာများ ရှိနေသည် ဆိုပါက လုံလောက်ပြီဟု ယူဆသည်။ သူ့ ကတုတ် ကျင်း တွင် ရေဒီယို သုံးလုံး ရှိသည်။ ရှေ့တန်း ကင်း စခန်းများနှင့် ဆက်သွယ်ထားသော ခရီးဆောင် စက်ခလုတ်ခုံ တစ်ခု ရှိသည်။ ကမ်မ်ကို၏ ရုံး ခန်း များ၊ ဂါဒူးဂရင်း ဟိုတယ်၊ သမ္မတကြီး၏ နန်းတော်နှင့် မဝမ်ဒီနိုင်ငံမှ အခြား တယ်လီဖုန်းများနှင့် ဆက်သွယ် နိုင်သော ရိုးရိုး တယ်လီဖုန်း နှစ်လုံးတို့သာ ကတုတ် ကျင်း ထဲ ရှိနေသည်။ သာ မန် အား ဖြင့် ကတုတ်ကျင်းသို့ ဆက်သွယ်လာမှုများမှာ ချောချော မွေ့မွေ့သာ ရှိခဲ့စမြဲပင်။ ယခုမူ အားလုံး စုပြုံပြီး ဆက်သွယ် လာကြသည်။ တပ်ဖွဲ့များနှင့် ရှေ့တန်း ကင်းစခန်း များက ရေဒီယိုနှင့် တယ်လီဖုန်းများကို အသုံးပြု၍ တစ် ပြိုင် နက် တည်း ဆက်သွယ် လာကြသဖြင့် လာဆဲလ် တစ်ယောက် အလုပ် ရှုပ်နေခဲ့ရသည်။

'...လေယာဉ်တွေ၊ ရေကြည့်တော့ ကိုးစီး'

'ကြော်ငြာတဲ့ စာတန်းကြီးတွေလဲ ပါတယ်'

'ဆပ်ကပ်ပွဲ လိုပဲ'

သွန်ကြားချက် ရရှိထားပြီးဖြစ်သော လာဆဲလ်က လေးနက်စွာ ဖြေကြားနေသည်။

'အဲဒါတွေကို ဂရုမစိုက်ပါနဲ့၊ ကြော်ငြာတဲ့ နည်း ပရိယာယ် တွေပါ၊ အဲဒါတွေ မကြာခင် အိမ် ပြန်သွားကြပါလိမ့်မယ်'

ထို့နောက် ဂါဒူးမြို့တော်၏ အရှေ့ဘက်စူးစူး တွင် ရှိနေသော ရှေ့တန်း ကင်းစခန်းက ရေဒီယိုနှင့် ဆက်သွယ်လိုက်၏။

'ထုံးစံအတိုင်း သတင်းပို့တာပါ ဆရာ၊ ကမ်မ်ကိုရဲ့ မိုးပျံ ဝန်ချီစက် နှစ်စီးဟာ အနောက်ဘက်စူးစူး ဆီကို လာနေပါတယ် ဆရာ'

ထို ကိစ္စကြောင့် လာဆဲလ် ဦး နှောက် ခြောက် သွား ခဲ့ သည်။ ကမ်မ်ကို ကုမ္ပဏီ သည် ၎င်းတို့၏ ဟတ် ယာဉ် များ ၏ ပျံသန်းမှုကို ကွပ် ကဲ ရေး ရုံးခန်းသို့ အမြဲတစေ ကြိုတင်၍ အကြောင်းကြား လေ့ ရှိခဲ့သည်။ သူက မေဂျာ ရန်းဒေါထံ သတင်း ပို့လိုက်၏။

'သူတို့က ဖေပါ့ပေါ့ဆဆ ဖြစ်လာကြပြီ'





www.burmeseclassic.com

www.burmeseclassic.com

ရန်းဒေါက ပြောလိုက်ပြီး နောက် ရိုးရိုးတယ်လီဖုန်းနှင့် ဆက်သွယ်လိုက်၏။ သူ့ကို အယ်လီဆန်ကရိုတ်ချ်နှင့် ဆက်သွယ်ပေးလိုက်သည်။

'ကျွန်မကလဲ ရှင်နဲ့ ဆက်သွယ်တော့ မလို့ပဲ မေဂျာ၊ ခပ်လှမ်းလှမ်းက လေယာဉ်ပျံသံ တွေကို လာချိန်နဲ့ ကျွန်မတို့ ကြားနေကြရတယ်၊ ဘာတွေဖြစ်နေကြတာလဲရှင့်'

ဖြစ်မှဖြစ်ရလေဟု ရန်းဒေါက တွေးလိုက်၏၊ ဘာကြောင့်မှန်း မသိ။ အယ်လီဆန် ကရိုတ်ချ်က ထိုကိစ္စအား မသိခဲ့သလို သူကလည်း အယ်လီဆန်ကို သတင်းပို့ဖို့ မေ့လျော့နေခဲ့သည်။ သူ၏ ပေါ့ဆမှု မေ့လျော့မှုများကို ကာကွယ်ရတော့မည် ဖြစ်ပြီး ကိုယ့်ဘာသာ ဆုံးဖြတ်ချက်ချရတော့မည် ဖြစ်ပါ၏၊

'ဒီမေးခွန်းကတော့ အံ့ဩစရာပဲ မစ်(စ်)ကရိုတ်ချ်ရယ်၊ ကျုပ် တွေးမိတာက....အေးလေ ကျုပ် စိတ်ထဲမှာ ထင်နေတာကတော့ ခင်ဗျားက လေယာဉ်ပျံပြပွဲနဲ့ ပတ်သက်တဲ့ သတင်းတွေကို ရေဒီယိုက နားထောင်နေလိမ့်မယ်လို့ ထင်ထားတာ'

ကျန် ရိုးရိုးတယ်လီဖုန်းတစ်လုံးက မြည်လာပြန်၏၊ လာဆဲလ်က အမြဲပေးလိုက်သည်။ ဆက်သွယ်လာသူမှာ ဂါဒ္ဒူးဂရင်း ဟိုတယ်၌ တာဝန်ကျနေသော တပ်ဖွဲ့မှ တပ်ကြပ်ကြီးပင် ဖြစ်သည်။

'ဆရာရေ လေယာဉ်ပျံ နှစ်စီး ရောက်လာပြီး အရည်တွေနဲ့ ပက်ဖျန်းနေတယ်'

'အဲဒါကို ဂရုမစိုက်စမ်းပါနဲ့ တပ်ကြပ်ကြီးရာ အဲဒါတွေက မျိုးစေ့ကြဲတဲ့နည်းကို လက်တွေ့ ပြနေတဲ့



ငြိမ်းချမ်းရေး ဝါဒီတွေပါ၊ မကြာခင် သူတို့ အိမ်ပြန်သွားကြပါလိမ့်မယ်'

လာဆဲလ်က တယ်လီဖုန်းကို ပြန်တင်ပြီး အားရပါးရ ရယ်ချလိုက်၏။ အဲဒီ လေယာဉ်ပျံ တွေက ပိုးသတ်ဆေး ဒါမှ မဟုတ် ဓာတ်မြေဩဇာတွေကို ပက်ဖျန်းနေတာ ဖြစ်ရမည်။ သူသည် မေဂျာရန်းဒေါနှင့် မစ်(စ်)ကရိုတ်ချ်တို့ စကားဆုံးမည့် အချိန်ကို အောင့်အည်းပြီး စောင့်နေရသည်။ ဒီဟာသကတော့ အလွန်ရယ်ဖို့ ကောင်းသည်။ မေဂျာဘရူးစတား ရန်းဒေါ၏ ဟာသဓာတ်ခံနှင့် ပေါင်းစပ်လိုက်မည်ဆိုပါက ရန်းဒေါသည် ပြောစမှတ်ပြုရအောင် သမိုင်းတွင်စေမည့် ပိုရယ်စရာကောင်းသော ဟာသတစ်ပုဒ်ကို မွေးထုတ်နိုင်ပါလိမ့်မည်။

## ၅၃

မျိုးစေ့ကြဲသော လေယာဉ်ပျံနှစ်စီးသည် နောက်ဘက်မှ ရောင်စုံ ကြေငြာစာတန်းကြီးများကို ဖြုတ်ချလိုက်ကြသည်။ ထိုလေယာဉ်များ၏ ကိုယ်ထည် အောက်ဘက်မှ ရှည်လျားသော ပိုက်လုံးများ အပြင်ဘက်သို့ ဆန့်ထွက်လာကြသည်။ ပိုက်လုံးများ၏ ထိပ်ဘက်တွင် ထွန်ခြစ်နှင့် တူသော ပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com

ရှိနေကြသည်။ ထို ထွန်ခြစ်များ၏ ထိပ်ဖျားများမှာ ပိုက်လုံးခေါင်းများ ဖြစ်ကြပါသည်။

ထို လေယာဉ်ပျံ နှစ်စီးသည် ဂါဒူးဂရင်းဟိုတယ် ပတ်ပတ်လည်ရှိ ပန်းခြံများ အနားသို့ ရောက်ရှိလာကြသောအခါ ဖိအားသုံးရေစုပ်စက်များ၏ ခလုတ်ကို ဖွင့်လိုက်ကြသည်။ ထိုရေစုပ်စက်များသည် လေယာဉ် အတွင်းရှိ တိုင်ကီများထဲမှ ဂါလန်ပေါင်း များစွာ ရှိသော အရည်များကို စုပ်ယူ၍ ပိုက်ခေါင်းများမှ တစ်ဆင့် ဖျန်းပက်လိုက်ကြသည်။

ထိုအရည်တွင် စူးရှသော အနံ့ ရှိသည်။

သို့ရာတွင် အနံ့ကမူ ပိုးသတ်ဆေးလည်း မဟုတ် သလို ဓာတ်မြေဩဇာ အရည်လည်း မဟုတ်ပါ။

ဟိုတယ်ရှိ မကြာမီက ပြုပြင်ထားသော တင်းနစ် ကစားကွင်း နံဘေး၌ စောင့်ကြပ်နေသူ ပြောက်ကျား ဝတ်စုံဝတ် လူဖြူ ကြေးစား စစ်သားတစ်ယောက်က ပထမဦးဆုံး သတိပြုလိုက်မိသည်။ ပိုက်ခေါင်းများမှ ပန်းထွက်လာသော အရည်အချို့သည် သူ့ မျက်နှာ ပေါ်သို့ ကျလာကြသည်။

'ဘုရားသခင် ကယ်တော်မူပါ'

သူက အော်ဟစ်ပြီး စတင်၍ ထွက်ပြေးလေ၏။

ဓာတ်ဆီကဲ့သို့ပင် ရေနံဆီကို ရေနံမှထုတ်ယူရရှိသည်။ ဆီကဲ့သို့ စေးကပ်၍ မီးလောင် လွယ်သော်လည်း အငွေ့ ဖြစ်လွယ်ခြင်း မရှိသလို ပေါက်ကွဲသည့် အပူဒီဂရီကလည်း ဓာတ်ဆီထက် ပို၍ မြင့်မားသည်။



င်းအပြင် လျင်မြန်စွာ ခြောက်သွေ့သွားလေ့မရှိပါ။ ရေနံဆီကို (ဥပမာ) ဝေဟင်မှ ပက်ဖျန်းလိုက်မည် ဆိုပါက ကျရောက်သည့် နေရာတွင် ကပ်ငြိ၍နေလေ တော့သည်။

သို့ရာတွင် မီးလောင်ပြီ ဆိုသောအခါ၌မူ ရေနံဆီ သည် ဓာတ်ဆီကဲ့သို့ပင် အပူရှိန် ပြင်းထန်သည်။

ဒဗလျူ အေပီအေမှ လေ ယာဉ် မှူး များ သည် ယျာဉ်နှင့် တင်းနစ် ကစားကွင်းများကို ပက်ဖျန်း နေကြခြင်း မဟုတ်ပါ။ သူတို့နောက်မှ အိုလီဆီဂမ် မောင်းနှင်၍လိုက်ပါလာသော တတိယလေယာဉ်ပျံက မီးလောင်စေမည့် ပစ္စည်းများကို ပစ်ချသည့် အခါ ရေနံဆီနှင့် ပက်ဖျန်း သွားခဲ့သည့် လမ်းကြောင်းနှင့် လွတ်မသွားစေရန် အတွက်သာ ပက်ဖျန်း သွားကြ ခြင်း ဖြစ်သည်။ ထိုလမ်းကြောင်းသည် ဟိုတယ်၏ နောက်ဘက် နံရံများမှ တစ်ဆင့် ခေါင်မိုးပေါ် အထိ ရှိစေအောင် ပက်ဖျန်းပေးရန် ဖြစ်သည်။ ၎င်းအပြင် ဟိုတယ် ဝင်ပေါက်နှင့် အပြင်ဘက်၌ ရပ်ထားသော မော်တော်ကား အချို့ကို ပက် ဖျန်း ရန် အ ထိ တိုင်ကီထဲ၌ လုံလောက်စွာ ကျန်ရှိ နေသေးသည်။

'စက္ကန့် သုံး ဆယ် လောက် အ ထိ အောင့်ထား လိုက်စမ်းပါကွာ'

အိုလီက အတောင်ပံမှ ချွတ် ယွင်း နေ သော ဒေါက်တိုင်ကို ခပ်ကျယ်ကျယ် ပြောဆို၍ တောင်းပန် နေခြင်း ဖြစ်သည်၊ သူက ရှေ့လေကာမှန်မှ တစ်ဆင့် လှမ်းကြည့်လိုက်၏။ မှိုးစေ့ ကြဲသော လေယာဉ်ပျံ နှစ်စီးသည် ဟိုတယ်နှင့် ကင်းရှင်းသွားကြပြီ ဖြစ်သလို



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ယံသို့ ပျံတက် နေကြလေပြီ။ သူက လေယာဉ်ပျံထို ရှေ့ဘက်သို့ ညင် ညင် သာ သာ ဦးစိုက်လိုက်၏။

'စက်ကွန့် သုံးဆယ်တည်းပါကွာ'

ထိုအချိန်တွင် နှစ်ဆယ့်ငါးစက္ကန့်သာ ကျန်ရှိတော့သည်။ သူက အောက်ဘက်သို့ အနည်းငယ် ထပ်ဆင်းလိုက်ချိန်တွင် တစ်ခုခုက လေယာဉ်ကိုယ်ထည်အောက်ပိုင်းကို လာရောက် ထိမှန်လေ၏။

သူတို့ အိပ် ပျော်နေ ရာ က နိုးလာကြပြီပဲ ဟု အိုလီက တွေးလိုက်မိသည်။

ရေနံဆီ အနံ့မှန်း ပထမဦးစွာ သိလိုက်သော ပုဂ္ဂိုလ်က တပ်ကြပ်ကြီးကို အပြေးအလွှား လိုက်ရှာသည်။ ဤတွင် ဟို တယ် ထဲ မှ ထွက် လာ သော တပ်ကြပ်ကြီးနှင့် ဝင်တိုးမိလုနီးပါး ဖြစ်သွားရသည်။ ရေနံဆီနှင့် အပက်ခံရသော စစ်သားက အော်ဟစ်၍ သတိပေးလိုက်၏။ တပ်ရေး ဗိုလ်ကြီး လာဆဲလ်က ဘာ ပဲ ပြော ပြော ထိုတပ်ကြပ်ကြီးက ဂရုမစိုက်တော့ပါ။ သူက လေ ယာဉ် ပျံ များ ကို တပ်သားတိုင်းက ပစ်ချရန် အမိန့်ပေးလိုက်လေ၏။

'အတွဲလိုက်ပစ်'

ရှင်ဒလာမတ်ခ်နိုင်း၊ သေနတ်များနှင့် ပစ်ခတ်လိုက် ကြ သော် လည်း ထို လေယာဉ်ပျံများသည် ကျည်ဆန် မမီသည့် နေရာသို့ ရောက်ရှိသွားကြလေပြီ။ အင်ဂျင်နှစ်လုံးတပ် တတိယ လေယာဉ်ပျံ ရောက်ရှိလာသည်။ စစ်သားများက ထိုလေယာဉ်ပျံကို ပြောင်းလဲ၍ ချိန်လိုက်ကြပြန်၏။



ပေ နှစ်ရာအမြင့်မှ တစ်နာရီလျှင် မိုင်တစ်ရာနှုန်းထက် မများတဲ့ ပျံသန်းလာသော လက်နက် တပ်ဆင်မထားသည့် လေယာဉ်ပျံတစ်စီးသည် လေ့ကျင့်တားသော ရိုင်ဖယ် သေနတ်များအတွက် ခက် ခဲ သော ပစ်မှတ် မဟုတ်ပါ။ တွင်အော်တာ လေယာဉ်ပျံကို ကျည်ဆန် ခြောက်တောင့် ခန့် ဝင်ရောက် ထိမှန်သွားသည်။ သို့ရာတွင် အိုလီသည် ပန်းခြံပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ပြီး သူက အ သက် အောင့် ၍ ခါတ်ငွေ့အိုးကြီးအား ဖြုတ်ချသော ခ လုတ် ကို ဆွဲလိုက်သည်။

ကြီး မား သော ပရိုပိန်း ဓာတ်ငွေ့ အိုးကြီးနှင့် တွဲသည့် လောင်စာဆီ အိုးကြီး ပြုတ်ကျ လာသည်။ အိုလီဆီဂမ်သည် စက်ရှိန်ကို အဆုံးအထိ မြှင့်တင်၍ ကောင်းကင်ဆီသို့ ထိုးတက်သွားလေ၏။

ထိုအိုးကြီးသည် မြေကြီးနှင့် ထိသည်နှင့် တစ်ပြိုင်နက် ပေါက်ကွဲသွားသည်၊ ရေနံဆီ လမ်းကြောင်းတစ်လျှောက် မီးစွဲလောင်လေ၏။ မီးလျှံများသည် ဟိုတယ် နံရံမှတစ်ဆင့် အထက်သို့ တက် သွား ပြီး ခေါင်မိုးပေါ်တွင် မီးလောင်နေလေတော့သည်။

ထိုအချိန်တွင် အိုလီသည် ဒေါက်ဂလပ်စ် မောင်းနှင်လာသော အကြီးဆုံးနှင့် အနှေးဆုံး လေယာဉ်ပျံဖြစ်သည်သာမက အန္တရာယ် အရှိဆုံး လုပ်ငန်းကို ဆောင်ရွက်ရမည့် ပီ အလ် ဇက် လေယာဉ်ပျံနှင့် နီးကပ်လာခဲ့လေပြီ။

www.burmeseclassic.com

ဟိုတယ် အစောင့်ကျနေသော တပ်ဖွဲ့မှ ဆာဂျင်က သူ့လူများအား အပစ်ရပ်ပြီး ခိုလှုံရမည့် နေရာကို ရှာခိုင်းလိုက်သည်။ မီး တောက် မီး လျှံ များ သည် ခေါင် မိုး စွန်း ၌ အလျှံ တညီးညီး တောက်လောင် နေသည်သာမက ဟိုတယ် ဝင်ပေါက်အထိ ဆင်း၍ လောင်နေလေပြီ။ ဆာဂျင်က ဟိုတယ်ထဲသို့ ဝင်ရန် ကြိုး စား လိုက် ၏။ ဘားခန်းထဲတွင် ရှိနေသော သူများနှင့် ကမ်မ်ကို ဝန်ထမ်းများ ပြေးထွက်လာ ကြရာ သူ့ကို လဲကျသွားအောင် ဝင်တိုက်သွားကြ လေသည်။

သူ မတ်တတ်ပြန်ရပ်လိုက်၏။ ဟိုတယ်ရှေ့ဘက်မှ အောက်ဘက်သို့ ဆင်းလာသော မီးလျှံ ကန့်လန့် ကာကြီးက သူ့ကို ဝါးမျိုပစ်လိုက်လေသည်။

နံဘေးဘက်ရှိ တံခါးပေါက်ဝမှ ဟိုတယ်ထဲသို့ ဝင်၍ ကွပ်ကဲရေးရုံးသို့ သတင်းပို့ရန် မည် သူ မျှ မတွေးတောမိခဲ့ကြပါ။ လူဖြူ ကြေးစား စစ်သား များသည် အရပ်သားများကို သေနတ် နှင့် ချိန်၍ သူတို့နှင့်အတူ မီးငြိမ်းသတ်ရန် ဆိုသည့် ကိစ္စကိုသာ တွေးမိခဲ့ကြလေသည်။

အလိပ်လိုက် တက် လာ သော မီးခိုး လုံးကြီးများကို သမ္မတကြီး၏ နန်းတော်ဝင်းမှ လွယ်ကူစွာ မြင်နိုင် သော်လည်း မည်သည့်နေရာမှ ဖြစ်ကြောင်း မိနစ်ပိုင်း အတွင်း မသိနိုင်ခဲ့ပါ။ ခြံ ဝင်း ထဲ တွင် ကင်းလှည့် နေသော ကြေးစား စစ် သား များ နှင့် အစောင့်



ကျနေသူ ကြေးစားစစ်သားများက ဆင်းရဲသား လူမည်း ရပ်ကွက် တစ်ကွက်၌ မီးလောင်နေခြင်း ဖြစ်သည်ဟု ယူဆကြသည်။ ထိုနောက် တစ်ယောက် ယောက်က ထိုနေရာတစ်ဝိုက်၌ လာရောက် ပျံသန်း နေသော ငြိမ်းချမ်းရေးဝါဒီ လေယာဉ်ပျံ တစ်စီးစီး ပျက်ကျခြင်း ဖြစ်နိုင်သည်ဟု ပြောလိုက်သည်။ ခမ်းမြောက်စရာ ကောင်းသော အတွေးပင်တည်း။

ထို့နောက် အရှေ့မြောက်ထောင့်ရှိ အုတ်တံတိုင်း ပေါ်၌ ရှိသော ကင်းတဲမှ စက်ကြီးသမား အုပ်စုက မီးတောက် မီးလျှံနှင့် မီးခိုးများသည် မည်သည့် နေရာမှ လာခြင်း ဖြစ်ကြောင်း သိရှိသွားကြသည်။

'ဟိုတယ်ကြီးကို မီးလောင်နေပြီ'

နန်းတော်တွင် ကြီးကြပ်နေရသော လက်ဖတင်နင် က ကွပ်ကဲရေး ရုံးသို့ သတင်းပို့လိုက်လေ၏။

အောက်ဘက်မှ စာတန်းကို ဖြုတ်ချလိုက်သောကြောင့် င်းလက် လေယာဉ်ပျံကို ထိန်းရ သိမ်းရ သည်မှာ အနည်းငယ် ပိုကောင်းလာသည်။ သို့ရာတွင် တိုင်ကီ ကြီးအဲမှ ရေနံဆီများသည် ဘောင်ဘင် ခတ်နေကြ သည်။

'ခင်ဗျားကို ဒီကကြည့်ရတာ တော်တော်နိပ်တယ် ဝင်လေဗျာ၊ ခင်ဗျားနောက်မှာ ကျုပ်ရှိတယ်' ထီဆီဂမ်က လှမ်းပြောလိုက်ခြင်း ဖြစ်သည်။

နန်းတော်ကို ဝင်တွယ်ရမည့် ကိစ္စမှာ တော်တော် လေး ခက်မည်။ နန်းတော်ကို အစောင့်အကြပ်



www.burmeseclassic.com

www.burmeseclassic.com

များပြားစွာနှင့် ခုခံ ကာကွယ်ထားမည်မှာ သေချာသည်။ ဤနေရာတွင် ဂါဒူးဂရင်း ဟိုတယ်မှာ ကဲ့သို့ ဆောင်ရွက်ရန် မဖြစ်နိုင်ပါ။ မြေပြင်ပေါ်သို့ ရေနံဆီ တစ်စက်မှ မကျစေရပါ။ ပါပါသမျှသော ရေနံဆီကို ခေါင်မိုးနှင့် ဝင်ပေါက်ပေါ် ၌သာ ပက်ဖျန်းရပါလိမ့်မည်။

ဖီးလ်ဒင်းက ရေစုပ်စက် ခလုတ်ကို ဖွင့်လိုက်လေ၏။

အုတ်တံတိုင်းပေါ်၌ တပ်ဆင်ထားသော စက်သေနတ်များမှာ နန်းတော်အတွင်းဘက်သို့ ပစ်ခတ်ရန်အတွက် မဟုတ်ဘဲ အပြင်ဘက်သို့ ပစ်ခတ်ရန်အတွက်သာ ဖြစ်သည်။

ထို့ကြောင့် ရှင်ဒလာမတ်ခ်ရိုင်း သေနတ်များနှင့်သာ ရင်ဆိုင်နိုင်ရန် ရှိပါတော့သည်။ သေနတ်က အလက်နှစ်ရာရှိသည်။ ထိုသေနတ်များနှင့် စုပြုံ၍ ပစ်ခတ်မည်ဆိုပါက ပီအယ်ဇက် လေယာဉ်ပျံ ဆယ်နှစ်စီးကိုပင် အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်သွားအောင် ပစ်ချနိုင်ပါလိမ့်မည်။ သို့ရာတွင် ယခု အချိန်၌ ကြေးစား စစ်သားများက ဂါဒူးဂရင်း ဟိုတယ်၌ မည်သို့ မည်ပုံ ဖြစ်ပျက်ခဲ့ကြောင်းနှင့် သမ္မတနန်းတော်၌ ဖြစ်ပျက်တော့မည့် ကိစ္စကို ရိပ်မိသစရာ ရှိပါ၏။ လူဆိုသည်မှာ အခြား မည်သည့် ကိစ္စကိုမှ မကြောက်ဘူးဟု ဆိုသည့်တိုင်အောင် မီးလောင်ခံရပြီး သေရမည်ကိုတော့ ကြောက်လန့်ကြပါ၏။



အလွဲလွဲ အချော်ချော် ချိန်ရွယ်ကြသည်။

ဖီးလ်ဒင်းကလည်း ဖိအားပြဒိုင်ခွက်ကို တချိန်လုံး စောင့်ကြည့်နေသည်။ မြားတံကလေးသည် ရေနံဆီ ဖြည့်ထားသော တိုင်ကီနှင့် ပက်ဖျန်းသောပိုက်ခေါင်းတို့က ခံနိုင်ရည်ရှိသည့် ဖိအားကို ပြသသော အနီမှတ်ထက် ကျော်လွန် ရောက်ရှိနေသည်။

မိုင်းလက် လေယာဉ်ပျံတွင် အသေ တပ်ဆင်ထားသော ဘီးများပါရှိသည်။ ဖောက်ခနဲမြည်ပြီး ရှူးခနဲ မြည်သွားသံနှင့် အနည်းငယ် တုန်ခါသွားမှုကြောင့် ဘီးတစ်ဘီးကို ထိမှန်သွားကြောင်း သိလိုက်ရသည်။

နန်းတော်ခေါင်မိုးမှာ အပြန့်ဖြစ်ပြီး ပတ်ပတ်လည်တွင် အားဖြည့်ကွန်ကရစ်ဖြင့် ဘောင်ခတ်ထားသည်။ သွေးရူး သွေးတန်း ဖြစ်နေသူ များသည် ထိုနေရာသို့ ထိုးဆင်းရန် အကောင်းဆုံး ဖြစ်နေသည်။ ဒေါက်ဂလပ်စ် ဖီးလ်ဒင်းက ထို နေရာသည်၊ သူ့ရည်ရွယ်ချက်အတိုင်း ကလေးများ ဆော့ကစားရန် ပြုလုပ်ပေးသော ရေနံဆီလှောင်ကန်ကလေး တစ်ခုအဖြစ် ပြုလုပ်ရန် အကောင်းဆုံး ဖြစ်ကြောင်း တွေးလိုက်မိသည်။

ဠှင်ခနဲ မြည်သံများ တစ်သံပြီးတစ်သံ ထွက်ပေါ်လာသည်။ လေယာဉ်ပျံကို သုံးချက်ထိမှန်သွားလေပြီ။ ကျည်ဆန်များက အင်ဂျင်စက်နှင့် ရေနံဆီ တိုင်ကီတို့ကို မထိမှန်သေးသရွေ့ ပစ်ကြစမ်းပါစေ။ သူက တစ်ဆယ်မှ စ၍ တစ်ခုစီ လျှော့ပြီး စတင် ရေတွက်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကြေးစား စစ်ဗိုလ် တစ်ယောက်သည် သမ္မတကြီး၏ အိပ်ခန်းဆောင်ထဲသို့ တံခါးမခေါက်ဘဲ ဝင်ရောက်လာသောကြောင့် ဟင်နရီဂါဒူးက ဒေါသနှင့် အော်ဟစ် ကန့်ကွက်လိုက်သည်။

ကြေးစားစစ်ဗိုလ်က ပြောလိုက်၏။

'ကျုပ်တို့ကို မီးလောင်ဗုံးတွေနဲ့ လာတိုက်ခိုက်နေတယ်'

အဝတ်အစားကင်းမဲ့နေသော ဟင်နရီဂါဒူးသည် အိပ်ရာပေါ်မှ ကုန်းထလိုက်၏။ သူသည် ကြောက်လန့်ပြီး စကားကိုပင် ပီပီသသ မပြောနိုင်ဘဲ ရှိနေသည်။

'ဘောင်းဘီဝတ်ပြီး အောက်ထပ်ကို ဆင်းနေ ခင်ဗျားအတွက် ပိုပြီး အန္တရာယ် ကင်းလိမ့်မယ်'

ကြေးစား စစ်ဗိုလ်က ဘောင်းဘီရှည်ကို ပစ်ပေးပြီး အော်ငေါက်၍ ပြောဆိုလိုက်သည်။

အနည်းငယ် တည်ငြိမ်မှု ရစပြုလာသော ဂါဒူးသည် ဘောင်းဘီရှည်ကို လှမ်းယူပြီး စတင် ဝတ်ဆင်လိုက်လေ၏။

ဝင်းခြံအုတ် တံတိုင်းကို ပွတ်ကာ သီကာကလေး လွတ်အောင် ပျံသန်းခဲ့သော ဖီးလ်ဒင်းသည် နန်းတော်ဝင်ပေါက်ဆီသို့ ပျံသန်းသွားပြီး အရည် ဖျန်းစက်ခလုတ်ကို ဖွင့်လိုက်၏။ ရေနံဆီများသည် မီးသတ်ပိုက်ခေါင်းမှ ဖွင့်လွှတ်လိုက်သော ရေများကဲ့သို့ ပန်းထွက်လာကြသည်။



'သိပ်လှတယ် ဒေါက်ဂလပ်စ်ရေ'

အိုလီ၏ ပျော်ရွှင်နေသော အသံသည် နားကြပ်ထဲမှ ထွက်ပေါ်လာသည်။

စက်ရှိန်မြင့် ကိုရီယာကို နောက်ဘက်သို့ ပြန်ဆွဲထားလိုက်၏။ ရေနံဆီ အားလုံးကို သွန်ထုတ်ပစ်ရပါလိမ့်မည်။

ရေနံဆီများသည် ပိုက်ခေါင်းအားလုံးမှ ပန်းထွက်လာကြသည်။ ဂါလန် ရာပေါင်းများစွာ အလေးချိန်ပေါင်ပေါင်း များစွာ ရှိသော ရေနံဆီများသည် နန်းတော် ခေါင် မိုး ပေါ် တွင် သူ လိုချင်သော ကလေး ကစားစရာ ရေကန်ငယ်ကလေး တစ်ခု ဖြစ်လာ ခဲ့လေပြီ။ ဒေါက်ဂလပ်စ် ဖီးလ်ဒင်းသည် နန်းတော်၏ တစ်ဖက်စွန်းနှင့် လွတ်ကင်းသွားချိန်တွင် တိုင်ကီထဲ၌ ရေနံဆီ ဂါလန် ငါး ဆယ် ခန့် သာ ကျန်ရှိတော့ကြောင်း မိုင်ခွက်၌ ပြသနေသည်။ သူက ထိုဂါလန် ငါးဆယ်ကို နောက်ဘက်၌ ပက်ဖျန်းပစ်လိုက်သည်။

အတွဲလိုက် ပစ်ခတ်နိုင်သော ရိုင်ဖယ် သေနတ်မှ ကျည်ဆန် တစ်တောင့်သည် နှစ်ခြမ်း ခွဲထားသော လေကာမှန် နှစ်ချပ် အနက် ညာ ဘက် မှန် အား ဖောက် ထိမှန် သွား ချိန် တွင် အိုလီက အလိုအလျောက် ခေါင်းငုံ့၍ ရှောင် ပေး လိုက် သည်။ သူသည် ငုံ့နေရာမှ ပြန်ထိုင်လိုက်ပြီး ပရိုပိန်းခေါင်းအိုးကို ဖြုတ် ချ သည့် လက်ကိုင်အား လှမ်းဆွဲလိုက်၏။ မည်သို့မျှ ဖြစ်မလာပါ။ သူက နာနာဆွဲလိုက်ပြန်၏။ ညှပ်ထားသော ညှပ်များ ကွာထွက်



www.burmeseclassic.com

www.burmeseclassic.com

သွားကြသည်။ ခါတ်ငွေ့အိုးသည် နန်းတော်ခေါင်း ဆီသို့ ကျရောက်သွားလေ၏။

ပရိုပိန်း ခါတ်ငွေ့ ထ ပေါက်ကွဲသည်။ နန်းတော် ခေါင်မိုးသည် ငရဲမီးအိုးကြီး အဖြစ်သို့ ပြောင်း သွားရလေ၏။

မေဂျာ ရန်းဒေါ အ ဖို့ အယ်လီဆန် ကရိုတ်ချ် မာန်မဲ ဆူပူနေမှုကို နားထောင်ပြီး အချိန်ထပ်ဖြ နိုင်စွမ်း မရှိတော့ပါ။ ဟုတ်ပါသည်။ သူတို့သ အလိမ်အညာ ခံခဲ့ကြရပြီး နောက်တစ်ကြိမ် အင မိသွားပြန်ပါပြီ။ သို့ရာတွင် သူက စိတ်ခပ်တိုတိ ထိုကိစ္စမျိုးသည် စစ်ပွဲများတွင် ဖြစ်လေ့ ဖြ ရှိသော ကိစ္စမျိုးပင်ဖြစ်ပြီး မီးရှို့နေသည်ကို အ ဖယ်ထားလိုက်ပါက ရန်သူ ဘက်မှ ကိုးရိုးကား နိုင်လှပြီး သေးသွယ် ချည့်နဲ့နေသော လေယာ များက မည်သို့ မည်ပုံ ဆောင်ရွက် နိုင်ပါမည်န နက်ဖြန်တွင် အဆမတန် ပိုမို၍ အင်အားကြီး လှသော တပ်များက နယ်စပ်ကို ကျော် ဖြတ် ဂါလာမြို့ထဲသို့ တစ်ဟုန်ထိုး ဝင်ရောက် သွား တွင် နောက်ဆုံး အဆုံးအဖြတ်ကို ပေးလိမ့်မည် ဖြစ်ပါ၏။

'ပြီးတော့လဲ ကျုပ်မှာ လုပ်စရာ အ လုပ် အများကြီး ရှိနေသေးတယ်'

သူက စကားကို အဆုံး သတ်လိုက်ပြီး ခပြောခွက်ကို ပြန်ချိတ်လိုက်လေ၏။



သူက တပ် ရေး ဗိုလ် ကြီး လာဆဲလ်ဘက်သို့ လှည့်၍ အမိန့်များကို ဆက်တိုက် ပေးလိုက်သည်။ ယခင်က ပေး ထား သော အမိန့်များကို ပြင်ဆင် လိုက်သည်။ ကျူး ကျော် ဝင် ရောက် လာ သော လေယာဉ်ပျံများသည် မည်သည့်နိုင်ငံက လေယာဉ်ပျံ ဖြစ်သည်ဟု ယူဆရသည် ဖြစ်စေ ပစ်ချ ကြရမည်။ ထိုလေ ယာဉ်ပျံများ လေဆိပ်သို့ လာရောက်ပါက ကင်းနီးရက် အမြောက်တပ်များက ပစ်ခတ် ချေမှုန်း ကြရမည် ဖြစ်ပါ၏။

နောက်တစ်ချက်မှာ နန်းတော်နှင့် ဟိုတယ်တို့၌ မီးလောင်နေသည့် ကိစ္စ။ ထို မီး လောင် မှု များ ကို နိုင်နင်းအောင် ငြိမ်းသတ် ကြရမည်။

'ကျုပ်တို့ လူတွေက လူမည်းတွေကို စုစည်းပြီး အိုးတွေ ခွက်တွေနဲ့ ပက်ခိုင်းစမ်း၊ အနီးအနားမှာ ရှိတဲ့ ကာ ကွယ် ရေး တပ် တွေ နဲ့ အင်အက်စ်ဘီ တပ်တွေကို ပို့ပြီး အဲဒီကို မီးသတ်ခိုင်းစမ်း'

'ကောင်းပါပြီ ဆရာ'

ရန်းဒေါက မျက်မှောင် ကုတ်လိုက်၏။ သူသည် ကမ်မ်ကို၏ ရဟတ်ယာဉ်များအကြောင်း အယ်လီဆန် ကရိုတ်ချ်ကို မေးမြန်း ရန် မေ့ လျော့ သွား သည်။ အဲဒါကို အသာ ထားလိုက်စမ်းကွာ။ ကမ်မ်ကိုသည် အာဏာအရှိဆုံးဖြစ်ပြီး ကြိုက်သလို ဆောင်ရွက်နိုင် သည် ဖြစ်ရာ အဲဒီ သောက် ဆီကောစကီ ရဟတ် ယာဉ်များကို သူ ကြိုက်သည့် နေရာသို့ စေလွှတ် နိုင် ခွင့် ရှိ နေ ပါ သည်။ ပြီးတော့လည်း သူက အယ်လီဆန် ကရိုတ်ချ်၏ နောက်တစ်ကြိမ် ပြစ်တင်



www.burmeseclassic.com

www.burmeseclassic.com

ချုတ်ချမှုကို မခံယူလိုတော့သောကြောင့် တယ်လီဖုန်း ဆပ်မဆက်လိုတော့ပါ။

လာဆဲလ်က မေးခွန်းတစ်ခု မေးသည်။

'နယ်စပ်ကို မော်တော်ကားနဲ့ ချီတက်သွားတဲ့ တပ်တွေက မနက်မှာ ထိုက်ခိုက်ရမယ်ဆိုတဲ့ ကိစ္စကို ဆက်လုပ်ရဦးမှာလား'

'ဆက်လုပ်ရမှာပေါ့ကွ၊ ငါတို့မှာ ခြင်ကိုက်ခံရသလို 'အဆောက်အအုံကလေး တစ်ခု နှစ်ခု မီးလောင်နေတာပါကွာ၊ အဲဒါက လွဲရင် ဘာမှ မပြောင်းလဲပါဘူး၊ ငါတို့က ကျာပွတ်ကို ကိုင်ထားဆဲပါပဲ'

ပီအယ်လ်ဇက် လေယာဉ် ဝမ်းဗိုက်ထဲမှ တိုင်ကီထဲတွင် ရေနံဆီ မကျန်ရှိတော့ပါ။ သို့ရာတွင် မြေပြင်ပေါ်သို့ ဆင်းသက်ရန် ဘီး တစ်ဖက် ချွတ် ယွင်း နေ ပြီး နယ်စပ်သို့ ရောက် ရုံ လောက် သာ လောင်စာဆီ ကျန်ပါတော့သည်။ သို့တိုင်အောင် ဒေါက်ဂလပ်စ်သည် ပေ ၃၀၀၀ အမြင့်သို့ ပျံ တက် လိုက် ပြီး အိုလီ ဆီ ဂမ်၏ ကျည် ဆန် ထိ မှန် ထား သော တွင်အော်တာ လေယာဉ်ပျံ နောက် မှ လိုက် လာ သည်။ သူတို့ နှစ်ဦး ကောင်းကင်၌ ပုံဝဲစ ပြုသည်။ သူနှင့် အိုလီတို့၏ အလုပ်တာဝန်မှာ မပြီးဆုံးသေးပါ။

ဖီးလ်ဒင်းက ရဟတ်ယာဉ်များအား ရေဒီယိုနှင့် ဆက်သွယ်လိုက်၏။



'အိုလီနဲ့ ကျုပ်တို့က မလွဲအောင် တွယ်ခဲ့ကြပါပြီ'

စတီဖင်ပက်ဂျက်၏ အသံ ပြန်လည် ထွက်ပေါ်လာသည်။

'ခင်ဗျားတို့ရဲ့ မီးခိုးနဲ့ အချက်ပြမှုက စကားလုံးတွေထက် ပိုပြီး ထိရောက်ပါတယ် ဒေါက်ဂလပ်စ်ရယ်၊ ကျုပ်တို့က အဲဒီ နေရာကို တန်းသွားနေကြပါပြီ'

'မီးသတ် တပ်ဖွဲ့တွေကလဲ သွားနေကြပါပြီ'

အီယန်ဘလိတ်က ဒုတိယ ရဟတ်ယာဉ်မှ ပြောလိုက်၏။

'မီးသတ် ကပ်ဖွဲ့တဲ့လား'

ဖီးလ်ဒင်းက ထပ် ရေရွတ်လိုက်ပြီး တဟားဟား ရယ်လိုက်သည်။ ၎င်းတို့၏ ကပြ အသုံးတော်ခံမှုကို ကြည့်ရှုရန်အတွက် သူလည်း မြေပြင်ပေါ်၌ ရှိနေချင်ပါသည်။ ထို့နောက် တပ်ဖွဲ့ ဘီမှ ပုဂ္ဂိုလ်များ ရင်ဆိုင်ကြရမည့် ဘေးအန္တရာယ်များကို တွေးလိုက်မိပြီး သူ့ မျက်နှာထားသည် ပြန်၍ တည်ကြည် သွားရလေ၏။

'ပရိယာယ် မာယာ ဆင်မှုနှင့် အငိုက်ဖမ်းမှုတို့ အပေါ်တွင် အခြေခံထားသော နည်းဗျူဟာများ သည် အောင်ပွဲရ စစ်သူကြီးများ၏ ဝိသေသ ဖြစ်သည်' ဟု သေနင်ဗျူဟာကျမ်းကို ရေးသားခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

ဘာရုတ် စစ်ဗိုလ်ချုပ်ကြီး ဆွန်ဇူးက ဘီစီ ၃၅၀ ဗွ
စာနှင့် ပေနှင့် မှတ်တမ်း တင်ခဲ့လေသည်။

နောက်ထပ် နှစ်ပေါင်း နှစ်ထောင် ကြာ သော
အခါတွင် အခြား တရုတ် စစ်ဗိုလ်ချုပ်ကြီး တစ်ဦး
ဖြစ်သူ မော်စီတုန်းကလည်း 'သမားရိုးကျ စစ်တ
များသည် ရှေးရိုး နည်းဗျူဟာများကို တရားသေ
စွဲကိုင်ထားရာတွင် မလွဲမသွေ တူညီလေ့ ရှိကြေ
သည်။ ရှေးရိုးနည်း မဟုတ်သော စစ်ဆင်ရေးများ
ရင်းတို့အား စိတ် ရှုပ် ထွေး စေ ပြီး မှန်တူသွားေ
သည်' ဟု ကြွေးကြော်ခဲ့လေသည်။

သို့ရာတွင် ထို အ ချိန် ၌ လော ရင့် အော
အာရေးဗီးယား ဟု လူ သိ များ သူ သောမတ်
အက် ဒ ဝပ် လော ရင့်စ် (၁၈၈၈ - ၁၉၃၅)
ထို ဥပဒေသအား 'ပညာရှင် အနည်းငယ်ကို အသုံး
ချမှုသည် လက်နက်အမြောက်အမြား တပ်ဆင်ထား
သော စက် ရုပ် ဆန် ဆန် (စစ်သား) အမြောက်
အမြားနှင့် ယှဉ်ပြိုင် နိုင်စွမ်း ရှိသည်' ဟု အနှစ်ချုပ်
ထားခဲ့လေပြီ။

ပြောက်ကျား စစ်ဆင်မှုတွင် ခိုးကြောင် ခိုးဝှ
ဆောင်ရွက်နိုင်မှုနှင့် အငိုက်ဖမ်းနိုင်မှုတို့ အပြင် လျ
မြန်မှု ကိုလည်း ပေါင်းစပ်ရပေလိမ့်မည်။ တဇော
ကန်း စစ်ဆင်ရေးကို အဆိုပါ အချက်အလက်မျာ
ပေါ်၌ လုံးဝ အခြေခံ ထားခဲ့လေသည်။

အဆင့်တစ်သည် အောင်မြင်မှု ရှိခဲ့သလို ယ
အချိန်အထိ လက်စ မသတ်သေးသော အဆင့် နှ
ကလည်း အောင်မြင်မည့် အလား အလာ ရှိနေ



သည်။ အဘယ်ကြောင့် ဆိုသော် အာရုံ ပြောင်းစေ
မည့် ကိစ္စရပ်များကို ငွေကုန် ကြေးကျ ခံ၍ ဆောင်
ရွက်ခဲ့ကြသည် သာမက ထိုကိစ္စရပ်များကို နောက်ခံ
ထားသော မဟာဗျူဟာ ကလည်း မဖြစ်နိုင်သည့်
ဘက်သို့ လွန်လွန် ကြူးကြူး ရောက်ရှိနေသည်ဖြစ်ရာ
ပုံသေကားကျ နည်းဖြင့်သာ စဉ်းစား တတ်သူများ
အဖို့ သိပ် နောက်ကျခါနီး ဖြစ်သည့် အချိန်ရောက်မှ
အမှန်တရားကို ရိပ်စား မိကြမည်သာ ဖြစ် ပါ ၏။
အဆင့်သုံးကမူ အလွန်ကဲဆုံးပင် ဖြစ်သည်။ သို့တိုင်
အောင် ထိုအဆင့်ကို အ ကောင် အ ထည် ဖော်သည့်
အခါတွင်မူ မအောင်မြင်ရန် အလားအလာကလည်း
အများဆုံး ရှိနေပေသည်။

ထိုစီမံချက်မှာ တွေးခေါ် ယူဆချက်အရ ဖြစ်နိုင်
စရာ ရှိသည်ဟု အားလုံးက လက်ခံ ကြသော်လည်း
စမ်းသပ်ပြီးမှသာ မှန်ကန်နိုင်ကြောင်း သက်သေပြနိုင်
မည့် သီဝရီနှင့် တွေးခေါ် ယူ ဆ ချက် များ ကို
သံကြိုးကွင်းဆက်များပမာ ဆက်စပ်ထားသော စီမံ
ချက်ပင် ဖြစ်သည်။ အမှန်တကယ် စမ်း သပ် ကြည့်
သောအခါ၌ မှားယွင်း သွားနိုင်စရာလည်း ရှိနေပေ
သည်။ အကယ်၍ ကွင်းဆက် တစ်ခုသည် မအောင်
မြင်ခဲ့ပါက အစီအစဉ်ကြီး တစ်ခု လုံးသည် အသုံးဝင်
တော့မည် မဟုတ်ပါ။

အန္တရာယ် အလွန် ကြီးမားသော ပထမ ပ
ချက်မှာ ပထမတန်းစား လေ့ကျင့် သင်ကြား ထား
သူများသည်ပင်လျှင် အကျပ် အတည်းနှင့် ကြုံတွေ့
လာရသည့်အခါ အနည်းဆုံး စက္ကန့် ပြောက်ဆယ်ခန့်



www.burmeseclassic.com

www.burmeseclassic.com

အထိ သူတို့ မျှော်လင့်ထားသည့် ကိစ္စများနှင့် မြင်ချင်သည့် ကိစ္စများကိုသာ မြင်နေတတ်ကြသည် ဆိုသော အချက်ပင် ဖြစ်ပါ၏။

## ၃၄

အလွန်ကြီးမားသော မီးခိုးလုံးကြီး နှစ်ခုသည် အထက်သို့ ရောက်ရှိလာ လေလေ ပို၍ ပါးလာလေလေဖြစ်ပြီး နောက်ဆုံးတွင် ဂါဒူးမြို့တော်ပေါ်၌ မီးခိုးတန်း နှစ်ခု ပေါင်းစပ်သွားကြ လေတော့သည်။ ရင်ပေါင်တန်း၍ ပျံသန်းလာသော ဆီကော်စကီ ရဟတ်ယာဉ်ကြီး နှစ်စီးသည် တစ်နေရာဆီသို့ ခွဲထွက်သွားကြလေ၏။ ထို ရဟတ်ယာဉ် နှစ်စီးသည် ဆင်းသက်ရန် သတ်မှတ်ထားသော နေရာဆီသို့ တစ်ဖြိုင်နက်တည်း ရောက်ရှိသွားကြသည်။ ထိုရဟတ်ယာဉ်ကြီးများသည် မြေပြင်၏ အထက် ပေ ၁၀၀ အမြင့်တွင် လေထဲ၌ ရပ်တန့်နေကြလေ၏။

၎င်းတို့ကို အောက်ဘက်မှ မြင်တွေ့သွားကြပြီး ကွဲကွဲပြားပြား သိရှိကြရန် လိုအပ်ပါသည်။

သူတို့ သိရှိသွားကြပါ၏။

မေဂျာဘရှူးစတား ရန်းဒေါ်က သူ၏ တပည့်တပန်းများကို အပြေးအလွှား ကူညီမည်ဟု ပြောခဲ့



သည်။ သူ့စစ်သားများနှင့် ပတ်သက်လာပါက သူသည် ကတိအတိုင်း လိုက်နာ ဆောင်ရွက်လေ့ရှိပါသည်။ ခပ်မြန်မြန်လည်း ဆောင်ရွက်လေ့ရှိပါ၏။ သို့ရာတွင် အရပ်သားများကိုမူ ခပ်သွက်သွက်လုပ်ကြဖို့ နှိုးဆော်ရပါဦးမည်။

သူသည် ကမ်မ်ကို ကုမ္ပဏီမှ ရွှေသယ်သော ရဟတ်ယာဉ်များကို တတ်နိုင်သလောက် အသုံးချပစ်လိုက်မည်။ ထို ရဟတ်ယာဉ်တွင် လာဆဲလ် ပြောသည့်အတိုင်း မီးငြိမ်းသတ်ပေးမည့် လူမည်းများ ပါလာဖွယ် ရှိသည်။

လေထဲတွင် တွဲလဲခို၍ နေကြသော ရဟတ်ယာဉ် နှစ်စီးကို မည်သူကမျှ သေနတ်နှင့် မပစ်ခဲ့ကြပါ။ တကယ့် တကယ်ကမူ ပြောက်ကျား ဝတ်စုံများကို ဝတ်ဆင်၍ မျက်နှာပေါ်တွင် အိုးမည်းသုတ်ထားသော ပုဂ္ဂိုလ်များက အော်ဟစ်ပြီး ကြိုဆိုနေကြသည်။

အီယန်ဘလိတ်က စတီဖင်ပက်ဂျက်အား ရေဒီယိုမှ တစ်ဆင့် လှမ်းပြောလိုက်၏။

'ကျုပ်တို့ကို ကြိုဆိုနေကြတယ်ဗျ'

ပက်ဂျက်က ဖြေလိုက်သည်။

'ဒီမှာလဲ ဒီလိုပဲ၊ ကောင်းပြီ၊ ကျုပ်တို့ ဝင်ကြမယ်'

ရဟတ်ယာဉ်များက အောက်ဘက်သို့ စိုက်ဆင်းလာကြသည်။ စတီဖင်ပက်ဂျက်နှင့် ပထမ တပ်စုကို တင်ဆောင်လာသော ရဟတ်ယာဉ်သည် နန်းတော်ဝင်းအတွင်းရှိ စစ်ရေးပြ ကွင်းပေါ်သို့ ဆင်းသက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ အီယန်ဘလီတ်နှင့် ဒုတိယတပ်စုပါသော ရဟတ်ယာဉ်သည် ဂါဒူးဂရင်းဟိုတယ်၏ ဂေါက်ကွင်း အသေးစားကလေး ပေါ်၌ ဆင်းသက်လိုက်သည်။

ရဟတ်ယာဉ်ပေါ်သို့ ကုန်တင်ချသည့် တံခါးပေါက်ကြီးများ ပွင့်လာကြလေ၏။

ရည်မှန်းထားသည့် နေရာကို ရွေးချယ်ရာ၌ လိုအပ်ချက် အရသာ ဆောင်ရွက်ခဲ့ရသည်။ ဂါဒူးလေဆိပ်ကို ပယ်လိုက်ရသည်။ စတိဗ်က ဂါဒူးလေဆိပ်သို့ ခိုးကြောင်ခိုးဝှက်နှင့် ရောက်ရှိသွားပြီး အေတူးဗင်ဒီကေတာ လေယာဉ်အုပ်ကို ပျက်စီး ချွတ်ယွင်းသွားအောင် ဆောင်ရွက်ခဲ့မှုကြောင့် ယခု အချိန်တွင် အစောင့်အကြပ် များပြားစွာနှင့် ခုခံကာကွယ်ထားလိမ့်မည်မှာ သေချာလှပေသည်။

ဂါဒူးမြို့တော် တစ်ခုလုံးကို ဝင်ရောက်စီးနင်းရန် သို့တည်းမဟုတ် အကွဲကွဲ အပြားပြား ဖြစ်နေသော စစ်တပ်စခန်းချရာ နေရာများနှင့် ကင်းစခန်းများအား ဝင်ရောက်စီးနင်းရန် ဆိုသော ကိစ္စမှာ လူအင်အားနည်းပါးမှုကြောင့် ဖယ်ထားခဲ့ရသည်။

သမ္မတ၏ နန်းတော်သည် ဟင်နရီဂါဒူး၏ နန်းစိုက်ရာ နေရာနှင့် အုပ်စိုးမှု၏ သင်္ကေတလည်း ဖြစ်သည်။ ထိုနေရာကို စီးနင်းနိုင်မည် ဆိုပါက ထိန်းသိမ်းထားနိုင်ဖွယ် ရှိသည်။ ရန်သူ၏ တိုက်ခိုက်မှုကို ခုခံကာကွယ်ရန် ပြုလုပ်ထားသော သေနတ်ပစ်ရန် နေရာများ၊ ကင်းစခန်းရုံများ၊ အုတ်တံတိုင်း



ကြီးများတို့ကြောင့် ဂါဒူးအပေါ်တွင် သစ္စာရှိသော တပ်များ စစ်ကူ ဝင်ရောက်မလာနိုင်အောင် ကာကွယ်ထားဆီးရာ၌ ထိရောက်မှု ရှိပါလိမ့်မည်။

ဂါဒူးဂရင်း ဟိုတယ်သည်လည်း သဘာဝကျသော နေရာတစ်နေရာပင် ဖြစ်ပါသည်။ ထိုဟိုတယ်တွင် ကုမ္ပဏီမှ အကြီးအကဲများနှင့် အထက်ပိုင်း ဝန်ထမ်းများ နေထိုင်လျက် ရှိကြသည်။ ဂါဒူးဂရင်း ဟိုတယ်အား သိမ်းပိုက်မှုသည် လူထုတစ်ရပ်လုံး အတွက် (အောင်နိုင်မှု) ပြယုဂ်ပင် ဖြစ်သလို ကမ်မ်ကို၏ ဝန်ထမ်းများကိုလည်း စိတ်ဓာတ် ကျဆင်းစေမည့် အချက် တစ်ချက်ပင် ဖြစ်သည်။

ဂါဒူးဂရင်း ဟိုတယ်နှင့် နန်းတော်တို့ကို ကြေးစားစစ်သားအမြောက်အမြားက ကာကွယ်စောင့်ရှောက်နေကြလိမ့်မည်ဟု မူလကပင် တွက်ချက်ခဲ့ပြီးဖြစ်သည်။ အတွေ့ အကြုံ ရှိကြသည်သာ မက အယ်လီဆန်တရိတ်ချ် ဝယ်ပေးထားသော ခေတ်မီလက်နက်များကို ကိုင်ဆောင်ထားကြသောကြောင့် ရင်ဆိုင်ရန် မလွယ်ကူသည့် ပြိုင်ဘက်များပင် ဖြစ်ကြသည်။ ရင်ဆိုင်ရန် မလွယ်ကူသော်လည်း မည်သည့်နည်းနှင့်မှ ဖြိုခွင်း၍ မရနိုင်သည့် မဟာလူသားများတော့ မဟုတ်ကြပါ။ ရေနံဆီနှင့် ပက်ဖျန်း၍ မီးရှို့သော ကိစ္စသည် အာရုံပြောင်းစေရန်နှင့် သူတို့ မျှော်လင့်ထားသည့် ကိစ္စနှင့် သူတို့ မြင်ချင်သည့် ကိစ္စများကို မြင်အောင် ဖန်တီးပေးလိုက်သော အကျဉ်းအကျပ်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီး အန်းရှိုးဗတ်သည် သမ္မတ နန်းတော်ရှိ လူနှစ်ရာပါသော ကြေးစားစစ်တပ်ကို အုပ်ချုပ်နေသူ ဖြစ်သည်။ သူသည် တပ်ရေးဗိုလ်ကြီး လာဆဲလ်၏ တယ်လီဖုန်းနှင့် ညွှန်ကြားချက်အတိုင်း သူ့လူများကို အုပ်စုကလေးများ ခွဲခြားပစ်လိုက်သည်။

နန်းတော်ကို မီးလောင် ကျွမ်းမ သွား အောင် မီးငြိမ်းသတ်ရေးမှာ ဦးစားပေးရမည့် အ ချက် ပင် ဖြစ်သည်၊ ရှေ့ဘက် ဝင်ပေါက်နှင့် ခေါင်မိုးပေါ်၌ လောင် ကျွမ်း နေ သော မီးတောက် မီးလျှံ များက လိုက်ကာများ၊ နံရံတွင် ကာထားသော ပျဉ်ပြား များ၊ သစ်သားတု ပလတ်စတစ် မျက်နှာကြက်များ စသည်တို့ကို လောင် ကျွမ်း နေ လေ ပြီ။ စစ်သား တစ်ဝက်အား မီးငြိမ်းသတ်ရန် တာ ဝန် ပေး ထား သည်။ စစ်သား တစ်စုက နန်းတော်ထဲနှင့် နန်းတော် ဝင်းထဲ၌ အလုပ် လုပ်နေသော လူမည်း သုံးရာကို စုစည်းလာသည်။ ပြင်း ဆန် သူ များ ကို ချက်ချင်း လက်ငင်း ပစ်သတ်ခဲ့သည်။ အသက်မသေဘဲ ကျန်သူ များကို ခရပုံးကိုင် တပ်ဖွဲ့များ ဖွဲ့စည်းလိုက်သည်။ ကြေးစား စစ်သား နှစ်ဆယ်ကို အင် အက်စ် ဘီ ရုံးချုပ် ရုံးခန်းထဲ၌ ခိုလှုံနေသော ဟာင်နရီဂါဒူး၏ ကိုယ်ရံတော် တပ် သား များ အ ဖြစ် တာဝန်ပေး ထားသည်။

ထို့ကြောင့် ဝင်းခြံ အုတ်တံတိုင်းပေါ်ရှိ ကင်း စောင့်ရုံများနှင့် ဝင်ပေါက်မျိုးစုံတို့၌ စောင့်ကြပ်ရန်



လူအင်အား ခု နစ် ဆယ် ခန့် သာ ရှိတော့သည်။ ထိုအရေအတွက်သည် လုံလောက်သည်ဟု ဗိုလ်ကြီး ရှိုးဗတ်က ယူဆသည်။ တပ်ရေးဗိုလ်ကြီး လာဆဲလ်က မြေပြင်ပေါ်၌ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်မည့် ရန်သူများ ရှိပုံ မရကြောင်း ပြောခဲ့သည်။ သူက ရှိုးဗတ်အား အာမခံလိုက်၏။

'ကျုပ်တို့က ရာပေါင်းများစွာ ရှိတဲ့ လူမည်း တွေနဲ့ မီးသတ်ဖို့ ပစ္စည်း ကိရိယာတွေကို မကြာမီ ထပ်ပို့ပေးလိုက်ပါမယ်'

တိုင်းရင်းသား လူမည်း အလုပ်သမား အုပ်စုကို စုစည်းပြီး ပို့ပေးရသည်မှာ မည်မျှလောက် အချိန် ကြာမည်ကို သိရှိထားပြီး ဖြစ်သောကြောင့် မကြာမီ ဆိုသော ကာ လ မှာ အနည်းဆုံး တစ်နာရီတော့ ကြာမြင့်လိမ့်မည်ဟု ခန့်မှန်းလိုက်သည်။ လောလော ဆယ်တွင် သူ့ တပည့်များနှင့် နန်းတော်မှ လူမည်း များက ပန်းခြံထဲတွင် သုံးစွဲသော ရေပိုက် ခေါင်း များ၊ ရေပုံးများကိုသာ သုံးစွဲကြရပေလိမ့်မည်။

မိနစ်ပိုင်း အတွင်းမှာပင် ကမ်မ်ကို ရဟတ်ယာဉ် သည် မယုံကြည် နိုင်လောက်အောင် ရောက်ရှိလာခဲ့ သည်။ ရှိုးဗတ်က လက်နက်ကိုင်စွဲမထားဘဲ မီးငြိမ်း သတ်နေသည့် သူ့စစ်သား ဆယ်ယောက်ကို မိုးပျံ ဝန်ချီစက် ဆင်းသက်လာမည့် စစ်ရေးပြကွင်းထဲသို့ စေလွှတ်လိုက်၏။

'ဘယ်သူကပဲ ဦးဆောင်လာလာ ငါက ကြေးစား ပါတယ်လို့ ပြောလိုက်ပါ၊ ပစ္စည်းတွေ အောက်ချတဲ့ လုပ်ငန်းမှာ မင်းတို့က ကူညီကြရမယ်'



www.burmeseclassic.com

www.burmeseclassic.com

ရှိုး ဗတ် သည် တပ် မ တော် ၏ ယဥ်ကျေးမှု စည်းကမ်းများကို လိုက်နာရာတွင် စံပြုလောက်သူ ဖြစ်သည်။

လူ ဆယ် ယောက် သည် ကိုက်ငါးရာ ဝေးကွာသော စစ်ရေးပြ ကွင်းဆီသို့ ပြေးသွားကြလေ၏။ ဆီကော်စကီ ရဟတ်ယာဥ် ရပ် တန့် သွား လေ ပြီ။ ပစ္စည်းများကို အောက်ဘက်သို့ချကာ ဆင်ခြေလျှောကုန်းပေါ်သည်လည်း အောက် ဘက် သို့ ကျဆင်းလာလေပြီ။

မီးခိုးများကြောင့် မျက်စိများ ကျိန်းစပ်နေသည့်တိုင်အောင် ပြောက်ကျား ဝတ်စုံကို ဝတ်ဆင်ထားသူများနှင့် အစိမ်း ရောင် ဝတ်စုံကို ဝတ်ဆင်ထားသူတို့မှာ ခြားနားပါသည်။ သို့ရာတွင် မီးငြိမ်းသတ်ရေးသည့် လုပ်ငန်းမှာ ညစ် ပတ် ပေ ရေ သည့် လုပ်ငန်းဖြစ်သောကြောင့် ဘုရားစတား ရန်းဒေါက ၎င်းတို့အား ထိုအစိမ်းရောင် ဝတ်စုံကို တမင်ဝတ်ခိုင်းလေရော့သလား။ ဘုရားသခင် ကယ်တော်မူပါ။ ပထမဦးဆုံး ဆင်းသက်လာသူသည် ခြောက်ပေ ရှစ်လက်မသို့မဟုတ် ကိုးလက်မခန့် ရှိသော ရောမ လူထွားကြီးတစ်ယောက်ပါကလား။

ဖက်ဘလိုဂီသည် ကာ ဗွန် ဒိုင် အောက် ဆိုက်ဓာတ်ငွေ့ အမြှုပ်များနှင့် ငြိမ်းသတ်ရသော ပေါင် ခြောက်ဆယ် လေးသည့် မီး သတ် ဆေး ဘူး တစ်ဘူးကို လုံးဝ အလေး ချိန် မရှိသလို လက်တစ်ဖက်စီ၌ တစ်ဘူးစီကို ကိုင်ဆောင်၍ မြေပြင်ပေါ်သို့ ချပေးနေသည်။



'ဆရာ'

ထိပ်ဆုံးမှ ပြေးလာသူက မြေပြင်ပေါ်၌ တစ္ဆတ်တိုက် လျှောပါသွားအောင် တန့်ခနဲ ရပ်လိုက်ပြီးနောက် အလေးပြုလိုက်လေ၏။

'ငါ့ကို ဆရာလို့ မခေါ်နဲ့ကွ'

အ ရာ ခံ ဗိုလ် တစ်ယောက် ပါကလား။ အလွန်ကြမ်းတမ်းပုံရသည်။

'တန်းစီကြစမ်း၊ ငါတို့က ဒီအလုပ်ကို ဗျစ်တောက်ဗျစ်တောက် မပြောဘဲ စစ် သား တွေ လို လုပ်ကြကိုင်ကြတယ်'

အမိန့်ပေးသမျှကို ဆင်ကန်းတောတိုး လိုက်နာရန် လေ့ကျင့် သင်ကြားထားသော ကြေးစား စစ်သားများက ဆင်ကန်းတောတိုး လိုက်နာခဲ့ကြပါ၏။ သူတို့သည် မဆီလျော်သည့် ကိစ္စများ၊ ခွကျကျ ကိစ္စရပ်များကို သတိမထားမိခဲ့ကြပါ။ လူ့ ဘီလူးကြီး၏ ပတ် ပတ် လည်၌ ရှိနေကြသူများမှာ မီးသတ်မည့် ပုဂ္ဂိုလ်များဟု ယူ ဆ ရ သော် လည်း သူတို့သည် ရှင်ဒလာမတ်ခ်နိုင်း သေနတ်များအစား ဘယ်လ်ဂျီယံ နိုင်ငံလုပ် အက်ဖ်အင် သေနတ်များကို ကိုင်ဆောင်ထားကြသည်။ သူတို့ အထဲတွင် တွေ့ဖူး မြင်ဖူးသူ တစ်ယောက်မှ ပါမလာသလို သာမန် ကြေးစား စစ်သားများထက် အသက်ကြီးနေကြပုံ ရသည်။

နောက် ပုဂ္ဂိုလ်တစ်ယောက်သည် ဆင်ခြေလျှောကုန်းပေါ်ပေါ်မှ ဆင်းလာပြန်သည်။ အ ရပ် ရှည် သော်လည်း အရာခံဗိုလ်ထက် အများကြီး အရပ်နိမ့်သည်။ ဘယ်ဘက်လက်ကိုလည်း ဆေးရုံမှ သိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကြိုးနှင့် ချည်နှောင် ထားသည်။ ဝတ်စုံပေါ်တွင် အဆင့်တံဆိပ် ဟူ၍ တစ်စုံတစ်ရာ ပါမလာသော်လည်း ကိုယ်နေဟန်ထားကမူ အရာရှိ 'ဂိုက်' ပေါက်နေသည်။ သူ့ကိုလည်း တစ်ခါမှ မမြင်ဖူးခဲ့ပါ။ ဒဏ်ရာရနေသော စစ်ဗိုလ်တစ်ယောက်အား ပင်ပန်းဆင်းရဲလှသော သည်လိုလုပ်ငန်းမျိုးတွင် ဘာရှူးစတားရန်းဒေါ်က တာဝန်ချထားသည်မှာ ရယ်စရာတော့ကောင်းပါသည်။

စတိဗ်က ခပ်ငေါက်ငေါက် မေးလိုက်၏။

'မင်းတို့ရဲ့ တပ်မှူးက ဘယ်သူလဲ'

အကူအညီအဖြစ် လာရောက်သော လူစုကို ဦးဆောင်လာသူသည် ဒေသဆိုင်ရာ တပ်မှူး၏ နာမည်ကိုတော့ သိရမည်သာ ဖြစ်သည်ဟု ပြောက်ကျားဝတ်စုံဝတ် တပ်ကြပ်က နဖူးရှုံ့ပြီး တွေးလိုက်မိ၏။ သို့ရာတွင် သူ့ သံသယများ အကောင်အထည် ပေါ်မလာနိုင်မီ ရိုးရိုး တပ်သား တစ်ယောက်က ဝင်ဖြေလိုက်လေ၏။

'ဗိုလ်ကြီး ရှိုးဇတ်ပါခင်ဗျာ'

ပက်ဂျက်သည် တပ်ကြပ်က နဖူးရှုံ့လိုက်သည်ကို သတိပြုလိုက်မိသည်။

'ကောင်းတယ်၊ ငါက သူ ဒဏ်ရာ ရသွားမှာကို စိုးရိမ်နေတာကွ'

ပက်ဂျက်က နံဘေး နံဘီကို လှည့်ကြည့်လိုက်သည်။



'မင်းတို့ရဲ့ ထရပ်ကားတွေ မီး လောင် သွားလို့လား'

'မလောင်ပါဘူး ခင်ဗျာ၊ မော်တော်ယာဉ်တပ်ခွဲမှာ လုံလုံခြုံခြုံ ရှိနေကြပါတယ်'

'ဒုက္ခပဲကွာ၊ ငါတို့ လေယာဉ်ပျံ ပေါ်မှာ အင်မတန်လေးလံတဲ့ ပစ္စည်းကြီးတွေ ပါလာတယ်ကွ၊ ထရပ်ကား သုံးစီးနဲ့ လူနှစ်ဆယ့်ငါးယောက် သုံးဆယ်လောက် လိုလိမ့်မယ်'

'ကျွန်တော်က ဗိုလ်ကြီးကို သွားသတင်းပို့ပါမယ်'

တပ်ကြပ်က လိုလိုလားလား ပြောလိုက်၏။

'ငါတို့ဘာသာ ငါတို့ သွားပြောပါမယ်၊ မင်းတို့လူတွေက ငါ့လူတွေနဲ့ အတူတူနေရစ်ပြီး ကုန်ပစ္စည်းတွေ ချတဲ့ နေရာမှာ ကူညီရစ်ကြပါ၊ ပစ္စည်းချတဲ့နေရာမှာ ပိုပြီးလွယ်ကူတာပေါ့ကွာ၊ မင်းကတော့ မင်းလူတွေကို ဦးဆောင်ပြီး ကုန်းပေါင်ပေါ်ကို တက်တော့ကွာ'

'ကောင်းပါပြီ ခင်ဗျာ'

ပြောက်ကျားဝတ်စုံ ဝတ်ထားသူ ကြေးစားစစ်သား ဆယ်ယောက်သည် ဆီကော်စကီ ရဟတ်ယာဉ်၏ မှောင်မည်းနေသော ဝမ်းဗိုက်ထဲသို့ လျှောက်ဝင်သွားသည်တွင် သူတို့၏ ဝမ်းဗိုက် များ နှင့် ဦးခေါင်းများကို အက်ဖ်အင် ရိုင်ဖယ် များ နှင့် အထောက် ခံလိုက်ရလေ၏။ ၎င်းတို့ကို ပါးစပ်ထဲသို့ အဝတ်များနှင့်ဆို့ပြီး ကြိုးနှင့်တုပ်နှောင်၍ ဝမ်းဗိုက်



www.burmeseclassic.com

www.burmeseclassic.com

ထောင့် တစ်နေရာတွင် ပစ်ထားလိုက်လေတော့သည်။

စတိဗ်ပက်ဂျက်သည် တစ်ဖက် တစ်ချက်တွင် ဖက်ဖလိုဂီနှင့်ငယင်သန်သို့ ခြံရံလျက် ဆက်လျှောက်လာသည်။ ပထမ တပ်စုမှ လူရှစ်ယောက်ခန့်ကသာ ရဟတ်ယာဉ်နှင့် အတူ နေရစ်ခဲ့ကြပြီး ဂျော့စ်ဒေးဗစ်နှင့် ကျန်လူများသည် သူတို့နောက်မှ လိုက်ပါလာကြသည်။ စတိဗ်ပက်ဂျက်၏ နောက်ဘက်မှ လူများအနက် လူဆယ့်နှစ်ယောက်တို့သည် လက်နက်များအပြင် ဆေးအနီရောင် သုတ်ထားသော ကာဗွန်ဒိုင်အောက်ဆိုက် မီးသတ်ဆေးဘူးများကို ကိုင်ဆောင်လာကြသည်။ ယခု အချိန်အထိ ဝေဒနာကို မခံစားရသေးသော စတိဗ်က ခပ်သွက်သွက်ကလေး လျှောက်ရင်း နန်းတော်ရှေ့ဆီသို့ လျှောက်သွားလေ၏။

ဂါဒူးဂရင်းဟိုတယ်၌ တာဝန်ချထားသော ကြေးစားစစ်သားဦးရေမှာ လူသုံးဆယ်သာ ရှိသည်။ ထိုလူစု၏အကြီးအကဲဖြစ်သူ ဝါရင့်ဆာဂျင်သည် မီးလောင်ခံရပြီး သေဆုံးသွားခဲ့လေပြီ။ ထိုပုဂ္ဂိုလ်ထက် အတွေ့အကြုံ ပို၍နည်းသော အခြားဆာဂျင် တစ်ယောက်ကကြီးကြပ်ကွပ်ကဲနေသည်။ သူသည် တပ်ရေးဗိုလ်ကြီးလာဆဲလ်ထံ တယ်လီဖုန်းနှင့် ဆက်သွယ်ပြီးဖြစ်သည်။ ကံဆိုးချင်တော့ ဟိုတယ်မှ တိုင်းရင်းသားအလုပ်သမားများသည် မီးလောင်ဗုံးကြဲချခံရသောအဆောက်အအုံ၏ အပြင်ဘက်သို့ ရောက်ရှိသည်နှင့်



တစ်ပြိုင်နက် မြို့ထဲရှိ လမ်းများပေါ်သို့ ထွက်ပြေးသွားကြလေတော့သည်။ ကမ်မ်ကိုကုမ္ပဏီမှ လူဖြူအနည်းငယ် ကတော့ ဟိုတယ်၌ ကျန်ရစ်ခဲ့ကြသည်။ သူတို့ကမူ ကြေးစားများကို ကူညီရန်ထက် အပြစ်ဖို့ရန်ကိုသာ စိတ်စောနေကြသည်။

လာဆဲလ်က ထိုတပ်ကြပ်ကြီးအား ပြောခဲ့သည်။

'မင်း သူတို့ကို ဂရုစိုက်မနေနဲ့ဆာဂျင်၊ မင်းလူတွေအားလုံးနဲ့ မီးကို နိုင်အောင်ငြိမ်း၊ မင်းအတွက် အကူအညီတွေ နောက် မကြာခင် ရောက်လာလိမ့်မယ်'

ကမ်မ်ကိုမှ ရဟတ်ယာဉ် ရောက်ရှိလာသောအခါဌာနချုပ်သည် အံ့ဩစရာများကို ဆောင်ရွက်နိုင်စွမ်း ရှိပါပေသည်ဟု ဆာဂျင်က လက်ခံရတော့သည်။ သူက လက်ဇော့ယမ်းပြပြီး အော်ဟစ်၍နှုတ်ဆက်နေသူများကို အလုပ်ပြန်လုပ်ကြရန် နှင်လွှတ်လိုက်သည်။ ရဟတ်ယာဉ်ပေါ်၌ စစ်ဗိုလ် တစ်ယောက်ယောက်တော့ ပါလာလိမ့်မည်။ အကယ်၍ သူ့အတွက် ကြိုဆိုရေး ကော်မီတီဖွဲ့ရန် အလုပ်ခွင်မှထွက်လာကြောင်း ထိုစစ်ဗိုလ် သိသွားပါက အလွန်အမင်း ဒေါပွသွားပါလိမ့်မည်။

ဟိုတယ်ထဲ၌ရှိနေသေးသူ ကမ်မ်ကိုကုမ္ပဏီမှလူဖြူဝန်ထမ်း ကိုးယောက် အတွက်မူ ထိုကဲ့သို့ချုပ်တည်းတားမြစ်မှုများ ရှိမနေပါ။ သူတို့က ကယ်ပါယူပါတစာစာ အော်ဟစ်ရင်း ရဟတ်ယာဉ် ဆီသို့ပြေးလာကြသည်။ အီယန်ဘလိတ်၊ ဂျင်မ်ဂွတ်ရစ်ချ်နှင့်ဒုတိယ တပ်စုသည် ရဟတ်ယာဉ်ပေါ်မှ ဆင်း၍



www.burmeseclassic.com

www.burmeseclassic.com

မီးသတ် ကိရိယာများ၊ လက်နက်များနှင့် အခြား ပစ္စည်းများကို သယ်ချနေဆဲပင် ဖြစ်သည်။

'ကျုပ်တို့ကို ဒီနေရာက ခေါ်သွားပေးပါ'

'ကျုပ်ကတော့ တစ်ပြားမကျန် ပြန်ရအောင် ကမ်မ်ကိုဆီက လျော်ကြေးတောင်းမယ်'

ဘာလိတ်ကလည်း ခပ်တည်တည်နှင့် သရုပ်ဆောင်သော လုပ်ငန်းကို ဆက်လုပ်လိုက်သည်၊ သူက ပြောလိုက်လေ၏။

'သိပ် ဝမ်းနည်းပါတယ်ဗျာ၊ မစ်(စ်)ကရိတ်ခ်ျ ညွှန်ကြားချက်က ခင်ဗျားတို့ ဘာသာ မြို့ထဲကို သွားပြီး အငှားကားတွေကို ရှာစီးကြဖို့ပါ၊ အငှားကားတွေကတော့ ရှိနေတုန်းပဲလို့ ကျုပ်တို့ နားလည်ထားပါတယ်'

ဤတွင် ပူညံ ပူညံနှင့် ကန့်ကွက်ကြလေ၏။ ဘာလိတ်က ဆက်ပြောသည်။

'ကျုပ်သာ ခင်ဗျားတို့ နေရာမှာ ရှိမယ်ဆိုရင် ခပ်သွက်သွက်ကလေး ထွက်သွားမှာပဲ၊ ဒီဟိုတယ်ကို နောက် တစ်ကြိမ် လာပြီး တိုက်ခိုက် လိမ့်မယ်လို့ ကျုပ်တို့က မျှော်လင့်ထားတယ်' သူက နာရီကို ကြည့်ရင်း 'အချိန် မရှေးပဲဗျ'

ဤတွင် အရပ်သားများသည် ပန်းခြံ ထွက်ပေါက်မှ တစ်ဆင့် အပြင်ဘက်ရှိ လမ်းများပေါ်သို့ ပြေးထွက် သွားကြလေ၏။

ဘာလိတ်၏ အစီအစဉ်မှာလည်း စတိဗ်၏ အနေအထားမျိုးနှင့် အတူတူပင် ဖြစ်သည်၊ လူရှစ်ယောက်ပါသော တပ်စိတ်ကလေးက ရဟတ်ယာဉ်ကို



စောင့်ကြပ်ပြီး ကျန်ရစ်ခဲ့ကြသည်။ အီယန်ဘာလိတ်နှင့် တပ်စု ဆာဂျင် ဂျင်မ် ဂွတ်ရစ်ချ်တို့က ကျန်လူများကို ဦးဆောင်၍ ဟိုတယ်သို့ လာခဲ့ကြသည်။

ကြေးမားတစ်ဖွဲ့မှ အရာခံဗိုလ်က ၎င်း တို့ နှင့် တွေ့ဆုံရန် အပြေးအလွှား ထွက်လာသည်။ သူ့မျက်လုံးများက လက်ထဲတွင် ကိုင်လာကြသော ခရီးဆောင် မီးသတ်ဘူးများကို လှမ်းကြည့်လိုက်သည်။ ထိုးစစ် အတိုင်း အလကားပါပဲ ဟု ထို ဆာဂျင်က တွေးလိုက်မိ၏။ ဟိုတယ်တွင် အပေါ်ဘက်မှ အထပ်နှစ်ထပ်စလုံး မီးဟုန်းဟုန်းတောက်၍ လောင်ကျွမ်းနေကြသည်။ ဒီ အူကြောင်ကြောင် ငတိတွေက သံဖြူခွက်နှင့် လုပ်ထားသော မီးသတ် ဆေးဘူးကလေးတွေနှင့် ဘာလုပ်ကြဖို့ စိတ်ကူး ထားကြပါသနည်း။ ၎င်း အပြင် ထို ပုဂ္ဂိုလ်များသည် ဘရူးစတားရန်းဒေါ်က ထုတ်ပေးလေ့ရှိသော ဝတ်စုံနှင့် မတူသည့် ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ သို့တိုင်အောင် လာဆဲလ်က အကူအညီ များကို စေလွှတ်လိုက်မည်ဟု ဆိုထားသည်။ ဘာပဲဖြစ်ဖြစ် အကူအညီများကတော့ ရောက်ရှိလာခဲ့ပါပြီ။ သူက ညာဘက်လက်နှင့် အလေးပြုလိုက်၏။ သူ့ အင်္ကျီလက်မောင်းမှာ မီးလောင်ကျွမ်းနေသည်။

ဘာလိတ်က ပြန်အလေးပြုရင်း

'မင်း အင်အားကို သတင်းပို့စမ်း ဆာဂျင်'

'လုပ်နိုင်၊ ကိုင်နိုင်တဲ့သူ နှစ်ဆယ့် ခုနစ်ယောက် ရှိနေပါတယ်၊ ဆာဂျင် ဒီဆန် ကျဆုံး သွားပါပြီ၊ လူ နှစ်ယောက်ကတော့ ပျောက်ဆုံးနေပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

သူက ဟိုတယ်ဘက်သို့ မေးငေါ့ပြရင်း 'သူတို့က အပေါ်ဆုံးထပ်ကို တက်သွားကြပြီး ပြန်မလာကြတော့တာပါ'

'သနားစရာပဲ၊ ဒါပေမယ့် ငါတို့ကို ညွှန်ကြားလိုက်တဲ့ အမိန့်တွေက ရှိနေသေးတယ်၊ မင်းလူတွေကို နှစ်စုခွဲလိုက်၊ ဆယ့်နှစ်ယောက်က ဟောဒီ မီးသတ်ဆေးဘူးတွေကို ကိုင်ပြီး ခိုင်းတဲ့အခါမှာ အလုပ်လုပ်ကြရအောင် အဆင်သင့် စောင့်နေကြရမယ်၊ ကျန်တဲ့ လူတွေကတော့ ရဟတ်ယာဉ်ဆီကို သွားပြီး ပစ္စည်းတွေကို သယ်ချကြရမယ်'

'ကျွန်တော် သဘော မပေါက်လို့ပါ ခင်ဗျာ၊ ဗိုလ်ကြီးရဲ့ တပ်စုက ဘာလုပ်မှာလဲ'

'ငါ ပြောခဲ့သလိုပဲပေါ့ ဆာဂျင်ရဲ့၊ ငါတို့ကို ညွှန်ကြားလိုက်တာတွေ ရှိနေတယ်၊ ငါတို့ကတော့ ခံစစ်ကြောင်း တစ်ခုကို တည်ဆောက်ကြရမယ်'

'ဒါပေမယ့် ခင်ဗျာ၊ ကျွန်တော်တွေးမိတာက....'

'ဒီမှာ ကိုယ့်လူ၊ ငါတို့ကို တွေးဖို့တော့ လခ ပေးထားတာ မဟုတ်ဘူး၊ ငါတို့ကို ခိုင်းတာ လုပ်ကြဖို့ လခ ပေးထားတာ'

ဤတွင် ဆာဂျင်သည် အလေးပြုပြီး ကမန်းကတန်း ထွက်ခွာသွားလေ၏။

ဝတ်ရစ်ချ်က ရေရွတ်လိုက်သည်။

'အဲဒါကို သိပ် မကြိုက်ဘူးဗျာ၊ လွယ်လွန်းလှတယ်'

အီယန်ဘာလိတ်က ပြောလိုက်၏။



'သတိထားပြီးနေပေါ့ ဂျင်မ်ရာ၊ အဲဒီလို ဆက်ပြီး လွယ်ကူနေမှာတော့ မဟုတ်ဘူး၊ ငါ့ရိုးတွင်းခြင်ဆီ ထဲကကို သိနေတယ်'

ဗိုလ်ကြီး ရှိုးဗတ်သည် နန်းတော်အဆောက်အအုံ၏ ထောင့်ချိုး တစ်ခုမှ ကွေ့ပတ်ပြီး ထွက်လာသည်။ သူက အလေးမပြုပါ။ ဘယ်ဘက်လက်တွင် ဒဏ်ရာ ရနေသော ပုဂ္ဂိုလ်သည် သူ့ထက် အဆင့်ငယ်သူ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ တွေးကြည့်လိုက်သည့် အခါတွင်လည်း သူသည် အရာရှိတောင် ဖြစ်ချင်မှ ဖြစ်ပါလိမ့်မည်။ သူ့ ကော်လာပေါ်တွင် ရာထူးအဆင့်ကို ပြသသည့် တံဆိပ်ဟူ၍ ပါရှိမလာပါ။ ပြီးတော့လည်း သူက အစိမ်းရောင် စစ်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ရှိုးဗတ်သည် ကြေးစားတပ်မှ အရာရှိတိုင်းနှင့် သိသူ ဖြစ်သည်။ ဒီ ပုဂ္ဂိုလ်ကို သူသည် ယခင်က တစ်ခါမှ မမြင်ဖူးခဲ့ပါ။ ပြီးတော့လည်း အနောက် ဂျာမနီနိုင်ငံလုပ် အမ်ဂျီ ၄၂-၅၉ စက်သေနတ်ကို ကိုင်ထားသည့် လူ့ဘီလူးကြီးကိုလည်း သူ တစ်ခါမှ မမြင်ဖူးခဲ့ပါ။

သူ့ မျက်နှာထားကို သဘောပေါက်လိုက်သော ထိုဗိုလ်က သူ့ ခြေထောက် နှစ်ချောင်းကို ဆောင့်နှင်း ပူးကပ်၍ အလေးပြုလိုက်ရင်း

'လက်ဖတင်နင်....က သတင်း ပို့ပါ တယ် ခင်ဗျာ' ဟု နာမည်ကို ခပ် ဝါး ဝါး ပြောရင်း အစီရင်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မင်းက လူသစ်လို့ ထင်တယ် လက်ဖတင်နှင်'

'ကျုပ်တို့ အားလုံး လူသစ်တွေပါ၊ မနေ့က ချဒ်နိုင်ငံက လေယာဉ်ပျံနဲ့ ရောက်လာကြတာပ'

ဗိုလ်ကြီးရှိုးဗတ်သည် စတိဗ်၏ ဘယ်လက်ကို တစ်လှည့် သူ့တပ်စုကို တစ်လှည့် ကြည့်ရင်း မျက်တောင်တဖျတ်ဖျတ် ခတ်လိုက်၏။ ကမ်မ်ကိုနှင့် ရန်းဒေါ်တို့က လူသစ်တွေကို ထပ်မံ ငှားရမ်းလိုက်ကြ လေပြီ။ လူဖြူသက်သက်ကိုသာ ငှားရမ်းမည်ဆိုသော မူဝါဒ ပြောင်းလဲသွားကြောင်း သူ မကြားရသေးပ သို့ရာတွင် ဤတပ်စု၌ အသားညိုညို ပုဂ္ဂိုလ်များ အာရှတိုက်သား အဲလေ ဗီယက်နမ်လူမျိုးတစ်ယော နှင့် လူမည်းတစ်ယောက်တောင် ပါလာသေးသည်

'လေယာဉ်ပျံ ဆင်းမယ့် နေရာကို ကျုပ်လွှတ် လိုက်တဲ့ လူတွေက ဘယ်မှာလဲ လက်ဖတင်နှင်'

'သူတို့ကို အလုပ် လုပ်ခိုင်းထားပါတယ် ခင်ဗျာ ပစ္စည်းတွေကို နေရာရွှေ့ဖို့ပါ'

တော်တော် ပမာမခန့် လုပ်တဲ့အကောင်ပဲ။

'မင်းက မင်းလူတွေကို ဘာလို့ မသုံးရတာလဲ'

'အထက်က အမိန့်ပေးလိုက်လို့ပါခင်ဗျာ၊ မေဂျာ ရန်းဒေါ်က တိတိကျကျ အမိန့် ပေးလိုက်ပါတယ် ဗိုလ်ကြီးရဲ့ တပည့်တွေက နန်းတော်ရဲ့ အနေအထား သိကြပါတယ်၊ သူတို့က မီးကိုသာ အာရုံစိုက် ငြိမ်းသတ်ကြဖို့ပါ၊ ကျွန်တော့်ရဲ့ တပ်စုကတော့ ခံစစ်ကြောင်းကို အားဖြည့်ဖို့ပါ၊ ဗိုလ်ကြီးက သူ့ ပြန်ပြီး မေးမြန်းချင်တဲ့ ဆန္ဒ ရှိမယ်ဆိုရင်....'

'မလိုပါဘူးကွာ'



ဖက်ဘာလိုဂီက သေနတ်ဒင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက် ပြီးနောက် ပြန် လျှော့ လိုက် သည်။ ပက်ဂျက်လည်း အသက်ရှူ ချောင် သွား သည်။ ရန်းဒေါ်၏ တပည့်တပန်းများသည် ပြန် မေးရမြန်းရ မှာကို ကြောက်လိမ့်မည် ဆိုသော အယူအဆနှင့် အရဲစွန့်လိုက်မှုသည် အောင်မြင်သွားခဲ့လေပြီ။

'ဒါဆိုရင် ဗိုလ်ကြီးရဲ့ ခွင့်ပြုချက်နဲ့ ဗိုလ်မှူး သွန် ကြား လိုက် တာ တွေ ကို သ တင်း ပို့ ပါ မယ်၊ ရဟတ် ယာဉ် ပေါ် မှာ ပါ လာ တဲ့ ရေစုပ်စက် ရေပိုက်ခေါင်း လှေကားတွေကို ချက်ချင်း အောက် ချပြီး မဆိုင်းမတွ အသုံးပြုကြရလိမ့်မယ်၊ ထရပ်ကား သုံးစီးနဲ့ လူသုံးဆယ်လောက် ဆိုရင် လုံလောက် ပါပြီ၊ အဲဒီနောက်တော့ ကျုပ်တို့ အတွက် အကူ အညီ ဆယ့်နှစ်ယောက် နောက်ထပ် လိုအပ်လာပါ လိမ့်မယ်၊ မေဂျာရန်းဒေါက စိစစ်နေတုန်း ပါပဲ၊ ဒါပေမယ့် သူက ဟင်နရီဂါဒူးရဲ့ ရုံးခန်းထဲက စာရွက် စာတမ်းတွေကို လိုချင်ကောင်း လိုချင်ပါ လိမ့်မယ်၊ တကယ်လို့ သူက အဲဒီ စာရွက် စာတမ်း တွေကို လိုချင်တယ်ဆိုရင် ကျုပ်တို့ကို ကူညီမယ့် သူတွေက မီးသတ် ဆေးဘူးတွေနဲ့ မီးကို ယာယီ သိမ်းဖော်ပြီး ဝင်ထွက်နိုင်ကြပါလိမ့်မယ်၊ အဲဒီလို ဆောင်ရွက်ပေးတဲ့ လူတွေကိုတော့ လခပိုပေးပါ လိမ့်မယ်၊ ဒါပေမယ့် သူတို့က ဆန္ဒအလျောက် ကူညီ ဆောင်ရွက်ပြီးမှ အဲဒါကို ပြောပြရမယ်တဲ့'

'ကောင်းပါပြီလေ'

ဗိုလ်ကြီးရှိုးဗတ်က ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

'မင်း၏ တပ်စုအတွက် ဘာတွေများ ထိထိကျကျ ညွှန်ကြားလိုက်သေးသလဲ လက်ဖတင်နင်'

'လူတစ်ဝက်ကို ကင်းလျှောက်လှည့်ခိုင်းပြီး ကျန် တစ်ဝက်ကို အရန်အဖြစ်နဲ့ ထားသင့်တယ်လို့ မေဂျာ ရှန်းဒေါက အကြံပြုထားပါတယ် ဆရာ'

လေးလေးပင်ပင် ရှိနေသော ရေပုံးများကို ဆွဲလာ သည့် လူမည်း တစ်စုအား စုစုရုံးရုံး ဖြစ်အောင် တွန်းအား ပေးနေသော တပ်ကြပ် တစ်ယောက်ကို ရှုံးဗတ်က အော်ခေါ်လိုက်၏။ ထိုတပ်ကြပ် အပြေး အလွှား ရောက်ရှိလာသည်။ ဗိုလ်ကြီး ရှုံးဗတ်က ထရပ်ကားများနှင့် အလုပ်လုပ်မည့် လူများ၏ ကိစ္စ ကို ထပ်ပြောလိုက်သည်။ တပ်ကြပ်သည် အလေးပြုပြီး ထွက်ပြေးသွားပြန်လေ၏။

'ဆက်လုပ်ပါ လက်ဖတင်နင်'

နောက် ထပ်၍ အပြန်အလှန် အလေးပြုကြပြန် သည်။ စိတ်ထဲတွင် စနိုးစနောင့် ဖြစ်နေသော ဗိုလ်ကြီးရှုံးဗတ်သည် ထွက်ခွာသွားလေ၏။

ပက်ဂျက်သည် ညာဘက်လက်၌ ပတ်ထားသော လက်ပတ်နာရီကို လှမ်းကြည့်လိုက်သည်။ မိုးပုံဝန်း စက်များ ဆင်းသက်လာသည့် အချိန်က စ၍ ခုနစ် မိနစ်နှင့် စက္ကန့်နှစ်ဆယ် ရှိခဲ့လေပြီ။ နောက်ထ ခုနစ်မိနစ်နှင့် စက္ကန့်လေးဆယ် လိုပါသေးသည်။

ငုယင်သန်သို့က ပြောလိုက်၏။

'ကြည့်စမ်းပါဦး၊ လက်ဖတင်နင်'

သူက လူဖြူတပ်ဖွဲ့၏ မော်တော်ယာဉ်စခန်းဆီ လက်ညှိုးထိုးပြလိုက်သည်။ ပြောက်ကျား ဝတ်စုံ



ဝတ်ဆင်ထားသော ကြေးစား စစ်သားများသည် ထရပ်ကားများပေါ်သို့ ကိုးရိုးကားရားနှင့် တက်နေ ကြသည်။ စတိဗ်က ပြောလိုက်၏။

'တို့ လှုပ်ရှားကြရအောင်'

ဖက်ဘလိုဂီက သူ့ စက်သေနတ်ကို လက်နှင့်ပုတ် လိုက်သည်။ ဂုပ်စ်(ငုယင်သန်သို)နှင့် ဂျော်စ်ဒေးဗစ် တို့က အက်ဖ်အင် ရိုင်ဖယ်မှ မောင်းထိန်းခလုတ်ကို ပြန်ဖွင့်လိုက်ကြသည်။ ပက်ဂျက်က အောက်နှုတ်ခမ်း ကို ကိုက်လိုက်၏။ ဗိုလ်ကြီးရှုံးဗတ်က ဟင်နရီဂါဒွား ရှိနေသည့် နေရာကို ပြောပြမသွားခဲ့ပါ၊ စတိဗ် ကလည်း မမေးရပါ။ မေဂျာရှန်းဒေါကတော့ သိမှာ သေချာပါသည်။ အကယ်၍ သူက တပ်စု တစ်စုကို စေလွှတ်၍ အမိန့် ပေးခိုင်းလိုက်သည် ဆိုပါက ရှန်းဒေါက ထိုပုဂ္ဂိုလ်အား ပြောပြလိုက်မည်မှာ သေချာပါသည်။

ဗိုလ်ကြီး ရှုံးဗတ်သည် နန်းတော် အဝင်ဝ၌ လောင်နေသော မီးအား ငြိမ်းသတ်ရန် ကြိုးစား နေသူများကို ကိုယ်တိုင်ကိုယ်ကျ ဝင်၍ ညွှန်ကြား နေသည်။

'ရေစုပ်စက်နဲ့ ရေပိုက်တွေ ဒီဘက်ကို ယူလာကြ'

သူက သူ့တပည့်များ အားရှိလာအောင် အော် ဟစ်ပြီး ပြောလိုက်သည်။ ထို့နောက် သူ့ ဦးနှောက် သည် ပို၍ အရေးကြီးသော ကိစ္စကို တွေးလိုက်မိ လေ၏။ ဂါဒွား၊ ဟင်နရီ ဂါဒွား။ ပစ္စည်းများကို ရဟတ်ယာဉ်ပေါ်မှ ချပြီးပါက ဟင်နရီ ဂါဒွားကို



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဆောင်ပြီးဘေးအန္တရာယ်ကင်းနေသည့်လေဆိပ်ဆီသို့ ခေါ်သွားရန် မေဂျာ ရန်းဒေါနှင့် ကမ်မ်ကိုတို့က အဘယ်ကြောင့် အမိန့် မပေးလိုက်ရလေသနည်း။ ဟိုလက်ဖတင်နင်က ပစ္စည်းများကို သယ်ချရန် ထရပ်ကား သုံးစီးနှင့် လူ သုံးဆယ်လိုသည်ဟု ပြောခဲ့သည်။ ထိုမျှလောက်များပြားသော ပစ္စည်းများကို ရဟတ်ယာဉ်ပေါ်သို့ တင်ရန် အချိန်မည်မျှ ကြာမြင့်လေမည်နည်း။

သို့တိုင်အောင် ရဟတ်ယာဉ်သည် မိနစ်ပိုင်းအတွင်း သို့မဟုတ် မီးလောင်မှု ကြုံခံရပြီးနောက် ငါးမိနစ် ခြောက်မိနစ် အတွင်း ရောက်ရှိလာခဲ့သည်။

တစ်ခုခုတော့ မှားယွင်းနေပြီဟု ရှိုးဗတ် တွေးလိုက်မိပါ၏။ သိပ်ကို မှားယွင်းနေပြီ။

သူက စိတ် ချောက်ချားစွာဖြင့် ဂျာမန်လို အော်ဟစ် ရေရွတ်လိုက်မိလေ၏။ နန်းတော်၏ ပင်မဝင်ပေါက်ရှိ ကင်းတဲတွင် နန်းတော်နှင့် ကွပ်ကဲမှုရုံးခန်းတို့ ဆက်သွယ်၍ စကား ပြောနိုင်သေးသော တယ်လီဖုန်းတစ်လုံး ကျန်ရှိနေပါသေးသည်။ သူသည် ထိုကင်းတဲလေးဆီသို့ နှစ်ပေါင်းများစွာ အတောအတွင်း သူပြေးခဲ့သော နှုန်းများထက် ပို၍ မြန်သော နှုန်းဖြင့် ပြေးသွားလိုက်လေတော့၏။



## ၁၅

အီယန်ဘာလိတ်က ဆာဂျင်အား 'အလေးပြုတာတွေ ဘာတွေ လုပ်မနေစမ်းပါနဲ့ကွာ၊ ငါတို့က ခု အခြေအနေဟာ တိုက်ပွဲ ဖြစ်နေတဲ့ အခြေအနေလို့ သဘောထားတယ်'ဟု ပြောခဲ့သည်။

ဆာဂျင်က အလေးမပြုဘဲ ပြောလိုက်၏။

'ဆရာ လိုချင်တဲ့ လူ ဆယ့်နှစ်ယောက် ပါခင်ဗျာ၊ ကျန်တဲ့ လူတွေကတော့ ရဟတ်ယာဉ်ဆီကို အပြေးအလွှား သွားနေကြပါပြီ'

ဘာလိတ်က ပြောက်ကျားဝတ်စုံ ဝတ်ဆင်ထားသူ ဆယ့်နှစ်ယောက်အား သဘောတွေ့ဟန်နှင့် ခေါင်းညိတ်လိုက်၏။

'လူကောင်းတွေပဲ'

သူတို့ အားလုံး၏ ယူနီဖောင်းများ ပေါ်တွင် မီးလောင်ပေါက်များ ဖြစ်ပေါ် နေပြီး အချို့ ယူနီဖောင်းများပေါ်တွင် ကျပ်ခိုးများ စွန်းနေသည်။

'မင်းတို့ အဲဒါတွေကို တစ်ယောက် တစ်ခုစီ ယူကြ'

အီယန်၏ တပည့်များက မီးသတ် ဆေးဘူး ဆယ့်နှစ်ဘူးကို မြေပြင်ပေါ်တွင် တန်းစီချထားသည်။

www.burmeseclassic.com

'မီးဖိုချောင်ဆီ ဝင်တဲ့ အပေါက်တွေက အဆောက်အအုံရဲ့နောက်ဘက်မှာ ရှိရမယ်၊မင်းတို့က အဆောက်အအုံနဲ့ လွတ်အောင်နေကြပြီး နောက်ထပ် ညွှန်ကြားမယ့် အမိန့်ကို စောင့်ဆိုင်းကြ'

စစ်သားများက မီးသတ်ဆေးဘူးများကို ကောက်ကိုင်ပြီး ဟိုတယ်၏ နောက်ဘက်သို့ သွားကြသည်။ ဆာဂျင်ကတော့ ဆက်စောင့်နေသည်။

ဂျင်မ်ဂွတ်ရစ်ချ်သည် အက်ဖ်အင် ရိုင်ဖယ်၏ သေနတ်ပြောင်းနှင့် ဆာဂျင်၏ ဗိုက်ကို ထောက်လိုက်သည်။

ထိုကိစ္စက အလုပ်ဖြစ်စရာရှိပါသည်။ သို့ရာတွင် ဂါဒူးဂရင်းဟိုတယ်၏ နောက်ဘက်တွင် ရှိနေသော ပြောက်ကျားဝတ်စုံဝတ် စစ်သားတစ်ယောက်သည် သူ့လက်ထဲမှ ကာဗွန်ဒိုင်အောက်ဆိုက် မီးသတ်ဘူးကို မကလိဘဲ မနေနိုင်ခဲ့ပါ။

'အန္တရာယ်ကင်း ခလုတ်ကလဲ လက်ပစ်ဗုံးက သံချောင်းလိုပါပဲလား'

သူက ပြောပြောဆိုဆိုနှင့် ထိုသံချောင်းကို ဆွဲထုတ်လိုက်၏။ ထိုသံချောင်းပြုတ်ထွက်လာသည်။ ဘယ်လိုဟာလဲ။ မီးသတ်ဆေးဘူးပေါ်ရှိ သတ္တုပြားပေါ်တွင် 'အသုံးပြုရန်အတွက် ခလုတ်ကို ဖိပါ။ ရပ်တန့်ရန်အတွက် ခလုတ်ကို ပြန်လွှတ်ပါ' ဟု ရေးသားထားသည်။ သူက လက်ကိုင်ကို ဖိကြည့်လိုက်သည်။ အားသိပ်မသုံးရပါ။ လက်နှင့် ခေါက်လိုက်ရုံမျှသာ။ အမြှုပ်များသည် ကျယ်ဝန်းသော ပါးစပ်ပေါက်ထဲမှ ပန်းထွက်လာသည်။ အပေါ်ထပ်



ဆီမှ မီးလောင်ထားသော အပိုင်းအစတစ်ခု အောက်ဘက်သို့ ကျလာသည်။ အမြှုပ်များသည် မီးလုံးမီးလျှံကြီး တစ်ခုအဖြစ် ပြောင်းလဲပေါက်ကွဲပြီး ထိုပုဂ္ဂိုလ်ကို ဝါးမြိုသွားလေ၏။ သူက စူးစူးဝါးဝါး အော်ဟစ်လိုက်သလို သူ့အပေါင်းအဖော်များကလည်း အော်ဟစ်ကြသည်။ ထို မီးသတ်ဆေးဘူး ပေါက်ကွဲသွားလေ၏။

ထိုကိစ္စက ဖုံးဖိထားသမျှကို ပေါ်ပေါက်သွားစေခဲ့သည်ဟု အီယန်ဘလိတ်က တွေးရင်း မည်သို့မည်ပုံ ဖြစ်ခဲ့ရသည်ကို ချက်ချင်း သဘောပေါက်လိုက်သည်။ အခြားနည်းလမ်းများကို သုံးစွဲသော်လည်း အောင်မြင်မှု မရရှိခဲ့ပါက ထိုမီးသတ်ဆေးဘူးများကို နောက်ဆုံး နည်းလမ်းအနေဖြင့် ထောင်ချောက်ဆင်ထားသော ဆေးဗုံးအဖြစ် လူများကို မီးလောင်တိုက် သွင်းပြီး သွေးပျက်သွားစေရန် ဆောင်ရွက်ဖို့ ရည်ရွယ်ခဲ့သည်။ ထိုဆေးဘူးထဲတွင် အမြှုပ်ထွက်သော ဆေးတစ်မျိုး ပါလာသော်လည်း ထိုအမြှုပ်သည် အငွေ့ပျံပြီး မီးလောင်ရန် အလွန်လွယ်ကူသည်သာမက အဆိပ်အတောက်လည်း ဖြစ်စေမည် ဖြစ်ပါ၏။

ဂျင်မ်ဂွတ်ရစ်ချ်ကလည်း ရိပ်မိလိုက်သည်။ သူက အက်ဖ်အင် ရိုင်ဖယ်ကို အသင့် အနေအထားနှင့် ကိုင်ရင်း ပြန်လှည့်လိုက်သည်။ အနီးရှိ ချုံပုတ်ထဲသို့ ဒိုက်ဗင်ထိုး၍ ခုန်ဝင်သွားသော ပြောက်ကျားဝတ်စုံဝတ် ဆာဂျင်သည် ပြန်ခုန်ထလိုက်ပြီး ဒေါက် အော်ဟစ်၍ သတိပေးရင်း မီးလောင်နေသော



www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်၏ ထောင့်ကွေ့ဆီသို့ မြွေလိမ်မြွေကောက် နည်းနှင့် ထွက်ပြေးသွားလေ၏။

'အီယန်၊ ဘယ်လိုလဲ'

ဂွတ်ရစ်ချ်က မေးလိုက်သည်။ အီယန်ဘလိတ်က ခပ်သွက်သွက် ခေါင်းညိတ်လိုက်၏။ အက်ဖ်အင် သေနတ်မှ အတွဲလိုက် ထွက်လာသော ကျည်ဆန်များက ထိုဆာဂျင်ကို လဲကျသွားစေခဲ့သည်။

'လူတွေဖြန့်လိုက်ကြ'

ဘလိတ်က တပ်စုကို အမိန့်ပေးလိုက်၏။

'အကာအကွယ် ယူကြ'

သူသည် အက်ဖ်အင်ရိုင်ဖယ်ကို အဆင်သင့်ကိုင်ရင်း ဆက်၍ မတ်တတ်ရပ်နေသည်။ စစ်ပွဲကြီး တစ်ပွဲမှာ ထက် လူတွေပို၍ ကျဆုံးတော့မည်။ အလုပ်ကြမ်း လုပ်ရန် သွားသော ဖပြာက်ကျား ဝတ် စုံဝတ် ကြေးစားစစ်သား အဖွဲ့သည် ဆီကော်စကီ ရဟတ် ယာဉ် အနီးသို့ ရောက်ရန် ကိုက် အနည်းငယ်သာ လိုတော့သည်။ ထိုစစ်သားများသည် သွားနေရာမှ ရပ်တန့်လိုက်ကြပြီး နောက်လှည့်၍ ထွက်ပြေးရန် ကြိုးစားကြသည်။ ရဟတ်ယာဉ်ကို စောင့်ကြပ်နေ သော တပ်ဖွဲ့ဆီမှ စစ်သားများက ပစ်ခတ်လိုက်ကြ၏။ ထွက်ပြေးနေသော ကြေးစားစစ်သား များသည် ကိုက် အနည်းငယ်သာ ပြေးကြရပြီးနောက် လဲကျ ကုန်ကြတော့သည်။

မီးသတ် ဆေးဘူး ပေါက်ကွဲစဉ်က လူ ဘယ် နှစ်ယောက် ထိခိုက်သွားခဲ့သည်ကို မသိပါ။ ဆယ့်တစ် ယောက်ခန့်သာ ကျန်ပါတော့သည်။ ဘလိတ်က



သူ့အနီးရှိ ချုံပုတ် ခြံစည်းရိုး နောက်ဘက်၌ ဝပ်နေသူ ဆက်သွယ်ရေး စစ်သားတစ်ယောက်အား လက်ပြ၍ ခေါ်လိုက်၏။ သူ့ထံမှ သမားရိုးကျ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ အပြင် ခေတ်ခဲသုံး ခရီးဆောင် အသံချဲ့ စကားပြောခွက် တစ်ခုလည်း ပါရှိလာသည်။ သူက ဘလိတ်ထံ လှမ်းပေးလိုက်၏။ စကားပြောခွက်မှ ထွက်ပေါ် လာသော အသံသည် မီးလောင်နေသော အသံများ ကို လွှမ်းလွှမ်းနှင့် ဖုံးအုပ်သွားသည်။

'လက်နက်ချကြ၊ ထောင့်ချိုး ဘက် က နေ ပြီး လက်ကို ခေါင်းပေါ်မှာ တင်ရင်း တစ်ယောက်ပြီး တစ်ယောက် အပြင် ထွက်လာခဲ့ကြ'

ရှင်ဒလာ မတ်ခ်နိုင်း သေနတ် တစ်လက်ထံမှ အတွဲလိုက် ပစ်ခတ်သံများ ပေါ်လာသည်။ နောက် တစ်လက်ကလည်း ပစ်ခတ်လိုက်ပြန်၏။ ကျည်ဆန် များသည်ဝှီးခနဲ ဝှီးခနဲမြည်၍ မြေကြီးထဲသို့စိုက်ဝင် သွားကြသည်။ အီယန်သည် ဒဏ်ရာ ရသော်လည်း မသေသေးသူများကို လျှောပေါ်၍ တွက်ခဲ့မိသည်။ သူတို့သည် ထောင်ထားခဲ့သော သေနတ်များကို ဆွဲယူ၍ ဟိုတယ်ထဲသို့ပြေးဝင်သွားခဲ့ကြသည်။ သူတို့ သည် ဟိုတယ်မှ ယခုထက်တိုင် မီးမလောင်သေး သော မြေညီထပ်ရှိ ပြတင်းပေါက်များမှ ပစ်ခတ်နေ ကြခြင်း ဖြစ်သည်။

ခရီးဆောင် အသံချဲ့စက် စကားပြောခွက်မှ အသံ ပေါ် ထွက်လာပြန်၏။

'မီးကုန် ယမ်းကုန် ဆော်ပေတော့'



www.burmeseclassic.com

www.burmeseclassic.com

အက်ပ်အင် ရိုင်ဖယ်များက အတွဲလိုက် ပစ်ခတ်ကြသည်။ ထို တပ်စုမှ လူနှစ်ယောက်စီ ပစ်ခတ်ကြရသော အမ်ဂျီ ၄၂-၅၉ စက်သေနတ် သုံးလက်စီ တစ်မိနစ်လျှင် ကျည်ဆန် ၁၀၀၀ စီတို့ ကလည်း ပစ်ခတ်မှု အင်အားကို ဖြည့်တင်းပေးခဲ့ကြသည်။

အင်္ဂတေများ ပွဲ့ကုန်ကြသည်။ ပြတင်းပေါက် ပေါင်များ ပျောက်ကွယ်သွားကြသည်။

ရှင်ဒလာ သေနတ် ငါးလက် ခြောက်လက်ကို အသံတိတ်သွားအောင် လုပ်နိုင်ခဲ့ကြသည်။

ဟာလင် လူမည်းရပ်ကွက်မှ ပါကင်သည် ပို၍ ချိန်သားကောင်းစေရန် အတွက် သစ်ပင်နောက်ကွယ်မှ ထွက်လိုက်သည်။ ကျည်ဆန် တစ်ထွေးကြီးက သူ့ ရင်ဘတ်နှင့် မျက်နှာကို လာရောက် ထိမှန်ကြသည်။ သူသည် အသံ လုံး၀ မထွက်ဘဲ မြေပြင်ပေါ် သို့ ခွေလဲပြီး ကျသွားလေတော့သည်။

'နည်းနည်းလောက် တွယ်ယိုက်ကြစမ်း'

ဗီယက်နမ်ပြန် စစ်သားဟောင်းကြီးများ ထံမှ ကြွေးကြော်သံများ ပေါ်ထွက်လာသည်။

ဂွတ်ရစ်ချ်ထံတွင် လက်ပစ်ဗုံး ထည့်၍ ပစ်သော သေနတ်တစ်လက်ရှိသည်။ သူက ချိန်ရွယ်၍ လက်ပစ်ဗုံးများကို တစ်လုံးပြီး တစ်လုံး ပစ်ခတ်နေသည်။ လက်ပစ်ဗုံးများသည် မြေညီထပ်ရှိ အခန်းများထဲသို့ ရောက်ရှိသွားကြပြီး ပေါက်ကွဲနေကြသည်။ အထဲမှ အော်သံများ ပေါ်ထွက်လာသည်။

ခုခံ ပစ်ခတ်သံများ ငြိမ်ကျသွားတော့သည်။

'တော်တော့'



တပ်ဖွဲ့ဘီမှ စစ်သားများအား ဟန့်တားလိုက်ခြင်း ဖြစ်သလို အထဲသို့လည်း ထပ်မံ၍ မေတ္တာရပ်ခံလိုက်သည်။

'လက်နက်ချကြပါတော့ကွာ'

နောက်ဆုံး ပစ်ခတ်နေသော ရှင်ဒလာမတ်ခ်နိုင်း သေနတ်မှ အသံ တိတ်သွားသည်။ ခပ်ကြီးကြီး ခပ်ဖြူဖြူ အထည်စ တစ်စ အပြင်သို့ လွှားခနဲ လွင့်ထွက်လာပြီး ပြတင်းပေါက်ပေါင်ပေါ်၌ တင်နေသည်။

'သူတို့ အရှုံးပေး သွားကြပြီ'

ဂျင်မ်ဂွတ်ရစ်ချ်က ပြောရင်း မတ်တတ် ရပ်လိုက်လေသည်။

ဖော့ကလင်ကျွန်း တိုက်ပွဲတွင် လက်နက် ချသည့် အလံဖြူများကိုအသုံးပြု၍ တစ်ပတ် ရိုက်ခဲ့မှုများကို သတိရလိုက်သော အီယန်ဘလိတ် က ဂွတ်ရစ်ချ်အား အောက်သို့ ပြန်ဆွဲ ချရန် ကြိုးစား လိုက်သည်။ သူ သိပ်နောက် ကျ သွားခဲ့ပါပြီ။ ဂွတ်ရစ်ချ် ၏ ခြေထောက် နှစ်ချောင်းကို ကျည်ဆန် ငါးတောင့်က လာရောက် ထိမှန်ကြပြီး ညည်းညည်း ညူညူ နှင့် မြေပြင်ပေါ်သို့ သူ လဲကျသွားတော့သည်။ ဒဏ်ရာ ရရှိသွားသော ခြေထောက်များမှ သွေးများ ယိုစီး ထွက်ကျ လာလေ၏။

တပ်ရေးဗိုလ်ကြီး လာဆဲလ် အထိတ်တလန့် ဖြစ်နေ သည်။ မဟုတ်ပါဘူး။ မေဂျာ ရန်းဒေါက ကမ့်ဘို



www.burmeseclassic.com

www.burmeseclassic.com

ရဟတ်ယာဥ်နှင့် မည်သည့် တပ်စုကိုမှ မစေလွှတ်ခဲ့ပါ။ တိုင်းရင်းသား အလုပ်သမား အုပ်စုများလည်း စုဆောင်းဆဲ အဆင့်၌သာ ရှိနေသေးသလို တိုင်းရင်းသား စစ်သားများ သည်လည်း စစ်တန်းလျားများထဲကပင် ထွက်မလာ ကြသေးပါ။ မဟုတ် ပါဘူး ကမ်မ်ကိုက မည်သည့် မီးသတ် ပစ္စည်းများ ကိုမှ ပို့မပေးခဲ့သေးပါ။

ရန်းဒေါက တယ်လီဖုန်း စကားပြော ခွက်ကို လှမ်းယူ လိုက်လေ၏။

'မီးကို မေ့ထားလိုက်၊ အဲဒီ နန်းတော်ကြီး ပြာကျသွားစမ်းပါစေ၊ အဲဒီ ခွေးမသားတွေကို အပြတ်ရှင်း။ ငါတို့က စစ်ကူ တပ်ဖွဲ့တွေ ပို့ပေး မယ်၊ ချီးမှုပဲ။ ငါတို့က လူဖြူ တပ်သား တွေကို ပို့ပေး မှာပါကွ။ ငါက လေဆိပ်မှာ ရှိတဲ့ လူတွေကို အကုန် ထုတ်သုံးမယ်'

ရှိုးဗတ်က မေးလိုက်၏။

'ဘယ်လောက်လောက် ကြာမှာလဲ ခင်ဗျာ'

'မော်တော်ကားတွေ ဆယ်မိနစ် အတွင်း စထွက်ခွာကြလိမ့်မယ်၊ ငါ ကတိပေးပါတယ် ရှိုးဗတ်ရာ။ ဒါပေမယ့် အဲဒီ ခွေးကောင်တွေ ကိုတော့ အပြတ်သာရှင်းပစ်၊ သုံ့ပန်းတွေ ဘာတွေ ခေါ်မလာနဲ့'

သူ့ဘဝတွင် အကြိမ် အနည်း အကျဉ်း မျှသာ လက်တုန် ခဲ့ဖူးသော ရန်းဒေါက စကားပြောခွက်ကို လက် တုန်တုန် ယင်ယင်နှင့် လာဆဲလ် ထံ ပြန်ပေးလိုက်သည်။



'မင်း ငါပြောတာကို ကြားတယ် မဟုတ်လား လာဆဲလ်၊ လူတစ်ရာနဲ့ ကင်းနီးရက် အမြောက် တွေကလွဲရင် ကျန်တဲ့လူတွေ အားလုံးကို လွှတ်ခိုင်းလိုက်'

လာဆဲလ်သည် လေဆိပ်မှ တပ်မှူးနှင့် ဆက်သွယ်ပြောဆိုနေလေပြီ။ လာဆဲလ်က စကားပြော အပြီးတွင် ရန်းဒေါ်အား

'သူက ဆယ်မိနစ်တောင် မကြာစေရပါဘူးလို့ အာမခံပါတယ်' ဟု ပြောလိုက်သည်။

ရန်းဒေါက နားထောင်မနေပါ။ သူ့နားထဲတွင် လေယာဉ်ပျံသံများနှင့် ခပ်လှမ်းလှမ်းမှ လက်နက်စယ်များနှင့် ပတ်ခတ်သံများ ကိုသာ ကြားနေရသည်။ ဘုရားသခင် ကယ်တော်မူပါ။ ကမ်မ်ကိုရဲ့ ရဟတ်ယာဥ်နှစ်စီးလို့ သတင်းပို့ထားသားပဲ။

'လာဆဲလ်ရေ၊ ဟိုတယ်ကိုလဲ မီးလောင်ဗုံးနဲ့ အကြခံရတယ်ကွ၊ တိုင်းရင်းသား အင်အက်စ်ဘီ တပ်ရင်းတစ်ရင်းကို အဲဒီကို ချက်ချင်းစေလွှတ်လိုက်'

သူက ဟိုတယ်အား တယ်လီဖုန်း ဆက်ရန် ကြိုးစားလိုက်သည်။ ကြိုးပြတ်နေလေပြီ။

'အဲဒီတပ်ရင်းမှာ တွဲထားတဲ့ လူဖြူ အကြံပေးပုဂ္ဂိုလ်ကို ပြောလိုက်၊ သူ့ လူမည်းတွေက ပစ်ခတ်ပြီး အတင်းဝင်သွားကြရမယ်လို့'

ဗိုလ်ကြီး ရှိုးဗတ်သည် စိမ့်ဝင် ထိုးဖောက်လာသော တပ်စု၏ အရှယ်အစားကို မြင်တွေ့ခဲ့ပြီး ဖြစ်သည်။ လူပေါင်း လေးဆယ်ခန့်ရှိသည်။ သူက ထိုလူစုထက်



www.burmeseclassic.com

www.burmeseclassic.com

ငါးဆမျှ အင်အားသာသည်။ သို့မဟုတ် အင်အားသာစရာ အကြောင်း ရှိခဲ့ပါသည်။ သူ့လူတစ်ဝက်ကျော်ကျော်သည် လက်နက် စွဲကိုင်ထားခြင်း မရှိဘဲ မီးငြိမ်းသတ် နေကြသည်။ လူနှစ်ဆယ်က ဟင်နရီဂါဒူးကို စောင့်ကြပ်နေကြသည်။ ယခု အချိန်တွင် ပို၍ပင် စောင့်ကြပ်ရပါလိမ့်မည်။ ထို့ကြောင့် လက်နက်အပြည့် စွဲကိုင်ထားသူ လူခုနစ်ဆယ်၊ သို့မဟုတ် ရှစ်ဆယ်ခန့်သာ ရှိပါတော့သည်။ သို့ရာတွင် ထိုလူများသည် ခြံဝင်း တံတိုင်းများပေါ်ရှိ ကင်းတဲများနှင့် ဂိတ်ဝရှိ ကင်းတဲများ၌သာ ရှိနေကြသည်။ ထိုသူများကို ကင်းတဲများမှ ပြန်လည် စုစည်း၍ ရပါသည်။ ထို့ကြောင့် သူက အင်အား နှစ်ဆတော့ ရှိနေပါသေးသည်။ လေဆိပ်မှ စစ်ကူ များ ကို ခေါ်ထားပြီး ဖြစ်သဖြင့် ထိုစစ်သားများကို နေရာတွင် ဆက်ထားဖို့ မလိုအပ်ပါ။

သို့တိုင်အောင် လူမည်းများသာ မက လူမျိုးပေါင်းစုံ ပါဝင်သည့် စစ်ဝတ်စုံ အစိမ်းရောင်ဝတ် တပ်ဖွဲ့က သတိမထားမိအောင် သူ့လူများကို တိတ်တိတ်ဆိတ်ဆိတ် ပြန်လည် စုစည်းရပါလိမ့်မည်။ သူသည် သူ့အထက်အရာရှိ မေဂျာရန်းဒေါကဲ့သို့ပင် ထို အုပ်စု တစ်ခုလုံးကို အပြတ် ချေမှုန်းပစ်လိုသော ဆန္ဒရှိနေသည်။

စတိဗ်က ရဟတ်ယာဉ်တွင် ချန်ထားရစ် ခဲ့သော တပ်ဖွဲ့ဝင်မှ တပ်သား ရှစ်ယောက်သည် ပါးစပ်ကို



ပိတ်ဆို့ပြီး ကြိုးနှင့် ချည်နှောင်ထားသော အကျဉ်းသားများကို ပစ္စည်း သိုလှောင်ခန်း တစ်ခန်းထဲတွင် သော့ပိတ်၍ ထားလိုက်ကြသည်။ ထို တပ်စိတ်မှ ခေါင်းဆောင်က နောက်ထပ် ရောက်လာသူများကို ပြောလိုက်သည်။

'ကျုပ်တို့က ဒီပစ္စည်းတွေကို ကုန်းပေါင်ပေါ်က ချပေးမယ်၊ မင်းတို့က ထရပ်ကားတွေပေါ် တင်ကြ'

ရေစုပ်စက် အသေးစားကလေးများ၊ ရေပိုက်အလိပ်များ၊ လှေကားများ၊ ရဲဒင်းများနှင့် အခြား ပစ္စည်း ကိရိယာများကို လျင်မြန်စွာ သယ်ချကြသည်။ ကြေးစား စစ်သား သုံးဆယ်က ထိုပစ္စည်းများကို ထရပ်ကားများ ပေါ်သို့ လျင်မြန်စွာ တင်လိုက်ကြ၏။ ထို ပစ္စည်းအားလုံးသည် ထရပ်ကား တစ်စီးစာပင် မရှိတတ်ချေ။

'ဒါ အကုန်ပဲလား'

'ဟုတ်တယ်'

'ချီးမှပဲ၊ ကျုပ်တို့ကို ထရပ်ကား သုံးစီး ယူခဲ့ရမယ်လို့ ပြောလိုက်တာဗျ'

'တစ်ယောက်ယောက်က မှားပြောတာ ဖြစ်ပါလိမ့်မယ်'

'ဒါဆိုရင် ငထိုင်ထိုင်း တပ်ကြပ်ပဲ ဖြစ်ရမယ်'

မကျေမနပ် ဖြစ်နေသော ပြောက်ကျား ဝတ်စုံဝတ် ကြေးစား စစ်သားများသည် မော်တော်ကားများ ပေါ်သို့ တက်ကြပြီး နန်းတော်ဆီသို့ မောင်းနှင် ထွက်ခွာသွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်ဂလပ်စ်ဖီးလ်ဒင်းနှင့်အိုလီဆီဂမ်တို့သည် သူတို့ လေယာဉ်ပျံများကို ပျင်းပျင်းတွဲတွဲနှင့် လေထဲတွင် စက်ဝိုင်းသဏ္ဍာန် ပျံဝဲနေကြသည်။ သူတို့သည် တစ်စီးနှင့် တစ်စီး တစ်မိုင်ခန့်ခြား၍ ပေ ၃၀၀၀ အမြင့်မှ ပျံသန်းနေကြသည်။ သူတို့သည် ဂါဒူး လေဆိပ်နှင့် လွတ်ကင်းအောင် ကွင်းရှောင်၍ မောင်းနှင်နေကြသော်လည်း လေဆိပ်ကို စေ့စေ့ စပ်စပ် စောင့်ကြည့်နေကြသည်။

သူတို့စောင့်ကြည့်နေသည့် ကိစ္စကို အိုလီဆီဂမ်က ပထမဦးဆုံး စတင် မြင်တွေ့လိုက်သည်။ သူက ဖီးလ်ဒင်းအား ရေဒီယိုနှင့် သတင်းပို့လိုက်၏။

'လေဆိပ် အဆောက်အအုံရဲ့ ညာဘက် မှာ မော်တော်ကားတန်းကြီး တစ်ခု စုစည်းနေတာကို တွေ့နေရတယ်'

'မြင်ပြီ၊ စစ်သားတွေအများကြီးကိုလဲ ပုရွက်ဆိတ်ကလေးတွေလို မြင်နေရတယ်'

ဖီးလ်ဒင်းက မိုင်းလက်လေယာဉ်ပျံကို အရှေ့ဘူးစူးသို့ တဖြောင့်တည်း မောင်းနှင်လိုက်ရင်း ရေဒီယိုဖရီကွင်စီကို ပြောင်းလဲ၍ ပြောလိုက်ပြန်၏။

'မင်းတို့ အလှည့် ရောက်ပြီ ကိုယ့်လူတို့၊ အိုလီနဲ့ ငါကတော့ အိမ်ကို တန်းပြန်ကြတော့မယ်'

ဒေါက်ဂလပ်စ်က မိုင်းလက် လေယာဉ်၏ ဆီဒိုင်ခွက်ကို ကြည့်ရင်း ငါ ပြန်ရောက်လိမ့်မယ်လို့တော့ မထင်ဘူးဟု စိတ်ထဲက တွေးလိုက်လေ၏။



နောက်ဆုံး ကျန်ရစ်နေသော ဆေးဖျန်းသည့် လေယာဉ်ပျံ သုံးစီးသည် ပတ်ချာလည် မောင်းနှင်နေသည့် ပုံစံကို ဖျက်ပစ်လိုက်ကြပြီးနောက် တစ်စီးစီ တစ်နေရာဆီသို့ ပျံသန်း သွားကြလေ၏။

လူးဘာလိုဂီက ပြောလိုက်သည်။

'သူတို့ ခုမှပဲ အိပ်ရာက နိုးလာကြတော့တယ်'

မီးငြိမ်းသတ်နေသော ပြောက်ကျား ဝတ်စုံဝတ်ကြေးစား စစ်သားများသည် ဟိုပြေး ဒီလွှား ဖြစ်နေကြသလို အချို့ကလည်း ဝင်းထရံ အုတ်တံတိုင်း၏ အောက်ခြေဘက်တွင် ရှိနေသော တံခါးပေါက်များထဲမှ အလျှိုအလျှို ထွက်လာနေကြသည်။

စတိဗ်က မီးခိုးလုံးများ အကြား ကောင်းကင်ကို မော့ကြည့်လိုက်လေ၏။ ကောင်းကင် တစ်ခုလုံး တိမ်တိုက်များ ကင်းစင်ပြီး ကြည်လင်နေသည်။ သူက ပြောလိုက်၏။

'မိုးကတော့ နည်းနည်း နောက်ကျလိမ့်မယ်'

သူက ဂျောစ်ဒေးဗစ်အား ပြောလိုက်သည်။

'နယ်နိမိတ် တစ်ခု သတ်မှတ်လိုက်စမ်း'

နန်းတော် ဝင်းထဲတွင် အဆောက် အအုံငယ်ကလေးများနှင့် ပြည့်နှက်နေသည်။ ရှုခင်းလှအောင် စီမံဖန်တီးသူ များက လှပသော ပန်းခြံငယ်ကလေးများ၊ ကြာပန်းများ ပွင့်နေသော ရေအိုင်ငယ်ကလေးများ စသည်တို့ကို ဖန်တီး ထား ခဲ့သည်။ အားလုံးကို ခြုံလိုက်မည် ဆိုပါက အကာ အကွယ်



www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ခြောက်လက်မခန့် မို့မောက် နေသော မြေကမူကလေးများ သို့မဟုတ် ဆွေးမြည့် နေသော သစ်ပင်ငုတ်တို စသည်တို့ကို ရှာဖွေလိုသူများအတွက် ကျည်ကွယ် မျက်ကွယ်အဖြစ် နေရာပေါင်း မြောက်မြားစွာ ရှိနေကြသော နေရာပင် ဖြစ်ပါတော့သည်။

စတိဗ်ပက်ဂျက်က ၎င်း၏ပတ်လည်၌ ရှိနေသော ဝင်းထရံ အုတ်တံတိုင်း မြင့်မြင့်ကြီးများ ထံမှ အန္တရာယ် မရှိကြောင်း နားလည်ထားသည်။ ထို ဝင်းထရံ အုတ်တံတိုင်းပေါ်ရှိ သူရဲခိုများမှာ ပြင်ပမှ လာရောက်သူများကို တုံ့ပြန်တွန်းလှန်ရန် အတွက်သာ ဖြစ်ပြီး အတွင်း ဘက်သို့ လှည့်ထားသော သေနတ်ပေါက်များ မရှိကြပါ။ စတိဗ်သည် သစ်ကြီးကြပ် ကွပ်ကဲရေး ဌာနချုပ် အဖြစ် မြေပြင်အောက်သို့ နှိမ့်ထားသော သုံးမြှောင့် ပုံသဏ္ဍာန် ပန်းခြံကလေးကို ရွေးချယ်လိုက်သည်။ စတိဗ် ငုယင်သန်သို့နှင့် တပ်စု ရေဒီယို ဆက်သွယ်ရေး တပ်သားတို့က နေရာ ယူလိုက်ကြ၏။ ဘလိုဂီနှင့် ဂျောစ်ဒေးဗစ်တို့က လာရောက် ပူးပေါင်းကြသည်။

'အမျိုးသမီးကလေးတွေကတော့ သက်သောင့်သက်သာနဲ့ နေရာ ယူပြီးကြပါပြီ၊ ရေခွေးအိုးတွေကိုလဲ ဖြန့်ထားလိုက်ပါပြီ'

ဖက်ဘလိုဂီက သတင်း ပို့လိုက်၏။ ပစ္စတင် အင်ဂျင်စက်နှင့် မောင်းနှင်သော လေယာဉ်ပျံ တစ်စီး တစ်နေရာတွင် ဒိုက်ဗင်ထိုး၍ ဆင်းလာသံကို သူ ကြားလိုက်ရသည်။ ဘလိုဂီ၏ စိတ်ထဲက ထိုကိစ္စသည် ကံကောင်း ထောက်မ၍ အောင် မြင် ပါစေ ဟု



ဆုတောင်းလိုက်မိ၏။ ယခု စိတ်ကူးကို သူက စတင်၍ တွေးမိခဲ့ခြင်း ဖြစ်သည်။

တိုက်ပွဲ ဝင်နေသူများအဖို့ အထွတ်အမြတ်ထားလေ့ ရှိသော ပစ္စည်းဟူ၍ သိပ်မရှိလှပါ။ သို့ရာတွင် လက်နက်ချသော အလံဖြူကမူ ခြွင်းချက် ဖြစ်သည်။ လက်နက်ချမည်ဟု အချက်ပြပြီးမှ ပစ်ခတ်သော ရန်သူများကို သူတို့က ညှာတာလေ့ မရှိကြပါ။ ဂျိမ်းစ်ဂွတ်ရစ်ချ် အပစ်ခံရပြီး နောက်ပိုင်းတွင် အီယန်ဘလိတ် အနေနှင့် လေနှင့်ရေကို တားဆီး၍ ရနိုင်ကောင်း ရနိုင်ပါလိမ့်မည်။ ဟိုတယ် မြေညီထပ်ရှိ အခန်းတိုင်းသို့ လက်နက် မျိုးစုံနှင့် ဆော်နှက်နေကြသော သူ့လူများအား တားဆီး၍ ရတော့မည် မဟုတ်ပါ။ နောက်ဆုံးတွင် သူတို့၏ ဒေါသသည် ပြေလျော့သွားကြသလို မီးလောင်မှုကြောင့် ဖြိုးဖြိုးဖြောက်ဖြောက် မြည်သံများမှ အပ ငြိမ်သက်သွားလေတော့သည်။ သူ့လူများက မကြောက် မရွံ့ မတ်တတ် ရပ်လိုက်ကြ၏။

'အလောင်းတွေကို ရေတွက်ပေးရဦး မလား'

တစ်ယောက်က အီယန်ဘလိတ်ကို မေးလိုက်ခြင်း ဖြစ်သည်။

'ငါတို့ ပြိုင်တူ ဝင်သွားကြမယ်၊ ဒဏ်ရာရနေတဲ့ လူတွေ ရှိကောင်း ရှိနိုင်တယ်'

ဒဏ်ရာရသူများ မရှိပါ။ တစ်စစီဖြစ်ပြီး ပြန့်ကျဲနေသော အလောင်းများကိုသာ တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

အနီးဆုံး နေရာတွင် ရှိနေသော ရဲစခန်း များနှင့် တယ်လီဖုန်း စက်ခလုတ်ခုံကို ဖျက်ဆီးရန် တပ်စိတ် နှစ်စိတ်ကို 'ဂိုမာ–တူး' ဖောက်ခွဲရေး ကိရိယာ များနှင့် အတူ စေလွှတ်လိုက်ပြီး ဖြစ်သည်။ ကျန်နေ သေးသူ များက စတင်၍ ချီတက်စ ပြုလေပြီ။ ဆန်းချက် သည် လေယာဉ်ပျံ သံကို ကြားလိုက်ရ ကြောင်း သတင်း ပို့လိုက်သည်။ တိုက်ခိုက်ရန် သွား ရောက် နေကြသော တပ်စိတ် များ သည် မြန်မြန် ထက်ထက် လှုပ်ရှားနိုင်မှ တော်ကာ ကျပါလိမ့်မည်။ သို့မဟုတ်ပါက ဆက်လက် ဖြစ်ပွားလာမည့် ဇာတ် သုတ်ခ ထဲတွင် ဝင် 'ညပ်' နိုင်စရာ အကြောင်း ရှိသည်ဟု အီယန်ဘာလိတ်က တွေးလိုက် မိလေ၏။

စစ်ရေး လေ့ကျင့်မှု အနည်း အကျဉ်းသာ ရှိသော အာဖရိကန် တိုင်းရင်းသားများနှင့်သာ တိုက်ပွဲ ဝင်ခဲ့ ဖူးသည့် ဗိုလ်ကြီး ရှိုးဗတ် အနေနှင့် အလုံးအရင်းနှင့် လျင်မြန်စွာ ဝင်ရောက် တိုက်ခိုက်မှုကို အားကိုးလေ့ ရှိသည်။ သူက ရှင်ဒလာမတ်ခ်နိုင်း သေနတ်များကို ခါးတစ်ဝိုက်ဆီမှ ချိန်၍ပစ်ခတ်ရင်း ချီတက်သွားသော ကြေးစားစစ်သား ခုနစ်ဆယ် ပါဝင်သည့် ကောက် ရိတ်သိမ်း အဖွဲ့ကို စေလွှတ်လိုက်သည်။ သူတို့သည် သူတို့ရှေ့ဘက်မှ မြေပြင်ကို အတွဲလိုက် ပစ်ခတ်သော ကျည်ဆန်များနှင့် ရှင်းလင်းပစ်ခတ်နေဖြီးကိုက်ငါးရာ အကွာ အဝေးကိုသာ ချီတက် ကြရမည် ဖြစ်ပါ၏။



သူတို့သည် ကိုက်နှစ်ရာမှသုံးရာအထိ ခရီးပေါက်ခဲ့ ကြသည်။ အစိမ်းရောင် ဝတ်စုံ များကို ဝတ်ဆင် ထားသူများ ထံမှ တုံ့ပြန်မှု မရှိပါ။ သေနတ် တစ်ချက်မှ ပြန်မပစ်ခဲ့ကြပါ။ ပြောက်ကျား ဝတ်စုံ စစ်သားများ ဦးနှောက်ခြောက်နေကြသည်။ ဗိုလ်ကြီး ရှိုးဗတ် ကတော့ လူမည်းစစ်သား အများ အပြား ပါဝင်ပြီး အင်အား မပြည့်ဝသော တပ်စု တစ်စုနှင့် ရင်ဆိုင် ရလိမ့်မည်ဟု ပြောခဲ့သည်။ လူမည်းများသည် အလုံး အရင်းနှင့် ပစ်ခတ် လာမှု များကို အထူး ကြောက်လန့် တတ်ကြသည်။ သွေးရူးသွေးတန်းနှင့် ထွက်ပြေး တတ် ကြသည်။ တော်တော့်ကို ထူးဆန်း နေသည်။ ကိုက် သုံးရာ့ ငါးဆယ် အရောက် တွင် အချို့က ရပ်တန့်လိုက်ကြပြီး ထိုတပ်စု ရှိမည့် နေရာကို မျက်စိ ကစား၍ ရှာဖွေလိုက်သည်။

ပက်ဂျက်က ပြောလိုက်၏။

'ကဲ'

'နည်းနည်းခလာက် တွယ်လိုက်ကြစမ်း'

လူးဘာလိုဂီနှင့် ဂျောစ် ဒေးဗစ်တို့ကလည်း သံပြိုင် ဝင်ပြောလိုက်ကြသည်။

ချိန်ရွယ်ထားသော အက်ဖ်အင် ရိုင်ဖယ် များမှ ကျည်ဆန် နှစ်ဆယ်နှင့် အမ်ဂျီ ၄၂–၅၉ စက်သေနတ်မှ ကျည်ဆန် ငါး ဆယ် တို့က ကြေးစား စစ်သား တစ်ဝက်ကို လဲကျ သွားစေ ခဲ့ကြသည်။ အချို့က မြေပြင် ပေါ်၌ တွန့်လိမ် ကောက်ကွေးပြီး နေကြ သည်။ အချို့ကမူ မည်သည့် အခါတွင်မှ လှုပ်ရှား နိုင်ကြတော့မည် မဟုတ်ပါ။ ဗိုလ်ကြီး ရှိုးဗတ် ၏



www.burmeseclassic.com

www.burmeseclassic.com

ကောက်ရိတ်သိမ်းအဖွဲ့ ပြိုကွဲ ပျက်စီး သွားသည်။ ဒဏ်ရာ မရသေးသူ များက နန်းတော်၏ အဆောင်ဘက်ဆီသို့ အကာအကွယ် ရယူရန် ထွက်ပြေးကြသည်။ ဒဏ်ရာရသော်လည်း တရွတ်ဆွဲ၍ လိုက်နိုင်သူများလည်း လိုက်ပါသွားကြသည်။

မိမိ၏ ရန်သူသည် မိမိတို့ထက် ပို၍ စစ်ရေးလေ့ကျင့်မှုနှင့် ဦးဆောင်မှုတွင် သာလွန်ကြောင်း ဗိုလ်ကြီး ရှိုးဗတ် သိလိုက်သည်။ သို့ရာတွင် သူတို့၏ နည်းဗျူဟာများကိုမူ ပြောင်းလဲလိမ့်မည် မဟုတ်ဟု သူ ယူဆသည်။ သူက သူ့နည်းဗျူဟာကို ပြုပြင်လိုက်၏။ စက်သေနတ်များ၊ လက်ပစ်ဗုံးများနှင့် ပြင်းပြင်းထန်ထန် ပစ်ခတ်မှုကို အကာအကွယ် ယူ၍ လူတစ်ရာ ပါရှိသော လူ လှိုင်းလုံးကြီးကို ဒုတိယ အကြိမ် စေလွှတ်လိုက်သည်။ နည်းနည်းစီ နည်းနည်းစီ ရှေ့သို့ ချီတက်စေမည်။ ကိုက် အနည်းငယ်စီ ရှေ့သို့ တိုးမိတိုင်း မြေပြင်ပေါ်၌ ဝပ်နေစေမည်။ ဟိုဘက်က စတင် ပစ်ခတ်သည့် အချိန်အထိ မိမိဘက်က မပစ်ခတ်ဘဲ စောင့်နေကြရမည်။ ၎င်းတို့က စတင်ပစ်ခတ်လာသည့် အခါ ကိုယ်က သူတို့ထက် သာလွန်အောင် ပိုမိုပစ်ခတ်၍ လွှမ်းမိုးပြီး အပြတ် ရှင်းပစ် ရမည်။

စက်သေနတ်ကြီးများနှင့် လက်ပစ်ဗုံးများကို စတင်ပစ်ခတ်လိုက်သည်။ အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသော စစ်သားများက မပစ်ခတ်သေးဘဲ စောင့်ဆိုင်းနေကြလိမ့်မည်ဟု ယုံကြည်ထားကြသော ပြောက်ကျား စစ်ဝတ်စုံဝတ် ကြေးစား စစ်သားတစ်ရာသည် နန်းတော်၏ အဆောင် နောက်ဘက်မှ



ထွက်လာကြသည်။ သူတို့၏ ရန်သူက ယခု တစ်ကြိမ်တွင် ပထမ နည်းဗျူဟာကို ထပ်မသုံးစွဲတော့သလို စောင့်လည်း မနေတော့ပါ။ ကျည်ဆန် တစ်ထွေးကြီးက လူနှစ်ဆယ်ထက် မနည်း လဲကျ သွားစေသလို ကျန်လူများအား အဆောင် နောက်ဘက်သို့ ပြေးဝင်သွားစေခဲ့သည်။

'နည်းနည်းတော့ တွယ်လိုက်ရတယ်'

လူးဘာလိုဂီက သူ့ အမ်ဂျီ ၄၂-၅၉ စက်သေနတ်ကို လက်နှင့် ပုတ်ပြရင်း ပြောလိုက်၏။ သူ တစ်ယောက်တည်း၏ လက်ချက်နှင့် ကြေးစားစစ်သား ခြောက်ယောက် ကျဆုံးခဲ့ကြသည်။ စတီဗင်ပက်ဂျက်၏ တပ်စုအနေနှင့်မူ ပထမ တိုက်ခိုက်မှုနှင့် ဒုတိယ အကြိမ်တပစ် ပစ်မှုကြောင့် လူနှစ်ယောက် သေဆုံးပြီး လေးယောက် ဒဏ်ရာ ရခဲ့သည်။ သူတို့က ထိခိုက်ကျဆုံးစေခဲ့သော ရန်သူ အရေအတွက်နှင့် နှိုင်းယှဉ်သည် ဆိုပါက နည်းသည်ဟု ဆိုရမည် ဖြစ်သော်လည်း တပ်စု၏ ပမာဏနှင့် နှိုင်းစာပါက များပြားသည်ဟု ဆိုရပါမည်။ ပြီးတော့ တစ်ဖက်မှ ကြေးစားစစ်သားများသည် လူပြန်စုနေကြောင်း ပက်ဂျက် သိလိုက်၏။ အီယန်ဘာလိတ်နှင့် ဒုတိယ တပ်စုတို့၏ အခြေအနေသည် မည်သို့ မည်ပုံ ရှိနေလေမည် နည်းဟု တွေးလိုက်မိသည်။ သူက ရေဒီယိုနှင့် ဆက်သွယ်စိတ် ဖြစ်ပေါ်လာမိသည်။ သို့ရာတွင် မိမိနှင့် သက်ဆိုင်သော နယ်မြေ၌ အဆုံးအဖြတ် ပေးသည့် အရပ် တစ်ခုခု ဖြစ်ပေါ်လာမှ သို့တည်းမဟုတ် အကူအညီကို သေရေးရှင်ရေး တမျှ လိုအပ်နေသည့်



www.burmeseclassic.com

www.burmeseclassic.com

အခါ ကျမှသာ ရေဒီယိုနှင့် ဆက်သွယ်ရန် သူ့
အိယန် သဘောတူ ထားခဲ့ပြီး ဖြစ်သည်။
'အဲဒီမိုးဟာ ခပ်စောစော ရွာချဖို့ ကောင်းနေပြီ'
စတိဗ်က ပြောလိုက်ခြင်း ဖြစ်ပါ၏။

သေနတ်သံများနှင့် ကောလာ ဟလ စကားများ
မြို့တော်၏ လမ်းများပေါ်တွင် လူရှင်းနေစေခဲ့သည်။
ဈေးဆိုင်များနှင့် ယာယီ ဈေးဆိုင်များ၏ တံခါး
များကို ပိတ်ထားကြလေပြီ။ လူများသည် အဆော
အအုံများ ထဲ၌ ဝင်ပုန်းနေကြသည်။ ဒုတိယတပ်
သွားရောက်တိုက်ခိုက်ကြသော တပ်စိတ်များအနေဖြ
ခုခံမှုကိုမတွေ့ရပါ။ ရည်မှန်းချက်ထားခဲ့သောရဲစခ
နှစ်ခု စလုံး လူရှင်းနေခဲ့ပါပြီ။ ရဲသားများလည်
ထွက်ပြေးကုန်ကြလေပြီ။ တယ်လီဖုန်း စက်ခလုတ်
ခုံတွင်မူ မက်ကင်းနစ် အချို့နှင့် စက်ခလုတ်
အော်ပရေတာ အချို့သာ ရှိနေကြသည်။ လက်န
ကိုင် ပုဂ္ဂိုလ်များ ဝင်ရောက် လာကြသော အ
သူတို့ ကပျာကယာ ထွက်ပြေးကြသည်။ ဤနေရာ
ဖောက်ခွဲရေး ပစ္စည်းများကို သတိကြီးစွာ ထား
ဖောက်ခွဲခဲ့ကြသည်။ ဂါဒူးမြို့တော်နှင့် မဝမ်ဒီနိုင်
တို့ကို တစ် ကမ္ဘာ လုံး နှင့် အ ဆက် အသွ
ဖြတ်တောက်ပစ်မည်။ သို့ရာတွင် ယာယီမျှသာ ဖြစ်
ရမည်။
ရည်မှန်းချက်များကို ဆောင်ရွက် ပြီးစီးခဲ့ပါပြီ
တိုက်ခိုက်ရေး တပ်ဖွဲ့များသည် ဂါဒူးဂရင်းဟိုတယ်၌



နေရာယူရန် ပြန်လည် ချီတက် လာ ကြ ချိန် တွင်
ဆူးဖျံန်းသော လေယာဉ်ပျံ တစ်စီးသည် ၎င်းတို့၏
ခေါင်းပေါ်မှ ဖြတ်ကျော် ပျံသန်းသွားသည်။ ထို
လေယာဉ်ပျံ၏ ဝမ်းဗိုက်ထဲမှ ရောင်စုံ စက္ကူကလေး
များသည် ထွေးခနဲ ထွက်ကျလာကြပြီး လေထဲတွင်
လွင့်၍ မြေပြင်ဆီသို့ ကျလာနေကြသည်။ တိုက်ခိုက်
ရေး တပ်ဖွဲ့ဝင် များသည် ခပ် သွက်သွက် က လေး
လျှောက်လှမ်းကြလေ၏။ ထို စက္ကူကလေးများသည်
ဆိုသည့် ပစ္စည်းများ ဖြစ်ကြောင်း သူတို့သိကြ
ပါသည်။ ထို့ကြောင့် တစ်မြို့လုံး ပွက်လောရိုက်
သွားခင် နှိုင်းယှဉ်ကြည့်ပါက ပို၍ လုံခြုံမှုရှိသော
နေရာဆီသို့ ရောက်ရှိလိုကြသည်။

အိယန်ဘာလိတ်နှင့် ရေဒီယို ဆက်သွယ်ရေး တပ်သား
တို့သည် လောလော လတ်လတ် တူးထားသော
ကတုတ်ကျင်း၏ ထိပ်၌ ထိုင်နေကြသည်။ သူတို့သည်
လေယာဉ်ပျံသံကို ကြားရသည်သာမက မြင်လည်းမြင်
ကြရသည်။ ရောင်စုံ စက္ကူကလေးများ တစ်ထွေးကြီး
ထင်၍ ကျလာသောအခါ ရေဒီယိုဆက်သွယ်ရေး
တပ်သားက ပြောလိုက်လေ၏။
'အဲဒါတွေဟာ ညစ်ပတ်စုတ်ပဲ့တဲ့ လက်နက်
တွေပဲ'
ဘာလိတ်က ဖြည်းညင်းစွာ ခေါင်း ညိတ် လိုက်
သည်။
'အင်မတန် ရက်စက်ယုတ်မာတာကွ'



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယ လေယာဉ်ပျံကလည်း မြို့တော်၏ အနောက် ဘက်ခြမ်း ပေါ်သို့ ဖြတ်ကျော် ပျံသန်းခဲ့သည် ထို လေယာဉ်ပျံကလည်း အဝေးက လှမ်းကြည့်မြင် ဆိုပါက စက္ကူကလေးများနှင့် တူသော ပစ္စည်း များကို အစုလိုက် အပြုံလိုက် ကြဲချခဲ့လေ၏။

သွေးစွန်းသော သင်ခန်းစာများကို လက်တွေ့ သိလို ရသော ဗိုလ်ကြီးရှိုးဇတ်က မေဂျာရန်းဒေါ ပို့ လိုက်မည်ဆိုသော မော်တော်ကားများ၊ ဒိုးပျံပစ်သေ ကီရီယာများနှင့် စစ်ကူ တပ်သားများ ရောက် လာသည်အထိ စောင့်နေရန် ဆုံးဖြတ်လိုက်သည် သို့ရာတွင် စစ်ရေးပြ ကွင်းပေါ်၌ ရှိနေသော ရဟတ်ယာဉ်ကို သတိရလိုက်သဖြင့် ထိုရဟတ်ယာ ကို ရယူသိမ်းဆည်းရန် တပ်ဖွဲ့ တစ်ဖွဲ့ကို စေလွှတ် လိုက်သည်။ ထို့နောက် အလွန် စိတ်အား ထက်သန် နေသော ဗိုလ်အဆင့်ရှိသူ တစ်ယောက်က မိမိ ဆန္ဒ အလျောက် လိုက်ပါလိုသည့် ဆန္ဒ ရှိ သူ များ စုစည်းပြီး အစိမ်းရောင် စစ်ဝတ်စုံဝတ် တပ် နောက် တစ်ကြိမ် ကြိုးစား တိုက်ခိုက်ကြည့်ပါရစေ ခွင့်တောင်းလိုက်သည်။

'ကာပစ် ပစ်ပေးနေတဲ့ အချိန်မှာ ခေါင်းကိုငုံ့ ထားရုံပါပဲ ခင်ဗျာ'



ဗိုလ်ကြီး ရှိုးဇတ်က သဘောတူ လိုက်သည်။ စက်သေနတ်ကြီးများ၊ လက်ပစ်ဗုံးထည့်၍ ပစ်ရသော သေနတ်များနှင့် ပြင်းပြင်းထန်ထန် ပစ်ခတ်ကြပြန်၏။ စိတ်အား ထက်သန်လှသော ဗိုလ်က သူ့ တပည့် များကို အပြေး တက်စေမည့် အစား သုံးဖက် သုံးတန်မှ တွားသွား၍ ရှေ့သို့ တက်စေခဲ့သည်။ သူတို့သည် အတော်အတန် ခရီး ပေါက်ခဲ့ကြသလို ပက်ဂျက်တို့ကို ဝိုင်းရံမည့် ကဏန်းလက်မ အသွား များသည်လည်း ပို၍ စိပ်လာသည်။

သူတို့သည် အတော်ကလေး နီးကပ်စွာ ရောက်ရှိ လာကြပြီဖြစ်ကြောင်း စတီဖင် ပက်ဂျက်က မြင်လိုက် ၏။ ဘယ်ဘက်လက်ကို အသုံးပြု၍ မရသဖြင့် သူသည် ကိုးမီလီမီတာ ဘာရက်တာ သေနတ် တစ်လက်ကို ယူလိုက်သည်။ ဘလိုဂီက 'ရေနွေးအိုး' ဟု ဆိုသော ပစ္စည်းသည် သူ့ ရှေ့ တည့်တည့်၌ ရှိနေသည်။ ရှိုးဇတ်၏ လူများ ထံသို့ မပေးအပ်ရ သေးသော မီးသတ်ဆေးဘူး အတု ဆယ့်နှစ်လုံးသည် စတိဗ် ပက်ဂျက်တို့က နယ်နိမိတ်အဖြစ် သတ်မှတ် ထားသော နယ်စပ်မျဉ်း၏ အရှေ့ဘက်နား၌ စွန့်ပစ်ထားဟန်ဖြင့် စက်ဝိုင်းခြမ်း သဏ္ဌာန် ရှိနေကြသည်။ စက်သေနတ် ကြီးများမှ ကျည်ဆန် များသည် စတိဗ် ပက်ဂျက် ၏ ဦးခေါင်း အနားမှ ဝီခနဲ မြည်၍ ဖြတ်သန်း သွားကြ သည်။ စတိဗ်က ဘာရက်တာ သေနတ်နှင့် ချိန်၍ ပစ်လိုက်၏။ လွဲသွားသည်။ ဒုတိယ ပစ်ချက်ကတော့ ထိမှန်ပါသည်။ မီးသတ်ဆေးဘူး အတုသည် ထ၍ ပေါက်ကွဲပြီး အနီးဆုံးရှိသော မီးတောက် မီးလျှံ



www.burmeseclassic.com

www.burmeseclassic.com

များ ပေါ်ထွက်လာသည်။ သူက နောက်တစ်နေရာသို့ ချိန်လိုက်ပြန်၏။ လွဲသွားသည်။ ထို့နောက် ထိမှန်ပြီး ပေါက်ကွဲ သွားပြန်ရာ ကြေး စား စစ်သား တစ်ယောက်က စူးစူးဝါးဝါး အော်ဟစ် လိုက်သည်။ နှစ်ချက် လွဲသွားသည်။ နောက်တစ်ချက် မှန်သည်တွင် တစ်ကိုယ်လုံး မီးစွဲလောင်ခံရသော ကြေးစားစစ်သား တစ်ယောက်က အော်လိုက် ပြန်၏။ ပက် ဂျက် က ဘာရက်တာ သေနတ်ကို ကုန်အောင် ပစ်လိုက်ပြီး ဆဲဆိုရေရွတ် လိုက်သည်။ သူ ပစ်ခဲ့သည်မှာ ဆယ့်တစ်ချက်။ သို့ရာတွင် ဆေးဘူး ငါးဘူးသာ ပေါက်ကွဲခဲ့သည်။

ဘာလိုဂီက သူ့ကို ဆွဲချလိုက်၏။

'စောင့်ကြည့်စမ်း စတီဗင်'

သူက အမ်ဂျီ ၄၂-၅၉ ၏ မောင်းကို ဆွဲလိုက်သည်။ ကျန်သော ဆေးဘူးများ ပေါက်ကွဲ သွားကြလေ၏။ အလွန် စိတ်အား ထက်သန်သော ဗိုလ်သည် ပေါက်ကွဲ မှုများ အကြားတွင် ပိတ်မိ နေ လေပြီ။ စိတ်ဓာတ် ပျက်ပြား သွားသော ကျန် နေ သေးသူများသည် ကစဉ့်ကလျား ထွက်ပြေးကြ လေ၏။

ဆောင့်ကြောင့် ထိုင်နေသော စတီဗ်ပက်ဂျက်သည် နန်းတော် အုတ်တံတိုင်း၏ အနောက်ဘက် ကောင်းကင် ဆီ သို့ ထိုးတက် သွားသော လေ ယာဉ်ပျံ တစ်စီးကို ဖျတ်ခနဲ မြင်လိုက်ရသည်။

'မိုးစရွာ နေပြီ' ဟု သူက ကြေငြာလိုက်၏။

အချိန်ကိုက်ပဲ ဟု သူက စိတ် ပင် ပန်း ကြီး စွာ တွေးလိုက်မိသည်။ ထိုကိစ္စသည် 'အချိန်ကိုက်မှု' နှင့်



လူသားတို့၏ အချို့သော အရည်အချင်း များသည် တစ်ပုံစံတည်း ဖြစ်တတ် ကြသည် ဆိုသော သီအိုရီ အပေါ်၌ အခြေခံထားခြင်း ဖြစ်ပေသည်။

## ၅၆

မိုက်ကယ်ပိုဂလာသည် နယူးရောခ်ရှိ စတိဗ်ပက်ဂျက် ၏ သုတေသန ဌာန ရုံးခန်းနှင့် ဆက်သွယ်ရေးဌာန တို့ကို သူ့ရုံးခန်းအဖြစ် အသုံးပြုနေသည်။ အချိန် ကတော့ နံနက် ၆ နာရီနှင့် ၅၃ မိနစ် ရှိနေလေပြီ။ အနှောင့်အယှက် များလွန်းလှသောကြောင့် စတိဗ် ပက်ဂျက်နှင့် တပ်ဖွဲ့ ဘီ မှ ရဟတ်ယာဉ် များအား အဆက် အသွယ် ပြု လုပ် ၍ မရနိုင်ပါ ဆိုသော ဂျက်ကော့ဟတ်ရှ်၏ အစီရင် ခံချက်ကို ကြားရပြီး နောက်ပိုင်းတွင် ပိုဂလာသည် စိတ်ဓာတ် ပျက်ပြားပြီး ကယ်မည့်သူ ကင်းဝေးသော စိတ် အနေအထားနှင့် ပုံကျသွားခဲ့ လေ၏။ ဂါလာ မြို့တော်တွင် တရား ဥပဒေ စိုးမိုး ရေးကို ကူညီ ဆောင်ရွက် ပေး ရန် ပက်ဂျက်နှင့် သူ့လူများကို အကူ အညီ တောင်း၍ မရနိုင်တော့လေပြီ။

'အဲဒါကို ဖခင်စိတ် မွေးတယ်လို့ပဲ ပြော ပြော ငါက အဲဒီလူတွေကို လျစ်လျူရှု ထား လိုက်ရမယ် ဆိုတဲ့ ခံစားမှုမျိုးကို ခံစားနေရတယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com

သူက သူ့တပည့် တစ်ယောက်အား ပြောလိုက်ခြင်း ဖြစ်သည်။

'စီစီအိုင်နဲ့ ကမ်မ်ကို ကိစ္စက ရှိနေ ပါသေးတယ် မစ္စတာ ဗိုဂလာ'

'ငါ့ပထမ မူလ တာဝန်ကတော့ ဘာဆိုတိုနိုင်ငံ ပဲကွ၊ ဂျိတ်ခ် ပြောတဲ့ ဆူပူသောင်းကျန်းမှုဟာ ပိုပြီး ဆိုးရွား လာမယ် ဆိုရင် အဲဒါဟာ ငါ့အပြစ်ပဲ ဖြစ်လိမ့်မယ်'

သူသည် စတိဗ်၏ စားပွဲပေါ်မှ (နာရီနှင့် မိနစ် ဂဏန်းများကို ပြသသော) ဒီဂျစ်တယ် နာရီမှ ဂဏန်းများ ပြောင်းလဲ နေကြသည်ကို အဓိပ္ပာယ်ကင်းမဲ့စွာ ငေးကြည့် နေသည်။ သူသည် ဝေဒနာကို နံနက် ၆ နာရီ ၅၃ မိနစ်တွင် စတင်၍ ခံစား လိုက်ရခြင်း ဖြစ်သည်။

မိုက်ကယ် ဗိုဂလာအား ဆရာဝန် များက အမြဲ တစေ သတိပေး ခဲ့ကြသည်။ သူသည် လွန်ခဲ့သော နှစ်အနည်းငယ်က ရုတ်တရက် နှလုံးရောဂါ ရခဲ့ဖူးသည်။

'အင်မတန် ဆိုးရွားတဲ့ နှလုံးကြွက်သား သွေးပြတ် တစ်မျိုး သေမှုပဲ၊ ဒါပေမယ့် ခင်ဗျား သိပ်ကံကောင်းတယ် မစ္စတာ ဗိုဂလာ၊ ခင်ဗျား အသက် အရွယ်နဲ့ ဆိုရင်....'

သူက ဝေဒနာကို ခွဲခွဲခြားခြား သတိထားလိုက်မိသည်။ ယခင်က ဝေဒနာမျိုးပင် ဖြစ်သလို အသက်ရှူရသည်မှာလည်း ပို၍ ပို၍ ခက်ခဲလာသည်။



မိုက်ကယ်ဗိုဂလာသည် သေရမည့် ကိစ္စသက်သက်ကိုတော့ မကြောက် လန့်ပါ။ သို့ရာတွင် အစစအရာရာသည် လုပ်တုန်း ကိုင်တုန်း မှာပင် ရှိနေသေးပြီး မည်သည့် ကိစ္စကိုမှ အပြတ် မဖြတ်နိုင်သေးခင် သူမသေလိုသေးပါ။

သူက ပြောလိုက်၏။

'မင်းက သူနာတင် ယာဉ်နဲ့ ငါ့ဆရာဝန် တွေကို လှမ်းခေါ် လိုက်ရင် ကောင်းလိမ့်မယ် ထင်တယ်'

ထိုကဲ့သို့ ဆောင်ရွက်၍ ပြီးစီးသွားသော အခါ သုတေသနဌာန၌ရှိနေသူ တစ်ယောက်က သတိရလိုက်လေ၏။ ကော်ပိုရေးရှင်း၏ သုတေသနဌာန သို့မဟုတ် ဗွီအိုင်အီးနှင့် မိုက်ကယ်ဗိုဂလာ၏ နေရာတွင် ဆက်ခံမည့် ပုဂ္ဂိုလ်ကို လျာထား သတ်မှတ်ခြင်း မပြုရသေးပါ။

'ကယ်လီဖိုးနီးယားမှာ ရောက်နေတဲ့ မစ်(စ်) ဒိုင်ယာနီနဲ့ ဆက်သွယ်လို့ ရနိုင် မလား မစ္စတာ ဗိုဂလာ'

အသက်ရှူ ရသည်မှာ အလွန်ခက်လာသော်လည်း ဒိုင်ယာနီသည် ကယ်လီဖိုးနီးယားသို့ မရောက်သေးကြောင်း၊ ဒိုင်ယာနီသည် လွန်ခဲ့သည့်ညက ဟိုတယ် ပီရီ၌ နေထိုင် ခဲ့ပြီး နံနက် စောစော ထွက် မည့် လေယာဉ်ပျံ တစ်စီးနှင့် ထွက်ခွာသွားမည်ဖြစ်ကြောင်း ကြိုးစားပြီး ဖြေလိုက်သည်။

'သူ အဲဒီမှာ ရှိနေနိုင်သေးသလား'

'မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com

သူ့နှလုံးကို ဆုပ်ကိုင်ထားသော လက်သီးဆုပ်ကြီးက ပို၍ တင်းကျပ်လာပြီး အသက်ရှူနိုင်အောင် အတင်းကြိုးစား နေရမှုက ထိုထက်ပို၍ ပြောမရအောင် ပိတ်ပင်ထားလိုက်လေ၏။

စက္ကန့်ပိုင်း သို့မဟုတ် စက္ကန့်ကလေး တစ်စက္ကန့်က အများကြီး ပြောင်းလဲသွားစေနိုင်ခဲ့ပါ၏။

ဟိုတယ် ပီရီမှ အလုပ်သမား တစ်ယောက်သည် ဒိုင်ယာနီဗိုဂလာ၏ အဝတ်အစား သေတ္တာ များကို သယ်ဆောင်ပြီး ယာဉ်မောင်းဖြစ်သူ မောင်းနှင်မည့် မော်တော်ကား၏ နောက်ဘက်အံဖုံးထဲ၌ပင် ထည့်သိုပြီးစီးခဲ့လေပြီ။

နောက် တစ်စက္ကန့် ဆိုပါက ဒိုင်ယာနီဗိုဂလာသည် တံခါးကို ပိတ်ပစ်ခဲ့ပြီး စင်္ကြံ လမ်းထဲသို့ ရောက်ရှိနေပါလိမ့်မည်။

ဒိုင်ယာနီသည် စိတ် အနှောင့် အယှက် ဖြစ်သွားသောကြောင့်မျက်မှောင်ကုတ်ပြီးရပ်တန့်လိုက်လေ၏။ သူ့ တယ်လီဖုန်းမှ ခေါင်း လောင်း သံ မြည်နေပါသည်။ ဒိုင်ယာနီ စိတ်ထဲ၌ ဖြစ်ပေါ်လာသော ပထမခံစားချက်မှာ ထိုအသံကို ဂရုမစိုက်ရန်ပင် ဖြစ်သည်။ အနီးဝိုးနား၌ ရှိနေသော အဲလိဇဘက်ရတ်တလက်၍ ကင်းဖီးလ်အား လိုက်လံ ထောက် လှမ်း လို သည့် ဆန္ဒက သူ့ စိတ်ထဲတွင် လွှမ်းမိုးနေသည်။ ဒိုင်ယာနီသည် ရူးသွပ်နေသော ထိုအမျိုးသမီးနှင့် တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် သို့တည်းမဟုတ် ထိုအမျိုး



သမီး၏ လျှို့ဝှက်ချက်ကိုသိရပြီးသည်နှင့် တစ်ပြိုင်နက် သူ့ထံတွင် ချားလ်စ်ကင်းဖီးလ်အား ဖျက်ဆီး ဖြိုခွဲပစ်နိုင်မည့် စွမ်းအားကို မလွဲမသွေ ရရှိလာလိမ့်မည်ဟု ယုံကြည်ထားသည်။ ထို့နောက်တွင်ကား စတိဗ်ပက်ဂျက်သည် ဗွီအိုင်အီး၏ ချယ်ရာမင်ဖြစ်လာစရာအကြောင်း မရှိတော့ပါ။ သူက သူ့လိုအင်ဆန္ဒကို ဖခင်ဖြစ်သူ မိုက်ကယ်ဗိုဂလာအား တင်ပြ၍ အရေးဆိုနိုင်တော့မည် ဖြစ်ပါ၏။

ဆက်လက်၍ မြည်နေသေးသော တယ်လီဖုန်းကို ဂရုမစိုက်ဘဲ ထားရစ်ခဲ့လိုသော ဆန္ဒက အလွန်ပြင်းထန်ပါသည်။ သို့တိုင်အောင် ထွက်ခွာချိန်နောက်ကျမည်ဟု လေကြောင်းကုမ္ပဏီက ဆက်သွယ်တာလည်း ဖြစ်နိုင်သည်ဟု ဒိုင်ယာနီ တွေးလိုက်မိသည်။

ချီးမှုပဲ။

အကယ်၍ ထိုကဲ့သို့ ဖြစ်လာခဲ့ပါက အခြားလေယာဉ် တစ်စီးနှင့် ပြောင်းလဲ၍ စီးတော့မည်။ သို့တည်းမဟုတ် လေယာဉ်ပျံကို တစ်စီးလုံးငှားရမ်း၍ စီးနင်းသွားတော့မည်။

ဒိုင်ယာနီသည် အခန်းထဲသို့ ပြန်ဝင်သွားသည်။ သူသည် ဧည့်ခန်း အပြင်ဘက်ရှိ အခန်းငယ်ကလေးထဲမှ တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်ပြီး ခပ်ဆတ်ဆတ် ပြောလိုက်လေ၏။

'ကဲ ဆိုစမ်းပါဦး'

'မစ်(စ်)ဒိုင်ယာနီ'



www.burmeseclassic.com

www.burmeseclassic.com

ဆက်သွယ်လာသူမှာ ပက်ဂျက်၏ အတွင်းရေးမှူး နန်စီပင် ဖြစ်နေသည်။ နန်စီသည် အထိတ်တလန့်နှင့် အသက် မရှူနိုင်အောင် ဖြစ်နေသည်။

'ရှင်နဲ့ အဆက်အသွယ်ရလို့ တော်သေးတာပေါ့ ရှင်၊ ရှင့် ဖေဖေ....'

ဝိုင်ယာနီ၏ မော်တော်ကားသည် သူ့ကို ကနေဒီ လေဆိပ်သို့ ခေါ်ဆောင်သွားမည့် အစား မောင့် ဆိုင်းနိုင်း ဆေးရုံသို့ ခေါ်ဆောင် သွား သည်။ မိုက်သည် အထူးတလည် ပြုစု စောင့်ရှောက်နေရသော အခန်းထဲသို့ပင် ရောက်ရှိနေသည်။

'ပြင်းထန်တယ်၊ အဲဒါထက် ပိုပြီးပြောဖို့ကတော့ သိပ်ကို စောလွန်းပါသေးတယ် မစ်(စ်) ဗိုဂလာ၊ ဟုတ်ပါတယ်၊ ခင်ဗျားကို မြင်တွေ့ရတဲ့ ကိစ္စဟာ သူ့ကို ဆိုးကျိုးထက် ကောင်းကျိုး ပိုဖြစ်စေမှာပါ။ ဒါပေမယ့် ခဏလောက်ပဲ နေပေးပါ'

မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသော မိုက်အား ဝိုင်ယာကြိုး မျိုးစုံကို သုံးစွဲ၍ အီလက်ထရွန်းနစ် ကိရိယာ တစ်ခုနှင့် ဆက်သွယ်ထားသည်။ ၎င်းအပြင် အောက်စီဂျင် လွှတ်ပေးထားသော ပလတ်စတစ် တဲအိမ်ကလေးထဲ၌ ရောက်နေသည်။ သူ့ အတွက် အောက်စီဂျင် ရယူဖို့ အချိန် အနည်းငယ်သာ လိုပါ သည်။

'မင်းသမီးကလေး'



သူ့ အသံသည် ပြောခါစတွင် လေပျော့နေသေးသော်လည်း ဆက် စကားပြောချိန်တွင် ပို၍ အားကောင်းလာသည်။

'ငါ့ အခြေအနေက ဗွီအိုင်အီးရဲ့ အခြေအနေထက် ပိုကောင်းပါတယ်၊ မင်းက အဲဒီကိုသွားပြီး ဆက်လုပ်ပေးစမ်းပါ'

မိုက် ကွယ်လွန်သွားမည်ကို စိုးရိမ်ကြောက်လန့်ပါသော်လည်း ဝိုင်ယာနီသည် ဝမ်းသာပျော်ရွှင်မှုကို ခံစားလိုက်ရသည်။ သူ့ အစွမ်းကိုပြပြီး သူ လိုချင်တာကို အရယူတော့မည်။ သို့ရာတွင် သူလိုချင်တာ မှန်သမျှကို တစ်နည်းမဟုတ် တစ်နည်းနှင့် သူ အမြဲတမ်း ရယူခဲ့သည်သာ ဖြစ်သည်။ သူက ငုံ့ပြီး မိုက်ကယ်ဗိုဂလာ၏ နဖူးကို မွှေး မွှေး ပေး လိုက်လေ၏။

မိုက်က ထပ်ပြောလိုက်ပြန်သည်။

'မင်း မိတ်ဆွေအတွက် စိတ်မကောင်းပါဘူးကွာ'

သူ့ အသံသည် ပြန်၍ အားပျော့သွားခဲ့လေပြီ။

'သူက မင်းနဲ့ ကျုပ်....ကျုပ်တို့ကို ခွင့်လွှတ်ပါစေလို့ ပြောရတော့မှာပဲ'

သူနာပြု ဆရာမ တစ်ယောက်နှင့် အသင့်စောင့်နေသော ဆရာဝန်တို့က ဝိုင်ယာနီအား ပြန်သွားရန် အချက်ပြလိုက်သည်။ ဝိုင်ယာနီသည် ဆေးရုံ အပြင်ဘက်သို့ ရောက်ရှိပြီး စောင့်နေသော မော်တော်ကား ဆီသို့ လမ်းလျှောက်လာသည့်အချိန်ကျမှ မိုက်ဗိုဂလာ နောက်ဆုံးပြောခဲ့သော စကားကို အဓိပ္ပာယ်ပေါက် လာတော့သည်။ ဝိုင်ယာနီ ပြန်၍ သတိရလာ၏။



www.burmeseclassic.com

www.burmeseclassic.com

သူသည် ကယ်လီဖိုးနီးယားမှ သေလုမြောပါး ဖြစ်နေသော သူငယ်ချင်း တစ်ယောက်ထံ သွားရောက်မည်ဟု ဆိုထားခဲ့သည် မဟုတ်ပါလား။

'ဘုရားသခင် ကယ်တော်မူပါ'

သူက အသံထွက်၍ ပြောလိုက်မိလေ၏။ မိုက်တစ်ယောက် သေလုမြောပါး ဖြစ်နေ လေရော့သလား။ အကယ်၍ သူ သေသွားခဲ့သည် ရှိသော် မည်သို့မည်ပုံ ဖြစ်လာလေမည်နည်း။

သူ မကြားရလေအောင် ကြိုးစား နေ သော ခန္ဓာကိုယ် အတွင်းပိုင်းမှ အသံ တစ်သံက ထိုအမေးကို ဖြေလိုက်လေ၏။

'ဒါဆိုရင် မင်းက သူ့ စတော့ ရှယ်ယာတွေကို အားလုံး အမွေရတော့မှာ ဖြစ်သလို ဗွီအိုင်အီးဟာ မင်းအပိုင် ဖြစ်လာတော့မှာပဲ'

ဗိုင်ယာနီ ဗိုဂလာက သူ့ကိုယ်သူ ရွံရှာမုန်းတီးသင့်ကြောင်း ထို အခိုက်အတန့် မှာပင် သိလိုက်ပါသည်။ သို့ရာတွင် သူကတော့ မမုန်းတီးခဲ့ပါ။

အယ်လီဆန် ကရိတ်ချ်၏ တဲလက် ရောက်ရှိလာချိန်တွင် ဘဏ္ဍာစိုး ဝတ်ဆ်က ကင်းဖီးလ်ကို အိပ်ရာမှ နှိုးလိုက် သည်။ ထို သ တင်း ပို့ ချက် ၏ လေ သံ မှာ အေးအေးဆေးဆေး တည်တည် ငြိမ်ငြိမ်နှင့် စိတ်ချလက်ချ ပုံစံမျိုး ဖြစ်နေသည်။ သိပ်လွန်ကြူးနေလေရော့သလားဟု ကင်းဖီးလ်က တွေးလိုက်မိ၏။ သူ မကြာခင် သိရပါလိမ့်မည်။



စီစီအိုင်မှ အကြီးအကဲများအား တယ်လီဖုန်းဆက်၍ အိပ်ရာထဲမှ ထခိုင်းလိုက်သည်။ စီစီအိုင်အဆောက်အအုံတွင် ညပိုင်း၌ တာဝန်ကျနေသော ဝန်ထမ်းများကိုလည်း ညွှန်ကြား ထား လိုက် သည်။ အာရီဝက်အတွင်းမှာပင် သတင်းရနိုင်မည့်နေရာများမှ ရနိုင်သမျှသော သတင်းများကို ညှစ်ထုတ် ရယူပြီးခဲ့လေပြီ။ မဝမ်ဒီ နိုင်ငံကဟု ယူဆရသော လေယာဉ်ပျံတစ်စီးသည် လေယာဉ်ပျံ ပြပွဲကို စက်သေနတ်နှင့် ပစ်ခတ်ပြီး ဗုံးနှင့်ကြဲချခဲ့သည်။ သေဆုံးသူ ဦးရေမှာ များပြားလှသည်။ ဂါလာမြို့တော်တွင် ဆူပူမှုများနှင့် ငြိမ်မသက်မှုများ၊ အဓိကရုဏ်းများ ဖြစ်ပွားနေသည်။

ကျိုးကြောင်း ဆက်စပ်မှုများက ကင်းဖီးလ်အား စိတ်ချောက်ချားစေခဲ့ပါ၏။ သူ့ထံတွင် နိုင်ငံခြားရေးဝန်ကြီး ဘလက်ဆင်ဂိမ်း၏ နေအိမ် တယ်လီဖုန်းပါတ်ရှိနေသည်။ အိပ် ချင် မူး တူး ဖြစ် နေ သော ဘလက်ဆင်ဂိမ်းက လိုက်စကို လုံး ဝ မ သိ ကြောင်း ပြောတော့သည်။

'ခင်ဗျားကို အသိမပေးကြဘူးလား'

စီဂျေက မေးလိုက်ခြင်း ဖြစ်ပါ၏။

'ဒီမှာ စီဂျေ၊ ညပိုင်းမှာ အာဖရိကမှာ ဖြစ်နေတဲ့ အသေးအဖွဲ့ကိစ္စကလေးတွေ အားလုံး ကျုပ်ကို အသိပေးရမယ်ဆိုရင် ကျုပ်အတွက် တယ်လီဖုန်း အလုံးတစ်ရာလောက် လို အပ် မှာ ဖြစ် သ လို ကျုပ်သိတစ်မှေးမှ အိပ်ရတော့မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျား ဒီကနေ့ ပြော မယ့် ကြေငြာ ချက်က ဘယ်လိုလဲ'

'ကျုပ်ကတော့ ပုဒ်ဖြတ်ကလေး တစ်ခုကိုတော့ ပြင်မှာမဟုတ်ဘူး၊ လိုဂန်ရဲ့ အစိုးရအဖွဲ့ဟာ အာဖရိက မှာ ရှိတဲ့ မိတ်ဆွေတွေကို ထောက်ခံတယ်၊ အဲဒါက ခင်ဗျား....အဲလေ....မဝမ်ဒီ နိုင်ငံကို မိတ်ဆွေအဖြစ် လက်ခံထားတယ်'

ကင်းဖီးလ်က ပြန်အဆက်ဖြတ်လိုက်၏။ အယ်ဒီ ဆန် ကရိတ်ချ်ပြောတာ မှန်သည်။ စိုးရိမ်စရာ အလား အလာ မရှိသည့် အပြင် ဘာဆိုတို၊ ဗွီအိုင်အီးနှင့် မိုက်ကယ်ဗိုဂလာတို့ ကျဆုံးမည့် အချိန်ကလည်း နီးကပ်လာပါပြီ။ သူ ဖြစ်နိုင်လိမ့်မည်ဟု ထင်ထား တာထက် ပို၍ နီးကပ်လာလေပြီတည်း။

ဗိုင်ယာနီသည် အစီရင်ခံချက်များကို နားထောင်ပြီး တဲလက်များ၊အစီရင်ခံစာများနှင့်လျှို့ဝှက်သင်္ကေတ အဓိပ္ပာယ် ဖော်ထားသော သတင်းပို့လွှာများကို ဖတ်ရှုသည်။ သူက ဆယ်မိနစ်ကြာအောင် သတင်း အချက်အလက်များကို သုံးသပ် ဂေဖန်လိုက်သည်။ အခြေအနေ ဆိုးရွားနေပြီ။ ကြီးကြီး ကျယ်ကျယ် ဆိုးဆိုးရွားရွား ဖြစ်လာစရာတောင် ရှိသည်။ မည်သူ့ ကို အပြစ်တင်ရမည်လဲ။

တစ်အချက်။ ဂျက်ကော့ဟတ်ရှ် နှင့် စတီဗင် ပက်ဂျက်တို့သည် လူလိမ် လူညာတွေ ဖြစ်ကြသည်။ အနှောင့်အယှက်များ ရှိနေသောကြောင့် ရေဒီယိုနှင့်



ဆက်သွယ်၍ မရပါ ဆိုသော ကိစ္စသည် ညာပြော ခဲ့ကြခြင်း ဖြစ်သည်။ အခြား မည်သည့် ကိစ္စတွေကို လိမ်ညာ၍ ပြောခဲ့ကြသနည်း။

သူက ဆက်သွယ်ရေး ဂြိုဟ်တုမှ တစ်ဆင့် ဂျက်ကော့ဟတ်ရှ်နှင့် ဆက်သွယ်လိုက်၏။ သူ့အသံကို ကြားလိုက်ရသောကြောင့် ဂျက်ကော့ဟတ်ရှ်က တအံ့ တသြ ဖြစ်သွားသည်။

'ဗိုင်ယာနီ မင်းက ကယ်လီဖိုးနီးယားကို ရောက် နေပြီလို့တောင် ထင်ထားတာ'

'ရှင် ထင်တာတွေကို အသာဘေးခ်ိတ်ထားလိုက် စမ်းပါ၊ ဒက်ဒီက နှလုံးရောဂါနဲ့ ဆေးရုံကို ရောက် နေတယ်၊ နေဦး၊ ကြားက ဖြတ်မပြောပါနဲ့၊ ခုကိစ္စ ရှင်းသွားအောင် နားထောင်စမ်းပါ၊ ကျွန်မက အကြီးအကဲ၊ ဗွီအိုင်အီးရဲ့ တာဝန်ခံ၊ ကျွန်မ ရှင်းလေ ကြားချင်တဲ့ကိစ္စက ရှင်တကယ်သိထားတဲ့ ကိစ္စ၊ ကျုပ်ရင် စပြောရမယ် ဆိုရင် ပက်ဂျက်၊ ဘလိတ်နဲ့ ဝ ဘီက ဘယ်မှာ ရောက်နေကြသလဲ'

'ကျုပ်မသိဘူး၊ သူတို့က စစ်ဆင်ရေး လုပ်ရင်း ဂါဒူးမြို့တော်မှာ ရောက်နေသင့်တာပဲ'

'ခုချက်ချင်း သူတို့ကို ရေဒီယိုနဲ့ ဆက်သွယ်ပေး စမ်းပါ'

'မဖြစ်ဘူး၊ ဆက်သွယ်လို့ မဖြစ်နိုင်ဘူး ဗိုင်ယာနီ'

'အနှောင့် အယှက်တွေ သိပ်များနေလို့လား'

ဗိုင်ယာနီက ဒေါ်တော့တော့ ပြောလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ပါဘူး၊ သူတို့က မြေပြင်ပေါ်ကို မဆင်းခင် ကတည်းက ရဟတ်ယာဉ်ပေါ်က ရေဒီယိုတွေကို စတိဗ်က ပိတ်ပစ်ခဲ့လို့ပါ'

'ဘာဖြစ်လို့လဲ'

'သူက ရေဒီယိုနဲ့ မဆက်သွယ်ဘဲ ထုံးစံအတိုင်း တမင် မှောင်ချထားတာပါ' ဗိုင်ယာနီ၏ ဒေါသကို သိထားသောကြောင့် သူက ပြောသင့် မပြောသင့်ကို ချိန်ဆလိုက်ပါသေးသည်။ နောက်မှ အနေ အထား အမှန်ကို သိစေလိုသဖြင့်....

'ဒါမှ ကျုပ်တို့လို အပြင်လူတွေက သူ့ကို မနှောင့်ယှက်နိုင်အောင် ဝင်မစွက်ဖက်နိုင်အောင်လို့ပါပဲ'

'အပြင် လူတွေ ဟုတ်လား'

တ်ယာနီ အကြီးအကျယ် ဒေါပွလာပါပြီ။

'ဒီ အထဲမှာ ကျွန်မလဲ ပါတယ်လို့ ရှင်က ဆိုလိုး'

ဒိုင်ကတွေ့ လုပ်တဲ့ ကိစ္စမှာ မပါ ဝင်တဲ့ လူလုံး ပါဝင်ပါတယ်၊ ပါမှလဲ ဖြစ်မယ်'

'စတိဗ်က သူ့ကိုယ်သူ ဘာလို့ ထင်နေလို့လဲ'

'ဗိုင်ယာနီ၊ စတိဗ်က လူ အတော်များများအတွက် တာဝန် ယူထားရတယ်၊ ခုအချိန်ဆိုရင် သူတို့ဟာ လည်ပင်းအထိ နစ်မြုပ်နေကြပြီး ဟိုဘက်ကိုတောင် ရောက်ချင် ရောက်နေလိမ့်မယ်၊ သူ့ဆီမှာ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်နဲ့ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့် ရှိဖို့ လိုပါတယ်'

'ရှင်နဲ့ သူတို့က တစ်ခုခုကို မေ့နေကြပြီ ထင်တယ်၊ ရှင်တို့ ဆရာသမားက မိုက်ကယ် ဗိုဂလာ၊ သူက



ရှင်တို့ကို အမိန့်ပေးတယ်၊ ခုလောလော ဆယ်မှာ တော့ ကျွန်မက သူ့နေရာကို ဝင်ယူ ထားတယ်၊ ကျွန်မက အမိန့်တွေ ပေးနေတယ်'

အလကားပါပဲ ဟု ဂျက်ကော့ဟတ်ရှ်က စိတ်ပျက်လက်ပျက်နှင့် တွေးလိုက်၏။ အလိုလိုက် ထားသောကြောင့် ပျက်စီးနေသော ကျားမကလေးသည် ဩဇာအာဏာ ဆိုသော လောဘနှင့် အသက် ပြန်ဝင်လာခဲ့လေပြီ။

'ဟုတ်ကဲ့ပါ မစ်(စ်) ဗိုဂလာ'

ဝေ့တော့တော့ ပြောမှုကို ဗိုင်ယာနီ သတိပြုလိုက်မိသည်။ ဂျက်ကော့ဟတ်ရှ်က ဗိုင်ယာနီအား အထက်သို့ ရောက်နေရာမှ မြေပြင်ပေါ်သို့ ပြန်ကျလာအောင် နောက်ဆုံး အနေနှင့် ကြိုးစားလိုက်သည်။

'စတိဗ်က ဆက်သွယ်လာတဲ့ အခါမှာ....အေးလေ တကယ်လို့ သူက ဆက်သွယ် လာတဲ့ အခါ ကျရင် ကျုပ်က သူ့ကို ပြောပြလိုက်ပါ့မယ်'

မထိန်းနိုင် တော့အောင် ဒေါသ ထွက် နေ သော ဗိုင်ယာနီက အဆက်အသွယ်ကို ဖြတ်တောက်ပစ်လိုက်လေ၏။ ဟတ်ရှ်သည် သူ့ဩဇာ အာဏာကို သိမ်ဖျင်းအောင် ပမာမခန့် ပြုလုပ် ခဲ့သည်။ သူ့ ကို လည်း သိမ်ဖျင်းအောင် ပမာမခန့် ပြုလုပ်ခဲ့သည်။ ပက်ဂျက်သည် အန္တရာယ်နှင့် တွေ့ကြုံ နေရသည်ဟု နိမိတ်ပြပြောဆိုမှုကိုလည်း အသာ ခေါက်ထား လိုက်စမ်းပါ။ သူတို့အားလုံးကို ထို လုပ်ငန်းအတွက် တန်ရာတန်ဖိုး ပေးခဲ့ပြီး လေပြီ။ ပက်ဂျက် သည် လည်း ထိုနည်း လည်းကောင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

စတိဗ်သည် မိုက်ကယ် ပိုဂလာအတွက် ဗွီအိုင်အီးကို ကယ်တင်ရန် သူ့ အသက်ကို စွန့်စား နေခြင်း မဟုတ်ပါ။ ဘာယ် ဟုတ်ရမှာလဲ။ ဒိုင် ယာ နီ သည် နောက်ဆုံးတွင် ထင်ထင် ရှားရှား သိမြင်လာခဲ့ပါပြီ စတိဗ် ပက်ဂျက်သည် သူသည် မိုက်ကယ်ပိုဂလာ၏ အချစ်တော်၊ အစားထိုး ခံထားရသော သား ဖြစ် ကြောင်း သိထားပြီးဖြစ်သည်။ စတိဗ်က ဘုတ်အဖွဲ့၏ ချယ်ယာမင် ရာထူးကို မျက်စိကျနေသည်။ စတိဗ်သည် သူ့ အတွက် ဗွီအိုင်အီးကို ကယ်တင်နေခြင်းဖြစ်သည်။ ဒိုင်ယာနီ ရရှိမည့် ရာထူးအား မိုက် က သူ့ ကို ပေးအောင် လုပ်ကိုင်နေခြင်း ဖြစ်သည်။

'နန်စီ'

ဒိုင်ယာနီက ယခင်က စတိဗ်၏ အတွင်းရေးမှူး ဖြစ်ခဲ့ပြီး ယခု သူ့ အတွင်းရေးမှူး ဖြစ် နေသော နန်စီအား အင်တာကွန်မှ တစ်ဆင့် လှမ်းခေါ် လိုက်၏။

'ကျွန်မ ဖေဖေရဲ့ နောက်ဆုံး အ ခြေ အ နေ ကို မောင့်ဆိုင်းနိုင်း ဆေးရုံက စုံစမ်းပြီး လက် ရေး တို စာအုပ် တစ်အုပ်နဲ့ ကျေးဇူးပြုပြီး လာခဲ့ပါ၊ ကျွန်မက မှတ်တမ်း တစ်ခုကို နှုတ် တိုက် ချ ပေး ချင် တယ်။ အပြောင်း အလဲတွေ လုပ်ချင်တယ်'

၅၇

ဂါဒူးမြို့တော်သည် နိုင်ဂျီးရီးယားနိုင်ငံမှ လားဂိုစ်၊ ိုင်ယာနိုင်ငံမှ ကင်ဆာရှာတို့နှင့် နှိုင်းယှဉ်ပါက သေးငယ်သည်ဟု ဆိုရမည် ဖြစ်သော်လည်း လူဦးရေ တစ်သန်းကျော် နေထိုင်လျက် ရှိသည်ဟု ဆိုပါသည်။

အဆိုပါ လူဦးရေတို့၏ ကိုးဆယ် ရာနှုန်းသည် ာတိချက်ကြွေ မွေးရပ်မြေ ဖြစ်သော ကျေးလက် ဒေသ၏ ဆင်းရဲမှုမှ ကင်းလွတ်စေရန် အတွက် ို့တော်သို့ လာရောက် နေတိုင်ကြခြင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် စာပေ တတ်မြောက်မှု မရှိကြ သလို အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ ပညာရပ် ျားကိုလည်း တတ်မြောက်ကြခြင်း မရှိပါ။ ရလဒ် အနေနှင့် ဂါဒူးမြို့တော်၏ နေရာဒေသ အများစုမှာ က်ဆုပ်ရွံရှာဖွယ် ကောင်းလှသော ဆင်းရဲသား ပ်ကွက်များ ဖြစ်နေကြခြင်းပင် ဖြစ်တော့သည်။ မ်းအများစုမှာ ကျဉ်းမြောင်းသည်သာမက စနစ် ကျ လမ်းခင်းထားခြင်း မရှိသလို ဆင်းရဲသား ပ်ကွက်၌ ဟိုကွေ့ ဒီကောက် ဖြစ်နေကြသည်။

ဤ နောက်ဆုံးအချက်နှင့် စပ်လျဉ်း၍ ၁၉၆၀ ည့်နှစ် တစ်ပိုက်တွင် အမေရိကန် လေတပ်မတော်အ လေဆိပ်နှင့် မြို့တော်ကို ဆက်သွယ်၍ ဖောက်လုပ်

www.burmeseclassic.com

ထားခဲ့သော ဟိုက်ဝေးလမ်းမကြီး၊ ဧက ငါးရာကျော်
ကျယ်ဝန်းသော နန်းတော်ဝင်း၏ ပတ်ပတ်လည်
ကျယ်ဝန်းပြီး လှပသော လမ်းမကျယ်ကြီး အချို့
ဂါဒူးဂရင်း ဟိုတယ်မှ နေ၍ ရှုပ်ထွေးလှသော
လမ်းများနှင့် ဆက်သွယ်ပေးရန် ဖောက်လုပ်ခဲ့သော
လမ်းကြောင်း နှစ်ကြောင်း ပါရှိသည့် အပြီးမသတ်
သော ရိပ်သာလမ်း တစ်လမ်း စသည်ဖြင့် ခြွင်းချက်
များကတော့ ရှိနေပါသေးသည်။

ဂါဒူးမြို့တော်၏ တစ်နေရာမှ အခြားတစ်နေရာသို့
သွားရောက်လိုသည် ဆိုပါက ရှုပ်ထွေးပွေလီလှသော
လမ်းကြောင်းများကို သိထားဖို့ လိုအပ်ပါသည်။
မြို့တော်၏ အရှေ့ဘက်ရှိ စစ်တန်းလျားများ
အင်အက်စ်ဘီ တပ်ရင်းကို ဂါဒူးဂရင်း ဟိုတယ်သို့
ကမန်းကတန်း ပို့ဆောင်ပေးရန်အတွက် ထရပ်ကား
များကို မောင်းနှင်လာကြသော တိုင်းရင်းသား
ယာဉ်မောင်းများသည် လမ်းအကြောင်း ကောင်းစွာ
သိသူများ ဖြစ်ကြပါသည်။ ကြေးစား စစ်သား
စစ်ကူများကို ပို့ပေးရန်အတွက် လေဆိပ်မှ နန်းတော်
ဆီသို့ မောင်းနှင်လာကြသော မော်တော်ကားတန်း
ယာဉ်မောင်းများထံတွင်လည်း အသေးစိတ် ဖော်ပြ
ထားသော လမ်းမြေပုံများ ပါရှိလာကြပါသည်။
ထို့ကြောင့် ထိုယာဉ်တန်းများတွင် ၎င်းတို့သွားရောက်
ကြရမည့် နေရာများသို့ လျှင်မြန်စွာ မရောက်စေမည့်
အကြောင်းအချက်များ မရှိခဲ့ကြပါ။



မြို့တော်နေ လူထုသည် ဖြစ်ကတတ်ဆန်း ဆောက်
လုပ်ထားသောအိမ်များ၏ အတွင်းပိုင်း၌ ပုန်းအောင်း
နေကြသည်။ အချို့သည် အိမ်ထောင့် တစ်ထောင့်၌
စုရုံး၍ဖြစ်စေ၊ အချို့ကမူ ကြမ်းပြင်ပေါ်၌ ဝပ်စင်း၍
ဖြစ်စေ ပုန်းအောင်းနေခဲ့ကြခြင်း ဖြစ်သည်။ သို့ရာတွင်
ပြတင်းပေါက်များ ပပ်ကြားအက်များနှင့် အပေါက်
ကြီး အပေါက်ကြားမှ အပြင်ဘက်သို့ ချောင်းကြည့်
နေကြသော လူငယ်များနှင့် ကလေးများလည်း ရှိနေ
ကြပါသေးသည်။ သူတို့သည် လေယာဉ်ပျံများကို
ကြားကြရသည့် အပြင် ရောင်စုံ စက္ကူကလေးများ
လေထဲတွင် ပျံဝဲ၍ ကျဆင်းလာသည်ကိုလည်း မြင်တွေ့
နေကြသည်။

သူတို့သည် စာမတတ်သူများ ဖြစ်ကြသလို
ဆင်းရဲသည့် လူစုတွင် အောက်ဆုံးက ပါဝင်ကြသူ
များ ဖြစ်ကြသော်လည်း ကောင်းကင်က ကျလာသော
ပစ္စည်းများသည် မည်သည့် ပစ္စည်းများဖြစ်ကြောင်း
သိရှိကြပါ၏။

ပိုက်ဆံတွေ။

မဝမ်ဒီ နိုင်ငံ၌ သုံးစွဲသော ငွေစက္ကူများပင်
တည်း။

အမေရိကန်ဒေါ်လာ တန်ဖိုးနှင့် တွက်ချက်ပါက
ဆင့်သုံးဆယ် (ပြားသုံးဆယ်)ခန့်သာ တန်ဖိုးရှိသော
ဆယ်ပေါင်တန် မဝမ်ဒီ ငွေစက္ကူသစ် တစ်ရွက်သည်
သန့်သန့်စွမ်းစွမ်း ရှိနေသော မဝမ်ဒီ နိုင်ငံသား



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်၏ ပင်ပင်ပန်းပန်း လုပ်ကိုင်ရသော တစ်နေ့ လုပ်ခထက်ပင် ပိုမို များပြားနေပါသေးသည်။

အလွန် များပြားသော ငွေ ကြေး များ သည် ကောင်းကင်ပေါ်မှ မိုးရွာချသလို ကျဆင်းနေကြသည်။ ပထမဦးဆုံး ကျဆင်းလာသော ငွေစက္ကူများသည် အိုကျနေသော အိမ်ခေါင်မိုးများပေါ်သို့၊ အမှိုက်သရိုက်များ လတ်ဆတ်သော အညစ်အကြေးများနှင့် ပြည့်နှက်နေသော လမ်းများ ပေါ်သို့ ကျနေကြသည်။ သိပ် အယုံအကြည် မရှိလှသော အကြီးအကဲများနှင့် ထိတ်လန့် နေကြသော မိတ်များက အစပထမတွင် လူငယ်များကို ဟန့်တားထားရန် ကြိုးစားကြသည်။ သို့ရာတွင် နောက်ပိုင်း၌ သူတို့သည်ပင်လျှင် အပြင်ဘက်သို့ ကမန်းကတန်းပြေးထွက်လာကြလေ၏။ မိုးကောင်းကင်ပေါ်မှ ပိုက်ဆံမိုး ရွာချနေချိန်တွင် မည်သူက ပုန်းအောင်းနေလိမ့်မည်နည်း။

အိမ်များနှင့် တဲများထဲတွင် လူ တစ်ယောက်မှ မရှိကြတော့ပါ။ လူများက လုလည်း လုကြသည်၊ လမ်းဆွဲကြသည်၊ ထိုးကြိတ် သတ်ပုတ်ကြသည်၊ သန်သန်စွမ်းစွမ်း ကျင်ကျင်လည်လည် ရှိသူများက အိမ်ခေါင်မိုးများ ပေါ်မှ ငွေများကို ရယူရန် အိမ်ခေါင်မိုးများပေါ်သို့ တက်ကြသည်။ ၎င်းတို့၏ အလေးချိန်ကြောင့် အချို့ အိမ်ခေါင်မိုးများ ပြိုကျကုန်ကြသည်။

လေယာဉ်ပျံများ နောက်တစ်ကြိမ် ပျံသန်းကြပြန်၏။ ငွေတွေ ပို ကျဆင်းလာသည်။ မဝမ်ဒီ နိုင်ငံမှ ငွေ စက္ကူများထက် ပို၍ အရောင်ဖျော့သော ငွေစက္ကူများသည် အမေရိကန် ငွေ စက္ကူများ ဖြစ်ကြောင်း အချို့က သတိထားလိုက်မိကြသဖြင့် ပို၍ပင် လုယက်ကြတော့သည်။

လူတန်းကြီးများသည် အရှိန်အဟုန်နှင့် ပြေးထွက်လာကြပြီး နောက်ဆုံးတွင် ပေါင်းစပ်၍ ထိန်းမရသော လူအုပ်ကြီး အဖြစ်သို့ ရောက်ရှိသွားကြလေတော့သည်။ ဂါဒူးမြို့တော်၏ လူတစ်သန်းကျော် အနက် အများစုမှာ လမ်းပေါ်တွင် ရောက်ရှိနေကြသည်။

အင်အက်စ်ဘီ တပ်သားများကို တင်ဆောင်လာသည့် မော် တော် ကား တန်း ကြီး သည် ဆက် သွား ၍ မရတော့သောကြောင့် ရပ်တန့်လိုက်ရလေ၏။ ထို တပ်ရင်းနှင့် တွဲဖက်ထားသော လူဖြူ အကြံပေး စစ်သားများက တိုင်းရင်းသား စစ်သားများအား ပစ်ခတ် ထိုးဖောက်ပြီး ချီတက်ရန် အမိန့် ပေးလိုက်သည်။

တစ်လလျှင် လခ အဖြစ် ဆယ့်ခုနစ် ဒေါ်လာ ခန့်သာ ငွေကြေးရရှိကြပြီး လေထဲမှ ကျလာသော ငွေ များကို အရပ်သားများက ရယူနေကြကြောင်း မြင်တွေ့နေရသည့် တိုင်းရင်းသား စစ်သားများအား ထိုကဲ့သို့ အမိန့် ပေး ခြင်းသည် ကိုယ့် ကိုယ် ကိုယ် သေကြောင်းကြံစည်သည့် အမိန့်ပင် ဖြစ်ပေလိမ့်မည်။ ထ ရပ် ကား များ ပေါ် မှ ခုန် ဆင်း လာ ကြ သော




www.burmeseclassic.com

www.burmeseclassic.com

အင်အက်စ်တီ တပ်သားများသည် အကြံပေး ပုဂ္ဂိုလ်များအား သေနတ်နှင့် ပစ်၍ သော်လည်းကောင်း ဓားနှင့်ခုတ်၍ သော်လည်းကောင်း ရှင်းပစ်ခဲ့ကြပြီး အရပ်သားများ၏ လူအုပ်ထဲသို့ ဝင်တိုး၍ လုယက်ကြလေ၏။ အရပ်သားများကလည်း သူတို့ကို ပြန်လည်ခုခံကြသည်။

မြို့တော်၏ အနောက်ဘက်ခြမ်းမှ လမ်းများပေါ်တွင်လည်း အလားတူပင် ဖြစ်သည်။ သို့ရာတွင် ပို၍ လူအုပ်များသည်။ လူတစ်သိန်းကျော်ရှိသော လူအုပ်ကြီးသည် စုစုဝေးဝေးနှင့် ဟိုသွား ဒီသွား လုပ်ရင်း လမ်းတိုင်းကို လူများနှင့် အပြည့်အနှက် ပိတ်ဆို့ထားကြသည်။

လေဆိပ်မှ စေလွှတ်လိုက်သော စစ်ကူ မော်တော်ကားတန်းကြီး ရပ်တန့်သွားရလေပြီ။ မော်တော်ကားတန်းကြီး၏ ခေါင်းဆောင်ကလည်း လူဖြူ အကြံပေးအရာရှိများ ကဲ့သို့ပင် ဆုံးဖြတ်ခဲ့သည်။

'လူမည်းတွေကို ပစ်ခတ်ပြီး ရှင်းပစ်လိုက်ကြ'

ရှေ့ဆုံး ကားပေါ်၌ ပါလာသော ပြောက်ကျားဝတ် စုံ ဝတ် စစ် သား များ က လိုက် နာ ကြ သည်။ မတ်ခ်နိုင်း သေနတ်များနှင့် ကျည်ဆန်များကို အဆက်လိုက် ပစ်ခတ်ခဲ့ကြရာ ထို အခိုက်အတန့်မှာပင် လူရာပေါင်းများစွာသည် သေသူက သေ၊ ဒဏ်ရာရသူရ ဖြစ်ခဲ့ကြသည်။ တူ ထပ် သိပ် သည်း စွာ ရှိ နေ သော လူအုပ်ကြီးက နောက်ဘက်သို့ ပြန်ဆုတ် သွားကြသဖြင့် လူအုပ်ကြီးသည် ပို၍မင် သိပ်သိပ် သည်းသည်း ဖြစ်သွားရလေတော့သည်။

လေ ယာဉ်ပျံ တစ် စီး သည် ရပ် တန့် နေ သော မော်တော်ကားတန်းကြီးအတိုင်း မောင်းနှင်လာပြီး ဝမ်ဒီ နိုင်ငံမှ ငွေစက္ကူ များထက် ပို၍ အရောင်ဖျော့သော ငွေစက္ကူများကို ကြဲချခဲ့ပြန်၏။ လူဖြူကြေးစား စစ်သားများက ထိုငွေစက္ကူများသည် အမေရိကန် ငွေစက္ကူများ ဖြစ်ကြောင်း ချက်ချင်းသိမြင်ကြသည်။ ဒေါ်လာ ၅၀ တန် ငွေစက္ကူ တစ်ရွက်သည် ထရပ်ကား တစ်စီးပေါ်သို့ ကျလာသည်။ စစ်သား တစ်ယောက်က ဖမ်းယူလိုက်၏။

'ဒါ အစစ်ပဲကွ'

ဒေါ်လာ ၂၀ တန်၊ ၅၀ တန်၊ ၁၀၀ တန် အားလုံး ငွေစက္ကူ အစစ်ချည်းသာ ဖြစ်ကြပါသည်။

ထို လေယာဉ်ပျံသည် ပို၍ မြင့်သော နေရာမှနေ၍ နောက် တစ်ကြိမ် ဖြတ် ကျော် ပျံသန်း ပြန်၏။ ထို လေယာဉ်ပျံ၏ ဝမ်းဗိုက်ထဲမှ ကျလာသော ငွေစက္ကူများသည် ပို၍ ကျယ်ပြန့်သောနေရာများသို့ ရောက်ရှိသွားပေလိမ့်မည်။

ငွေရောဂါ ကူးစက်သွားပြီ ဖြစ်သောကြောင့် သံကမ်း မှန်သမျှ ပျောက်ကွယ်သွားရတော့သည်။ အော် ဟစ် နေ သော ကြေးစား စစ်သားများသည် ထရပ် ကား များ၊ ဂျစ် ကား များ နှင့် သံ ချပ် ကားများပေါ်မှ ခုန်ဆင်းနေကြသည်။

'ရပ်ကြစမ်း၊ ဒီကိုလာခဲ့ကြစမ်း၊....မသားတွေ'



www.burmeseclassic.com

www.burmeseclassic.com

ထို လူအုပ်နှင့် ပူးပေါင်းရန် ပြေးလာသော လူဖြူစစ်သားတစ်ယောက်က တပ်မှူး၏ ဦးခေါင်းကို ကွဲထွက်သွားအောင် မတ်ခ်နိုင်း သေနတ်ဒင် နှ ဆောင့်ပစ်ခဲ့သောကြောင့် သူ့အသံသည် ရပ်တ သွားရလေတော့သည်။

နောက် တစ်ကြိမ် ဖြတ်ကျော် ပျံသန်း လေယာဉ်ပျံ မောင်းနှင်သူက အောက်ဘက် ငုံ့ကြည့်လိုက်သည်။ မော်တော်ကားတန်းကြီးပေါ် တွင် လူတစ်ယောက်မှ ရှိမနေတော့ပါ။ ကြေးစား စစ်သား အတော်ခပ်များများသည် ငွေစ နောက်သို့ အပြေးအလွှား လိုက်ကြရာတွင် နှောင့်နှေး ကြန့်ကြာစေမည့် ပစ္စည်း ပစ္စယများနှင့် လက်န များကို စွန့်ပစ်ထားခဲ့ကြသည်။ အချို့ကမူ ထိုးကြိ သတ်ပုတ်နေကြသည်။ ထို စီမံချက်နှင့် စပ်လျဉ်း မှုလက သံသယ ဝင်ခဲ့မိသော လေယာဉ်မှူး ဦးခေါင်းကိုခါယမ်းလိုက်မိပြီး တတိယနှင့် နောက်ဆုံး လေယာဉ်ပျံအား ရေဒီယိုနှင့် ဆက်သွယ်လိုက်သည်။

'မင်းအလှည့် ရောက်ပြီ၊ ကံကောင်းပါစေ'

တတိယ လေယာဉ်ပျံ၏ တာဝန်မှာ အသည်းယား စရာ အကောင်းဆုံးပင် ဖြစ်ပါ၏။

ထို စိတ်ကူးစိတ်သန်းကို လူးဘာလိုဂီက ပေးခဲ့ခြင်း ဖြစ်သည်။ သူနှင့် စတိဗ်ပက်ဂျက်တို့သည် ဂရင်းဝ ကျေးရွာရှိ လူးဘာလိုဂီ၏ အိပ်ခန်း/ ရုံးခန်း ထဲ ရှိနေခဲ့ကြသည်။ သူတို့သည် တပ်ဖွဲ့ဘီ စုဆောင်းရေး



ကိစ္စကို ဆွေးနွေး နေကြသည်။ စတိဗ်က ကြို့တင်၍ ဝင်ရောက် ထိုးနှက် တိုက်ခိုက်မှုကြောင့် ၎င်းတို့ အတွက် လိုအပ်မည့် အချိန်ကာလကို ရရှိခဲ့မည် ဆိုပါက နောက်ပိုင်းတွင် ဘိုဆိုတန် စစ်တပ်အား တိုးခဲ့ရန်နှင့် လက်နက် တပ်ဆင်ရန် ကိစ္စရပ်များ အပါအဝင် ထိုအော်ပရေးရှင်း အားလုံး အတွက် ဗွီအိုင်အီးက ဒေါ်လာ သန်းတစ်ထောင် အထိ အကုန်အကျ ခံမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဖက်ဘာလိုဂီက အကယ်၍ ကြိုတင် ဝင်ရောက် ထိုးနှက် တိုက်ခိုက်သည့် ကိစ္စသည် အောင်မြင်မှု မရရှိ ခဲ့ပါက ငွေများ အလဟဿ ကုန်ဆုံးရလိမ့်မည်ဟု ပြန်လည် ဆွေးနွေးသည်။ စတိဗ်ကလည်း သဘော တူသည်။ အရက်ထည့်ထားသော ဖန်ခွက်ကို ထပ်ဖြည့် နေသည့် ဖက်ဘာလိုဂီက ရယ်လိုက်သည်။ ဖက်ဘာလိုဂီ က ဒေါ်လာ သန်းတစ်ထောင် သို့မဟုတ် နှစ်သန်း သုံးသန်းကို လွှင့်ပစ်လိုက်မည် ဆိုပါက မည်သို့မည်ပုံ ဖြစ်လာမည်နည်းဟု တွေးတော နေမိကြောင်း စတိဗ် ကို ပြောပြလိုက်သည်။

'ဒီမှာ စတိဗ်၊ လွန်ခဲ့တဲ့ လေးငါး ခြောက်နှစ် တုန်းက ခပ်ကြောင်ကြောင် လူတစ်ယောက် ငါးဒေါ် လာတန် ဆယ်ဒေါ်လာတန် ငွေစက္ကူ။ ဒေါ်လာ နှစ်ထောင်ကျော် ဖိုးကို ဟိုတယ် ပြတင်းပေါက်က ပစ်ချလိုက်တာကို မင်းမှတ်မိသေးသလား၊ အင်မတန် ကြီးမားတဲ့ အဓိကရုဏ်း ကြီးတောင် ဖြစ်သွားခဲ့ရ သေးတယ်လေ၊ အဲဒီဗရုတ်ဗရက်ထဲမှာ လူ စ်ဆယ် သုံးဆယ်လောက် ဒဏ်ရာ ရသွားတယ်၊ ရဲ့တပ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ဝင်တွေကိုတောင် ခေါ်ထုတ်လာရတယ်၊ မော်တော်ကားတွေလဲ နာရီပေါင်းများစွာ ကြာအောင် အသွားအလာ ပိတ်ဆို့ သွားခဲ့တယ်'

ဖက်ဘလိုဂီသည် ထိုအကြောင်း အရာများနှင့် ဆက်စပ်ပြီး အရှိန်ရလာသည်။

'လေယာဉ်ပျံ တစ်စီးက နေ့လယ်စာ စားချိန်မှာ ဘရွန်နိုဇ် ရပ်ကွက်က နေပြီး ဘက်ထရီ ရပ်ကွက်အထိ ငွေစက္ကူတွေကို ကြဲချ ခဲ့မယ် ဆိုရင် မင်ဟတ် တန်ကျွန်းပေါ်မှာ ဘာဖြစ် သွားမလဲ ဆိုတာကို မင်းစဉ်းစား ကြည့်စမ်း၊ အဲဒီ ကျွန်းဟာ အင်မတန်ရှိုင်းစိုင်းတဲ့ တိရစ္ဆာန် တွေကို ထည့်ထားတဲ့ လှောင်အိမ်ကြီး တစ်ခု ဖြစ်သွားတော့မှာပဲ၊ အဲဒီ ဗရုတ်သုတ်ခတွေ ချုပ်ငြိမ်းသွားအောင် သူတို့က အဏုမြူဗုံးနဲ့ ကြဲပြီး အလောင်းတွေကို ရှင်းပစ်ရလိမ့်မယ်ကွ'

စတိဗ်က ပို၍ သဘောပေါက် လိုက် ပါ၏၊ နောက်တစ်နေ့တွင် မိုက်ကယ် ဗိုဂလာက နောက်ထပ် ဒေါ်လာ ၁၅ သန်းကို သုံးစွဲရန် သဘောတူလိုက်လေသည်။

တတိယနှင့် နောက်ဆုံး လေယာဉ်ပျံက နောက်ဆုံး ဒေါ်လာ ၅ သန်းကို ကြဲချရမည် ဖြစ်ပါ၏။ ထိုလုပ်ငန်းမှာ အခက်ခဲဆုံး ဖြစ်သည်။ မီး တဟုန်းဟုန်းတောက်လောင်နေသော နန်းတော်ကြီးမှ အပူရှိန်များက အလွန် ကြောက်စရာကောင်းသော လေစီးကြောင်းများကို ဖြစ်ခဲ့ပါသည်၊ အစုလိုက် အပြုံလိုက်



တက်လာနေကြသော မီးခိုးလုံးများကလည်း မြင်ကွင်းကို အဟန့်အတား ဖြစ်စေခဲ့ကြပါသည်။ ဝင်းထဲရှိ အုတ်တံတိုင်း များ ပေါ်က လည်း စက်သေနတ်နှင့် ပစ်ခတ်နေကြပါသည်။

ထို လေယာဉ်ပျံသည် အုတ်တံတိုင်း ထိပ်ဖျား၏ အောက်ဘက်နားမှ ကပ်၍ ပျံသန်းခဲ့သည်။ အသေ တပ်ဆင်ထားသော လေယာဉ်ဘီးများသည် အောက်ဘက်ရှိ လမ်းထက် လက်မ အနည်းငယ် ခန့်သာ ပိုမြင့်ပါတော့သည်။ ထိုလေယာဉ်ပျံသည် ရောနှော နေသော ငွေစက္ကူများကို နန်းတော် ရှေ့ဘက်ရှိ လမ်းကျယ်ကြီး တစ်လျှောက်တွင် ကြဲချသွားခြင်း ဖြစ်သည်၊ ထိုနောက် လေထဲသို့ ပျံတက်ပြီး ၃၆၀ ဒီဂရီအထိ ချိုးကွေ့လိုက်ပြန်၏။ နောက် တစ်ကြိမ် ပျံသန်းရမည့် ကိစ္စမှာ ပထမ တစ်ကြိမ်ထက် ပို၍ အန္တရာယ်ရှိပါသည်။

ငွေစက္ကူများကို ထပ်မံ ကြဲချရမည့် နေရာမှာ နန်းတော်ဝင်း အတွင်းဘက် ဖြစ်သည်။ သို့ရာတွင် အထုပ်လိုက် စည်းနှောင်ထားသော ငွေစက္ကူများသည် ကမ္ဘာမြေကြီး၏ ဆွဲငင်အား ဥပဒေသကို လိုက်နာအောင် လေးလံကြသလို လေစီးကြောင်းများကလည်း ထို အထုပ်များကို အနှောင့်အယှက် ပေးနိုင်လိမ့်မည် မဟုတ်ပါ။ အထုပ် တစ်ထုပ်တွင် ဒေါ်လာ ၅၀ တန်နှင့် ၁၀၀ တန် ငွေစက္ကူ ဒေါ်လာ ၂၅၀၀၀ ဖိုး ပါရှိသည့် အထုပ်ပေါင်း တစ်ရာ ပါရှိလာပါသည်။ အထုပ် အများစုသည် မြေပြင်နှင့် ထိတွေ့သည်နှင့် တစ်ပြိုင်နက် ကွဲထွက်



www.burmeseclassic.com

www.burmeseclassic.com

သွားကြပြီး ငွေစက္ကူများသည် ပြန့်ကျဲသွားကြလေ၏။

လေယာဉ်ပျံ ကိုယ်ထည်တွင် ကျည်ဆန်တစ်ဒါဇင်ခန့် ဖောက်ထွင်း သွားကြသော်လည်း အခြားမည်သည့် ပျက်စီးမှုမှ မရှိခဲ့သလို လေယာဉ်မောင်းနှင်သူသည်လည်း ဒဏ်ရာမရခဲ့သောကြောင့် လေယာဉ်ပျံသည် အထက်သို့ ပျံတက်သွားပြီး ချိုးကွေ့လိုက်ပြန်၏။ လေယာဉ်ပျံ၏ ဝမ်းပိုက်မှ တတိယအကြိမ်ချပေးရမည့် နေရာတွင် ဒေါ်လာ တစ်သန်းခွဲ ကျန်ရှိနေပါသေးသည်။ ဂါဒူးမြို့တော်၏ လူဦးရေ အထူထပ်ဆုံးနှင့် အဆင်းရဲဆုံး ရပ်ကွက်နှင့် ဂါဒူးနန်းတော်၏ အရှေ့ဘက်ရှိ လမ်းမကျယ်ကြီးတို့အား ထိုငွေစက္ကူများနှင့် တံတား ခင်း ပေး ရ ဦး မည် ဖြစ်ပါ၏။

ဗိုလ်ကြီးရှိုးဗတ်သည် သူ့အား ကတိပေးထားသော စစ်ကူများကို ဆက်လက် စောင့်ဆိုင်း နေ သည်။ စက်သေနတ်ကြီးများ၊ လက်ပစ်ဗုံးထည့်၍ ပစ်သော သေနတ်များကို အသုံးပြု၍ အစိမ်းရောင်စစ်ဝတ်စုံကို ဝတ်ဆင်ထားသူများအား ခေါင်းမဖော်နိုင်အောင်နှင့် မျက်နှာ မပြရဲအောင် ဆက်လက်ပစ်ခတ်နေသည်။

ထို့ရာတွင် ဒေါ်လာငါးဆယ်တန်နှင့် တစ်ရာတန်များ လေထဲ၌ ပျံ့ဝဲ ကျဆင်းလာသည့် အခါ ထိုပစ်ခတ်နေသူများသည် ရုတ်တရက် အသံတိတ်သွားကြလေ၏။ ဤနေရာတွင်လည်း 'ငွေမုရောဂါ'သည်



အားလုံးကို ကူးစက်သွားလေတော့သည်။ ရှိုးဗတ်က ထွက်မသွားအောင် တားဆီးရန် ကြိုးစားလိုက်သည်။ ဝင်းထရံ အုတ်တံတိုင်းပေါ်မှ ဆင်းလာသူများသည် သူ့ကို ကျော်ဖြတ်သွားကြသည်။ ရှိုးဗတ်က ခါးမှ သေနတ်ကို ဆွဲထုတ်ပြီး ချိန် ရွယ် လိုက် လေ ၏။ ကြေးစားစစ်သားတစ်ယောက်က ရှင်ဒလာမတ်ခ်ဒိုင်းမှ ကျည်ဆန် တစ်တောင့်တည်းနှင့် ဗိုလ်ကြီးရှိုးဗတ်၏ ကျောရိုး ကွဲအက်သွားအောင် ပစ် ထည့် လိုက် လေတော့သည်။

ဆီကော်စကီ ရဟတ်ယာဉ်အား သိမ်းပိုက်ရန်စေလွှတ်လိုက်သူ များသည် လေယာဉ်ပျံပေါ်မှ အထုပ်များ ကျလာသည်ကို မြင်လိုက်ရပြီး ကျန်ရစ်ခဲ့သော သူတို့၏ ပင်မတပ်ဖွဲ့ဝင်များ ဗရုတ်သုတ်ခ ဖြစ်ကုန်ကြပုံ ရသည်ကို တွေ့မြင်ကြရလေ၏။ ရဟတ်ယာဉ်ကို စောင့်ကြပ် နေကြသူ များ၏ လက်နှိုးချက် ဖြင့် လူ သုံးယောက် ကျဆုံးခဲ့ရပြီ ဖြစ်သော ထို တပ်စိတ်အဖွဲ့ ယခု အချိန်တွင် ဆက်လက်၍ တိုက်ခိုက်လိုစိတ်များ ကုန်ခန်း သွား ခဲ့ ကြ လေပြီ။ အလောင်းများကို ထားရစ်ခဲ့ကြသည်။ အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့ကြ သူ များသည် အထုပ်များ ကျလာသည့် နေရာသို့ ရောက်ရှိသည် အထိ စနစ်တကျ ပြန်လည်ဆုတ်ခွာခဲ့ကြသည်။ လေရူးကလေးက တစ်ချက်ဝှေ့လိုက်သည်တွင် ငွေစက္ကူများသည် သူတို့ဆီသို့ လွင့်ပါလာကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'ငွေတွေပါလားကွ'

စည်းကမ်းသေဝပ်မှု အားလုံး ပျက်စီးပြီ ကွဲသွားခဲ့ရလေပြီ။

လူးဘလိုဂီက လူတိုင်း မြင်နေရသည့် ကိစ္စကို မှတ်ချက် ချလိုက်သည်။

'ကျုပ်တို့က သူတို့ အားလုံးကို လွယ်လွယ်ကလေးနဲ့ ပစ်သတ်ပစ်နိုင်တယ်'

သူက စိတ်အား ထက်သန်စွာ ပြောလိုက်ခြင်း ဖြစ်သည်။

ပက်ဂျက်က ခေါင်းခါလိုက်၏။

'ဘယ်သူမှ တစ်ချက်မှ မပစ်ကြရဘူး၊ နားထောင်ကြစမ်း'

အင်မတန် ကြီးမားသော လူ အုပ် ကြီး ထံ ထွက်ပေါ်လာသောအသံသည် ပို၍ ပို၍ ကျယ်လောင်လာသည်။ လူပေါင်း ထောင်ပေါင်းများစွာ ရှိသော လူအုပ်ကြီးသည် ဆင်းရဲသား ရပ်ကွက်များမှ နေ၍ ငွေစက္ကူများနှင့် တံတား ခင်း ပေး ထား သည့် လမ်းကြောင်းအတိုင်း နန်းတော်ဝင်း ရှေ့ဘက် လမ်းကျယ်ကြီး ဆီသို့ ဆူပွက် အုံကြွပြီး လာနေကြလေပြီ။ မကြာမီ ပြောက်ကျားဝတ်စုံကို ဝတ်ဆင်ထားသော ကြေးစားစစ်သားများသည် တစ်ဖက်တွင် ဒေါပွနေသောလူအုပ်ကြီးနှင့် တစ်ဖက်တွင် စည်းကမ်းပျက်နေသော မိမိ၏ တပ်ဖွဲ့ဝင်များ အကြား၌ ပိတ်မိကြတော့မည်သာ ဖြစ်ပါ၏။



စထိဗိက ပြောလိုက်သည်။

'ကျုပ်တို့ ရဟတ်ယာဉ်ဆီကို ပြန်လည် ဆုတ်ခွာကြမယ်'

'ပျံတက်တော့မှာလား'

ဂျေစ်ဒေးဗစ်က မေးလိုက်ခြင်း ဖြစ်သည်။

'မသွားသေးပါဘူး'

ပက်ဂျက်က ကြီးလေးကြီး ဖြစ်သော ကရိတ်ချ်၊ ဟော့ပါး၊ ဂါဒူးနှင့် ရန်းဒေါ်တို့ကို တွေးတော နေခြင်း ဖြစ်သည်။ သူက ရေဒီယို ဆက်သွယ်မှု မှောင်ချ ထားသည့် ကိစ္စကို ရုပ်သိမ်း လိုက်ပြီး ရဟတ်ယာဉ်၏ ဆက်သွယ်ရေး ကိရိယာကို အသုံးပြု၍ ထို ပုဂ္ဂိုလ်များသည် မည်သည့် နေရာများ၌ ရှိနေကြသည် ဆိုသော သဲလွန်စများကို ရှာဖွေနိုင်လိမ့်မည်ဟု ယူဆထားသည်။

ဟင်နရီဂါဒူးအား စောင့်ကြပ် နေကြသူများသည် တချိန်က အင်အက်စ်ဘီ ရုံးချုပ်နေရာ ဖြစ်ခဲ့သော အခန်းထဲရှိ အပေါက်ငယ်များမှ တစ်ဆင့် အပြင်ဘက်မှ ထိန်းမနိုင် သိမ်းမရ ဖြစ်လာနေမှု များကို မြင်တွေ့နေကြရသည်။ ကြီးကြပ် ကွပ်ကဲ ရသော အရာရှိက တယ်လီဖုန်းနှင့် ဆက်သွယ်ရန် ကြိုးစားလိုက်သည်။ သာမန် တယ်လီဖုန်း လိုင်းများမှာ သုံးမရတော့ပါ။ ယာယီ တယ်လီဖုန်းများကလည်း ပြန်မထူးကြပါ၊ စိတ်ရှုပ်သွားသော ထို အရာရှိသည် ဂါဒူးကို ထည့်သွင်းထားခဲ့သော အတွင်းဘက်မှ



www.burmeseclassic.com

www.burmeseclassic.com

အခန်းကလေးဆီသို့ ဒေါ်သတကြီး လှမ်းကြည့်လိုက်လေ၏။

'အဲဒီ ငတိကို ရှင်းပစ်လိုက်ဆိုတဲ့ အမိန့်ကို ရရင် သိပ်ကောင်းမှာပဲကွာ'

အရာရှိက ပြောလိုက်ခြင်း ဖြစ်သည်။ သူ့တပည့်များကလည်း သဘောတူလိုက်ကြပါ၏။

တပ်သား တစ်ယောက်က ပင်မ ဂိတ်ဝနှင့် ဆက်သွယ်ထားသော ယာယီတယ်လီဖုန်းနှင့် နောက် တစ်ကြိမ် ကြိုးစားကြည့်လိုက်သည်။ ယခု တစ်ကြိမ်တွင် ပြန် အဖြေပေးသည်။ ဒါဇင်ပေါင်း များစွာရှိသော ငွေစက္ကူများသည် လေ တိုက်ခတ်မှုကြောင့် လွင့်လာပြီး သဲအိတ်များ ကာထားသော ကင်းစခန်း အတွင်းဘက်သို့ ရောက်ရှိလာသည်။ ကြေးစား စစ်သား တစ်ယောက်သည် ထို ငွေစက္ကူများကို လိုက်ကောက်ရင်း တယ်လီဖုန်းက အသံ မြည်လာသောကြောင့် အလိုအလျောက် ကောက်ကိုင်လိုက်မိခြင်း ဖြစ်သည်။ 'ဘာတွေဖြစ်နေတာလဲ' ဟု တစ်ဖက်က မေးသံကို သူ ကြားလိုက်ရလေ၏။

ယခု အချိန်တွင် အမေရိကန်ဒေါ်လာ ငွေစက္ကူ တစ်ထောင်ကျော်ဖိုးကို လက်ထဲတွင် ကိုင်ထားရပြီ ဖြစ်သော ထို ကြေးစားစစ်သားက မိမိ၏ အပေါင်း အသင်း လုပ်ဖော်ကိုင်ဖက် တစ်ယောက်အား ငွေမိုး ရွာချနေကြောင်း စက္ကန့် အနည်းငယ် လောက် အချိန်ကုန်ခံ၍ ပြောပြရန် ဝန်မလေး တော့ပါ။ 'ဟုတ်တယ်၊ လှည့်စားချက် တစ်မျိုးမျိုး ဆိုတာ မှန်သည်။ နောက်ပိုင်းတွင် လက်နက်ချကြပါဆိုသော



စာရွက်စာတန်းများ ဆက်၍ ကျလာဦးမည် ဖြစ်ရေးသည်။ အဲဒါတွေကို အသာ ထားလိုက်စမ်းပါ။ ဟုတ်ပါတယ်။ လိုက်ကောက်သည့် အတွက် အန္တရာယ် မရှိပါဘူး။ အစိမ်းရောင် စစ်ဝတ်စုံနဲ့ ငတိတွေ ကမယ့် ဆက်မပစ်ကြတော့ဘူး။ ကျည်ဆန် ကုန်သွားကြ တူတယ်။ နန်းတော်ကြီး၏ဝင်းထရံ အုတ်တံတိုင်း ရာယ များကိုတော့ ထိုးဖောက်၍ မရနိုင်ပါ။ ဘရူးစင် အား ရန်းဒေါ်က စစ်ကူတွေ လွှတ်နေပြီ။

'အဲဒီလူတွေ ရောက်မလာခင် ငါတို့က ငွေစက္ကူ တွေကို ကောက်ယူထားကြမှ ဖြစ်မယ်'

ထို စစ်သားကလေးသည် သူ ကြား ရ သ မျှ ကို ပြန်ပြောပြလိုက်ပြီး နောက် ထွက်ပြေးသွားလေ၏။ လူ ဆယ့်ကိုးယောက်ကလည်း သူ့ နောက်မှ လိုက်ပါ သွားကြသည်။ ကြီးကြပ်ကွပ်ကဲသူ အရာရှိသည် ခေတ္တမျှ တွန့်ဆုတ်ဆုတ် ဖြစ်နေပြီး နောက် သူလည်း လိုက်ပါသွားလေ၏။ ဟင်နရီဂါဒူး တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့သည်။

မသေချာမရေရာမှုက ကြောက်စိတ်အဖြစ် ပြောင်းလဲ သွားသည်။ ဂါဒူးမြို့တော် လေဆိပ်၌ ရှိနေကြသော တမ်မ်ကိုမှ ဝန်ထမ်းများနှင့် လာဖ်တန်မှ စက်ဘက် ဆိုင်ရာ ဝန်ထမ်းများက သတင်းများကို သိလိုကြောင်း အတင်းအကျပ် တောင်းဆိုလာကြသည်။ တယ်လီဖုန်း များကို အသုံးပြု၍ မရ တော့ သော ကြောင့် အယ်လီဆန် ကရိတ်ချ်နှင့် ဟော့ပါး တို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com

အား
လော မပြုနိုင်ကြပါ။ နောက်ဆုံးတွင် အယ်လီဆ…
…တ်ချသည် လေဆိပ်အဆောက်အအုံရှိ ကြေး…
သိ သားများ၏ ရုံးခန်းသို့ သွားရောက်ပြီး ဘ…
…ား ရန်းဒေါ်ထံ ရေဒီယိုနှင့် ဆက်သွယ်တော…
မျာ်၏။

'ကျွန်မတို့ကတော့ အားလုံးနဲ့ အဆက် အသွ…
ဆတ်နေတယ် မေဂျာ၊ လက်ရှိ အနေ အထား…
ရှင်းရှင်းလင်းလင်း အစီရင်ခံစမ်းပါဦး'

ဘုရားသခင် ကယ်တော်မူပါ။ ကျုပ်က ပြော…
နိုင်ခဲ့ရင် သိပ်ကောင်းမှာပဲဟု ရန်းဒေါက တွေးလို…
မိ၏။ တယ်လီ ဖုန်း ဆက် ၍ မ ရ ပါ။ နန်း တော်…
ဂါဒူးဂရင်း ဟိုတယ်တို့ထံ ရေဒီယိုနှင့် ဆက်သွယ်…
ကြိုးစားမှု အားလုံးသည်လည်း အချည်းနှီး သာ…
ဖြစ်ခဲ့ကြရသည်။ စစ်ကူလွှတ်လိုက်သော အင်အက်စ်…
တပ်ရင်း၊ ထရပ်ကား မော်တော်ကားတန်း ကို…
စသည်တို့သည်လည်း ထို နည်း လည်း ကောင်း ပ…
ဖြစ်နေကြသည်။ သူက တိုက်ရိုက်မဖြေဘဲ ဝေ့လည်
ကြောင်ပတ် ပြောလိုက်လေ၏။

'ကျုပ်ရဲ့ ကွပ်ကဲရေးဌာနချုပ် အဲဒီကို ရွှေ့လာ
ခဲ့မယ် မစ်(စ်) ကရိတ်ချ်'

ယခုထက်တိုင် အသုံး မပြုရသေးသော တပ်ဖွဲ့
တစ်ဖွဲ့ ရှိနေသေးသလို လေဆိပ်တွင် ကင်းနီးရ…
အမြောက်များလည်း ရှိနေပါသေးသည်။

'ကျုပ် ရောက်လာတဲ့ အခါကျမှ အဲဒါကို ဝိုင်းပြီး
ဖြေရှင်းကြတာပေါ့'



သူက ရေဒီယိုကို ပြန်ပိတ်လိုက်ပြီး သူ့ တပ်ရေး
ဗိုလ်ကြီးအား ခပ်ငေါက်ငေါက် ပြောလိုက်သည်။

'ငါတို့ အခု သွားကြမယ်'

'ကောင်းပါပြီ ဆရာ၊ နယ်စပ်မှာ တိုက်ခိုက်မယ့်
ကိစ္စကရော ဘယ်လိုလဲ ဆရာ'

ဂါဒူးမြို့တော်၌ မည်သို့သော ဘေးအန္တရာယ်
ဆိုးများ ကျရောက်နေစေကာမူ ဘာဆိုတို နိုင်ငံအား
ဝင်ရောက် တိုက်ခိုက်မှုကိစ္စ အားလုံးကို ပြေလည်
သွားစေရမည်ဟု မေဂျာ ရန်းဒေါက မပြေသော
ရန်ငြိုးနှင့် တွေးလိုက်လေ၏။

'အမိန့်ကတော့ အရင်အတိုင်းပဲ၊ နံနက်မိုးသောက်
အလင်းရောက်တဲ့ အချိန်မှာ စတင် တိုက်ခိုက်ရမယ်'
သူက ပြောလိုက်လေ၏။

ကျဆုံးသူများနှင့်ဒဏ်ရာရရှိသူများကို သယ်ဆောင်၍
ပထမ တပ်စုသည် စစ်ရေးပြကွင်းဆီသို့ ချီတက်လာ
ခဲ့ကြသည်။ ရှေ့ဆုံးမှ ကင်းတာဝန် (ဗိုလ်ငှင့်) ကို
ဆောင်ရွက်ရန် ဆန္ဒ ပြုထားသော ငယယ်သန့်သို
(ဂပ်စ်)သည် ဘယ်ဘက်တွင် ရှိသော ကွန်ကရိ
ဘန်ကာ အဆောက်အအုံကလေးထဲမှ ထွက်လာသည့်
အလွန် ကြီးထွားသော လူမည်းကြီး တစ်ယောက်ကို
စတင် မြင်လိုက်ရသည်။ ထိုပုဂ္ဂိုလ်သည် ရှူးဖိနပ်နှင့်
ဘောင်းဘီ ရှည် တို့ ကိုသာ ဝတ် ဆင် ထား သည်။
အန္တရာယ်ပြုမည့် ပုဂ္ဂိုလ် မဟုတ်ဟု ဂပ်စ်က တွေး
လိုက်၏။ ထို့နောက် မီးသတ်နေကြရာမှ ပစ်ခတ်မှုများ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပွားလာချိန်တွင် ပုန်း အောင်း နေ ခဲ့ကြသော လူမည်း အယောက် သုံး လေး ဆယ်သည် ဖြုန်းခနဲ ပေါ် လာ ကြ တော့ သည်။ ထို လူ မည်း များ သည် စကားကို ဗလုံးဗထွေး ပြောဆိုကြရင်း ထိုလူမည်းကြီး ထံသို့ ပြေးသွားနေကြသည်။ အချို့ကမူ ထိုလူထွားကြီး၏ ခြေရင်းတွင် ပြားပြားဝပ်နေကြသည်။

ဂပ်စ်က အော်ပြောလိုက်၏။

'လက်ဖတင်နင်၊ အဲဒါ....သူ ဖြစ်နိုင်တယ်'

'ဟုတ်တယ်၊ သူပဲ'

စတိဗ်က ရေရွတ်လိုက်ပြီးနောက်

'ဂျောစ်၊ လူနည်းနည်း ခေါ်သွားစမ်း'

ဟင်နရီဂါဒူး၏ ပတ်ပတ်လည်၌ ရှိနေသူများကို လှံစွပ်များနှင့် ထိုး၍ ဖယ်ရှား ပစ်ရင်း သူ့ကို စစ်ရေးပြကွင်းဆီသို့ ခေါ်ဆောင်လာကြသည်။ သူက စကားကို ဗလုံးဗထွေး ပြောဆိုနေသည်။ ဂျောစ်က ပြောလိုက်၏။

'သွေးပျက်နေတယ်လို့ ကျုပ် ထင်တယ်၊ သူ့ကို သတိပြန်ရလာအောင် လုပ်ပေးဦးမှပဲ'

ဂါဒူး၏ မျက်နှာကို လက်ဝါးနှင့် ဘယ်ပြန် ညာပြန် ရိုက်လိုက်မှုက အနည်းငယ် ပြောင်းလဲသွားစေခဲ့သော်လည်း သူတို့ ဖြစ်စေ ချင်သည့် အနေအထားမျိုးတော့ မဟုတ်ပါ။

'ခွေးကောင်တွေ၊ ငါ့ရှေ့မှာ သတိ အနေအထားနဲ့ နေကြစမ်း၊ မင်းတို့က ငါ့ရှေ့ရမှာက်မှာ....'

ပက်ဂျက်က ကြားဖြတ်၍ ပြောလိုက်၏။ သူ့ စိတ်ထဲကမူ ဝမ်းသာအားရ အော်ဟစ် ပစ်ချင်စိတ်



ဖြစ်ပေါ်နေမိသည်။ ကြီးလေးကြီး ထဲမှ တစ်ယောက်သည် သူ့လက်ထဲသို့ အလိုလို ရောက်ရှိလာခဲ့လေပြီ။

'ဟင်နရီဂါဒူး'

စတိဗ်က ဘာလိုဂီဘက်သို့ လှည့်လိုက်၏။

'ဆာဂျင် ခုချက်ချင်း သေနတ်ပစ် အဖွဲ့ တစ်ဖွဲ့ကို စုစည်းလိုက်စမ်း'

ခပ်တည်တည်နှင့် မြောက်လှန့်လိုက်ခြင်း ဖြစ်သည်။ သူ့အဖို့ အသက်ရှင်နေသည့် ဟင်နရီဂါဒူးကို လက်ရ ဖမ်းမိရန် အထူးလိုအပ်နေပါသည်။

'မပစ်ကြပါနဲ့'

ဟင်နရီဂါဒူးက တအား အော်ဟစ်လိုက်၏။

'ကျုပ်တို့က ခင်ဗျားတို့ကို ပေး....'

'ပေးမယ်၊ ဟုတ်လား'

စတိဗ်ပက်ဂျက်က လှောင်လိုက်သည်။

'ခင်ဗျားဆီမှာ ပေးစရာ ဘာမှ မကျန်တော့ဘဲပဲ'

'ကျုပ်က နိုင်ငံတော်ရဲ့ အကြီးအကဲပဲ၊ ကျုပ်ရဲ့ အခွင့် အာဏာတွေထဲမှာ....'

'ခဏ နေစမ်းပါဦး'

စတိဗ်က ဘာလိုဂီအား ပြောလိုက်ခြင်း ဖြစ်သည်။

'သူ့ဆီမှာ သတ်မယ့် အချိန်ကာလကို ရွှေ့ဆိုင်း ပေးဖို့အတွက် အလဲ အလှယ် လုပ်နိုင်မယ့် ပစ္စည်း တစ်ခုခု ရှိကောင်း ရှိမယ်'

စတိဗ်က ဂါဒူးအား စိုက်ကြည့်လိုက်သည်။

'လွတ်ငြိမ်း ချမ်းသာခွင့် မဟုတ်ဘူး၊ သတ်မယ့် အချိန်ကို ရွှေ့ဆိုင်းပေးဖို့ပဲ၊ ကရိုတ်ချ်နဲ့ ရန်းဒေါ့ တို့က ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com

ဂါဒူးသည် သူ့ အသက်ရှင်ရေး အတွက် လူဖြူများနှင့် လဲလှယ်ရမည် ဖြစ်သောကြောင့် ဝမ်းသာမိပါ၏။ သူ ကျဆုံးရမှုအတွက် သူတို့တွင် တာဝန်ရှိပါသည်။ သူတို့ သေထိုက်ကြပါသည်။ သူက သူ သိရှိ ထားသမျှကို ဖွင့် ဟ ပြောလိုက်ပြီး နောက် တောင်းဆိုလိုက်လေ၏။

'ကဲ ကျုပ်ကို ချက်ချင်း လွှတ်ပေးတော့'

ပက်ဂျက်က ရယ်လိုက်သည်။

'ခင်ဗျားက လက်ငင်း ပေးချေရမယ့် ကိစ္စမှာ ကြိုတင်ငွေကိုတောင် သွင်းရသေးတာ မဟုတ်ဘူး'

စတိဗ်က ဘလိုဂီဘက်သို့ လှည့်၍ ပြောလိုက်လေ၏။

'သူ့ကို အပေါ်တင်လိုက်စမ်း'

အချိန် ကိုက်ဖို့တော့ လိုသည်။ ခု အချိန် အထိ အချိန်ကိုက်ဖို့ လိုအပ်သည်ဟု စတိဗ်က တွေးလိုက်၏။ နန်းတော် ဝင်းထရံ အုတ်တံတိုင်း၏ အပြင်ဘက်မှ လူအုပ်ကြီး၏ အသံ သည် ပို၍ ဆူညံ လာသည်။ ထို ကိစ္စက ကြေးစား စစ်သားများအား သတိတရား ပြန်လည်ရရှိလာစေနိုင်ပါသည်။ သို့ရာတွင် သူသည် နန်းတော်ဝင်းထဲ၌ နောက်ထပ်၍ ဆယ်မိနစ် ရှိနေဖို့ လိုအပ်နေပါသည်။ သူသည် ပစ္စည်း တင် ချသော ကုန်းပေါင် ပေါ်မှ အပေါ်သို့ တက် သွား သည်။ သူ သည် ရ ဟတ် ယာဉ် ထဲ သို့ ရောက် သည် နှင့် တစ်ပြိုင်နက် ပထမဦးစွာ သူ့ တပ်စုမှ အိတ်များနှင့် ထည့်ထားသော လူသေအလောင်းများ၊ ထို့နောက် တပ်စု ဆေးဝန်ထမ်းများ၏ ပြုစုမှုကို ခံယူနေကြ



ရသည့် သူ့ တပ်သားများ၊ ပြီးတော့ ရဟတ်ယာဉ် မြေပြင်ပေါ်သို့ ဆင်းသက်စဉ်က ဖမ်းဆီးထားခဲ့ပြီး ယခုထက်တိုင် ပါးစပ်ကို ပိတ်ဆို့၍ စည်းနှောင် ခံထားရသူများတို့ကို စစ်ဆေးလိုက်သည်။ ထို့နောက် လေယာဉ်ပျံ မောင်းနှင်ခန်းသို့ သွားရောက်ခဲ့သည်။ ရဟတ်ယာဉ်မောင်း ဝန်ထမ်းများ မည်သူမှ ဒဏ်ရာ မရရှိကြပါ။ ရဟတ်ယာဉ် ကိုယ်ထည်တွင် ကျည်ဆန်များ ထိမှန်ခံထားရသော်လည်း အရေးကြီးသော အစိတ်အပိုင်းများကို ထိမှန်ခြင်း မရှိပါ။ ရေဒီယိုကရော။

လေယာဉ်မှူးက ဖြေလိုက်၏။

'မသိဘူး၊ ရေဒီယိုတွေကို ပိတ်ထားတယ်လေ'

လေယာဉ်မှူးက စစ်ဆေးလိုက်၏။ ရေဒီယိုများကို အသုံးပြု၍ ရနိုင်ပါသေးသည်။

'ခင်ဗျားက ဘယ်သူနဲ့ ဆက်သွယ်ချင်တာလဲ'

'ပထမဦးဆုံး အီယန်နဲ့ ဆက်သွယ်ချင်တယ်'

သူ အသက် ရှင်နေသေးခဲ့ရင်ပေါ့ဟု စတိဗ်က တွေးမိပြီး ပိုက်ထဲက တလိပ်လိပ် နာကျင်လာလေ၏။ ဘလိတ်က ပြန်ထူးလိုက်သည့် အခါကျမှ ထိုဝေဒနာများ ပြေလျော့သွားကြတော့သည်။ သူတို့က လက်ရှိ အနေအထားများကို သတင်း ဖလှယ်လိုက်ကြသည်။ မြို့တော်၏ အရှေ့ဘက် ခြမ်းသည် သူ့ဘာန်တစပြင် ဖြစ်နေသည်ဟု အီယန်က သတင်းပို့သည်။ အင်အက်ဘီ တပ်ရင်းက အရပ်သားပေါင်း မြောက်မြားစွာကို သတ်ဖြတ်ခဲ့ကြသည်။ ထို့နောက် အရပ်သားများက



www.burmeseclassic.com

www.burmeseclassic.com

ပြန်လှန်ခုခံကြပြီး အင်အက်စ်ဘီ တပ်သားများကို တစ်ယောက်မကျန် သတ်ဖြတ်ပစ်ခဲ့ကြသည်။

အီယန်သည် ထုံးစံအတိုင်း သူ့ကိုယ်သူ ဂုဏ်ယူခြင်း အလျှင်းမရှိဘဲ သူ့တပည့်များကိုသာ ချီးကျူးအမွှမ်းတင်ခဲ့သည်။

စတိဗ်ကသူ့အား ရန်ဒေါ၏ ဌာနချုပ် တည်နေရာကို ဂါဒူးက ပြောပြသည့် အတိုင်း ထပ်ပြောပြလိုက်သည်။

'ရှစ်မိနစ်အတွင်း ဒီက ပျံတက်လာခဲ့မယ်၊ အဲဒီနေရာမှာ ဆယ့်သုံးမိနစ် ကြာရင် ဆုံတွေ့ကြမယ်၊ ကျုပ်တို့က အဲဒီနေရာကို စမ်းတဝါးဝါးနဲ့ ဝင်သွားကြရမှာ အီယန်ရဲ့၊ အဲဒီနေရာက ကြမ်းချင်ကြမ်းနေလိမ့်မယ်'

ထို့နောက် စတိဗ်က လေယာဉ်မှူး အားဂျက်ကော့ဟတ်ရှ်နှင့် ဆက်သွယ်ပေးဖို့ ပြောလိုက်သည်။

ဂျိတ်ခ်က ခလုတ်ကို ဖိချလိုက်သည်နှင့် တစ်ပြိုင်နက် စတိဗ်၏ အသံကို ကြားရတော့သည်။

'ခု ကိစ္စကို ခပ်မြန်မြန်လုပ်မှ ဖြစ်မယ်၊ ဂါလာခဲ့ အခြေအနေက ဘယ်လိုလဲ'

ဟတ်ရှ်က တစ်လုံးစီ ပြတ်ပြတ် သားသား ပြောလိုက်သည်။ လေဆိပ်မှ သေဆုံးသူများနှင့် ဒဏ်ရာရသူများအား ယခုအထိ ဆက်လက်၍ သယ်ယူနေရဆဲ ဖြစ်သည်။ ဒေါသတကြီး ဆန္ဒပြမှုများ ပို၍



ဖြစ်ပေါ်နေသည်။ အချို့က လုယက်သည်။ အချို့က ကြမ်းကြမ်း ရမ်းကြသည်။ သမ္မတကြီး ကတော့ လုံခြုံမှုရှိသည်။ ဒဗလျူအေပီအေမှ လေယာဉ်မှူး များက အဆင်သင့် စောင့်ဆိုင်းနေကြသည်။

'ကျုပ်ကို ဒဗလျူအေပီအေ အော်ပရေးရှင်းခန်းနဲ့ ဆက်သွယ်ပေးစမ်း၊ ခင်ဗျားကလဲ ကြားကဖြတ်ပြီး နားထောင်နေပါ'

လေယာဉ်မှူး တစ်ယောက်က ပြန်ထူးသည်။ ပက်ဂျက်က လျင်မြန်စွာ ပြောလိုက်၏။

'ခင်ဗျားတို့ ပျံတက်သွားဖို့ ကိစ္စက အခြေအနေကောင်းပါတယ်၊ အဲဒီမှာ ဆက်နေဖို့ ကိစ္စက ငါးဆယ်ရာနှုန်းစီပဲရှိတယ်၊ ကျုပ်က ခင်ဗျားတို့ဆီကို နှစ်နာရီအတွင်း ပြန်ရောက်မလာခဲ့ရင် အဲဒီမှာနေဖို့ လုံးဝမသင့်တော့ဘူး၊ ခင်ဗျားတို့ အားလုံး နိုင်ငံထဲက ဘက်ခွဲတပြားစီ ထွက်သွားကြပေတော့'

ထို့နောက် ဂါလာရေဒီယိုမှ ကြေညာတော့မည်ဟု ကတိ ပေးထားသောကြောင့် အဆင့်သုံး ကိစ္စကို အသိပေး ခံထားရသော သတင်း အယ်ဒီတာ တစ်ယောက်နှင့် ဆက်သွယ်လိုက်ပြန်၏။

'ခင်ဗျား ပြောရမယ့် သတင်းက ဟောဒါပဲ၊ ဂါဒူးမြို့တော်မှာ ပွင့်ပွင့် လင်းလင်း ပုန်ကန်ထကြွမှုတွေ ဖြစ်နေကြပြီ၊ တိုက်ပွဲတွေ သိပ်ပြင်းထန်နေတယ်၊ ထောင်နဲ့ချီပြီး သေကြေကြတယ်၊ သူပုန်တွေက မီးနဲ့ရှို့တဲ့အတွက် နန်းတော်ကြီးကို မီးလောင်နေတယ်၊ ဟင်နရီဂါဒူး ပျောက်နေတယ်၊ နိုင်ငံခြားက



www.burmeseclassic.com

www.burmeseclassic.com

အရပ်သားတွေ ဘယ်သူမှ အသတ် မခံကြရဘူး၊ ဒဏ်ရာလဲ မရကြဘူး'

'ကမ်မ်ကိုကို တိုင်းရင်းသားတွေက ဒေါ်သူပုန် ထကြတယ်' ဆိုတဲ့ သတင်းရှူထောင့်က ဘယ်လိုလဲ'

'အဲဒါကိုတော့ နောက်ကျမှ အင်မတန် ယုံကြည် စိတ်ချရတဲ့ နေရာက ရလိမ့်မယ်'

ပက်ဂျက်က သူနှင့် ဖြတ် တောက် လိုက် ပြီး ဂျက်ကော့ဟတ်ရှ်နှင့် ဆက်ပြောလိုက်ပြန်၏။

'ကျုပ်တို့ဟာ စခန်းသိမ်းဖို့နဲ့ တော်တော်ကလေး အလှမ်း ကွာသေးပေမယ့် အခြေအနေ ကောင်းပုံ ရတယ်လို့ မိုက်ကို ပြောပေးပါ'

ဂျက်ကော့ဟတ်ရှ် အနေနှင့် ဆက် ပြီး အောင့် မထားနိုင်တော့ပါ။

'ကျုပ်က ဗိုင်ယာနီကိုတော့ ပြောပြရလိမ့်မယ်၊ မိုက်က အဲလေ....မိုက်က နှလုံးရောဂါနဲ့ ဆေးရုံကို ရောက်နေပြီ'

'ဘုရားသခင် ကယ်တော်မူပါ၊ သူ့ အခြေအနေ က ဘယ်လိုလဲ'

စတိဗ်က ညည်းညည်း ညူညူနှင့် မေးလိုက်၏။

'မသေသေးဘူး၊ ဗိုင်ယာနီရဲ့ အဆိုအရ အသက် ရှင်နေဆဲပဲ' ဂျိတ်ခ်က ဘာဆက်၍ ပြောရမည်ကို စဉ်းစားပြီးနောက် မယုတ်မလွန် ပြောလိုက်သည်။

'သူက မိုက် နေရာမှာ ဝင်ပြီး ဖွံ့ အိုင် အီး ကို အုပ်ချုပ်နေတယ်'

'တခြား ပုဂ္ဂိုလ်တွေနဲ့ စာရင် 'တော်သေးတာ ပေါ့လေ'



ပက်ဂျက်က စိတ်မှတ်မပါဘဲ ပြောလိုက်၏။ သူ့ စိတ်သည် မိုက်ဗိုဂလာထံ၌သာ ရောက်ရှိနေသည်။

'ခင်ဗျားနဲ့ နောက်မှ စကားပြောမယ် ဂျိတ်ခ်၊ ကျုပ်တို့ အပေါ်ကို ပျံတက်ဖို့ ရှိသေးတယ်'

လောရင့်ဟော့ပါးနှင့် ဘရှူးစတားရန်းဒေါ် တို့က ပြောင်ကျကျ ဆွေးနွေးသုံးသပ်ကြသည်။ အင်မတန် ပြောင်မြောက်သော လှည့်ဖြားမှု၊ လိမ်လည်မှုများနှင့် ကမောက်ကမဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။ သို့ရာတွင် ခဏတာအတွက်သာ ဖြစ်သည်။ သူတို့ ထံတွင် အရပ်သား လေယာဉ်ပျံ လက်ဘစ်ဆုပ်စာမျှ သာ ရှိသည်။ ယခု ထိုလေယာဉ်ပျံ များလည်း မရှိ တော့လေပြီ၊ ကမ်မ့်ကို၏ ရဟတ်ယာဉ် သဏ္ဌာန် တုပထားသော ရဟတ်ယာဉ် နှစ်စီးနှင့် ယခု အချိန် တွင် ဒဏ်ရာရသူများနှင့် ကျဆုံးသူ အများအပြား ရှိနိုင်သောကြောင့် ၎င်းတို့၏ တိုက် ခိုက် နိုင် စွမ်း ရှိသော လူအင်အားမှာလည်း တစ်ရာပင်ကျော်တော့ မည် မဟုတ်ပါ။

'ရဟတ်ယာဉ်တွေ ကတော့ ကျုပ်တို့ ရှိနေတဲ့ ဒီလေဆိပ် အနားကို နှစ်မိုင် သုံးမိုင် အကွာကတောင် ချဉ်းကပ် လာနိုင်မှာ မဟုတ်ဘူး၊ ကင်း နီး ရက် အမြောက်တွေက အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် လုပ်ပစ်လိုက်လိမ့်မယ်'

မေဂျာရန်းဒေါ်က ယုံကြည်စိတ် အပြည့်အဝနှင့် ပြောလိုက်လေ၏။ အယ်လီဆန်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မြို့ထဲမှာ ဘာတွေဖြစ်နေတယ် ဆိုတာ ကျွန်မတို့ မသိရဘူး'

ဟော့ပါးက ပခုံးကို တွန့်လိုက်၏။

'အဲဒီကိစ္စဟာ အရှိန်လျော့လာပြီးတဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားမှာပါ'

မေကျာရန်းဒေါက ကြေငြာလိုက်သည်။

'ဗွီအိုင်အီး ဘာဆိုတိုရဲ့ လက်နက်တိုက်များမှာ ဘာမှ မရှိတော့ဘူး၊ လေဆိပ်၊ ကမ်မ်ကိုဌာနချုပ်နဲ့ ဝန်ထမ်းတွေ အတွက် လုံခြုံမှု ရှိနေပါပြီ'

အယ်လီဆန်က ပြန်ချေပလိုက်လေ၏။

'ကျွန်မတို့ကို အထီးကျန်ဖြစ်အောင် အဆက်ဖြတ်ထားတယ်'

ရန်းဒေါက ပြောလိုက်သည်။

'သိပ် ကြာတော့မှာ မဟုတ်ပါဘူး၊ နက်ဖြန်ခါ မိုးသောက်ချိန် ကျရင် ကျုပ်တို့ ဘက်က စပြီး တိုက်ခိုက်ကြမယ်၊ အဲဒီ အခါကျရင် ချိန်ခွင်လျှာ ပြောင်းသွားလိမ့်မယ်'

အယ်လီဆန်၏ မျက်လုံးများက နံရံပေါ်၌ ချိတ်ဆွဲထားသော မြေပုံပေါ်မှ ဂွျန်ကို သဲကန္တာရ ဆီသို့ ရောက်ရှိသွားသည်။ ရွှေတွေ၊ ဘီလီယံပေါင်း များစွာ တန်ဖိုးရှိသော ရွှေတွေ။

'ရှင်တို့က ပိုပြီး နားလည်ကြပါတယ်လေ'

ထို့နောက် အယ်လီဆန်က မျက် မှောင် ကုတ်လိုက်ပြီး

'ရှင်တို့က ဂါဒူးနဲ့ ပတ်သက်ပြီး စကားတစ်ခွန်းမှ မပြောခဲ့ကြဘူး၊ သူ ဘယ်နေရာမှာလဲ'



ဟော့ပါးက လှောင်လိုက်၏။

'အဲဒါက တကယ် အရေးပါလို့လား'

အယ်လီဆန်က ခေတ္တမျှ ကြာအောင် စဉ်းစားလိုက်သည်။

'ဟင့်အင်း၊ အရေး မပါပါဘူး'

အဖြစ်အပျက်များ အပေါ်တွင် သြဇာ လွှမ်းမိုးနိုင်ခြင်း မရှိသော ဟင်နရီဂါဒူးသည် အရေး မပါတော့ပါ။

ဟော့ပါးက ရေဒီယိုကိုဖွင့်ပြီး ဂါလှာ၌ မည်သို့ မည်ပုံ ဖြစ်ပျက်နေသည်ကို နားထောင်သင့်ကြောင်း ပြောသဖြင့် ခလုတ်ကို ဖွင့်လိုက်၏။

'မြို့တော်ထဲတွင် ကြီးကျယ်သော တိုက်ပွဲကြီးများ ဖြစ်ပွားနေကြသည်....'

'ပိတ်လိုက်စမ်းပါရှင်'

အယ်လီဆန်က ပြောလိုက်သဖြင့် ဟော့ပါးက ချက်ချင်း ပိတ်လိုက်သည်။

'ကျွန်မက ကိုယ့် ပြဿနာတွေကိုပဲ စိတ်ဝင်စားတယ်၊ သူတို့ ပြဿနာတွေကို စိတ်မဝင်စားပါဘူး၊ ဒီနေ့ည ဒီမှာ နေကြရမယ့် ကျွန်မတို့ လူတွေကို ဘယ်လို နေရာထိုင်ခင်းပေးပြီး ဘယ်လို ကျွေးမွေးမလဲ'

ရန်းဒေါက ဖြေလိုက်၏။

'ကျုပ် လူတွေ အတွက် ဖွင့်ထားတဲ့ စားရိပ်သာတွေ ရှိပါတယ်၊ အရပ်သားတွေက အဲဒီ နေရာတွေမှာ ဝင်စားနိုင်ကြပါတယ်၊ ကျုပ်တို့က လွတ်နေတဲ့

www.burmeseclassic.com

လေယာဉ်ပျံ ရုံကြီးထဲမှာ ခေါက်ခုတင်တွေကို ချပေးမယ်'

သူတို့ အသေးစိတ် ဆက်လက်၍ ဆွေးနွေးကြသည်။ ရေဒီယိုကလည်း ဆက်၍ အသံတိတ်နေသည်။

ရဟတ်ယာဉ်များသည် လျှို မြောင်ကြားထဲရှိ ကွပ်ကဲရေး ဌာနချုပ်နှင့် ခပ်လှမ်းလှမ်း၌ ဆင်းသက်လိုက်ကြသည်။ တပ်ဖွဲ့ဘီက သတိကြီးစွာထား၍ ချဉ်းကပ်လာခဲ့ကြသည်။ သို့ရာတွင် သံအိတ်များ စနစ်တကျ ကာရံထားသော ကတုတ်ကျင်းထဲ၌ မည်သူမျှ မရှိကြပါ။ အနေအထားများကို အကဲခတ်ခြင်းဖြင့် ကမန်းကတန်း ထွက်ခွာသွားခဲ့ကြပုံ ရသည်။

'လေဆိပ်ကို သွားကြတာပဲ'

စတိဗ်ပက်ဂျက်က ပြောလိုက်၏။ အီယန်ဘာလိတ်က ခပ်တည်တည်နှင့် ခေါင်းညိတ်လိုက်သည်။ လေဆိပ်သို့ ဝင်ရောက်တိုက်ခိုက်မည် ဆိုပါက ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံစည်မှုသာ ဖြစ်ပါလိမ့်မည်။ ပို၍ဆိုးရွားသည်မှာ ကမ်မိုကို၏ နိုင်ငံခြားသား ဝန်ထမ်းများသည် လေဆိပ်၌ အလုပ်လုပ်နေကြသည်။ ၎င်းတို့အနက် တစ်ယောက်ယောက်သည် ပစ်ခတ်နေကြသော ကျည်ဆန်များ အကြားသို့ ရောက်ရှိ သွားခဲ့မည် ဆိုပါက ပို၍ ဆိုးရွားလာလိမ့်မည်။

'စတိဗ် ရေ၊ ကျုပ်တို့ ဘက်မှာ ဝှက် ဖဲတွေ တော်တော် နည်းနေပုံ ရတယ်'



'ခင်ဗျား အတွက် အချက် မှားနေပြီ၊ ကျုပ်တို့ဘက်မှာ အကျဉ်းသား ဆယ်ယောက်အပြင် ဂျိုကာ တစ်ကောင်လဲ ရှိနေပြီလေ၊ ဟင်နရီဂါဒူးပဲ'

ရဟတ်ယာဉ် ဆင်းသက်သည့်အခါတွင် အနှောင့်အယှက် မပြုရေးအတွက် ဟင်နရီဂါဒူးအား ဓားစာခံအဖြစ် အသုံးပြုရန် စတိဗ်က ရည်ရွယ် သည် ဟု အီယန်က ထင်လိုက်သောကြောင့် ခပ်လှောင်လှောင် ပြောလိုက်သည်။

'ကရိုတ်ချိန်နဲ့ ဘာရူးစတား ရန်းဒေါတို့က သူတို့အသက်ကို ဂါဒူး ရဲ့ အ သက် နဲ့ လဲ လှယ် ကြ မှာ မဟုတ်ဘူး'

'မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်က သူတို့ရဲ့ လည်ပင်းကို ညှစ်မှာပါ'

စတိဗ်က ဂျော့စ်ဒေးဗစ်ကို လှမ်းခေါ်လိုက်၏။

'ဟို လူမည်းကို ဆွဲထုတ်ခဲ့'

ထို့နောက် လူးဘလိုဂီကို ပြောလိုက်သည်။

'သရုပ်တူမယ့် သေနတ်ပစ် အဖွဲ့ တစ်ဖွဲ့ကို စီစဉ်ပါဦး'

ဟင်နရီဂါဒူးကို လုံ့စွပ်နှင့် ထိုးဆွပြီး ရဟတ်ယာဉ်ပေါ်မှ အောက်သို့ ခေါ်ချလာသည်။

ပက်ဂျက်က ဟင်နရီဂါဒူးကို ပြောလိုက်၏။

'ခင်ဗျား ကျုပ် တို့ ကို ညာ ပြော တယ်၊ ဒီမှာ ဘယ်သူမှ မရှိဘူး'

ပက်ဂျက်က ဂျော့စ်ဘက်သို့ လှည့်လိုက်ပြီး

'ဒီပုဂ္ဂိုလ်ကြီးကို ဟော ဟို ကျောက် တုံး ကြီး ရှေ့မှာ ရပ်ခိုင်းလိုက်'



www.burmeseclassic.com

www.burmeseclassic.com

သူက ဟင်နရီဂါဒူးဘက်သို့ ပြန်လှည့်၍

'နောက်ဆုံး စီးကရက်ကို သောက်ချင်သေးသလား၊ မျက်စိကို အဝတ်နဲ့ စည်းပေးရမလား' ဟု မေးလိုက်သည်။

ဂါဒူး၏ ဒူးဆစ်များ တဆတ်ဆတ် တုန်လာပြီလေ၏။ လှံစွပ်နှင့် ထိုးဆွလိုက်သောကြောင့် ပြန်မတ်လာသည်။

'သေမိန့်ချ ခံရသူက နောက်ဆုံး စီးကရက်နဲ့ မျက်စိကို အဝတ်နဲ့ စည်းဖို့ ကိစ္စကို ငြင်းလိုက်တယ်'

စတိဗ်က ပြောလိုက်၏။

'ကျုပ်တို့က ကွပ်မျက်မှုကို ဆောင်ရွက်လို့ ရပြီ'

ဘာလိုဂီက သူ စုဆောင်းလာသော သေနတ်ပစ် အဖွဲ့သားများကို အော်ဟစ်ပြီး အမိန့် ပေးလိုက်လေ၏။ မောင်းထိန်း ခလုတ်များကို ဖြုတ် လိုက်ကြသည်။ ဟင်နရီဂါဒူးက စူးစူး ရှရှ အော်ဟစ်လိုက်လေ၏။ ဂျောစ်ဒေးဗစ်က အလိုက်သိစွာနှင့် ဝင်မေးပါသည်။

'ဆရာ၊ သူ့ကို နောက်တစ်ကြိမ် အခွင့် အရေး ပေးလိုက်ပါဦး'

ဂါဒူး ကြားသွားသည်။

'အသာ ထားလိုက်စမ်းပါ ဂျောစ်ရာ'

စတိဗ်က ဆလင်း စီးကရက် တစ်လိပ်ကို မီးညှိလိုက်သည်။

'ငါတို့ခေါ်တဲ့ ဈေးက သိပ်မြင့်နေတော့ သူက ဘယ်တော့မှ ပေး မှာ မဟုတ် ဘူး၊ သူ့ ကျောက်တုံးကြီးဆီကိုသာ ခေါ်သွားပေတော့'



'ဆရာ....ကျေးဇူးပြုပြီး ခွင့်ပြုပါ'

ဂျောစ်ဒေးဗစ်က အလွန် သဘောကောင်းသော လူမည်း တစ်ယောက်အဖြစ် ရာ နှုန်းပြည့် သရုပ် ဆောင်နေသည်။

'သူကလူမည်း၊ ကျုပ်ကလဲ လူမည်း၊ တကယ်လို့ ကျုပ်က သူ့ကို ပြောမယ် ဆိုရင်'

ပက်ဂျက်က ရှုံ့မဲ့ပြလိုက်၏။

'ခပ်မြန်မြန် လုပ်ကွာ'

ဂျောစ်သည် ဂါဒူးနှင့် နီးကပ်စွာ မတ်တတ်ရပ်ရင်း အားပါးတရ စကားပြောနေသည်။ ဂါဒူးက ခေါင်းညိတ်သည်။ ဂါဒူး သည် တဖြည်း ဖြည်း နှင့် အားရှိလာပြီး ပို၍ အားရ ပါးရ ခေါင်းညိတ်လာသည်။ ပါးစပ်ကလည်း အင်း....အင်း....ဟု ပြောနေသည်။ ဂျောစ်က သမင်လည်ပြန် ကြည့်ရင်း ပြောလိုက်၏။

'သူက အားလုံးကို သဘောတူပါတယ် ဆရာ'

ပက်ဂျက်က ယုံကြည်ပုံ မရပါ။

'ဂါဒူး၊ ခင်ဗျား စကား မှားမယ်၊ ဒါမှမဟုတ် လှုပ်ရှားမှု မှားယွင်းသွားမယ် ဆိုရင် ခင်ဗျားသေပြီသာ မှတ်ပေတော့'

'အဲဒါကို သူ နားလည်ပါတယ် ဆရာ'

ဂျော စ် ဒေး ဗစ် က တောင်း တောင်း ပန် ပန် လေသံနှင့် ပြောလိုက်၏။

'ကျုပ်ကိုယ်တိုင် သူ့ကို ပစ်သတ်မယ်လို့ ပြောပြီးပါပြီ ဆရာ၊ ကျုပ် တကယ် ပြောတယ်ဆိုတာ သူ နားလည်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

အီယန်သည် စတီဗ်၏ ရဟတ်ယာဉ်အဖွဲ့သားများက ရှာဖွေ ပေးသော စာရွက်ပေါ်တွင် မိန့်ခွန်းကို စာလုံးကြီးများနှင့် ရေးသားနေသည်။ ဂပ်စ်ကလည်း ဟင်နရီဂါဒူး၏ အစိတ်စိတ် အမြွာမြွာ ပြိုကွဲနေသော စိတ်ဓာတ်ကို ပြန်လည် စုစည်း အားဖြည့်ပေးမည့် တိုင်းရင်း ဆေးတစ်မျိုးကို သူ့ ဆေးအိတ်ထဲတွင် နှိုက်ပြီး ရှာဖွေနေသည်။ ပက်ဂျက်က ရဟတ်ယာဉ် မောင်းနှင်သည့် အခန်းသို့ သွားရောက်ပြီး ဂျိတ်ခ်နှင့် ဆက်သွယ်လိုက်သည်။

'အစည်း အဝေး လုပ် သ လို နေ ရာ မျိုး စုံနဲ့ ဆက်သွယ်ချင်တယ်ဂျိတ်ခ်၊ ဆက်သွယ်ရေး ဂြိုဟ်တုက တစ်ဆင့် မိုက်....အဲလေ ဒိုင်ယာနီ၊ ပြီးတော့ ဂါလာ ရေဒီယို၊ ဂါလာမြို့တော်မှာ ရှိတဲ့ ဗြိတ်သျှ၊ ပြင်သစ် နိုင်ဂျီးရီးယန်းနဲ့ ကင်ယာ သံရုံးတွေနဲ့ တယ်လီဖုန်း ဆက်ပြီး စကားပြောချင်တယ်'

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် မိနစ် အနည်းငယ် တော့ ကြာလိမ့်မယ်'

'ပြီးတော့လဲ ဂျိတ်ခ်ရေ၊ အဲဒါကို လိုက်ဖမ်းပြီး အသံသွင်းထားစမ်းပါ'

နောက်ထပ် ကိုးမိနစ်ကြာသောအခါ ဂျက်တော့ ဟာတ်ရှ်က ပြန်လည် ဆက်သွယ်လာသည်။

'အဆင်သင့်ဖြစ်ပြီ စတီဗ်ရေ'

ဟင်နရီဂါဒူး၏ ခဖောင်းပွနေသော ခန္ဓာကိုယ်ကြီး သည် ရဟတ်ယာဉ် မောင်းနှင်ခန်းထဲသို့ ယူလာသော



သေတ္တာခွံ ပေါ်တွင် ကုန်း ကုန်း ကွ ကွ နှင့် ထိုင်နေသည်။ လည်ပင်း၌ ချည် နှောင် ထား သော စကားပြောခွက်သည် တုတ် ကြီးမားလှသော သူ့ လည်ပင်းပေါ်တွင် ရဲရဲနီနေသော အနာ တစ်ခုပမာ ရှိနေသည်။ ဂျောစ်ဒေးဗစ်က ဂါဒူး၏ ဦးခေါင်းကို အက်ဖ်အင် ရိုင်ဖယ်ပြောင်းနှင့် ထောက်ထားသည်။ တွဲဖက်လေယာဉ်မှူး၏ ထိုင်ခုံပေါ်၌ ထိုင်နေသော ပက်ဂျက်က စတင်၍ ပြောလိုက်လေ၏။ ပက်ဂျက်က သူ့ နာမည်ကို ပြောသော်လည်း သူသည် မည်သူ မည်ဝါ ဖြစ်ကြောင်း ဖော်မပြောတော့ဘဲ အမှန် တရားနှင့် စိတ်ကူးယဉ် ဇာတ်လမ်းတို့ကို ပေါင်းစပ်၍ ဆက်ပြောသွားသည်။

'ဂါဒူးမြို့တော်မှာ ပုန်ကန်ထကြွမှုတွေ ဖြစ်ပွား နေပါတယ်၊ ဂါဒူး မြို့ တော် က မ ထွက် သာ လို့ ထွက်ပြေးလာခဲ့ရတဲ့ သမ္မတကြီး ဟင်နရီဂါဒူးဟာ ကျုပ်တို့ လူစုထံမှာ လာရောက် ခိုလှုံနေပါတယ်၊ အခု သူက စကားပြောလိုတဲ့ ဆန္ဒ ရှိပါတယ်'

ဂါဒူးက တံတွေးကို မျိုချလိုက်သည်။ ကရိုက်ချ်နှင့် ဟော့ပါး တို့က စီ စဉ် ပေး သော တယ် လီ ဖုန်း သတင်းစာ ရှင်းလင်းပွဲကို ပြောကြားရမည့် အစား ရန်သူက ရေးသားပေးသော လက်နက်ချ စာတမ်းကို ဖတ်ကြားရပေတော့မည်။ သို့ရာတွင် အစိမ်းရောင် စစ်ဝတ်စုံကို ဝတ်ဆင်ထားသူများသည် ဘာဆိုတို နိုင်ငံကို ဝင်ရောက် တိုက်ခိုက်မည့် အစီအစဉ်အား သိကြသေးဟန် မတူသလို မေဂျာ ရန်းဒေါကလည်း အမိန့်များကို ပယ် ဖျက် မည့် ပုံ မ ပေါ် ပါ။ ယခု



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွင် သူ ဘာပဲ ပြောပြော နံနက်ပိုင်းတွင် ဖြစ်ပေါ်လာမည့် အဖြစ်အပျက်များက သူ့အား အာဏာ ပြန်လည် ရရှိအောင် ဆောင်ကြဉ်းပေး ချိန်တွင် ယခု ပြောထားသမျှကို လွှမ်းမိုးသွားပါ လိမ့်မည်။ ဘာလိတ်က သူ့အတွက် ပြုစုပေးသော စာရွက်များကို ဟင်နရီဂါဒူးက စတင်၍ ဖတ်ကြား လိုက်သည်။

'ကျွန်ုပ် ဟင်နရီဂါဒူးနှင့် ကျွန်ုပ်တို့ နိုင်ငံသည် သစ္စာဖောက်သည်ကို ခံခဲ့ရလေပြီ။ ကျွန်ုပ်တို့က မိတ်ဆွေများအဖြစ် ဖိတ်ခေါ်ခဲ့သော အပြစ် အနာ အဆာ ရှာလွန်းလှသူ ကုပ်သွေးစုပ်သမားများက အလွန်ဆိုးသွမ်း ယုတ်မာမှုများ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ခဲ့ကြလေသည်....'

နိုင်ဂျီးရီးယား သံအမတ်ကြီးနှင့် ကင်ယာ နိုင်ငံ သံရုံးမှ ပထမ အတွင်းဝန်တို့ ကြက်သေ သေသွား ကြသည်။

အသံလွှင့်ချက်များကို နားထောင်ရန် တာဝန်ပေး ထားသော ပြင်သစ် သံရုံးနှင့် ဗြိတိသျှ သံရုံးတို့မှ အဆင့်နိမ့် သံရုံးဝန်ထမ်းများ ပျင်းရိ ငြီးငွေ့သွား ကြသည်။ အာဖရိကတိုက် တစ်ခုလုံးသည် ပျင်းစရာ ကောင်းလှပေသည်။



ဂါလာ ရေဒီယိုမှ သတင်း အယ်ဒီတာ လုပ်သူသည် သူ့ အသံ ဖမ်းယူချက်များကို နှစ်ကြိမ် တိုင်တိုင် စစ်ဆေးကြည့်ပြီးနောက် ခပ်ကျယ်ကျယ် ဖွင့်လိုက်ပြီး ဩဘာပေးလိုက်လေ၏။

ဗွီအိုင်အီး ရုံးချုပ်၊ သုတေသန ဌာန၏ ရုံးခန်းထဲ၌ ရှိနေသော ဒိုင်ယာနီဗိုဂလာ၏ စိတ်ထဲတွင် ခံစားမှု အမျိုးစုံ ရောထွေး ယှက်တင်လာပြီး ဖြစ်ပေါ်လာ ကြသည်။ စတိဗ်ပက်ဂျက်သည် မဖြစ်နိုင်သော ကိစ္စကို စွမ်းဆောင်နိုင်ခဲ့လေပြီ။ ဒိုင်ယာနီသည် အဆင့် တစ်ဆင့်တွင် အလွန် အမင်း ဝမ်းသာ ပျော်ရွှင် သင့်သော်လည်း ကျန်အဆင့်များတွင် ဝမ်းမြောက်မှု မရှိခဲ့ချေ။ ဗွီအိုင်အီးသည် အာဖရိကတိုက်တွင် ဆိုးဆိုး ရွားရွား ပျက်စီးမည့် ဘေးရန်မှ ကင်းလွတ် ခဲ့လေပြီ။ သို့ရာတွင် ဒိုင်ယာနီ၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များနှင့် ဆက်စပ်ကြည့်ပါက အကျိုးဆက် တရားများသည် စိတ်ပျက်ဖွယ်ရာပင်တည်း။

ဒိုင်ယာနီသည် သူ့ဘဝတွင် သူဘာလိုချင်သည်ကို အမြဲတစေ သိရှိခဲ့သည်။ အားလုံးကို သူ သိပါသည်။ မိုက်ကယ်ဗိုဂလာက စတိဗ်ပက်ဂျက်အား ဗွီအိုင်အီး၏ ဘုတ်အဖွဲ့ ချယ်ယာမင်နှင့် အမှုဆောင် အရာရှိချုပ် အဖြစ် ခန့်ထားမည်ဟု ပထမဦးဆုံးအကြိမ် ပြောခဲ့စဉ် ကပင် သူ သိခဲ့ပါ၏။ ထိုကဲ့သို့ သဘောပေါက်လာ



www.burmeseclassic.com

www.burmeseclassic.com

မှုက အခြား ကိစ္စများကိုပါ ခေါ်ဆောင်လာခဲ့ပေသည်။ ဒိုင်ယာနီ၏ အတွင်းစိတ်ထဲတွင် မနာလိုစိတ် ဖြစ်ပေါ်နေမိပြီး သား အဖြစ် အစားဝင်လာသော စတိဗ်က သူ့ ဖခင်၏ မေတ္တာကို လွှန်လွှန်ကဲကဲ ရရှိနေသောကြောင့် သူက စတိဗ်အား မကျေမနပ် ဖြစ်နေသည်။ သူ (ဒိုင်ယာနီ) သည်သာ မိုက်ကယ်ဗိုဂလာ၏ တစ်ဦးတည်းသော သမီး အစစ် ဖြစ်သည်။ မိုက်ကယ်ဗိုဂလာက အခြား နေရာတွင် သူ့ မေတ္တာကို ခွဲဝေပေးခဲ့မည် ဆိုပါက ဒိုင်ယာနီ အပေါ်၌ ထားရှိသော မေတ္တာသည် ပေါ့ပျက်ပျက် ဖြစ်သွားပေလိမ့်မည်။ ထိုစိတ်ကူးကို ရရှိသည်နှင့် တစ်ပြိုင်နက် ထို ခံစားမှုသည် အံ့သြစရာ ကောင်းလှသော အရှိန်အဟုန်နှင့် လျင်မြန်စွာ ကြီးထွားလာလေတော့သည်။

ဒိုင်ယာနီက စတိဗ်အား စွဲလမ်းမိသည့် ကိစ္စနှင့် ခေတ္တမျှ ရင်းနှီးခဲ့ကြသည့် ကိစ္စမှာ ယာယီထိတွေ့မှုမျှသာ ဖြစ်သည်။

ဒိုင်ယာနီသည် ထိုစဉ်အချိန်ကပင် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါ၏။ ထိုထက် ပိုမိုသော ကိစ္စများလည်း ရှိပါသေးသည်။

စတိဗ်ပက်ဂျက်က ဖြတ်လမ်းနှင့် အထက်သို့ သူ တက်မည့် ကိစ္စတွင် ဒိုင်ယာနီသည် သူ့ အတွက် အရေးပါသော အခွင့်အရေးတစ်ခု ဖြစ်ကြောင်း သိလိုက်သည့် အတွက် ဒိုင်ယာနီက စတိဗ် အပေါ်



တွင် တွယ်တာလာအောင် ဒိုင်ယာနီကို အသုံးချခဲ့ခြင်းသာ ဖြစ်သည်။ စတိဗ်သည် အခြား အမျိုးသားများကဲ့သို့ ဒိုင်ယာနီသည် မိုက်ကယ်ဗိုဂလာ၏ အမွေစား အမွေခံ ဖြစ်ကြောင်း သိသည့် အတွက် ထိုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ မိုက်ကယ်ဗိုဂလာသည် သူ့ သား နေရာ၌ အစားထိုးထားသော စတိဗ် အပေါ်တွင် အချစ် ပိုခဲ့သည့်အတွက် သမီး ဖြစ်သူကို ဒုတိယနေရာသို့ ပို့ခဲ့ခြင်းဖြစ်ရာ မိုက်ကယ်ဗိုဂလာ ကိုယ်တိုင်သည်လည်း စိတ်ပါ လက်ပါ ပါဝင်နေသော အလိုတူ အလိုပါ တစ် ဦး ပင် ဖြစ်ပေသည်။

ဒိုင်ယာနီသည် ခေတ္တခဏမျှ ခြေလှမ်း ပျက်သွားစရာ ရှိသော်လည်း သူ ခြေလှမ်းမပျက်ခဲ့ပါ။ ဒိုင်ယာနီသည် ခြေလှမ်း ပြန်မှန်လာခဲ့ပြီ ဖြစ်သလို သူပိုင်ဆိုင်သော ပစ္စည်းအား ဇွဲနပဲ ကြီးကြီးနှင့် ရယူထားရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

သုတေသန ဌာနရှိ အသံခွဲစက်မှ ထွက်ပေါ်လာသော စတိဗ်၏ အသံ။ ထို့နောက် ဂါဒူး၏ အသံတို့က ဒိုင်ယာနီအား , ချောက်ချားသွားစေခဲ့ပါ၏။ အကယ်၍ မိုက်ကယ်ဗိုဂလာသည် ထိုနေရာတွင် ရှိနေခဲ့ပြီး ထို အသံများကို ကြားလိုက်ရမည် ဆိုပါက စတီဖင်ပက်ဂျက်အား ဗွီအိုင်အီး၏ ဘုတ်အဖွဲ့ ချယ်ယာမင်နှင့် အမှုဆောင်အရာရှိချုပ် အဖြစ် ခန့်အပ်လိုက်မည်သာ ဖြစ်ပါ၏။ ဒိုင်ယာနီအဖို့ ကိစ္စသည် စတိဗ်ပက်ဂျက်အား သူ့ ကုမ္ပဏီကို ပေးအပ်လိုက်ရခြင်းပင် ဖြစ်သလို သူ့ အား စတိဗ်၏



www.burmeseclassic.com

www.burmeseclassic.com

လက်အောက်ခံ အဖြစ် ပြု လုပ် လိုက် ခြင်း ပင် ဖြစ်ပါ၏။

သို့ရာတွင် ထိုနေရာ၌ မိုက်ကယ်ဗိုဂလာ ရှိမနေခဲ့ပါ။ သူ ဆေးရုံတွင် ရောက် ရှိ နေ ပါသည်။ မိုက်ကယ်ဗိုဂလာက ဗိုင်ယာနီအား သူ့ နေရာတွင် ဝင်၍ တာဝန်ယူရန် ပြောခဲ့သည်။ နှုတ်မှ ပြောခဲ့ခြင်းသာ ဖြစ်ပါ၏။ စာနှင့် ပေနှင့် တာဝန်လွှဲအပ်မထားပါက ဗိုင်ယာနီ၏ အနေအထားသည် ယာယီသဘောမျှသာ ဖြစ်ပါသည်။ သူ့ ဖခင်ထံမှ စကားတစ်ခွန်း၊ အစု ရှယ်ယာ အနည်းစုကို ပိုင်ဆိုင်ထားသူများ ထံမှ ကန့်ကွက်စာ၊ ဥပဒေကြောင်း ဆိုင်ရာ ရှုပ်ထွေးမှုများ စသည်ဖြင့် ကြိုတင်၍ မမြင်နိုင်သော အကြောင်းအချက်ပေါင်း များစွာက သူ ရရှိထားသည့် ကိစ္စကို ဖျက်ဆီးပစ်နိုင်စွမ်း ရှိပါ၏။

'ကျွန်မ သွားမှ ဖြစ်မယ်'

ဟာင်နရီဂါဒူးက စကားပြောနေဆဲ ဖြစ်သည့်တိုင်အောင် သူက သုတေသန ဌာနမှ ဝန်ထမ်းတစ်ယောက်ကို ပြောလိုက်သည်။

ထိုသူက ဗိုင်ယာနီသည် အလွန် အံ့သြစရာကောင်းသည့် သတင်းစကားများကို အိုင်းရွန်းမိုက်အား ပြောပြရန် မောင့်ဆိုင်းနိုင်း ဆေးရုံသို့ ထွက်ခွာသွားသည်ဟု ယူဆခဲ့လေသည်။



ဟာင်နရီဂါဒူးက ဆက်ပြောလိုက်၏။

'အပြစ်ကတော့ ကင်းဖီးလ် အာဖရိုကန် မိုင်နင်းကုမ္ပဏီအပေါ်မှာ ကျရောက်နေပါတယ်၊ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာနဲ့ ငြိမ်းချမ်းမှုကို ပြန်လည်ရယူလိုတဲ့ ကျွန်ုပ်တို့က အဲဒီ ကုမ္ပဏီနဲ့ ပြုလုပ်ထားတဲ့ သဘောတူညီချက် အားလုံးဟာ ပျက်ပြယ်သွားပြီလို့ ကြေငြာပါတယ်၊ ကျုပ်တို့က အဲဒီကုမ္ပဏီရဲ့ ကိုယ်စားလှယ်များနဲ့ ဝန်ထမ်းများကို ချက်ချင်း နှင်ထုတ်ပစ်လိုက်ဖို့ အမိန့် ချမှတ်ပြီးပါပြီ၊ အနောက် အာဖရိက နိုင်ငံရဲ့ ညီရင်းအစ်ကို စိတ်ဓာတ်နဲ့ အညီ ဘာဆိုတန် အစိုးရက ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုများကို ပြန်လည် ပြုလုပ်ပေးပါလို့ မေတ္တာရပ်ခံအပ်ပါတယ်'

ဂါဒူးကို လွှဲလာသည့် နေရာတွင် ဝါရင့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သော ဘာဒဆိုတို နိုင်ငံရှိ- နိုင်ဂျီးရီးယားသံအမတ်ကြီးက ဂါဒူးသည် ၎င်း၏ ဆန္ဒအရ ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း သိရှိလိုက်သည်။ သူသည် အကျဉ်းသား တစ်ယောက် ဖြစ်နေပြီး အတင်းအကျပ် ခိုင်းစေမှုကို ခံနေရပေလိမ့်မည်။ သို့ရာတွင် မည်သူ၏ အကျဉ်းသားပါနည်း။ ကင်ယာနိုင်ငံ သံရုံးမှ ပထမ အတွင်းဝန်ကလည်း ထိုကဲ့သို့ပင် တွေးနေမိခဲ့သည်။ ပြင်သစ်နိုင်ငံနှင့် ဗြိတိသျှနိုင်ငံ သံရုံး တို့မှ ဝန်ထမ်းငယ်ကလေးများ ကမူ မည်သူမှ



www.burmeseclassic.com

www.burmeseclassic.com

မဖတ်သော အစီရင်ခံစာ များကို ရေးသားကြရတော့မည်ဟု တွေးမိကြသည်။ ဂါလာ ရေဒီယိုကလည်း ဂါဒူး၏ မိန့်ခွန်းကို ဗဟို ပြုထားသော သတင်း အသံလွှင့်ချက်ကို ထပ်ခါတလဲလဲ လွှင့်ထုတ်နေလေ၏။

စတိဗ်က ဂျက်ကော့ဟတ်ရှ်နှင့် ဆက်သွယ်ထားမှုအား ဖြတ်တောက်ပစ်ရန် လေယာဉ်မှူးကို ပြောလိုက်သည်။ သူသည် နားထောင်နေသူများထံ ပြန်၍ မေးခွန်းထုတ်လာကြမည့် ကိစ္စကို မလိုလားပါ။

အီယန်ဘလိတ်က ပြုံးလိုက်၏။

'ဒါဆိုရင် ကြောင်ကို ကြွက် တွေ့ ကြား ထဲ ရောက်အောင် ပို့ပေးလိုက်ပြီ'

'ခု အဆင့်မှာတော့ အယ် လီ ဆန် က ရိတ် ချ်နဲ့ ရန်းဒေါတို့ပဲ အရေးပါသေးတယ်၊ ပြီးတော့.... ဟော့ပါးလဲ ပါနိုင်တယ်'

'သူတို့ တစ်တွေ သွေးပျက် ထိတ်လန့်လာကြပြီး လေယာဉ်ပျံနဲ့ ပို့ပေးပါရစေ ဆိုတဲ့ ကျုပ်တို့ အဆိုပြုချက်ကို အားပါးတရ လက်ခံလာကြပါစေဗျာ'

'ကျုပ်တို့က' အဆိုပြုလို့ ရအောင် သူတို့က ကျုပ်တို့ဆီကို ရေဒီယိုနဲ့ ဆက်သွယ်လာကြပါစေလို့ ကျုပ်က ဆုတောင်းနေတာဗျ'

စတိဗ်က ဆလင်း စီးကရက်ကို ရှိုက်ဖွာလိုက်၏။ သူက လေယာဉ်မှူးအား ပြောလိုက်သည်။



'ဒေါက်ဂလပ်စ်ဖီးလ်ဒင်းနဲ့ ဆက် သွယ် ကြည့်စမ်းပါ'

အကြိမ်ပေါင်း များစွာ ဆက်သွယ်ခဲ့သော်လည်း ပြန်မထူးသော အခါ သူ စိတ်ခေါက်ကျ သွားသည်။

'အိုလီကို ဆက်စမ်းပါဦး'

အိုလီဆီဂမ်က စက္ကန့်ပိုင်းအတွင်း ပြန်ထူးသည်။

ဟုတ်ကဲ့၊ ဖီးလ်ဒင်းသည် တွင်အော်တာထဲရှိ သူ့ ညာဘက် ထိုင်ခုံပေါ်၌ ထိုင် နေ သည်။ ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက ပြောပြရန် လိုအပ်သမျှကို ဝင်ပြောလိုက်၏။ မိုင်းလက် လေယာဉ်ပျံသည် ဆီကုန်သွားသောကြောင့် ကွင်းပြင်တစ်ခုထဲသို့ ထိုးဆင်းခဲ့ရသည်။ နောက်ဘက်မှ ကပ် ပါ လာ သော 'တွင်အော်တာ'က ကွင်းပြင်ထဲသို့ ထိုး ဆင်း ပြီး ဒေါက်ဂလပ်စ်ကို ခေါ်လာခဲ့သည်။

'ကျုပ်တို့က ဘာဆိုတို နိုင်ငံရဲ့ လေကြောင်းပိုင်နက်ထဲမှာ ရှိနေပြီး ဂါလာဆီကို တန်းတန်းမတ်မတ် ပျံသန်းနေပါတယ်'

'ခင်ဗျားတို့ အဲဒီကို ရောက်ရင် သတိဝီရိယနဲ့ နေကြ၊ ဇာတ်လမ်းကတော့ ပိုရှုပ်လာပြီ'

'ဟုတ်ပါပြီ ရပ်လိုက်ပြီ'

ဂါလာ ရေဒီယိုမှ လွှင့် ထုတ် ချက် များ ကို အယ်လီဆန်နှင့် ရန်းဒေါတို့သည် မည်သည့် အခါတွင်မှ ကြားသိကြလေမည်နည်း။ သူတို့၏ တုံ့ပြန်မှုက မည်သို့မည်ပုံ ဖြစ်လာလေမည်နည်း။

'ကျုပ်တို့ဆီမှာ လေဆိပ်က ကြေးစား စစ်သားတွေရဲ့ အသံလွှင့်စက် ဖရီကွင်စီကို သိထားသလား'



www.burmeseclassic.com

www.burmeseclassic.com

အိုင်ဘို လူမျိုး လေယာဉ်မှူးက ခေါင်းညိတ်ပြ
ရေဒီယိုကို လှည့်လိုက်သည်။

ဘာသံမှ ပေါ်မလာပါ။ စတိပ်က ပြောလိုက်
'အသံကို ဆက်ဖမ်းနေပါ၊ အဲဒါဟာ ပြ
မလာကနဲ့ ဆက်သွယ်ထားတဲ့ သူတို့ရဲ့ တစ်ခုတ
သော ဆက်သွယ်ရေးလမ်းကြောင်း ဖြစ်သလို သူ
စိတ်ထဲမှာ ဘယ်နည်းဘယ်ပုံ ဖြစ်ပေါ်လာနေတ
ဆိုတာကို ကျုပ်တို့က သိနိုင်တဲ့ တစ်ခုတည်းသေ
မျှော်လင့်ချက်ပဲ'

## ၅၈

ဒိုင်ယာနီ၏ ဆင့်ခေါ်မှုကြောင့် မိုက်ကယ်ဗိုဂလာ
အဓိက ရှေ့နေကြီးသည် နံနက်စာကိုပင် မစားတော့
ဗွီအိုင်အီး ရုံးချုပ်သို့ ကမန်းကတန်း ပြေး
ခဲ့သည်။ သူတို့သည် မိုက်ကယ်ဗိုဂလာ၏ ရုံးခန်း
တွေ့ဆုံကြ၏။ ဒိုင်ယာနီက ဥပဒေကြောင်း ဆို
အကြံဉာဏ်များကို ရယူလိုသည်။ ရှေ့နေကြီးကလ
သူ့ အယူအဆကို ပြောကြားသည်။

ဒိုင်ယာနီ၏ ဖခင်က ဗွီ အိုင် အီး ၏ ရှယ်
အ များ စု အား ပိုင် ဆိုင် ထား သည့် တိုင်အေ
မိုက်ကယ်ဗိုဂလာက နှုတ်ဖြင့် တာ ဝန် ပေး အ



များကို ကိုယ်စားလှယ် လွှဲစာများ၊ အခြားစာရွက်
စာတမ်းများ စသည်တို့နှင့် ကျားကန်ထားရမည်သာ
ဖြစ်ပါ၏။ သို့တိုင်အောင် အပြိုင် အဆိုင် စိန်ခေါ်
မှုများ ရှိလာနိုင်ပါသေးသည်။ သို့ရာတွင် ထိုကဲ့
သို့သော ယှဉ်ပြိုင်မှုများကို သူ ပြန်လည် ကျန်းမာ
လာသည်အထိ သို့တည်းမဟုတ် သေဆုံးသည်အထိ
လွှဲဖယ်ထားနိုင်ပါသေးသည်။ သူ သေဆုံးသွားခဲ့သည်
ရှိသော် ဒိုင်ယာနီ၏ အခွင့် အာဏာကို မည်သို့မျှ
ကန့်ကွက်၍ မ ရနိုင် တော့ ပါ။ သူ သည် တစ်ဦး
တည်းသော အမွေစား အမွေခံ ပုဂ္ဂိုလ် ဖြစ်ပေသည်။

ဒိုင်ယာနီက မေးလိုက်သည်။

'စာရွက် စာတမ်းတွေကို ခပ်တိုတိုနဲ့ နှုတ်တိုက်
ချပြီး ပေးနိုင်ပါသလား'

'ရပါတယ်၊ အဲဒီ စာရွက် စာတမ်း တွေ ဟာ
ရေ ပက် မ ဝင် အောင် တော့ ဖြစ် မှာ မ ဟုတ် ဘူး၊
ဒါပေမယ့် အသုံးတည့်ပါလိမ့်မယ်'

မစ္စက် အတ်ဒနာဘရက်ဒလီသည် ထုံးစံ အတိုင်း
ရုံးသို့ စောစောစီးစီး ရောက်ရှိလာသည်။ ဗိုဂလာ
နှလုံးရောဂါ ဖြစ်ပွားကြောင်း အသိ ပေးလိုက်သည့်
အခါ သူ သွေးပျက်သွားသော်လည်း သူ ကိုယ်သူ
လျင်မြန်စွာချုပ်တည်းနိုင်ခဲ့ပါသည်။မစ်(စ်)ဒိုင်ယာနီ
သည် သူ၏ အမြဲတမ်း အလုပ်ရှင် ဖြစ်လာနိုင်
ပါသည်။ သူက သိပ် မ ရှည် လျား သော စာ ရွက်
စာတမ်း ခြောက် ခု ကို ပြီး စီး အောင် အား ကြိုး
မာန်တက် ဆောင်ရွက်ပေးခဲ့သည်။

ရှေ့နေကြီးက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဆေးရုံဝန်ထမ်းတွေကို သက်သေအဖြစ် အသုံးပြုလို့ ရပါတယ်၊ ပြီးတော့လဲ နိုထရီပတ်ဘလစ် တစ်ယောက်ကတော့ အမြဲတမ်း လိုလို ရှိနေတတ်ပါတယ်'

နှလုံးရောဂါ ကုသသည့် အဆောင်၌ ရှိနေသော ဆရာဝန်များက ဒေါ်လာ သန်းပေါင်း တစ်ဆယ် ဘီလီယံ ရှိသော မဟာ့ မဟာ ကော်ပိုရေးရှင်းကြီး တစ်ခု၏ နောင်ရေးသည် မရေမရာ ဖြစ်နေကြောင်း သိလိုက်ကြရသောကြောင့် တအံ့ တသြ ဖြစ်သွားကြပြီး ဒိုင်ယာနီနှင့် ရှေ့နေကြီးတို့ကို တွေ့ဆုံခွင့်ပြုလိုက်ကြလေသည်။ ဆရာဝန်များကလည်း နီးနီးကပ် ကပ် လိုက် ပါ လာကြ သည်။ သူ တို့ သည် သန်း ပေါင်း များ စွာ ကြွယ် ဝ သော သူ ဌေး ကြီး တစ်ယောက်၏ လက် မှတ် သည် မှန် ကန် ကြောင်း သက်သေအဖြစ် ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို နေ့စဉ် နေ့တိုင်း ရကြလိမ့်မည် မဟုတ်ပါ။

'ဒက်ဒီ'

ဒိုင်ယာနီက အခြေအနေကို အေးဆေး သက်သာစွာ ရှင်းပြလိုက်သည်။

'အဲဒါကို ငါကိုယ်တိုင် စဉ်းစားမိဖို့ ကောင်းတာပေါ့ မင်းသမီးလေးရာ'

သူနာပြု ဆရာမများက မိုက်ကယ်ဗိုဂလာအား ထိုင်နိုင်အောင် ပြုပြင်ပေးကြသည်။ သူက စာရွက်တစ်မျိုးစီကို အနည်းငယ်စီ လျှောက်ဖတ်ကြည့်ပြီး စာရွက်တိုင်းကို လက်မှတ် ရေးထိုးပေးလိုက်သည်။ စာရွက်အားလုံးတွင် သက်သေများက လက်မှတ်



ရေးထိုးကြပြီး နိုထရီပတ်ဗလစ်က အတည်ပြုပေးလိုက်သည်။ မိုက် ကယ် ဗို ဂ လာ က ဒိုင် ယာ နီ နှင့် နှစ်ယောက်တည်း တွေ့ခွင့် တောင်းလိုက်လေသည်။

'ဟိုမှာ ဘာတွေ ဖြစ်ပျက်နေသလဲ ဒီ'

မိုက်ကယ်ဗိုဂလာသည် စိတ်လှုပ်ရှားမှု မဖြစ်ပွားသင့်ကြောင်း ဆရာဝန်များက ကြိုတင်၍ သတိပေးခဲ့ကြသည်။ ထို ကိစ္စက ဒိုင်ယာနီ၏ လိပ်ပြာကို သန့်စေခဲ့ပါ၏။ နောက်ဆုံး အခြေအနေကို ပြောပြလိုက်မည်ဆိုပါက မိုက်ကယ်ဗိုဂလာသည် ဝမ်းသာမှု၏ အထွတ်အထိပ်သို့ ရောက်ရှိသွားပေလိမ့်မည်။ ထိုကြောင့် ဒိုင်ယာနီက ဆင်ခြင် တွေးတောလိုက်၏။ ထို ဆင်ခြင်တွေးတောလိုက်မှု၏ နောယ် ကွယ် တွင် သူ ယခု ရရှိထားသည့် ကိစ္စ လက် လွှတ် ဆုံး ရှုံး သွား ရ မည် ကို ကြောက် လန့် မှု က လည်း ကပ် ၍ ပါရှိနေသည်။ သူက ရှေ့နေကြီးကို ပြန်ခေါ်ပြီး ဒိုင်ယာနီအား ပေးအပ်ထားသော အခွင့် အာဏာများ သည် ယာ ယီ သာ ဖြစ် ပြီး နောက်ပိုင်းတွင် စ တီ ဖင် ပက် ဂျက် အား လွှဲ အပ် သည် ဆို သော ခြင်းချက်ကို ထပ်ထည့်ကောင်း ထည့်ပါလိမ့်မည်။

မိုက် ကယ် ဗို ဂ လာ အား စိတ် လှုပ် ရှား စေမည့် ကိစ္စကို မပြောသင့်ဟု သူက ဆင်ခြင် တွေးတောလိုက်၏။ ခပ် စော စော ပိုင်း က ဂျက် ကော့ ဟက် ရှ် ပြောခဲ့သော မယုတ်မလွန်စကားအတိုင်း ဒိုင်ယာနီက သူ ပြောမည့်စကားကို လိုက်လျောညီထွေ ဖြစ်အောင် ပြုပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'အခြေအနေက တည်ငြိမ်စ ပြုနေပါပြီ၊ ကျွန်မတို့ရဲ့ မျှော်မှန်းချက်တွေကလဲ အလား အလာ ကောင်းနေပါတယ်'

ထိုကိစ္စမှာ အဖြစ်မှန်ထက် လျှော့လျှော့ ခပ်ပေါ့ပေါ့ ပြောထားခြင်း ဖြစ်သောကြောင့် ဒိုင် ယာ နီ သည် သူ့ ဖခင်၏ မျက် စိ ကို ရဲ ရဲ တင်း တင်း ရင် ဆိုင်၍ ကြည့်ရဲပါသည်။

'ဒီတော့ မင်း လုပ် ရ မယ့် က ဏ္ဍ ကို ဆက်လုပ်ပေါ့ကွယ်'

ဒိုင် ယာ နီ က သူ့ ဖ ခင် ၏ ပါး ကို မွှေး မွှေး ပေးလိုက်လေ၏။

'စိတ် ပူ ပန် မှု တွေ က ပယ် ဖျောက် ပြီး အ နား ယူပါတော့'

'စတိဗ်တစ်ယောက်ရဲ့ အခြေအနေက ဘယ်လိုလဲ'

မိုက်ကယ်ဗိုဂလာက မေးလိုက်၏။ သူ၏ စိုးရိမ်ကြောင့်ကြမှုသည် သူ့ လေ သံ၌ အ ထင်း သား ပေါ်ပေါက်နေသည်။

မနာလိုမှု၊ ဝန်တိုမှု၊ မကျေ မချမ်း ဖြစ်မှုတို့က ဒိုင် ယာ နီ ၏ ရင် ထဲ ၌ လိပ် လိပ် ပြီး ဝေါ် ထွက် လာသည်။ စတိဗ်.... စတိဗ်နဲ့ အမြဲတမ်း စတိဗ်ကိုချည်း မေးနေတာပဲ။ မိုက်နှင့် စတိဗ် သွေးကွဲသွားအောင် ဆောင်ရွက်သည့် ကိစ္စကို အထူးတလည် မကြိုးပမ်း ရဘဲ သူ့ နှုတ်မှ အလို အလျောက် ထွက်ပေါ်လာခဲ့သည်။

'သူကတော့ သူ့ ပုံစံအတိုင်းပဲ၊ ဒက်ဒီ ပေးတဲ့ အမိန့်တွေကို သူက ဖီဆန်ခဲ့တယ်၊ အဲဒီ နောက်



င်းမှာ ဒက်ဒီ လဲ နှလုံး ရောဂါ ပြန်ထလာခဲ့တယ်လေ၊ မှတ်မိတယ် မဟုတ်လား၊ အခုလဲ သူက သမီးစကားကို မလေးမခန့် လုပ်နေပြန်ပြီ'

ဒိုင်ယာနီက သူ့ ကိုယ်သူ ပြန်ထိန်းလိုက်ပြီး က်ပျာကယာ ဖြည့်စွက်လိုက်လေ၏။

'ဒါပေမယ့် သူ နေကောင်းလိမ့်မယ်လို့ ထင် ါတယ်'

မိုက်ကယ်ဗိုဂလာ၏ ခန္ဓာကိုယ်နှင့် ဆက်သွယ်ထားသော အီလက်ထရွတ်များ၏ အခြေအနေကို ပြသသည့် စက်ကိရိယာမှ ဒိုင်ခွက်များတွင် တုန်ခါသွားကြ ပုံ ရ သည်။ အ ခန်း ထဲ သို့ ဆ ရာဝန် တစ်ယောက်နှင့် သူနာပြု ဆရာမ တစ်ယောက်တို့ ဝင်လာကြသည်။ ဒိုင်ယာနီ ပြန်မှ ဖြစ်ပါလိမ့်မည်။ ဒိုင်ယာနီက မိုက်အား ထပ်မံ၍ မွှေးမွှေးပေးလိုက် ပြီးနောက် အပြင်ထွက်သွားပြီး သမားတော်ကြီးကို မနစ် အတော်အတန် ကြာအောင် စောင့်နေလိုက်သည်။

ဆရာဝန်ကြီးက ပြုံးရယ်ရင်း ဒိုင်ယာနီကို အာမ ခံလိုက်လေ၏။

'မဖြစ်စလောက်ကလေး လှုပ်ရှား သွားတာပါ'

နက်ခင်း မော်တော်ကား အသွားအလာ ရှုပ်ထွေး ကြာ ဗွီ အိုင် အီး ရုံး ချုပ် သို့ ပြန် လာ သော ဒိုင်ယာနီကို နှောင့်နှေးစေခဲ့ပါသည်။ သူ့ ရုံးခန်း



www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ ဝင်လိုက်ချိန်တွင် မျက်ရည်လည်ရွဲ ဖြစ်နေသော မစ္စက် ဘရက်ဒလီကို တွေ့လိုက်ရတော့သည်။

'မင့် ဖေဖေ....ဒိုင်ယာနီ၊ သိပ် မကြာသေးခင်က ဆေးရုံက တယ်လီဖုန်းဆက်တယ်'

'မဟုတ်ပါဘူး'

ထို့နောက် ဒိုင်ယာနီသည် ငိုချလိုက်လေ၏။

မစ္စက် အက်ဒနာ ဘရက်ဒလီ၏ မျက်ရည်များသည်လည်း မကြာမီ ခန်းခြောက် သွားကြသည်။ သူက စက္ကူ လက်ကိုင်ပဝါ အချို့ကို ထုတ်ယူပြီး ဒိုင်ယာနီကို ပေးလိုက်သည်။ ထို့နောက် ဒိုင်ယာနီ၏ လက်ကို ကိုင်၍ မိုက်ကယ်ဗိုဂလာ၏ ရုံးခန်းထဲသို့ ခေါ်ဆောင်သွားသည်။

'မစ်(စ်) ဒိုင်ယာနီ'

မစ္စက် ဘရက်ဒလီ၏ လေသံက မိခင် တစ်ယောက်၏ လေသံမျိုး ပေါက်နေသည်။

'မင်းက အားအင်တွေ အလကား ကုန်ခန်းသွားအောင် ငိုနေတယ်ဆိုတာ မင်း ဖေဖေ သိရင် သိပ် ဒေါသထွက်မှာပဲကွယ်'

မစ္စက်ဘရက်ဒလီ၏ အကြည့်သည် လိမ္မာပါးနပ်မှုနှင့် နားလည်မှုတို့၏ အကြားတွင် နှစ်ဖက်မျှ ရှိနေသည်။

'သူက မင်းကို ကုမ္ပဏီအကြောင်းကိုပဲ တွေးစေချင်လိမ့်မယ်၊ မင်းရဲ့ ကုမ္ပဏီ အကြောင်းပဲပေါ့'

သက်ပြင်းကြီး တစ်ချက် ချလိုက်သည်။

'မင်း အနေနဲ့ ရနိုင်သမျှ ခွန်အားတွေကို စုဆောင်းထားဖို့တော့ လိုလိမ့်မယ်'



ထို့နောက် ဒိုင်ယာနီအား ပူဆွေးသောက ဖြစ်မှုမှ စိတ် ပြောင်းလဲသွားအောင် စကား လျှောက်ပြောသည့် အနေနှင့် ထို အချိန်က စ၍ သူ့အား လက်မလွှတ်နိုင်စေရန် ပထမဦးဆုံး ခြေလှမ်းကို စလှမ်းလိုက်လေ၏။

'ဟုတ်ပါတယ်လေ၊ ဒီ ကုမ္ပဏီ ဟာ အခု မင်း ကုမ္ပဏီ ဖြစ်သွားပြီ၊ ဟောဒါကလဲ မင်းရဲ့ ရုံးခန်းပဲပေါ့'

ဝမ်းနည်းဟန် ယူကျုံးမရ ဖြစ်ဖာန် နှင့် နောက်တစ်ကြိမ် သက်ပြင်းချလိုက်ပြန်သည်။

'ဝမ်းတော့ ဝမ်းနည်းစရာပဲ၊ ဒါပေမယ့် အဲဒါကိုတော့ မဖြစ်မနေ လုပ်ရတော့မှာ ပေါ့လေ'

ငိုမနေတော့သော ဒိုင်ယာနီက သူ့အား အူကြောင်ကြောင်နှင့် စိုက်ကြည့်နေသည်။

'ခြေ....တောင်းပန်ပါရယ်လေ၊ အဲဒါကတော့ ဒီရုံးခန်းက သိပ်ပြီး ယောကျ်ားဆန်လွန်းနေ....'

သူ့ အသံက တိမ်ဝင်သွားတော့သည်။ ဒိုင်ယာနီက ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်၏။ ဟုတ်တယ်။ အသစ်တစ်ဖန် ပြန်လည်ပြင်ဆင် မွမ်းမံရလိမ့်မည်။ ပရိဘောဂ အသစ်များကို ဝယ်ရမည်။

အက်ဒနာဘရက်ဒလီသည် နံရံပေါ်၌ ချိတ်ဆွဲထားသော ဘဇူကာသေနတ်ကို ငေးကြည့်နေသည်။

'အဲဒါကတော့ မစ္စတာ ဗိုဂလာ့ အတွက် သိပ် အဖိုးတန်တာပဲ'

www.burmeseclassic.com

သူက တိုးတိုးကလေး ပြောလိုက်၏။ ဒိုင်ယာနီက တံတွေးကို အနိုင်နိုင် မျိုချရင်း 'ဟုတ်ကဲ့'ဟု ပြောလိုက်သည်။

'ဒါပေမယ့် အဲဒါက မင်းဖန်တီးမယ့် ဗွီအိုင်အီးရဲ့ ပုံသဏ္ဌာန်နဲ့ လိုက်ဖက်ပါ့မလား မစ်(စ်)ဒိုင်ယာနီ'

မစ္စက် ဘရက်ဒလီက နောက်တစ်ကြိမ် မှန်သွားပြန်ပြီ။ ဟုတ်ပါသည်။ သူက အင်မတန် ခေတ်မီ ခွန်အားရှိသော၊ တိုးတက်သော ဗွီ အိုင် အီး ၏ ပုံသဏ္ဌာန်ကို ဖန်တီးမည် ဖြစ်သည်။ ဗွီအိုင်အီးသည် ဆာဂျင် မိုက်ကယ်ဗိုဂလာက ဂျာမန် မီးခံသေတ္တာ တစ်လုံးမှ လုယက်လာသော ဒေါ်လာ ၁၀၅၇၃၀ နှင့် တည်ထောင်ခဲ့ခြင်း ဖြစ်သည်ဟု သတိရစေမည့် ကိစ္စရပ်များကို ခွင့်မပြုနိုင်ပါ။

ဒိုင်ယာနီ ဗိုဂလာသည် သူ့ ဖခင်၏ စားပွဲနောက်ဘက်သို့လျှောက်သွားပြီး ဆုံလည်ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေ၏။ သမီးဖြစ်သူနှင့် အမွေစားအမွေခံ ဖြစ်သူသည် နောက်ဆုံးတွင် ကုမ္ပဏီကို ကိုယ်ပိုင်အဖြစ် ရရှိခဲ့လေပြီ။

ကင်းဖီးလ်သည် စိတ်သွားတိုင်း ကိုယ် မပါသောကြောင့် အလိုမကျနိုင်အောင် ဖြစ်နေသည်။ ထိုအခိုက်တွင် အင်တာကွန်(ရုံးတွင်းဆက်သွယ်ရေး ကိရိယာ) က မြည်လာလေ၏။ သူက ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

ဝတ်သ်၏ အသံ ထွက်ပေါ်လာ၏။



'မစ္စတာ ဟော်တွန်က ဆက်သွယ်နေပါတယ် ဆရာ၊ သိပ် အရေးကြီးပါတယ်တဲ့'

ရော့ခ်ဟော်တွန်သည် စီစီအိုင်မှ ဒုတိယ ဥက္ကဋ္ဌ တစ်ဦးပင် ဖြစ်သည်။

'ဆက်ပေးလိုက်'

ဟော်တွန်က အဆက်အစပ်ရှိသည်ဟု ဆိုရုံမျှသာ ဗလုံးဗထွေး ပြောနေသည်။ ကင်းဖီးလ်က လှောင်လိုက်၏။

'အဲဒါတွေက မုသားစကားတွေ၊ ဝါဒဖြန့်တာတွေကွ၊ ကျုပ်တို့ လူတွေရဲ့ အစီရင်ခံစာ တွေ ပေါ်မှာသာ အားကိုးစမ်းပါ'

'နာရီပေါင်း များစွာ ကြာအောင် သူတို့ဆီက ဘာသတင်းမှ မရပါဘူး၊ သူတို့ကို ဆက်သွယ်လို့လဲ မရပါဘူး မစ္စတာကင်းဖီးလ်၊ ကျုပ်တို့က ဆက်သွယ်ဖို့ ကြိုးစားခဲ့တယ် ဆိုတာကိုတော့ ဘုရား သခင် သိပါတယ်'

တော်တော်အသုံးမကျတဲ့ လူတွေ။ ကင်းဖီးလ်သည် ရုံးတွင်း ဆက်သွယ်ရေး ကိရိယာမှ ခလုတ်များကို လျှောက်နှိပ်ရင်း အမိန့်တွေ ပေးလိုက်သည်။ အချည်းနှီးပင်တည်း။ မဝမ်ဒီနှင့် အဆက်အသွယ်ပြတ်တောက်နေသည်။ အဘယ်ကြောင့် ဆိုသည်ကို မည်သူမျှ မသိပါ။

ဝတ်သ်က အင်တာကွန်မှ တစ်ဆင့် ဆက်သွယ်လာပြန်သည်။

'ဝါရှင်တန်က ဘာလတ်ဆင်ဂိမ်းပါ ဆရာ'



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားရေး ဝန်ကြီး ဘ လတ် ဆင် ဂိမ်း က ပြောလိုက်၏။

'လောလော လတ်လတ် ဖြစ်ပွားလာတဲ့ အနေအထားတွေ အရ ကျုပ် ဒီကနေ့ ကြေငြာချက် မထုတ်ဖြစ်တော့ဘူး၊ ဘယ်နေ့မှာမှ ထုတ်ဖြစ်မှာ မဟုတ်တော့ဘူး စီဂျေ'

'ဖြစ်ပွားလာတာတွေ ဟုတ်လား၊ အဲဒါတွေက အင်မတန် အဓိပ္ပာယ် မရှိတဲ့ ကောလာ ဟလတွေပါ'

'ကျုပ်က သံတမန်တွေဆီက တစ်ဆင့် အတည်ပြုချက် ရရှိပြီးပါပြီ'

'ဘလတ်ဆင်ဂိမ်း၊ ခင်ဗျားနဲ့ ဝိုလ်စကီတို့ဟာ ကျုပ်တို့ရဲ့ ပရိုဂျက်(လုပ်ငန်း)မှာ ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး အင်မတန် အကျိုးကျေးဇူး ရှိကြမှာပါ၊ ခင်ဗျားရဲ့ စီစီအိုင် စတော့ ရှယ်ယာတွေဟာ ခုဆိုရင် သန်းပေါင်းများစွာ အဖိုးတန်နေပါပြီ'

'အရင်က တန်ဖိုးရှိခဲ့တာပါ၊ မနေ့က ည နေ ဈေးကွက်ပိတ်သွားတဲ့ အချိန်ကပါ၊ ဒီကနေ့ မနက် ဈေးကွက်ဖွင့်တဲ့ အချိန်မှာ သိပ် တန်ဖိုးရှိတော့မှာ မဟုတ်ပါဘူး'

ချောက်။

ချောက်ခနဲ မြည်သံက ကင်းဖီးလ်၏ ဦးနှောက်ထဲ တွင် အဆ ပေါင်း များ စွာ ပို မို မြည် ဟည်း သွား သည်။ တွင်း နက် ကြီး တစ် တွင်း ဖြစ် ပေါ်လာသည်။ ထိုအမှောင်ထုကြီးသည် မည်သည့် နေရာ ဖြစ်ကြောင်း သူသိပါ၏။ သူ့ကို ထိုနေရာ၏အစွန်းသို့



ရောက်အောင် အတင်း ဖိအားပေးနေသည်။ သူသည် ဟော်တွန်၊ ဘ လတ် ဆင် ဂိမ်း နှင့် အခြား ပုဂ္ဂိုလ် အားလုံးမှားယွင်းနေကြောင်း သက်သေပြရန်အတွက် ထို အမှောင်ထုထဲသို့ ရောက်သွားဖို့ အထူး လိုအပ်နေပါသည်။

သူ၏ သီးသန့် တယ်လီဖုန်းမှ အသံ မြည်လာပြန်၏။ ထို နံပါတ်ကို သိရှိသူ အလွန် နည်းသည်။ ဘ လတ် ဆင် ဂိမ်း က တောင်း ပန် စ ကား ပြော ဖို့ ဆက်သွယ်လာခြင်းပေလော။ သူက စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

စီစီအိုင်၏ အမှုဆောင် ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ ဂရိလီက သူ့ကို အတင်း အဓမ္မ ခေါ်နေသည်။

'ဒီကို ခု ချက်ချင်း လာခဲ့ပါ၊ ဘုတ်အဖွဲ့ အစည်းအဝေးကို ကျင်းပမှ ဖြစ်လိမ့်မယ်'

ကင်းဖီးလ်က စကားပြောခွက်ကို ပြန်တင်လိုက်၏။

သူက အင်တာကွန်ထဲသို့ ပြောလိုက်၏။

'ဝတ်သ် ကျုပ် ရေချိုးမယ်၊ အဝတ် အစားတွေ အသင့် ပြင်ထားပါ၊ ပြီးတော့ ကုမ္ပဏီ လေယာဉ်ပျံ တစ်စီးကို ကျုပ်အတွက် အဆင်သင့် ဖြစ်အောင် စီစဉ်ပေးပါ၊ ကျုပ် ခရီးထွက်မလို့'

'ခရီးထွက်မယ် ဟုတ်လား မစ္စတာ ကင်းဖီးလ်'

'ဟုတ်တယ်၊ အရီဇိုးနားကို'

ထိုကိစ္စသည် ကမ်မ်ကို ဝန် ထမ်း တစ် ယောက်က သူပိုင်သော ခရီးဆောင် ဆိုနီ ရေဒီယိုကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဂါလာ ရေဒီယိုမှ လွှင့်ထုတ်ချက်များကို ဖမ်းယူ နားထောင်ရာမှ စတင်ဖြစ်ပေါ်ခဲ့သည်။ မိနစ်ပိုင်း အတွင်းမှာပင် အခြားဝန်ထမ်းတစ်ယောက်သည် ဟော့ပါးနှင့် ဆွေးနွေးနေသော အယ်လီဆန်၏ ရုံးခန်းထဲသို့ ဝုန်းခနဲ ပြေးဝင်လာပြီး ထိုသတင်း များကို ပြောချလိုက်လေ၏။ အယ်လီဆန်က သူ့ ရေဒီယိုကို ဖွင့်လိုက်သည်။

'....ဆက်တိုက် ထုတ်လွှင့်နေတဲ့ သတင်း အစီ အစဉ်ကို နောက်တစ်ကြိမ် ထုတ်လွှင့်ပါမယ်၊ ဂါဒူး မြို့တော်မှာ ဖြစ်ပွားခဲ့တဲ့ ပုန်ကန်မှုဟာ ခု အချိန် အထိ လူပေါင်း ထောင်ပေါင်း များစွာ အသက် ဆုံးရှုံးခဲ့ရပြီ ဖြစ်ပါတယ်....'

အယ်လီဆန်နှင့် ဟော့ပါးတို့ တောင့်တင်းသွား ကြသည်။ ခပ်စောစောပိုင်းကမူ 'မြို့တော် တွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေသည်' ဆိုသော သတင်း ထုတ်လွှင့်ချက်ကိုသာ ကြားခဲ့ရသည်။ ထိုကိစ္စမှာ ဂါလာတွင် ဖြစ်ပေါ်နေသော အခြေ အခြေ အစီက ရုဏ်းကိုရည်ညွှန်းခြင်း ဖြစ်သည် ဟု အယ်လီဆန်က ယူဆသောကြောင့် ဟော့ပါးအား ရေဒီယိုကို ပိတ်ပစ်ခိုင်းခဲ့သည်။'

'မဝမ်ဒီ နိုင်ငံ တစ်နေရာ၌ ပြုလုပ်ခဲ့သော အသံ သွင်းချက်ကို အသံလွှင့်ပါတော့မယ်' တစ်စက္ကန့်မျှ ငြိမ်သက်သွားသည်။ ထို့နောက်

'ကျုပ် နာမည်ကတော့ စတီဗင် ပက်ဂျက်ပါ'



ပက်ဂျက်ပါကလား။ သူ ပြောပြီး ဂါဒူးက ဆက်ပြောသောကြောင့် သူ့လက်ထဲ၌ ဂါဒူး ရောက်ရှိ နေလေပြီ။

'လာရီ....ရန်းဒေါကို ခေါ်စမ်း'

အယ်လီဆန်၏ အသံက ကွဲအက်နေသည်။

ရန်းဒေါသည် ဇာခြေ မပျက်ဘဲ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေဟန်နှင့် ရောက်ရှိလာသည်။ သူသည် အရပ်သား ဝန်ထမ်းများထံမှ ကိုသတင်း အားလုံးကို ကြားသိခဲ့ပြီးလေပြီ။ သူနှင့် သူ့ တပည့်များက နှစ်သိမ့်ဖျောင်းဖျမှုများကို ပြုလုပ်ခဲ့ကြသည်။

'ဒါတွေဟာ အလိမ် အညာတွေပါ၊ အင်မတန် မသေမသပ် မပိရိတဲ့ စိတ်ဓာတ် စစ်ဆင်ရေးပါလို့ ပြောခဲ့တယ်'

'အလိမ် အညာတွေ ဟုတ်လား'

အယ်လီဆန်က တအံ့တသြ ပြောလိုက်သည်။

'ဂါဒူးက ကျွန်မတို့ကို ရောင်းစားခဲ့ပြီပဲ'

'ကျုပ်က အဲဒါကို ပြင်ပြီး ပြောလိုက်မယ်၊ သူက ကျုပ်တို့ကို နံနက် မိုးသောက် အလင်း ရောက်တဲ့ အချိန်အထိ အသက်ရှုပေါက် ရအောင် လုပ်ပေး လိုက်တာပါ၊ ဟင်နရီဂါဒူးဟာ ကျုပ်တို့ရဲ့ ဟင်နရီ ဂါဒူးပါပဲ၊ သူက ဘာဆိုတို့ နိုင်ငံကို ဝင်တိုက်ခိုက် မယ့် ကိစ္စကို ရေငုံပြီး နှုတ်ပိတ်နေခဲ့တယ်'

ဟော့ပါးက ငါ တော်တော် ညံ့သေးတာပဲဟု တွေးလိုက်မိ၏။ သူသည် ထင်ထင်ရှားရှား ကြီး ပေါ်လွင်နေသော ထိုအချက်ကို မမြင်မိခဲ့ပါ။

ရန်းဒေါက ပြုံးသိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'နက်ဖြန်ခါကျရင် ကျုပ်တို့က အကုန်သိမ်းကျုံးပြီး အနိုင်ရတော့မယ်၊ ဂါဒူးကို ပြန်ရအောင် ကျုပ်တို့က ဘယ်လို လုပ်နိုင်တယ်ဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့် သူက ဒီကနေ့ သူ့ ဆန္ဒနဲ့ ဆန့်ကျင်ပြီး ပြောလိုက်တာပဲ'

အယ်လီဆန်က မယုံကြည်ဟန်နှင့် ငေးကြည့်နေသည်။

'သူ့ကို ပက်ဂျက်က ဖမ်းဆီးထားတာပဲ'

'တည်ကြက်အနေနဲ့ပါ၊ အင်မတန် ပေါလောကြီး ပေါ်နေတဲ့ နည်းဗျူဟာပါ၊ အရေးပါတဲ့ ပုဂ္ဂိုလ်ကို ပြန်ပေးဆွဲ၊ ရန်သူက ကယ်ဆယ်ရေး လုပ်ငန်းတွေ လုပ်လာအောင် မြှူဆွယ်၊ အဲ ဒီ နောက် တော့ ကယ်ဆယ်ဖို့ လာတဲ့ တပ်ဖွဲ့တွေကို ချုံခိုတိုက်ပြီး အပြတ်ရှင်းပစ်၊ ဒါပါပဲ၊ ကျုပ်တို့က အဲဒါကို ပြောင်းပြန်ဖြစ်သွားအောင် မြှူဆွယ်မှုကို ကျုပ်တို့ကပဲ လုပ်မယ်'

'ဘယ်လိုလုပ်မှာလဲ'

'ကျုပ်တို့က စည်းကမ်းချက်တွေကို တောင်းဆိုမယ်'

'လက်နက်ချဖို့လား' အယ်လီဆန် စိတ်ပျက်သွားသည်။ 'ခုနတုန်းကတော့ ရှင် ပြောခဲ့တာက....'

'မစ်(စ်)ကရီချ်၊ ကျုပ်က ပက်ဂျက်ကို စေ့စပ်ပြေငြိမ်းဖို့ ပြောမယ်၊ အဲဒီကိစ္စအတွက် စည်းကမ်းချက်တွေကို အပေးအယူ လုပ်ဖို့ လေဆိပ်မှာ အစည်းအဝေး လုပ်ဖို့ ပြောမယ်'



ယခု အချိန်တွင် နားလည်သွားပြီ ဖြစ်သော ဟော့ပါးက ခေါင်းညိတ်လိုက်၏။

'ဂါဒူးဟာ အသက်ရှင်လျက်နဲ့ ရှိနေသေးကြောင်း သက်သေ အထောက်အထား ရဖို့လိုတယ်၊ သူထုတ်ပြန်ထားတဲ့ အမိန့်တွေနဲ့ ပတ်သက်ပြီး သူက အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြဖို့ လိုလိမ့်မယ်၊ ကျုပ်တို့က ကမ်မ်ကို ဝန်ထမ်းတွေရဲ့ လုံခြုံမှုအတွက် အာမခံချက် တောင်းမယ်၊ အဲဒီလို ဆွေးနွေးပွဲမျိုးဟာ နာရီပေါင်းများစွာ ကြာလေ့ရှိတယ်'

အယ်လီဆန်က ပြောလိုက်၏။

'ပက်ဂျက်က ဒီကိုဘယ်တော့မှလာမှာမဟုတ်ဘူး'

'ကျုပ်တို့ သုံးယောက်က သူ့ကိုခေါ်လာမှာပါ'

ရန်းဒေါက ဆေးပေါ့လိပ် တစ်လိပ်ကို မီးညှိပြီး တဟားဟား ရယ်လိုက်၏။

'ကျုပ် တပည့်တွေက လက်နက်ချကြမယ်၊ ပြီးတော့မှ စျေးဆစ်တာတွေကို လုပ်ကြမယ်'

'ပြီးတော့ မဆုံးနိုင်အောင် ဆက်ဆွေးနွေးကြမယ်'

ဟော့ပါးက ဝင်ပြောလိုက်၏။

'အဲဒီလိုချည်းတော့ မဟုတ်သေးပါဘူးလေ'

ရန်းဒေါက ပြောလိုက်၏။

'အစွန်အဖျား ကျတဲ့ ကျေးရွာတွေမှာ ပိုက်စိပ်တိုက် ရှာဖို့ စေလွှတ်ထားတဲ့ အင်အားစိုက်ဘီ တပ်ဖွဲ့ကလေးတွေကို ပြန်ခေါ်ခိုင်း ထားတယ်၊ သူတို့ဟာ သိပ်ထူးချွန်တဲ့ [illegible]မတန်းစား စစ်တပ် တွေတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူတို့က လူသုံးထောင်လောက် ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ရောက်လာတဲ့ အခါ ကျုရင် ဆွေးနွေး ညှိနှိုင်းတာတွေ ရပ်တန့် သွားလိမ့်မယ်၊ ဖြုန်းစားကြီးကို ရပ်ဆိုင်းသွားမှာ'

အယ်လီဆန် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

'တိုက်ပွဲ တစ်ပွဲ'

'ဘယ်တော့မှ မဖြစ်စေရဘူး၊ သူ့ တပ် ဖွဲ့ ကို အဝိုင်း ခံနေရကြောင်း သိ လိုက် တဲ့ ပက် ဂျက် က လူမည်းကြီးကို ကျုပ်တို့ ဆီမှာ အပ်နှံ ထားခဲ့ပြီး ပြန်သွားရမယ် ဆိုတဲ့ ကျုပ်တို့ရဲ့ စည်းကမ်းချက်ကို လက်ခံလာပါလိမ့်မယ်'

အန္တရာယ် အလွန် များသည်သာ မက အလွန် စွန့်စားရမည့် ဆုံး ဖြတ် ချက် တစ်ခုကို မချမှတ်မီ ကင်းဖီးလ်၏ အယူအဆကို သိရှိအောင် ဆောင်ရွက်ထိုက်ကြောင်း အယ်လီဆန် သိပါသော်လည်း တယ်လီဖုန်းနှင့် တဲလက်လိုင်းများ ပျက်စီးနေကြသည်။

အယ်လီဆန်က မေးလိုက်၏။

'ရှင်က ပက်ဂျက်နဲ့ ဘယ်လိုလုပ်ပြီး ဆက်သွယ်နိုင်မှာလဲ'

ရန်းဒေါက ဆေးပေါ့လိပ်ကို ဖွာလိုက်သည်။

'ခု အဆင့်မှာတော့ အင်မတန်တော်တဲ့ တိုက်ခိုက်ရေး တပ်မှူးဟာ ကျုပ်ရဲ့ ရုံးချုပ်က အသံလွှင့်ချက်တွေကို လိုက်ပြီး ဖမ်းယူ နားထောင်နေမှာ သေချာတယ်၊ ပြီးတော့လဲ'

သူက အောင့်သက်သက်နှင့် ချီးကျူး လိုက်သည်။

'ကျုပ် ရင် ဆိုင် ခဲ့ ဖူး တဲ့ ပုဂ္ဂိုလ် တွေ ထဲ မှာ ပက်ဂျက်ဟာ အတော်ဆုံး ပုဂ္ဂိုလ်ပဲ'



## ၅၉

အသံဖမ်းစက် အသက်ဝင်လာသည်။ မေဂျာ တရှုးစတားရန်းဒေါက မစ္စတာ စတီဖင် ပက်ဂျက်နှင့် ရေဒီယိုမှတစ်ဆင့် အဆက်အသွယ်ပြုလုပ်ချင်သည်တဲ့။

ရဟတ်ယာဉ် မောင်းနှင် ခန်း ထဲ၌ ရှိနေသူအားလုံး တောင့်တင်း သွားသည်။ စတိဗ်က စကားပြောခွက်မှ ခလုတ်ကို ဖွင့်လိုက်၏။

'ခု ပြောနေတာ ပက်ဂျက်ပါ'

'ကျုပ်တို့ ဘက်က မေတ္တာ ရပ်ခံချက် အချို့နဲ့ အဆိုပြုချက် အချို့ကို တင်ပြဖို့ ရှိနေပါတယ်'

စ တိဗ် နှင့် အီ ယန် ဘ လိတ် တစ် ယောက် နှင့် တစ်ယောက် ကြည့်လိုက် ကြသည်။ စတိဗ်က ပြောလိုက်၏။

'ပြောပါ မေဂျာ၊ ခင်ဗျားက ဘာပြောချင်သလဲ ဆိုတာကို'

ရန်းဒေါက တစ်ချက်ပြီး တစ် ချက် ပြော သွားသည်။ အပစ်အခတ် ရပ်စဲရမည်၊ ဂါဒူး အသက်ရှင်လျက်သား ရှိနေကြောင်း မြင်မြင်ထင်ထင် သက်သေပြရမည်။ အ ကယ် ၍ အ သက် ရှင်နေ သည် ရှိသော် သူ ထုတ်ပြန် ခဲ့ သော အမိန့် တွေကို သူ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်က အတည်ပြု ပေးရမည်။ နောက်ဆုံးတွင် ရွေးစပ် ညှိနှိုင်းမှု များကို ပြုလုပ်မည်။ ပက်ဂျက်က ပြောလိုက်၏။

'ခင်ဗျားတို့က ရှုံးနေပြီပဲ၊ ဘာတွေများ အပေးအယူ လုပ်စရာတွေ ရှိနေသေးလို့လဲ'

'အများကြီး ရှိပါတယ် မစ္စတာ ပက်ဂျက်၊ကျုပ်တို့ဆီမှာ လူဖြူ အရပ်သား ဝန်ထမ်းတွေ ရာပေါင်းများစွာ ရှိနေတယ်၊ သူတို့ကို ပြန်မပို့နိုင်သေးမီအထိ သူတို့ကို ကာကွယ် စောင့်ရှောက်ဖို့ လိုအပ်တယ်၊ သူတို့ကို ပို့ဆောင်ပေးဖို့နဲ့ အန္တရာယ်ကင်းစေရေး အတွက် ဆွေးနွေးစရာတွေ ရှိတယ်၊ သူတို့တစ်တွေ သွေးပျက် ထိတ်လန့် မသွားအောင် သူတို့ကိုယ်စား ဘာတွေ လုပ်ကိုင် ပေးနေတယ် ဆိုတာ သူတို့ကိုယ်တိုင် ဇလွလာခွင့် ပြုထားရမယ်'

'အဲဒီ နောက်ဆုံး အချက်က ကျုပ်ကို ပက်လက်လန်သွား စေတာပဲ မေဂျာ'

'မစ်(စ်) အယ် လီဆန် က ရိတ်ချ် က ကျုပ်တို့ရဲ့ ဆွေးနွေးပွဲကို ဒီမှာလုပ်သင့်တယ်လို့ အဆိုပြုနေတယ်'

'သိပ်ရယ် ရတယ်ဗျာ၊ ကျုပ်တို့က ချဉ်းကပ်လာ ခင်ဗျား လူတွေက သေနတ်နဲ့ ဆီးပစ်၊ ကျုပ်တို့ အားလုံး ကျဆုံး၊ အားလုံးသေ၊ ဒါပဲပေါ့လေ'

'နားထောင် ပါဦး ပက်ဂျက်ရယ်၊ မစ်(စ်) ကရိတ်ချ်၊ မစ္စတာ ဟောပါးနဲ့ ကျုပ်တို့က ခင်ဗျား ဘယ်မှာပဲ ရှိရှိ အဲဒီ နေရာကို အစောင့် အရှောက် မပါဘဲ၊ လက်နက်ကိုင် မပါဘဲ လာ ပြီး ခင်ဗျားရဲ့



ခင်ဗျားရဲ့ လူတွေနဲ့အတူ ဒီကိုပြန်လာမယ်၊ ကျုပ်လူတွေက လက်နက် ချထားကြမယ်'

သိပ်ကောင်းလွန်း နေတယ်ဟု စတိဗ်က တွေးလိုက်သည်။

'လက်နက် ကိုင်မလာတဲ့အပြင် အစောင့်အရှောက် တောင် ခေါ်မလာတဲ့ ခင်ဗျားတို့ အဖွဲ့က ကျုပ်တို့ကို တစ်ပတ် မရိုက်အောင် ဘယ်လို တားဆီးနိုင်မှာလဲ'

'ဂါဒူးကို မှန်ပြောင်းနဲ့ ဟုတ် မဟုတ် ကြည့်လို့ရအောင် နှစ် ကီလိုမီတာဝေးတဲ့ နေရာက ကွင်းပြင်ထဲမှာ ခင်ဗျားတို့က ခေါ်ထုတ် ပြရမယ်၊ တကယ်လို့ သူ အဲဒီမှာ ရှိမနေခဲ့ရင်တော့ ကျုပ်တို့က နောက် ပြန်လှည့်သွားမယ်'

'ကျုပ်တို့က ခင်ဗျားတို့ကို အကျဉ်းသား အဖြစ် ဖမ်းဆီးပြီး လေဆိပ်ကို ဝင်တိုက်နိုင်သေးတာပဲ'

'ခင်ဗျား မလုပ်ရဲပါဘူး၊ လက်နက် ကိုင်မထားတဲ့ တပ်သားတွေကို ပစ်သတ်တဲ့ ကိစ္စနဲ့ ခင်ဗျားတို့ ပစ်ခတ် မှုကြောင့် ပစ်ကွင်း ထဲမှာ ရောက်နေတဲ့ အရပ်သားတွေ ကိစ္စဟာ လူတွေကို အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုပဲ၊ တစ်ကမ္ဘာလုံးက ဘာဆိုတိုနဲ့ ဗြိတိန်အီးကို ဝိုင်းပြီး အပြစ် တင်ကြလိမ့်မယ်၊ ကျုပ်တို့က ဘက်စုံအောင် တွေးကြည့် ပြီးပါပြီ၊ ခင်ဗျားရဲ့ သဘောထားပဲ လိုတော့တယ်၊ ကဲ ကျုပ်တို့ အပေးအယူ ဖြစ်မလား'

'ခဏ နေပါဦး'

www.burmeseclassic.com

စတိဗ်က စကားပြောခွက်မှခလုတ်ကိုပိတ်လိုက်ပြီး အီယန်ဘလိတ်၏ အကြံဉာဏ်ကို တောင်း ခံ လိုက်သည်။ ဘလိတ်က အသံထွက်၍ စဉ်းစားလိုက်သည်။

'သူတို့က ဒီနေရာကို ဂျစ်ကား ဒါမှ မဟုတ် လင့်ရိုဗာကားနဲ့ လာရလိမ့်မယ်၊ ကား တစ်စီးထက် ပိုခဲ့ရင် ကျုပ်တို့က လှမ်းပစ်ရင် ပစ်မယ်၊ ဒါမှ မဟုတ် ရဟတ်ယာဉ်နဲ့ ပို့တက်ရင် တက်မယ်၊ သူတို့ ဘက်က မှန်ကန် ခဲ့ရင်တော့ ကျုပ်တို့က သူတို့ သုံးယောက်ကို ရဟတ်ယာဉ်ပေါ် တင် ခဲ့မယ် ဒါဆိုရင် ကျုပ်တို့ ဆင်းတဲ့ အခါကျရင် ဘယ်သူကမှ ပစ်မှာ မဟုတ်ဘူး'

သူက အသံကို မြှင့်လိုက်၏။

'အချိန် ကိစ္စကြောင့် လက်ခံချင်စရာပဲ၊ ကျုပ်တို့က ဒီကိစ္စကို ခပ်မြန်မြန် အပြီးသတ်နိုင်ရင် သတ် ဒါမှ မဟုတ်ရင်တော့ တစ်ကနေ ပြန် စရလိမ့်မယ်'

သူက မျက်မှောင် ကုတ်လိုက်၏။

'အေးလေ သူတို့က ဒါတက်ပိုပြီး အာမခံနိုင်မယ် ကိစ္စကို ခွင့်ပြုမလား မသိဘူး'

သူက လျှင်မြန်စွာ ပြော လိုက်၏။ စတိဗ်က ခေါင်းညိတ်ပြီး စကားပြောခွက်မှ ခလုတ်ကို ပြန်ဖွင့် လိုက်သည်။

'ခင်ဗျား တပ်ဖွဲ့ တွေဟာ လေဆိပ် အဆောက် အအုံရဲ့ အပြင်ဘက်မှာ ထိုင်နေကြရမယ်၊ ကျုပ်တို့က သူတို့ကို အမ်ဂျီ ၄၂-၅၉ တွေနဲ့ ဝိုင်းထားမယ် အဲဒီ စက်သေနတ်တွေရဲ့ အစွမ်းကိုရော သိရဲ့လား



'သိပါတယ်၊ စကား တစ်ခွန်းနဲ့ အမိန့်ပေးလိုက် တာနဲ့ ကျုပ်တို့ လူတွေဟာ အလောင်း ဖြစ်သွား ကြလိမ့်မယ်၊ ကောင်းပြီလေ၊ ခြွင်းချက် တစ်ခုတော့ ရှိတယ်၊ ဆွေးနွေးပွဲ ဖြစ်မယ် ဆိုရင် ကျုပ် အတွက် တပ်ရေးဗိုလ်ကြီး ပါလာဖို့ လိုအပ်တယ်'

'ခင်ဗျား သူ့ကို ခေါ်လာနိုင် ပါတယ်၊ ရပါ တယ် မေဂျာ၊ ကျုပ်တို့ အပေးအယူ ဖြစ်ပါတယ်'

'ခင်ဗျားတို့ နေရာက ဘယ်မှာလဲ'

'ခင်ဗျားတို့ ဌာနချုပ်ရဲ့ တောင်ဘက် တစ်မိုင် အကွာပါ'

'ကျုပ်တို့က အဲဒီ နေရာကို နာရီဝက် မတိုင်မီ ရောက်လာကြမယ်၊ စကား ပြောပြီးပြီ၊ အဆက်ဖြတ် လိုက်ပြီ'

ပြန်ဆက်သွယ်ပါ ဆိုသော အမှာအထားများနှင့် မေးခွန်းများကို နား မထောင်လိုသော စတိဗ် သည် ဟတ်ရှ်ကို အသာ ဘေးချိတ် ထားလိုက်ပြီး ဒဗလျူ အေဗီအေ အော်ပရေးရှင်း ရုံးခန်းနှင့် တိုက်ရိုက် ဆက်သွယ် လိုက်သည်။ ဖီးလ်ဒင်းနှင့် အိုလီတို့သည် မိနစ်လေးဆယ် အကြာတွင် ဆင်းသက် လာစရာ ရှိကြောင်း သူ့ကို ပြောလိုက်သည်။

'သူတို့ ပြန်ရောက်တာနဲ့ တစ်ပြိုင်နက် လေကြောင်း က ကယ်ဆယ်ရေး လုပ်တဲ့ ကိစ္စကို စလုပ်ရလိမ့်မယ်'

အီယန်က မျက်လုံးကို ပင့်ရင်း ပြောလိုက်၏။

'နည်းနည်းလောက် အရင် ကျမနေပေဘူးလား' ပက်ဂျက်က ခေါင်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'အချိန် ကိစ္စနဲ့ နောက်ဆုံး အဆုံး အဖြတ်ကို ခပ်မြန်မြန်ချဖို့ လိုတယ်လို့ ခင်ဗျားကိုယ်တိုင် ပြောခဲ့ပြီးပြီပဲ၊ ကျုပ်တို့က စွန့်စားရလိမ့်မယ်ဗျ'

ဆူညံ သောင်းကျန်းနေသော လူအုပ်ကြီး၏ ရှေ့ ရေးကို ကြို တင် နိမိတ်ဖတ်ဖို့ ခဲယဉ်းပါသည်။ လူအုပ်ကြီး၏ စိတ်နေ စိတ် ထား သည် တစ် မု ဟုတ် ချင်း ပြောင်းလဲ သွားနိုင်သလို ပို၍လည်း ဆိုးရွားလာနိုင်ပါသည်။ ငြိမ်သက်သည့် ဘက်သို့လည်း ပြောင်းလဲ သွားနိုင်ပါသည်။ မည်သည့်ဘက်သို့မဆို လျင်မြန်စွာ ပြောင်းလဲ ရောက်ရှိ သွားနိုင်ပါသည်။

ဂါလာ ရေဒီယိုမှ လွှင့်ထုတ်ချက်များက လိုအပ်သော တွန်းအားကို ပေးခဲ့သည်။ ခေါင်းဆောင်ကြီးများကို အော်ဟစ်၍ အပြစ်တင် ပြောနေ ကြသော အစား ဘာဆိုတန် မြို့တော်၌ ဆန္ဒပြ နေသော လူအုပ်ကြီး၏ စိတ်ထဲတွင် မျိုးချစ်စိတ်များ တဖွားဖွား ပေါ်ပေါက် လာ ကြ သည်။ သူ တို့ က လက်ရှိ ခေါင်းဆောင် များကို ဆက်လက်၍ တာဝန်ယူကြရန် တောင်းဆို ကြပြန်သည်။ အက်ဂ ဘီ လူမျိုး များကလည်း လက်စား ချေလိုစိတ်များ ဖြစ်ပေါ်လာခဲ့ကြပါ၏။

မြို့ထဲ၌ ရှိနေသော နေရာဌာန အမျိုးမျိုးထံမှ သတင်းများကို ရရှိ နေသော ဂျက်ကော့ ဟာဒီ အနေနှင့် တဖြည်းဖြည်း ပိုမို၍ သုန် သုန် မှုန် မှုန် ဖြစ် လာ သည်။ ကြမ္မာ ရဟတ် တစ် ပတ် လည်ခဲ့



လေပြီ။ ဘိုးစဉ် ဘောင်ဆက်က စ၍ ရန်သူ ဖြစ်ခဲ့ကြသူ အက်ဂဘီ လူမျိုးများ အား အင် ချည့်နဲ့လာပြီဟု ကြားလိုက်ရသော 'ဟူး' လူမျိုးများသည် ယခုအချိန်တွင် အကြမ်းဖက်သူများ ဖြစ်လာ ခဲ့ကြလေပြီ။ ဂျက်ကော့ဟာတ်၏ အဖို့မူ တစ်နည်းအားဖြင့် စိတ် သက် သာ ရာ ရဖွယ်ပင် ဖြစ်ပါ တော့သည်။ ဗိုအိုင်အီး ဘာဆိုတို ကုမ္ပဏီ၏ ဂိုဒေါင် များ တွင် လျှို့လျှို့ ဝှက်ဝှက် ဝယ်ယူ စုဆောင်း ထားသော ဒေါ်လာ သန်း ၇၀၀ တန် စစ်လက်နက် ပစ္စည်းများကို တပ်ဆင်ပေးမည့် ဘာဆိုတန် တပ်မတော်သစ်သို့ ယခုအချိန်တွင် ဟူးလူမျိုးများသည် အစုလိုက် အပြုံလိုက် ဝင်ရောက် လာကြ ပေလိမ့်မည်။

ဗိုင် ယာနီ ဗို ဂ လာ ကမူ အသိရ ခက် သော အကြောင်း အချက် တစ်ခုပင် ဖြစ် သည်။ 'မိုက်' ကွယ်လွန်ပြီ ဆိုသော သတင်းသည် ဂျက်ကော့ဟာတ်ရှိ ထံသို့ ရောက်ရှိ လာခဲ့ပြီ ဖြစ် သ ဖြင့် ဘာ ဆို တို နိုင်ငံက ရန်လိုသော စစ်ပွဲကို မဆင်နွှဲရ လေအောင် ဗိုင်ယာနီက ပိုင်ပိုင် နိုင်နိုင် ချုပ်ကိုင်နိုင်စွမ်း ရှိမှ ရှိပါမည်လားဟု သူ တွေး ကြည့် မိသည်။ သူက ထိုမေးခွန်းကို စဉ်းစား တွေးတောနေစဉ် ဗိုင်ယာနီက သူ့ အား ဆက်သွယ်ရေး ဂြိုဟ်တုမှ တစ်ဆင့် ဆက်သွယ်လာခဲ့လေ၏။

'ရှင်က ကျွန်မကို ပက်ဂျက်နဲ့ ဆက်သွယ်ပေးပါလို့ ကျွန်မက တောင်းဆိုတယ်'

အာဏာပြလိုမှုသည် အင်အားရှိမှု၏ လက္ခဏာ သင်္ကေတ မဟုတ်ဟု ဂျက်ကော့ဟာတ်ရှိက ထပ်ပျက်



www.burmeseclassic.com

www.burmeseclassic.com

လက်ပျက် တွေးလိုက် မိသည်။ သူက ပြောလိုက်သည်။

'ခုထက်ထိ သူနဲ့ အဆက်အသွယ် လုပ်လို့ မရသေးပါဘူး၊ ကျုပ်က ဆက်ကြိုးစား ပါ့မယ်၊ အဆက်အသွယ်ရရင် မင်းကို...'

ဆက်သွယ်မှု ပြတ်တောက်သွားသည်။ ဂျက်ကော့ဟတ်ရှ်သည် စိတ်ပျက်အားငယ်မှု၏ လွှမ်းမိုးခြင်းကို ခံလိုက်ရသောကြောင့် ပျော့ခွေ သွားရ လေ၏။ မိုက်သာ အသက်ရှင်လျက်သား ရှိခဲ့မယ်ဆိုရင်...။

နယူးရောခ်တွင် စတော့ရှယ်ယာ ရောင်းဝယ်သူများ၏ စက်ခလုတ် ခုံများ၌ မတန်တဆ အလုပ်ရှုပ်နေသည်။ ထိုသတင်းကို လူတိုင်း သိသွားကြလေပြီ။ ကင်းဖီးယ်ကွန်ဆိုလီဒိတ်တက်အင်ဒပ်စထရီးကုမ္ပဏီ၏ အာဖရိကမှ ရွှေရောင် ပူဖောင်းသည် ပေါက်ကွဲပျက်စီး သွားခဲ့ လေပြီ။ ရင်းနှီး မြှုပ်နှံ သူများ၊ ဈေးကစားသူများ၊ ပုဂ္ဂလိက နှင့် ကုမ္ပဏီ ကြီးများ၊ အကြီးစားနှင့် အသေးစား လုပ်ငန်းရှင် များသည် သူတို့၏ ရှယ်ယာ များကို ရောင်းပစ် လိုက်တော့၊ စွန့်လွှတ် လိုက်တော့၊ ကိုင်မထား နှင့်တော့ ဟူ၍ အမိန့်ပေး နေကြသည်။

နယူးရောခ်မြို့မှ စတော့ရှယ်ယာ ဈေးကွက် စတင်ဖွင့်လှစ်ချိန်တွင် စီစီအိုင် အစုရှယ်ယာများသည် အမှတ် ခြောက်ဆယ် ကျဆင်းနေခဲ့လေပြီ။ စတော့ရှယ်ယာ ရောင်းဝယ်မှုကို ရပ်ဆိုင်းထားလိုက်ရသည်။



ဝိုင်း အမေးခံရသော စီစီအိုင် ကုမ္ပဏီမှ အရာရှိကြီးများက 'မှတ်ချက်ပေးဖို့ မရှိပါ'ဟူ၍သာ ဖြေကြသည်။ ချားလ်စ်ကင်းဖီးလ်ကိုမူ သူ့ထံမှ ထိုစကားလုံးအား ကြားရအောင်ပင် သူ့ကို ရှာမတွေ့ကြတော့ပါ။

သမ္မတကြီး၏ နန်းတော်တွင် အကျဉ်းသားများအဖြစ် အဖမ်းခံခဲ့ရသော ကြေး စား စစ် သား ဆယ်ယောက်အား ပြန်လွှတ်လိုက်သည့် အတွက် စိတ်ညစ်ညူးဖွယ်ရာ ဇာတ်လမ်းများကို သူတို့က ဖြန့်ချိပေးကြပါလိမ့်မည်။ လူးဘလိုဂီက အနောက်တောင်ဘက် အရပ်ဆီသို့ ညွှန်ပြလိုက်ရင်း 'လေဆိပ်က အဲဒီဘက် ဆယ့်ငါးမိုင် အကွာမှာရှိတယ်၊ အေးအေးချမ်းချမ်း လမ်းလျှောက် သွားကြပေတော့' ဟု ပြောလိုက်သည်။

ထို့နောက် ဟင်နရီဂါဒူးအား တောင်ကမူကလေးတစ်ခုပေါ်၌ မတ်တတ်ရပ်ခိုင်းလိုက်သည်။ သူ့နံဘေးတစ်ဖက် တစ်ချက်တွင် မတ်တတ် ရပ်နေကြသော စက်သေနတ်ကိုင် တပ်သားများသည် တဖြည်းဖြည်းနှင့် ပို၍ ကြီးလာသော ဖုန်မှုန့်လုံးကို မြင်တွေ့ကြရသည်။ ဂျစ်ကား တစ်စီးသည် မြင်ကွင်းထဲသို့ ရောက်ရှိလာပြီး ရပ်တန့်လိုက်လေ၏။ ပြောက်ကျားဝတ်စုံဝတ် ယာဉ်မောင်းသူက အဝေးကြည့် မှန်ပြောင်းနှင့် ချိန်လိုက်သည်။ စတိဗ်ပက်ဂျက်ကလည်း မှန်ပြောင်းနှင့် ပြန်ကြည့်နေသည်။ သူက အယ်လီဇာနံ ကရိတ်ချ်နှင့် ဟော့ပါးတို့ကို မှတ်မိသည်။ ယာဉ်



www.burmeseclassic.com

www.burmeseclassic.com

မောင်းသူသည် မေရှာရန်းဒေါ ဖြစ်ရမည်ဟု သူယူဆသည်။

ထိုဂျစ်ကားသည် ပထမတပ်စုမှ ဆီကော်စကီ ရဟတ်ယာဉ်၏ တွဲကျနေသော ပန်ကာရွက်များ အောက်ဘက်တွင် ရပ်တန့်လိုက်သည်။ ရဟတ်ယာဉ် ပေါ်မှ ပုဂ္ဂိုလ်များ အောက် ဆင်း လာ ကြ သည်။ ရန်းဒေါ၏ ပုံစံကျကျ အလေးပြုမှုကို ဂရုမစိုက် ကြပါ။ လေတိုက်ခတ်မှုကြောင့် ဆံပင်များ ဖွာလန် ကြဲနေပြီး နီညိုရောင် ဝတ်စုံပေါ်တွင် ဖုန်များပေနေ နေသော်လည်း လှနေဆဲပင် ရှိနေ သေး သော အယ်လီဆန်ကိုသာ ဝိုင်းကြည့်နေကြသည်။

ဂျောစ်ဒေးဗစ်က ရန်းဒေါနှင့် ဟော့ပါးတို့၏ ခန္ဓာကိုယ်အား လက်နှင့်ပုတ်၍ စမ်းသပ် ရှာဖွေ လိုက်ပြီးနောက် အီယန်ဘလိတ်က ၎င်းတို့အား သူ့ ရဟတ်ယာဉ်ပေါ်သို့ ခေါ်တင်သွားသည်။

စတိဗ်က အယ်လီဆန်အား ပြောလိုက်၏။

'သက်သောင့်သက်သာ နေစမ်းပါဗျာ၊ ခင်ဗျားကို ဗွီအိုင်ပီ ပုဂ္ဂိုလ်အနေနဲ့ ဆက်ဆံပါ့မယ်'

အပြာရောင် မျက်လုံးများ ဒေါသ ထွက်လာကြသည်။

'ဘာဖြစ်လို့လဲ၊ ကျွန်မက အမျိုးသမီးတစ်ယောက် ဖြစ်နေလို့လား'

သွေးကွဲစေမည့် မျိုးစေ့များကို မျိုးကြဲရတော့မည် ဟု စတိဗ်က တွေးလိုက်၏။

'မဟုတ်ပါဘူး၊ မင်းက ယဇ်ကောင် ဖြစ်နေလို့ပါ။ ကင်းဖီးလ်နဲ့ အဲဒီ လူပြက် နှစ်ယောက်က မင်းကို ဒီဇာတ်ရှုပ်ကြီးထဲ ရောက်အောင် လိမ်ညာလှည့်ဖြား ပြီး ခေါ်သွင်းလာခဲ့ကြ သလို မင်းကို လုပ်သင့် လုပ်ထိုက်တာထက် လွန်သွားအောင် လုပ်ခိုင်းခဲ့ကြ လို့ပဲ'

သူက အယ်လီဆန်အား သူ့ ရဟတ်ယာဉ်ပေါ်သို့ ခေါ်တင်လာပြီးနောက် ရဟတ်ယာဉ် မောင်းနှင်ခန်း ထဲရှိ ထိုင်ခုံ အပို တစ်ခုတွင် ထိုင်ခိုင်းလိုက်လေ၏။ လေယာဉ်မောင်း ဝန်ထမ်းများက ရဟတ်ယာဉ် ပျံတက်ရေးအတွက် အဆင်သင့် ဖြစ်စေအောင် ပြင်ဆင်နေကြသည်။

ကင်းနီးရက် အမြောက်စခန်းများတွင် မည်သူမျှမရှိ ကြပါ။ လက်နက် ကိုင်ထားခြင်း မ ရှိ သော ပြောက်ကျားဝတ်စုံဝတ် တပ်သားများသည် လေဆိပ် အဆောက်အအုံ၏ အပြင်ဘက်၌ စုရုံးပြီး ထိုင်နေ ကြသည်။ အမ်ဂျီ ၄၂-၅၉ စက်သေနတ် တစ်ဖွဲ့ တလေးများက ၎င်းတို့အား စက်ဝိုင်းခြမ်း သဏ္ဌာန် ဝိုင်းရံထားကြသည်။ အစိမ်းရောင် စစ်ဝတ်စုံကို ဝတ်ဆင် ထားကြသော အခြား တပ် သား များ တလည်း နံဘေးမှ ဖြန့်၍ နေရာ ယူထားကြသည်။ အီယန်က ရန်းဒေါနှင့် ဟော့ပါး တို့ကို ခေါ်လာ သည်။ လူးဘလိုဂီက ဟင်နရီဂါဒူးကို ခေါ်လာ၏။ စတိဗ်က အယ်လီဆန်နှင့် အတူ ရဟတ်ယာဉ်ပေါ်မှ ဆင်းလာသည်။





www.burmeseclassic.com

www.burmeseclassic.com

မှတ်စုံရေးရန် စာအုပ်များ၊ ဘောလ်ပင်များနှင့် ပြာခွက်များကို အယ်လီဆန်၏ ရုံးခန်းနှင့် ဆက်နေသော အစည်းအဝေးခန်းထဲရှိ သစ်သား စားပွဲပေါ်၌ တင်ထားသည်။ ကြောင်တစ်ကောင်၏ မျက်နှာနှင့် တူသော ပြောက်ကျားဝတ်စုံဝတ် လူတစ်ယောက်က သတိ အနေအထားနှင့် ရပ်လိုက်၏။ ရန်းဒေါက သူ့အား တပ်ရေးဗိုလ်ကြီး လာဆဲလ်ဖြစ်ကြောင်း မိတ်ဆက် ပေးလိုက်သည်။ ပက်ဂျက်က သူ့အား အခန်းထဲရှိ ကုလားထိုင်များကို ပြန်၍ စီပေးရန် ခိုင်းစေလိုက်သည်။ စားပွဲထိပ်တွင် အီယန်ဘလိတ်နှင့် သူ့အတွက် ကုလားထိုင်နှစ်လုံး၊ စားပွဲခြေရင်းတွင် အယ်လီဆန်ကရိုတ်ချ် အတွက် တစ်လုံး၊ ရန်းဒေါက အယ်လီဆန်၏ ညာဘက်၌ ထိုင်ရမည် ဖြစ်ပြီး ဟော့ပါးက အယ်လီဆန်၏ ဘယ်ဘက်က ထိုင်ရမည် ဖြစ်ပါ၏။

ဟင်နရီဂါဒူးကိုမူ အယ်လီဆန်၏ ရုံးခန်းထဲတွင် လူးဘလိုဂီက တသီးတခြား ခွဲ၍နေစေသည်။ တပ်ခွဲမှ တပ်သား သုံးယောက်သည် အစည်း အဝေးခန်းမထဲ၌ နေရာ ယူထားကြပြီး နောက်သုံးယောက် ကမူ စင်္ကြံလမ်းထဲ၌ ရှိနေကြမည် ဖြစ်သည်၊ တပ်ရေး ဗိုလ်ကြီး လာဆဲလ် ကမူ မတ်တတ်ရပ်၍ နေရမည် ဖြစ်ပါ၏။ ဗိုလ်မှူး ရန်းဒေါက ကန့်ကွက် လိုက်သည်။



'ခင်ဗျားက ခုကိစ္စကို ခြင်း ချက် မရှိ လက်နက်ချတဲ့ ပုံစံမျိုး ဖြစ်အောင် လုပ်နေတာပဲ'

ပက်ဂျက်က ဒဏ်ရာမရသော ပခုံးကို တွန့်လိုက်၏။

'အဲဒါကို ခင်ဗျားက တခြား နည်းနဲ့ ဘယ်လို ပြောချင်လို့လဲ'

ဟော့ပါးက မခံချိမခံသာ ဝင်ပြောလိုက်သည်။

'နိုင်ငံတကာ ဥပဒေကို ချိုးဖောက်တာပဲ၊ ကျုပ်တို့က သဘောရိုးနဲ့ ဆွေးနွေးဖို့ ဖိတ်ခေါ် ခဲ့တယ်၊ ခင်ဗျားတို့က ကျုပ်တို့ကို သေနတ်နဲ့ ချိန်ထားတယ်'

အီယန်ဘလိတ်က ဟက်ကလာ အင် ကို့ ချ် ပီ ဆဲဗင်း အော်တိုမက်တစ် သေနတ်ကို စားပွဲပေါ်တွင် တင်လိုက် ပြီးနောက် သေနတ် ကို ယုယု ယယ လက်နှင့် ပုတ်လိုက်သည်။

'သိပ်ဟုတ်တာပေါ့ကွာ'

စတိဗ် ကလည်း အသံတိတ် ကိရိယာ တပ်ထားသော ဘာရက်တာ သေနတ်ကို စားပွဲ ပေါ်တွင် တင်လိုက်၏။

'ဒီ အစည်းအဝေးကို ဖွင့်လှစ် ပေးပါတော့လား မစ်(စ်) ကရိုတ်ချ်ရယ်'

အယ်လီဆန်သည် သေသေ သပ်သပ် ညှပ်ထားသော လက်သည်းများ အောက်၌ လာစု နေသည့် 'ချေး' များကို ငေးကြည့်နေသည်။ ငါဘာလုပ်ချင်သလဲ ဆိုတာ ငါလဲ သေသေချာချာ ရေရေရာရာ မသိသေးပါ ကလား။ ရန်းဒေါ်နှင့် ဟော့ပါးတို့က သူ့အား အတင်း အဓမ္မ ဆုံးဖြတ် ခိုင်းခဲ့ ကြသည် ဆိုသော အချက်မှာ မှန်ကန်ပါသည်။ သူကပြင်းတို့၏



www.burmeseclassic.com

www.burmeseclassic.com

စေခိုင်းချက်ကို အဘယ်ကြောင့် လက်ခံ ဆောင်ရွက်ခဲ့ပါသနည်း။ သူ့ဘက်က ပိုကောင်းသည့် ကိစ္စကိုတင်ပြစရာ မရှိသောကြောင့် သွေးရှူး သွေးတန်းနှင့် ဆောင်ရွက်ခဲ့ခြင်း ပေလော။ အယ်လီဆန် သည် လုပ်သင့် လုပ်ထိုက်တာထက် ပို၍ လုပ်ကိုင်ခဲ့သည်ဟု ပက်ဂျက် ပြောသည့် ကိစ္စမှာ မှန်ကန်စရာ ရှိပါသည်။ အယ်လီဆန်က လုပ်ပိုင်ခွင့်ကို ခွဲဝေပေးထားသော်လည်း တာဝန်ကမူ သူတစ်ဦးတည်း၏ တာဝန်သက်သက်သာ ဖြစ်နေသည်။ သူသည် ဇာတ်ညွှန်းအတိုင်း ချောင့်ချေးအောင် လုပ်ရန်နှင့် အချိန်ဆွဲထားရန်မှ တစ်ပါး သူ့အတွက် အခြား နည်းလမ်းမရှိတော့ပါပြီ။

'ကောင်းပါပြီ'

အယ်လီဆန်က ပြောပြီး မော့ကြည့် လိုက်သည်။

'အစည်းအဝေးကို စတင် ရမယ် ဆိုရင် ကျွန်မတို့ဘက်က ဟုတ် မဟုတ် မှန် မမှန် ရှင်းရှင်း လင်းလင်း သိချင်တယ် ဆိုတဲ့ အချက် နှစ်ချက် ရှိကြောင်း ပြတ်ပြတ် သားသား ပြောခဲ့ပြီး ပါပြီ၊ ဟင်နရီဂါဒူးဟာ အသက်ရှင် လျက်သား ရှိနေတယ် ဆိုတာကိုတော့ ကျွန်မတို့ သိရပါပြီ၊ ဒါပေမယ့် သူ့ရဲ့ခုထက်ထိ....'

'လူး ရေ'

ပက်ဂျက်က အော်ခေါ် လိုက်၏။ အက်ဗ်အားရိုင်ဖယ်ကို သူ၏ ကြီးမားသော လက်သီးဆုပ်ကြီးထဲ၌ ကိုင်ထားသည့် သူးဘလိုဂီက အယ်လီဆန်



တံခါးကို ဖွင့်လိုက်သည်။ စတိဗ်က ကျယ်လောင်စွာပြောလိုက်၏။

'သမ္မတကြီး ခင်ဗျား၊ ကျုပ်တို့ရဲ့ ရေဒီယိုကတစ်ဆင့် အသံလွှင့်ခဲ့တဲ့ ခင်ဗျားရဲ့ ကြေငြာချက်တွေကို ကျေးဇူးပြုပြီး အတည်ပြုပေးပါ ခင်ဗျား'

'အဲဒီ ကြေငြာချက်တွေဟာ နိုင်ငံတော်ရဲ့ အကြီးအကဲ တစ်ယောက် အနေနဲ့ ကျုပ်ရဲ့ ကြေငြာချက်ပဲ'

ဂါဒူး၏ အသံက တည်တည် ငြိမ်ငြိမ် ရှိနေသည်။

'အဲဒီ အမိန့်တွေကို နက်ဖြန်ခါ ကျရင် စာနဲ့ရေးသားပြီး ထုတ်ပြန်ပေးမယ်'

ဂါဒူးသည် ဘာဆိုတို နိုင်ငံအား ဝင်ရောက်တိုက်ခိုက်မည့် ကိစ္စကို ဖွင့်မပြောဘဲ ရှောင်နေသောကြောင့် သူ့လူ ကိုယ်ဘက်သား ဘဝ ဥပင် ရှိနေပေသေးသည်။ ထိုကိစ္စကို ပက်ဂျက်နှင့် အီယန်တို့ကနားမလည် လိုက်သော်လည်း ကမ်မ်ကိုမှ သုံးယောက်စလုံး တစ်ယောက်နှင့် တစ်ယောက် လှမ်းကြည့်လိုက်ကြလေ၏။

'ကောင်းပြီ လူး ရေ'

ဂါဒူးသည် လက်ငင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီးပြီ ဖြစ်သောကြောင့် နောက်ထပ် ဆွေးနွေးမည့် ကိစ္စများကို သူ မကြားတာ အကောင်းဆုံးဖြစ်ပါလိမ့်မည်။

'သမ္မတကြီးကို အောက်ထပ်က တစ်နေရာရာကိုခေါ်သွားပြီး သက်သောင့် သက်သာ နေပါစေကွာ'

အီယန်ဘလိတ်က မေးလိုက်၏။

'ကျေနပ်ပြီလား မစ်(စ်)ကရိတ်ချ်'



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်က စိတ်ဓာတ် ကျဆင်း သွားသည့် အမူအရာကို ဟန်ဆောင်လိုက်သည်။

'ဂါဒူးက ကမ်မ်ကိုနဲ့ ချုပ်ဆိုထားတဲ့ သဘော တူညီချက် တွေကို ပယ်ဖျက်ပြီး ကျွန်မတို့ရဲ့ ဝန်ထမ်း တွေကို နိုင်ငံထဲက နှင်ထုတ်နေပြီ ဆိုတာ သေချာ သွားပါပြီ'

အယ်လီဆန်က စိတ် မချမ်းသာစွာနှင့် အသက် ပြင်းပြင်း ရှူသွင်းလိုက်၏။

'ဒါဆိုရင် ကျွန်မတို့က ပြဿနာတွေကို ကိုင်တွယ် ဖြေရှင်းပေးဖို့ အတွက် ဆွေးနွေးမယ့် အစီ အစဉ် တွေကို ရေးဆွဲသင့်ပြီလို့ ကျွန်မ အကြံပြု ပါတယ်'

စတိဗ်က ဝင်ပြောလိုက်၏။

'ဥပမာ ကလေး တစ်ခုလောက် ပြောပြ စမ်း ပါဗျာ'

'ကျွန်မတို့ရဲ့ လူတွေကို ပြန်ရုပ်သိမ်းဖို့ ကိစ္စဟာ ခက်ခဲပါလိမ့်မယ်၊ ရက်နဲ့ချီပြီး ကြာချင် ကြာမယ်၊ ရက်သတ္တ ပေါင်း များစွာအထိ ကြာသွားနိုင်တယ်'

'အဲဒီပြဿနာကို ဖြေရှင်းပြီးပါပြီ၊ ကျုပ်တို့က လေယာဉ်ပျံတွေနဲ့ လွန်းပျံ သယ်ပေးဖို့ စီစဉ်ပြီးပါပြီ ဒီကနေ့ မွန်းလွဲပိုင်းမှာ လေယာဉ်ပျံတွေ ရောက်လာ ပါလိမ့်မယ်၊ နောက်ဆုံးမှ လိုက်လာတဲ့ အရပ်သား တွေဟာ ဂါလာကို ည သန်းခေါင်ယံ သို့မဟုတ် အဲဒါထက် နည်းနည်းကလေး နောက်ကျပြီး ရောက်ရှိ သွားပါလိမ့်မယ်'

ရန်းဒေါ်နှင့် ဟော့ပါးတို့သည် စကား မပြော နိုင်အောင် ဖြစ်သွားကြသည်။ ထိုကဲ့သို့ ဖြစ်နိုင်သည်



ဆိုသော အလားအလာကို သူတို့၏ တွက်ချက်မှုထဲ၌ ထည့်သွင်းပြီး မတွက်ချက်မိခဲ့ကြပါ။ ပထမ ဦးဆုံး ပြန်၍ သတိရလာသော ဟော့ပါးက သွေး ရူး သွေးတန်း ပြောလိုက်လေ၏။

'လုံးဝ လက်မခံနိုင်ဘူး၊ အမှန်ကတော့ ဘာဆိုတို ဟာ ရန်သူ့နိုင်ငံပဲ၊ ဂါလာမြို့တော် ကိုယ်နှိုက်က အရပ်သားတွေ မငြိမ်မသက်ဖြစ်နေကြတယ်၊ ကျုပ်တို့ လူတွေကို အဲဒီနေရာကို ခေါ် သွား တာ ခွင့် မ ပြု နိုင်ဘူး'

ရန်းဒေါ်ကလည်း သံယောင်လိုက်သည်။

'သူတို့ကို တိုက်ခိုက်ကြလိမ့်မယ်၊ ရက်ရက်စက်စက် အသတ်ခံကြရလိမ့်မယ်'

'စိတ်အေးလက်အေး နေစမ်းပါဗျာ'

အီယာန်က သူ့စကားကို ဖြတ်တောက်ပစ်လိုက်၏။

'သူတို့ရဲ့ လုံခြုံမှုကို ကျုပ်တို့က အာမခံပါတယ်'

စတိဗ်က ပြောလိုက်သည်။

'ဂါလာကနေပြီးတော့ သူတို့ ဆန္ဒရှိတဲ့ နေရာကို လေယာဉ်ပျံနဲ့ ဆက်သွားနိုင်ကြပါတယ်'

သူက အချိန်ရဖို့နှင့် အချိန်ကိုက် ဖြစ်ဖို့ လိုသည်ဟု တွေးလိုက်၏။ သူက ဆွေးနွေးပွဲကို ခပ်မြန်မြန် ပြီးချင် နေသည်။

'တခြား ပြဿနာတွေ ရှိပါသေးသလား'

ကမ်မ်ကိုမှ လူသုံးယောက်ကလည်း အချိန် ကိစ္စကို တွေးတောနေကြသည်။ အ ချိန် ရ ဖို့ ထက် အ ချိန် မြန်းဖို့ကို စဉ်းစားနေခြင်းဖြစ်သည်။ လူသုံးယောက် အင် အား ရှိသော တိုင်း ရင်း သား စစ် တပ်သည်



www.burmeseclassic.com

www.burmeseclassic.com

ချီတက်၍လာနေကြပြီး တစ်မိနစ် ကုန်ဆုံးသွားသည်နှင့် အမျှ ပို၍ နီးကပ်လာနေသည်။

အယ်လီဆန်က ပြောလိုက်၏။

'ကျွန်မတို့ ဝန်ထမ်းတွေရဲ့ ကိုယ်ပိုင် ပစ္စည်းတွေ၊ သူတို့ အဝတ်အစားတွေ၊ သေတ္တာတွေ၊ နိုင်ငံကူး လက်မှတ်တွေ....'

'တကယ်လို့ သူတို့က ဂါဒူးဂရင်း ဟိုတယ်မှာ တည်းခိုနေကြတယ် ဆိုရင် ဘာမှ ကျန်မှာ မဟုတ်တော့ဘူး'

ပက်ဂျက်က ပြောပြီး မျက်မှောင်ကုတ်လိုက်သည်။ ပိုက်ဆံ မရှိမှုနှင့် နိုင်ငံကူး လက်မှတ် မရှိသူတို့မှာ ပြဿနာများ ဖြစ်ပေါ်လာစေလိမ့်မည်။ နိုင်ငံကူး လက်မှတ် ကိစ္စကို သူ ဘာမှ လုပ်မပေး တတ်ပါ။ သို့တိုင်အောင် မိုက် ကယ် ဗို ဂလာ ၏ အလွန်များပြား သော ငွေ များသည် ဆွစ် ဇာလန် နိုင် ငံ ဘဏ်များတွင် ရှိနေကြသည်။

'လူတွေ ခရီးဆက်သွားလို့ ရအောင် သင့်တင့်မျှတသော ငွေသားတွေကို လဲပေးလိုက်ပါဦးမယ်'

'ဘယ်သူက ပေးမှာလဲ၊ ဗွီအိုင်အီးကလား'

ဟော့ပါးက ငေါ့ပြီး ပြောလိုက်၏။ ထိုကိစ္စက ပြင်းပြင်းထန်ထန် ငြင်းခုံမှုများကိုဖြစ်ပေါ်လာစေပြီး အချိန် အတော် ကြာမြင့် သွား စေ လိမ့် မည် ဟု ယူဆသည်။

စတိဗ်က မကြားလိုက်ဟန်ဆောင်ပြီး အယ်လီဆန်အား ပြောလိုက်၏။



'ပူးပေါင်း ဆောင်ရွက်ကြမယ်ဆိုရင် ဘာအခက်အခဲမှ ရှိမှာ မဟုတ်ပါဘူး'

မေဂျာ ရန်းဒေါက ဝင်ပြောလိုက်သည်။

'ကျုပ်လူတွေကရော ဘယ်လိုလဲ၊ သူတို့ရဲ့ အနေအထားကို ရှင်းရှင်း လင်းလင်း မသိရ သေးသမျှကာလပတ်လုံး ကျုပ်က ဒီကိစ္စ ဆက်ဆွေးနွေးတာကို ခွင့်မပြုနိုင်ဘူး'

အီယန်က ညည်းတွားလိုက်၏။ သူတို့သည် ပက်ကျိသွားနေသလို နှေးကွေးလွန်းလှသည်။

ဆဋ္ဌမ အာ ရုံ က စေ့ ဆော် လာ သော ကြောင့် ပက်ဂျက်က အယ်လီဆန်အား ခပ်မာမာ လှမ်းကြည့်လိုက်သည်။ အယ် လီ ဆန် ၏ မျက် နှာ ပေါ် တွင် မည်သည့် အမူ အရာမှ မပေါ်သလို ရန်းဒေါနှင့် ဟော့ပါးတို့၏ မျက်နှာကလည်း ထို နည်း လည်း ကောင်းပင် ဖြစ်နေကြသည်။

ချီးမှုပဲ။ သူတို့အတွက် အလွန် စိတ်ချရသော ခံတင်းမှုများ၊ နှစ်ဖက်စလုံးအတွက်အတားအဆီးများ ရှိနေကြသည်ဟု ယူဆရသည့် တိုင်အောင် ဂျိုကာဖဲ တစ်ချပ်ကတော့ ရှိနေပါသည်။ သူ တို့ က ပက်ဂျက်နှင့် အီယန်တို့အား ဝိုင်းကြီး ပတ်ပတ်လည်လည် ဖြစ်အောင် လုပ်ကြရင်း အချိန်ဆွဲနေကြသည်။ စတိဗ်က တပ်ရေးဗိုလ်ကြီး လာဆဲလ်အား မျက်မှောင်ကုတ်၍ ကြည့်လိုက်၏။ ဖားနှင့် တူသည့် နာခေါင်းညှိသည်၊ စိတ်ဓာတ်ရေးရာတွင် ပျော့ညံ့သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဝက်ဘ်'

သူ က အ စိမ်း ရောင် စစ် ဝတ် စုံ ဝတ် ထား သူ တစ်ဦးအား လှမ်းခေါ်လိုက်သည်။

'တပ်ရေးဗိုလ်ကြီး လာ ဆဲ လ်ကို ကြို့ ခိုင် ရေး စစ်ဆေးပွဲအတွက် အပြင်ဘက်က မဂျာ်ဒေးဗစ်ထံ ခေါ်သွားစမ်းပါ'.

နားလည်လိုက်သော ရန်းဒေါက ခုန်ထလိုက်၏

'မလုပ်ရဘူး၊ ....သားတွေ'

အီယန်ဘာလီတ်၏ ပီဆဲဗင်း သေနတ်ကျည်ဆန်က ခပ်တိုတို ညှပ်ထားသော ရန်းဒေါ၏ဆံပင်ကို နှစ်ခြမ်း ဖြစ်အောင် ခွဲပေးလိုက်သည်။

'ထိုင်ပါ မေဂျာ'

ရန်း ဒေါ က မုန်း တီး မှု နှင့် စူး စူး ဝါး ဝ ကြည့် လိုက် သော် လည်း သူ က နာ ခံ လိုက် သည ဝက်ဘ်သည် လာဆဲလ်နှင့်အတူ ထွက်ခွာသွားသ ဟော့ပါးက လဟာပြင်ထဲသို့ ငေးကြည့်နေသ အယ်လီဆန်က သူ့ ကိုယ်သူ ထိန်းထားရန် ကြိုး သော် လည်း မ အောင် မြင် ခဲ့ ပါ။ တစ် ကိုယ် တုန် နေ သည်။ စ တိဗ် သည် ဒဏ် ရာ ရ နေ လက်မောင်း တစ် လျှောက် လုံး တွင် နာ ကျင် ဝေဒနာကို ခံစားလိုက်ရလေ၏။ ထို ဝေဒနာသ ပို၍ ဆိုးရွားလာမည်မှာ သေချာပါသည်။အချိန်သ ယခင်ကထက် ပို၍ တန်ဖိုးရှိလာပါတော့မည်။



# ၆၀

ပစ္စည်းများကို သိုလှောင်ထားသော တဲငယ်ကလေး သည်လည်း အခြားအခြားသော နေရာများကဲ့သို့ပင် အသုံးဝင်ပါသည်။ ဝက်ဘ်သည် သေနတ်ဒင်၏ အကူအညီဖြင့် လာဆဲလ်၏ ကိုယ်ပေါ်မှ အဝတ် အစားများကို ချွတ်ခိုင်းလိုက်သည်။ ဂျော်ဒေးဗစ် သည် လောလောလတ်လတ် သွေးထားသော လှံစွပ် ကို ကြမ်းပေါ်တွင် တည့်မတ်စွာ ထောင်၍ ကိုင် ထားရင်း ပြောလိုက်လေ၏။

'မင်း လက်နှစ်ဖက်ကို ရှေ့တည့်တည့်မှာ မတ်မတ် ဆန့်တန်းထားပြီးတော့ ဒူးကိုကွေးပြီး ကိုယ်ကို အောက်ညွှတ်ချလိုက်စမ်း'

ဝက်ဘ်က ထိုညွှန်ကြားချက်အတိုင်း လိုက်နာ အောင် လာဆဲလ်ကို အကျပ်ကိုင်ပေးသည်။

'ကောင်းတယ်'

ဂျော်ဒေးဗစ်က တဟားဟား ရယ်လိုက်၏။

'မင်း တင်ပါးက လှံစွပ်ဖျားနဲ့ လွတ်ရုံကလေးပဲ ရှိတယ်၊ ဒါပေမယ့် ကြာကြာတော့ လွတ်နေမှာ မဟုတ်ဘူး၊ မင်းက တကယ့် ပိန်ညောင်ညောင် လေးပဲ'



www.burmeseclassic.com

www.burmeseclassic.com

လာဆဲလ် တစ်ကိုယ်လုံး ချွေး စေး များ နှင့် စေးထန်းနေသည်။ သူနှင့် ရန်းဒေါတို့သည် ထိုနည်းကို မကြာခဏ ဆိုသလို အကျဉ်းသားများ အပေါ်တွင် အသုံးပြုလေ့ရှိသည်။ လာဆဲလ်လောက် ကျန်းမာရေး ကောင်းသူများသည် ထိုအနေအထားနှင့် အများဆုံး ဆယ်မိနစ်ခန့်သာ နေနိုင်လေ့ ရှိကြသည်။ ထို့နောက် ခြေထောက် ကြွက်သားများသည် တောင့်တင်းစ ပြုလာပြီး ပုံလဲကျသွားမည် ဖြစ်သဖြင့် ကိုယ့်ကိုယ် ကိုယ် တံကျင်လျှိုသလိုဖြစ်သွားပါလိမ့်မည်။ စအိုထဲသို့ ခါးသွားနှင့် တံကျင်လျှို ခံရသူများသည် လျင်မြန်စွာ အသက်ထွက်လေ့ မရှိကြပါ။

'တကယ်လို့ ကျုပ်ကဖွင့်ပြောခဲ့ရင် နောက်ပိုင်းမှာ ဘာဖြစ်လာမလဲ' လာဆဲလ်က ပြောလိုက်၏။

'ဂျော်စ် ဒေးဗစ်က သူ့ တင်ပါးကို လုံစွပ်အဖျား နှင့် ဆွလိုက်ပြန်သည်။

'မင်းကို ငါတို့နဲ့ အတူ ခေါ်ထားမယ်'

လာဆဲလ်က မတ်တတ်ထရပ်ရန် ကြိုးစားလိုက် လေ၏။ ဝက်ဘ်က ဆောင့်ကြောင့်ထိုင်သော အနေ အထားသို့ ရောက်အောင် ပြန် တွန်း ချ လိုက် ရာ တင်ပါးထဲသို့ လုံစွပ်အဖျား စိုက်ဝင် သွားသော ကြောင့် တအားကုန် အော်ဟစ်ပြီး စတင်၍ ဖြောင့်ဆိုလေ၏။

ရန်လိုသော အနေအထားနှင့် တိတ်ဆိတ် နေသော အစည်းအဝေး ခန်းမထဲသို့ ဂျော်စ် ဒေး ဗစ် နှင့်



ဝက်ဘ်တို့ ဝုန်းခနဲ ဝင်ရောက်လာကြသည်။ သူတို့၏ မျက်နှာထားများသည် တင်းမာနေကြသည်။

'ခင်ဗျားကို အပြင်ဘက်မှာ တွေ့လို့ရမလား'

ဂျော်စ်ဒေးဗစ်က ပြောလိုက်၏။

'လာဆဲလ် ပြောတဲ့ ကိစ္စက နံပါတ်တစ်ဆယ်ပဲ'

ပက်ဂျက်က ဂရုမထားသည့် ဖိုသဖြာန်နှင့် ပြောလိုက်သည်။

'ကမ်မ်ကိုရဲ့ လျှို့ဝှက်ချက်ကို ဘာကြောင့် ကမ်မ် ကိုက ပုဂ္ဂိုလ်တွေကို အသိမပေးရမှာလဲ၊ ထုတ်ပြော လိုက်လေကွာ'

ဂျော်စ်က ပြောလိုက်၏။ နံနက်ပိုင်းတွင် ဘာဆိုတို နိုင်ငံသို့ ဝင်ရောက် တိုက်ခိုက်မည်။ ယခု အစည်း အဝေးမှာ နှောင့်နှေးအောင် ပြု လုပ် နေ သော ဆင်လုံးသာ ဖြစ်သည်။ လေဆိပ်ကို ဝိုင်းရံမည့် လူအင်အား သုံးထောင်ပါသော အင်အက်စ်ဘီ တပ်များသည် ချီတက်လာနေကြလေပြီ။ ဒေးဗစ်က အဆုံး သတ်လိုက်လေ၏။

'သူတို့ ရောက်လာတဲ့ အခါကျရင် ကျုပ် တို့ အတွက် ရွေးစရာ နည်းလမ်း နှစ်မျိုးပဲ ရှိတယ်၊ ဂါဒူးကို လွှဲပေးခဲ့ပြီး ထွက်ပြေးရင်ပြေး၊ ဒါမှမဟုတ် ရင်တော့ အစုလိုက် အပြုံလိုက် အသတ်ခံကြ'

ဒေးဗစ် အခန်းထဲက ပြန်လည်ထွက်ခွာသွားချိန် တွင် ရန်းဒေါက လျှောင်ပြောင်ဟန်နှင့် သမ်းဝေပြ လိုက်သည်။

'အေးလေ အငိုက် ဖမ်းနိုင်မယ့် အခြေ အနေ ဘာတော့ မရှိတော့ဘူးပေါ့၊ ဒါပေမယ့် အနေအထား



www.burmeseclassic.com

www.burmeseclassic.com

ကတော့ အရင်အတိုင်းပါပဲ ပက်ဂျက်ရယ်၊ မင်းတို့အတွက် ခုခံ ကာ ကွယ် နိုင် မယ့် နည်း လမ်း မရှိတော့ဘူး'

အယ်လီဆန်က မျက်မှောင် ကုတ်လိုက်သည်။ ထို ဇာတ်လမ်း ဇာတ်ကွက်၏ အဓိက ရည်ရွယ်ချက်မှာ ဟင်နရီဂါဒူးကို နောက် ထပ် ၍ ကြေ ငြာ ချက် မထုတ်ပြန် စေရေးနှင့် လွတ်မြောက်အောင် ပြုလုပ်ပေးရေးပင် ဖြစ်ပါ၏။ အယ်လီဆန်က ရန်းဒေါ်ကို ပြောလိုက်သည်။

'သူတို့က ချုပ်ကိုင်ထားနိုင်ဆဲပဲ ရှိသေးတယ်၊ သူတို့က ဂါဒူးကို ခေါ်သွားလိမ့်မယ်'

ရန်းဒေါက ဝန်ခံလိုက်သည်။

'ကျုပ်တို့ လက်ထဲမှာ သူ ရှိခဲ့ရင်တော့ ပိုပြီး သေသေသပ်သပ် ရှိမှာပေါ့လေ၊ ဒါပေမယ့်ကျုပ်တို့က သူ့ကို လက်လွတ် ဆုံးရှုံးနိုင်ပါလိမ့်မယ်၊ ကျုပ်တို့က ဘာဆိုတိုကို သိမ်းပိုက်ပြီးတဲ့ အခါ ကျရင် သူက အတင်း အဓမ္မ ခိုင်းလို့ ပြောရတဲ့စကား၊ အတင်း ခိုင်းလို့ ထိုးရတဲ့ လက်မှတ်တွေကို ပြန်ပြီး ဖျက်ပစ်နိုင်ပါလိမ့်မယ်'

အယ်လီဆန် နှုတ်ဆိတ်သွားသည်။

အီယန်ဘလိတ်က သူ့ နှုတ် ခမ်း မွေး ကို ဆွဲ လိုက်၏။

'ကျုပ် အဖို့ကတော့ ခင်ဗျားတို့ သုံးယောက်ဟာ အင်မတန် ပြန်ပေးဆွဲဖို့ ကောင်းတဲ့ ပစ္စည်းတွေပဲ'



အီယန်က ထိုကဲ့ သို့ ပြော ခြင်း သည် အ တည် ပေါက်နှင့် ခြောက်လှန့်ခြင်းသာ ဖြစ်ကြောင်း သိပြီး ဖြစ်ပါ၏။

ဟော့ပါးကလည်း သိလိုက်ပါသည်။

'အ လ ကား စ ကား တွေ ပါ ကိုယ့် လူ ရာ၊ မစ်(စ်)ကရိုတ်ချ်နဲ့ ကျုပ်တို့က အရပ်သားတွေ ဖြစ်ကြ သလို အမေရိကန် နိုင်ငံသားတွေဗျ၊ မဝမ်ဒီ နိုင်ငံက စစ်သား တစ်ယောက် အဖြစ် တရားဝင် ငှားရမ်း ထားတဲ့ မေဂျာက တောင်အာဖရိက နိုင်ငံရဲ့ နိုင်ငံကူး လက်မှတ်တွေကို ကိုင်ဆောင်ထားတယ်၊ မင်းတို့က ပြောက်ကျားတွေ၊ သူပုန်တွေ၊ ကျုပ်တို့ကို အန္တရာယ် ပြုဖို့ မဆိုထားနဲ့၊ ကျုပ် တို့ ကို ပြန် ပေး ဆွဲ ထား ရင်တောင် မင်းတို့နဲ့ ဗိုဒိုင်အီးတို့ ကျခံရမယ့် အပြစ် ဒဏ်တွေကို ငါ တွေးပြီး ကြည်နူးမိတယ်ကွ'

'တော်လောက်ပြီ'

ရန်းဒေါက မဲ့ရွဲ့ပြီး ပြောလိုက်၏။

'သူတို့ဟာ အရာမရောက်တဲ့လူတွေ ဖြစ်သွားကြ ပါပြီ၊ နက်ဖြန်ခါကျရင် ဘာဆိုတိုနိုင်ငံရော သူတို့ပါ ချုပ်ငြိမ်းသွားကြလိမ့်မယ်၊ အားလုံး နိဂုံးချုပ်ပြီပေါ့'

သူက ကုလားထိုင်ကို နောက်ဘက်သို့ ပြန်တွန်းပြီး ထလိုက်၏။

'ဒီ ပဟေဠိကတော့ ပြီးဆုံးသွားပါပြီ'

စတိဗ်က အသံတိတ် ကိရိယာ တပ်ဆင်ထားသော ဘာရက်တာကို မြှောက်ပြလိုက်သည်။

'ခင်ဗျားကို ဗီတို အာဏာနဲ့ ပယ်ချလိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com

ဟော့ပါး ပြောတာ မှန်သည်ဟု ရန်းဒေါက တွေးလိုက်၏။

'အလကား စကားတွေပါ ကိုယ့်လူရာ' သူက လက်နက်ကို ဂရုမစိုက်ဘဲ လက်ချောင်းကလေး တစ်ချောင်းကို ထောင်၍ ကျန်လက်ချောင်းများကို လက်သီးဆုပ်ရင်း ထိုင်ရာမှထလိုက်၏။ သူက ပက်ဂျက်ကို လှော်င်လိုက်သည်။

ဘာရက်တာ သေနတ်ထဲမှ ခပ်အုပ်အုပ် အသံတစ်ချက် ထွက်ပေါ်လာသည်။ ရန်းဒေါ၏ ထောင်ထားသော လက်ချောင်းကလေး ပျောက်ကွယ်သွားသည်။ ရန်းဒေါသည် မယုံကြည်နိုင်ဟန်နှင့် သူ့လက်ကို ငေးကြည့်ရင်း ဒေါသတကြီး ဆဲဆိုနေသည်။

စတိဗ်က ဝက်ဘ်အား ပြောလိုက်၏။

'သူ့ကို ပတ်တီးစည်းပေးလိုက်စမ်း'

အယ်လီဆန်သည် ယခင်ကထက် ပို၍ တုန်တုန်ယင်ယင် ဖြစ်လာသည်။ ဟော့ပါး ကလည်း ဒေါသနှင့် ပြောလိုက်သည်။

'မင်း ဟာ သွေးထွက်သံယိုတာကို မြင်ရမှ ကျေနပ်တဲ့ လူမိုက်ပဲ'

'အေးလေ အခြေအနေကတောင်းဆိုလာခဲ့ရင်ပါ'

အင်အက်စ်ဘီ တပ်ဖွဲ့များ ရောက်ရှိလာကြသည့်အခါ အဓိကကျသည့် အချက်ကြီး နှစ်ချက်သာ ကျန်ရစ်ခဲ့ပါလိမ့်မည်။ ခံတိုက် မလား။ ထွက်ပြေးမလား။ ခံတိုက်မည် ဆိုပါက သူ့လူအား [illegible] ပြုတ်ပြုတ်ပြုန်းအောင် အသတ်ခံရပါလိမ့်မည်။



ထွက်ပြေးကြမည် ဆိုပါက သူတို့သည် ဒိုရင်းသို့ ပြန်ရောက်သွားကြမည် ဖြစ်ပြီး ယခု အချိန် အထိ ဆောင်ရွက် ထားခဲ့သမျှသည် အဓိပ္ပာယ် ကင်းမဲ့သွားကြပါလိမ့်မည်။ ရက်စက် ကြမ်းကြုတ်မှုနှင့် လူမိုက်ဖြစ်မှုတို့က လက်ခံနိုင်သော အခြားနည်းလမ်းသို့ ရောက်ရှိစေနိုင်မည်ဆိုပါက အဲဒီလိုပဲ ဖြစ်ပါစေတော့။ စတိဗ်က ပျင်းပျင်းရိရိနှင့် ပြောလိုက်သည်။

'ခင်ဗျားတို့ လူတွေ ရောက်လာပြီး တိုက်ကြခိုက်ကြတဲ့ အချိန်ထိရောက်အောင် ကျုပ်တို့က ကူပြီး အချိန်ဖြုန်းပေးပါ့မယ်၊ ဒီတော့ ကျုပ်ကလဲ ဟောဒီလို လုပ်ပေးပါ့မယ်'

ဘာရက်တာမှ အသံ ခပ်အုပ်အုပ် တစ်ချက် မြည်သွားပြန်သည်။ ထို ကျည်ဆန်က ဟော့ပါး၏ ဘယ်ဘက် နားရွက်ကို ထိမှန်သွားသည်။

ဟော့ပါးသည် ကျည်ဆန် ထိမှန်သွားသော နားရွက်ကို လက်နှင့် အုပ်ကိုင်လိုက်ပြီး လက်ကို ပြန်ဖြန့်လိုက်ရာ သူ့လက်ဖဝါးနှင့် လက်ချောင်းများတွင် သွေးများ စိုရွှဲနေလေတော့သည်။ သူက ပက်ဂျက်နှင့် ဘာလိတ်အား လွဲမှားစွာ လူကဲခတ်မိလေပြီ။ ထိုပုဂ္ဂိုလ်များသည် သူတို့၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဖြစ်ပေါ်လာမည့် အကျိုးဆက် တရားများကို လုံးဝ ဂရုမပြုကြသော စိတ်ဝေဒနာရှင်များသာ ဖြစ်ကြပေသည်။ ထို့ကြောင့် သူတို့ကို ရန်မူ၍ မရနိုင်ပေ။ နေဦး....နေဦး။ စတိဗ် ပက်ဂျက်နှင့် အီယန်ဘာလိတ်တို့ ထံတွင် နောက်ဆုံး [illegible]င်းစရာ ကိစ္စတစ်ခုတော့ ရှိနိုင်ပါသည်၊ ငွေနှံစား



www.burmeseclassic.com

www.burmeseclassic.com

ရမည့် ကိစ္စတော့ ဖြစ်နေသည်။ သို့ရာတွင် စွန့်စားရမည့် တစ်ခုတည်းသော ကိစ္စ ဖြစ်နေသောကြောင့် စွန့်စားကြည့်ရပေတော့မည်။

ရန်းဒေါ၏ ဒဏ်ရာရသွားသော လက်ကိုပလတ်စတာနှင့် ကပ်ပေးနေသော ဝက်ဘ်သည် သူ့ ရိုင်ဖယ်သေနတ်ကို စားပွဲစွန်း၌ ထောင်ထားသည်။

ဟော့ပါးသည် သူ့ ကုလားထိုင်ပေါ်မှ ကြမ်းပြင်ပေါ်သို့ ဒိုက်ဗင်ထိုးချလိုက်သည်။ ထို့နောက် ကိုယ်ကိုလှိမ့်ချ၍ ရိုင်ဖယ် သေနတ်ကို ဆွဲယူလိုက်ပြီးနောက် ကြမ်းပေါ်၌ ဆက် လှိမ့် သွား သည်။ အ ခန်း ထဲ ၌ ရှိနေသော အစိမ်းရောင် စစ်ဝတ်စုံကို ဝတ်ဆင်ထားသည့် ကျန်နှစ်ယောက်သည် တအံ့ တသြ ဖြစ်နေရာမှ ပြန်သတိရလာချိန်တွင် သိပ် နောက်ကျသွားခဲ့လေပြီ။ ဟော့ ပါး သည် အယ် လီ ဆန် ၏ ကု လား ထိုင် နောက်ဘက်သို့ပင် ရောက်နေခဲ့ပြီး အယ်လီဆန်၏ ကုပ်ပိုးကို အက်ဖ်အင် သေနတ်ပြောင်းနှင့် ထောက်ထားပြီးလေပြီ။ အစိမ်းရောင် စစ်ဝတ်စုံဝတ် စစ်သားများ ရပ်တန့် သွားကြသည်။ ထို အမျိုးသမီးသည် သူတို့အတွက် မည် သို့ မျှ တန် ဖိုး မ ရှိသော် လည်း သူသည် အမျိုးသမီး တစ်ယောက် ဖြစ်နေပေသည်။

'မတ်တတ်ရပ်စမ်း'

ဟော့ပါးက အယ်လီဆန်ကို ပြောလိုက်ပြီးနောက် ရိုင်ဖယ်နှင့် ဆက်ချိန်ထားရင်း သူကိုယ်တိုင်လည်း ထလိုက်သည်။

'ငြိမ် ရှေ့မှာ နေစမ်း'



သူသည် ဘလိတ်နှင့် ပက်ဂျက်တို့၏ မျက်နှာချင်းဆိုင်တွင် ရှိနေသော နံရံကို ကျောမှီ ထားလိုက်သည်။ သူက သူ့ အသံကို အနည်းငယ် မြှင့်လိုက်၏။

'လက်နက်တွေအားလုံး ကြမ်းပြင်ပေါ်ကို ချကြပါ'

သူ့ စိတ်ထဲတွင် တည်တည်ငြိမ်ငြိမ် ရှိနေသည်။ သူက အားလုံးကို အပိုင် ကိုင်ထားနိုင်ခဲ့ လေပြီ။ ရိုင်ဖယ်နှင့် ပစ္စတိုသေနတ်များကို ကြမ်းပြင်ပေါ်သို့ ချလိုက်သံများ ပေါ်ထွက်လာသည်။

အက်ဖ်အင် သေနတ်ပြောင်းက 'အယ်လီဆန်၏ နောက်စေ့ကို ဒဏ်ရာရရှိအောင် အတင်းဖိထားသည်။ ဟော့ပါးသည် ချောင်ပိတ်၍ မိခံနေရသဖြင့် သွေးရူးသွေးတန်းဖြစ်နေသည်။ သူသည် သေနတ်နှင့် ပစ်ခတ်ရန် လက်နှေးလိမ့်မည် မဟုတ်ဟု အယ်လီဆန် တွေးလိုက်မိသည်။ အက်ဖ်အင်ရိုင်ဖယ်သည် ကျည်ဆန် သုံးဆယ်ပါသော အမျိုးအစား ဖြစ်သည်။ သူက အယ်လီဆန်ကို သတ်လိမ့်မည် ဖြစ်သည်သာ မက အခန်းထဲ ရှိနေသူ အားလုံးကို သတ် ဖြတ် ပစ် မည့် အပြင် တံခါးပေါက်မှ ပြေးဝင်လာသူများကိုလည်း သတ်ဖြတ်လိမ့်မည်သာ ဖြစ်ပါ၏။ ထိုကဲ့သို့တွေးလိုက်မှုက အယ်လီဆန်အား ထိတ်လန့် ကြောက် ရွံ့ မှု နယ်ပယ်ကို လွန်ထွက်သွားစေခဲ့ပါသည်။ အယ်လီဆန်၏ ဦးနှောက်က ထက်ထက် မြက်မြက် ဖြစ်လာသလို သူ့ ကြွက် သား များ က လည်း တောင့် တောင့် တင်းတင်း ဖြစ်လာကြသည်။

ဟော့ပါးက ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'လက်နက်တစ်ခု ယူပါ မေဂျာ'

အခြေအနေကို တွက်ဆနေသည်သာ မက သူ့စိတ်ထဲတွင် မတင်မကျ ဖြစ်နေသော ရန်းဒေါက တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။

ဟော့ပါးက ပြောလိုက်ပြန်၏။

'ပက်ဂျက်၊ မင်းနဲ့ မစ်(စ်)ကရိတ်ချ်ဟာ ခုဆိုရင် ငါရဲ့ဓားစာခံတွေ ဖြစ်ကုန်ကြပြီ၊ မင်းတပည့်တွေကို ဂါဒ္ဒူးမပါဘဲ ချက်ချင်း ပြန်ထွက်သွားကြဖို့ အမိန့်ပေးစမ်း၊ မင်းကို ငါ တစ်မိနစ် အချိန်ပေးမယ်၊ အဲဒီထက် နောက်ကျရင်တော့ ငါက စပစ်တော့မှာပဲ၊ မစ်(စ်)ကရိတ်ချ်ကို အရင်စပစ်မယ်'

ဘရူးစတားရန်းဒေါ၏ စိတ်ထဲတွင် နောက်ထပ် ဇဝေဇဝါ မဖြစ်တော့ပါ။ ဘလိတ်၏ ပီဆဲဗင်းနှင့် ပက်ဂျက်၏ ဘာရက်တာသေနတ်တို့ အပြင် နောက်ထပ်၍ အက်ဖ်အင် ရိုင်ဖယ်နှစ်လက်လည်း ရှိနေပါသေးသည်။ သူနှင့် ဟော့ပါးတို့က အများကြီး တွယ်ပစ်နိုင်ပါလိမ့်မည်။ ခေါင်းဆောင် မရှိတော့သည်သာမက စိတ်ဓာတ် ပျက် ပြား သွား သော ကျန်ရှိနေသည့် အစိမ်းရောင် စစ်ဝတ်စုံဝတ် စစ်သားများသည် သူတို့၏ ရဟတ်ယာဉ်များထဲသို့ ထွက်ပြေးကြပါလိမ့်မည်။ ရန်းဒေါ၏ စစ်သားများကလည်း ကင်းနီးရက် အမြောက်များဆီသို့ ထွက်ပြေးကြပြီး ရဟတ်ယာဉ်များ ပျံတက်ကြသည်နှင့် တစ်ပြိုင်နက် ရဟတ်ယာဉ်များကို ပစ်ချကြပါလိမ့်မည်။



'ခင်ဗျားနဲ့ လက်တွဲမယ် လာရီ'

ရန်းဒေါက ပြောလိုက်ပြီး ကုလား ထိုင် ကို နောက်သို့ တွန်းလိုက်သည်။

ပက်ဂျက်၏ လက်တစ်ဖက်သည် အသုံးမဝင်ဟု အယ်လီဆန်က တွေးလိုက်သည်။ အယ်လီဆန်က ဒဏ်ရာမရသေးသော အီယန်ဘလိတ်အား စိုက်ကြည့်နေသည်။ အယ်လီဆန်က သူ့အား အီယန်ဘလိတ်က အနည်းငယ် ခေါင်းညိတ်ပြသည်ကို မြင်လိုက်ရသည်ဟု ထင်လိုက်မိသည်။

အယ်လီဆန်က ဒူးကို ညွတ်ကွေးလိုက်ပြီးနောက် ျာခနဲ လှည့်လိုက်ပြီး အက်ဖ်အင် ရိုင်ဖယ်ပြောင်းကို ွတ်ထွက်သွားအောင် ယက်နှင့် ရိုက်ခါ ပစ်လိုက် ည်။ ဟော့ ပါး က သေ နတ် မောင်း ကို အ လို လျောက် ဆွဲလိုက်မိလေသည်။ ဝေါခနဲ ထွက်သွား ာ ကျည်ဆန်များက အယ်လီဆန်၏ နားကို ွားစေခဲ့သည့်အပြင် ပြောင်းဝမှ ထွက်လာသော ိန်အဟုန်က သူ့ဆံပင်များကို ရိုက်ခတ် သွားခဲ့ ၏။ သို့ရာတွင် ကျည်ဆန်များသည် လွဲထွက်သွား ီး မျက်နှာချင်းဆိုင်မှ နံရံပေါ်တွင် ထိမှန်သွားကြ ာသည်။

အီယန်ဘလိတ်သည် ကြမ်းပြင်ပေါ်သို့ ရောက်ရှိ ီး ပီဆဲဗင်း သေနတ်ကို ပြန်ကောက်ယူနေလေပြီ။ ူက စားပွဲအောက်မှ ပစ်ခတ်လိုက်လေ၏။ ပထ ည်ဆန်က ဟော့ပါး၏ ဆီးစပ်ကို ထိမှန်သွားသည်။ ိုင်တီယိုင်ထိုး ဖြစ်လာပြီး လဲကျသွားသည်တွင်



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယ ကျည်ဆန်က သူ့ နှလုံးကို တည့်တည့်ကြီး ထိမှန်သွားလေ၏။

အခန်းထဲရှိ အစိမ်းရောင် စစ်ဝတ်စုံကို ဝတ်ထား သော စစ်သားများက သေနတ်များကို ကာ ကတန်း ပြန်ကောက်ယူလိုက်ကြသည်။ အပြင်ဘ စင်္ကြံလမ်းထဲ၌ ရှိနေသော စစ်သားများကလည်း သေနတ်များကို အဆင်သင့် အနေ အထားတွ ကိုင်ရင်း အခန်းထဲသို့ ဝုန်း ခနဲ ဝင် ရောက် လာ ကြသည်။ မေဂျာ ရန်း ဒေါက် လက်နှစ် ဖက် ခေါင်းပေါ် တွင် ခပ်မြင့်မြင့် မြှောက်ထား လို လေ၏။

အယ်လီဆန်က သူသည် စိတ်ချောက်ချားသွား ငိုမလို ရယ်မလိုလို ဖြစ်သွားလိမ့်မည်ဟု စိုးရိမ်လို မိသည်။ ထိုကဲ့သို့ ဖြစ်လာမည့် အစား သူ တည်ဘည်ငြိမ်ငြိမ်နှင့် မည်သည့်ခံစားရမှုကိုမျှ မခံ ရကြောင်း တွေ့လိုက်ရသည်။ စတိဗ်က သူ့ထံ လျှောက်လာသည်။

'အယ်လီဆန်.... ကျုပ်တို့ အားလုံး အပေါ မင်း ကျေးဇူးတွေ တင်ရှိ....'

'ဘာအတွက်လဲ'

အယ်လီဆန်က ခပ်ငေါက်ငေါက် ပြောပြီး စကားကို ဖြတ် တောက် ပစ် လိုက်သည်။ ယ အချိန် တွင် ခံစား မှု များ ဖြစ် ပေါ် လာ သ နာကြည်းမှုများပင်တည်း။ အခြေ အနေသည် မတိုး သာ နောက် မ ဆုတ် သာ နှင့် သောင်မ



ရေမကျ ဖြစ်နေသည်။ သူက ထို အခြေ အနေ ကို ဖျက်ဆီးပစ်ရပေလိမ့်မည်။

'တစ် ခါ တုန်း က ရှင်ကလား စီ ဂျေ က လား မသိဘူး၊ ကျွန်မဟာ မွေးကတည်းက အမြဲတမ်း မသေ မပျောက်ဘဲ ကျန်ရစ်ခဲ့မယ့်သူလို့ ပြောခဲ့ဖူး တယ်လေ၊ အဲဒါကိုပဲ သင်ခန်းစာအနေနဲ့ ယူကြပါ၊ ရှင်တို့ ဒီနေရာက အမြန်ဆုံး ထွက်ခွာသွားကြပါ'

ပစ္စတိုကို သေနတ် အိတ် ထဲ သို့ ပြန် ထည့် လိုက် သော အီယန်ဘလိတ်က ပက်ဂျက်ထံသို့ ရောက် လာသည်။

'သူ့ကိုပြောပြလိုက်စမ်းပါ ကိုရွှေအမေရိကန်ရာ'

'ပြော မှာ ပေါ့၊ ကျုပ် တို့ က ရန် မူ လာ မယ့် ပုဂ္ဂိုလ်တွေကို စောင့်ပြီး ကျုပ်တို့ မသွားခင် သူတို့ ထဲက တ ချို့ တစ် ဝက် ကို တွယ် ထည့် သွား ချင် သေးတယ်'

အယ်လီဆန် ကြောက်စိတ်ဝင်သွားသည်။

'ဒါပေမယ့် ကမ်မ်ကိုရဲ့ အလုပ်သမား အရပ်သား တွေဟာ ရှင်တို့ ပစ်ကြခတ်ကြတဲ့ ကြားထဲမှာ ရောက် နေကြမှာပေါ့ ရှင့်'

အီယန်က ပခုံးကို တွန့်ပြရင်း ပြောလိုက်သည်။

'ကျုပ်တို့က ပစ်ခတ်ပြီး အပြင်ကို ထွက်ကြရမှာ ဆိုတော့ ကျုပ် တို့ က ပစ် တာ တော့ မ ဟုတ် ဘူး၊ အင်အက်စ်ဘီ တပ်သားတွေက အထဲကို မွှေးပစ် တာပဲ ဖြစ်ရမှာပေါ့ မစ်(စ်)ကရိတ်ချ်ရဲ့'



www.burmeseclassic.com

www.burmeseclassic.com

'ဒုက္ခပါပဲရှင်၊ ကျွန်မတို့ လူတွေက အရပ်သားတွေ နံဘေးက ရပ်ကြည့်နေကြတဲ့ အပြစ် ကင်းစင်တဲ့ လူတွေပါ'

'ဟုတ်တာပေါ့လေ'

စတိဗ်က ဆလင်း စီးကရက် တစ်လိပ်ကို နှုတ်ခမ်းကြားတွင် တပ်လိုက်သည်။

'နက်ဖြန်ခါကျရင် ထောင်နဲ့ချီပြီး အသတ်ခံကြရတော့မယ့် လူတွေလိုပဲပေါ့လေ'

အယ်လီဆန်က ဒေါသဖြင့် ပြန်ကြည့်လိုက်သည်။

'မဝမ်ဒီ စစ်တပ်တွေက ရန်သူတွေကိုသာ ပစ်ခတ်မှာပါ၊ ဘာဆိုတိုနိုင်ငံမှာ သေကြေကြမယ့် လူတွေက နည်းနည်း ကလေးပါ၊ ကျွန်မကို အာမခံချက်တွေ ပေးထားကြပါတယ်'

ပက်ဂျက်က ငေါ့တော့တော့ ပြောလိုက်၏။

'ဘယ်သူက ပေးတာလဲ၊ ဂါဒူးကလား၊ ဟော့ပါးကလား၊ ဟိုဘက်က ဘရူးစတား ရန်းဒေါကလား၊ မင်း အနှုပ်ခံလိုက်ရပြီ အယ်လီဆန်၊ လူမျိုးစု တစ်ခုလုံးကို သတ်ဖို့ အက်ဂဘီ လူမျိုးတွေကို လွှတ်လိုက်တာ၊ အဲဒီလို စဖြစ်ပြီဆိုတာနဲ့ မင်းက တားမြစ်နိုင်မှာ မဟုတ်တော့ဘူး'

ရန်းဒေါက ကမန်းကတန်း ဝင်ပြောလိုက်၏။

'သူတို့က ညာပြောနေကြတာ၊ တကယ်လို့ ဂါဒူးနဲ့ ဟော့ပါးတို့က ကျုပ်မသိဘဲ အမိန့် ပေးလိုက်တယ်ဆိုရင် အဲဒါကို ကျုပ်မသိဘူး၊ ကျုပ်လက်အောက်မှာရှိတဲ့ မဝမ်ဒီ စစ်တပ်တွေကတော့ ကြည်းတပ်ဆိုင်ရာ စစ်ဆင်ရေး စည်းကမ်းတွေကို လိုက်နာကြမှာပါ'



အီယန်ဘလိတ်က တဟားဟား ရယ်လိုက်၏။

'အင်ဂိုလာမှာ မင်း လိုက်နာခဲ့တဲ့ စည်းကမ်းတွေ အတိုင်းပဲ မဟုတ်လား'

သူက အယ်လီဆန် ဘက်သို့ လှည့်ကြည့်လိုက်၏။

'ဒီ မေဂျာကတော့ အမျိုးသမီးတွေနဲ့ ကလေးတွေကို ပထမ၊ အမျိုးသားတွေကိုတော့ နောက်မှ သတ်မယ် ဆိုတဲ့ ကြွေးကြော် သံ နဲ့ နာမည် ကြီး တဲ့ ပုဂ္ဂိုလ်ပဲ'

ပက်ဂျက်နှင့် ဘလိတ်တို့ ပြောကြသော စကားများသည် မှန်ကန်ကြောင်း အယ်လီဆန်က အလိုလို သိ လိုက် သည်။ ဟော့ ပါး၏ အ လောင်း ကို သယ်သွားပြီ ဖြစ်သော်လည်း သွေးကွက်ကြီးကတော့ ကျန်နေသည်။ အယ်လီဆန်က သွေးကွက်ကိုငေးကြည့်နေသည်။ စတိဗ်က ဖျောင်းဖျောင်းဖျဖျ ပြောလိုက်၏။

'မင်းက ကမ့်မ်ကိုရဲ့ အကြီးအကဲပါ၊ ဒီကို ချီတက်လာနေတဲ့ စစ်တပ်တွေကို ရန်းဒေါက ရပ်တန့်ခိုင်းလိုက်ပြီး ဘာဆိုတိုကို ဝင် တိုက် မယ့် ကိစ္စ ကို လဲ ရုပ်သိမ်းခိုင်းလိုက်ပါ၊ ဒါမှ မဟုတ်ရင်တော့....'

သူက စကားကို ရပ်တန့်လိုက်၏။

ဒါမှ မဟုတ်ရင်တော့.... သွေး ချောင်း စီး လိမ့်မည်ဟု အယ်လီဆန်က ဆက်တွေးလိုက်မိသည်။

သူ အညာ အနှုပ် ခံခဲ့ရလေပြီ။

ထို့နောက် အယ်လီဆန်က မဝမ်ဒီ ပရိဂျက်၊ ရွှေတွင်းများ ကိစ္စနှင့် စီဂျေတို့အကြောင်း စဉ်းစားကြည့်လိုက်မိသည်။ အပြစ်တင်ရမည့် ပုဂ္ဂိုလ်ကတော့ စီဂျေသာ ဖြစ်သည်။ ဘီလီယံပေါင်းများစွာတန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com

ရှိသော ရွှေများကို ပိုင်ဆိုင်ခွင့် ရရှိနှင့် ကျေနပ်မှု မရှိဘဲ မိုက်ကယ်ဗိုဂလာအား စွဲစွဲလမ်းလမ်း မုန်းတီးမှုက ဘာဆိုတိုနိုင်ငံနှင့် ထို နိုင်ငံရှိ ဗွီအိုင်အီး ကုမ္ပဏီကို တပ်မက်စိတ် ဖြစ်ပေါ် လာစေခဲ့သည်။ အ ကယ်၍ စီဂျေက စီမံချက်မှ အဆိုပါ အပိုင်း ကဏ္ဍကို ယခု အချိန်၌ပင် လျှော့ပေးလိုက်မည် ဆိုပါက သူသည် ပက်ဂျက်နှင့် ဗွီအိုင်အီးတို့ အပေးအယူလုပ်ပြီး မဝမ်ဒီ ပရိုဂျက်ကို မပျက်စီး အောင် ထိန်းသိမ်းထားနိုင်ပါလိမ့်မည်။

အီယန်က တည်တည်ငြိမ်ငြိမ်နှင့် ဝင်ပြောလိုက်၏။

'အဲဒါကို ဆုံးဖြတ်ရမှာက ခင်ဗျားပဲ မစ်(စ်)ကဲရိုတ်ချ်'

'ဟင့်အင်း၊ အဲဒါကို ချားလ်စ်ကင်းဖီးလ်ကိုယ်တိုင် ဆုံးဖြတ်ရမှာရှင့်'

စတိဗ်က ခေါင်းညိတ်လိုက်သည်။

'ဒါဆိုရင် ချားလ်စ်ကင်းဖီးလ်နဲ့ ခပ်မြန်မြန် ပြောလေ'

'တယ်လီဖုန်းနဲ့ တဲလက် လိုင်းတွေ ပြတ်တောက်နေပြီ'

'ဟုတ်တယ်၊ အီယန်နဲ့ သူ့လူတွေက ဖြတ်တောက်ထားကြတာလေ၊ ကျုပ်တို့က ရဟတ်ယာဉ်ပေါ်က ဆက်သွယ်ကြမယ်'

စတိဗ်က ဝက်ဘ်ဘက်သို့ လှည့်ရင်း....

'ရန်းဒေါ့ကိုပါ ခေါ်လာခဲ့'ဟု ပြောလိုက်သည်။



ရဟတ်ယာဉ် မောင်းနှင်သူက ဂျက်ကော့ ဟတ်ရှ်နှင့် ဆက်သွယ်လိုက်သည်။ ပက်ဂျက်က ပြောလိုက်သည်။

'ဘာ မေးခွန်းမှ မမေးနဲ့ ဂျိတ်ခ်ရေ၊ နယူးရောခ်မှာ ရှိတဲ့ ကင်းဖီးလ်ကို အမြန်ဆုံး ရှာပေးပေတော့'

ဟတ်ရှ်က နှစ်မိနစ် အချိန်ယူသည်။ စကားပြောခွက်ကို ကိုင်ထားသော အယ်လီဆန်သည် ဟတ်ရှ်အား စကား ပြန်ပြောလိုက်သည့် အမျိုးသား၏ အသံကို မှတ်မိလိုက်သည်။ အယ်လီဆန်က ကြားကဖြတ်၍ ပြောလိုက်၏။

'အယ်လီဆန်ကရိုတ်ချ်ပါ ဝတ်သ်ရေ၊ ခု ကိစ္စက အရေးအကြီးဆုံးပဲလို့ မစ္စတာ ကင်းဖီးလ်ကို ပြောပေးပါ'

'ဝမ်းနည်းပါတယ် မစ်(စ်)ကရိုတ်ချ်၊ မစ္စတာ ကင်းဖီးလ် ဒီမှာ မရှိဘူး၊ သူက ကုမ္ပဏီပိုင် လေယာဉ်ပျံ တစ်စီးကို စီးပြီး စကော့ဒ် ဒေးလ်ကို သွားတယ်'

'စကော့ဒ် ဒေးလ် ဟုတ်လား၊ အဲဒီနေရာဟာ သူ့ဇနီး ရှိ....'

အယ်လီဆန် ရပ်တန့်လိုက်သည်။ ယခင်က စီဂျေ မည်သည့်အချိန်ကမှ မသွားခဲ့သော ထိုနေရာသည် အရေးမကြီးလှပါ။ စီစီအိုင် ကုမ္ပဏီမှ လေယာဉ်ပျံများတွင် မြေပြင်မှ ရေဒီယိုနှင့် ဆက်သွယ်၍ရသော တယ်လီဖုန်းများ တပ်ဆင်ထားသည်။ ဤတွင် အယ်လီဆန်က ဝတ်သ်အား ထိုလေယာဉ်ပျံနှင့် ဆက်သွယ်ခိုင်းလိုက်၏။ မိနစ်ပိုင်းအတွင်း အယ်လီဆန်သည် လေယာဉ်ပေါ်မှ အခန်းစောင့်သူ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်း တစ်ယောက်နှင့် အဆက် အသွယ် ရရှိသွားသည်။ အယ်လီဆန်က သူသည် မည်သူ မည်ဝါဖြစ်ကြောင်း ပြောပြလိုက်ပြီးနောက် 'ကျွန်မ မစ္စတာကင်းဖီးလ်နဲ့ စကားပြောရမှ ဖြစ်မယ်'ဟု ပြောလိုက်သည်။

'သူ ခဏ တစ်ဖြုတ် အိပ်နေပါတယ် မစ်(စ်)ကရိုတ်ချ်၊' 'ကျွန်မ သူ့ကို နှိုးလိုက်ပါ့မယ်'

မိနစ် အနည်းငယ် ကြာသောအခါ သူ့အသံ ပြန်လည် ထွက်ပေါ်လာပြီး သူက ထစ်ထစ် အအနှင့် ပြောလိုက်လေ၏။

'သူ့ကို လာနှောင့်ယှက်တဲ့ အတွက် မစ္စတာကင်းဖီးလ် သိပ် စိတ်ဆိုးသွားပါတယ်၊ သူက ရှင့်ကို မသိဘူး၊ အရင်က တစ်ခါမှ မ ကြား ဖူး ဘူး လို့ ပြောပါတယ်'

အဆက်အသွယ် ပြတ်သွားတော့သည်။

အယ်လီဆန်က နားလည် သ ဘော ပေါက် လိုက်သောကြောင့် ထုံကျဉ်ပြီး သွားရလေ၏။ စီရေ့သည် စိတ်ညှိုးငယ်မှု ချောက်ကမ်းပါးကြီးထဲသို့ ကျဆင်းရောက်ရှိနေပြီး ယုံမှားလွန် အနေအထားသို့ ရောက်ရှိနေသည်။ သူ့စိတ် အနေအထားသည် ပုံမှန်ဘက်သို့ ပြန်ရောက်လာပြီး ပုံမှန် အလုပ် လုပ် နိုင် အောင် ရက်ပေါင်းများစွာ ရက်သတ္တပေါင်းများစွာ အချိန်ယူရပါလိမ့်မည်။

ရန်းဒေါသည် မှုန်ထူသွားပြီး ပါးစပ် အဟောင်းသား ဖြစ်နေသည်။ အယ်လီဆန်က သူ့အား အပိုအလို မရှိသော ဝါကျများနှင့် ပြောလိုက်၏။



'ဒီကိစ္စက သိပ်ရှင်းပါတယ်၊ မစ္စတာကင်းဖီးလ်က မဝမ်ဒီ ပရိုဂျက်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်တာပဲ၊ ကျွန်မက နောက်ဆုံး အဆုံးအဖြတ် ဒီ ပေးနိုင်ပြီ၊ ဘာဆိုဘို နိုင်ငံကို ဝင်ရောက်တိုက်ခိုက်မှု မရှိစေရဘူး၊ ဒီကိုလာနေတဲ့ အင်အက်စ်ဘီ တပ်ဖွဲ့တွေကို ရပ်တန့်ခိုင်းပြီး စစ်တန်းလျားတွေဆီကို ပြန်သွားခိုင်းလိုက်ပါ၊ လိုအပ်တဲ့ အမိန့်တွေကို ထုတ်ပါ'

ရန်းဒေါက ရေနစ်နေသူပီပီ ကောက်ရိုး တစ်မျှင်ကိုပင် လှမ်းဆွဲလိုက်သည်။

'ကျုပ်တို့က လူအင်အားရော လက်နက်အင်အားပါ သူတို့ထက် သာပါတယ်၊ ကျုပ်တို့က သူတို့ကို အနိုင်ရမှာပါ'

စတိဗ်က လှောင်လိုက်၏။

'ဒီတော့ ဘာဖြစ်ရမှာလဲ၊ စီစီအိုင်က အင်အားစု အခြေခံ အဖြစ်နဲ့ရော၊ လခပေးမယ့် အဖွဲ့အစည်း အဖြစ်နဲ့ရော ခင်ဗျားတို့ဘက်မှာမရှိခဲ့ရင် ခင်ဗျားလဲ ဘယ်နေရာမှာမှ တန်ဖိုးရှိမှာ မဟုတ်ဘူး'

စတိဗ်သည် အယ်လီဆန် ထံမှ စကားပြောခွက်ကို ယူလိုက်ပြီးနောက် ရန်းဒေါအား ပေးလိုက်သည်။

'ခင်ဗျား တပည့်တွေကို ရပ်ခိုင်းဖို့ ပြောလိုက်ပေတော့'

စတိဗ်က ဒဏ်ရာမရသောလက်နှင့် စကားပြောခွက်ကို ကိုင်ထားပြီး စကားပြောသည့် ခလုတ်ကို လက်မနှင့် နှိပ်လိုက်သော အချိန်တွင် ရန်းဒေါ၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး အသက်ကင်းမဲ့သလိုလို ထင်လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အညာခံရသည်နှင့် အနှိပ်ခံရသည် အလိမ်ခံရသည် ဆိုသော စကားလုံးများသည် အယ်လီဆန် ၏ ဦးခေါင်းထဲ၌ တန်းစီပြီး ပေါ်လာကြသည်။ သူ့ခေါင်းထဲ၌ ဟင်းလင်းဖြစ်နေသော နေရာဆီသို့ ယထာဘူတ ကျသော ကိစ္စရပ်များက ဝင်ရောက်ပြီး နေရာယူလာကြသည်။ တချိန်က လက်လှမ်းမီသည့် နေရာ၌ ရှိနေခဲ့သော ဒေါ်လာ သန်းပေါင်းများစွာသည် မည်သည့်အခါတွင်မှ လှမ်းကိုင်၍ မရနိုင်မည့် နေရာဆီသို့ ရောက်ရှိသွားခဲ့လေပြီ။ ကမ်မ်ကိုသည် ကျဆုံးတော့မည်မှာ သေချာသလို စီစီအိုင်ကိုလည်း ၎င်းနှင့်အတူ ခေါ်ဆောင်သွားပါလိမ့်မည်။ စီဂျေ၏ အခြေအနေက ထို ကိစ္စကို ပို၍ သေချာအောင် လုပ်ပေးနေသည်။

အယ်လီဆန်သည် သုံးဆယ့်လေးနှစ်တာ ကာလ အတွင်း ကျဆုံးခဲ့ခြင်း မရှိပါ။ အယ်လီဆန်အနေနှင့် ရုတ်တရက် တွေးကြည့်လိုက်ပါက အင်မတန်စိတ် ညစ်ညူးစရာ ကောင်းလှသည့် အနာဂတ် ကာလကို သုံးသပ်ကြည့်ရင်း သူသည် ဆက်လက်၍ ရှင်သန်နေရမည်ဟု တွေးတောကြည့်လိုက်သည်။ နယူးရော့ခ်ရှိ သူ့အိမ်ခန်းနှင့် ထိုအိမ်ခန်းထဲမှ ပစ္စည်းများကပင် လျှင် ဒေါ်လာ သုံးသန်းနီးပါး တန်ဖိုးရှိကြပေသည်။ ပြည်ပမှ ဘဏ်များ၌ စုဆောင်းထားသည့် ငွေက လည်း မြောက်မြောက်မြားမြား ရှိနေပါသေးသည်။ ကမ်မ်ကို၏ လိမ်လည် လှည့် ဖြား ထား သော



လုပ်ဆောင်ချက်များ ဘူးပေါ်သလို ပေါ်ပေါက် လာသည့် အခါ အခြားသော ကိစ္စရပ်များ လိုပင် အချိန်တန်သောအခါ၌ မြိမ်သက်သွားလိမ့်မည်သာ ဖြစ်သည်။ လက်နက်များကို ခိုးကြောင် ခိုးဝှက် ဝယ်ယူခဲ့သော ကိစ္စက မည်သို့မည်ပုံ ဖြစ်လေမည် နည်း။ အဲဒါတွေကို မေ့ထားလိုက်စမ်းပါ။ အင်မတန် အဆင့်မြင့်သော ပုဂ္ဂိုလ်ကြီးများနှင့် မဟာ့ မဟာ ကော်ပိုရေးရှင်းကြီးများ ပါဝင် ပတ်သက်နေကြ မှုကြောင့် ဖုံးကြ ဖိကြမှာ မလွဲကေန်ပင် ဖြစ်သည်။

ကြားပွဲစား အယ်လီဆန်ကရိုက်ချ်သည် အလုပ် ပြန်လုပ်နိုင်ပေလိမ့်မည်။ သူသည် မကြာခင် မှာပင် 'ဘာမဆို ဖြစ်အောင်လုပ်ပေးနိုင်သည့် အမျိုးသမီး' ဆိုသော ဝိသေသနနှင့် အဆင့်ကို ပြန်ရရှိလာပါ လိမ့်မည်။ သူ့အနေနှင့် နောက်ဆုံးတွင် ပြုံးပန်း ဆင်နိုင်လိမ့်မည်သာ ဖြစ်သည်ဟု တွေးမိပြီး ပြုံးလိုက် မိလေ၏။

စကားပြော၍ ပြီးဆုံးသွားသော ဘ ရူး စ တား ရန်းဒေါ်ကလည်း ပြုံးလိုက်ပါသည်။ သူသည် သူ့ ကိုယ်သူ ပြန်၍ ယုံကြည်မှု ရရှိလာသည်။ သူသည် တပည့်တပန်းများအား သူ့စေခိုင်းချက်ကို လိုက်နာ အောင် ဦးဆောင်မှု ပေးနိုင်သေးသော ခေါင်းဆောင် ဘစ်ယောက် ပင် ဖြစ်နေ ပါ သေး သည်။ တပ်ဖွဲ့ အားလုံးမှ လူဖြူ လူမည်း တပ်ဖွဲ့ တာဝန်ခံများသည် အမိန့်ဟောင်းကို ပယ်ဖျက်၍ ယခု ညွှန်ကြား



www.burmeseclassic.com

www.burmeseclassic.com

လိုက်သော အမိန့်သစ်အား ဆင်ခြေမပေးဘဲ လက်ခံခဲ့ကြသည်။

ရန်းဒေါအနေနှင့် စိတ်ချ လက်ချ ပြုံးရယ်နိုင်စေမည့် အခြားအကြောင်းအချက်များ ရှိနေပါသေးသည်။ သူသည် ရေဒီယိုမှ တစ်ဆင့် သူ့ လက်အောက်ငယ်သားများအား ညွှန်ကြားပြီး ၎င်းတို့၏ တုံ့ပြန်ချက်များကို ကြားလိုက်ရချိန်တွင် အလွန် ထင်ရှားသော ကိစ္စတစ်ရပ်ကို သူသဘော ပေါက်လာခဲ့ပါသည်။ မဝမ်ဒီနိုင်ငံသည် ဝါးအစည်းပြေသလို ဖရိုဖရဲဖြစ်နေသည်။ ကမ်မ်ကိုသည်လည်း နံဘေးသို့ရောက်ရှိသွားခဲ့လေပြီ။ လူဖြူလူမည်းများ ပါဝင်သော တပ်ဖွဲ့အားလုံးက သူ့ကို စစ်ဦးစီးချုပ် အဖြစ် လက်ခံထားကြသည်။ ပြီးတော့လည်း ဂွန်ကို ဒေသတွင် ရွှေတွေ အမြောက်အမြား ရှိနေသည်။ ဟင်နရီဂါဒူးကိုလည်း သူ အမှုမထားတော့ပါ။

ထို ကိစ္စမှာ ကလေးကစားသလို အလွန်လွယ်ကူလိမ့်မည်ဖြစ်ကြောင်း ရန်းဒေါ သိပါသည်။

ပက်ဂျက်၊ ဘာလိတ်နှင့် သူ့ တပည့် လူဆိုးလူမိုက်များ ထွက်ခွာသွားကြသည့် အခါ သူက ဆက်၍ဆောင်ရွက်ပါမည်။ တရားဥပဒေ စိုးမိုးရေးအတွက် တပ်ဖွဲ့ အများစုကို ဂါဒူးမြို့တော်သို့ ပြန်ခေါ်ရမည်။ ထို လူမည်းတပ်သားများက ငြိမ်ဝပ်ပိပြားမှု ရှိအောင် ဆောင်ရွက် နေချိန်တွင် လူဖြူစစ်သားများက ချွေးတပ်ဆွဲလာသော လူမည်း အရပ်သားများကို ရွှေတွင်းများဆီသို့ စတင်၍ ပို့ပေးမည်။



ရန်းဒေါသည် အနာဂတ် ကာလတွင် အလွန့်အလွန် ကြွယ်ဝချမ်းသာသည့် လူဖြူ စစ်ဘုရင်ကြီး ဖြစ်လာမည်ဟု သူ့ ကိုယ်သူ မြင်ယောင်လာမိပြီး ပခုံးများကို ပြန်မတ်လိုက်လေ၏။ သူက ပက်ဂျက်အား စေ့စေ့ပြန်ကြည့်ရင်း တောင်းဆိုလိုက်သည်။

'ကျုပ်လူတွေကို လက်ရှိ အနေအထားအကြောင်း ပြောပြထားဖို့ လိုတယ်၊ ကျုပ်က သူတို့ကို ရှင်းပြလို့ ရအောင် သူတို့ကို ချက်ချင်း ပြန်လွှတ်ပေးဖို့ အမိန့်ပေးလိုက်ပါ'

ရန်းဒေါ၏ တပည့်များသည် လေဆိပ် အဆောက်အအုံ၏ အပြင်ဘက်တွင် စက်သေနတ်များနှင့် အဝိုင်းခံနေရဆဲပင် ဖြစ်ပါသည်။ စတိဗ်က ဖြေလိုက်သည်။

'လုံးဝ မဖြစ်နိုင်ဘူး'

'ကျုပ်လူတွေကိုပြောပြဖို့ ကျုပ်မှာ အခွင့်အရေးရှိတယ်'

'နောက်ကျမှ....'

ရဟတ်ယာဉ် မောင်းနှင်ခန်း ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်နေသော အီယန်ဘာလိတ်က ပြောလိုက်သည်။

'အင်း.... လွှတ်ပေးလိုက်ပါ စတိဗ်ရာ၊ အဲဒီဗိုလ်မှူးကို သွားခွင့်ပြုပြီး သူပြောချင်တာကို ပြောပါစေ'

ဘာ့ကြောင့်ပါလိမ့်ဟု ပက်ဂျက်က တွေးသော်ပြီး အလျှော့ပေးလိုက်သည်။

'ကောင်းပြီ ရန်းဒေါရေ'



www.burmeseclassic.com

www.burmeseclassic.com

ရန်းဒေါ်သည် ချာခနဲ လှည့်လိုက်ပြီးနောက် ရဟတ်ယာဉ် မောင်းနှင်ခန်းထဲမှ ထွက်ခွာသွားလေ၏။

အီယန်ဘလိတ်သည် ပြတင်းပေါက်ဆီသို့ ပြန်သွားပြီး ထပ်မံ၍ငေးကြည့်နေပြန်သည်။ ရယ်ဖို့တော့ကောင်းသည်။ အီယန်သည် တစ်ခုခုကို စောင့်မျှော်နေသည့် ပုံစံပုံဟု စထိပ် တွေးလိုက်မိလေ၏။

မေဂျာ ရန်းဒေါ်သည် ပစ္စည်းချသော ကုန်းပေါ်ပေါ်မှ အဆင်း လမ်းတစ်ဝက်သို့ အရောက်တွင် အက်ဖ်အင် ရိုင်ဖယ်ကို လက် တံတောင်ဆစ်ကွေးပေါ်တွင် ပေါ့ပေါ့ဆဆတင်၍ ကိုင်ရင်း သူ့ဆီသို့ ချဉ်းကပ်လာနေသော ဂျော်ဒေးဗစ်ကို မြင်လိုက်ရလေ၏။

'အဲဒီမှာပဲ ရပ်နေစမ်း ကိုယ့်လူ'

ဂျော်ဒေးဗစ်က ပြောလိုက်၏။

မဝမ်ဒီနိုင်ငံရှိ ကြည်းတပ် အားလုံး၏ စစ်ဦးစီးချုပ် ဖြစ်သော မေဂျာ ဘရူးစတား ရန်းဒေါ်သည်

'ငါ့ရှေ့က လမ်းဖယ်လိုက်စမ်း လူမည်းကောင်' ဟူ၍ ခပ်ထန်ထန် ပြောလိုက်ပြီးနောက် အနည်းငယ်သာ ရပ်တန့်လိုက်ရင်း ရှေ့သို့ ဆက်လျှောက်လာသည်။

'ရပ်'

အက်ဖ်အင်ရိုင်ဖယ်သည် အသင့် အနေအထား၌ ရှိနေလေပြီ။ ချင့်ချိန်တတ်သော စိတ်ခတ်ရှိမှုသည်



တစ်ခါတစ်ရံတွင် သတ္တိရှိမှုထက် ပို၍သာလွန်ကြောင်း ရန်းဒေါ်က သတိရလိုက်မည် ဆိုပါက ထိုကိစ္စသည် ထိုနေရာ၌ပင် ရပ်တန့်သွားနိုင်စရာရှိပါ၏။ သို့ရာတွင် ရန်းဒေါ်သည် ဂျော်ဒေးဗစ်၏ နောက်ဘက်မှ ပုန်းလျှိုး ကွယ်လျှိုးနှင့် လိုက်လာသော ပြောက်ကျားဝတ်စုံဝတ် ပုဂ္ဂိုလ်တစ်ယောက်ကို သူ သတိထားလိုက်မိလေတော့သည်။

ထိုပုဂ္ဂိုလ်သည်ကား တပ်ရေးဗိုလ်ကြီး လာဆဲလ်ပင်တည်း။

ဒေါသ စိတ်ကို မထိန်းနိုင်သော ရန်းဒေါ်သည် ကမူးရှူးထိုး ဖြစ်သွားပြီး သစ္စာဖောက်ကို ခုန်အုပ်လိုက်လေ၏။ သူက အော်ဟစ်ရန် ပါးစပ်ကို ဟလိုက်သည်။

သူ ဘာအော်ဟစ်မလဲဆိုတာကို သူကိုယ်တိုင်သာ သိပါလိမ့်မည်။ ထိုကိစ္စမှာ သူ၏ နောက်ဆုံးအတွေးသာ ဖြစ်ပါတော့သည်။

နီးကပ်သော အကွာအဝေးမှ နေ၍ ဆက်တိုက် ပစ်ခတ်လိုက်သော ကျည်ဆန်ငါးတောင့်သည် မေဂျာ ဘရူးစတားရန်းဒေါ်၏ ခါးမှ ဖြတ်ဝင်သွားကြသည့် အပြင် အခြားပုဂ္ဂိုလ်များအား သူအမြဲတမ်းငြင်းပယ်ခဲ့သော ဆန္ဒတစ်ခုကို သူကိုယ်တိုင် ရရှိသွားလေတော့သည်။ ဝေဒနာကို ကြာရှည်လေးမြင့်စွာ ခံစားရဘဲ ချက်ချင်း သေဆုံးသွားရခြင်းပင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

'ချီးမှုပဲ'

ပက်ဂျက်က ပြောလိုက်၏။

'ခင်ဗျားက အဲဒါကို ကြိုမြင်ထားခဲ့တယ် မဟုတ်လား'

အီယန်က ခေါင်းညိတ်သည်။

'အဲဒီလို ဖြစ်လာနိုင်တဲ့ အလားအလာ ရှိတယ်လို့ ကျုပ် စဉ်းစားမိတာကိုတော့ ဝန်ခံရလိမ့်မယ်'

'ဘယ်လိုနည်းနဲ့ ဘယ်တုန်းက ဘယ်လိုလုပ်ပြီး စဉ်းစားမိတာလဲ ကိုယ့်လူရ'

'ဖြစ်ပုံကတော့ ကျုပ်က အပြင်ကို ငေးကြည့်နေတုန်း ဂျော့စ်နဲ့ လာဆဲလ် ကျုပ်တို့ဘက် လာနေတာကို မြင်လိုက်ရတယ်၊ တကယ်လို့ သူတို့ချင်း ရင်ဆိုင်မိခဲ့ကြရင် ရန်းဒေါက လာဆဲလ်ကို ဆုံးမဖို့ ကြိုးစားစရာ အကြောင်းရှိတယ်လို့ ကျုပ်တွေးမိတယ်၊ တကယ်လို့ သူကသာ အဲဒီလို လုပ်ခဲ့ရင် ဂျော့စ်က ဘယ်လိုလုပ်မလဲဆိုတာကိုတော့ သံသယ မဖြစ်မိပါဘူး'

သူတို့သည် သေနတ်နှင့် ပစ်ခတ်မှု ဖြစ်ပွားပြီး နောက်ပိုင်းတွင် ထိုနေရာသို့ အပြေးအလွှား လာခဲ့ကြသည်။ အီယန်က ပြောလိုက်၏။

'သိပ် သေသပ်တယ် ဂျော့စ်ရာ'

စတိဗ်က ပြောလိုက်သည်။



'သူ့ အလောင်းကို မြေမြှုပ်ဖို့ တပ်သား တစ်ယောက်ယောက်ကို တာဝန်ပေးလိုက်'

သူနှင့် ဘလိတ်တို့သည် ရဟတ်ယာဉ် မောင်းနှင်ခန်းဆီသို့ ပြန်လာခဲ့ကြသည်။ အယ်လီဆန်က ပက်ဂျက်အား မေးခွန်းထုတ်လိုဟန်နှင့် ကြည့်လိုက်၏။

'မတတ်နိုင်ဘူးလေ၊ ဒီသောက်ရူးက လာဆဲလ်ကို ဝင်အုပ်တော့တာကိုး'

အယ်လီဆန်က တည်ငြိမ်စွာ ပြောလိုက်သည်။

'အဲဒါပဲ ကောင်းပါတယ်လေ၊ အသက်ရှင်လျက်နဲ့ လျှောက်ရမ်းနေတဲ့ ရန်းဒေါက ပိုဆိုးတယ်၊ ပိုပြီး ပိုပြီး ဒုက္ခပေးလိမ့်မယ်'

ပက်ဂျက်က အောင့်မထားနိုင်သောကြောင့် ပြောလိုက်မိလေ၏။

'သူက မင်းရဲ့ လုပ်ဖော်ကိုင်ဘက်ပဲ'

အယ်လီဆန်က ပြောလိုက်သည်။

'ကျွန်မက သဘောပေါက်တဲ့နေရာမှာ နှေးကွေးတယ်၊ ဒါပေမယ့် သဘောပေါက်ပြီ ဆိုရင်တော့ မြန်မြန်ထက်ထက်ကြီး နားလည်လွယ်လေ့ရှိပါတယ်'

အယ်လီဆန်က နာကြည်းမှုကြောင့် ရှုံ့ရှုံ့မဲ့မဲ့နှင့် ဖြေလိုက်လေ၏။

'အဲဒါက အဖြေ ဟုတ်ရဲ့လား'

'သိပ် ဟုတ်တာပေါ့'

ပက်ဂျက်သည်တွဲဖက်လေယာဉ်မှူးထိုင်ခုံပေါ်သို့ ပြန်ထိုင်ချလိုက်ပြီး နောက် စကားပြောခွက်ကို လည်ပင်းတွင် တပ်ဆင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူက ရဟတ်ယာဉ် မောင်းနှင်သူအား ပြောလိုက်လေ၏။

'ဂျိတ်ခ်နဲ့ ဆက်သွယ်ပေးပါ'

စတိဗ်ပက်ဂျက်၏ ခန္ဓာကိုယ်ထဲတွင် စိတ်လှုပ်ရှားမှုများသည် တဖိန်းဖိန်း ထကြွ လှုပ်ရှား လာလေတော့သည်။

## ၆၁

'ကိစ္စ ပြီးသွားပြီ၊ ကျုပ်တို့ နိုင်တယ်၊ ဒိုင်ယာနီနဲ့ ဆက်သွယ်ပေးပြီး ခင်ဗျားလဲ ဝင်နားထောင်စမ်းပါ'

ဂျက်ကော့ဟတ်ရှ် အနေနှင့် စိတ်ထဲ၌ နောက်တစ်ကြိမ် အငြင်းအခုံ လုပ်ရပြန်ပါ၏။ မိုက်ကယ် ဗိုဂလာ သေဆုံးသွားပြီ ဆိုတာ စတိဗ်ကို ပြောရင်ကောင်းလေမလား။ ဒိုင်ယာနီသည် အရင် ပုံစံနှင့် မတူအောင် ပြောင်းလဲသွားပြီ ဆိုသည့် ကိစ္စကို သတိပေးလိုက်ရမလား။ ဟင့်အင်း။ အင်မတန် ပျော်ရွှင်နေသော ရွှေကိုယ်တော်ကလေးကို သူက ထိုကဲ့သို့သော ထိုးနှက်ချက်များနှင့် မရက်စက်လိုပါ။ ပြီးတော့လည်း နောက်ဆုံးတွင် မေတ္တာ ဘရားက အနိုင် ရရှိသွားလိမ့်မည်ဟု သူ့ရင်ထဲက မျှော်လင့်ထားသည်၊ စတိဗ်၏ သတင်းများကို ကြားလိုက်



ရသည့်အခါ ဒိုင်ယာနီ၏ ဦးနှောက်များသည် ပြန်၍ အမြင်မှန် ရလာကြပြီး သူ့ ဘာသာ သူ ပြေ လည် သွားပါလိမ့်မည်။

ဟတ်ရှ်သည် ဆက်သွယ်ရေး ဂိုဟ်တုမှ တစ်ဆင့် မိုက်ကယ်ဗိုဂလာ၏ သီးသန့်ရုံးခန်းနှင့် ဆက်သွယ်ပေးလိုက်သည်။

'ဆိုစမ်းပါဦး ပက်ဂျက်ရဲ့'

ဒိုင် ယာ နီ က အေး စက် စက် လေ သံ နှင့် ပြော လိုက်၏။

စတိဗ် မျက်တောင် တဖျပ်ဖျပ် ခတ်လိုက်မိသည်၊ ပက်ဂျက်လို့ ခေါ်သတဲ့လား။ သူက 'ဟဲလို ချစ်ချစ်' ဟု ခေါ်မိတော့မည့်ဆဲဆဲပင် ဖြစ်သည်။တစ်ခုခုတော့ မှားယွင်းနေခဲ့လေပြီ။ သူက ဂျိတ်ခ်အား ပြောခဲ့သော စကားကိုပင် စိတ် မပါ့တပါနှင့် ထပ်ပြောလိုက်ရသည်။

'ကိစ္စ ပြီးသွားပြီ၊ ကျုပ်တို့ နိုင်တယ်'

သူက ဆက်ပြောဦးမည် ဖြစ်သော်လည်း ဒိုင်ယာနီက ဖြတ်တောက်ပစ်လိုက်သည်။

'အဲဒီလို သတင်းပို့တဲ့ အတွက် ရှင်က ဘော်ရှာသွားပဲ'

အေးစက်လှချည်ကလား။

'ဒီဘက်မှာလဲ အရေးကြီးတာတွေ ဖြစ်ပွားနေတယ်၊ ရှင့်ဆီက တိုးတက်မှု အစီရင်ခံစာတွေ မရလို့ အတွက် ကျွန်မ အနေနဲ့ အဲဒါတွေအပေါ်မှာ အခွင့်အရေးယူလို့ မရဘူး ဖြစ်နေတယ်၊ ကျွန်မ ရှင့်ဆီက ရှင်းလင်းချက် လိုချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတဲ့လား၊ မိုက်နဲ့ ကျွန်မ၊ ဒါမှ မဟုတ် ဗွီအိုင်အီးလို့တောင် မပြောတော့ ပါကလား ဟု စတိဗ်က တွေးလိုက်သည်။ ဗိုင်ယာနီသည် အလွန် အမင်း စိတ်ပူပင်သောက ဖြစ်နေပြီး သူ့ကိုယ်သူ ထိန်းနိုင်ပုံမရပါ။ စတိဗ်က ဖြစ်ပျက်သမျှကို ခပ်တိုတို နှင့် လိုရင်းရောက်အောင် ရှင်းပြလိုက်ပြီး အဆုံးသတ် အနေနှင့် 'ကျုပ်တို့ဆီမှာ အာမခံ အနေနဲ့ ဂါဒ္ဒူး ရှိနေပြီ' ဟု ပြောချလိုက်သည်။ သူ၏ အတွင်းစိတ်က အယ်လီဆန်ကရိတ်ချ်ကို ထည့်မပြောရန် နှိုးဆော် လိုက်သည်။

ထိုကဲ့သို့ ချန်ထားသည့် ကိစ္စကို ဗိုင်ယာနီဗိုဂလာက သတိထားမိခြင်း မရှိပါ။ ဗိုင်ယာနီ၏ အာရုံသည် စတိဗ်ပက်ဂျက် အပေါ်၌သာ ရာနှုန်းပြည့် ရောက်ရှိ နေသည်။ ဗိုင်ယာနီက အစစအရာရာကို အသေးစိတ် သတိထား၍ တွက်ချက်ထားပြီး ဖြစ်သည်။တစ်ဆင့်ပြီး တစ်ဆင့် သူပြောရမည့် အချက် အလက် များကို မှတ်သားထားသော မှတ်စုစာအုပ်သည် သူ့ စားပွဲ ပေါ်၌ ရှိနေလေပြီ။

ပက်ဂျက်သည် ဘုတ်အဖွဲ့ ချယ်ယာမင် ရာထူး အတွက် အရေးပါသော ပြိုင်ဘက် မဟုတ်တော့ပါ။ သို့ရာတွင် သူသည် မိုက်၏ အချစ်တော်ဖြစ်ကြောင်း တစ်ကုမ္ပဏီလုံးက သိရှိ ထားကြသည်။ သူသည် အန္တရာယ်ရှိသည်။ ယခု အချိန်က စ၍ သူသည် ဗီစီအိုင် ကော်ပိုရေးရှင်း နဂါးကြီးကို နှိမ်နင်းခဲ့ပြီး



နောက် ဗွီအိုင်အီးကို ကယ်တင်ခဲ့သော ကယ်တင်ရှင် အနေနှင့် အားလုံးက ဂုဏ်ပြုကြပေလိမ့်မည်။ ထို့ကြောင့် နှစ်ဆ သုံးဆ အန္တရာယ်ရှိသည်။

မည်သို့ပင် ဖြစ်စေ မိုက်က သူ့အား နှစ်ပေါင်း များစွာ ကြာအောင် ထင်သလို ဆောင်ရွက်ခွင့် ပြုထားခဲ့သောကြောင့် သူသည် ဗိုင်ယာနီက ပြုပြင် ပြောင်းလဲပစ်လိုသော အဖွဲ့အစည်းသစ်တွင် မည်သည့် နည်းနှင့်မျှ အံဝင်ခွင်ကျ ဖြစ်နိုင်လိမ့်မည် မဟုတ်ပါ။ ထို အဖွဲ့အစည်းသည် ကျစ်လျစ် သိမ်သည်းသော အဖွဲ့အစည်း တစ်ခုဖြစ်ပြီး ထို အဖွဲ့ အစည်း ရှိ အုပ်ချုပ်ရေး ဆိုင်ရာ ဝန်ထမ်းတိုင်းသည် မိမိနှင့် လျော်ညီသော နေရာကို သိရှိကြသူများ ဖြစ်ရန် လိုအပ်သည်သာမက လိုက်နာကြရန်လည်း လိုအပ် ပါသည်။ ထို့နောက် ဗိုင်ယာနီသည် အစုရှယ်ယာ အနည်းစုကို ပိုင်ဆိုင်ထားသူများထံမှ ဖိအားပေးပြီး ရှယ်ယာ အကုန်လုံးကို ပြန်ဝယ်ယူရန် ရည်ရွယ် ထားသည်။ ဗွီအိုင်အီးသည် ပုဂ္ဂလိကပိုင်၊ ဗိုင်ယာနီ တစ်ဦးတည်းပိုင် ဖြစ်လာရပါလိမ့်မည်။ ထို့နောက် ပိုင်းတွင်ကား စီးပွားရေး လောကနှင့် ငွေကြေး လောကမှ (ပုဂ္ဂိုလ်များက) ဗိုင်ယာနီဗိုဂလာအား တအံ့တသြနှင့် မတ်တတ်ရပ်၍ သြဘာပေးရလောက် အောင် တိုးချဲ့ပစ်လိုက်မည်။

'စတေး' ပစ်မည့် ကိစ္စကိုတော့ မဆိုင်းမတွ လုပ်ရ ပါလိမ့်မည်။ စတိဗ်ပက်ဂျက်က ဗိုင်ယာနီ၏ အစဉ်များကို ဖျက်လိုဖျက်ဆီး မပြုလုပ်မီ ပြုလုပ်ရ ပါလိမ့်မည်။ စတိဗ်ပက်ဂျက်၏ ပင်ကို သဘောထို



www.burmeseclassic.com

www.burmeseclassic.com

သိထားပြီး ဖြစ်သောကြောင့် သူ့ လည်ပင်းကို သူ့ဘာသာ သူ ဇာက်စင်းပေးအောင် ကြိုးဆွဲ၍ ရနိုင်ပေလိမ့်မည်ဟု ဒိုင်ယာနီက သေချာပေါက်တွေးလိုက်မိသည်။ အဲဒီလို ဘာဖြစ်လို့ မလုပ်ရမှာလဲဟု ဒိုင်ယာနီက တွေးလိုက်ပြန်၏။ သူ့ အတွက် ဖြစ်သင့်ဖြစ်ထိုက်ပါသည်။ စတိဗ်သည် ဒိုင်ယာနီ ရသင့်ရထိုက်သော အခွင့်အရေးများကို သူ့ အား မိုက်က ပေးအပ်လာအောင် မိုက်ကို ကြိုးဆွဲနေသည်ဟု ဒိုင်ယာနီက ယုံကြည်ထားသည်။ ထို လူရှုပ်သည် ဗွီအိုင်အီး ပိုင်ဆိုင်ခွင့် ရရှိရေးအတွက် ဒိုင်ယာနီအား လက်ထပ်ရန်ပင် အဆင်သင့် ဖြစ်နေခဲ့ပါသေးသည်။

အစအဆုံး သိမ်းကျုံး၍ အနိုင်ရခဲ့သည် ဆိုသော စတိဗ်၏ အစီရင်ခံချက်သည် ဒိုင်ယာနီ၏ ပထမဆုံး စကားစပင် ဖြစ်သည်။

'ရှင့်ကိုယ်ရှင် ဂုဏ်ယူစမ်းပါ၊ ရှင် တစ်ဦးတည်း ဂုဏ်ယူထိုက်တဲ့ ကိစ္စပါ'

ဒိုင်ယာနီ မျှော်လင့်ထားသည့် အတိုင်း သူက ကြားဖြတ်၍ ပြောလိုက်၏။

'ကျုပ် တစ်ယောက်တည်းတဲ့လား၊ တစ်ယောက်တည်း ဆိုတာကတော့ သိပ်မသေချာဘူး'

'တော်စမ်းပါရှင်၊ ကျွန်မက အတ္တစွဲ မပါတဲ့ စကားလုံးတွေကို သိပ် ရွံမုန်းတယ်ရှင့်'

လက်ကလည်း ပို၍ နာကျင်လာသောကြောင့် စတိဗ်၏ ဒေါသသည် ပို၍ အုံကြွလာလေ၏။



'အိပ်ပျော်မနေစမ်းပါနဲ့လေ၊ အီယန်၊ ဂျိတ်ခ်၊ ဒဗလျူအေပီအေက လေယာဉ်မောင်းသူတွေ၊တပ်ဖွဲ့ဝင်က လူတွေ အားလုံး ပါတာပေါ့'

ဒိုင်ယာနီက ထိုစကားစကို အရကောက်လိုက်သည်။

'ရှင်က အဲဒီ ကိစ္စကို အစ ဖော် ပေး လိုက် တဲ့ အတွက် ဝမ်းသာပါတယ်၊ကမ်မ်ကိုက အရပ်သားတွေ ဂါလာမြို့ကို ရောက်ပြီးတဲ့ နောက်ပိုင်းမှာ လေယာဉ်မှူးတွေနဲ့ တပ်ဖွဲ့ဝင်တို့ဟာ အသုံးမဝင်တော့ပါဘူး၊ သူတို့ကို ပေးစရာရှိတာတွေ ပေး လိုက် ပြီး တော့ ကြိုက်တဲ့နေရာကို သွားကြပါစေ'

ဒိုင်ယာနီ မျှော်လင့်ထားသည့် အတိုင်း ပက်ဂျက်က တုံ့ပြန်လိုက်သည်။

'အဲဒါကိုတော့ ကျုပ်က လုံးဝမလုပ်ဘူး၊ အခြေအနေ ငြိမ်သက်သွားတဲ့ အထိ ကျုပ်တို့ အနေနဲ့ သူတို့ကို လိုအပ်တယ်'

'ကျွန်မက တခြား အစီအစဉ်တွေကို ဆောင်ရွက်ဖို့ ရည်ရွယ်ထားတယ်၊ သူတို့ နေရာမှာ လူစားထိုးမယ်၊ ရှင်က အဲဒီ ပုဂ္ဂိုလ်တွေကို တပ်ဖျက်ပစ်ဖို့ လိုအပ်တယ်၊ အထူးသဖြင့် ရှင့် ခါးပိုက်ဆောင် တပ်ဖွဲ့က လူတွေပဲ၊ ကျွန်မက တပ်ဖွဲ့ဝင်ကို ခုနစ်ဆယ့် နှစ် နာရီ အတွင်းမှာ ဖျက်သိမ်းပစ်စေချင်တယ်'

'ချီးမှပဲ၊ အဲဒီလူတွေကို အလုပ်အကိုင်တွေ ပေးပါ့မယ်လို့ ကတိပေးထားတာကွ'

'အလုပ်အကိုင်တွေ၊ ဟုတ်လား၊ လုံးဝမဖြစ်နိုင်ပါဘူးရှင်၊ အဲဒီ လူတွေဟာ ဘယ်ကုမ္ပဏီကမှ



www.burmeseclassic.com

www.burmeseclassic.com

မလိုချင်တဲ့ လူ့ ဗာလ ဆန်ကုန် မြေလေးတွေပဲ၊ ကျွန်မကတော့ ဗိုအိုင်အီးကို ဘယ်သူမှ မလိုချင်တဲ့ အပယ်ခံ ပုဂ္ဂိုလ်တွေကို လာပြီး စွန့်ပစ်တဲ့ နေရာ အဖြစ်မခံနိုင်ဘူး'

ဗိုင်ယာနီသည် ထိုစကားလုံးများကို အကြိမ်ကြိမ် အစမ်း လေ့ကျင့်ထားခဲ့ပြီး ဖြစ်သလို အထိရောက်ဆုံး ဖြစ်အောင်လည်း ပြောဆိုနိုင်ခဲ့ပေသည်။

စတိဗ်သည် သူ့ ကိုယ်သူ ထိန်းချုပ်ထားနိုင်စွမ်း မရှိတော့ပါ။

'အဲဒီလို လက်လွှတ်စပယ် ပြောနိုင်ရအောင် မင်းက ဘယ်သူမို့ လို့လဲ၊ မိုက်က ကတိပေးခဲ့တာကွ'

'ကျွန်မ အဖေ မိုက်က ကွယ်လွန်ခဲ့ပါပြီ ပြီးတော့လဲ....'

ချောက်ချားသွားမှုက စတိဗ်၏ ပတ်ပတ်လည်၌ ရှိနေသော ရဟတ်ယာဥ်မောင်းနှင်ခန်းကို သွက်သွက် လည်၍ သွားစေခဲ့ပါ၏။

'ကျွန်မက ဗိုအိုင်အီးရဲ့ အမှုဆောင် အရာရှိချုပ် ဖြစ်သလို ဘုတ်အဖွဲ့ ချယ်ယာမင်လဲ ဖြစ်ပါတယ်၊ ကျွန်မက ဘာကတိမှ မပေးခဲ့သလို ကျွန်မရဲ့ ဖခင်က ဖြစ်စေ ကုမ္ပဏီရဲ့ တခြား ထိပ်တန်း အရာရှိ တစ်ယောက်ယောက်က ဖြစ်စေ စာနဲ့ရေးပြီး လက်မှတ် ထိုးထားတဲ့ ပဋိညာဉ်တွေကိုလဲ တစ်ရွက်မှ ရှာမတွေ့ ရပါဘူးရှင်'

ဗိုင်ယာနီက သူ့ မှတ်စု စာရွက်ကို လှမ်းကြည့် လိုက်၏။



'အစား တစ်လုတ်'ဟု ရေးထားသည်။ တုတ်နှင့် တစ်ချက်ရိုက်ပြီးပါက အစား အသောက် တစ်လုတ် ကိုတော့ ပြန်ကျွေးရပါလိမ့်မည်။

'ပြီးတော့လဲ ရှင် သုံးစွဲဖို့ မိုက်က ဆွစ်ဇာလန်က ဘဏ်တွေကို ငွေလွှဲပို့ခဲ့တဲ့ မှတ်တမ်း မှတ်ရာတွေကိုလဲ ရှာမတွေ့ပါဘူး၊ ငွေလက်ကျန် တော်တော် များများ ရှိနေလိမ့်ဦးမယ်လို့ ကျွန်မ မျှော်လင့်ပါတယ်'

ဟုတ်တယ်ဟု စတိဗ်က တွေးလိုက်၏။ စုစုပေါင်း ဒေါ် လာ သန်း ၉၀ ခန့် ရှိနေပါ သေး သည်။ မည်သို့မှ စုံစမ်း ထောက်လှမ်း၍မရနိုင်သော ငွေတွေ ဖြစ်သလို သူ တစ်ယောက်တည်း သုံးပိုင်ခွင့် ရှိသော ငွေဖြစ်ပါသည်။ ဗိုင်ယာနီက ထိုလက်ကျန် ငွေများကို ချက်ချင်း ပြန်ပို့ပေးဖို့ တောင်းဆိုလိမ့်မည်ဟု သူ မျှော်လင့်ထားသည်။ ဗိုင်ယာနီက သူ့ကို အံ့အား သင့်စေခဲ့ပါ၏။

'ရှင်က ဆုကြေးငွေတွေ ထုတ်ပေးမယ့် ကိစ္စကို တော့ ကျွန်မက မလုပ်ရဘူးလို့ မတားမြစ်နိုင်ပါ ဘူးရှင်'

ထိုသန်းပေါင်းများစွာ ရှိသော ငွေများကို သူ ကြိုက်သလို သုံးစွဲမည့် ကိစ္စကိုလည်း တားမြစ်နိုင်မှာ မဟုတ်ဟု စတိဗ်က တွေးရင်း သူ့ ခေါင်း ထဲ၌ စိတ်ကူး တစ်ခု စတင် ပေါ်ပေါက်စ ပြုလာသည်။

'ဒါပေမယ့် ဘာအလုပ်အကိုင်မှ ရမှာမဟုတ်ဘူး ရှင် နားလည်တယ် မဟုတ်လား'

စတိဗ်က ရာခိုင်နှုန်းပြည့် နားလည်လိုက်ပါသည်။ ဘုရားသခင် ကယ်တော်မူပါ။ သူက မယ်လီဆန်



www.burmeseclassic.com

www.burmeseclassic.com

အား အညာ အနှပ် ခံခဲ့ရသည်ဟု ပြောခဲ့မိသည်။ ယခု သူသည်လည်း....

စတီဗ်က ပြောလိုက်သည်။

'မင်းပြောတာ သိပ်ကိုရှင်းပါတယ်၊ ကျုပ်ဟာလဲ အဲဒီအတိုင်း ဆောင်ရွက်ပါ့မယ်၊ တကယ်လို့ အဲဒီ လူတွေဟာ လစာ စာရင်းထဲမှာ မထည့်ထိုက်တဲ့ လူတွေ ဖြစ်နေမယ်ဆိုရင် ကျုပ်လဲပဲ လစာ စာရင်း ထဲမှာ မရှိသင့်တော့ပါဘူး၊ ကမ်မ်ကိုက လူတွေ ဂါလာကို ချောချော မောမော ရောက်ပြီဆိုတာနဲ့ ကျုပ်လဲပဲ တာဝန်ပြီးဆုံးပါပြီ'

ဒိုင်ယာနီက ကန့်ကွက်စကား ပြောကြားလာလိမ့်မည်ဟု သူ မျှော်လင့်မထားသလို ကန့်ကွက်မှုလည်း လုံးဝ မရှိခဲ့ပါ။ ၎င်းအပြင် သူ့ အဖြေ စကားထဲ၌ ဒဗလျူ အေပီအေမှ လေယာဉ်ပျံ ဧမောင်း နှင့် သူ များအား အလုပ်မှ ထုတ်ပစ်ရေးကိစ္စ၊ တပ်ဖွဲ့ဘီအား ဖျက်သိမ်းရေး ကိစ္စတို့ကို 'ရှောင်' ထားသည့် ကိစ္စ ကိုလည်း ဒိုင်ယာနီက ပြန်လည် မေးခွန်းထုတ်ခြင်း မရှိခဲ့ပါ။ စတီဗ်သည် ဒိုင်ယာနီ၏ ညွှန်ကြားချက် အတိုင်း လိုက်နာဆောင်ရွက်လိမ့်မည်ဟူ၍ ဒိုင်ယာနီ က ယူဆထားပုံ ရသည်။

ထို ပြောဆိုချက်များကို လိုက်လံနားထောင်နေသော ဂျက်ကော့ဟတ်ရှ် (ဂျိတ်ခ်)သည် အော့ချင် အန်ချင် စိတ် ဖြစ်ပေါ်လာသည်။ သူသည် နှစ်ပေါင်းများစွာ ကြာအောင် မိုက်ကယ်ဗိုဂလာပိုင် ဗွီအိုင်အီး ကုမ္ပဏီ၏



အစိတ်အပိုင်း တစ်ခု ဖြစ်ခဲ့သလို မကြာသေးမီက စုစု စည်းစည်း ရှိလှသော အစုအဖွဲ့ကလေး တစ်ခု၏ အဖွဲ့ဝင် တစ်ယောက်လည်း ဖြစ်ခဲ့ရပါသည်။ သူ သိခဲ့သော၊ သူ ချစ် ခင် ခဲ့ သော ဗွီ အိုင် အီး သည် မရှိတော့လေပြီ။ ထို အသင်း အဖွဲ့ကလေးကို အင်မ တန် ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်က ဖျက်ဆီး ပစ်ခဲ့လေပြီ။ သူက စကားပြောသော ခလုတ်ကို ဖွင့် လိုက် ပြီး နောက် ကြား က ဖြတ် ၍ ပြော လိုက် လေ၏။

'ဟတ် ရှ် ပြော နေ ပါ တယ် မစ်(စ်)ဗိုဂလာ၊ ကျုပ်ကိုလဲ စတီဗ်နဲ့ အတူ တွဲပြီး မှတ် သား ထား လိုက်ပါ၊ သူ အလုပ်က ထွက်တဲ့အခါကျရင် ကျုပ်လဲ ထွက်ပါပြီ'

ဒိုင်ယာနီ ပြုံးလိုက်သည်။ ဟတ်ရှ်သည် စတီဗ် လက်သပ်မွေးထားသော တပည့် ဖြစ်သည်။ သူ့ အား ဒိုင်ယာနီက ဖြုတ်ပစ်ရန်အတွက် ဆင်ခြေ ဆင်လက် ရှာ ဖို့ မ လို အောင် ဆောင် ရွက် ပေး လိုက် ခြင်း ပင် ဖြစ်သည်။

'လေယာဉ်ပျံတွေနဲ့ သယ်ပို့ပေးတဲ့ ကိစ္စ ပြီးဆုံး တာနဲ့ တစ်ပြိုင်နက် ရှင် တို့ နှစ် ယောက် စ လုံး ရဲ့ နုတ်ထွက် စာတွေဟာ အ တည် ဖြစ် ပါ လိမ့် မယ်၊ စာချုပ်ကို ရုပ်သိမ်းမှုအတွက် လျော်ကြေး ကိစ္စကို ဥပဒေဌာနက စေ့စပ် ဆွေးနွေးပါလိမ့်မယ်'

ဒိုင်ယာနီက မှတ်စုပေါ်မှ 'ဘာလီတ်'ဟု ရေးထား သော စာလုံးကို တစ်ချက် လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှနိုင်ငံသား ထိပ်တန်းအရာရှိကြီးများသည် သူတို့ နိုင်ငံ ကော်ပိုရေးရှင်းကြီးများတွင် တာဝန် ထမ်း ဆောင် ရသည် ထက် အ မေ ရိ ကန် နိုင်ငံမှ ကော်ပိုရေးရှင်းကြီးများတွင် ပိုမို၍ တာ ဝန် ထမ်း ဆောင်လိုကြသည်။ လစာ ပိုသည်။ အခွင့် အရေး ပိုသည်။ ရာထူး တိုး တက် နိုင် မည့် အ ခွင့် အ လမ်း ပိုများသည်။ အခွန် ပေး ဆောင် ရ မှု ပို နည်း သည်။ ဘလိတ်သည် ဘာဆိုတိုရှိ ဗွီအိုင်အီးကုမ္ပဏီ၏ ဌာနေ မန်နေဂျာ ဖြစ်သည်။ ဗွီအိုင်အီး ကုမ္ပဏီသည် ယခု အချိန်တွင် ပယ်ဖျက်ထားသော ကမ်မ်ကို၏ သတ္တု တူးဖော်ခွင့် လိုင်စင်များအား လွှဲပြောင်း ပေးဖို့ ဟင်နရီဂါဒူးကိုအကျပ်ကိုင်ရပေတော့မည်။ မည်သည့် ကိစ္စ၊ မည်သည့်ပုဂ္ဂိုလ်ကို မဆို ငွေနှင့်ဝယ်၍ ရပါ သည်။ ဒိုင်ယာနီသည် အီယန်ဘလိတ်၏ ဈေးနှုန်းကို ခန့်မှန်းထားပြီး ဖြစ်သည်။

'ကျေးဇူးပြုပြီးတော့ တစ်ယောက်ယောက်က ကျွန်မကို မစ္စတာ အီ ယန် ဘ လိတ် နဲ့ ဆက် သွယ် ပေးပါလားရှင်'

အီယန်ဘလိတ်က စကားပြောခွက်ကို ကောက်ကိုင် လိုက် ပြီး နောက် 'ဘလိတ် ပြော နေ ပါ တယ်' ဟု ပြောလိုက်သည်။ ဤတွင် သာယာညင်းပြောင်းစွာ ပြောလိုက်သော အသံနေ အသံထားကို ကြားလိုက် ရလေ၏။



'မစ္စတာဘလိတ်၊ ကျွန်မ ဖခင် က တော့ ရှင့် ကောင်းကြောင်းကို အမြဲပြောလေ့ ရှိပါတယ်၊ ရှင့်ရဲ့ ဆောင်ရွက်မှု မှတ်တမ်းကလဲ အလွန် အဆင့် မြင့်မားပါတယ်၊ အာဖရိကမှာ ရှိတဲ့ ဗွီအိုင်အီးရဲ့ လုပ်ငန်းမှန်သမျှကို ရှင်ကပဲ ကြီးကြပ်ကွပ်ကဲ ပေးစေ ချင်ပါတယ်၊ သင့်လျော်သော လျော်ကြေးနဲ့ပေါ့ရှင်၊ ရှင့် လခနဲ့ အခြားရပိုင်ခွင့်တွေဟာ ဒီကနေ့က စပြီး နှစ်ဆဖြစ်စေရပါမယ်၊ ရှင့်ကို လစာနှုန်းထားတိုးမြှင့် ခံစားခွင့် စာပိုဒ်နဲ့အတူ ငါးနှစ်စာ စာချုပ် ချုပ်ဖို့ ကျွန်မ စီစဉ်ပေးပါ့မယ်၊ ပြီးတော့လဲ ကျွန်မက ရှင့်ကို ရုံးချုပ်က ဘုတ် အဖွဲ့မှာ အဖွဲ့ဝင် တစ်ဦး အဖြစ် ခန့်ထားပေးပါ့မယ်'

သိပ် ကောင်းတဲ့ အပေး အယူပဲ။ တကယ်လို့ အီယန်ဘလိတ်က ထို ကမ်းလှမ်းချက်ကို အရ အမိ ဖမ်းယူလိုက်မည်ဆိုရင် အပြစ်ဆိုစရာ မရှိဟု စတိဗ်က တွေးလိုက်မိသည်။

'တော်တော် ကောင်းတဲ့ အလုံးစုံ အဆိုပြုချက် ပါပဲ မစ်(စ်)ဗိုဂလာ၊ တကယ်လို့ ခင်ဗျားဟာ အမျိုးသား တစ်ယောက်သာ ဖြစ်နေခဲ့ ရင်တော့ ကျုပ်အတွက် ရှက်ကိုး ရှက်ကန်း ဖြစ်စရာ လိုမှာ မဟုတ်ပါဘူး'

'ကျွန်မက အမျိုးသားမဟုတ်တဲ့ ကိစ္စနဲ့ ဘယ်လို များ ပတ်သက်နေလို့ပါလဲ'

အီယန်က စကားကို ထစ်ထစ် ငေါ့ငေါ့ နှင့် ပြောဟန် ဆောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'အေးလေ....ခု ကိစ္စမှာ အခက်အခဲ ကလေးတွေ ရှိနေတယ်ဗျ၊ ကျုပ်က ခင်ဗျားရဲ့ အဆိုပြုချက်နဲ့ ပတ်သက်ပြီး အမျိုးသားတွေကို ပက်ပက် စက်စက် ပြောသလို ခင်ဗျားကိုတော့ တဲ့တိုးကြီး ပြောလို့ မဖြစ်တော့ဘူး ပေါ့ဗျာ'

ဤတွင် အချိန်ကိုက်၍ ဆောင် ရွက် တတ် သော ဂျိတ်ခ်ဟတ်ရှ်က ဗွီအိုင်အီးရုံးချုပ်နှင့်၊ ဆက်သွယ်ထား မှုကို ဖြတ်တောက် ပစ်လိုက်လေရာ ဒိုင်ယာနီသည် ပါးစပ် အဟောင်းသားနှင့် ကျန်ရစ်ခဲ့ရလေ၏။

ရယ်စရာတော့ အကောင်းသားဟု အီယန်ဘလိတ်က တွေးလိုက်၏။ သူတို့ ပြောဆို နေကြစဉ် တပ်ရေး ဗိုလ်ကြီး လာဆဲလ်ကို ရဟတ်ယာဉ် ပေါ်သို့ ခေါ်တင်လာသော ဂျော်ဒေးဗစ်သည် ရဟတ်ယာဉ် မောင်းနှင်စခန်း အဝင်ဝနား၌ ရှိနေခဲ့သည်။ ၎င်းတို့ ပြောဆိုနေသော စကားများသည် တပ်ဖွဲ့ ဘီမှ တပ်သားများနှင့် ဒဗလျူအေပီအေလေယာဉ်မှူးများ အကြားတွင် ပျံ့နှံ့သွားပါလိမ့်မည်။ စတိဗ်နှင့် အီယန် ဘလိတ်တို့ အပေါ်၌ ထိုပုဂ္ဂိုလ်များ၏ သစ္စာရှိမှု များသည် အထွတ်အထိပ်သို့ ရောက်ရှိလာမည်ဖြစ်ပြီး သူတို့က မည်သည့် ခနရာသို့ ဦးဆောင်၍ သွားသွား လိုက်ပါလာကြတော့မည်သာ ဖြစ်ပါ၏။ သို့ရာတွင် ကျေးဇူးတင်စရာ မရှိသော ပြီးဆုံးမှုက လွဲ၍ အခြားမည်သည့် နေရာသို့မျှ ဦးဆောင်မှု ပေးနိုင်ကြ တော့မည် မဟုတ်ပါ။



အယ်လီဆန်က ပက်ဂျက်အနီးသို့ တိုးကပ်လိုက်၏။

'ကျွန်မက ရှင့်ကို ကျေးဇူးတင်ပါတယ် စတိဗ်'

'ဘာ ကိစ္စ အတွက်လဲ'

'ကျွန်မနာမည်ကို ထုတ်ဖော်မပြောတဲ့အတွက်ပါ၊ ...ှင်က ကျွန်မ နာမည်ကိုသာ ထည့် ပြောလိုက်မယ် ဆိုရင် သူ ဘာလုပ်ခိုင်းမလဲတောင် မသိဘူး'

ပက်ဂျက်၏ ခန္ဓာကိုယ်တွင် နာကျင်သော ဝေဒနာ ...များ ဖုံးလွှမ်းသွားသည်။ သူက မပွင့်တပွင့် ပြောလိုက်၏။

'ဂပ်စ်ကို တစ်ယောက်ယောက်က ခေါ်ပေးကြ ...မ်းပါ'

၎ယင်သန်သိုသည် ရဟတ်ယာဉ် မောင်းနှင်ခန်း ...ဲသို့ အပြေးအလွှား တက်လာသည်။

'လက်ဖတင်နင်၊ ခင်ဗျားရဲ့ အာရုံကြောတွေက ...ားကုန်တော့မယ့်ဆဲဆဲ ဖြစ်နေကြပြီ'

'အားဆေး ပေးလိုက်ပေါ့ကွ'

'အန္တရာယ် ရှိနိုင်တယ်ဗျ'

'ဒီ ရာစု နှစ်မှာတော့ ရယ်စရာ အကောင်းဆုံး ...က်လုံးပဲ၊ ကဲ လုပ်တော့လေကွာ'

ဂပ်စ်က ခေါင်းညိတ်လိုက်ပြီး သူ့ ဆေးအိတ်ထဲ၌ ...နှောက်၍ ရှာဖွေနေလေ၏။

...ားကတော့ အစွမ်းပြပါသည်။ သို့ရာတွင် ထိုဆေး ...ည် စနစ်တကျ အစွမ်းမပြဟု၍ အီယန်ဘလိတ်က ...ဆလိုက်သည်။ စတိဗ်သည် ပြန်လည်၍ ထူထူထောင်



www.burmeseclassic.com

www.burmeseclassic.com

ထောင်ဖြစ်လာသော်လည်း သူပထမဦးဆုံး စမေးလိုက်သည့် မေးခွန်းမှာ အဓိပ္ပာယ် မရှိလှပါ။

'မိုက်ဗိုဂလာက သူ့လုပ်ငန်းကို ဘယ်လိုစတင်ပြီး ထူထောင်ခဲ့တယ် ဆိုတာ ခင်ဗျား သိသလား အီယန်'

'သိပ် သိတာပေါ့၊ အားလုံး သိကြပါတယ်လေ' ဘာလိတ်က တဟားဟား ရယ်လိုက်သည်။

'ဂျာမန်တွေရဲ့ လက်ထဲက လုယူခဲ့တဲ့ ငွေတွေနဲ့ပဲပေါ့၊ ဘာဖြစ်လို့လဲ'

'အဲဒီ သဘောတရားကိုတော့ မင်းသမီးလေး သတိရသင့်တယ်လို့ ထင်လို့ပါပဲ'

ထိုအဖြေက ပို၍ပင် အဓိပ္ပာယ် မရှိလှဟု အီယန်က ထင်လိုက်မိပြီး ပို၍ပင် စိတ် ပူပင်သွားမိသည်။ စတိဗ်သည် တွဲဖက်လေယာဉ်မှူး၏ ထိုင်ခုံမှ ထလိုက်ပြီးနောက်

'ကဲ အလုပ်စကြစို့' ဟု ပြောလိုက်လေ၏။

အစိမ်းရောင် စစ်ဝတ်စုံကို ဝတ်ဆင်ထားသူများက ကမ်မ်ကို ဝန်ထမ်းများအား လေဆိပ် အဆောက်အအုံရှိ နားနေ ခန်း ထဲ သို့ စုရုံးပြီး သိမ်းသွင်းလာသည်။ အယ်လီဆန်က ခရီးဆောင် စကားပြောခွက်နှင့် စ ပြောလိုက်လေ၏။ အယ်လီဆန်က

'ပုန်ကန်ထကြွမှု ဖြစ်ပွားနေပါတယ်၊ ရှင်တို့ကို လေယာဉ်ပျံနဲ့ ဒီနိုင်ငံထဲက ထွက်နိုင်အောင် စီစဉ်ပေးပါမယ်'



အသံ တစ်သံက အော်ဟစ်ပြီး မေးလိုက်သည်။

'ကျုပ်တို့ရဲ့ လစာ လျော်ကြေး ကိစ္စတွေက ဘယ်လိုလဲ'

'လျော်ကြေး အတွက်ကတော့ ရှင်တို့က ဖခင်ကုမ္ပဏီဖြစ်တဲ့ စီစီအိုင်မှာ တောင်းခံသင့်ပါတယ်'

အီယန်ဘာလိတ်က ထပ်ပြောလိုက်သည်။ သူက လေယာဉ်ပျံများသည် မကြာခင် ရောက်ရှိလာကြမည်ဖြစ်ပြီး ၎င်းတို့အားလုံး ဂါလာမြို့သို့ ဘေးကင်းစွာ ရောက်ရှိကြသည့် အချိန်အထိ 'လွှန်းပျံ စနစ်နှင့် သယ်ပို့ပေးမည်ဖြစ်ကြောင်း၊ ထိုနောက် ဗြိအိုင်အီး ဘာဆိုတို လီမိတက်က ဟိုတယ် တွင် တည်းခိုနေ ထိုင် ရေး စား သောက် ရေး ကိစ္စ များ နှင့် အရေးပေါ် ရန် ပုံ ငွေ များ ကို စီ စဉ် ပေး မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ထို ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် ဒိုင်ယာနီက ဘာဆိုတိုနိုင်ငံရှိ ဗြိအိုင်အီး ကုမ္ပဏီမှ မည်သည့် ဝန်ထမ်းကို တာဝန် ပေးအပ်လေမည်နည်းဟု အီယန် တွေးလိုက်မိသည်။ လေယာဉ်ပျံနှင့် သယ်ပို့ပေးသောကိစ္စပြီးသည်နှင့် တစ်ပြိုင်နက် သူသည် တစ်ရက်လုံးလုံး အိပ်ပစ် လိုက် မည်။ ထို့နောက် အ ထုပ် အ ပိုး ပြင်တော့မည်။

စတိဗ်နှင့် အယ်လီဆန်တို့သည် မြေညီ ထပ်၌ရှိသော ရုံးခန်း တစ်ခန်းတွင် ထိုင်လိုက်ကြသည်။ ဂပ်စ်က သူတို့အတွက် အသားညှပ်ပေါင်မုန့်များနှင့် ကော်ဖီများကို ရှာဖွေပြီး လာချပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီခွက်ကို မော့ချလိုက်သော စတိဗ် ပက်ဂျက်က မေးခွန်းတစ်ခွန်းကို ကောက်ကာငင်ကာ မေးချလိုက်လေ၏။

'မင်း ဝယ်ထားတဲ့ လက်နက် ပစ္စည်းတွေကို ဘယ်သူက ပိုင်သလဲ'

'ဒီမှာ ရောက်နေတဲ့ ပစ္စည်း မှန်သမျှကိုတော့ မဝမ်ဒီ အစိုးရကို လွှဲပေးပြီးပါပြီ၊ ဘရာဇီးနိုင်ငံက ဝယ်ယူထားတဲ့ အင်ဘရေယာ လေယာဉ်ပျံတွေ အပါအဝင် လမ်းခရီးမှာ ရှိနေတဲ့ ပစ္စည်းအားလုံး ကတော့ အယ်လီဆန်ကရိတ်ချ်နဲ့ အပေါင်းအသင်း များက ပိုင်ဆိုင်ပါတယ်'

စတိဗ်သည် စီးကရက် တစ်လိပ်ကို မီးညှိရင်း ငြိမ်သက်စွာ ဖွာရှိုက်နေသည်။ သူက စပ်စပ်စုစု သိလိုမှုနှင့် စကားစမြည် ပြောလိုသောကြောင့်သာ မေးမြန်းနေခြင်း ဖြစ်သည်ဟု အယ်လီဆန်က တွေးလိုက်မိသည်။

'ရှင်က ကျွန်မကို ပထမဦးဆုံးတွက်တဲ့ လေယာဉ် ပျံနဲ့ လိုက်သွားစေချင်တာ မဟုတ်လား'

'မဟုတ်ပါဘူးဗျာ၊ ဟုတ်ကို မဟုတ်ပါဘူး'

'ကျေးဇူးပြုပြီး ရှင်းရှင်းလင်းလင်း 'ပြောစမ်းပါ စတိဗ်ရယ်၊ ကျွန်မက ဘယ်တော့ ပြန်ရမှာလဲ'

'ထိပ်သီး အစည်းအဝေး မပြီးသေးခင် အထိပါ၊ အဲဒီ နောက်ပိုင်းမှာတော့ မင်း သဘောပဲ၊ ရနိုင် သေးတဲ့ လေယာဉ်ပျံနဲ့ ပြန်လိုက်သွားမလား၊ ဒါမှ မဟုတ် အနာကြီး ရောဂါသည်များရဲ့ ကြိုးကိုင် အဖွဲ့နဲ့အတူ ဆက်နေမလား ဆိုတာပဲ'



ထိပ်သီးအစည်းအဝေး၊ အနာကြီး ရောဂါသည် များရဲ့ ကြိုးကိုင်အဖွဲ့လို့ ဆိုနေပါကလား။

'စတိဗ်ရေ၊ ကျွန်မက ဂပ်စ်ကို လိုက်ရှာရမလား၊ ရှင်ကတော့....'

'မင်း ထင်တာ မှားတယ်၊ ကျုပ် ပြောတာ အဓိပ္ပာယ် ရှိပါတယ်၊ ကော်ဖီ နောက်ထပ် ယူဦး မလား'

နောက်ထပ် ဆယ်မိနစ် ကြာသောအခါ ဖော်ကာ ဖရင်းရှစ် လေယာဉ်ပျံ ဆင်းသက်လာသည်။ ကမ်မ်ကိုမှ ပထမဦးဆုံး ဝန်ထမ်း အုပ်စုက လေယာဉ်ပျံပေါ်သို့ တက်လိုက်ကြ၏။ လေယာဉ်ပျံ စတင် ပျံသန်းတော့သည်။

## ၆၂

ခ်ီစီအိုင် ကုမ္ပဏီပိုင် လီယာ ဂျက်လေယာဉ်ပျံသည် တစ်ဦးတည်းသာ ပါရှိသော ခရီးသည်၏ အခမ္ တောင်းဆိုချက် အရ အချိန်ကို အစွမ်းကုန် မြှင့်၍ မောင်းနှင် လာခဲ့ရာ စကော့ဒေးလ်သို့ ဒေသစံတော် ချိန် ၁၂ း ၅၅ နာရီတွင် ရောက် ရှိ လာ ခဲ့ သည်။ မစ္စတာ ချားလ်စ်ကင်းဖီးလ် အတွက် မှာထားသော မော်တော်ကား ကလည်း အဆင်သင့် စောင့်ဆိုင်း နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကင်းဖီးလ်၏ နာမည်ကို ရွံ့ကြောက်နေသော ယာဉ်မောင်းသူသည် လိုက်ဖက်ညီအောင် မျက်နှာလို မျက်နှာရ လုပ်တတ်သူ ဖြစ်သည်။ သန်းကြွယ် သူဌေးကြီး၏ နီရဲနေသော မျက်လုံးများသည် ချိုင့်ဝင်နေပြီး မျက်နှာသည်ညှိုးချုံးနေပုံရသလို အသံကလည်း ရှုပ်နှင့် ကင်းကွာနေသလို ရှိနေသောကြောင့် နေထိုင်မကောင်းပုံ ရသော်လည်း သူ့ ညွှန် ကြား ချက် ကတော့ ရှင်းလင်းပြတ်သားပါသည်၊ အေးလေ သူသည် လူပြော သူပြော များလှသော အုတ်တံတိုင်း နံရံကြီးများ၏ နောက်ဘက်၌ ရှိနေသော အရာများကို မြင်တွေ့ခွင့်ရသူ ပုဂ္ဂိုလ် အနည်းငယ်တွင် ပါဝင်သူ တစ်ဦးအဖြစ်သို့ ရောက်ရှိလာပေတော့မည်။

အုတ်တံတိုင်း ဂိတ်ဝနှင့် အိမ်ကြီး၏ တံခါးဝ၌ စောင့်နေကြသော လုံခြုံရေးအစောင့်များ ကြက်သေ သေသွားကြသည်။ ဤ ကိစ္စမျိုး မည်သည့် အခါကမှ မဖြစ်ပွားခဲ့ပါ။ သူသည် မည်သည့် အခါ ကမှ မလာရောက်ခဲ့ပါ။ သို့ရာတွင် သံသယဖြစ်စရာတော့ မရှိပါ။ သူသည် စီဂျေ ကင်းဖီးလ် ပင်တည်း။

'ကျုပ် ဇနီး အဲလီဇဘက်'

'မစ္စက်ကင်းဖီးလ် နေ့လယ်စာ သုံးဆောင်နေပါတယ် ဆရာ'

'ကျုပ်ကို သူ့ ဆီ ခေါ်သွားစမ်း'



အဲလီဇဘက်ရတ်တလက်၍ ကင်းဖီးလ်သည် နေ့လယ်စာကို သုံးဆောင်၍ ပြီးစီးသွားလေပြီ။ ဆလီဗန်က အချိုပွဲ စားဦးမည်လောဟု မေးလိုက်သည်၊

'မစားတော့ပါဘူး၊ ကော်ဖီပဲပေးပါ'

ကော်ဖီကို လာချပေးသည်တွင် အဲလီဇဘက်က နတွေးတွေးဆဆနှင့်မျှဉ်းသောက်နေသည်၊ အဲလီဇဘက်သည် နောက်ဘက်မှ လှုပ်ရှားသံများကို ကြားလိုက်ရသဖြင့် လှည့်လိုက်၏။

'ချားလ်စ်'

အဲလီဇဘက်က အလန့်တကြား အော်ဟစ်လိုက်သည်။

'ရှင် အိမ်ကို ပြန်လာတာ စောလှချည်လား'

ထူးဆန်းသည်ဟု တွေးလိုက်မိလေ၏။ သူ့ကို ဆယ်နှစ်ကျော်ကြာအောင် စက်ရုပ်ပမာ ဖြစ်စေခဲ့သော စက်ကိရိယာများသည် ကိုးရိုးကားရားနှင့် တုံ့ပိုင်းတုံ့ပိုင်း စတင်၍ လည်ပတ်စပြုလာကြသည်။ သူသည် ထို အိမ်ကြီးတွင် ရှိသော အခန်းနှစ်ဆယ်ကို လိုက်လံကြည့်ရှုဖို့ ဝေးစွ၊ ကော်ဖီကိုပင် ကုန်စင်အောင် မသောက်ရသေးပါ။ သို့ တိုင် အောင် ချားလ်စ်က အိမ်သို့ ပြန်ရောက်နှင့်နေလေပြီ။

ချားလ်စ်ကင်းဖီးလ်သည် မိမိ၏ အာရုံထဲ၌ ဓောကပ်နေသဖြင့် အဲလီဇဘက်၏ အရေးအကြောင်းများနှင့် ပြည့်နှက်နေသော မျက်နှာကို သတိမထားမိပါ။ ထို မျက်နှာ အစား သူက...



www.burmeseclassic.com

www.burmeseclassic.com

'အဲလိဇဘက်'

ချားလ်စ်သည် ဇနီးဖြစ်သူအား ချစ်တင်းနှီးနှော လိုသည့်စိတ် ဖြစ်ပေါ်နေသည်။

'ကိုယ်တို့ အိပ်ခန်းကို သွားကြရအောင်'

'ဟုတ်ကဲ့'

ချားလ်စ်သည် သူ့ ခင်ပွန်းပင် ဖြစ်သလို အဲလိဇဘက်ကလည်း သူ့ကို ချစ်ခင်ပါသည်။ သို့ရာတွင် ချစ်တင်းနှီးနှောနေကျ အချိန် မဟုတ်ပါ။ နေ့လယ် ကြောင်တောင်ကြီး ဖြစ်နေသည်။ သူ အချိန်ကုန်သွားတာကို မသိလိုက်၍ ပေလော။ မဟုတ်သေးပါဘူး။ သူ့ မြင်ကွင်းထဲ၌ ပြတင်းပေါက် တစ်ပေါက်ရှိနေသည်။ နေရောင်ခြည်ကလည်း လင်းထိန်နေဆဲပင်။ တစ်ခုခုကတော့ အလွန် ထူးဆန်းနေပါသည်။ ဆီးနှင်းများလည်း ကျဆင်းမနေပါ။

အဲလိဇဘက်က သူ့ စိတ်ထဲတွင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေမိသည့် အတွက် သူ့ ကိုယ်သူ ရယ်လိုက်မိသည်၊ သူ နေမကောင်းတာလည်း ဖြစ်နိုင်သည်။ ပုစွန် စားမိလို့များလား၊ မဖြစ်နိုင်ပါ။ ပုစွန်တွေကတော့ အမြဲတမ်း လတ်ဆတ်နေပါသည်။ အမြဲတမ်းပဲလား။ တော်တော် ထူးဆန်းသည့် အတွေးပေပဲ။ ဒီကနေ့သည် ရက်ပေါင်းများစွာ အတောအတွင်း ပုစွန်ကို သူ ပထမဦးဆုံးအကြိမ် စားရသောနေ့ပင် ဖြစ်သည်။

'ကိုယ်တို့ သွားကြစို့လား'

ချားလ်စ်၏ လေသံက ခပ်မာတာတာ ဖြစ်နေသည်။



'ကောင်းပါပြီ ချစ်ချစ်ရယ်'

ချားလ်စ် ရှေ့က သွားသည်။ အဲလိဇဘက် နောက်က လိုက်လာသည်။ သူတို့သည် လှေကားထိပ်သို့ ရောက်လာကြလေ၏။ ချားလ်စ်က ဘယ်ဘက်သို့ လှည့်လိုက်သည်။

'ရှင့် အိပ်ခန်းကို သွားနေတာလား ချားလ်စ်'

သိပ်ကို ထူးခြားနေပါသည်။ သူနှင့် ချားလ်စ်တို့သည် ချားလ်စ်၏ အိပ်ခန်းသို့ သွားလေ့ သွားထ မရှိခဲ့ကြပါ။

'ကိုယ် သတိမေ့သွားတာ ဖြစ်ရမယ်'

ချားလ်စ်က ချာခနဲ လှည့်ကြည့်လိုက်သည်။

သတိမေ့သွားတာ ဟုတ်လား။ ချားလ်စ်သည် ညတိုင်း လိုလို အဲလိဇဘက်၏ အိပ်ခန်းသို့ လာရောက်၍ အစစ အရာရာသည် အဆင်ပြေသွားလိမ့်မည်သာ ဖြစ်ကြောင်း နှစ်သိမ့်ဖျောင်းဖျလေ့ရှိသည်။ သူက ဘယ်လို လုပ်ပြီး မေ့နိုင်ရတာလဲ။ မလည်မပတ်ဘဲ သံချေးတက်နေခဲ့ကြသော ပင်နယံများသည် စတင်၍ လည်ပတ်စ ပြုလာကြလေပြီ။ ညနေတိုင်း ဆိုတာရော ဖြစ်နိုင်ပါမလား။ သူတို့သည် ယမန်နေ့ ညနေကမှ ဘော့စတွန်မြို့နေအိမ်သို့ ရောက်ခဲ့ကြခြင်း ဖြစ်သည်။ ပြီးတော့ ဆီးနှင်းခဲများကလည်း ထူထပ်စွာ ကျနေပါသည်၊ အဲလိဇဘက်က ဆီးနှင်းခဲများကို သတိရလိုက်သည်။

သူတို့သည် အဲလိဇဘက်၏ အိပ်ခန်းထဲသို့ ရောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ချားလ်စ်က တံခါးကို ပြန်ဆောင့်ပိတ်လိုက်၏။ သူ့အမူအကျင့်တော့ လုံးဝမဟုတ်ပါ။ ချားလ်စ်သည် မည်သည့်အခါကမှ တံခါးများကို ဆောင့်ပိတ်လေ့မရှိပါ။ သူတို့ အိမ်ထောင်ကျခဲ့သော သက်တမ်းတစ်လျှောက်လုံး ဆိုပါတော့။ သူတို့ အိမ်ထောင်ကျခဲ့သည်မှာ ဘယ်နှနှစ် ရှိခဲ့ပြီလဲ။

ချားလ်စ်က သူ့အဝတ်အစားများကို ချွတ်၍ အိပ်ရာပေါ်တွင် လဲလျောင်းနေသည်။

အဲလိဇဘက်၏ စိတ်ထဲ၌ ဇဝေဇဝါ ဖြစ်နေသည်။ တစ်ခုခုတော့ မှားယွင်းနေခြင်းဖြစ်သည်။ ချားလ်စ်သည် အိမ်သို့ အစောကြီး ပြန်ခဲ့သလို ချစ်ဝင်းနီးနှောချင်သည်ဟု ဆိုနေသည်။ အဲလိဇဘက်၏ ဦးခေါင်းထဲ၌ ရေဒီယိုတွင် အနှောင့်အယှက်များ ဝင်နေသလို ဂျစ်ဂျစ် မြည်နေကြသည်။

အကြိမ်ပေါင်း ၄၀၀၀ ကျော် ပုံစံမပြောင်းလဲဘဲ ဆောင်ရွက်နေခဲ့သော ပုံစံ ရုတ်တရက် ပြောင်းလဲသွားမှုက ပင်နယံ ဘီးသွားများကို ဆတ်ခနဲ ဆောင့်ထွက်သွားစေခဲ့ကြသည်။ ထို ပင်နယံများက ပို၍ကြီးမားသော ပင်နယံများကို စတင် လည်ပတ်စေခဲ့ကြပါ၏။

အဲလိဇဘက်သည် ဦးခေါင်းအစိတ်စိတ်အမွှာမွှာ ဖြစ်သလို ခံစားနေရသည်။ သူက ဦးခေါင်းကို လက်နှစ်ဖက်နှင့်ကိုင်၍ ဖျစ်ညှစ်ထားရသည်။ ပါတီပွဲကိစ္စကတော့ ဘယ်လိုလဲ။

အဲလိဇဘက်၏ ဦးခေါင်းထဲမှ အသံဗလံများသည် ပို၍ဆူညံလာကြသည်။ အဲလိဇဘက်သည် တအားကုန်



အော်ဟစ်ချင်စိတ် ဖြစ်ပေါ်လာမိပါ၏။ အော်လည်း အော်ဟစ်လိုက်သည်။ သို့ရာတွင် အဲလိဇဘက်၏ အော်ဟစ်မှုက အသံတိတ်နေသည်။ ထို့အတူ အဲလိဇဘက်၏ ဦးခေါင်းထဲမှ အသံဗလံများသည်လည်း ရုတ်တရက် တိတ်ဆိတ်သွားကြလေ၏။

ယခုအချိန်တွင် ပင်နယံ အသေးကလေးများသာမက ပင်နယံ အကြီးများပါ ချောမွေ့စွာ လည်ပတ်နေကြလေပြီ။

အဲလိဇဘက်သည် ပါတီပွဲမှ မြင်ကွင်းကို ပြန်လည်၍ မြင်ယောင်လာမိလေ၏၊ ထို့နောက် ဆေးရုံပေါ်မှ ခုတင်တစ်လုံးပေါ်သို့ ရောက်ရှိသွားပြန်သည်။ ခွဲစိတ်ခန်းတွင် ဝတ်ဆင်သော အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် လူတစ်ယောက်။ အဲလိဇဘက်၏ လက်ထဲတွင် နွေးထွေးသော အထုပ်ကလေး တစ်ထုပ်ကို ပွေ့ပိုက်ထားရသည်။ ထိုအထုပ်ကလေးကို ပြန်ယူသွားကြသည်။ ထိုအချိန်၌ သူ့ဦးနှောက်ထဲတွင် လျှပ်စီး လက်သလို ဝင်းခနဲ လက်သွားသည်။ ထို့နောက် အလင်းရောင်ပြန်လည် ပျောက်ကွယ်သွားချိန်တွင် အဲလိဇဘက်သည် ပုံမှန်အတိုင်း ပြန်၍ မြင်နိုင် ကြားနိုင် တွေးတောနိုင်စွမ်း ရှိလာတော့သည်။

'မင်းက ဘာတွေ လုပ်နေတာလဲကွ'

ချားလ်စ်က မာန်မဲလိုက်သည်။

'ရှင့်အတွက် အဆင်သင့် ပြင်ဆင်နေတာပါရှင်'

အဲလိဇဘက်သည် အလှပြင်သော မှန်တင်ခုံမှ မှန်ထဲကို စိုက်ကြည့်နေသည်။ ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည့် ကိစ္စကို သူတွေ့မြင်ရလိမ့်မည် ဖြစ်ကြောင်း သူကြိုတင်၍ သိနေသည်။ မျက်နှာပေါ်တွင် အရေးအစင်းကြောင်းများနှင့် ပြည့်နှက်နေသော အသက်ခပ်ကြီးကြီး လူစိမ်းတစ်ယောက်က သူ့ကို ပြန်ကြည့်နေသည်။ ဤတွင် အဲလိဇဘက်သည် အစစအရာရာကို သိရှိသွားလေတော့သည်။

ပေါလာက သူ့ကို ဆံပင်ညှပ်ပေးခဲ့သော ကတ်ကြေးကြီးသည် မှန်တင်ခုံပေါ်၌ ရှိနေသည်။ ပေါလာပေါင်း ဘယ်နှစ်ယောက် ရှိခဲ့လေသနည်း။ သူက ကတ်ကြေးကြီးကို ယူလိုက်၏။

'လာတော့လေကွာ'

'ဟုတ်ကဲ့ပါ ချားလ်စ်ရယ်'

အဲလိဇဘက်က ပြောပြော ဆိုဆိုနှင့် ချာခနဲ လှည့်လိုက်ပြီး ချားလ်စ်၏ လည်ပင်းထဲသို့ ကတ်ကြေးထိပ်ဖျားကို စိုက်သွင်းချလိုက်လေ၏။ ချားလ်စ် အိပ်ရာပေါ်သို့ လဲကျသွားသည်။ အဲလိဇဘက်က လူခေါ်ခေါင်းလောင်းကို တီးလိုက်သည်။

ထိုနေ့အတွက် 'ပေါလာ' အဖြစ် တာဝန်ထမ်းဆောင်ရသူသည် တံခါးမဲခေါက်ဘဲ ဝင်ရောက်လာသည်။

'ဟုတ်ကဲ့ပါ မစ္စက် ကင်းဖီးလ်'

ထို့နောက် သူမြင်လိုက်ရသော မြင်ကွင်းကြောင့် နှုတ်ဆွံ့သွားရလေ၏။

'ပေါလာ၊ ချစ်ချစ်'

အဲလိဇဘက်၏ လေသံက ဇဝေဇဝါ ဖြစ်နေသလိုလို ဖြစ်နေသည်။



'မစ္စတာကင်းဖီးလ် ဘာဖြစ်သွားသလဲ ဆိုတာ မမလဲ မသိတော့ပါဘူးကွယ်၊ ကျေးဇူးပြုပြီး ဆူလီဗန်ကို ခေါ်လိုက်'

ထိုနေ့တွင် ပေါလာအဖြစ် ထမ်းဆောင်ရသော အမျိုးသမီး ကလေးသည် ထိတ်လန့်တကြား အော်ဟစ်ပြီး ထွက်ပြေးသွားလေတော့သည်။

အဲလိဇဘက်သည် မှန်တင်ခုံဆီသို့ ပြန်လှည့်သွားပြီး မှန်ထဲမှ မကောင်းဆိုးဝါးကြီးကို လေ့လာကြည့်ရှုလိုက်ပြန်၏။ မျက်နှာကို နုပျိုအောင် ခွဲစိတ်ကုသရမည်လော။ နောက်မှ . လုပ်တာပေါ့လေ။ ပြီးတော့လဲ သူ့ဆံပင်ကို တစ်ခုခုလုပ်ရပါဦးမည်။ သူဆေးကုသမှု ခံယူမည်။ ဆံပင်ကို အရောင်ပြောင်းမည်။ ပုံစံပြင်မည်။ ဒါလဲ နောက်မှ လုပ်တော့မည်။ ယခု လောလောဆယ်တွင် မစ္စက်ချားလ်စ် ကင်းဖီးလ်သည် စား၍ မပြီးပြတ်သေးသော နေ့လယ်စာကို ဆက်၍ စားသုံးရဦးမည်။

ထိုနေ့အတွက် ဆူလီဗန် အဖြစ် အသုံးတော်ခံနေသော ပုဂ္ဂိုလ် အခန်းထဲသို့ ဝုန်းခနဲ ဝင်ရောက်လာချိန်တွင် အဲလိဇဘက် တစ်ယောက် ကြည်ကြည်လင်လင်နှင့် တည်တည် ငြိမ်ငြိမ် ပြုံးနေသည်ကို မြင်တွေ့လိုက်ရလေတော့သည်။

ဗိုင်ယာနီဗိုဂလာသည် ဘုတ်အဖွဲ့ ချယ်ယာမင်း၏ သီးသန့် ရုံးခန်းထဲ၌ ထိုင်နေသည်။ သူ့ဦးခေါင်းသည် ချာချာလည်နေသည်။ မစ္စက် ဘာလိုဒလီနှင့်

www.burmeseclassic.com

လက်ထောက် အတွင်းရေးမှူးများက အပြင်မှ ဆက်သွယ်လာကြသော တယ်လီဖုန်းများကို စီစဉ်နေကြသည်။ သို့တိုင်အောင် ဒိုင်ယာနီသည် ဒါဇင်မပါင်းများစွာရှိသော ဗြိတိုင်အီးပိုင် ကုမ္ပဏီခွဲများမှ အကြီးအကဲများ၊ ဘဏ်အရာရှိများ၊ ပွဲစားများ၊ မိတ်ဆွေများ၊ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များ၊ မောင့်ဆိုင်းနိုင်း ဆေးရုံမှ ဆရာဝန်များ၊ ဖရင့်ကင်းတဲလ် အသုတေသနမှ ပုဂ္ဂိုလ်များ စသည့်ပုဂ္ဂိုလ်များနှင့် စကားပြောရန် လိုအပ်ပါသည်။

သူ့အနေနှင့် ပြင်ပသို့ ဆက်သွယ်ရန်လည်း လိုအပ်ပြန်ပါသည်။ အီယန်ဘလိတ်၏ ပမာမခန့် ငြင်းပယ်လိုက်မှုက ဒိုင်ယာနီ၏ တွက်ချက်ထားမှုများကို မှားယွင်းသွားစေခဲ့ပါ၏။ သို့ရာတွင် ဒိုင်ယာနီသည် ဗြိတိုင်အီး ဘာဆိုတို လီမိတက်မှ အောက်ပိုင်းဝန်ထမ်းများ အတော်ခပ်များများနှင့် ဆက်သွယ်ခဲ့သည်။ ကံကောင်းချင်တော့ ထိုပုဂ္ဂိုလ်များသည် နာခံလွယ်သူများ ဖြစ်ကြသည်သာမက အမြော်ကြိုက်သူများလည်း ဖြစ်ကြပါသည်။ လစာတိုးမည်ဟု ကတိပေးသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ဒိုင်ယာနီပြောသည့် အတိုင်း ဆောင်ရွက်ကြပါလိမ့်မည်။ သူတို့အနေနှင့် ကမ်မ်ကို၏ မိုင်းတွင်း တူးဖော်ခွင့်များကို တစ်လအတွင်း ရရှိမည်ဟု မျှော်လင့်ထားကြသည်။

ထိုနောက်တွင်ကား၊ ဒိုင်ယာနီသည် ဥပဒေဌာနနှင့် ဒေါသဖြစ်စရာ ကောင်းအောင် အကြီးအကျယ် စကားပြောဆိုခဲ့ရသည်။ ဒိုင်ယာနီက အီယန်ဘလိတ်၏



နုတ်ထွက်လွှာကို ငွေကြေး တစ်ပြား တစ်ချပ်မှ မပေးဘဲနှင့် လက်ခံပြီး ကန်ထရိုက် စာချုပ်ကို ဖျက်သိမ်းပစ်လိုက် စေချင်သည်။

'မဖြစ်နိုင်ပါဘူး မစ်(စ်)ဗိုဂလာ၊ သူက နုတ်ထွက်သွားတဲ့ တိုင်အောင် မစ္စတာဘလိတ်ဟာ သူ့စာချုပ်အရ အမျိုးမျိုး တိုးပွားလာတဲ့ အကျိုး ကျေးဇူးများကို ခံစားခွင့် ရှိနေပါသေးတယ်'

'စာချုပ်ကို ဖျက်သိမ်းလိုက်ပြီး ဟာကွက်တစ်ခုခု ရှာပေးစမ်းပါ'

'အဲဒီလိုမျိုး လုပ်ဖို့ ကြိုးစားခဲ့ရင် အလွန်မိုက်မဲရာကျပါလိမ့်မယ်၊ မစ္စတာ မိုက် ကယ် ဗို ဂ လာ ရဲ့ သွန်ကြားချက် အတိုင်း ရေးဆွဲရတဲ့ စာချုပ်တွေ နည်းတူ အဲဒီစာချုပ်မှာလဲ ရေပက်လို့ကို မဝင်နိုင်ပါဘူး ခင်ဗျာ'

ထိုကိစ္စက ဒိုင်ယာနီ၏ ပါးစပ်ထဲတွင် ခါးသက်သက် ဖြစ်လာစေခဲ့ပါသည်။ ထိုအရသာသည် သူ့ပါးစပ်ထဲ၌ စွဲနေခဲ့သည်။ သူ့ဖခင်သည် ကွယ်လွန်ခဲ့ပါပြီ။ သို့တိုင်အောင် သူ၏ ဆုံးဖြတ်ချက်များနှင့် အမိန့်များသည် ဆက်လက်၍ တည်ရှိနေကြဆဲပင်၊ အမြဲတမ်း ထိုကဲ့သို့ ဖြစ်နေလေမည်လော။ သူသည် အမြဲတမ်း လွှမ်းမိုးနေမည် ဖြစ်သလို အုတ်ဂူထဲမှ နေ၍ ဒိုင်ယာနီကို ပိတ်ပင်တားမြစ်နေဦးမည်လား။

'မစ်(စ်)ဒိုင်ယာနီ'

အင်တာကွန်မှ မစ္စက် ဘရက်ဒေဝီ၏ အသံ [illegible] ပေါ်ထွက်လာသည်။

www.burmeseclassic.com

'မစ်(စ်)ဘာဘာရာဟန်မွန်းနဲ့ ခပ်စောစောပိုင်းတုန်းက ရှင် စကား ပြောခဲ့ပါတယ်၊ ရှင် အခု စကား ထပ်ပြောချင်ပါသေးသလား'

ဒိုင်ယာနီ မျက်မှောင်ကုတ်လိုက်သည်။ ဘာဘာရာဟန်မွန်းသည် ဝမ်းနည်းကြောင်း နှင့် ဘုတ် အဖွဲ့ချယ်ယာမင်အဖြစ် ကံကောင်းပါစေဟု တယ်လီဖုန်းဖြင့် ဆုတောင်းခဲ့ခြင်း ဖြစ်သည်။ နောက် တစ် ခါ ထပ်ဆက်ပြန်ပြီတဲ့လား။

'ကဲ ဆက်ပေးလိုက်စမ်းပါလေ'

ဒိုင်ယာနီက တယ်လီဖုန်းကို လှမ်း ကိုင် လိုက်သည်။

'ဆိုပါဦး ဘာဘာရာ'

'မင်း ကုလားထိုင်ပေါ်မှာ ထိုင်မနေဘူး ဆိုရင် ထိုင်ချသင့်တယ်၊ ချားလ်စ်ကင်းဖီးလ်ဟာ လွန်ခဲ့တဲ့ တစ်နာရီ မတိုင်ခင်က အသတ်ခံခဲ့ရတယ်၊ သူ့ဇနီးက သတ်လိုက်တာ'

'ဒါပေမယ့် သူက စကော့ဒေးလ်မှာပဲ၊ ကျွန်မ ကိုယ်တိုင်တောင် သွားမလို့ပဲဟာ'

'မင်း မသွားတာ ကောင်းတာပေါ့၊ မဟုတ်ရင် သူက ကတ်ကြေးနဲ့ ညှော့ခံတဲ့ လူဟာ မင်း ဖြစ်ချင် ဖြစ်နေလိမ့်မယ်'

'ရှင်က ဒီကိစ္စတွေ အားလုံးကို ဘယ်လိုလုပ်ပြီး ဒီလောက် မြန်မြန် သိရတာလဲ'

'ကိုယ်က သတင်းစုဆောင်းရေး ဌာန တစ်ခုကို ဖွင့်လှစ်ထားတယ် ဆိုတာ မင်း သ တိ ရ သေး တယ်



မဟုတ်လား၊ ကိုယ်က စာနယ်ဇင်းတွေထက် ကြို သိတာချည်းပဲ'

'ရှင် ပြောတော့ ကင်းဖီးလ်က သူ့ဇနီးဆီကို တစ်ခါမှ မသွားဘူး ဆို'

'ဒီကနေ့တော့ သူရဲ့ ပထမ ဦးဆုံး အခေါက်ပဲ၊ သိပ်ကို တိုတောင်းလွန်းပါတယ်၊ သူက ဟယ်လိုလို့ ပြောတယ်၊ အဲလိဇဘက်က ထာဝရ ဂွတ်ဘိုင်လို့ ပြောလိုက်တယ်လေ'

'အဲလိဇဘက် ဘာဖြစ်လိမ့်မယ်လို့ ရှင် ထင်သလဲ'

ဒိုင်ယာနီက မေးလိုက်၏။

'အဖြေကတော့ ရယ်စရာကြီးပဲ၊ ဘာမှ ဖြစ်မှာ မဟုတ်ဘူး၊ ကင်းဖီးလ်က သူ့ ဇနီး ရူးနေပါတယ်လို့ နှစ်ပေါင်းများစွာက ကြိုတင်ပြီး ကြေငြာထားခဲ့တာ၊ အဲလိဇဘက်ဟာ သူ့ လုပ်ရပ်တွေ အတွက် သူ့မှာ တာဝန် မရှိဘူး'

ဒိုင်ယာနီက ရယ်လိုက်သည်။

'တကယ် ဟားရတယ်၊ ကဗျာ စာဆိုတွေရဲ့ တရားမျှတသော ဥပဒေသပေါ့လေ'

'မင်းက ကဗျာအကြောင်း ပြောတော့ ကိုယ်ကလဲ မေတ္တာ အကြောင်း သတိ ရလာတယ်၊ စတိဗ် ဘယ်တော့လောက် ပြန်လာမယ်လို့ မင်း မျှော်လင့်ထားသလဲ'

ဒိုင်ယာနီက သူ့စိတ်အနေအထားကို ပြောင်းလဲ ပစ်ပြီး ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မ မျှော်လင့် မထားပါဘူး၊ ပြီးတော့လဲ ထုံးစံအတိုင်း ရှင်က ပထမဦးဆုံး သိရမှာပါ၊ ဒီကနေ့ မွန်းလွဲပိုင်းတုန်းက မိုက် ကွယ်လွန်သွားပြီ၊ ကျွန်မက သူ့နေရာကို ယူလိုက်တယ်လို့ ကျွန်မက သူ့ကို ပြောပြလိုက်တယ်၊ မဟာဒပုရိုသ့ ယောကျ်ားကြီးက သူကတော့ အမျိုးသမီး တစ်ယောက် အောက်မှာ အလုပ် မလုပ်နိုင်ဘူးလို့ ပြောပြီး နုတ်ထွက်သွားတယ် လေ'

'ကဲ ကိုယ်တို့ တယ်လီဖုန်း အဆက် အသွယ် မပြတ်ခင် သိချင်တာကလေး တစ်ခုတော့ ရှိသေး တယ်၊ စတိဗ်က ဘာ ဆက်လုပ်မှာလဲ'

'ကျွန်မ အနေနဲ့ ဘာ တစ်ခုမှ မသိသလို သိပ်ပြီး တော့လဲ ဂရုစိုက်မနေတော့ပါဘူးရှင်'

ဒိုင်ယာနီ ဗိုဂလာက သူ့စိတ်ရင်းအတိုင်း ပြောချ လိုက်ခြင်း ဖြစ်သည်။

မှန်ပါသည်။ သူ့အနေနှင့် သိနိုင်စွမ်း မရှိပါ။ သို့ရာတွင် အ ရှေ့ဘက် အ ချိန် ဇုန် ခြောက် ဇုန် ကွာ ဝေး သော နေ ရာ၌ ဗြိ အိုင် အီး ကု မ္ပ ဏီ မှ ချယ်ယာမင်ကြီး အနေနှင့် အလွန် ဂရုစိုက်ရန်လိုမည် ဖြစ်သော ကိစ္စ တစ်ရပ်ကို စတိဗ်က ဆောင်ရွက် နေလေပြီ။



# ၆၃

ရှင်းလင်းချက် တစ်စုံ တစ်ရာ မပါရှိဘဲ ထုတ်ပြန် လိုက်သော စတိဗ်၏ ညွှန်ကြားချက်များကို တိုက်ရိုက် သော် လည်း ကောင်း၊ ရေဒီ ယို မှ တစ် ဆင့် သော် လည်းကောင်း ကြားကြရသူများသည် ရုတ်တရက် အူကြောင်ကြောင် ဖြစ်သွားကြရသလို အထူးအဆန်း လည်း ဖြစ် သွား ကြ ရသည်။ သို့ ရာ တွင် လူတိုင်း လူတိုင်းသည် ဗြိအိုင်အီးနှင့် အကြိတ်အနယ် ရင်ဆိုင် ခဲ့ကြသော ဖြစ်ရပ်ကို ကြားသိကြပြီး ဖြစ်သောကြောင့် မေးမြန်းခြင်း မရှိတော့ဘဲ လိုက်နာခဲ့ကြသည်သာ ဖြစ်ပါ၏။

ခရီးသည်များကို တင်ဆောင် နိုင်စွမ်း မရှိသော လေယာဉ်ပျံ အနေအထားအရ လေကြောင်း ခရီးမှ သယ်ယူ ပို့ဆောင်ပေးသော လုပ်ငန်းတွင် ပါဝင် ဆောင်ရွက်ခြင်း မရှိကြသည့် ဒဗလျူ အေပီအေမ ပိုင်းလေ့များသည် ဂါဒူး မြို့တော်သို့ တိုက်ရိုက် ပျံသန်းလာခဲ့ကြသည်။ လွန်းပျံ စနစ်နှင့် သယ်ပို့ပေး ကြသော လေယာဉ်ပျံများကမူ ထွက်ပြေးလာသူ များကို ဂါလာ မြို့တော်တွင် ချပေးခဲ့ပြီးနောက် ဆီဖြည့်ပြီး လွန်းပျံ ပြေးဆွဲပေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျိတ်ခ်ဟာတ်ရှ်သည် ဆက်သွယ်ရေး ဗဟို ဌာနကို ရုပ်သိမ်းလိုက်ပြီးနောက် ဂါလာ လေဆိပ်၌ ရှိသော ဒေါက်ဂလပ်စ်ဖီးလ်ဒင်း၊ အိုလီဆီဂမ်တို့နှင့် ပူးပေါင်းလိုက်သည်။ သူတို့သည် ကပျာ ကယာ ပြင်ဆင်ထားသော အိုလီဆီဂမ်၏ တွင်အော်တာ လေယာဉ်ပျံနှင့် ဂါဒူးမြို့တော်သို့ ထွက်ခွာ လာ ကြသည်။ အိုလီဆီဂမ်၏ တွင်အော်တာ လေယာဉ်ပျံသည် ၂၂း၅၇ နာရီတွင် ဂါဒူး လေဆိပ်သို့ ရောက်ရှိလာသည်။

စတိဗ်က အယ်လီဆန်အား အသိ ပေးခဲ့သော 'ထိပ်သီး အစည်းအဝေး'ကို ခေါ်ယူ ကျင်းပလိုက်သည်။ ထို အစည်းအဝေးကို အယ်လီဆန်၏ ရုံးခန်းနှင့် ဆက်နေသော အစည်း အဝေး ခန်းထဲတွင် ကျင်းပသည်။ လေဆိပ်'အဆောက်အအုံ၏ အပြင်ဘက်တွင် အစုလိုက် အပြုံလိုက် ရှိ နေသော ပြောက်ကျား ဝတ်စုံဝတ် ကြေးစား စစ်သားများအား ဂိုဒေါင် တစ်ခုထဲသို့ သွင်း၍ သော့ခတ်ထားပြီး ဖြစ်သောကြောင့် တပ်ဖွဲ့ ဘီမှ ဝန်ထမ်း အချို့ကို သန့်ရှင်းရေး ပြုလုပ်ရန် တာဝန် ပေးနိုင်ခဲ့သည်။ ကျည်ဆန်အခွံများနှင့် သွေးကွက်များကို ဖယ်ရှားဆေးကြောပြီး ဖြစ်ပါသည်။

စကြီလမ်းထဲတွင် ကင်းစောင့် နေကြ သော အစိမ်းရောင် စစ်ဝတ်စုံကို ဝတ်ဆင်ထားသူများသည် အစည်းအဝေးသို့ လူပေါင်းစုံကို ဖိတ်ကြားထားသမျှ သို့မဟုတ် အခမ့် တက်ရောက်စေမှုတို့ကြောင့် တအံ့တသြနှင့် ငေးကြည့်နေကြသည်။



အဖြူရောင် အလုပ်သမား ဝတ်စုံ အသစ်ကို ဝတ်ဆင် ထားသော အယ်လီဆန် ကရိတ်ခ်ျသည် စိတ်လှုပ်ရှားပြီး ကြောက် ရွံ့ နေပုံ ရသော် လည်း လန်းလန်း ဆန်းဆန်း နှစ့် ကြော့ကြော့ မော့မော့ကလေး ဖြစ်နေသည်။ လူးဘလိုဂီ၏ ရိုင်ဖယ်သေနတ်ပြောင်းနှင့် ထိုး၍ တွန်းအားပေး ခံနေရသူ ဟာင်နရီ ဂါဒူးသည် ကြောက်ကြောက် လန့်လန့် ဖြစ်နေသော တောင်ပူစာကြီးလို ဖြစ်နေသည်။ ယခုထက် တိုင် ပြောက်ကျားဝတ်စုံကို ဝတ်ဆင်ထားသော တပ်ရေး ဗိုလ်ကြီး လာဆဲလ်သည် ခန္ဓာကိုယ် ထဲ က ပင် ကြောက်လန့်နေကြောင်း မြင်သာပါသည်။

ဒေါက်ဂလပ်စ်ဖီးလ်ဒင်း၊ ဂျိတ်ခ်ဟာတ်ရှ်၊ အီယန်ဘလိတ် နှင့် အိုလီဆီဂမ်တို့ တန်းစီပြီး ဝင်လာကြသည်။စတိဗ်ပက်ဂျက်သည် နောက်ဆုံးမှ လိုက်လာပြီး သူ့ နောက်ဘက်၌ ရှိသော တံခါးကို ပြန်ပိတ်လိုက်လေ၏။

စကြီလမ်းထဲ၌ စောင့်နေသော အစောင့်များသည် အထဲမှ အသံများနှင့် တစ်ခါ တစ်ရံတွင် ကျယ်လောင်လာတတ်သည့် အသံများကို ကြားနေရသော်လည်း မည်သည့်ကိစ္စအား ပြောဆိုနေကြောင်း မကြားရပါ။ တစ်နာရီ ကြာမြင့်ပြီးသော အခါ တံခါး ပြန်ပွင့်လာသည်။ ဝင်သွားသော သူများ ပြန်ထွက်လာကြသည်။ မျက်နှာတိုင်းသည် သူ့ပုံနှင့်သူ ရှိနေကြသော်လည်း သူတို့ အားလုံးတွင် တူညီသော အချက်နှစ်ချက် ရှိကြသည်။ သူတို့၏ အမူ



www.burmeseclassic.com

www.burmeseclassic.com

အရာမှာ ရေငုံ နှုတ်ပိတ် နေယည့် ပုံစံ ဖြစ်သလို မည်သည့်ကိစ္စ ဖြစ်ကြောင်း ခန့်မှန်း၍ မရနိုင်ကြခြင်းပင်တည်း။

ဂါလာမှ နောက်ဆုံး လေယာဉ်ပျံ ရောက်ရှိလာပါပြီ။ ခေါင်းဆောင် အသံချဲ့ စကားပြောခွက် တစ်ခုနှင့် လူတိုင်း လေဆိပ် အဆောက်အအုံရှိ နားနေခန်းထဲသို့ လာရောက်ကြရန် နှိုးဆော်လိုက်သည်။

BURMESE CLASSIC

ဒဗလျူအေပီအေ လေယာဉ်မှူးများနှင့် အစိမ်းရောင် စစ်ဝတ်စုံကို ဝတ်ဆင်ထားသူများ အတွက် ကုလားထိုင်များ လုံလောက်စွာ ရှိနေသည်။ ယာယီစင်မြင့် တစ်ခုကိုလည်း တည်ဆောက် ထားသည်။ ထို ခင်မြင့်ပေါ်တွင် ရိုးရိုး စားပွဲရှည် တစ်လုံးရှိနေပြီး ထို စားပွဲ နောက်ဘက်တွင် လူ ဆယ်ယောက် ထိုင်နေကြသည်။ ပက်ဂျက်နှင့် အီယန်ဘလိတ်တို့သည် အလယ်၌ နေရာယူထားကြသည်။ အယ်လီဆန်ကရိတ်ချ်သည် ပက်ဂျက်နံဘေး၌ ထိုင်နေပြီး ဟင်နရီဂါဒူးကမူ အီယန်၏ နံဘေး၌ ရှိနေသည်။ လူးဘလိုင်က သူ့ကို ကျန်တစ်ဖက်မှညှပ်ထိုင်ထားသည်။ အဆိုပါ အမြုတေ အုပ်စု၏ ဘယ်ဘက်နှင့် ညာဘက်တွင် ဟတ်ရှ်၊ အိုလီဆီဂမ်၊ ဒေါက်ဂလပ်စ်ဖီးလ်ဒင်း၊ တပ်ဗေးဗိုလ်ကြီးလာဆဲလ်နှင့် ဂျော်ဒေးဗစ်တို့ ရှိနေကြသည်။

ကြမ်းပြင်ပေါ်တွင် ခြေရှုပ်တိုက်သံ များနှင့် ကုလားထိုင်ကို ဆွဲသံများ ပေါ်ထွက် လာသည်။



ထို ကိစ္စရပ်များမှ တစ်ပါး ပါးစပ်မှ ထုတ်မပြောသော မေးခွန်းများနှင့် တိတ်ဆိတ်ငြိမ်သက်နေသည်။

နောက်ဆုံး အသံ တစ်သံက မေးလိုက်၏။

'ကျုပ်တို့က ဒီကို ဘာကိစ္စနဲ့ ရောက်နေရတာလဲ စတိဗ်'

'လေးနက်တဲ့ ဇာတ်လမ်းနဲ့ ဟာသသိပ်မမြောက်တဲ့ ဇာတ်လမ်းကလေးပါ၊ ဒီကိစ္စ မြန်မြန် ပြီးသွားအောင် အီယန်နဲ့ ကျုပ်တို့ ပြောတာဆိုတာ လုပ်တာကိုင်တာကို နားထောင်ကြစမ်းပါ'

စတိဗ်က ဟင်နရီဂါဒူးအား လှည့်ကြည့်လိုက်၏။

'မတ်တတ် ရပ်ပါဦး ဟင်နရီ'

ဂါဒူးက တုန်တုန်ယင်ယင်နှင့် မတ်တတ်ရပ်လိုက်သည်။ သူ့အား အရှက်ခွဲမှုသည် ယခုမှပင် စတင်ပါတော့သည်။ သို့ရာတွင် ဟင်နရီသည် သူ့ကိုယ်သူ ဗာတ်နိုင်သလောက် ဣန္ဒြေ ဆည်ချင်ပါသေးသည်။

စတိဗ်က ကြေငြာလိုက်၏။

'တရားဝင် အနေနဲ့ကတော့ ဟင်နရီဟာ နိုင်ငံရဲ့ အကြီးအကဲ ဖြစ်နေတုန်းပါပဲ၊ သိပ်မကြာခင်ကလေးက ကျုပ်တို့ ထိပ်သီး အစည်းအဝေး ကျင်းပခဲ့တယ်၊ ဟင်နရီ အခု အချိန်က စပြီး ခင်ဗျားက ဘယ်လိုအနေအထားမှာ ရှိတယ်ဆိုတာကို လူတိုင်းကြားအောင် ကျယ်ကျယ်ကလေး ပြောပြစမ်းပါဦး'

'အင်မတန်....'

ဂါဒူး အသံဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

'သိမ်မွေ့ပြီး ပျပ်ဝပ်ရိုကျိုးမယ့် အစေခံ ကလေး တစ်ယောက် အနေနဲ့ပါ'

'ထိုင်တော့'

ဂါဒူး ပြန်ထိုင်လိုက်သည်။ စတိဗ်က သူ့ညာဘက်သို့ ကြည့်လိုက်၏။

'တပ်ရေးဗိုလ်ကြီး'

လာဆဲလ်သည် ခုန်၍ ထလိုက်ပြီး သတိ အနေအထားနှင့် မတ်တတ်ရပ်နေသည်။

'ကဲ မင်းကလဲ မင်းပြောရမယ့် စကားကို ပြောပြစမ်းပါဦး'

'ဟုတ်ကဲ့ပါ ခင်ဗျာ၊ မေဂျာရန်းဒေါ်ရဲ့ တပ်က ကျန်နေသေးတဲ့ ပုဂ္ဂိုလ် မှန်သမျှကို ကျွန်တော်က ဦးစီးဦးဆောင်ပြုပါမယ်၊ တပ်သားတွေဟာ တစ်ပတ်အတွင်း မဂမ်ဒီနိုင်ငံက ထွက်ခွာသွားကြပါမယ်'

အီယန်ဘလိတ်က ပြောလိုက်၏။

'အပေးအယူ လုပ်ထားတဲ့ စည်းကမ်း တွေ ကရော'

'ပြန်လည် ဆုတ်ခွာမှုတွေ အားလုံး ပြီးစီးတဲ့အခါ ကျွန်တော့် အနေနဲ့ ဒေါ်လာ တစ်သိန်း ရရှိပါမယ်'

'တကယ်လို့ မင်းက ကိုးရိုးကားရားတွေ လျှောက်လုပ်မယ် ဆိုရင်ကောကွာ'

အီယန်က သူ့ နှုတ်ခမ်းမွေးကို သပ်လိုက်သည်။

'မင်းကို ငါ ပြောထားတဲ့ အတိုင်း လုံးစေ့ပတ်စေ့ ပြန်ပြောစမ်း'

'ကျွန်တော်....ကျွန်တော်'



လာဆဲလ် တုန်လှုပ် ချောက်ချားနေသည်။

'မစ္စတာ ဒေးဗစ်နဲ့ သေမင်းနဲ့ လက်တကမ်း အားစမ်းနည်းကို ကစားရပါလိမ့်မယ်'

'ကောင်းတယ်၊ မင်း ယိုင်လဲပြီး သတိ လစ်မသွားခင် ပြန်ထိုင်ချလိုက်ရင် ကောင်းမယ် ထင်တယ်'

စတိဗ်က လာဆဲလ်၏ နှုတ်ခမ်းတွင် စီးကရက် တစ်လိပ် တပ်ပေးလိုက်သည်။ အယ်လီဆန်က မီးညှိပေးလိုက်၏။ စတိဗ်က မေးလိုက်သည်။

'အောက်မှာရှိတဲ့ ကိုယ့်လူတွေက အနေအထားကို ရိပ်မိကြပါရဲ့လား'

မသေ မချာနှင့် မရေရာသော တီးတိုး စကားပြောသံ များသာ ပေါ် ထွက် လာ သည်။ အဖြေကတော့ မရိပ်မိကြသေးသည်မှာ သေချာပါသည်။

ပက်ဂျက်က အယ်လီဆန့် ဘက်သို့ လှည့်လိုက်၏။

'မစ်(စ်)ကရိတ်ချ်၊ ဂျွန်ဂို ဒေသမှာရှိတဲ့ ရွှေတွေဟာ ဘယ်လောက် တန်ဖိုး ရှိတယ်လို့ ခင်ဗျားက ပြောသလဲ'

'ဘူမိဗေဒ ပညာရှင်များရဲ့ အဆိုအရ ဒေါ်လာ ဘီလီယံ တစ်ဆယ် အထက်မှာ ရှိမယ်လို့ ဆိုပါတယ်'

ထိုအဖြေကြောင့် ပရိသတ်ထဲမှ လက်ခေါက်မှုတ်သံများနှင့် အော်ဟစ်သံများ ပေါ်ထွက်လာသည်။

စတိဗ်က အီယန်အား လှမ်းကြည့်လိုက်၏။

'သူတို့ နားလည်အောင် ရှင်းပြလိုက်ပါဦး၊ တို့ရွှေ အင်လိပ်ကြီးရယ်'



www.burmeseclassic.com

www.burmeseclassic.com

ဘလိတ်သည် ခေါင်းညိတ်လိုက်ပြီး ကဗျာကယာ ရေးမှတ်ထားသော စာရွက်များကို စားပွဲပေါ်တွင် ဖြန့်ချလိုက်သည်။

စိတ်လှုပ်ရှားလာသော အယ်လီဆန်က သူ့ခြေထောက်ကို စတိဗ်၏ ခြေထောက်နှင့် ပူးကပ်ထားလိုက်သည်။

ဂျက်ကော့ဟာတ်ရှ်၏ မျက်နှာပေါ်တွင် လက်စားချေရတော့မည့် ပုံစံမျိုး ဖြစ်ပေါ်နေသည်။

ဟင်နရီဂါဒူးသည် လူမသိအောင် ထိန်းထားရသော်လည်း အတွင်းစိတ်ကမူ ပြင်းပြင်း ထန်ထန် ဒေါပွနေသည်။

အီယန်က ပြောလိုက်၏။

'ကျုပ်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် လူ့ဗာလ ဆန်ကုန်မြေလေးများ ခင်ဗျား၊ အခု ကျုပ်တို့က သိမ်းပိုက်လိုက်ပါပြီ၊ ဂါဒူးကတော့ ဆက်ရှိနေပါလိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့နေရာမှာ လူစားထိုးစရာ မရှိသေးလို့ပဲ' သူက ရပ်ထန့်လိုက်ပြီးနောက် ဂါဒူးကို သတိပေးသည့် အနေနှင့် မကောင်းသော နိမိတ်တစ်ခုကို ဖြည့်စွက်ပေးလိုက်သည်။

'ခု လောလောဆယ်မှာပါ'

ဘလိတ်က တစ်ဖက်သတ် ပြုံးရယ်လိုက်၏။

'ဒါပေမယ့် ကျုပ်တို့က သည်အစိုးရကို သန့်ရှင်းအောင် လုပ်ပေးပါမယ်၊ အိုလီနဲ့ ဂျော့စ်ဒေးဗစ်တို့ဟာ အစိုးရအဖွဲ့သစ်မှာ ပထမဦးဆုံး ခန့်ထားခံရမယ့် ဝန်ကြီးတွေပဲ၊ ကျုပ်တို့က လူနည်းစု လူမျိုးငယ်ကလေးတွေ ဆီက ဝန်ကြီးတွေကို ရွေးချယ်ခန့်ထားပါမယ်၊ အင်္ဂတီ လူမျိုးတွေကို မခန့်တော့ပါဘူး'

သူက နောက်စာရွက် တစ်ရွက်ကို လှန်လိုက်သည်။

'ဒေါက်ဂလပ်စ်ဟာ ခုဆိုရင် လေတပ်ရဲ့ ဦးစီးချုပ်ဖြစ်ပါပြီ၊ လူးဘလိုဂီကတော့ ကြည်းတပ်ရဲ့ ဦးစီးချုပ်ပါ၊ စတိဗ်နဲ့ ကျုပ်တို့ကမတော့ အသစ် ဖွဲ့စည်းမယ့် အမျိုးသားလုံးဆိုင်ရာ ရွှေတူးဖော်ရေး ကော်ပိုရေးရှင်းရဲ့ ပူးတွဲ ချယ်ယာမင်တွေပါ၊ ကျုပ်တို့မှာ လက်ထောက် နှစ်ယောက် ရှိပါတယ်.... မစ်(စ်) ကရိတ်ချ်....'

'သူက ကမ်မ်ကို ကုမ္ပဏီကပဲ'

တစ်ယောက်ယောက်က အော်ဟစ်၍ ကန့်ကွက်လိုက်သည်။

'ဟိုတုန်းကပါ'

အီယန်က ပြင်ဆင်ပေးလိုက်သည်။

'ဒီ ဂုဏ်သရေရှိ အမျိုးသမီးက ရွှေတွင်းတွေအကြောင်းနဲ့ ကမ်မ်ကိုက ဘယ်နည်းဘယ်ပုံ တူးဖော်မယ်လို့ ရည်ရွယ်ထားတယ် ဆိုတာတွေကို လုံးဝဥဿုံ သိထားသူဖြစ်ပါတယ်၊ သူ့ဆီက ရမယ့် အချက်အလက်တွေနဲ့ အကြံဉာဏ်တွေက ကျုပ်တို့ အတွက် လပေါင်းများစွာ ကြာအောင် ပဏာမ ဆောင်ရွက်ရမယ့် ကိစ္စတွေကို ကျော်လွှားသွားစေနိုင်ပါလိမ့်မယ်'



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

'အဲဒီ ဘုတ်အဖွဲ့ထဲမှာ ဘယ်သူတွေ ပါသေးသလဲ'

'ဂျိတ်ခ်၊ အဖွဲ့အစည်းတိုင်းမှာ ပါရမီရှင် ဌာနေ ကိုယ်စားလှယ် တစ်ယောက်တော့ ရှိဖို့ လိုပါတယ်'

ဂျက်ကေဘ့ဟာတ်ရှ် ရှက်သွေးဖြာသွားသည်။

ဒဗလျူ အေ ပီ အေ ပိုင်း လော့ တစ် ယောက် မတ်တတ် ထရပ်လိုက်သည်။

'ကျန်တဲ့ ကျုပ်တို့ကရော ဘယ်လိုလဲ'

ဤအချိန်တွင် ပက်ဂျက်က ဖြေလိုက်သည်။

'ခင်ဗျားတို့ရဲ့ ဆန္ဒ အတိုင်း ပါပဲ၊ ခင်ဗျား တို့ အားလုံး မူလက ကတိ ပေးထားတဲ့ ဆုကြေးရဲ့ နှစ်ဆကို ရရှိကြပါလိမ့်မယ်၊ ဆက်ပြီး နေမယ့်လူတွေ ကတော့ လက်ရှိ လစာနဲ့ အပိုထောက်ပံ့ကြေးတွေကို ဆက်ပြီး ရရှိကြမယ့်အပြင် ကျုပ်တို့အတွက် အမြတ် အစွန်း စပြီး ရရှိလာတဲ့အခါ အဲဒီ အမြတ် အစွန်း တွေရဲ့ ဝေစုတွေကိုလဲ ရရှိကြပါလိမ့်မယ်'

ပိုင်းလော့ တစ်ယောက်က မျက်မှောင်ကုတ်ပြီး ထမေးလိုက်၏။

'မေးခွန်း တစ်ခု မေးပါရစေ စတီဗ်၊ ခုလော လောဆယ် ဒီနိုင်ငံမှာ ဇွန်ဒြေမပျက် ဆက်လက်နေနိုင် ရေးနဲ့ ကျုပ်တို့ထို ဘယ်သူက လခပေးထားမှာလဲ'

မိမိ စီးလာသော ဖောင်ကိုဖျက်၍ အမှန်တရားနှင့် ရင်ဆိုင်ရမည့် အချိန် သို့ ရောက် ရှိ လာ လေပြီဟု ပက်ဂျက်က တွေးတောရင်း တွန့်ဆုတ်ဆုတ် ဖြစ်သွား သည်။ သူ့ ပေါင် အား အယ် လီ ဆန် က လက် နှင့် အသာအယာ ဆုပ်ကိုင်လိုက်သည်ကို သူ သိလိုက်၏။



ထိုကိစ္စကြောင့် သူသည် အမြင်မှန် ရလာပြီး တွန့် ဆုတ်ဆုတ် ဖြစ်နေမှုများ ချုပ်ငြိမ်းသွားတော့သည်။

'ဆွစ်ဇာလန်နိုင်ငံက ဘဏ်တွေမှာ အပ်နှံထားတဲ့ ဒေါ်လာ သန်းကိုးဆယ် ရှိပါတယ်၊ ခု လောလော ဆယ်မှာ ကုန်ကျမယ့် စရိတ် စကတွေ အတွက် လိုလောက်တဲ့အပြင် ပိုတောင် ပိုပါလိမ့်မယ်'

သူက ပြန်ဖျက်၍ မရအောင် အာမခံချက်ပေး လိုက်မိလေပြီ။ ၎င်းအပြင် သူ့ ရင်ထဲ၌ ဟိုလိုလို ဒီလိုလို ကြောက်ရွံ့စိတ်များလည်း လုံးဝ ဖြစ်ပေါ် မလာခဲ့ပါ။

ဤတွင် ဇီယန်ဘာလီတိက ယခု အချိန်သည် ပါဝင်လိုသူများနှင့် မပါဝင်လိုသူ များကို ခွဲခြား ရမည့် အချိန်ပင် ဖြစ်ကြောင်း ပြော လိုက် သည်။ ဒဗလျူ အေပီအေ၏ အသင်း ဥက္ကဋ္ဌဖြစ်သူ ဒေါက် ဂလပ်စ်ဖီးလ်ဒင်းက သူ့ အဖွဲ့ဝင်များထံမှ ဆန္ဒယူခဲ့ သလို လူးဘလိုဂီကလည်း တပ်ဖွဲ့ ဘီတွင် ပါဝင်သူ များထံမှ ဆန္ဒယူခဲ့သည်။ အားလုံးက ပါဝင်ဆောင် ရွက်ကြရန် တညီ တညွတ်တည်း သဘော တူခဲ့ကြ လေသည်။

ပက်ဂျက်ကို ထူထူ ထောင်ထောင် ဖြစ်နေအောင် ထိန်းပေးထားခဲ့သော စိတ် လှုပ်ရှားမှုသည် ဖြုန်းခနဲ လျော့နည်း သက်သာသွားသဖြင့် သူသည် ခေါင်း မထားနိုင်တော့ဘဲ စားပွဲပေါ်သို့ ဖုံလဲပြီး အိပ်သွား လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ငုယင်သန်သိုသည် စင်မြင့်ပေါ်သို့ အပြေးအလွှား တက်လာသည်။ တပ်ဖွဲ့ဘီမှ ဆေးအဖွဲ့ဝင်များကလည်း သူ့နောက်မှ မရှေးမနှောင်း ဆိုသလို ရောက်ရှိလာကြလေ၏။

'လူနာတင် ထမ်းစင်ယူခဲ့၊ သူ့ကို အိပ်ရာပေါ် တင်ပေးကြပါ'

'အိပ်ရာတွေ တစ်ခုမှ မရှိဘူး၊ ကြေးစား စစ်သားတွေ အိပ်ခဲ့ကြတဲ့ ခေါက်စင် ကလေးတွေပဲ ရှိတယ်'

အီယန်က စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်၏။ အယ်လီဆန်က ဝင်ပြောလိုက်သည်။

'လေဆိပ် မန်နေဂျာရဲ့အိမ်မှာ ရှိပါတယ်၊ သူကတော့ ပထမဦးဆုံး ထွက်တဲ့ လေ ယာဉ် ပျံ နဲ့ ဖါ သွားပြီ'

လူနာတင် ထမ်းစင် တစ်ခု ရောက်ရှိလာသည်။ စတိဗ်ပက်ဂျက်ကို ထမ်းစင်ပေါ်သို့ တင်လိုက်ကြ၏။

'ဘယ်ဘက်ကို သွားရမလဲ မစ်(စ်) ကရိတ်ချ်'

'ကျွန်မ လမ်းပြပေးပါ့မယ်၊ ပြီးတော့လဲ ကျွန်မ သူနဲ့ အတူတူ နေပေးပါ့မယ်'

ဆေးဝန်ထမ်း တစ်ယောက်က မေးလိုက်၏။

'ခင်ဗျားက သူနာပြု ဆရာမလား'

'အင်း ကျွန်မက လက် တွေ့ ကျတဲ့ သူနာပြု ဆရာမပါ'

စတိဗ်ကို စစ်ဆေးကြည့်ရှုနေသော ဂပ်စ် က ဖျတ်ခနဲ ပြန်လှည့်လိုက်ပြီး အယ်လီဆန်ကို ကြည့်၍ အဓိပ္ပာယ်ပါပါ ပြုံးလိုက်သည်။



'သူ့ အခြေအနေက သိပ်ဆိုးသလား'

ဂျိတ်ခ်ဟတ်ရှ်က စိတ်ပူပင်စွာဖြင့် မေးလိုက်၏။ ဂပ်စ်၏ အပြုံး ပျက်ပြယ်မသွားပါ။

'လက်ဖတင်နင် အနေနဲ့ အိပ်ရေး အများကြီး ဝဖို့နဲ့ အများကြီး ပြုစု ယုယတာကို ခံလိုက်ရရင် ပြန်နေကောင်းသွားမှာပါ'

ဂပ်စ်နှင့် ဆေးဝန်ထမ်းများက သတိမေ့ နေသော စတိဗ်အား ရေဖတ်တိုက်၍ သန့်စင်ပေးကြသလို သူ့ လက်နှင့် ပခုံးမှ ဒဏ်ရာများကိုလည်း ပတ်တီး အသစ်လဲလှယ်၍ သက်သာနိုင်သမျှ သက်သာအောင် ဆောင်ရွက်ပေးခဲ့ကြသည်။ ထို့နောက် ဆေးဝန်ထမ်းများက ပြန်သွားကြလေ၏။

ဂပ်စ်ကလည်း အခန်းချင်းဆက်နေသော တစ်ဖက်ခန်းထဲ၌ အိပ်မည်ဟု ကြေငြာလိုက်သည်။ ထို့ကြောင့် အယ်လီဆန်သာ ကျန်ရစ်တော့သည်၊ အယ်လီဆန်က အခန်းထဲမှ ထွက်ရန် ဟန်ပြင်လိုက်၏။ ဂပ်စ် က တားထားလိုက်သည်။

'ဒီ အခန်းထဲမှာ ခင်ဗျား ဆက်နေတာက ပိုကောင်းပါလိမ့်မယ်'

ပက်ဂျက်သည် အချိန်ကာလကိုသော် လည်းကောင်း၊ ရက်စွဲကိုသော် လည်းကောင်း မမှတ်မိတော့ပါ။ သို့တိုင်အောင် သူ့ မှတ်ဉာဏ်သည် ကြည်ကြည်

www.burmeseclassic.com

www.burmeseclassic.com

လင်လင် ရှိနေသလို သူ့အား နှိုးလိုက်သည်ကို သူ သိလိုက်သည်။ သူ့ မျက်လုံးများက ငယ်သန့်သို့နှင့် အယ်လီဆန်တို့ကို မြင်လိုက်ကြ၏။

'မနက်ခင်းလား'

ပက်ဂျက်က ရီရီဝေဝေနှင့် မေးလိုက်သည်။

'မွန်းလွဲပိုင်းပါ'

အယ်လီဆန်က ဖြေလိုက်ခြင်း ဖြစ်သည်။ ဂပ်စ်သည် နံနက်စာ လင်ပန်းနှင့်တူသော ဗန်းတစ်ချပ်ကို ယူလာသည်။ ထို ဗန်း ကို မြင်မှ သူ့ ဗိုက်ထဲက ဆာလောင်မွတ်သိပ်လာသည်။

'ဟင်းတွေက ဘာတွေလဲ'

'ကြက်ဥရှစ်လုံးကို မွှေပြီး အပြားလိုက် ကြော်ယူလာပါတယ်'

စတိဗ်ပက်ဂျက်က ကြက်ဥကြော်ကို ချက်ချင်း ကုန်အောင် စားပစ်လိုက်သည်။ သူ ဆာနေဆဲပင်တည်း။

'နောက်ထပ် ရဦးမလား'

'နှစ်နာရီလောက် ကြာရင် ရမယ်'

ဂပ်စ်က ပြောလိုက်ပြီးနောက် ဖန်ခွက်တစ်ခွက်ကို လှမ်းပေးလိုက်သည်။ ထို ဖန်ခွက်ထဲတွင် မည်းမှောင်နေသော အရည်များ ပါရှိလာသည်။ ဂပ်စ်က ပြောလိုက်၏။

'အကုန်လုံး မော့သောက်လိုက်ပါ'

စတိဗ်က ဖန်ခွက်ကို ယူရင်း မေးလိုက်၏။



'အိပ်ဆေးလား၊ အကိုက်အခဲ ပျောက်ဆေးလား'

'အားတိုးဆေးပါ၊ လက်ဖတင်နင်၊ ခင်ဗျားရဲ့ ကျန်းမာရေး အတွက်ပါ'

စတိဗ်က တစ်ကြိမ်တည်းမော့၍ သောက်ချလိုက်၏။ သူ့ မျက်လုံးများ ပြူးကျယ်လာကြသလို ပါးစပ်ကလည်း ဗလုံးဗထွေး ပြောလိုက်လေ၏။

'မင်း ရူးနေသလားကွာ'

ဂပ်စ်သည် ပြန်မဖြေဘဲ တံခါးပေါက်မှ ပြန်ထွက်သွားလေ၏။

အယ်လီဆန်က ငုံ့၍ စတိဗ်ပက်ဂျက်ကို ယုယုယယ မွှေးမွှေးပေးလိုက်လေသည်။

**မောင်မြင့်ကြွယ်**

၂၂၊ ၂၊ ၈၈

www.burmeseclassic.com